လင်းလွန်းခင်



# အရှင်ဇနကာဘိဝံသ ၏ ဘာသာအမြင်၊ သာသနာအမြင်

အရှင်သံဝရာလင်္ကာရ
ဓမ္မပိယဆရာတော်

2013.GRAPHIC DESIGN : KYAW MINN MOUNG

လင်းလွန်းခင်

အရှင်ဇနကာဘိဝံသ၏

ဘာသာအမြင်၊ သာသနာအမြင်



လင်းလွန်းခင်စာပေ
အမှတ်-၄၉၊ ပထမထပ် (ဝဲ)၊
လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၉၃၄၀၁၁၊ ၀၉ ၂၂၀ ၁၇၃၀

စာအုပ်အမှတ်-၁၂၉

အရှင်ဇနကာဘိဝံသ၏
ဘာသာအမြင်၊ သာသနာအမြင်

# အရှင်သံဝရာလင်္ကာရ
ဓမ္မပိယဆရာတော်

၂၇၅၃၅
ရက်စွဲ ၂၄.၃.၂၀၁၄

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် ■ နိုဝင်ဘာလ၊ ၂၀၁၃ ခုနှစ်
အုပ်ရေ ■ ၅၀၀
ထုတ်ဝေသူ ■ ဦးသိန်းလွင်
လင်းလွန်းခင်စာပေတိုက်
အမှတ် (၆၃)၊ ၅-လွှာ (ဝဲ)
ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ ■ ဦးဇော်မြင့်ဝင်း
(ကာလာစုံအော့ဖ်ဆက်)
အမှတ် (၁၈၄)၊ (၃၁) လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း ■ ကျော်မင်းမောင်
ကွန်ပျူတာ ■ မတိုး (ရွှေနဒီ)
မျက်နှာဖုံးကာလာခွဲ ■ Eagle
အတွင်းဖလင် ■ A-7 Group

တန်ဖိုး - ၄၀၀၀ ကျပ်

အရှင်သံဝရာလင်္ကာရ
အရှင်ဇနကာဘိဝံသ၏ ဘာသာအမြင်၊ သာသနာအမြင်/
အရှင်သံဝရာလင်္ကာရ။ -ရန်ကုန်၊
လင်းလွန်းခင်စာပေတိုက်၊ ၂၀၁၃။
၃၃၈-စာ၊ ၁၃.၃၄×၂၀.၉၆ စင်တီ
(၁) အရှင်ဇနကာဘိဝံသ၏ ဘာသာအမြင်၊ သာသနာအမြင်

- နိဒါန်း

သူ မြင်လို တွေ့လိုသော အမျိုးဘာသာ သာသနာ

၁။ ဘာသာသွေးကျမ်းစာမှ

ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

၂။ အနာဂတ်သာသနာရေးကျမ်းစာမှ

ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

၃။ ဗုဒ္ဓါနုဿတိဘာဝနာကျမ်းစာမှ

ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

၄။ ဓမ္မစကြာတရားတော်မှ

ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

၅။ ပဋ္ဌာန်းတရားတော်မှ

ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

၆။ ရှင်ကျင့်ဝတ်ကျမ်းစာမှ

ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

**လင်းလွန်းခင်စာပေ**

၇။ ရတနာ့ဂုဏ်ရည်ကျမ်းစာမှ
ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင် ၉၇
၈။ ဗုဒ္ဓဘာသာသင်ခန်းစာကျမ်းစာမှ
ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင် ၁၀၈
၉။ တစ်ဘဝသံသရာကျမ်းစာမှ
ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင် ၁၃၁
၁၀။ တစ်ဘဝသာသနာကျမ်းစာမှ
ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင် ၁၆၉
၁၁။ ဘုရားဥပဒေတော်ကြီးကျမ်းစာမှ
ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင် ၂၂၄
၁၂။ နံနက်ခင်း ဩဝါဒများမှ
ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင် ၂၃၉
- အရှင်ဇနကာဘိဝံသ၏ ဘဝသံသရာ ဖြစ်စဉ်အကျဉ်း ၃၃၄
- အမျိုးဘာသာ သာသနာ၏ အကျိုးအတွက်
ပြုစုတော်မူခဲ့သော ဆရာတော်၏ ကျမ်းစာများ ၃၃၆

# နိဒါန်း

## သူ မြင်လို တွေ့လိုသော အမျိုးဘာသာ သာသနာ

မိမိတို့ယဉ်ကျေးမှု၌ မိမိ ဂရုဂါရဝပြုရသော ပုဂ္ဂိုလ်၏ အမည်နာမကို ခေါ်ဝေါ်သုံးနှုန်းဖို့ မဝံ့သကဲ့သို့ 'သူ' ဟူသော ဂါရဝ မပါသော အသုံးအနှုန်းမျိုးကိုလည်း သုံးရန် မဝံ့ပါ။ သို့သော် ဤ၌ သိသာမြင်သာစေလို၊ ထင်ရှားပေါ်လွင်စေလိုသောကြောင့် 'အရှင်ဇနကာဘိဝံသ' ဟူသော အမည်နာမကို တိုက်ရိုက်သုံးသကဲ့သို့ 'သူ' ဟူသော နာမ်စားကို သုံးရပါသည်။ ဤအတွက် နားလည်ကြလိမ့်မည်ဟု ယူဆပါသည်။

ဆရာတော်သည် အမျိုးဘာသာ သာသနာကို ချစ်ရာ၌ 'သူမတူ' ဟု ဆိုရလေမည်။ ဘာသာ သာသနာကို ကောင်းစေလိုသည်၊ အကောင်းဆုံးဖြစ်စေလိုသည်၊ ဘာသာ သာသနာကြောင့် တိုင်းပြည်နှင့် လူမျိုးပါ မြင့်စေလိုသည်၊ တင့်စေလိုသည်။ ဆရာတော်၏ ကျမ်းစာများ၊ တရားများ၊ ဩဝါဒများ၌ ဆရာတော်၏ အမျိုးဘာသာ သာသနာနှင့် တိုင်းပြည်အပေါ်ထားရှိသည့် စေတနာ မေတ္တာများကို အထင်းသားတွေ့နိုင်သည်။ သူ မြင်လို တွေ့လိုသော အမျိုးဘာသာ သာသနာကို သူ၏စာ၊ သူ၏ အဆုံးအမ ဩဝါဒများ၌ အထင်အရှား တွေ့နိုင်သည်။ အမျိုးကို စောင့်လိုသော၊ ဘာသာ သာသနာကို စောင့်လိုသော သူတို့သည် သူ၏စာ၊ သူ၏ အဆုံးအမ ဩဝါဒများကို လေ့လာမှတ်သား နာယူ ကျင့်သုံးရန်သာ ဖြစ်သည်။


အရှင်သံဝရာလင်္ကာရ
မဟာဝိသုဒ္ဓါရုံ ဓမ္မဗိယဆရာတော်
(၁၇.၈.၂၀၁၃)

နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။

## ဘာသာသွေးကျမ်းစာမှ
## ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

ဆရာတော်သည် ပရိယတ္တိသာသနာတော်အတွက် ဘာသာဋီကာ ကျမ်းပေါင်းများစွာကို ရေးသားခဲ့သည်။ ဆရာတော် ပြုစုခဲ့သော ကျမ်းများမှာ ၆၃ ကျမ်း ရှိသည်။ ထိုအထဲတွင် လူဝတ်ကြောင်များအတွက် ဘာသာသွေး စသော ကျမ်းများလည်း ပါသည်။ ယခု ဆရာတော်၏ ဘာသာသွေးအချို့ကို ကောက်နုတ် တင်ပြလိုသည်။

### ဘုရားဖြစ်ကြောင်း ကရုဏာတော်

ဗုဒ္ဓမြတ်စွာသည် သုမေဓာရသေ့ဘဝ၌ ဒီပင်္ကရာမြတ်စွာဘုရားကို ဖူးတွေ့ရစဉ် နိဗ္ဗာန်ကို မြင်နိုင်လောက်အောင် ဉာဏ်ပါရမီ ရင့်သန်ပြီး ဖြစ်နေလေပြီ။ သို့သော် သတ္တဝါအများကို သနားတော်မူသော မဟာကရုဏာ၏ နှိုးဆော်တိုက်တွန်းမှုကြောင့် လက်လှမ်း၍ မီလောက်အောင် နီးကပ်နေသော နိဗ္ဗာန်ကို ယူတော်မမူခဲ့ပါ။ ထိုမျှလောက်နီးကပ်သော နိဗ္ဗာန်ကို စွန့်ခွာတော်မူ၍ ကိုယ်အင်္ဂါကို စွန့်လှူခြင်း စသော သာမန်လူတို့ ကြံရုံမျှ မကြံရဲသော ဒါနပါရမီ စသည်တို့ကို ဖြည့်ကျင့်၍ ပြည့်စုံလုံလောက်မှ သဗ္ဗညုတဉာဏ်တော်ကို ရသော ဗုဒ္ဓအစစ် ဖြစ်တော်မူခဲ့ပါသည်။

## ချမ်းသာဆောင်နိုင်မှ တာရှည်ခံမည်

ဤသို့ ဆင်းရဲသူများကို သနားချစ်၍ ဘုရားဖြစ်အောင် အဆင်းရဲခံတော်မူခဲ့သော ဗုဒ္ဓမြတ်စွာသည် ကိုးကွယ်သူတို့၏ ဆင်းရဲဖို့ရန် ဖြစ်ပေါ်လာသည် မဟုတ်ပါ။ ထိုဘုရားရှင်၏ သာသနာတော်သည်လည်း သာသနာပြု ဒါယကာ၊ ဒါယိကာမတို့၏ ဆင်းရဲဖို့ရန် မဟုတ်ပါ။ စင်စစ်အားဖြင့် ကိုးကွယ်ကြသူ၊ သာသနာပြုသူတို့၏ ဤဘဝ၌ လည်းကောင်း၊ နောင်သံသရာ၌ လည်းကောင်း စိတ်ချမ်းသာမှု ရဖို့သာ ဖြစ်ပါသည်။

ထို့ကြောင့် ဤသာသနာတော်သည် လူအများ၏ ချမ်းသာမှုကို ဆောင်နိုင်မှသာ ဤနိုင်ငံ၌ တာရှည်တည်နိုင်မည်။ လူအများ၏ ချမ်းသာမှုကို မပေးနိုင်လျှင် အသုံးချလို့ မရ၍ ရှေးဟောင်းပစ္စည်းတစ်ခုအနေဖြင့် ပြတိုက်၌ ထားရသော ပစ္စည်းကဲ့သို့ မိမိတို့ ဘုန်းကြီးများလည်း အလွန် မကြာသော နောင်အခါဝယ် ရှေးဟောင်းပစ္စည်းများ ဖြစ်ကြရပါလိမ့်မည်။

## ရှေးဆရာတော်များအမြင်

ဤအချက်ကို မိမိရှေ့က ဆရာသမားကြီးများလည်း မြင်တော်မူခဲ့ကြပါသည်။ ထိုသို့ မြင်တော်မူသောကြောင့် ပြုပြင်ရေးများကို ညွှန်ကြားတော်မူခဲ့ပါသည်။

၁။ ဒုတိယရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် ဘုန်းကြီးကျောင်းသားကလေးများကို ဂဏန်းသင်္ချာ သင်ပေးကြဖို့ရာ ရွှေကျင်ဝံသာနုရက္ခကျမ်း၌ တစ်ဂိုဏ်းလုံးအတွက် ညွှန်ပြတော်မူခဲ့၏။

၂။ မန်လည်ဆရာတော်၊ ကျောက်ပန်းတောင်းဆရာတော်၊ အရှေ့မဟာဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော် စသော ဆရာတော်ကြီးများသည် သာသနာပြုလိုသော စော်ဘွားကြီး၏ ပင့်လျှောက်ချက်ဖြင့် သီပေါမြို့၌ ဆုံစည်းတော်မူကြ၏။

ထိုအခါ သာသနာရေး ဆွေးနွေးကြရာဝယ် ဂဏန်းသင်္ချာကို သင်ပေးထိုက်၊ သင်မပေးထိုက် ပြဿနာ ပေါ်လာ၍ ဆရာတော်ပေါင်းများစွာ၏ ရှေ့မှောက်၌ မန်လည်ဆရာတော်က 'သင်ပေးထိုက်ပါတယ်၊ သို့သော်

အစိုးရထံမှ လခယူ၍ သင်ပေးတာတော့ မကောင်းဘူး’ ဟု အမိန့်ရှိကြောင်းကို မြောင်းမြဆရာတော်ထံမှ တစ်ဆင့်ကြားသိရ၏။

၃။ ဒုတိယကမ္ဘာစစ် ဖြစ်ခါနီးအချိန်တုန်းက ပါဠိဘာသာပညာရေးအတွက် စုံစမ်းရေးကော်မတီ ပေါ်လာခဲ့ဖူး၏။ (ထိုကော်မတီ၏ အကြံပေးချက်အရ ယခု စာချတန်းစာမေးပွဲ ပေါ်လာရသည်။) ထိုကော်မတီ၌ ပါဝင်သော အဘယာရာမ ဆရာတော်သည် ‘အစိုးရ၏ မူလတန်းကို ပါဠိဘာသာနှင့် တွဲ၍ သာမဏေများအတွက် ပထမငယ် မဝင်မီ ရှေ့ပြေးစာမေးပွဲ လုပ်ပေးသင့်သည်’ ဟု အကြံပေးခဲ့ဖူးပါသည်။

၄။ မိမိသည် သာသနာတော်အရေးကို မျှော်တွေး၍ လွတ်လပ်ရေးရတော့မည်ဟု ကြွေးကြော်ချိန်တုန်းကပင် (လွတ်လပ်ရေး ရသောအခါ ပြုပြင်ဖို့ရန်) အနာဂတ်သာသနာရေးကျမ်းစာကို ဆရာသမားများ၏ အယူအဆအတိုင်း ရေးသားခဲ့ပါသည်။

၅။ ဆဋ္ဌသင်္ဂါယနာ၏ အစပိုင်းမှာလည်း သင်္ဂါယနာတင်နှင့် တစ်ပါတည်း ကျေးရွာသာသနာပြုကိစ္စလည်း ပြီးစီးနိုင်သော နည်းလမ်းကို ကြံစည်ခဲ့ပါသည်။ သို့သော် အများက သဘောတူမည်မထင်၍ ထိုအကြံကို အချို့အားသာ ပြောပြခဲ့ပါသည်။

ဤစာစောင်ငယ်ကို စီစဉ်သောအခါ ဘာသာခြားတို့ကို သွား၍ သတိရပါသည်။ အခြားတိုင်းသား၊ အခြားဘာသာဝင်များသည် သူတို့၏ ဘာသာကို လွန်စွာ အရေးပေးကြ၏။ ဘာသာခြားဘုန်းကြီး၊ သီလရှင် ဆိုသူတို့သည် စားရုံ၊ ဝတ်ရုံမျှဖြင့် ကျေနပ်ကြ၍ ဘာသာကြီးပွားရေးကို အလွန်ရှက်ဆောင်ကြ၏။

ထိုသို့ ရှက်ဆောင်ကြသောကြောင့်လည်း သူတို့၏တိုင်းပြည်၊ သူတို့ဘာသာသည် တိုးတက်လျှင် တိုးတက်၊ မတိုးတက်လျှင် တည်တံ့၏။ မိမိတို့ဘာသာမှာ ကမ္ဘာများစွာ လွန်သွားပါသော်လည်း ကြုံကြိုက်ဖို့ ခဲယဉ်းလှသော ဗုဒ္ဓဘာသာဖြစ်၍ ကွယ်ဖို့ မဆိုထားဘိ ယခုလို များစွာသော လူတို့၏ အထင်သေးခံနေရခြင်းသည်ပင် ဝမ်းနည်းဖွယ် ကောင်းလှပါပြီ။ ထို့ကြောင့် ဘာသာရေးနှင့်စပ်သော သွေးကို အခြေခံ၍ သာသနာပြုပြင်ရန် နည်းလမ်းကို စဉ်းစားသင့်သည်ဟု စိတ်ကူးမိပါသည်။

## ဘာသာသွေးနှင့် သွေးကောင်းသူ

ဗုဒ္ဓမြတ်စွာ၏ ၄၅ ဝါကာလကြာအောင် ဟောပြတော်မူအပ်သော တရားတော်ကို 'ဗုဒ္ဓဘာသာ' ဟု ခေါ်၏။ ထိုဗုဒ္ဓဘာသာ၏ အဆီအနှစ် ဖြစ်သော အကျင့်ကောင်း၊ အကျင့်မှန်ကို 'ဗုဒ္ဓဘာသာသွေး' ဟု ခေါ်၏။ [တကယ်သွေး မဟုတ်သော်လည်း မိဘသွေးက သားသမီးများ၌ ဆက်သွား သကဲ့သို့ ထိုအကျင့်လည်း ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်သူတို့၏ စိတ်၌ ဆက်၍ ဆက်၍ လိုက်ပါနေသောကြောင့် သွေးနှင့် တူရကား (ဥပစာ တင်စား၍) ထိုကျင့်စဉ်ကို 'သွေး' ဟု ခေါ်ထားသည်။] ထိုဗုဒ္ဓဘာသာကို ယုံကြည်မှု၊ ဗုဒ္ဓတရားတော်အတိုင်း ဒါန၊ သီလ၊ ဘာဝနာကို ကြိုးစားမှု၊ ဗုဒ္ဓဘာသာကို ဂုဏ်ရှိအောင် နေထိုင်ပြောဆို ပြုလုပ်မှု၊ ဗုဒ္ဓဘာသာနှင့် ဆိုင်ရာကိစ္စ၌ မိရိုးဖလာ မဟုတ်ဘဲ အကျိုး၊ အပြစ် စိစစ်ဝေဖန်တတ်သော ဉာဏ်ရှိ၍ အကျိုးရှိကိုသာ ရွက်ဆောင်လိုမှု၊ ဘာသာထိလျှင် မခံအောင် နာတတ်မှု၊ ဤအချက်စုနှင့် ပြည့်စုံ၍ ဘာသာတိုးပွားအောင် ကြိုးစားသူကို 'ဘာသာသွေး ကောင်းသူ' ဟု ဆိုရပေသည်။

## ဘာသာအစ ပါရမီက

သာသနာသွေး၊ ဘာသာသွေးကို စဉ်းစားလျှင် ဘုရားရှင်ကို တွေ့ရမည်။ ဘုရားရှင်ကို စဉ်းစားပြန်လျှင် ဘုရားအလောင်းတော်၏ ဘဝပေါင်းများစွာက ပါရမီဖြည့်ခဲ့ရပုံကို တွေ့ရမည်။ ထို့ကြောင့် 'ဘာသာသွေး အစသည် ပါရမီက' ဟု ဆိုထိုက်ပါသည်။ 'ပါရမီ' ဟူသော စကားသည် ပါဠိစကားတည်း။ မြန်မာလို 'မြင့်မြတ်သူတို့၏အလုပ်' ဟု ဆိုလို၏။ ဒါနကို ပြုပြု၊ သီလကို စောင့်စောင့်၊ ဘာဝနာကို ပွားပွား။ ပတ်ဝန်းကျင်က အထင်ကြီးအောင် ဂုဏ်ပကာသနကို ရှေ့ထား၍ မပြုလုပ်ဘဲ 'လောကတ္ထစရိယ- လူအများ ချမ်းသာအောင် ပြုကျင့်မှု၊ ဉာတတ္ထစရိယ- အမျိုးသားတို့ ကြီးပွားအောင် ပြုကျင့်မှု၊ ဗုဒ္ဓတ္ထစရိယ- မိမိစိတ် ဖြူစင်အောင်၊ ဉာဏ်ပညာ ရင့်လာအောင် ဒါနပြုမှု၊ သီလစောင့်မှု၊ မေတ္တာ စသော ဘာဝနာပွားမှု' ဤအမှုတို့ကို 'ပါရမီ- မြင့်မြတ်သူတို့၏အလုပ်' ဟု ဆိုသည်။

ထိုမြင့်မြတ်သူတို့၏ အလုပ် ပါရမီကို စဉ်းစားလျှင် မိမိတို့၏ ဒါန၊ သီလ၊ ဘာဝနာအမှုများ၌ ထိုပါရမီ ဖြစ်၊ မဖြစ်ကို သိနိုင်ပြီ။ ပါရမီ မဟုတ်သော ဒါန၊ သီလ၊ ဘာဝနာ အလုပ်ဟူသမျှကား နိဗ္ဗာန်တိုင်အောင် သံသရာမှ ကျွတ်လွတ်ရေးကို မမျှော်တွေးနိုင်သောကြောင့် အမြော်အမြင် သေးနုပ်သူတို့၏ အလုပ်သာ ဖြစ်သည်။

## အသောကမင်း၏ ဘာသာသွေး

ဓမ္မာသောကမင်းသည် ဘာသာသွေး အလွန်ထက်သန်လှ၏။ ထိုသို့ ထက်သန်သောကြောင့်ပင် ရှစ်သောင်းလေးထောင် ကျောင်းတိုက် စေတီများကို တည်ဆောက်ပူဇော်ရုံဖြင့် အားမရဘဲ အိမ်ရှေ့မင်းလောင်း သားတော်ကို ရဟန်းပြုပေးနိုင်လောက်အောင် သာသနာတော် ထွန်းကားစေလိုသော သဒ္ဓါဆန္ဒ ပြင်းပြလေသည်။ ဗုဒ္ဓဘာသာ ဖြစ်သည်မှစ၍ တိုင်းပြည်ကိုလည်း ဗုဒ္ဓတရားတော်နှင့်အညီ အုပ်ချုပ်၏။ လူနှင့်ဆိုင်သော တရားစာအချို့ကိုလည်း ကျောက်စာထွင်း၍ လူမြင်ကွင်းမှာ စိုက်ထူထား၏။ ဗုဒ္ဓဘာသာဝင် ဖြစ်၍ တိုင်းပြည်ကို သိမ်သိမ်မွေ့မွေ့ အုပ်ချုပ်ခါမှသာ တိုင်းပြည် ငြိမ်ဝပ်ပိပြားပါသေးသတဲ့။ ထိုဓမ္မာသောကမင်း၏ သားတော်ဖြစ်သော အရှင်မဟိန္ဒသည် သီဟိုဠ်ကျွန်းသို့ သာသနာပြု ကြွတော်မူသောအခါ ဓမ္မာသောကမဟာရာဇာ၏ အကြည်တော်၊ အဆွေတော် ဖြစ်သော ဒေဝါနံ ပိယတိဿမဟာရာဇာသည် ဗုဒ္ဓသာသနာတော်ကို လွယ်ကူစွာ လက်ခံ၍ မကြာမီပင် သီဟိုဠ် တစ်ကျွန်းလုံးကို ဗုဒ္ဓသာသနာ လွှမ်းဖုံးစေပါသည်။ ဒေဝါနံ ပိယတိဿမဟာရာဇာသို့ ကူးစက် ပြန့်ပွားခဲ့လေသည်။

## ဒုဋ္ဌဂါမဏိမင်း၏ ဘာသာသွေး

အရှင်မဟိန္ဒ၏ ကြိုးစားမှုကြောင့် သီဟိုဠ်ကျွန်း၌ သာသနာတော် ခိုင်မြဲသောအခါ ကျွန်းသူ၊ ကျွန်းသားနှင့် ဘုရင်၊ မိဖုရားတို့သည် ဘာသာသွေး ထက်သန်ကြ၏။ ဒုဋ္ဌဂါမဏိမင်းကား ထူးထူးခြားခြား ဘာသာသွေး များသောမင်းပေတည်း။ သာသနာတော်ကို အန္တရာယ်ပြုမည့် ကျေးကုလားတို့ကို နှိမ်နင်းဖို့

စစ်တိုက်ထွက်ရာ၌ပင် ရဟန်းတော်များကို ပင့်၍ သွား၏။ ထိုမင်းသည် စစ်တိုက်ထွက်ခါနီး၌ အောက်ပါအတိုင်း အမိန့်ပြန်ပြလေ့ရှိ၏။

**ငါ့တွက်များမြောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရှည်ကြာအစွန့်၊ ရောင်လျှံကွန့်ဖို့၊ စွန့်စွန့်စားစား၊ ငါကြိုးစားသည်… စိတ်ထား ငါ့မှာ အမြဲတည်း။**

ဆိုလိုရင်းမှာ - 'ငါချမ်းသာဖို့အကျိုးငှာ စစ်တိုက်ခြင်းဖြင့် ယခုလို အပင်ပန်းခံသည် မဟုတ်။ ဗုဒ္ဓမြတ်စွာ၏သာသနာတော် တာရှည်စွာ တည်နိုင်ဖို့ အကျိုးငှာသာ ဗုဒ္ဓဘာသာကို အန္တရာယ်ပြုမည့် ရန်သူများကို နှိမ်နင်းရပါသည်' ဟု ဆိုလိုပါသည်။

ထိုမင်းသည်ပင် စုတေခါနီး၌ စစ်တိုက်စဉ်က အလွန်အားကိုးရသော၊ ထိုအချိန်မှာ ရဟန်းပြု၍ ရဟန္တာဖြစ်သော အဘယ မထေရ်၏တရားကို နာယူရင်း စုတေ၍ တုသိတာနတ်ပြည်၌ ဖြစ်လေသည်။

## ရတနာအစစ်

ရတနာဆိုသော ပစ္စည်းသည် အဖိုးတန်သောပစ္စည်း ဖြစ်၏။ အစစ်အမှန်ကို ရဖို့ရန် ခဲယဉ်းလှ၏။ အတုတွေကလည်း ပေါများလှ၏။ အစစ်အမှန်ရလျှင် အလွန်ဝမ်းမြောက်ကြ၏။ အတုကို အစစ်ထင်သူများလည်း သူတို့အထင်အားဖြင့် ဝမ်းမြောက်ရာကြသည်သာ။ ဘုန်းကြီးတို့၏ ဗုဒ္ဓမြတ်စွာနှင့် တရားတော်၊ အရိယာဖြစ်ပြီးသော သံဃာတော်သည် အလွန်ရခဲသော အဖိုးတန် ရတနာအစစ် ဖြစ်ပါသည်။

## ဗုဒ္ဓရတနာ

ဘုန်းကြီးတို့၏ ဗုဒ္ဓမြတ်စွာသည် အလောင်းအလျာ ဘဝတုန်းကပင် ဉာတတ္ထစရိယ- ဆွေမျိုးသားချင်းတို့၏ အကျိုးစီးပွားကိုလည်း ကျင့်တော်မူခဲ့၏။ လောကတ္ထစရိယ- ဆွေမျိုးသားချင်းထက် ကျယ်ဝန်းများပြားသော တိုင်းသူပြည်သား လူအများ၏ အကျိုးစီးပွားကိုလည်း ပြုကျင့်တော်မူခဲ့၏။ ဗုဒ္ဓတ္ထစရိယ (ဗုဒ္ဓိအတ္ထစရိယ)- တစ်ကိုယ်တည်း တရားကျင့်ခြင်း၊ လူတို့အား

ပညာပေးခြင်းအားဖြင့် မိမိဉာဏ်ပညာ တိုးပွားအောင်လည်း ကျင့်တော်မူခဲ့၏။ ထိုအကျင့်များကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ကျင့်၍ ဉာဏ်ပညာအမြင့်ဆုံး ရ၍ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပါသည်။

## ဗုဒ္ဓကြောင့် သုခရပုံ

ဗုဒ္ဓဖြစ်တော်မူသောအခါ၌လည်း ကိုယ်တော်မြတ်၏ ပင်ပန်းမှုကို ဂရုပြုတော်မမူဘဲ လူနတ်ဗြဟ္မာ သတ္တဝါအများ ချမ်းသာပွားအောင် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး၍ နေတော်မူသည်မှာ ပရိနိဗ္ဗာန်စံတော်မူခါနီး အချိန်အထိပင် ဖြစ်ပါသည်။ ထိုကဲ့သို့ ဗုဒ္ဓမြတ်စွာ တစ်ဆူ ပွင့်တော်မူလာသောကြောင့် ဤတရားစုသည် အကုသိုလ်မကောင်းမှု၊ ဤတရားစုကား ကုသိုလ်ကောင်းမှုဟု ကွဲကွဲပြားပြား ခွဲခြားနားလည်ကြ၍ ကောင်းမှုကိုသာ ပြုကျင့်ကာ ချမ်းသာသုခ ရကြသူ၊ ရုပ်နာမ်အစု၏ ဒုက္ခကို မြင်ကြ၍ ကျင့်ကြံကြ အားထုတ်ကြသဖြင့် ဒုက္ခအထုမှ ကင်းလွတ်ကြသူ လူအများပင် ဝမ်းမြောက်ကြရပေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် အလွန်ရခဲ၍ အဖိုးတန်ဆုံးဖြစ်လျက် နှစ်သက်ဖွယ်ရာ ရတနာအစစ် ဖြစ်ပါပေသည်။

## ဓမ္မရတနာ

ဗုဒ္ဓမြတ်စွာသည် ၄၅ ဝါပတ်လုံး ဟောတော်မူအပ်သော တရားတော်များသည် နည်းနည်းပါးပါး လိုက်နာသူအတွက် နည်းနည်းပါးပါး ချမ်းသာစေနိုင်၊ များများစားစား လိုက်နာသူအတွက် များများစားစား ချမ်းသာစေနိုင်၏။ တရားရတနာ၌ အောက်တန်းကိုယ်ကျင့်မှ စ၍ အထက်တန်းဆုံး ကိုယ်ကျင့်အထိ ပါဝင်၏။ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ အကျင့်မျိုးသည် လည်းကောင်း၊ လူဖျင်း၊ လူအ၊ လူနု၊ လူထိုင်း၊ လူရိုင်းဖြစ်ကြသော ဗာလတို့ကို သနား၍ စောင့်ရှောက်လိုသော ပေါင်းသင်းခြင်းမှတစ်ပါး အားကိုးအားထားအနေမျိုးအားဖြင့် မပေါင်းလေနှင့် ဟူသော ဩဝါဒမျိုးသည် လည်းကောင်း အလွန်ကြီးကျယ်လှသောအကျင့် မဟုတ်ပါချေ။ သို့သော် ထိုမျှလောက် လိုက်နာရုံမျှဖြင့် လောက၌ အတော်ချမ်းသာခွင့်ကို ရနိုင်ကြပေသည်။

## အထက်တန်းဓမ္မ

ဓမ္မရတနာ၌ 'သစ္စာလေးပါး' စသော အထက်တန်းတရားများလည်း ပါရှိ၏။ 'အထက်တန်း' ဆိုသော်လည်း လူအများတို့ နေ့စဉ် တွေ့နေရသော တရားပင်တည်း။ 'မိမိကိုယ်ခန္ဓာနှင့် စပ်သော သက်ရှိသက်မဲ့ ပစ္စည်းဝတ္ထုအစုစုကို ခင်မင်သော တဏှာလောဘသည် ဒုက္ခအဖုံဖုံ အမျိုးစုံဖြစ်ဖို့ အကြောင်း မကောင်းသော သမုဒယသစ္စာ ဖြစ်၏' ဟု ဟောတော်မူ၏။ ယခုအခါ တွေ့နေကြသော ဒုက္ခတွေသည် ထိုသမုဒယ ခေါ်သော တဏှာလောဘကြောင့် ဖြစ်ရကား တဏှာလောဘ၏အာရုံပစ္စည်း သားသမီး အခြွေအရံများလေ ဒုက္ခများလေပင်တည်း။ ထို့ကြောင့် 'လောဘကြီးလျှင် ဒုက္ခကြီး၏၊ လောဘနည်းလျှင် ဒုက္ခနည်း၏၊ လောဘမရှိလျှင် ဒုက္ခလည်း မရှိ'' ဟု ကျေးဇူးရှင် ပထမ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ဆောင်ပုဒ်ချပေးတော်မူသည်။

## လက်တွေ့ဖြစ်နေပုံ

'တဏှာလောဘ သမုဒယကြောင့် ဒုက္ခဖြစ်၏' ဟူသော တရားတော်သည် ယခုအခါ တစ်ကမ္ဘာလုံး၌ လက်တွေ့ဖြစ်နေကြ၏။ လူတို့၏ ခံစားမှုလောဘ၊ ခံစားလိုသော လောဘသည် တိုင်းပြည်တိုင်း၊ မြို့တိုင်း၊ ရွာတိုင်း၊ လူတိုင်း၌ ဘိုးဘွားတို့ လက်ထက်ကထက် ကြီးမားလာ၏။ ထိုတဏှာလောဘ ကြီးမားသလောက် စံစားခံစားကြရ၏။ ခံစားဖို့ရာ ဖွေရှာစုဆောင်းရသော ဒုက္ခသည်လည်း ရှေးကထက် ကြီးမားလာ၏။ ရှာဖွေလုပ်ကိုင်ရသော ဒုက္ခကြီးမားသလောက် အားအင်နည်းပါး၍ ရောဂါတွေလည်း များပြားလာ၏။ ဆင်းရဲပင်ပန်း အားအင်ခန်း၍ ခန္ဓာကိုယ်နွမ်းသလောက် စိတ်မချမ်းသာမှု ဒုက္ခစုတွေလည်း တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေ၏။ ဤသို့လျှင် 'တဏှာလောဘ သမုဒယကြောင့် ဒုက္ခဖြစ်ရ၏' ဟူသော ဟောပြောချက်သည် လက်တွေ့အဖြစ်အပျက်နှင့် ကိုက်ညီလျက် ရှိပေသည်။

## တဏှာနည်းအောင် လုပ်ပါ

ထို့ကြောင့် ဝတ်လို၊ စားလို၊ ခံစားလိုသော တဏှာ နည်းပါးအောင်

တဏှာ၏အပြစ်ကို ဖြစ်နိုင်သောဒုက္ခများဖြင့် သတိထား၍ ရှုစားပါ။ ပစ္စည်းဥစ္စာကို တရားသဖြင့် ရှာပါ။ တရားသဖြင့် ရှာ၍ အရများနေလျှင် ထိုပစ္စည်းတွေကို သံသရာခရီး၏ ရိက္ခာဖြစ်အောင် ဗုဒ္ဓသာသနာအစစ်ကိုလည်း ထောက်ပံ့ပါ။ မိမိ ပစ္စည်းဖြစ်ထွန်းရာအရပ်၌ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ရေတွင်း၊ ရေကန်၊ တံတား စသည်တို့တွင် လိုသောအရာကိုလည်း ဝမ်းသာအားရ ပြုလုပ်ပါ။ စီးပွားက အလွန်အမင်း တိုးတက်လာလျှင် နိုင်ငံနှင့် ဆိုင်သော စာသင်ကျောင်းကြီး၊ ဆေးရုံကြီးဆောက်လှူမှုနှင့် မရှိနွမ်းပါး၍ ဉာဏ်ထက်သူများ၏ ပညာရေးကို အားပေးကူညီပါ။

ဤသို့ပြုလျှင် မိမိမှာ တဏှာ နည်းပါး၍ ဒုက္ခလည်း နည်းသွားပါလိမ့်မည်။ သံသရာရိက္ခာ တိုးပွားသဖြင့် စိတ်ချမ်းသာမှုလည်း တိုးလာပါလိမ့်မည်။ ဤအချက်များသည် ဓမ္မရတနာမှ ထုတ်ယူ၍ အသုံးပြုရမည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ ပါဝင်သော အချက်များ ဖြစ်ပါသည်။ ဤသို့ အများလုပ်နည်း မဟုတ်သောနည်းဖြင့် ပစ္စည်းကို အသုံးပြုမှသာ ရခဲလှသော တရားရတနာကို လက်တွေ့သုံးစွဲရာ ရောက်ပါသည်။

## သံဃရတနာ

ဗုဒ္ဓမြတ်စွာသည် တက္ကသိုလ်ကျောင်းသားဟောင်းဖြစ်သော ဆတ္တလုလင်အား သရဏဂုံ ပေးတော်မူရာ၌ ‘စိတ်နေစိတ်ထား စင်ကြယ်၍ လေးသွယ်သော ပုဂ္ဂိုလ်အစုံတို့၌ လှူခြင်းကို အကျိုးကြီး၏ဟု ဆိုကြကုန်၏။ သစ္စာလေးပါးကို သိမြင်ကြသော ထိုပုဂ္ဂိုလ်တို့သည် အစုံလေးပါးကို ခွဲခြားလျှင် ရှစ်ပါးရှိကုန်၏။ ထိုအစုံလေးပါး သီးခြားရှစ်ဖော် အရိယာသံဃာတော်ကို ကိုးကွယ်ဆည်းကပ်လော့’ ဟု သရဏဂုံ ပေးတော်မူ၏။

ရတနသုတ်တော် သစ္စာဆိုခန်း၌ လည်းကောင်း၊ ‘သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော’ ဟု လာသော သံဃဂုဏ်တော် အရာ၌ လည်းကောင်း အရိယာသံဃာပင် ဖြစ်၏။ ထို့ကြောင့် သံဃရတနာအစစ်မှာ အရိယာဖြစ်ပြီးသော ရဟန်းသံဃာတော်သာ ဖြစ်သည်။ သာသနာတော်မကွယ်ပအောင် ပရိယတ်စာပေကိုလည်း သင်ယူကြ၊ ပို့ချကြ၊ ဟောပြော

ကြ၍ ပဋိပတ်အကျင့် ဖြစ်သော သီလ၊ သမာဓိ၊ ပညာကိုလည်း ပဋိဝေဓ (မဂ်ဖိုလ်) ရသည်အထိ မျှော်မှန်း၍ စွမ်းနိုင်သမျှ ကျင့်နေကြသော ကလျာဏ ပုထုဇဉ် သူတော်စင်ရဟန်းတော်များလည်း သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် အနေအားဖြင့် ကိုးကွယ်ထိုက်၊ လေးစားထိုက်ကြပေသည်။

ထိုသာသနာ့ဝန်ဆောင် အဆက်ဆက်တို့ မပျက်မကွက်အောင် ဆောင်တော်မူခဲ့ပုံမှာ သီဟိုဠ်ကျွန်း ဗြဟ္မဏတိဿ သူပုန် ထစဉ်က ထင်ရှား ခဲ့ပါသည်။ စာအုပ်၊ ပေစာ မရှိသေးသော ထိုအချိန်၌ တစ်ဆယ့်နှစ်နှစ်လုံးလုံး သစ်သီး၊ သစ်ရွက် စသော အာဟာရဖြင့် မျှတ၍ စာပေ မကွယ်ပအောင် ဆောင်တော်မူခဲ့ကြပါသည်။

ဤကဲ့သို့သော သံဃရတနာမျိုးသည် ဘုရားတစ်ဆူ ပွင့်တော်မူ လာမှ တွေ့ရသဖြင့် အလွန်ရခဲသော ရတနာတစ်ပါး ဖြစ်ပါပေသည်။

## အစစ်ရှိလျှင် အတုရှိမြဲ

မည်သည့်အရာ၌မဆို အစစ်၏ အဖိုးတန်ကြောင်း၊ အများက အလေးပြုကြောင်းကို သိကြလျှင် အတုလည်း ပေါ်လာတတ်၏။ ထို့ကြောင့် ရှေးရှေးအခါ၌ လည်းကောင်း၊ ယခုအခါ၌ လည်းကောင်း အဖိုးတန်၍ အများ မြတ်နိုးအပ်သော စိန် ကျောက် ရွှေ ငွေ ပိုးဖဲ စသော ပစ္စည်းတို့၌ စိန်တု ကျောက်တု ရွှေတု ငွေတု ပိုးဖဲအတု စသော အတုတွေ ဖြစ်ပေါ်နေသကဲ့သို့ အစစ်အမှန် အဖိုးတန်သော ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၌လည်း ဘုရားတု၊ တရားတု၊ သံဃာတုတွေ ရှိနေသည်မှာ ဓမ္မတာဖြစ်၍ အသစ်အဆန်း မဟုတ်တော့ချေ။

## အတုကြောင့် အစစ်ကွယ်ရခြင်း

ရွှေအတု ပေါ်လာသောအခါ ရွှေအစစ်သည် တဖြည်းဖြည်း ကွယ်ရ ၏။ မခွဲခြားတတ်သော လူများအတွက် အစစ်နှင့် အတုသည် မထူးခြားချေ။ ရွှေဆိုင်၌ ရွှေအစစ်ကို လုပ်ထားသော တန်ဆာ၊ ရွှေအတုကို လုပ်ထားသော တန်ဆာ ဤနှစ်မျိုးကို ယှဉ်၍ရောင်းလျှင် ရွှေအစစ်တန်ဆာသည် အဖိုးများ၍

ရွှေအတုတန်ဆာသည် အဖိုးနည်း၏။ အစစ်က တစ်ရာတန်လျှင် အတုသည် တစ်ဆယ်မျှသာ တန်၏ဟု ဆိုကြစို့။ အစစ်နှင့် အတုသည် ခွဲ၍ မရလောက်အောင် တူ၍ အဖိုးချင်း ကွာခြားနေရကား အဝယ်လာသူသည် မိမိမှာလည်း ငွေများများ မပါသည့်အတွက် ခဏလောက်တော့ ဝတ်နိုင်သည်ဟု ယူဆ၍ အဖိုးနည်းသော အတုကိုသာ ဝယ်သွားတော့၏။ ဤနည်းအားဖြင့် အတုကိုသာ အသုံးများလာသောအခါ အစစ်သည် သုံးစွဲသူ မရှိသဖြင့် ရောင်း၍ မစွံတော့ရကား တစ်ခါတည်း သိမ်းဆည်း၍ ထားလိုက်ရ၏။ ဤနည်းအားဖြင့် အတုကြောင့် အစစ်ကွယ်ပျောက်ရလေသည်။

## ဘာသာရေး အတုနှင့် အစစ်

ဘာသာရေး၌လည်း တရားတု၊ ကမ္မဋ္ဌာန်းတု၊ ရဟန်းတုတွေနှင့် ဒါန၊ သီလ အပေါစားတွေ များလှချေ၏။ သဒ္ဓါတရားကို ဥစ္စာခနေဟု ဟောတော်မူ၏။ (ဤလောက၌ ပုဂ္ဂိုလ်တစ်ယောက်၏ အကောင်းဆုံးဥစ္စာသည် သဒ္ဓါတရား ဖြစ်၏။ အာဠဝကသံယုတ်ပါဠိတော်) ထိုသဒ္ဓါအစစ်ဥစ္စာလည်း ရဟန်းရှင်လူ ခပ်သိမ်းသူတို့မှာ တစ်စတစ်စ နည်းပါး၍ လာ၏။ ထို့ကြောင့် တရားတု၊ ကမ္မဋ္ဌာန်းတုနှင့် တရားစစ်၊ ကမ္မဋ္ဌာန်းစစ်ကို ယှဉ်၍ ဟောပြောသောအခါ အတုက ပြုလွယ်၍ အစစ်က အပြုခက်သောကြောင့် သဒ္ဓါဥစ္စာ နည်းပါးသူအများက အတုကိုသာ လိုက်စားနိုင်ကြတော့၏။ ဒါန အမှုများ၌ ပကာသနဒါနသည် ပြု၍လည်းလွယ်၊ ပျော်ဖွယ်လည်း ကောင်း၏။ မိမိမှာ ရှိသော ယုံကြည်မှု သဒ္ဓါဥစ္စာကလည်း နည်းပါး၏။ ထို့ကြောင့် ပကာသနဒါနကိုသာ အပြုများကြတော့၏။ ဒါနအစစ်ကို အာပေါက်မတတ် ဟောပြော၍ လက်ညောင်းအောင် ရေးကြသော်လည်း သဘောမပေါက်ကြချေ။

သီလစောင့်ရာ၌လည်း ရှေးဘိုးဘွားတို့ အမြဲစောင့်နိုင်သော ငါးပါးသီလကိုမျှ လုံခြုံအောင် မစောင့်ချင်ကြ။ ဥပုသ်သီလကိုလည်း ပျော်ပျော်ပါးပါး စားကြသောက်ကြ လည်ပတ်ကြနှင့် စောင့်သုံးကြ၏။ အစစ်အမှန် ဥပုသ်ကို မစောင့်နိုင်ကြ၊ ဤနည်းအားဖြင့် ဒါနစစ်၊ သီလစစ်၊ ဘာဝနာ ကမ္မဋ္ဌာန်းအစစ်များ ယုတ်လျော့နည်းပါး၍ အတော်ကြာလျှင် ကွယ်ပျောက်

ရတော့မည်သာ။ ရဟန်းတော်များ၏ စာချ၊ စာသင်မှုလည်း ရှေးဆရာသမားများ၏ ခေတ်နှင့်မတူကြ။ လာဘ်ရမှု၊ ဂုဏ်ရမှုကို ရှေးရှုခြင်းသာ တဖြည်းဖြည်း များလာလေသည်။

## အတွင်းကဖျက်

'အမျိုးကောင်း' ဟူသည် ဆွေမျိုးအသိုင်းအဝိုင်း ကြီးမား၍ ပစ္စည်းဥစ္စာလည်း ပြည့်စုံ၊ အကျင့်စာရိတ္တလည်း ပြည့်စုံသော အမျိုးတည်း။ ထိုအမျိုး၌ လူဦးရေ နည်းသော်လည်း ပစ္စည်းနှင့် စာရိတ္တကောင်းနေလျှင် အမျိုးကောင်း မပျက်သေးချေ။ ပစ္စည်းဥစ္စာကို တည်တံ့အောင် မလုပ်နိုင်သောအခါ မျိုးရိုးစာရိတ္တကို မထိန်းသိမ်းနိုင်ဘဲ သောက်စားမှု၊ ကစားမှု၊ အပျော်အပါးလိုက်စားမှု ပြုသူတွေ များလာသောအခါ ထိုအမျိုးကောင်းသည် ပျက်ပြား၍ အမျိုးညံ့ဖြစ်သွား၏။ ထိုသို့ အမျိုးကောင်းကို ဖျက်သူသည် အပြင်ဘက်က လူတွေ မဟုတ်။ အမျိုးအတွင်းက လူတွေသာ ဖြစ်သကဲ့သို့ ထို့အတူ ဗုဒ္ဓမြတ်စွာ၏ မွန်မြတ်လှစွာ သာသနာ ဘာသာကိုလည်း အပြင်ဘာသာဝင်တွေက မဖျက်နိုင်ပါ။ အတွင်းကျသော ရဟန်းရှင်လူတို့ကသာ ဖျက်နိုင်ပါသည်။

ထို့ကြောင့် မိမိတို့၏ ဒါန၊ သီလ၊ ဘာဝနာပြုမှုနှင့် စာပေသင်မှု၊ ပို့ချမှုများသည် အတု၊ အစစ် ခွဲခြား၍ အတုကိုသာ လိုက်စားကြပါမူ ကေန်မုချ ဗုဒ္ဓမြတ်စွာ၏ သာသနာဘာသာသည် သံကို သံဖျက် သံချေးတက်သကဲ့သို့ အတွင်းလူဖျက်၍ ပျက်ရတော့မည်သာ ဖြစ်ပါသည်။

## တံ့နေအောင် ကြိုးစားရခြင်း

ရွှေအစစ်ကို သုံးနိုင်မည့်သူ မရှိ၍ သိမ်းထားရသောအခါ 'ရွှေအစစ်ကွယ်ပြီ' ဟု ဆိုရသကဲ့သို့ တရားအစစ်ကို လည်းကောင်း၊ တရားအစစ်ဖြင့် ညွှန်ပြအပ်သော သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို လည်းကောင်း ကျင့်သူ မရှိသောအခါ 'သာသနာကွယ်ပြီ' ဟုဆိုရတော့၏။ 'ကွယ်' ဆိုသော စကားသည် 'ကုန်ဆုံးသွားခြင်း' ဟူသော အဓိပ္ပာယ်ကို မပြပါ။ အစစ်အမှန် ပြုသူ မရှိခြင်းကိုပင် ကွယ်ခြင်းဟု ဆိုရပါသည်။

ကဿပဘုရားရှင်၏ သာသနာတော်လည်း ကွယ်ခဲ့ဖူး၏။ ဘုန်းကြီးတို့ ဘုရားရှင် ပွင့်တော်မူလာသောအခါ ထိုကွယ်ပြီးသော သာသနာကိုပင် တစ်ဖန် ဖော်ထုတ်၍ ပြရပါသည်။

ထို့ကြောင့် ဘုန်းကြီးတို့ ယခုအခါ ကြိုးစား၍ သာသနာ့တာဝန်ကို ထမ်းဆောင်နေခြင်းမှာ မိမိ ချမ်းသာဖို့လည်း မဟုတ်ပါ။ 'သာသနာတော်တိုး၍ ထွန်းလင်းလာလိမ့်ဦးမည်' ဟု မြော်မြင်သောကြောင့်လည်း မဟုတ်ပါ။ မိမိတို့၏ ဆရာသမား၊ ဘိုးဘွားမိဘတို့လက်ထက်က တွေ့ခဲ့ရသော သာသနာတော်၏ အရှိန်ကို မိမိတို့လက်ထက်၌ တိုး၍ မမှိန်စေဘဲ (နောက်ထပ် မဆုတ်ယုတ်စေဘဲ) တည်တံ့ရုံသာ မျှော်မှန်း၍ ယခုလောက် ကြိုးပမ်းရခြင်း ဖြစ်ပါသည်။ ကြိုးပမ်းသလောက် ထမြောက် အောင်မြင်ကာ သာသနာတော်သည် တည်တံ့ပါစေသော်။

ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ် အားမထုတ်ဘူး။
ဗုဒ္ဓမြတ်စွာ သာသနာ၏ ရှေးခါဘိုးဘ
လက်ထက်ကလျှင် ရသည့်တန်ခိုး ထပ်မညှိုးဖို့
အားကြိုးမာန်တက် ငါဆောင်ရွက်သည်
ဆက်လက် တည်တံ့ပါစေသော်။ ။

## အနာဂတ်သာသနာရေးကျမ်းစာမှ
## ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

မဟာဂန္ဓာရုံဆရာတော်၊ မဟာစည်ဆရာတော်၊ မင်းကွန်းဆရာတော်တို့သည် တစ်ခေတ်တစ်ခါ သာသနာတော်၏ ခက်မကြီးသုံးဖြာ ဖြစ်သည်။ ယခုခေတ်ကာလ၌ ထိုဆရာတော်သုံးပါးလိုမျိုး ဖူးတွေ့ရအံ့တော့မထင်။ ထိုသုံးပါးတွင် မဟာဂန္ဓာရုံဆရာတော်သည် တိုင်းပြည်၊ လူမျိုးနှင့် ဘာသာ သာသနာအပေါ် ပို၍ ချစ်ခင် စေတနာထားကြောင်း သူ ရေးခဲ့သော စာပေများက သက်သေပြလျက် ရှိသည်။ ဆရာတော်၏ ကျမ်းစာ များစွာထဲမှ အနာဂတ်သာသနာရေးကျမ်းမှ အချို့ကို ကောက်နုတ်တင်ပြလိုသည်။

### သာသနာကွယ်ကြောင်း တရားများ

### (က) သာသနာကွယ်ကြောင်း တရားငါးပါး

ဘိက္ခုတို့··· (ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓသဒ္ဓမ္မခေါ်) သာသနာတော်၏ ကွယ်ဖို့ရာ အကြောင်းငါးပါး ရှိ၏။ ငါးပါးကား -

၁။ ရဟန်းများ တရားမနာကြခြင်း၊

၂။ ပိဋကတရားတော်များကို လေးလေးစားစား မသင်ယူခြင်း၊

၃။ ပိဋကတရားတော်များကို သင်ယူပါသော်လည်း လေးလေး စားစား နှုတ်တက်ရအောင် ဆောင်မထားခြင်း၊

၄။ နှုတ်ရ ဆောင်ရွက်ထားသော်လည်း ထိုတရားတော်တို့၏ အနက် အဓိပ္ပာယ်တို့ကို မစဉ်းစား၊ မကြံစည်ခြင်း၊

၅။ စဉ်းစား ကြံစည်၍ သိပါသော်လည်း သိသည့်အတိုင်း မကျင့်ခြင်း၊ ဤငါးမျိုးတည်း။

**မှတ်ချက်။** ။ ဤသာသနာကွယ်ကြောင်း ငါးပါးတွင် -

၁။ 'တရားမနာ' ဟူရာ၌ ဆိုင်ရာတိုက်တာကို အုပ်စီးသော ဆရာတော်များ၏ ပါဠိတော်မှ ထုတ်ဖော်ဟောပြသော တရားတော်မျိုးကို မနာကြခြင်းတည်း။ ယခုအခါ၌ကား ထိုသို့ လေးနက်သော တရားတော်ကို ဟောပြသောပုဂ္ဂိုလ်ပင် ရှားပါးလေပြီ။

၂။ 'စာပေမသင်ခြင်း' ဟူရာ၌ သဒ္ဒါ၊ သင်္ဂြိုဟ်တို့လို စာမျိုးကို သင်ရုံမျှဖြင့် အချိန်ကုန်၍ ဗုဒ္ဓရှင်တော်မြတ်၏ လေးနက်သော သုတ္တန်များကို မသင်ကြလျှင် သင်ယူရာပင် မရောက်ချေ။

၃။ 'နှုတ်ရမဆောင်ခြင်း' ဟူရာ၌ ပေထက်အက္ခရာ မတင်ရသေးမီ အချိန်၌ နှုတ်ရမကျက်လျှင် ဧကန် ပိဋကတော်များ ကွယ်ပဖွယ်ရာ ရှိ၏။ ယခုအခါ၌ စာအုပ်များ ရှိနေပြီဖြစ်၍ နှုတ်ရမဆောင်သော်လည်း သာသနာ မကွယ်နိုင်ခြင်း ဖြစ်သည်။

၄။ 'အနက်အဓိပ္ပာယ် မသိခြင်း' ဟူရာ၌ ပါဠိတော်၏အနက်ကို အဋ္ဌကထာအဆိုဖြင့် နားလည်ခြင်း၊ အဋ္ဌကထာအဆိုကို ဋီကာဖြင့် သိနိုင်ခြင်းတည်း။ ထိုသို့ သိရှိနားလည်အောင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ဟူသမျှ၌ အနက်ဉာဏ်ကြီးဖို့ အရေးကြီးလှပေသည်။ သဒ္ဒါ၊ သင်္ဂြိုဟ် စသော ယခုခေတ် စာမေးပွဲများဖြင့် အချိန်မကုန်သင့်ပေ။

၅။ 'တရားတော်နှင့် လျော်အောင် မကျင့်ခြင်း' ဟူရာ၌ ဝိနည်းတော်နှင့်လျော်အောင် နေထိုင်ခြင်း၊ သုတ္တန် အဘိဓမ္မာနှင့် လျော်အောင် စိတ်ကို ဆုံးမ၍ တရားအားထုတ်ခြင်းများတည်း။ ယခုအခါ ပြခဲ့သော ငါးပါးလုံးပင် ကြိုးစားမှု နည်းလှပြီ ဖြစ်သောကြောင့် သာသနာကွယ်ဖို့ အရေးသည် ငါးထောင်တိုင်အောင် နေ့းတော့မည် မဟုတ်ပါ။

## (ခ) သာသနာကွယ်ကြောင်း ငါးမျိုး တစ်နည်း

ဘိက္ခုတို့… သာသနာတော် ကွယ်ပဖို့ရာ အကြောင်းအရာ ငါးမျိုး ရှိသေး၏ -

၁။ ပိဋကပါဠိတော်များကို မသင်ခြင်း၊
၂။ သင်ပါသော်လည်း ထိုသင်အပ်ပြီးသော ပိဋကတရားတော်များကို သူတစ်ပါးအား အကျယ်မဟောခြင်း၊
၃။ ထိုသင်အပ်ပြီးသော ပိဋကတရားတော်ကို အကျယ်ပြောပြ၍ မပို့ချခြင်း၊
၄။ ထိုသင်အပ်ပြီးသော ပိဋကတရားတော်များကို အကျယ်အားဖြင့် မရွတ်ဆို၊ မအံခြင်း၊
၅။ ထိုသင်ပြီးသော ပိဋကတရားတော်များ၏ အနက်အဓိပ္ပာယ်ကို မကြံစည်၊ မစဉ်းစားခြင်း၊ ဤငါးပါးတည်း။

**မှတ်ချက်။** ။ ဤငါးပါးကား စာပေပိဋကတော်ကွယ်မှုနှင့် ဆိုင်သောအကြောင်းများတည်း။ စာပေပိဋကကွယ်လျှင် အကျင့်ပဋိပတ်လည်း ကွယ်တော့မည်သာ။ ပဋိပတ်ကွယ်ပါမူ ကျင့်ပြီးမှ သိရမည့် ပဋိဝေဓ သာသနာတော် ကွယ်တော့မည်မှာ ပြောဖွယ်ရာ မရှိပြီ။ ထို့ကြောင့် စာချပုဂ္ဂိုလ်တို့သည် အောက်တန်းစာတွေမှာ အချိန်ကုန်မခံစေဘဲ သဒ္ဒါ၊ ပညာ တိုးပွားစေမည့် အထက်တန်းပိဋက ပါဠိ၊ အဋ္ဌကထာများကိုသာ ပို့ချသင့်ကြသည်။

ပါဠိတော်များကို မသင်ကြားဘဲ သဒ္ဒါ သင်္ဂြိုဟ်လို အောက်တန်းစာတွေကို မည်မျှလောက် သင်စေကာမူ ဗုဒ္ဓ၏ နှုတ်တော်မှ ထွက်ပေါ်လာသော ပိဋကတရားတော်များကား ကေန္ဒ ကွယ်ပပါလိမ့်မည်။

'အကျယ် မဟော၊ အကျယ် မချ' ဟူရာ၌လည်း ထိုပါဠိတော်၏ အနက်အဓိပ္ပာယ်ကို အဋ္ဌကထာ ဖွင့်ပြသကဲ့သို့ အကျယ်မဖွင့်ပြခြင်းကို ဆိုလိုပါသည်။ ယခုကာလ၌ အနုသန္ဓေ အတက်၊ အထွက်နှင့် သဒ္ဒါရေး စိစစ်ချက်တွေကို ဆိုလိုခြင်း မဟုတ်ပါ။

## (ဂ) သာသနာကွယ်ကြောင်း ငါးမျိုး တစ်နည်း

ဘိက္ခုတို့… သာသနာကွယ်ခြင်းအကြောင်းတရား ငါးမျိုး ရှိလေ၏။
၁။ အက္ခရာပုဒ်ပါဠ်များ မှားမှားယွင်းယွင်းနှင့် ပိဋကတော်ကို သင်ယူခြင်း၊ (အက္ခရာ မှားလျှင် အနက်အဓိပ္ပာယ် အယူအဆ

လည်း မှားတော့မည်သာ။ အနက်အဓိပ္ပာယ် အယူအဆမှားလျှင် ဘုရားအဆုံးအမတော်များ ပျောက်ကွယ်သွားဖွယ် ရှိ၏-ဟူလို)၊

၂။ ရဟန်းတို့၏ ပြောဆိုဆုံးမခက်ခြင်း၊

၃။ စာချနိုင်လောက်သော ပုဂ္ဂိုလ်တို့က စာမချခြင်း။ (ထိုပုဂ္ဂိုလ်များ ကွယ်လွန်သွားကြသောအခါ ထိုပုဂ္ဂိုလ်များ တတ်သိထားသော တရားများ အဆက်ပြတ်၍ သာသနာကွယ်ကြောင်း တစ်မျိုး ဖြစ်၏ - ဟူလို)၊

၄။ ပစ္စည်းလာဘ် ပေါများခြင်းကို အလိုရှိကြသဖြင့် အလျော့ဘက်သို့လိုက်ကာ သာသနာဆုတ်ယုတ်ရေး၌ ရှေ့သွားခေါင်းဆောင်လုပ်၍ သာသနာ တိုးတက်မှု၌ကား ဆန္ဒ၊ ဝီရိယ လျှော့ချခြင်း၊

၅။ သံဃာကွဲပြားခြင်း၊ ဤငါးပါးတည်း။

(အင်္ဂုတ္တိုရ်၊ ပဥ္စကနိပါတ်၊ စတုတ္ထပဏ္ဏာသက၊ သဒ္ဓမ္မဝဂ်)

**မှတ်ချက်**။ ။ ၂ နံပါတ်အရ ပြောဆိုဆုံးမခက်ခြင်းကို ယခုအခါ တိုက်တာတိုင်းမှာလို တွေ့ကြရ၏။ စာချရာ၌ ဝိနည်းသိက္ခာပုဒ်နှင့် စပ်၍ မသင့်တော်သော အချက်များကို မပြောဝံ့အောင် ရှိနေကြလေပြီ။

၃ နံပါတ်အရ နဂိုက စာချဝါသနာပါသော ဆရာတော်အများပင် တပည့်များ၏ အပြောခက် အဆိုခက်မှု၊ မိမိတို့ ငယ်စဉ်က ကြိုးစားသလို မကြိုးစားမှုကြောင့် စာမချလိုရကား စာချပုဂ္ဂိုလ်လည်း နည်းသည်ထက် နည်းပါးလာလေပြီ။

၄ နံပါတ်အရ လာဘ်လာဘ ပေါများအောင် လိုက်စားသူတွေ များနေရုံမက ထိုသူတို့ကပင် အလျော့၊ အတင်း နှစ်မျိုးဝယ် အလျော့ဘက်ကို လိုက်ကာ သာသနာဆုတ်ယုတ်ရေး၌ အားပေးသူများ မရှားတော့ချေ။

၅ နံပါတ်အရ သံဃဘေဒက ကံထိုက်သော သံဃာကွဲပြားမှုမျိုး မဟုတ်သော်လည်း သူတစ်လူ ငါတစ်မင်းနှင့် ပေါ်ပင်လိုက် ဝိဝါဒဖြစ်ဖွယ်ရာ အယူအဆအသစ်များကို တင်ပြလျက်ရှိပေရာ ဆိုင်ရာ ဒကာ၊ ဒကာမတို့ကိုလည်း မိမိတို့ဘက်ပါအောင် သွေးဆောင်ကြသဖြင့် ဒကာ၊ ဒကာမတို့လည်း 'ဆန်စဉ်ရာ ကျည်ပွေ့လိုက်' သကဲ့သို့ အကုသိုလ် များကြလေပြီ။

(အောက်ပါ လင်္ကာများကို အင်္ဂုတ္တိုရ်ပါဠိတော်အတိုင်း ဆရာတော်ကြီး စီစဉ်ထားသည်။)

(က) အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့၊ တရားမနာ၊ စာပေမသင်၊ နှုတ်တွင် မဆောင်၊ သိအောင်မမှတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာတည်း။

(ခ) နှောင်လာ ထို့ပြင်၊ စာသင်ပယ်လျော့၊ ကျယ်မဟောကြ၊ ကျယ်မချနှင့်၊ ကျယ်စွာမအံ၊ မကြံမစည်၊ ဤငါးလီတည်း။

('ကျယ်စွာမအံ' ဟူရာ၌ အသံကျယ်ကျယ်စာအံခြင်းကို ဆိုလိုသည် မဟုတ်။ စာတို့၌ အကျယ် ရှိသည်ကို ရှိသည့်အတိုင်း မအံခြင်းကို ဆိုလိုသည်။)

(ဂ) ဝါ တစ်နည်းမှာ၊ အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊ ဆုံးမမယူ၊ စာချသူရှား၊ လာဘ်များအောင်ကြံ၊ ခိုက်ရန်ကွဲပြား၊ ဤငါးပါးသည်၊ ဘုရားသာသနာ ကွယ်ကြောင်းတည်း။

**မှတ်ချက်။** ။ သာသနာကွယ်ခြင်း၊ မကွယ်ခြင်းသည် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့နှင့်သာ တိုက်ရိုက်သက်ဆိုင်၏။ အခြားသူတို့နှင့် မသက်ဆိုင်ချေ။ ကိုယ်ခံအားကောင်းနေလျှင် အတော်အတန်ရောဂါတို့ မကပ်ရောက်နိုင်ချေ။ ကိုယ်ခံအားမကောင်းလျှင်ကား ရောဂါဟူသမျှ ဝင်ရောက်နိုင်သဖြင့် အလွယ်တကူ ရောဂါရတတ်သည်။ (စာရေးသူ)

## ကေသမုတ္တိသုတ်တော်
## (ကာလာမသုတ်တော်)

ကောသလတိုင်း အပါအဝင်ဖြစ်သော ကာလာမမင်းတို့၏ အုပ်စိုးရာ ကေသမုတ္တိနိဂုံးသည် တောအုပ်တစ်ခု၏ အဝင်ဝ၌ တည်သောကြောင့် ထိုတောလမ်းခရီးသွားတို့၏ တည်းခိုရာအရပ် ဖြစ်နေ၏။ အယူအမျိုးမျိုး ရှိသော ဆရာကြီးတို့သည် ထိုအရပ်ရောက်လျှင် မိမိတို့အယူကို ဝါဒဖြန့်၍ အခြားအယူများကို ဖိနှိပ်ဟောပြောတတ်ကြကုန်၏။ ထိုနိဂုံးသားတို့သည် အယူဝါဒနှင့်စပ်၍ ယောင်ဝါးဝါးဖြစ်နေကြစဉ် ဗုဒ္ဓရှင်တော်မြတ်လည်း ထို

သုတေသနစာကြည့်တိုက်
[redacted]ဆရာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန



အရပ်သို့ ရောက်တော်မူလာ၏။ ထိုနိဂုံးသားတို့သည် အယူဝါဒ အမျိုးမျိုးကို ကြားနေကြရသဖြင့် ဟိုသူပြောတာ ဟုတ်နိုးနိုး၊ ဒီသူပြောတာ ဟုတ်နိုးနိုး တွေးတောနေကြရပါကြောင်း လျှောက်ကြလေရာ ဗုဒ္ဓရှင်တော်မြတ်က 'အမျိုးမျိုးကြားနေရသော သင်တို့မှာ ယုံမှားတွေးတောစရာပဲ' ဟု မိန့်တော်မူပြီးလျှင် 'နားထောင်ကြ··· ကာလာမ အမျိုးသားတို့···'

၁။ ကလေးဘဝမှ စ၍ ကြားနာမှတ်သားခဲ့ခြင်းဖြင့်လည်း 'ဟုတ်တယ်၊ မှန်တယ်' ဟု အစွဲအမြဲ မယူကြနှင့်။

၂။ မိဘဘိုးဘွား စသည်တို့မှ ဆင်းသက်၍ (ပရံပရ- အဆက်ဆက်) မှတ်ယူလုပ်ကိုင်ရိုး ဖြစ်၍လည်း အမြဲအစွဲ မှတ်ယူမထားကြနှင့်။

၃။ 'ဣတိကိရ- ဒီဟာက ဒီလိုတဲ့' ဟု အခြားတစ်ယောက်က ပြောလိုက်ရုံမျှဖြင့်လည်း အမြဲ မှတ်ယူမထားကြနှင့်။

၄။ 'ဒီအယူအဆသာ ငါတို့ သင်အပ်သော ကျမ်းစာနှင့် ညီတယ်' ဟု မိမိတို့ကျမ်းစာနှင့် ညီနေရုံဖြင့်လည်း အတည်တကျ မှတ်ယူမထားကြနှင့်။

၅။ မိမိဘာသာ ကြံစည်အပ်သော အရာကိုလည်း 'ဟုတ်လှပြီ၊ မှန်လှပြီ' ဟု အမြဲအစွဲ ယူမထားကြနှင့်။

၆။ အခြားနေရာ (အခြားနိုင်ငံ)တို့၌ သူတစ်ပါးတို့ လုပ်နည်းကိုင်နည်းကို သဘောကျ၍လည်း ဤနေရာ၌ သင့်တော်လှပြီဟု အမြဲအစွဲ ယူမထားကြနှင့်။

၇။ တစ်စုံတစ်ခုဖြစ်ဖို့ရန် အကြောင်းအထောက်အထားကို စဉ်းစားရာဝယ် အထောက်အထားကောင်းကို ရ၍ သဘောကျသဖြင့်လည်း အမြဲအစွဲ ယူမထားကြနှင့်။

၈။ 'သူ ပြောအပ်သော အယူဝါဒသည် ငါတို့ စဉ်းစားကျေနပ်ထားသောအယူနှင့် ညီမျှပေသည်' ဟု အယူဝါဒချင်း တူရုံမျှဖြင့်လည်း အမြဲအစွဲ မယူကြနှင့်။

၉။ 'ဤရသေ့ရဟန်းကား ယုံကြည်ထိုက်သော အထက်တန်းပုဂ္ဂိုလ်



၂၈၅၃၅

တည်း။ ဒီပုဂ္ဂိုလ်၏စကားကို လေးလေးစားစား မှတ်သားထိုက်
သည်' ဟုလည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်။

၁၀။ 'ဤရသေ့ရဟန်းကား ငါတို့ ကိုးကွယ်အပ်သော ဆရာဖြစ်
ပေ၏။ ငါ့ဆရာစကားကို ငါ မှတ်သားသင့်သည်' ဟုလည်း
စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်။

ကာလာမအမျိုးသားတို့… 'ဤအကျင့်တွေသည် ကောင်းလည်း မကောင်း၊ အပြစ်လည်း မကင်း၊ ပညာရှိ ကဲ့ရဲ့စရာလည်း ဖြစ်၏။ ထိုအကျင့်အကြံ၊ အလုပ်အကိုင်ကို ပြုလိုက်လျှင် စီးပွားမဲ့ ဒုက္ခရောက်ဖို့ ဖြစ်၏' ဟု ကိုယ်တိုင်နားလည်သောအခါ ထိုအကျင့်၊ ထိုအပြုအမူများကို စွန့်လိုက်ကြ၊ 'စီးပွားတိုးတက်၍ သုခရဖို့ အကျင့်များ'ဟု ကိုယ်တိုင် နားလည်ထားသော အကျင့်အကြံများကိုသာ လိုက်နာကျင့်ကြ။ (တိကင်္ဂုတ္တရ ပါဠိတော်)

**(ဆောင်)** ကလေးဘဝ၊ စၡမှလျှင်၊ ကြားရဖန်ဖန်၊ ပရံပရ၊ မိဘဘိုးဘွား၊ ဆက်ဆက်အားဖြင့်၊ မှတ်သားခဲ့ဘိ၊ ပြုရိုးရှိ၏၊ ဣတိကိရ၊ ကြားလူကပြော၊ ကျမ်းသဘောနှင့်၊ နီးနှောညီပြန်၊ အကြံသက်သက်၊ ကြံစည်ချက်တည်း၊ တစ်နည်းမှန်းဆ၊ နည်းလမ်းရမူ၊ တစ်မူအကြောင်း၊ ကြံကောင်းကြံရ၊ ကိုယ့်ယူဆကို၊ အားရနှစ်သက်၊ ညီညွတ်ချက်ပါ၊ ရဟန်းမှာမူ၊ ပြောရာမှန်ကန်၊ ဖြစ်သင့်တန်၏၊ တစ်ဖန်သူဟာ၊ တို့ဆရာဟု၊ ဆယ်ဖြာကြောင်းစု၊ တစ်ခုခုကြောင့်၊ ယူမှုတိမ်းစောင်း၊ မှားတတ်ကောင်းသည်၊ အပေါင်း စဉ်းစားကြစေသောဝ်။

**မှတ်ချက်။** ။ ဤကာလာမသုတ်၌ 'မိမိတို့ ငယ်ရွယ်စဉ်က မှတ်သားထားသောအရာ မိရိုးဖလာ (ပြုရိုးပြုစဉ်)နှင့် ရသေ့ရဟန်း ပြောသမျှ တွေကိုပင် အကျိုးရှိ၊ မရှိ စဉ်းစား၍ အမှန်အကျိုးရှိကြောင်းကို ကိုယ်ပိုင်ဉာဏ်ဖြင့်သိမှ မှတ်ယူလိုက်နာရမည်' ဟု အမိန့်တော်ရှိ၏။

ယခုကာလ၌ မိရိုးဖလာ အစွဲသန်နေသူတို့သည် ဗုဒ္ဓရှင်တော်၏ ဤမိန့်ခွန်းတော်ကို ဦးထိပ်ရွက်ပန်ဆင်ကာ အစွဲသန်သင့်ရာ၌ အစွဲသန်ကြ၍ မစွဲလမ်းသင့်ရာ တို့၌ကား လွယ်လွယ်ကလေးနှင့် ပြုပြင်နိုင်မှသာ သာသနာ အကျိုး၊ နိုင်ငံအကျိုး၊ မိမိအကျိုး ပွားတိုးစေနိုင်ကြပေလိမ့်မည်။

အသောကမဟာရာဇာသည် မိရိုးဖလာ ကိုးကွယ်ထားသော ဗြာဟ္မဏ တွေကို စွန့်လွှတ်၍ ရဟန်းတော်များကို ကိုးကွယ်ကာ အကြီးအကျယ် သာသနာပြုခဲ့ပါသည်။ အနော်ရထာ မင်းစောလည်း အရည်းကြီးများကို ဖယ် ရှား၍ အရှင်အရဟံ အမှူးထားသော သံဃာတော်များကို နှစ်နှစ်ကာကာ ချီးမြှောက်ခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံ၌ သာသနာရေးဝယ် ပြုပြင်ဖွယ် တွေ ရှိသော်လည်း ထိုမင်းများကဲ့သို့ တစ်မျိုးတစ်မည် ပြောင်းပစ်ဖို့ မလိုပါ။ အဆုတ်ဘက်၊ အလျော့ဘက်သို့ ငဲ့နေသော သာသနာကို အနည်းငယ် ဦးလှည့် ပေးလိုက်ရုံမျှဖြင့် အတိုးဘက်၊ အတက်ဘက်သို့ ရှေးရှုဖြစ်ကာ အမျိုးဘာသာ သာသနာအကျိုး ပွားတိုးစေနိုင်သည်ဟု မြော်မြင်မိပါသည်။ ဤသို့မျှ လက်ရှိ နိုင်ငံခေါင်းဆောင် သာသနာ့ဝန်ဆောင်တို့က မပြုပြင်ခဲ့ကြလျှင် အနာဂတ် လူငယ်တို့သည် သာသနာကို ကိုးကွယ်ကြတော့မည် မဟုတ်ပါ။

## ဗုဒ္ဓဝါဒသည် ကြီးပွားရေးကို နှောင့်နှေးစေသလော

စစ်တပ်ဖြင့် ဂုဏ်လုပ်နေသော ယခုခေတ်၌ 'ဗုဒ္ဓဝါဒသည် လောကီ ကြီးပွားရေးကို နှောင့်နှေးစေ၏' ဟု အချို့က ယူဆကြ၏။ သို့သော် ဗုဒ္ဓ လက်ထက်တော်မှစ၍ ဘုရားကျောင်းဒကာဖြစ်သော (သောတာပန်) ဗိမ္ဗိသာရ မဟာရာဇာ၊ ကောသလမဟာရာဇာနှင့် ဓမ္မာသောက၊ ဒုဋ္ဌဂါမဏိ အစရှိသော ဗုဒ္ဓဝါဒီတို့သည် ဗုဒ္ဓဝါဒနှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြပါသည်။

ဆက်ပါဦးမည်၊ ဗုဒ္ဓဝါဒကို ကြည်ကြည်ညိုညိုနှင့် လိုက်နာနေသူ သည် အနေအထိုင် ကျနေ့ရ၏၊ အသုံးအစွဲ မျှတ၏၊ မပျင်းမရိ လုံ့လရှိ၏၊ မတရားလောကကြီးဝယ် သာ၍ တင့်တယ်၏၊ သံသရာရေးကို တွေးပြန်လျှင် သူ၏ တရားမျှတမှုကို အားပြုကာ သာယာကျေနပ်၏၊ တရားနည်းလမ်း ကျသော အလုပ်ကိစ္စ ဟူသမျှဝယ် ရှက်ဖွယ်မရှိဟု နားလည်ထားသဖြင့် မည်သည့်ဂုဏ်သရေရှိ လူကြီးကိုမျှ အချည်းအနှီး မကြောက်ရွံ့တတ်ပါ။ ထို သတ္တိကြောင့် ဗုဒ္ဓဘာသာ မြန်မာစစ်သားတို့သည် လက်နက်အင်အား၊ လူ အင်အား တူမျှပါမူ မည်သည့်တိုင်းတစ်ပါး ရန်သူကိုမျှ ရွံ့ကြမည်မထင်။ ဤသတ္တိကြောင့်ပင် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရား၊ မင်းကြီး

ဗန္ဓုလ အစရှိသော သတ္တိခဲ ရဲရဲတောက်တွေ (အလားတူ နောက်လိုက်များနှင့် တကွ) ထွက်ပေါ်ခဲ့ကြပေသည်။ ဤသို့လျှင် ဗုဒ္ဓဝါဒသည် လောက၏ ကြီးပွား ရေးကို မနှောင့်နှေးစေသည့်အပြင် အပြည့်အစုံ လိုက်နာသူအား အမြန်ဆုံး ကြီးပွားရေးကို လမ်းညွှန်ပေးနိုင်ပါသည်။ (ဗုဒ္ဓဝါဒ၌ ကံကိုသာ အားကိုးရမည် မဟုတ်ပါ။ ဉာဏ်၊ ဝီရိယကိုလည်း အားကိုးရပါသည်။)

## ဗုဒ္ဓဝါဒဖြင့် ပြုပြင်မှ လွယ်ကူမည်

များစွာသော ကျေးရွာနေသူတို့သည် ကွန်မြူနစ်၊ ဆိုရှယ်လစ် စသော ဝါဒသစ်တို့၏ သဘောတရားကို နားမလည်ကြပါ။ နားလည်လိုသော ဆန္ဒလည်း ရှိကြပုံ မရပါ။ သူတို့ သမားရိုးကျ နားလည်နေသော ဝါဒကား ဗုဒ္ဓဝါဒ သာတည်း။

ထိုဗုဒ္ဓဝါဒမှ လူအများနှင့် တိုက်ရိုက်သက်ဆိုင်သော ကြီးပွားရေး အချက်များကို ကျောင်းသုံးသင်ခန်းစာ ဖြစ်အောင် စီစဉ်ညွှန်ပြ၍ ဗုဒ္ဓဝါဒ အရ ပြုပြင်လျှင် မြန်မာနိုင်ငံတော်သည် ခပ်မြန်မြန် တိုးတက်လာဖွယ် ရှိ သည်ဟု ထင်မိပါသည်။ ကွန်မြူနစ်၊ ဆိုရှယ်လစ် စသော ဝါဒသစ်များလည်း သူတို့နည်းအရ တစ်နိုင်ငံလုံးက ကျကျနန လိုက်နာကြလျှင် တိုးတက်စေ နိုင်သည်မှာ အမှန်ပင် ဖြစ်တန်ရာ၏။

သို့သော် ထိုဝါဒတွေကို လူအများက နားမလည်သောကြောင့် နားလည်ပြီးသော၊ တိုးတက်လည်း တိုးတက်စေနိုင်သောဝါဒဖြင့် တိုင်းပြည်ကို ပြုပြင်မှ ခပ်မြန်မြန် တိုးတက်ဖွယ် ရှိသည်ဟု ဆိုလိုပါသည်။

[ဘာသာရေးကြောင့် အကျိုးမဲ့ ကုန်ကျမှုတို့ကား ဗုဒ္ဓဝါဒ (ဗုဒ္ဓ အလိုတော်ကျ) မဟုတ်ကြောင်းကို အနာဂတ်သာသနာခန်း၌ ပြခဲ့ပါပြီ] 'ဗုဒ္ဓဝါဒဖြင့် ပြုပြင်ပါလျှင် အခြားဘာသာဝင်များနှင့် ဆန့်ကျင်နေမည် မဟုတ်ပါလော' ဟု မေးခွင့် ရှိ၏။ ဗုဒ္ဓဝါဒသည် လောကုတ္တရာရေး၌သာ အခြားဝါဒနှင့် အထူးတလည် ခြားနား၍ လောကီကြီးပွားရေး၌ကား ဆန့်ကျင် လောက်အောင် မကွဲပြားပါ။

## ဘာသာရေးသည် ဘိန်းနှင့် တူသလော

ခေတ်လူတချို့က 'ဘာသာရေးသည် ဘိန်းနှင့်တူ၏' ဟု ဆိုကြ၏။ သူတို့ ဆိုလိုရင်းကား - ဘိန်းသည် အလွန်စွဲလမ်းခြင်း လက္ခဏာရှိသကဲ့သို့ ဘာသာရေးသည်လည်း အလွန်စွဲလမ်းစေခြင်း လက္ခဏာရှိ၏။ ဘိန်းစွဲမိလျှင် အဖြတ်ခက်သကဲ့သို့ ဘာသာရေးစွဲသူများလည်း ထိုဘာသာကို အစွန့်ခက်၏။ ဘိန်းကို မကောင်းမှန်းသိလျက်နှင့် ရှုမြဲရှူ စားမြဲစားသကဲ့သို့ ဘာသာရေး အလုပ်တချို့လည်း အကျိုးမရှိမှန်းသိလျက် လုပ်မြဲလုပ်နေကြ၏။ ဘိန်းကြောင့် လူမျိုးပျက်စီးသကဲ့သို့ ဘာသာရေးကြောင့် လူမျိုးပျက်စီးရ၏။ ဤသို့ စသည် ဖြင့် ဆိုလိုဟန်တူသည်။

အရင်းခံဗုဒ္ဓဘာသာ၌ ထိုသို့ ပျက်စီးလမ်းများ မရှိပါ။ ယခု အချို့ ပျက်စီးနေရသည်ကား ဘာသာရေးကို ဗန်းပြ၍ ကိုယ်ကျိုးကြည့်သူများ ကြောင့်သာ ဖြစ်ရ၏။ အမှန်အားဖြင့် ဗုဒ္ဓ၏ဝါဒကို ကျကျနန လိုက်စားလျှင် မပျက်စီးသည့်ပြင် တိုးတက်ရမည် အမှန်ပင်တည်း။

'မှားမှားမှန်မှန်၊ ငါ့ အယူသာ အမှန်' ဟု စွဲလမ်းသူများအတွက်ကား (ဗုဒ္ဓ၊ ဟိန္ဒူ၊ ခရစ်ယာန်၊ မဟာမေဒင်) မရွေး မည်သည့်ဘာသာမဆို ဘိန်းနှင့် တူပါသည်၊ ထိုစွဲလမ်းမှုမျိုး မရှိဖို့ရာလည်း ကာလာမသုတ်ကို ဗုဒ္ဓရှင်တော် ဟောတော်မူခဲ့ပါသည်။ 'မှားမှားမှန်မှန် အရမ်းစွဲလမ်းမှုသည် ဘိန်းနှင့်တူတမ်း' ဖြစ်လျှင် ဝါဒရေးလည်း ဘိန်းနှင့်တူသည်သာ။ မှန်၏၊ ရေးတုန်းက တွဲရေး၊ ခွဲရေး စသည်ဖြင့် ပါတီဝါဒကွဲခဲ့ကြရာ၌ တစ်အိမ်သားချင်းသော်မှ စေ့စပ်၍ မရအောင် ကိုယ့်ဝါဒကို ကိုယ် စွဲလမ်းခဲ့ကြ၏။

## အော်နေရုံနှင့် မပြီး

မြန်မာပြည် လွတ်လပ်ရေးအောင်ပွဲနေ့က 'ဒို တို့ပြည်၊ ဒို တို့မြေ' ဟု ကြွေးကြော်ခဲ့ကြ၏။ ကြက်သီးထဖွယ် အားရဖွယ်ပေ။ သို့ရာတွင် အော်နေသော ထိုအမျိုးသား၊ အမျိုးသမီးများသည် မိမိတို့ ပိုက်ဆံအိတ်ကို နှိုက်ကြည့်စေလို၏။ 'ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ' တဲ့။ ဘာနဲ့ကာကွယ်ကြမှာလဲဟရို့၊ လက်နဲ့ကာလို့ လုံမှာမဟုတ်ဘူးနော်။ ကုန်း

တပ်၊ ရေတပ်၊ လေတပ်တွေနဲ့ ကာကွယ်ရမည် မဟုတ်လား။ ယခု အခြေအနေအရ အမျိုးသားတို့ရဲ့ ဘဏ္ဍာအိတ်ထောင်ထဲမှာ သေနတ်၊ သင်္ဘောဝယ်စရာ၊ လေယာဉ်ပျံဝယ်စရာ ပိုက်ဆံ ဘယ်နှပြား စုမိပြီလဲ။ အမျိုးသား၊ အမျိုးသမီးတွေက အော်အော်ပြီးတော့ သိပ်အသုံးပက်စက်ကြတာကိုး။ ဘာပိုက်ဆံ စုမိမှာလဲ။ တန်ခူးလ အခါတွင်းသင်္ကြန် ဆိုလျှင် ဘယ်လောက် အသုံးအစွဲ ပြိုင်ကြသလဲ။ မော်လမြိုင်၊ ရန်ကုန်၊ မန္တလေးဆိုတဲ့ မြို့ကြီးတွေဟာ သိပ်ကဲတာပဲ။ ကဆုန်လ ညောင်ရေသွန်းပွဲမှာလည်း မနည်းသေးဘူး။ နယုန်လ၊ ဝါဆိုလက စပြီးလျှင် တပေါင်းလပွဲတော်ကြီးတွေအထိ ကုန်လိုက်တာ မပြောနဲ့တော့။ ထိုကုန်သမျှငွေတွေ မြန်မာနိုင်ငံမှာ လည်နေတာ မဟုတ်ပါဘူး။ သင်္ဘော၊ လေယာဉ်ပျံတွေနဲ့ နိုင်ငံခြား ရောက်ကုန်တာတွေသာ များတယ်။

## မယုကငှက်

ဇာတ်တော်မှာ 'မယုကငှက်' ခေါ်တဲ့ ငှက်အကြောင်း ပါတယ်။ ထိုငှက်ကလေးဟာ အသီးတွေ ဝေဆာနေသော ညောင်ပင်ပေါ်တက်ပြီး 'ဒါငါ့ဟာ…၊ ဒါ ငါ့ဟာ' ဟု အော်နေ၏။ သူ အော်နေတုန်းမှာ အခြား ငှက်တွေ လာ၍ စားကြ၏။ သူကား 'ငါ့ဟာ…၊ ငါ့ဟာ' ဟု အော်နေတုန်းပင်။ ညောင်ပင်မှာ အသီးတွေ ကုန်၍ အခြားငှက်များ ပြန်သွားသည့် တိုင်အောင် အော်လျက်သာ ကျန်ရစ်ရှာ၏။

ထို့အတူပင် အမျိုးသား၊ အမျိုးသမီးတွေက နိုင်ငံခြားပစ္စည်းတွေကို ဝတ်စားပြင်ဆင်ကာ နိုင်ငံခြားမော်တော်ကားကြီးတွေကို စီးပြီး 'ဒါတို့ပြည်၊ ဒါ တို့မြေ' ဟု အော်နေတုန်းမှာပင် နိုင်ငံခြားငှက်တွေက အမြတ်ကြီးကြီး၊ အသီးကောင်းကောင်းတွေကို စား၍ ပျံသွားကြလေပြီ။ တချို့ကား မပြန်တော့ဘဲ အခြေစိုက်၍ အသိုက်ဖွဲ့ကာ ငွေကိုသာ တွင်တွင်ပို့ကြလေသည်။

ဤစာကို ရေးခြင်းဖြင့် နိုင်ငံခြားကုန်သည်ကြီးများကို အပြစ်မတင်လိုပါ။ အမျိုးသားတွေကိုသာ အော်နေရုံမျှနှင့် မပြီးနိုင်ကြောင်း၊ ချွေတာစုဆောင်းမှု၊ အလုပ်လုပ်ရာ၌ မပျင်းရိမှု ရှိမှသာ ဘဏ္ဍာအိတ် တောင့်တင်း၍

'ပြည်ထောင်စုကို အသက်ပေးလို့ တို့ ကာကွယ်နိုင်ကြမည့်' အကြောင်းကို ပြောပြလိုရင်း ဖြစ်ပါသည်။

## ကျေနပ်ဖွယ် သာသနာ

ဘုန်းကြီး မြင်ချင်သော မြန်မာနိုင်ငံတော်ကား အားလုံးညီညွတ်စွာဖြင့် စီးပွားရေးကို လေးစားမှုကြောင့် တိုးတက်လာသော ကျန်းမာရေး၊ ပညာရေးတို့ကို အခြေပြု၍ မြေပြင်၊ ရေပြင်၊ ဝေဟင်တပ်တို့ဖြင့် သပ်ရပ်ထည်ဝါ တင့်တယ်စွာသော ပြည်ထောင်စု မြန်မာအိမ်တော်တွင် စည်းကမ်း ကျနစွာ အထွတ်တင်ထားသော ကျောင်းကန်ဘုရား၊ စာသင်တိုက်များကို မြင်ချင်လှပြီ။ အကြင်အခါ စာသင်တိုက်၊ ကမ္မဋ္ဌာန်းတိုက်နှင့် ကျောင်းကန်ဘုရားတို့သည် ဝင်လာသူတို့စိတ်ကို ဆွဲဆောင်နိုင်လောက်အောင် သာယာ၏၊ ဆိတ်ငြိမ်၏။ ထိုအတွင်း၌ သီတင်းသုံးနေထိုင်သူတို့သည် စိတ်ထားဖြူလွင် သူတော်စင်များချည်း ဖြစ်၏။ ထိုအခါ ဈာန်မဂ်ဖိုလ် မရစေကာမူ ကျေနပ်ဖွယ်ကောင်းသော သာသနာတော် ဖြစ်ပါလိမ့်မည်။

## ကျွန်းကိုကိုင်းမှီ ကိုင်းကိုကျွန်းမှီ

ရေလယ်ကောင်ကျွန်းသည် ကိုင်းပင်တွေ အမြစ်တွယ်၍ ယှက်နွယ်ခြင်းကြောင့် ခိုင်မြဲရ၏။ ကိုင်းပင်တွေလည်း ကျွန်းခိုင်မြဲသောကြောင့်ပင် ခိုင်မြဲတည်တံ့ရ၏။ ထို့အတူ ပြခဲ့သော အစီအစဉ်အရ သာသနာတော် အရေးကို ပြင်လိုက်ကြလျှင် သာသနာတော်ကြောင့် ပြည်ထောင်စုမြန်မာ နိုင်ငံတော် တည်တံ့၍ နိုင်ငံတော်တည်တံ့မှုကြောင့် သာသနာတော်လည်း စည်ပင်ဖွယ်ရှိရကား ရှင်ဘက်၊ လူဘက် ခေါင်းဆောင်များသည် ဟိတော ပဒေသလာ စိတြဂီဝါနိုအသင်းနှင့် သမ္မောဒမာနဇာတ်တော်လာ ငုံးအသင်းတို့၏ ညီညွတ်ကြသည့်ထုံးကို နှလုံးသွင်း၍ ဗုဒ္ဓသာသနာတော်ကို အထွတ်တင်ထားသော မြန်မာနိုင်ငံတော်ကြီးကို ခိုင်ဖြိုးတိုးပွားအောင် ကြိုးစားနိုင်ကြပါစေသတည်း။

## အနာဂတဘယသုတ်တော်
## အနာဂတ်သာသနာဘေး ငါးမျိုး

ဘိက္ခုတို့… ဤပြလတ္တံ့သော ဘေးတို့သည် ယခု (ထိုသုတ်တော်ကို ဟောတော်မူချိန်မှာ) မဖြစ်သေးဘဲ နောင်အခါ ဖြစ်ကြလိမ့်မည်၊ ထိုဘေးများကို သင်တို့ သိထားနှင့်ကြ။ သိပြီး၍ ထိုဘေးများ မပေါ်လာအောင် ကြိုးစားကြ။ ထိုဘေးတို့ကား …

၁။ (မိမိကိုယ်ကိုယ် ဣန္ဒြေရရှနှင့် နေတတ်အောင် ပြုပြင်သောအားဖြင့်) ခန္ဓာကိုယ်၏ တိုးတက်ကြီးပွားမှုလည်း မရှိကြသော၊ သီလသိက္ခာ တိုးတက်မှုလည်း မရှိကြသော၊ စိတ်နေစိတ်ထား သမာဓိတိုးပွားမှုလည်း မရှိကြသော၊ လောကုတ္တရာပညာ တိုးပွားမှုလည်း မရှိကြသော ရဟန်းတို့သည် သူတို့ကိုယ်တိုင် ဥပဇ္ဈာယ်ဆရာကြီးလုပ်ကာ အခြားသူတို့ကို ရဟန်းပြုပေးကြလိမ့်မည်။ ထိုသို့ အရည်အချင်း မရှိသော ဥပဇ္ဈာယ်ဆရာတို့သည် မိမိတပည့်များကို ကိုယ်နေစိတ်ထား၊ သီလ၊ သမာဓိ၊ ပညာ တိုးပွားအောင် ဆုံးမနိုင်ကြတော့မည်မဟုတ်။ ထိုတပည့်များလည်း ကိုယ်နေစိတ်ထား၊ သီလ၊ သမာဓိ၊ ပညာတရား တိုးပွားခြင်း မရှိဘဲ မိမိတို့၏ လက်အောက် တပည့်များကို ရဟန်းပြုပေးကြလိမ့်ဦးမည်။ ဤသို့ အဆက်ဆက် တရားပျက်ခြင်းကြောင့် ဝိနည်းပျက်ပြားခြင်း ဟူသောဘေး ပေါ်လာလိမ့်မည်။

၂။ ဤ ၂ နံပါတ်၌ နိဿရည်းဆရာ လုပ်၍ တပည့်များကို နိဿရည်းပေးခြင်းသာ ထူးသည်။ [အရပ်တစ်ပါးမှ လာနေသော တပည့်များ၏ အမှီခံဆရာကို နိဿရည်းဆရာဟု ခေါ်၏။]

၃။ ခန္ဓာကိုယ်နှင့် သီလ၊ သမာဓိ၊ ပညာ တိုးပွားမှု မရှိကြသော နောက်ခေတ်ရဟန်းတို့သည် အဘိဓမ္မာတရား ဉာဏ်ရမှုနှင့် ယှဉ်သော တရားများကို ဟောကြသောအခါ မကောင်းသော စိတ်ထားဖြင့် သူတစ်ပါးတို့ကို ပုတ်ခတ်စော်ကားခြင်း၊ ပစ္စည်းရအောင် ဟောခြင်းတို့ဖြင့် စိတ်ဆိုးစိတ်ညစ်တွေ ပေါ်ပေါက်၍ တရားစစ်သဘောမှန်ကို သိကြတော့မည် မဟုတ်။ (ဥပမာ-သင်္ဂြိုဟ်စကားပြောရင်း ငြင်းကြခုံကြ၊ ကိုယ်တတ်ကြောင်းပြကြ၊ လာဘ်ရမှုများကို လိုလားကြသဖြင့် သဘောအမှန်ကို ဝေဖန်နားလည်မှု မရှိကြတော့ဘဲ

သူတို့ကိုယ်တိုင်ပင် ပစ္စည်းလိုချင်သော လောဘ၊ သူတစ်ပါးကို စော်ကားသော ဒေါသတွေ ဖြစ်နေတော့သကဲ့သို့တည်း။)

၄။ ကိုယ်အနေအထားနှင့် သီလ၊ သမာဓိ၊ ပညာ တိုးပွားမှု မရှိသော နောက်ခေတ်ရဟန်းတို့သည် ဗုဒ္ဓကိုယ်တော်တိုင် ဟောထားတော်မူခဲ့၍ လေးနက်လှစွာ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပာဒ်တရားတော်များကို ဟောလျှင် မနာချင်ကြ။ ထိုတရားများကို သင်ယူထိုက်ကြသည်ဟုပင် မမှတ်ထင်ကြ။ သာသနာပြင်ပဖြစ်သူတို့က ရွတ်၍ကောင်းအောင် အဆန်းတကြယ် ဖွဲ့စီအပ်သော ဂါထာများကိုသာ နားထောင်လိုကြ၊ သင်ယူလိုကြလိမ့်မည်။ (ယခုအခါဝယ် ဘုရားဟောဖော် ပါဠိတော် အစစ်အမှန်ကို မသင်ယူလိုဘဲ၊ သင်ရသော်လည်း စိတ်တက်ကြွခြင်း မရှိဘဲ အခြားဘာသာစကားများကို သင်ရမှ စိတ်အားထက်သန်ကြပုံမျိုးတည်း။)

၅။ ကိုယ်အနေအထားနှင့် သီလ၊ သမာဓိ၊ ပညာ တိုးပွားမှု မရှိသော နောက်ခေတ်ရဟန်းတို့သည် အလျော့၊ အတင်း နှစ်မျိုးရှိရာဝယ် အလျော့ဘက်၌သာ ရှေ့သွားခေါင်းဆောင် လုပ်ကြလိမ့်မည်။ တောကျောင်းစသည်၌ ငြိမ်သက်စွာ တရားနှင့် နေမှုကိစ္စ၌ လုံ့လဝီရိယ လျှော့ချထားကြလိမ့်မည်။ 'အပေါင်းအဖော်မှ ခွဲခွာ၍ တစ်ကိုယ်တည်း နေဖို့ရန်နှင့် မကောင်းသော စိတ်တွေမှ ခွဲခွာ၍ တရားစိတ်ဖြင့် နေဖို့ရန် စိတ်ကူးမျှ ထည့်ကြတော့မည် မဟုတ်' ဟူလို။

**စဉ်းစားဖွယ်။** ။ ထိုဘေးငါးမျိုးလုံးပင် ယခုအခါဝယ် သာသနာတော်၌ ဆိုက်ရောက်လျက် ရှိ၊ မရှိကို စဉ်းစားသင့်၏။ ၁-၂ နံပါတ်အရ (အချို့ ဆရာတော်များကို ထား၍) များစွာသော ဆရာဥပဇ္ဈာယ်တို့သည် တပည့်များကို နိုင်နင်းအောင် ဆုံးမနိုင်ကြပါသေး၏လော။ မိမိကိုယ်တိုင်ကလည်း တပည့်များ ခံ့ညားရှိသေအောင် သီလ၊ သမာဓိ၊ ပညာ တိုးပွားကြပါ၏လော။ ထိုဆရာသမား၏ တပည့်တို့က အသက်ကြီး၍ ဆရာ ဥပဇ္ဈာယ် လုပ်ကြပြန်လျှင် ယခင်ဆရာ၏ အဆင့်အတန်းကိုမျှ မီကြပါဦးမည်လော။

၃-၄-၅ နံပါတ် အနာဂတ်ဘေးများလည်း ယခုအချိန်မှာ ဘယ်အခြေအနေ ရောက်နေပြီလဲ။ စာသင်၊ စာချကြရာ၌ (စာမေးပွဲများ၏ စည်း

ကမ်းကြောင့်) ဗုဒ္ဓတရားတော်ထက် ဗုဒ္ဓတရားတော် မဟုတ်သော သဒ္ဒါ၊ သင်္ဂြိုဟ် စသည်ကို လည်းကောင်း၊ ဗုဒ္ဓတရားတော်ကို အံနည်းငယ် ပြု၍ အပိုကျမ်းစာများကို လည်းကောင်း သင်ယူရသောအချိန်က များနေပြီ မဟုတ်ပါလော။ ထို့ကြောင့်လည်း အချိန်ကြာသလောက် ဗုဒ္ဓတရားတော် မူရင်းကို အသိမများကြသဖြင့် သဒ္ဓါတရားလည်း မတိုး၊ စိတ်နေစိတ်ထား ကြီးမား ရင့်သန်မှုလည်း မတိုးပွားဘဲ ထိုဘေးများဝယ် တဝဲလည်လည် ဖြစ်နေကြရပြီ မဟုတ်ပါလော။

## အနာဂတ်သာသနာဘေး ငါးမျိုး တစ်နည်း

ဘိက္ခုတို့… ယခုအခါ မဖြစ်သေးဘဲ အနာဂတ်ကာလ၌ ဖြစ်မည့် ဘေးငါးမျိုး ရှိသေး၏။ ထိုဘေးများကို သင်တို့ သိထားနှင့်ကြ။ သိထားကြ ပြီးလျှင် ထိုဘေးတို့ကို စွန့်ပယ်နိုင်ဖို့ရာ ကြိုးစားကြရမည်။ ဘေးငါးမျိုး ဟူသည်မှာ -

၁။ အနာဂတ်ကာလ၌ ရဟန်းတို့သည် သင်္ကန်းကောင်းကောင်း အလိုရှိကြလိမ့်မည်။ သင်္ကန်းကောင်းကို အလိုရှိကြသဖြင့် ပံသုကူဓုတင် ဆောင်ကြတော့မည်မဟုတ်။ ရွာ၊ နိဂုံး၊ မင်းနေပြည်များ၌ နေထိုင်၍ သင်္ကန်း ကောင်းကောင်းရဖို့ရာ အမျိုးမျိုးသော မအပ်မရာနည်းတို့ဖြင့် ရှာမှီးကြ လိမ့်မည်။

၂။ အနာဂတ်ကာလ၌ ရဟန်းတို့သည် ဆွမ်းကောင်းကောင်း အလိုရှိကြလိမ့်မည်။ ဆွမ်းကောင်းကောင်း စားလိုသဖြင့် ပိဏ္ဍပါတ်ဓုတင်ကို လည်း မဆောင်၊ တောကျောင်း၌လည်း နေကြတော့မည် မဟုတ်ဘဲ ရွာ၊ နိဂုံး၊ မင်းနေပြည်များ၌ နေထိုင်၍ ဆွမ်းကောင်း၊ ဟင်းကောင်း၊ မုန့်ပဲ သရေစာ ကောင်းရဖို့ရာ အမျိုးမျိုးသော မအပ်မရာနည်းတို့ဖြင့် ရှာမှီးကြ လိမ့်မည်။

၃။ အနာဂတ်ကာလ၌ ရဟန်းတို့သည် ကျောင်းကောင်းကောင်း အလိုရှိကြလိမ့်မည်။ ကျောင်းကောင်းကောင်း နေလို၍ ရုက္ခမူဓုတင်ကို မဆောက်တည်ကြတော့။ တောကျောင်းများ၌ မနေကြတော့ဘဲ ရွာ၊ နိဂုံး၊

မင်းနေပြည်တို့၌ နေထိုင်ကာ ကျောင်းကောင်းကောင်းရဖို့ရာ အမျိုးမျိုးသော မအပ်မရာနည်းတို့ဖြင့် ရှာမှီးကြလိမ့်မည်။

၄။ အနာဂတ်ကာလ၌ ရဟန်းတို့သည် ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေမတို့နှင့် (ယခုခေတ် သီလရှင်၊ ရသေ့မတို့နှင့်) ရောရောနှောနှော နေကြလိမ့်မည်။ ထိုသို့ နေခြင်းကြောင့် ဖြစ်ဖွယ်အပြစ်တို့ကား မပျော်မွေ့ဘဲ သော်လည်း သာသနာတော်၌ နေကြရလိမ့်မည်။ ရှန့်ရှင်းကြမ်းတမ်းသော အာပတ်တို့သော်လည်း ရောက်ကြလိမ့်မည်။ လူသော်လည်း ထွက်ကြလိမ့်မည်။

၅။ အနာဂတ်ကာလ၌ ရဟန်းတို့သည် ကျောင်းတိုက်၌ ရှိသော အာရာမ်စောင့် (ကပ္ပိယ) သာမဏေများနှင့် ရောရောနှောနှော နေကြလိမ့်မည်။ ထိုသို့ နေသဖြင့် ဖြစ်ဖွယ်အပြစ်တို့ကား စားသောက်ဖွယ်များကို နောက်တစ်နေ့ စားသောက်ဖို့ရာ သိမ်းထားမှုကိုသော်လည်း ပြုကြလိမ့်မည်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးဖို့ရာ မြေကို ကိုယ်တိုင်သော်လည်း တူးဆွကြလိမ့်မည်။ (မအပ်မရာသော အသုံးအနှုန်းဖြင့်) အတူးအဆွသော်လည်း ခိုင်းကြလိမ့်မည်။ ဟင်းသီးဟင်းရွက်ကို ကိုယ်တိုင်သော်လည်း ဆွတ်ခူးကြလိမ့်မည်။ (မအပ်မရာသော အသုံးအနှုန်းဖြင့်) အဆွတ်အခူးသော်လည်း ခိုင်းကြလိမ့်မည်။ (ဤ ငါးမျိုးလည်း ယခု ရောက်နေပြီ မဟုတ်ပါလော။ ဒကာ၊ ဒကာမတို့ကလည်း ဆရာသမားများကို ကောင်းကောင်းနေစေလို၊ ကောင်းကောင်းဝတ်စေလို၊ ကောင်းကောင်းစားစေလိုကြသဖြင့် လည်းကောင်း၊ နောက်ဘဝ၌ မိမိလည်း ကောင်းကောင်းရလို၍ လည်းကောင်း အကောင်းလှူရမှ ကျေနပ်ရကြပေသည်။) (အင်္ဂုတ္တိုရ်၊ ပဥ္စက၊ ဒုတိယ ပဏ္ဏာသက၊ ယောဓာဇီဝဝဂ်)။

## ဗုဒ္ဓါနုဿတိဘာဝနာကျမ်းစာမှ
## ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

### သီးလုံးဆရာတော်

ဗန်းမော်ဆရာတော်၊ သင်္ဂဇာဆရာတော်၊ ရွှေကျင်ဆရာတော် စသော ရှေးဆရာတော်ကြီးများ၏ ဆရာတော် ဖြစ်တော်မူသော သီးလုံး ဆရာတော် ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာကို လွန်စွာကြည်ညိုသော ဆရာတော် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်ကိုလည်း အထူးကောင်းမွန်အောင် ဆောင်တော်မူ၏။ စာရေးတော်မူသောအခါ ဗုဒ္ဓမြတ်စွာ၏ ဆင်းတုတော်ကို အနီးအပါး၌ ပူဇော်၍ ဗုဒ္ဓမြတ်စွာကို အမြဲ သတိရအောင် ကြိုးစားတော်မူပါသည်တဲ့။ မိမိအထံ နည်းခံဖို့လာသော ရဟန်းတော်များကိုလည်း ကျောင်းတိုက်အပြင်ဇရပ်၌ နေစေပြီး အကျင့်စာရိတ္တကို ကျေနပ်တော်မူမှ ကျောင်းတိုက်အတွင်း၌ နေခွင့် ပေးတော်မူသည်တဲ့။ ဤမျှလောက် သာသနာတော် သန့်ရှင်းရေးကို အလေးပေး တော်မူပါသည်။

လင်းလွန်းခင်စာပေ

## ရွှေကျင်ဆရာတော်

ထိုဆရာတော်ကြီးမှ နည်းရတော်မူသော ရွှေကျင်ဆရာတော် ဘုရားကြီးသည် ရဟန်းငယ်ဘ၀ ၁၂ ဝါလောက်အချိန်က သစ်ဆိမ့်ကြီးရွာ၊ ရွှေပိန်းကြီး ဘုရားတိုက်အတွင်း၌ ရွှေသာလျောင်းရုပ်ပွားတော်ကို ဖူးမြော်နေစဉ် သက်တော်ထင်ရှားမြတ်ဘုရား ထင်မြင်လာသောကြောင့် ဝမ်းနည်းလွမ်းဆွတ်သလို ဖြစ်ကာ မျက်ရည်ကျသဖြင့် သက်တော်ထင်ရှား မြတ်ဘုရားကို နှိပ်နယ်သလို နှိပ်နယ်၍ ဝတ်ပြုခဲ့ပါသတဲ့။ ထိုမျှလောက် ကြည်ညိုသောကြောင့် ဗုဒ္ဓမြတ်စွာကို ကျေးဇူးဆပ်သောအားဖြင့် သာသနာတော်ကိုလည်း သန့်ရှင်းသည်ထက် သန့်ရှင်းအောင် ကြိုးစားတော်မူခဲ့ပါသည်။

## ရွှေကျင်ဆရာတော်ကြီးနှင့် မိဖုရားကြီး

မယ်တော် ဆင်ဖြူမရှင်မိဖုရားကြီးသည် ရွှေကျင်ဆရာတော်ဘုရားကြီးကို အထူးကြည်ညိုဟန်တူပါသည်။ ထို့ကြောင့် သီပေါမင်း ပါတော်မူမည့်နှစ်ဖြစ်သော ၁၂၄၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်နေ့၌ မင်းကွန်း ငွေတောင်တောရဝယ် သီတင်းသုံးတော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီး အထံသို့ နောက်ပါလူတစ်ယောက်နှင့်တကွ 'ငရွှန်း' အမည်ရှိသော မင်းခယောကျ်ားတစ်ယောက်ကို ပိတ်သက်န်းစသော လှူဖွယ်ဝတ္ထုများကို လှူဒါန်းဖို့ရန် စေလွှတ်၍ ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုလည်း မှတ်သားခဲ့ဖို့ရန် မှာလိုက်လေသည်။ ထိုဒါယကာ လာ၍ အကျိုးအကြောင်းကို လျှောက်ထားသောအခါ အောက်ပါ ဩဝါဒကို မိန့်တော်မူပါသည်။

## ဆရာတော်၏ ဩဝါဒ

'ယခုလို အိုမင်းမစွမ်းအရွယ်သို့ ရောက်လာသော ဒါယိကာမကြီးမှာ ဤဘ၀အတွက် စားရန်၊ ဝတ်ရန်၊ အိပ်နေရန်များ၌ စိတ်ဆင်းရဲဖွယ် မရှိ၊ နောက်ဘ၀အတွက်သာ စိစစ်ဖို့ရန် လိုတော့သည်။ နောက်ဘ၀အတွက်သာ သေလမ်းကောင်းအောင် အထူးပြုပြင်ချိန် တန်ပြီ။ ထို့ကြောင့် တရားစာလည်းရ၊ ဘုရားရှိခိုးလည်း ရသော ဗုဒ္ဓပဏာမ ဘုရားရှိခိုးသုံးဂါထာကို

နှုတ်တက်ရအောင် ကျက်၍ နေ့စဉ်မပြတ် ဘုရားကို အာရုံပြုရမည်' ဟု ဩဝါဒစကားကို ရေးသားပြီးလျှင် ဗုဒ္ဓါနုဿတိဘာဝနာ ဖြစ်သော ဝိစိတြဝန္နနာကျမ်း၌ပါသော ပဏာမသုံးဂါထာကို ရေးပေးတော်မူပါသည်တဲ့။ (ထိုဂါထာများသည် ထိုဘုရားရှိခိုးစာအုပ်၌ လည်းကောင်း၊ ရှေးရိုက် ရတနာ့ဂုဏ်ရည်၌ လည်းကောင်း ပါသည်။)

## ပရဟိတဝန်ဆောင်များ

ဗုဒ္ဓမြတ်စွာသည် ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တော်မှ စ၍ သူတစ်ပါး၏ စီးပွားချမ်းသာကို ဆောင်တော်မူလိုသောကြောင့် ဗုဒ္ဓဖြစ်အောင် ကြိုးစားတော်မူခဲ့သည်။ ကြိုးစားသည့်အားလျော်စွာ ဗုဒ္ဓဖြစ်တော်မူသောအခါ ၄၅ ဝါတိုင်အောင် လူနတ်ဗြဟ္မာ သတ္တဝါအများ၏ စီးပွားချမ်းသာကို ဆောင်တော်မူ၏။ ထိုသို့ ဆောင်တော်မူသောကြောင့် ယခုတိုင်အောင် သူတော်ကောင်းအဆက်ဆက် မကုန်ပျက်သေးဘဲ ဗုဒ္ဓသာသနာတော်ဝယ် ဆရာအဖြစ်၊ ဒကာအဖြစ် ထင်ရှားကာ အနာဂတ်၌ ကျွတ်တမ်းဝင်ဖို့ ရှေးရှုကြသော ပရဟိတဝန်ဆောင်စစ်စစ် သာသနာပြုများ ဖြစ်နေကြပါသည်။

## ခရစ်တော်နှင့်စပ်၍ မှတ်ဖွယ်

ဗုဒ္ဓါနုဿတိဘာဝနာကို ကောင်းစွာ ပွားများသော ပုဂ္ဂိုလ်သည် ဗုဒ္ဓမြတ်စွာကို ပါရမီဖြည့်စဉ်က စ၍ ကြည်ညိုလှသောကြောင့် ဗုဒ္ဓမြတ်စွာ၏ နုစဉ်အခါကဲ့သို့ ပရဟိတဝန်ဆောင်နေသော ပုဂ္ဂိုလ်များကို မြင်ရ၊ ကြားရသောအခါ ရဟန်းသံဃာဖြစ်လျှင် ဂိုဏ်းဂဏမရွေးဘဲ လေးစားသော စိတ်ဖြစ်နိုင်၏။ လူဝတ်ကြောင်ဖြစ်လျှင်လည်း အမျိုးဘာသာမရွေး၊ ပုဂ္ဂိုလ်မရွေးဘဲ လေးစားကြည်ညိုနိုင်ပါသည်။ ထို့ကြောင့် မိမိသည် များစွာသော လူတို့အပေါ်၌ မေတ္တာတရား၊ ကရုဏာတရား၊ သစ္စာတရား၊ ခန္တီတရားတို့ကို ပွါးနိုင်အောင် ဩဝါဒပေးနိုင်၍ မိမိကိုယ်ကိုယ် အနစ်နာခံသွားသော ခရစ်တော်ကို နှစ်နှစ်ကာကာ လေးစားသောကြောင့် ခရစ်တော်၏ သာဝကများနှင့် ဆက်ဆံရာ၌ လွန်စွာ ပြေပြစ်ပါသည်။

## သာသနာပိုင်နှင့် တွေ့ရပုံ

အတော်ကြာသောအခါတွင်မှ မိမိအထံသို့ အဝတ်အစား ထူးခြားသော ပုဂ္ဂိုလ်တစ်ဦး ရောက်လာပါသည်။ နောက်ပါပုဂ္ဂိုလ်တို့က 'မြန်မာလူမျိုးဖြစ်သော ခရစ်ယာန်သာသနာပိုင်ပါ' ဟု ပြောသောကြောင့် 'အား… ဒီလိုဆိုလျှင် ဟိုဘက်နားမှာ ရှိသော ကုလားထိုင်ကို ယူပါ' ဟု နောက်ပါလူများကို ပြော၍ မိမိထိုင်နေသော ကုလားထိုင်မျိုး၌ ထိုင်စေပါသည်။ (နောက်ပါလူများသည် 'ဂိုဏ်းအုပ် ဂိုဏ်းထောက်များ' ဟု နောက်မှ သိရပါသည်။) သူတို့သာသနာပိုင်ကို မိမိက အရေးပေးပုံကို ကြည့်၍ အားလုံးက ပီတိဖြစ်နေကြဟန်တူပါသည်။ မိမိအထံသို့ လာရခြင်းမှာ ဆရာကြီးဦးဖေမောင်တင်က 'မြန်မာဘုန်းတော်ကြီးများနှင့် ရင်းနှီးလိုလျှင် (မိမိ၏ အကြောင်းကို ပြောပြ၍) မန္တလေးရောက်တဲ့အခါ အဲဒီဘုန်းကြီးအထံ ဝင်ကြပါ' ဟု ညွှန်ပြသောကြောင့် ဝင်လာရကြောင်းကို သိရပါသည်။ ထို့နောက် ကျောင်းတိုက်ကို လှည့်ပတ်ကြည့်ရှု၍ ကျောင်းတိုက်၏ သာယာပုံကို ချီးကျူးကာ အတော်ကြာကြာ နေပြီးမှ ပြန်ကြပါသည်။

## ဦးဖေမောင်တင်

ဆရာကြီးသည် တစ်နေ့သ၌ (ယခုအခါ မြန်မာစာပါမောက္ခ ဖြစ်နေသော) ဆရာဦးတင်အေးအိမ်သို့ သွားရာ မိမိ ဟောအပ်သော တရားတိပ်ခွေကို နာနေခိုက်နှင့် ကြုံကြိုက်ပါသည်တဲ့။ ထိုတရားသည် အနတ္တလက္ခဏာနှင့်ဆိုင်သော တရားဖြစ်ဟန်တူ၏။ ဆရာကြီး ရောက်လာသောအခါ ဦးတင်အေးတို့က တရားတိပ်ခွေကို ရပ်ဖို့ပြုလုပ်စဉ် ဆရာကြီးက မရပ်ပါနှင့်ဟု တား၍ ထိုတရားကို နာယူနေပါသည်တဲ့။

## မိမိထံ လာခြင်း

ဆရာကြီးသည် မန္တလေးသို့ ရောက်သောအခါ တပည့်များကို မိမိထံသို့ အပို့ခိုင်း၍ တက္ကသိုလ်မှ တပည့်များနှင့်အတူ ရောက်လာပါသည်။ ရောက်လျှင်ရောက်ချင်းပင် 'အမေရိကသို့ တရားဟောဖို့ရန် သွားစဉ်က

အနတ္တအကြောင်းကို ဝိုင်း၍ မေးကြပါသည်။ မိမိသည် ကျေနပ်အောင် မဖြေနိုင်ခဲ့ပါ' ဟု စကားချီ၍ အနတ္တအကြောင်းကို မေးပါသည်။ မိမိလည်း ရှင်းပြလိုက်ပါသည်။

## နောက်တစ်ကြိမ်

ဆရာကြီးသည် တစ်နှစ်ခြားပြီးနောက် မန္တလေးသို့ ရောက်လာပြန်၏။ ထိုအကြိမ်၌လည်း အနတ္တအကြောင်းကိုပင် ဆွေးနွေးပါသည်။ ထိုသို့ ဆွေးနွေးနေစဉ် နေ့လယ် လက်ဖက်ရည်သောက်ချိန်ကျ၍ လက်ဖက်ရည် သောက်ဖို့ လာခေါ်သောအခါ 'ဆရာတော်နှင့် ဆွေးနွေးရတာ စကားပြတ်ရှေ့မယ်၊ ငါ့ဖို့ ဒီယူခဲ့ကြ' ဟု ပြော၍ လက်ဖက်ရည်သောက်ရင်း ဆွေးနွေးမှု အပြတ်မခံခဲ့ပါ။ ထိုတစ်ခေါက်၌ကား ရင်းနှီးပြီး ဖြစ်သောကြောင့် အနတ္တ လက္ခဏာကို ဆရာကြီး ကျေနပ်သည်အထိ ဆွေးနွေးသွားပါသည်။ ဤမျှ လောက်ပင် မိမိကို ယုံကြည်သောကြောင့် ခရစ်ယာန်သာသနာပိုင်ကြီးကို မန္တလေးရောက်သောအခါ မိမိအထံဝင်ဖို့ ညွှန်ကြားဟန်တူပါသည်။

## ခရစ်ယာန်ဘာသာဝင်များ စည်းကမ်းရှိပုံ

ခရစ်တော်၏ အယူဝါဒကို လိုက်နာကြသော ဘာသာဝင်တို့သည် များသောအားဖြင့် အရာရာ၌ စည်းကမ်းရှိကြ၏။ အိမ်တွင်းနေထိုင်ပုံ၊ မိမိတို့ အချင်းချင်း ပေါင်းသင်းဆက်ဆံပုံ၊ သွားလာဝတ်စားပုံ၊ ဘုရားကျောင်း၌ ဝတ်ပြုပုံ၊ ဆိုင်ရာတာဝန်ကို ဆောင်ကြပုံ၊ ရှေးခေတ်က တပည့်တို့အား ပညာ သင်ပေးပုံ၊ ကိစ္စအားလျော်စွာ စည်းဝေးကြပုံ၊ နောက်ဆုံး၌ အသုဘ ပို့ဆောင်ပုံ တိုင်အောင် ငွေကုန်မများစေဘဲ ကုန်သမျှလည်း အရာထင်အောင် စည်းကမ်း သေဝပ်ကြပုံကို တွေ့ရ၏။ ထိုထိုအရာ၌ စည်းကမ်း သေဝပ်ကြသောကြောင့် ပင် ဗုဒ္ဓဘာသာဝင်မိဘတို့၏ သားသမီးတချို့လည်း ခရစ်တော်၏ သာဝက အဖြစ်သို့ ရောက်သွားကြလေသည်။

## မိမိလည်း စည်းကမ်းပေးပါ၏

စည်းကမ်းလိုက်နာမှု၊ စည်းကမ်းသေဝပ်မှုသည် မည်မျှ အရေးပါ၍ အရာရောက်ပါသနည်း။ ထို့ကြောင့်ပင် မိမိကျောင်းတိုက်၌ သံဃာများအား ဗုဒ္ဓမြတ်စွာ၏ ကောင်းမြတ်သော စည်းကမ်းကို လိုက်နာကြအောင် နေ့စဉ်နံနက်တိုင်း ဩဝါဒပေးနေရပါသည်။ မိမိ၏ ရင်းနှီးသူ ဒကာ၊ ဒကာမ များကိုလည်း ဘာသာရေးကိစ္စတို့၌ အကုန်အကျ မများအောင်၊ ကုန်ကျသမျှ အကျိုးရှိအောင် စပ်မိတိုင်း ဩဝါဒပေးနေပါသည်။ သို့ပါလျက်လည်း ကြိုးစားသလောက် အထမမြောက်ပါ။

## မကြာမကြာ စဉ်းစားမိခြင်း

'ယခုအချိန်တိုင်အောင် နိုင်ငံအများ၌ ဘာသာဝင်အများ တည်ရှိစေနိုင်သော ခရစ်တော်သည် အဘယ်သို့သော ဩဝါဒများကို ပေးသွားပါသနည်း' ဟု မကြာမကြာ စဉ်းစားမိပါသည်။

ထိုသို့ စဉ်းစားသောအခါ မေတ္တာ၊ ကရုဏာကိုသာ ပဓာနထား၍ ပေးသွားသော ဩဝါဒများကို သိရပါသည်။ 'ထိုကဲ့သို့ လူအများတို့အား ကောင်းမွန်သောဩဝါဒကို ပေးနိုင်သော ခရစ်တော်သည် ငယ်ရွယ်စဉ်က နှစ်ပေါင်းအတော်ကြာအောင် မိမိ နေရပ်မှ ပျောက်ကွယ်နေသည်' ဟုလည်း သိရပါသည်။

'ထိုသို့ ဩဝါဒမှန်များကို ပေးနိုင်သော ခရစ်တော်သည် နောက်ဆုံး၌ မသမာသူအချို့၏ လုပ်ကြံခြင်းကို ခံရရှာသည်' ဟု လည်းကောင်း၊ 'ထိုသို့ လုပ်ကြံခံရရာ လက်ဝါးကပ်တိုင်မှာလည်း ဒေါသမထွက် သည်းခံလျက်သာ ခန္တီမေတ္တာ ဩဝါဒကို ပေးရှာသည်' ဟုလည်းကောင်း သိရပါသည်။

## ပြဿနာသုံးရပ်

'ခရစ်တော်၏ အတ္ထုပ္ပတ္တိဝယ် ပျောက်ကွယ်နေရာ နှစ်ပေါင်း အတော်များစွာ၌ ခရစ်တော်သည် ဘယ်နေရာသို့ ရောက်နေပါသနည်း' ဟူသော ပြဿနာသည် လည်းကောင်း၊ 'ထိုဩဝါဒ တရားမွန်များကို ခရစ်

တော်သည် အဘယ်မှ ရခဲ့ပါသနည်း’ ဟု လည်းကောင်း၊ ‘ထိုဩဝါဒမွန်များကို ပေးစွမ်းနိုင်သော မေတ္တာ၊ ကရုဏာရှင် ခရစ်တော်ကို အဘယ်အကြောင်းကြောင့် အဘယ်ကဲ့သို့သော မနာလိုသူများက ထိုကဲ့သို့ ရက်ရက်စက်စက် ဖျောက်ဖျက်ရပါသနည်း’ ဟုလည်းကောင်း ဤပြဿနာသုံးရပ်သည် မိမိစိတ်မှာ တစ်ခါတစ်ခါ ပေါ်လာပါသည်။

## ပြဿနာပေါ်ရခြင်း၏ အကြောင်း

အဘယ့်ကြောင့် ပြဿနာသုံးရပ်သည် မကြာမကြာ ပေါ်လာရသနည်းဟု မေးလျှင် မိမိလည်း မိမိနိုင်ငံအတွက် ဘာသာမရွေး၊ သာသနာမရွေး၊ ဂိုဏ်းဂဏမရွေး ကောင်းစေလိုသော ဆန္ဒဖြင့် ကြိုးစားနေရာဝယ် မကြာမကြာ မနာလိုသူများကို တွေ့ရ၏။ အနှောင့်အယှက်ကို ခံခဲ့ရ၏၊ ထိုအခါ မိမိနှင့် ရင်းနှီးသူတို့၏ အကူအညီကို လည်းကောင်း၊ မိမိ၏အလုပ်ကို အကောင်းဟု ယူဆကြသော ပုဂ္ဂိုလ်များ၏ နှုတ်ဖြင့်မျှ ကူညီခြင်းကို လည်းကောင်း လုံလောက်အောင် မရသည့်အတွက် ခရစ်တော်၏ ဖြစ်ပုံကို ကိုယ်ချင်းစာမိသောကြောင့် ဖြစ်ပါသည်။

## ပြဿနာသုံးရပ်၏ အဖြေ

ထိုသို့ တစ်ခါတစ်ခါ ပေါ်လာသော ပြဿနာသုံးရပ်၏ အဖြေကို မကြာမီက ဖတ်ရသော ‘ဗုဒ္ဓဝါဒပြဿနာများ’ ဟူသော စာအုပ်၌ တွေ့ရပါသည်။ ထိုစာအုပ်ကား အိန္ဒိယတရားဝန်ကြီးချုပ်ဟောင်း ဒေါက်တာ ဘေကာ အမှူးရှိသော ထိပ်တန်းပရိသတ်ဝယ် ခရစ်ယာန်ဘုန်းတော်ကြီး ဂျေဝစ်ဆလင်အမ်အေ အင်္ဂလိပ်ဘာသာပါမောက္ခက မေး၍ နိုင်ငံခြားသားဖြစ်သော အိန္ဒိယ ဘုံဘိုင်မြို့ ဗုဒ္ဓဝိဟာရကျောင်းနေ အရှင်အရိယဝံ့ (ဘီအေ)က ဖြေဆိုအပ်သော အကြောင်းအရာတို့ကို ဖော်ပြသော ကျမ်းစာအုပ် ဖြစ်ပါသည်။ ထိုပြဿနာသုံးရပ်၏ အဖြေကို မေးခွန်းအမှတ် ၁၂ ၌ တွေ့ရပါသည်။

## အရှင်အရိယဓမ္မ

'အရှင်အရိယဓမ္မ' ဆိုသောပုဂ္ဂိုလ်သည် သူကိုယ်တိုင် ခရစ်ယာန်အယူကို ယူပြီးမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသော ခေတ်ပညာတတ်ပုဂ္ဂိုလ်ဖြစ်ရုံသာမက ကမ္ဘာပေါ်၌ရှိသော ဘာသာအယူဝါဒပေါင်း ၂၉ မျိုးကို ၂၂ နှစ်ကျော် လေ့လာပြီး ပုဂ္ဂိုလ်လည်း ဖြစ်သည်။ အမေရိကသို့ ဘာသာရေးတရားဟောဖို့ကြွ၍ ထိုအမေရိကမှာပင် ပျံလွန်တော်မူပါသည်။

ထိုအမေးအဖြေများသည် မူလက အင်္ဂလိပ်လို ရှိသော်လည်း ဦးကိုကိုကြီး (တောင်တွင်းကြီး)က မြန်မာပြန်၍ ရန်ကုန်မှ ဦးတင်မောင်က ရိုက်နှိပ်ဖြန့်ချိသောကြောင့် ဘုန်းကြီးတို့ ကြည့်ရှုခွင့်ရသည့်အတွက် ကျေးဇူးတင်ပါသည်။

## ခရစ်တော်၏ ၁၂ နှစ်အရွယ်

ထူးခြားသော လူတို့ဝယ် ငယ်ငယ်ကတည်းက အသိဉာဏ် ပါလာတတ်၏။ ထိုအသိဉာဏ်ကြောင့် လူအများကဲ့သို့ နမော်နမဲ့ မနေတတ်၊ ပြောတိုင်းလည်း မယုံတတ်ဘဲ အရာရာ၌ စဉ်းစားတတ်၏။ မိမိ မသိသောအရာကို မေးချင် မြန်းချင်တတ်၏။ လူအများ၏အလုပ်ကို ဝေဖန်နိုင်၏။ ဤကား ဉာဏ်ထူးပါသူ လူအချို့၏ ထုံးစံပင်တည်း။ ခရစ်တော်၏ အလောင်းအလျာဖြစ်သော သူငယ်သည် တစ်ဆယ့်နှစ်နှစ်အရွယ်သို့ ရောက်သောအခါ ရေဟူဒီလူမျိုးတို့၏ထုံးစံအရ ဇေရုဆလင်ရှိ ပွဲတော်အတွင်းဝယ် ရေဟူဒီဘုန်းတော်ကြီးကျောင်းသို့ အဘိုးဖြစ်သူနှင့်အတူ လိုက်သွားလေသည်။

ထိုကျောင်း၌ ရေဟူဒီဆရာတော်များသည် ထာဝရဘုရားသခင်၏ ဖန်ဆင်းခြင်း စသော တရားတို့ကို ဆွေးနွေးကြ၏၊ ထိုအခါ ခရစ်တော်အလောင်း သူငယ်သည် ထိုဘုန်းတော်ကြီးများထံ မေးမြန်းခွင့်တောင်းရာ သူ့အဘိုး၏ အရိုန်အဝါကြောင့် မေးမြန်းခွင့်ရလေသည်။

## ဖန်ဆင်းပုံကို မေးခြင်း

ထာဝရဘုရားသခင်ကိုပင် 'ယေဟိုးဝါ' ဟု သုံးစွဲထားသည်။ ယေ

ဟိုးဝါသည် အချို့ကို လူချမ်းသာ၊ အချို့ကို လူဆင်းရဲ၊ အချို့ကို ပညာရှိ၊ အချို့ကို ပညာမဲ့၊ အချို့ကို လူကောင်း၊ အချို့ကို လူယုတ်မာ၊ အချို့ကို လူချောလှလှ၊ အချို့ကို အရုပ်ဆိုး၊ အကျည်းတန်၊ အချို့ကို အသက်ရှည်၊ အချို့ကို အသက်တို၊ အချို့ကို မျက်စိကောင်း၊ အချို့ကို မျက်မမြင်၊ အချို့ကို အားအင်ပြည့်၊ အချို့ကို အားအင်နည်း၊ အချို့ကို ကျန်းကျန်းမာမာ၊ အချို့ကို ရောဂါသည်၊ ဤသို့ စသည်ဖြင့် လူချင်းမတူအောင် အဘယ့်ကြောင့် ဖန်ဆင်းပါသနည်း။

## ဘုန်းတော်ကြီးများ

ကလေး၏ အမေးကို ကြားရသော ရေဟူဒီဘုန်းတော်ကြီးများသည် မဖြေနိုင်။ ပရိသတ်အားလုံးလည်း အံ့အားသင့်သွားကြသည်။ ထို့ကြောင့် ဘုန်းတော်ကြီးများက ထိုအဖြေကို 'ထာဝရဘုရားသခင် ယေဟိုးဝါသာလျှင် သိနိုင်စရာ ရှိပါသည်' ဟု ပြောကြလေသည်။

## နောက်ထပ် မေးဖြေပုံ

'ယေဟိုးဝါသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဟူ၍ သုံးပါးသော ကာလကို သိပါလျက် အဘယ့်ကြောင့် ငရဲဘုံကို ဖန်ဆင်းခဲ့ပါသနည်း' ဟု ထပ်မံမေးသောအခါ 'ယုတ်မာညစ်ညမ်းသူတို့ကို အပြစ်ပေးဖို့ရန် ယေဟိုးဝါသည် ငရဲဘုံကို ဖန်ဆင်းခဲ့သည်' ဟု ဖြေကြသည်။

## ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ခြင်း

'ယေဟိုးဝါသည် သူ၏ ဖန်ဆင်းမှုဆိုင်ရာ အနာဂတ်ကာလ၏ သဘောကို ကြိုတင်၍ သိပါလျက် ဘာ့ကြောင့် ယုတ်မာညစ်ညမ်း ဆိုးသွမ်းမည့်သူတို့ကို ဖန်းဆင်းလိုက်ပါသနည်း' ဟု ထပ်၍ မေးသောအခါ ရေဟူဒီဘုန်းတော်ကြီးများသည် မည်သို့မျှ မဖြေနိုင်ကြတော့ဘဲ ထိုမျှလောက် စဉ်းစားဉာဏ် ကြီးမားနေသော သူငယ်ကို ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ကြလေသည်။

## အဖြေမှန်ရအောင် ကြိုးစားခြင်း

ခရစ်တော်ဖြစ်မည့် ထိုသူငယ်သည် ကြီးကျယ်သော ဂိုဏ်းချုပ်ရာထူးကို ရသော်လည်း ထိုရာထူးဖြင့် တင်းတိမ်အားရမနေဘဲ မိမိမေးအပ်သော ပြဿနာတို့၏ အဖြေမှန်ကို ရှာကြံမည်ဟု သန္နိဋ္ဌာန်ချလိုက်၏။ ထို့နောက် ဘုရားရှိခိုးကျောင်းမှ ထွက်ခဲ့၍ မြို့တော်မှ ထွက်လာပြီးလျှင် ငါးမိုင်ခြောက်မိုင်ကျော်ခန့် လျှောက်မိသောအခါ ခရီးသွားကုန်သည်တစ်စုနှင့် တွေ့၍ တိုင်းတစ်ပါးမှလာသော ကုန်သည်များဟု သတိပြုမိ၏။ ထို့ကြောင့် ခေါင်းဆောင်ကုန်သည်ကြီးထံ ချဉ်းကပ်၍ 'မည်သည့်တိုင်းပြည်မှ မည်သည့်ကိစ္စဖြင့် လာကြပါသနည်း' ဟု မေးမြန်းလေသည်။

## တိဗက်ပြည်မှ ကုန်သည်များ

ထိုအခါ ခေါင်းဆောင်က တိဗက်ပြည်မှ ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်မှ သားရေဦးချိုများကို ဂျေရုဆလင်မြို့မှ ရွှေငွေ ကျောက်သံပတ္တမြား၊ အခြားအဖိုးတန် ဆေးဝါးများဖြင့် လဲလှယ်ယူဖို့ရန် လာကြကြောင်းကို ပြောပြလေသည်။ ထိုခေါင်းဆောင်နှင့် စပ်မိစပ်ရာစကားများကို ပြောရင်းပင် ခေါင်းဆောင်၏ စိတ်နေစိတ်ထား ဗဟုသုတများကို သဘောကျသောကြောင့် 'လောက၌ လူအချို့က ဆင်းရဲ၊ လူအချို့က ချမ်းသာ၊ လူအချို့က အဆင်းလှ၊ လူအချို့က အရုပ်ဆိုး၊ ဤသို့ စသည်ဖြင့် ကွဲပြားကြခြင်း၏အကြောင်း' ကို ရေဟူဒီဘုန်းကြီးများအား ပထမဆုံး မေးအပ်သည့်အတိုင်း မေးလေသည်။

## ခေါင်းဆောင်၏ အဖြေ

အို… ချစ်စရာကောင်းသော သူငယ်၊ ဤသို့ လူတစ်ယောက်နှင့် တစ်ယောက်တို့ မတူကြခြင်း၏အကြောင်းမှာ ရှေးရှေးဘဝတို့က ပြုခဲ့သော ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံချင်း မတူကြခြင်းပင် ဖြစ်ပါသည်။ (ဤတရားတော်သည် ဥပရိပဏ္ဏာသ၊ ကမ္မဝိဘင်္ဂဝဂ္ဂ၊ စူဠကမ္မဝိဘင်္ဂသုတ်၌ ပါ၏။) ထိုအဖြေကို ကြားရသောအခါ 'မိမိပြုအပ်သော ကံ၏ အကျိုးကို မိမိပင် ရသည်' ဟု သဘောပေါက်သွားဟန်တူ၏။

ထို့ကြောင့် ခေါင်းဆောင်ဖြစ်သူအား ‘မည်သူ ဟောကြားအပ်သည့် တရားတို့ကို လိုက်နာပါသနည်း’ ဟု မေးလေသည်။

## ဗုဒ္ဓအကြောင်းကို ကြားရခြင်း

အို- ချစ်ဖွယ်ကောင်းသော သူငယ်··· ကျွန်ုပ်သည် ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော တရားတော်ကို လိုက်နာကျင့်သုံးသူ ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသည် အလုံးစုံကို အကုန်သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်၏ အရှင် ဖြစ်ပါသည်။ ထိုဉာဏ်တော်ဖြင့် ကြောင်းကျိုးဆက်စပ်သော သစ္စာလေးပါးတရား၊ ပဋိစ္စသမုပ္ပာဒ်တရား စသော တရားတော်များကို ဟောတော်မူခဲ့သည်။

ဤသို့ ဗုဒ္ဓအကြောင်းကို ကြားရသောအခါ ထိုတရားတော်ကို သိလိုလှသောကြောင့် ‘မိမိကို တိဗက်ပြည်သို့ ခေါ်ဆောင်၍ ဆရာတော်ကြီး တစ်ပါးအထံ အပ်နှံပေးဖို့ရန်’ တောင်းပန်လေသည်။ ထိုအခါ သူငယ်က အုပ်ထိန်းသူ မကင်းသေးသောအရွယ် ဖြစ်၍ အလွန်ငယ်သောကြောင့် မိဘတို့က ကျေကျေနပ်နပ် မအပ်နှံဘဲ ခေါ်၍ မသွားနိုင်ကြောင်းကို ငြင်းပယ်လေသည်။

## ခေါ်သွားဖို့ရန် သဘောတူရခြင်း

အို- ကုန်သည်ခေါင်းဆောင်ကြီး··· ကျွန်ုပ်သည် အသက်အရွယ် ငယ်သော်လည်း အသိဉာဏ်အားဖြင့် မနုနယ်ပါ။ ရာထူးဌာနန္တရအားဖြင့် မြင့်မားသူ ဖြစ်ပါသည်။ ကျွန်ုပ်၏ ခံ့ညားထည်ဝါသော ဝတ်စုံနှင့် ဤအထိမ်းအမှတ်လက်စွပ်ကို ကြည့်ပါ။ ကျွန်ုပ်သည် ‘ရာထူးနှင့် ထိုက်တန်၍ မှန်ကန်သောတရားကို မတွေ့တွေ့အောင် ရှာမည်’ ဟူသော သန္နိဋ္ဌာန်ဖြင့် ကျွန်ုပ်၏ ကျောင်းကို စွန့်ခွာခဲ့သူ ဖြစ်ပါသည်။ ကျွန်ုပ်သည် အသင်နှင့် တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ၊ ခေါ်သွားသည်ဖြစ်စေ၊ ခေါ်မသွားသည် ဖြစ်စေ အမှန်တရားကို ရှာဖို့ရန် ဤမြို့၊ ဤဒေသမှ အမှန်မုချ ထွက်ခွာရမည် ဖြစ်ပါသည်။

ဤသို့ ပြောသောအခါ သူငယ်၏ ပြင်းထန်သော ဆုံးဖြတ်ချက်ကို

ကြားရသော ကုန်သည်ခေါင်းဆောင်ကြီးသည် တိဗက်ပြည်သို့ ခေါ်သွားဖို့ရန် နှင့် ဆရာတော်ကြီးတစ်ပါးထံ အပ်နှံပေးဖို့ရန် သဘောတူလေသည်။

## တိဗက်ပြည်သို့ လိုက်ရခြင်း

ကုန်သည်တို့သည် ထိုနေ့၌ပင် တိဗက်ပြည်သို့ ပြန်ကြရန် စီစဉ်ပြီး ဖြစ်သောကြောင့် သူငယ်သည် ချက်ချင်းပင် ထိုကုန်သည်တို့နှင့်အတူ တိဗက် ပြည်သို့ လိုက်သွားခွင့်ရ၏။ လေးလကြာမျှ အလွန်ပြင်းပြင်းထန်ထန် ခရီး သွားရပြီးနောက် တိဗက်ပြည်သို့ ရောက်၍ တောင်ပိုင်း မွန်ဆရာတော်ကြီး အရှင် အရိယပုတ္တမထေရ်၏ အထံ၌ အပ်နှံလေရာ ဆရာတော်ကြီးသည် အစမ်းသဘောအားဖြင့် လက်ခံတော်မူ၍ ပညာသင်ပေးတော်မူ၏။ ခြောက်လ ကြာသောအခါ ဆရာတော်သည် သူငယ်၏ ထက်သန်သောဆန္ဒကို သိတော်မူ သောကြောင့် သံဃာ ၃၀ ကျော်နှင့် အလွန် ကြီးမားသော ပရိသတ်အလယ်မှာ သာမဏေအဖြစ်ဖြင့် ချီးမြှောက်၍ 'ဇိဝကီရိတ' ဟူသော ဘွဲ့နာမည်ကို ပေးလေသည်။ (ထိုနာမည်ကို ဟောဗြဲ ဘာသာအားဖြင့် 'ယေရှုခရစ်' ဟု ခေါ်ပါသတဲ့။ ပါဠိစကားအလိုအားဖြင့် 'ဇိဝ- အသက်ရှိသော + ကီရိတ- မကိုဋ်သရဖူ' ဟု ဖြစ်၏။)

## ရဟန်းဖြစ်၍ အားထုတ်ခြင်း

သာမဏေ ဇိဝကီရိတသည် ခုနစ်နှစ်နှင့် ခြောက်လတိုင်တိုင် သာ မဏေများ ကျင့်ရသော သိက္ခာကို ကျကျနန ထိန်းသိမ်းခဲ့သောကြောင့် အသက် ၂၀ အရွယ်သို့ ရောက်သောအခါ ဘိက္ခု(ရဟန်း)အဖြစ် ရောက်အောင် ဆရာတော်ကြီးက ချီးမြှောက်တော်မူသည်။ ရဟန်းတော် ဇိဝကီရိတသည် ဗုဒ္ဓတရားတော်ကို အလွန်နှစ်သက်သောကြောင့် တစ်ချိန်၌ တရားတော်များ ကို သင်ယူလေ့ကျင့်၍ တစ်ချိန်၌ သမထကမ္မဋ္ဌာန်းကို အားထုတ်လေရာ ပိဋကတ တရားကျမ်းစာတို့ကိုလည်း တတ်မြောက်၍ ဈာန်အဘိညာဉ်ကိုလည်း ပေါက်ရောက်ပါသည်တဲ့။ ဆရာဖြစ်သော ဆရာတော်ကြီးကလည်း ဈာန် အဘိညာဉ်ရသော ရဟန္တာတစ်ပါး ဖြစ်သောကြောင့် ရဟန်းတော်ဇိဝကီရိတ ၏ အနာဂတ်အရေးကို တွေးတော်မူပြီး ဖြစ်သည်။

## ပြန်ဖို့ရန် ခွင့်မပြုလို

ရဟန်းတော် အရှင်ဇီဝကီရိတသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို ကိုယ်တိုင်သိရသောအခါ မိမိ၏ ဆွေမျိုးသားချင်းဖြစ်ကြသော ရေဟူဒီ (ဣသရေလ)လူမျိုးတို့အား သူသိသလို သိစေချင်သော ဆန္ဒသည် အလွန်ပြင်းပြနေ၏။ ထို့ကြောင့် ရဟန်းဖြစ်၍ ဆယ်နှစ်လောက် ကြာသောအခါ (ရဟန်းဆယ်ဝါ ရသောအခါ) သူ၏ မွေးဖွားရာနိုင်ငံသို့ ပြန်၍ ဗုဒ္ဓတရားတော်များကို ဟောလိုပါကြောင်း ဆရာတော်ထံ ခွင့်တောင်းလေသည်။ သို့သော် ဆရာတော်သည် သူ၏ အနာဂတ်အရေးကို တွေးပြီး ဖြစ်၍ သူထင်သလို သူ့လူမျိုးတို့က လိုက်နာကြမည် မဟုတ်သည့်အပြင် အချို့က သူ့ကိုပင် ဘေးရန်ပြုကြမည့် အကြောင်းကို ကြိုတင်၍ မြင်ထားသောကြောင့် ပထမအကြိမ် ခွင့်တောင်းသောအခါ ပြန်ခွင့် မပြုချေ။

## ဩဝါဒ ခုနစ်ချက်ကို ညွှန်ပြ၍ ပြန်ခွင့်ပြုရခြင်း

ပထမတစ်ကြိမ် ခွင့်မပြုသော်လည်း ရဟန်းတော် ဇီဝကီရိတသည် သူ၏ သားချင်းဆွေမျိုးတို့အား သူ သိအပ်သော တရားမှန်ကို ဟောပြလိုသော ဆန္ဒ၏ ပြင်းပြမှုကြောင့် အကြိမ်ကြိမ်ခွင့်တောင်းလေရာ အောက်ပါ ဩဝါဒ ခုနစ်ချက်ကို ညွှန်ပြ၍ 'ထိုအတိုင်း လိုက်နာလျှင် သွားခွင့်ပြုမည်' ဟု အမိန့်ရှိကာ ဩဝါဒခုနစ်ချက်ကို ပြောပြလေသည်။

၁။ အကယ်၍ ရေဟူဒီလူမျိုးများ၊ သို့မဟုတ် ဣသရေလလူမျိုးများက တံတွေးများ ထွေး၍ ဖြစ်စေ၊ ခဲများဖြင့် ပေါက်၍ ဖြစ်စေ၊ ဆဲရေး၍ ဖြစ်စေ အသင့်ကို ဆန့်ကျင်ဘက်ပြုအံ့။ ဤသို့ ပြုသည့်တိုင်အောင် အသင်က ဈာန်အဘိညာဉ်တန်ခိုးကို အသုံးပြု၍ မတုံ့ပြန်ပါနှင့်။

၂။ အကယ်၍ တစ်စုံတစ်ယောက်က မဟုတ်မမှန် လုပ်ကြံ၍ စွပ်စွဲအံ့၊ အသင်က ပကတိ တည်ငြိမ်သောသဘောဖြင့် သည်းခံရမည်။

၃။ အကယ်၍ တစ်စုံတစ်ယောက်က အသင်၏ မျက်မှောက်မှာပင် ဗုဒ္ဓမြတ်စွာကို ဖြစ်စေ၊ တရားတော်ကို ဖြစ်စေ၊ ဗုဒ္ဓမြတ်စွာ၏ အရိယာဖြစ်ပြီးသော သာဝက သံဃာတော်ကို ဖြစ်စေ မတရားသဖြင့် ပြောဆိုစွပ်စွဲသည်

ဖြစ်အံ့။ နည်းပရိယာယ်ကို သုံးလျက် သူတို့ အမှန်သိအောင် ပြောဆိုညွှန်ပြရမည်။ ဘာကြောင့်နည်း…၊ သူတို့သည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာအစစ်၏ အကြောင်းကို ကောင်းကောင်းမသိကြ၍ ပြောဆိုပြုမူကြသည့်အတွက် သူတို့ကို အပြစ်မှ ခွင့်လွှတ်ရမည် ဖြစ်သောကြောင့်တည်း။

၄။ အကယ်၍ တစ်စုံတစ်ယောက်က အမှားကိုပင် အမှန်ထင်နေသည်ဖြစ်အံ့။ နားလည်လာသည့် တိုင်အောင် ဥပမာ ပုံဆောင်၍ ထိုသူအား ရှင်းလင်းဟောပြောရမည်။

၅။ မည်သည့်အကြောင်းကြောင့် ဖြစ်စေ သင့်ကို ဆန့်ကျင်ဘက်ပြုလုပ်နေသော ရန်သူအား မုန်းတီးခြင်း၊ ဒေါသထွက်ခြင်း စသော လက္ခဏာကို အရိပ်အမြွက်မျှ မပြပါနှင့်။

၆။ အသင်သည် အခါမလပ် မမေ့မလျော့သော စိတ်ဓာတ်ဖြင့် မေတ္တာ၊ ကရုဏာ ကမ္မဋ္ဌာန်းကို ပွားများလျက် ကမ္ဘာလောကတစ်ဝန်းလုံးကို အသင်၏မေတ္တာ၊ ကရုဏာတို့ဖြင့် လွှမ်းဖုံးနိုင်ပါစေ။

၇။ တစ်စုံတစ်ယောက်က ဖြစ်စေ၊ လူတစ်စုက ဖြစ်စေ သင့်ကို ရိုက်နှက်သတ်ဖြတ်စေကာမူ အသိတရား ကင်းမဲ့သူတို့အပေါ်ဝယ် မေတ္တာ ကရုဏာ ပွားများကာ ဗုဒ္ဓမြတ်စွာ၏ ခန္တီဂုဏ်တော်ကို အောက်မေ့လျက် သေသည့်အချိန်အထိ သည်းခံပါလေ။ (ခရစ်တော်၌ ဖြစ်မည့် အန္တရာယ်ကို မြင်၍ ဤဩဝါဒများကို ပေးလိုက်ဟန်တူပါသည်။)

## နောက်ဆုံးဩဝါဒ ပေးခြင်း

'ငါ့ရှင် ဓိဝကီရိတ… အသင်သည် ရေဟူဒီလူမျိုးများကို မည်သည့်နည်းနှင့်မျှ မပြုပြင်၊ မပြောင်းလွဲနိုင်' ဟု အမှန်ကို သိပါသော်လည်း ပြန်ခွင့်ပေးရချေတော့မည်။ အသင်သည် ဣသရေလလူမျိုးများကို မပြုပြင်နိုင်သော်လည်း သင် ကွယ်လွန်ပြီးသောအခါ သူတို့သည် သင် ဟောပြောအပ်သောတရားထဲမှ ချစ်ခင်မှုမေတ္တာ၊ သနားကြင်နာမှုကရုဏာ၊ အချင်းချင်း လေးစားမှု၊ သည်းခံမှုခန္တီ၊ အပြစ်မှ ခွင့်လွှတ်မှု၊ ကြိုးစားအားထုတ်မှု ဤခုနစ်ခု စသော တရားများကိုသာ လိုက်နာ၍ သင်၏နာမည်ဖြင့် ဘာသာအယူဝါဒ

တစ်ရပ်ကို ထူထောင်ကြလိမ့်မည်’ ဟု မိန့်တော်မူလေသည်။ အရှင်ဇီဝကီရိတာသည်လည်း ‘ဆရာတော်၏ ဩဝါဒများကို သေသည့်အခါထိ လိုက်နာပါမည်’ ဟု ကတိပြုကာ မိမိနေရာဌာနသို့ ပြန်လာခဲ့လေသည်။

## အတ္တပ္ပတ္တိရေး၍ ကျေးဇူးဆပ်ခဲ့ခြင်း

အရှင်ဇီဝကီရိတာ မည်သော ခရစ်တော်သည် မိမိကိုယ်တိုင် တစ်ဆယ့်ရှစ်နှစ်အတွင်း တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို စာရွက်ပေါင်း (၁၀၀) ပေါ်၌ မှတ်တမ်းတင်ပြီးလျှင် ကြိုးဖြင့် ကျကျနန ဖွဲ့ချည်၍ သူ့အား တရားဓမ္မဟောပြသင်ပြသော ကျေးဇူးတော်ကို ဆပ်သောအားဖြင့် ဆရာတော် အရှင်အရိယပုတ္တကို ကန်တော့ခဲ့လေသည်။

## ပါမောက္ခဂိုးရစ်ခ်

ခရစ်တော်၏ ၁၈ နှစ်လုံးလုံး ပျောက်ကွယ်နေသော အကြောင်းကို ခရစ်ယာန်ဘာသာဝင်တို့ သိကြသော်လည်း ထူးထူးထွေထွေ သုတေသနမပြုကြသောကြောင့် ‘မည်သည့်နေရာ၌ ရောက်နေသည်’ ဟု သိသူ မရှိကြ။ သို့သော် အမေရိကတိုက်၊ ချီကာဂိုမြို့က ဂိုးရစ်ခ်မည်သော ပါမောက္ခသည်ကား ခရစ်တော်ကို အလွန်ကြည်ညိုလှသောကြောင့် ထို ၁၈ နှစ်လုံးလုံး ခရစ်တော်၏ မြုပ်ကွယ်နေသောအကြောင်းကို အမှန်အတိုင်း သိလိုသောဆန္ဒပြင်းပြနေ၏။ ထို့ကြောင့် အမေရိက၌ ရှိကြသော ခရစ်ယာန်ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်များကို မေးကြည့်လေရာ မည်သူမျှ ကျေနပ်လောက်အောင် မဖြေနိုင်ကြ။ ထို့ကြောင့် သူကိုယ်တိုင် သုတေသနပြုလုပ်ဖို့ရာ ဘက်သလီဟန်၊ ဂျေရုဆလင်၊ ကိုင်ရို၊ တူရကီ၊ အိန္ဒိယနိုင်ငံတို့၌ စုံစမ်းသော်လည်း အကြောင်းမှန်ကို မသိခဲ့ရ။ တိဗက်ပြည်သို့ ရောက်သောအခါ ခရစ်တော်၏ ဆရာဖြစ်သော ဆရာတော်ကြီး၏အထံ၌ ခရစ်တော် ပြန်ခါနီး ဆက်ကပ်သွားသောမှတ်တမ်းကို တွေ့ရသောကြောင့် ထိုမှတ်တမ်းကို ဂိုးရစ်ခ်က ‘အများမသိသေးသော ခရစ်တော်၏ ဟောပြောချက်များ’ ဆိုတဲ့နာမည် ဖြင့် ၁၉၂၅ ခုနှစ်က စာအုပ် ထုတ်ဝေခဲ့ပါသည်တဲ့။

## တရားပွဲတို့၌ အနှောင့်အယှက်ခံရ

ခရစ်တော်သည် မိမိနေရပ် ရောက်၍ ယုဒယာမြို့၌ တရားဟော သောအခါ 'သူ ဟောတဲ့တရားတွေဟာ ယေဟိုးဝါ (ဘုရားသခင်)ရဲ့ တရား တော်များ မဟုတ်ဘူး' ဟုပြော၍ ဝိတွေး အထွေးခံရ၏။ ဂျေရုဆလင်နှင့် ဘက်သလီဟန်မြို့တွေမှာ ဟောတော့လည်း ဒီအတိုင်း ဖြစ်ပြန်၏။ ဟောတဲ့ တရားက ဘယ်လောက်ကောင်းကောင်း တစ်နည်းနည်းနှင့် တိုက်ဖျက်ကြ၊ ပုတ်ခတ်ကြသတဲ့။ ဒီလို အဖြစ်အပျက်နှင့် တွေ့တဲ့အခါ အရိယပုဏ္ဏဆရာ တော်က 'ပရိယာယ်သုံးတန် သုံးရတယ်' ဆိုတဲ့စကားကို သတိရ၍ 'သူ ပြောတဲ့တရားများဟာ ယေဟိုးဝါ (ထာဝရဘုရားသခင်)ရဲ့ တရားများ ဖြစ် ကြောင်း၊ သူဟာ ယေဟိုးဝါရဲ့ သားတော်ဖြစ်ကြောင်းကို' ပရိယာယ်ဖြင့် တင်စား၍ ပြောလိုက်ပါသည်တဲ့။

## ဓမ္မဟောင်းတရားတော်များ

ဤသို့ တင်စား၍ ပရိယာယ်ဖြင့် ပြောလိုက်သော်လည်း ဓမ္မဟောင်း ၌ 'သင်၏ မျက်လုံးကို တစ်စုံတစ်ယောက်က ထိုးဖောက်၍ ယူသည်ရှိသော် သင်ကလည်း ထိုသူ၏မျက်လုံးကို ထိုးဖောက်၍ ယူပါလေ။ တစ်စုံတစ်ယောက် က သင်၏နှာခေါင်းကို လှီးဖြတ်သည်ရှိသော် သင်ကလည်း ထိုသူ၏ နှာခေါင်းကို လှီးဖြတ်ပါလေ။ တစ်စုံတစ်ယောက်က သင်၏ အသက်ကို သတ်ဖို့ရန် ကြိုးပမ်းအားထုတ်သည်ရှိသော် သင်ကလည်း သူ၏ အသက်ကို သတ်ဖို့ရန် ကြိုးပမ်းအားထုတ်ပါလေ။ ငါသည် သင့်အား လက်စားချေရေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသည်' ဟု အလေးအနက် ပြထား၏။

## ဓမ္မသစ်တရားတော်များ

မေတ္တာ၊ ကရုဏာတရားကို ပွားများလေ့ရှိသော ခရစ်တော်ကား 'တစ်စုံတစ်ယောက်က သင်၏ ခြုံစောင်ကို ယူသွားသည်ရှိသော် သင်၏ အင်္ကျီကိုပါ ချွတ်၍ လှူဒါန်းပေးကမ်းပါလေ။ တစ်စုံတစ်ယောက်က သင်၏ လက်ယာဘက်ပါးကို ရိုက်သည်ရှိသော် ထိုသူအား သင်၏ လက်ဝဲဘက်ပါးကို

ရိုက်ပါစေ။ အစစအရာရာ သည်းခံပါ။ သည်းခံခြင်းသည်သာ ကုသိုလ်တရားကို တိုးပွားစေနိုင်ပါသည်။ သင်၏ အိမ်နီးချင်းများကို ကိုယ့်ကိုယ်ကိုယ်ချစ်ခင်သကဲ့သို့ ချစ်ခင်ပါ။ မည်သည့် သက်ရှိသတ္တဝါကိုမျှ အန္တရာယ်မပြုပါနှင့်'

ဤသို့ သူ၏ နောက်လိုက်များကို ဟောပြောသည်။ (သက်ရှိဟူရာ၌ တိရစ္ဆာန်များလည်း ပါဝင်၏။)

## ကွပ်မျက်ခံရခြင်း

ခရစ်တော်၏ တရားတော်ကို အထူးမကျေနပ်ကြသူတို့မှာ ရေဟူဒီဘုန်းကြီးများတည်း။ ထိုဘုန်းကြီးတို့က 'ဘက်သလီဟန်မြို့မှ မေရီ၏သားအင်နာယေရှုခရစ်၏ မြေးသည် ယေဟိုးဝါ(ဘုရားသခင်)၏ အယူဝါဒကို မထီမဲ့မြင် သေးသိမ်ယုတ်ညံ့အောင် ပြုလုပ်လျက် ရှိသည်' ဟု တရားစွဲဆိုကြ၏။ ထိုအခါ ရောမလူမျိုး ရှင်ဘုရင်သည် ရောမလူမျိုးတို့၏ ဥပဒေအရ အပြစ်ပေးသောကြောင့် ရာဇဝတ်ကောင်များကို ကားတင်၍ ကွပ်မျက်နေကျဖြစ်သော ဆီနိုင်တောင်ထိပ်၌ လက်ဝါးကပ်တိုင်မှာ တင်၍ ကွပ်မျက်ခြင်းကို ခံရရှာပါသည်။ ထို့နောက် ခရစ်တော်သည် တန်ခိုးပြာဋိဟာကိုပြနိုင်သူ ဖြစ်သောကြောင့် တန်ခိုးဖြင့် ပြန်၍ရှင်ကာ သူ့အား တန်ပြန်မည်စိုးရိမ်၏။ ထို့ကြောင့် ခရစ်တော်၏ အလောင်းကို ကျောက်ဂူထဲ၌ မြှုပ်၍အလွန်ကြီးသော ကျောက်တုံးကြီးများကို တင်ထားပြီးလျှင် ရောမစစ်သည်တော် ၅၀ ကိုလည်း အစောင့်ချထားပါသည်တဲ့။

## ခရစ်တော်၏ နောက်ဆုံးအချိန်

ခရစ်တော်သည် မသမာသူတို့၏ စွပ်စွဲမှုကြောင့် ကွယ်လွန်ရသော်လည်း ထိုနောက်ဆုံးအချိန်ထိအောင် မသမာသူတို့အပေါ်၌ ဒေါသဖြစ်သော လက္ခဏာအမူအရာကိုမျှ မပြဘဲ ခန္တီတရားကို လက်ကိုင်ထား၍'မသမာသူတို့သည် သူတို့ကိုယ်သူတို့ မည်သည့်အပြစ်ကို ပြုကြသည်ဟုမသိသောကြောင့်သာ ပြုမိကြရှာသည်' ဟု ခွင့်လွှတ်သော အနေအားဖြင့်

မေတ္တာမပျက်၊ ကရုဏာမပျက်ဘဲ ငြိမ်သက်စွာ ဒုက္ခကို ခံသွားရှာပါသည်။ ထိုအချိန်၌ တိဗက်က အရိယပုဂ္ဂဆရာတော်ကြီး၏ ဩဝါဒကို လုံး၀ လိုက်နာနေဟန်တူပါသည်။

## ခရစ်တော်၏ တရားတော်များ

ခရစ်တော်၏ မေတ္တာ၊ ကရုဏာ၊ သစ္စာ၊ ခန္တီ စသော တရားများသည် ကမ္ဘာသူ၊ ကမ္ဘာသား လူအများ လိုက်နာရမည့် တရားမွန်များ ဖြစ်၏။ ထိုတရားမွန်များကို တိဗက် အရိယပုဂ္ဂဆရာတော်ထံမှ ရခဲ့သောကြောင့် မိမိ၏ အမျိုးသား၊ အမျိုးသမီးတို့အား ဟောပြောခဲ့သည်။ ထိုမျှလောက် တရားတော်ကိုပင် ခရစ်ယာန်ဘာသာဝင်အများစုတို့ တရိတသေ လိုက်နာကျင့်သုံး၍ နေကြသည်မှာလည်း ချီးကျူးစရာ ကောင်းလှပါပေသည်။ ထိုသို့ လိုက်နာကြသောကြောင့်ပင် အနေအထိုင်၊ အသွားအလာ၊ အ၀တ်အစား စည်းကမ်းသေ၀ပ်ကြ၍ အချင်းချင်း ရိုင်းပင်းကူညီကာ မေတ္တာ၊ ကရုဏာ ထားကြပုံမှာ ချီးကျူးစရာ ဖြစ်ပါပေသည်။

## ကျန်သင့်သေးသော တရားတော်များ

သို့သော် ခရစ်တော်သည် ၁၂ နှစ်အရွယ်မှစ၍ အသက် ၃၀ တိုင်အောင် ၁၈ နှစ်ကာလမျှ ဆည်းပူး၍ ရအပ်သော တရားတော်များသည် မည်မျှလောက် များပြားဖွယ်ရှိသည်ဟုကား မစဉ်းစားဘဲ မနေထိုက်ပါ။ ခရစ်တော် ဟောပြောအပ်သော တရားစာသည် နံပါတ် ၆၀၀ မျှ ရှိသည် ဟုလည်း တွေ့ရပါသည်။ ထိုတရားတို့တွင် သစ္စာ ၄ ပါး၊ ပဋိစ္စသမုပ္ပာဒ် တရား၊ ဗောဓိပက္ခိယတရား စသော တရားမွန်တို့သည် ဧကန် ပါမည်သာ ဖြစ်သည်။ ထိုတရားမွန်တို့ကား (အဘိဓမ္မာကို အခြေခံက စ၍ လေ့လာခွင့် မရသူတိုင်း) သဘောမပေါက်နိုင်ကြပါ။

ထို့ကြောင့် ခရစ်တော် ကွယ်လွန်သောအခါ ထိုတရားမွန်များလည်း တစ်ပါတည်း ကွယ်လွန်ခဲ့ဟန် တူပါသည်။ (ယခု မြန်မာနိုင်ငံနှင့် တကွ ထေရဝါဒ ဗုဒ္ဓဘာသာဝင်အများစုလည်း ထိုတရားမွန်များ၌ သဘောပေါက်သူ

နည်းပါးလှ၏။ ထို့ကြောင့် ထိုတရားတော်များသည် ဗုဒ္ဓဘာသာဝင်တို့ အတွင်း၌ မကွယ်စေကာမူ သင်စာ၊ ကျက်စာ အဖြစ်ဖြင့်သာ ထင်ရှားနေပါတော့သည်။)

## သိလိုသော အဖြေများ ပြည့်စုံပြီ

ခရစ်တော်နှင့်စပ်၍ (၁) ခရစ်တော်သည် ၁၈ နှစ်လုံးလုံး ဘယ်အရပ်သို့ ရောက်နေပါသနည်း၊ (၂) ထိုဩဝါဒမွန်များကို အဘယ်မှ ရခဲ့သနည်း၊ (၃) ထိုမေတ္တာရှင်၊ ကရုဏာရှင် ခရစ်တော်ကို အဘယ့်ကြောင့် ရက်စက်စွာ ပြုလုပ်ကြပါသနည်း ဟူသော ပြဿနာသုံးရပ်အတွက် (၁) ခရစ်တော်သည် ၁၈ နှစ် ကာလပတ်လုံး တိဗက်ပြည်တောင်ပိုင်း ဆရာတော်ကြီး အရိယပုတ္တ မထေရ်မြတ်ထံ ရောက်နေပါသည်။ (၂) ထိုဩဝါဒမွန်များကို ထိုဆရာတော်၏အထံမှ ရခဲ့ပါသည်။ (၃) တိဗက်ပြည်မှ ပြန်လာ၍ မေတ္တာ၊ ကရုဏာ၊ သစ္စာ၊ ခန္တီ စသော တရားမွန်များကို ဟောသောအခါ 'ယေဟိုးဝါ (ထာဝရဘုရားသခင်)၏ အယူဝါဒနှင့် မတူသောကြောင့် ထာဝရဘုရားသခင်ကို သေးသိမ်အောင် ဟောသည်' ဟု ယူဆကြသော ရေဟူဒီဘုန်းကြီးများ၏ တရားစွဲဆိုချက်အရ 'ရောမလူမျိုးတို့၏ ဥပဒေဖြင့် လက်ဝါးကပ်တိုင်၌ ကားစင်တင်၍ ကွပ်မျက်လိုက်ကြသည်' ဟူသော အဖြေသုံးရပ် ထွက်လာပါသည်။

## ခရစ်ယာန်ဘာသာဝင်တို့ ဩဝါဒကို လိုက်နာခြင်း၏ အကြောင်း

ထိုသို့ ခရစ်တော်၏ မတရားအနှိပ်စက်ခံရသည်ကို သိလျက်နှင့် ခံနေကြရသော ခရစ်ယာန်ဘာသာဝင်တို့သည် လွန်စွာ အသည်းနာကြသော်လည်း ရှင်ဘုရင်ကို မတုပနိုင်သောကြောင့် အချင်းချင်း ပို၍ မေတ္တာသက်ဝင်ကာ ခရစ်တော်၏ မေတ္တာ၊ ကရုဏာ၊ သစ္စာ၊ ခန္တီတရားတို့ကို လက်တွေ့လိုက်နာခဲ့ကြပါလိမ့်မည်။ ထိုသို့ ရှေးဘာသာဝင်တို့က လိုက်နာကြ၍ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်တို့ကလည်း လက်ဆင့်ကမ်းသကဲ့သို့ ခရစ်တော်၏ ဖြစ်ပုံကို

အဆက်ဆက် ဟောပြောခဲ့ကြသောကြောင့် ယနေ့အထိ ခရစ်ယာန်ဘာသာဝင်တို့သည် စည်းကမ်းသေဝပ်စွာ ခရစ်တော်ကို ကိုးကွယ်ဆည်းကပ်သောအားဖြင့် ဘုရားရှိခိုးကျောင်းသို့ သွား၍ ဩဝါဒတရားကို နာယူနိုင်ကြဟန်တူပါသည်။

## ဗုဒ္ဓဘာသာဝင်တို့ ဘယ်သို့နည်း

ခရစ်တော်၏ မွန်မြတ်သောဩဝါဒကို မည်သည့် ပုဂ္ဂိုလ်ထံမှ ရခဲ့သည်ဟု သိကြရပြီ။ ထိုဩဝါဒကို ဟောပြောမှုကြောင့် ကွပ်မျက်ခံရသော်လည်း ခရစ်ယာန်ဘာသာဝင်တို့က ကောင်းမွန်စွာ လိုက်နာရစ်ကြသောကြောင့် ခရစ်တော်၏ ဒုက္ခခံရခြင်းသည် အကျိုးရှိသော ခံရခြင်းဟု ယူဆ၍ စိတ်ကို ဖြေမည်ဆိုလျှင် ခရစ်ယာန်ဘာသာဝင်တို့ ဖြေနိုင်စရာ ရှိပါသေး၏။ မိမိတို့ ဗုဒ္ဓရှင်တော်ကား ပါရမီ ၁၀ ပါးကို ကမ္ဘာပေါင်းများစွာ ဖြည့်ကျင့်တော်မူခဲ့စဉ်က အသက်ပေါင်းများစွာကို စွန့်ခဲ့ရသည် အားလျော်စွာ ဗုဒ္ဓလက်ထက်တော်၌လည်းကောင်း၊ ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အတော်ကြာအောင် မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်များနှင့်တကွ မိမိတို့၏ ထေရဝါဒီဗုဒ္ဓဘာသာဝင်တို့ပါ ဩဝါဒကို လိုက်နာခဲ့ကြသော်လည်း ယခုအခါ ဗုဒ္ဓမြတ်စွာ၏ မွန်မြတ်သော စည်းကမ်းဥပဒေတော်တို့ကို တစ်စတစ်စ လိုက်နာသူနည်း၍ နည်း၍ လာရကား သိပ်မကြာသောကာလဝယ် ဗုဒ္ဓ၏ ဩဝါဒတော်များကို ထိန်းသိမ်းရသော ရဟန်းတော်များပင် လူရာမဝင်သလောက် အောက်ကျ နောက်ကျ ဖြစ်ရမည့်အရေးကို တွေးမိပါသည်။

## ဗုဒ္ဓဝါဒတော်ကို ထုတ်ဖော်ကြပါစို့

ထို့ကြောင့် ယခုအချိန်က ဗုဒ္ဓမြတ်စွာ၏ ဩဝါဒတော်ကို အများသိအောင် ပြန်၍ ထုတ်ဖော်ဖို့ရန် အချိန်တန်ပြီဟု ထင်ပါသည်။ ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ ယခုဘဝအကျိုး၊ နောင်သံသရာအကျိုး နှစ်မျိုးလုံး မလွတ်ရအောင် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ဟူသော ပိဋက တရားတော်များကို ထုတ်ဖော်ဟောတော်မူခဲ့၏။ မြန်မာလူမျိုးများ၏ ယဉ်ကျေးမှု၌ ဗုဒ္ဓမြတ်စွာ၏ ဩဝါဒတော်သည် အများဆုံးအခြေခံ ဖြစ်၏။

ထို့ကြောင့် ဝိနည်းတရားတော်သည် ရဟန်း၊ သာမဏေများကို ကိုယ်၊ နှုတ် ယဉ်ကျေးအောင် ဆုံးမသောတရားတော် ဖြစ်သော်လည်း အချို့ ယဉ်ကျေးမှုများကို ဗုဒ္ဓဝါဒီ လူဝတ်ကြောင်များသည် လိုက်နာကျင့်သုံးခဲ့ ကြပါသည်။

## ယဉ်ကျေးမှုအမျိုးမျိုး

အဝတ် ယဉ်ကျေးမှု၊ အစားယဉ်ကျေးမှု၊ အသွားအလာ ယဉ်ကျေးမှု၊ အနေအထိုင် ယဉ်ကျေးမှု၊ အပြောအဆို ယဉ်ကျေးမှု၊ ဆရာ တပည့် ဆက်ဆံရာ၌ ယဉ်ကျေးမှု၊ ဆရာနှင့်ဒကာ ဆက်ဆံရာ၌ ယဉ်ကျေးမှု၊ ဟော ပြောရာ၌ ယဉ်ကျေးမှု၊ အကြည့်အရှု ယဉ်ကျေးမှု၊ ရဟန်းသာမဏေ အချင်းချင်း ဆက်ဆံရာ၌ ယဉ်ကျေးမှု၊ ဂိလာနနှင့် ဂိလာနပြုစုသူတို့ ဆက်ဆံရာ၌ ယဉ်ကျေးမှု၊ ဇနီးခင်ပွန်း ဆက်ဆံရာ၌ ယဉ်ကျေးမှု၊ မိဘနှင့် သားသမီးတို့ ဆက်ဆံရာ၌ ယဉ်ကျေးမှု၊ မိတ်ဆွေသူငယ်ချင်း ဆက်ဆံရာ၌ ယဉ်ကျေးမှု၊ ရေချိုးရာ၌ ယဉ်ကျေးမှု၊ ကုဋီ (အိမ်သာ)တက်ရာ၌ ယဉ်ကျေးမှု၊ စိတ်နေ စိတ်ထား ယဉ်ကျေးမှု စသောအားဖြင့် ယဉ်ကျေးမှု အမျိုးမျိုးရှိ၏။

## ဗုဒ္ဓတရား၌ အားလုံး ပါရှိ၏

ဤအားလုံးသော ယဉ်ကျေးမှုများကို ဝိနည်းတော်၊ အထူးအားဖြင့် သေခယသိက္ခာပုဒ်များ၌ လည်းကောင်း၊ သုတ္တန်တရားတော်၊ အထူးအားဖြင့် သိင်္ဂါလောဝါဒသုတ်၊ မင်္ဂလသုတ်တို့၌ လည်းကောင်း၊ စိတ်နှင့်ဆိုင်ရာ များစွာသော သုတ္တန်တို့၌ လည်းကောင်း အစုံအလင် ဟောတော်မူ၊ ပညတ်တော်မူထားပါသည်။ ထိုအားလုံးအတွက် ရေးရလျှင် ကျမ်းစာအုပ်တစ်အုပ် ဖြစ်သော်လည်း ပြည့်စုံဦးမည် မဟုတ်ပါ။

(အဘိဓမ္မာတရားတော်ကား ရုပ်နာမ်ကို အသေးစိတ် ဖော်ပြထားသော တရားတော် ဖြစ်ပါသည်။ သိထိုက်သမျှ အဘိဓမ္မာ အချို့ကိုလည်း သုတ္တန်တရားတော်၌ ပါပြီး ဖြစ်ပါသည်။]

## ယဉ်ကျေးမှု ရှိလျှင် အထင်သေးမခံရ

ရဟန်း၊ ရှင် လူ မည်သူမဆို ထိုယဉ်ကျေးမှုများကို သူ့နေရာနှင့်သူ အသုံးပြုနေပါလျှင် သာသနာတော်လည်း မကွယ်ပနိုင်၊ လူမျိုးလည်း အထင်သေးမခံရ၊ သာသနာတော်လည်း အထင်သေးမခံရ၊ လူမျိုးလည်း အောက်တန်းမကျနိုင်။

ယခုသော်ကား သာသနာ့ဝန်ထမ်း ရဟန်း၊ သာမဏေ ဖြစ်သူတို့က မိမိအကျိုးလည်း ရှိမည့် ယဉ်ကျေးမှုကို အသုံးပြု နည်းပါးသောကြောင့် သာသနာတော်ကို လူအများက အထင်မကြီးတော့ဘဲ တဖြည်းဖြည်း အထင်သေးလာကြပါသည်။ 'တိုင်းသူပြည်သား လူအများကိုလည်း တိုင်းတစ်ပါးသားတို့က အထင်ကြီးမှု နည်းနေသည်' ဟု ထင်ပါသည်။ ထို့ကြောင့် 'တိုင်းပြည်အကျိုး၊ သာသနာတော်အကျိုးကို အဘက်ဘက်က တိုးစေနိုင်သော ကိုယ်၊ နှုတ်၊ စိတ် ယဉ်ကျေးမှုများကို သူ့နေရာနှင့်သူ အသုံးပြုတတ်ဖို့ရန် ပြန်၍ ထုတ်ဖော်သင့်သည်' ဟု ယူဆပါသည်။ ။

## ဓမ္မစကြာတရားတော်မှ
## ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

### ရတနာသုံးလီ ယုံကြည်စရာ

ဒီနားမှာ နည်းနည်းကလေး စဉ်းစားကြည့်ကြဦးစို့။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဆိုပြီးတော့ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သင့်တယ်၊ ယုံကြည်အားထားသင့်တယ်။ ဘာကြောင့်လဲ ဆိုရင် မြတ်စွာဘုရားမှာ လောဘ ဒေါသ၊ မောဟ ဆိုတဲ့ မကောင်းတဲ့ စိတ်အညစ်အကြေးတွေ မရှိဘူး။ ပြီးတော့ မသိတာရယ်လို့ မရှိဘူး၊ ဘာမဆို အကုန် သိမြင်နိုင်တယ်။ အဲဒီလို သိတဲ့ အတိုင်း သတ္တဝါတွေကို တစ်ဆင့်သိနားလည်အောင် မနားမနေ ဟောတော်မူတယ်။

ပြီးတော့ တရားတော် ဆိုရင်လည်း ဘယ်လောက် ယုံကြည်သင့်သလဲ။ ဒီဓမ္မစကြာ တရားတစ်မျိုးကိုပဲ ဘယ်လောက် ဆည်းကပ် ကိုးကွယ်စရာ၊ ကြည်ညိုစရာ ကောင်းသလဲ။ ဒီတရားကို ကိုယ့်သန္တာန်မှာ ဖြစ်အောင် ဘယ်လောက် ကြိုးစားစရာ ကောင်းသလဲ။ ဥပမာအားဖြင့် မဂ္ဂသစ္စာဆိုတဲ့ တရားကို ကိုယ့်သန္တာန်မှာ ဖြစ်စေရမယ် ဆိုတဲ့အတိုင်း ဘယ်လောက် ကြိုးစား စရာ ကောင်းသလဲ။

ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ- မြတ်စွာဘုရား ဓမ္မစကြာတရားတော်ကို၊ သရဏံ- ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏။

သံဃံ- အရိယာဖြစ်ပြီးသော အရှင်ကောဏ္ဍည ကဲ့သို့သော သံဃာတော်ကို၊ သရဏံ- ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏။

အရှင် ကောဏ္ဍည ဆိုရင် သောတာပန်အဆင့်က နေပြီး ရှေ့တိုးတက်ပြီးတော့ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာအထိ ဖြစ်သွားတယ်။ ဖောက်ပြန်စရာ၊ ပြောင်းလဲစရာ၊ နောက်ဆုတ်စရာ မရှိတော့ဘူး။

## ရုပ်တုတော် ကိုးကွယ်နည်း

အဲဒီတော့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ကိုးကွယ်တယ်ဆိုတာ ဒီရတနာမျိုးကို ပြောတာ၊ ဒီလိုရတနာမျိုးကို ပြောတာ။ ဒီလောက်နှစ်နှစ်ကာကာ နားလည်တဲ့ ပုဂ္ဂိုလ်က ဆင်းတုတော်၊ စေတီတော်များကို ကိုးကွယ်ပြီဆိုရင် တကယ် ရိုရိုသေသေကိုးကွယ်တယ်။ အင်မတန် သပ်သပ်ပယ်ပယ် ဖြစ်အောင်၊ သပ်သပ်ရပ်ရပ် ဖြစ်အောင် စီမံထားတယ်။ ဘုရားရဲ့ အရိုးတော်တွေ (ပရိနိဗ္ဗာန်စံသွားလို့ ကျန်ရစ်တဲ့ အရိုးတော်တွေ) ကို ဌာပနာထားတဲ့ ဆင်းတုတော်နော်။ အင်း··· မြတ်စွာဘုရား၏ ပုံတော်ကို အတုခိုးပြီး စီမံပြုလုပ်ထားတဲ့ ရုပ်ပုံတော်၊ ရုပ်တုတော်နော်။ ဘုရားလောက်တော့ ဘယ်သပ္ပာယ်မလဲ။

ဒါပေမဲ့လို့ ဒီရုပ်တုတော် မြင်ရတော့ ဘုရားကို သတိရလွန်းလို့ ဟို-အိမ်မှာ အမေ့ဓာတ်ပုံ၊ အဖေ့ဓာတ်ပုံ မြင်ပြီးတော့ အဖေ သတိရလို့၊ အမေ သတိရလို့၊ အဲ-အမေက ဒီလို ပြောသွားတယ်၊ အဖေက ဒီလို ပြောသွားတယ်၊ အဲဒီလို အနေမျိုးနဲ့ပေါ့လေ၊ အမေ သတိရ၊ အဖေ သတိရတော့ အမေ၊ အဖေစကားတွေ နားထောင်လို့၊ အဲဒီတော့ ဘုရားရုပ်ပွားတော် ကိုးကွယ်ပူဇော်တာလည်း ဒီနည်းအတိုင်း ပူဇော်ကြရတယ်။

## တရား၊ သံဃာ ပူဇော်နည်း

အဲဒါကြောင့် ရုပ်ပုံရုပ်ပွား ဆင်းတုတော်များကို အိမ်မှာ ပူဇော်ကြတဲ့အခါ အင်မတန်သပ္ပာယ်အောင် ပူဇော်ထားရင် သက်တော်ထင်ရှား ရှိတဲ့ ဘုရားအစစ်ကို စိတ်ထဲမှာ ပိုမြင်လွယ်တယ်၊ ပိုသတိရလွယ်တယ်။ ပြီးတော့

တရားပူဇော်တဲ့ အခါမှာလည်း ဒီလို ဓမ္မစကြာတို့လို၊ အနတ္တလက္ခဏသုတ်တို့လို ဒီလိုတရားတော်တွေ ပူဇော်လို့၊ အဲဒါ အင်မတန်ကောင်းတယ်၊ အင်မတန် လူဖြစ်ရကျိုးနပ်တယ်။ သံဃာတော်ကို ပူဇော်ပြန်တော့လည်း ခုနက ဘုရား ရုပ်တုတော်၊ ရုပ်ပွားတော်နဲ့ သက်တော်ထင်ရှားရှိတဲ့ တကယ့်ဘုရားအစစ် ကွာသလို အရိယသံဃာနှင့် ပုထုဇဉ်သံဃာ ကွာတယ်။ ရုပ်တုတော်ထုတဲ့ သူက ကျောက်ဆစ်သမား ဖြစ်ဖြစ်၊ ပန်းပုသမားက ဖြစ်ဖြစ် အထုကောင်းလေ ရုပ်တုတော်က သပ္ပာယ်လေ၊ ကြည်ညိုစရာ ကောင်းလေ၊ အထုမကောင်းလေ စိတ်ပျက်စရာကောင်းလေ။

## ရဟန်း သာမဏေများ စဉ်းစားစရာ

အဲဒီလိုပဲ ယခု အရိယာအဖြစ်သို့ မရောက်သေးတဲ့ ပုထုဇဉ်သံဃာတွေက အတုတွေ၊ အရုပ်တွေ၊ အရိယာသံဃာတွေရဲ့ အရုပ်တွေ၊ အတုတွေ။ ဒီတော့ ဆရာသမားတွေက အပြုအပြင် မကောင်းလေ စိတ်ပျက်စရာ အရုပ်တွေ ဖြစ်နေလေ။ အဲဒါကြောင့် ဘုန်းကြီးတို့ ပုထုဇဉ်သံဃာတွေ၊ သမ္မုတိသံဃာတွေ စာသင်သားဘဝနဲ့ ဆရာသမားဘဝအဖြစ် နေထိုင်ကြတဲ့ ဘုန်းကြီးရဟန်း၊ သာမဏေတွေ အားလုံး စဉ်းစားကြရမယ်။

ငါတို့တစ်တွေ အရိယာ မဖြစ်သေးသမျှ ရှက်စရာကြီးပါလား၊ တို့တစ်တွေဟာ အရိယာသံဃာရဲ့ အတုရုပ်တွေပါလား၊ အတုရုပ်အနေနဲ့ သံဃာလို့ ခေါ်ဝေါ်သမုတ်ထားတဲ့ သမ္မုတိသံဃာတွေပါလား၊ ဘယ်နည်းနဲ့မှ မဖောက်ပြန်နိုင်တဲ့ အစစ်အမှန် ပရမတ္ထအရိယာသံဃာ မဟုတ်သေးပါလား၊ အရိယာ ပုဂ္ဂိုလ်တွေကျတော့ ဘယ်အာရုံနဲ့တွေ့တွေ့ မဖောက်ပြန် မပြောင်းလဲနိုင်တဲ့ ပရမတ္ထသံဃာ၊ သံဃာအစစ်၊ တို့ကျတော့ သမ္မုတိသံဃာတဲ့၊ သံဃာလို့ သမုတ်ထားတယ်တဲ့၊ နာမည်တပ်ပုံကလည်း တို့ရှက်စရာကြီး၊ တို့ ဒီလို ပေါ့ပေါ့ဆဆလေးများ နေထိုက်သလားလို့ အဲဒီလို ဘုန်းကြီးတို့ အတုဖြစ်တဲ့ သံဃာများမှာ အင်မတန်မှ သတိထားစရာ ကောင်းတယ်။

ကိုးကွယ်တဲ့ ဒကာတွေကလည်းပဲ ရုပ်ပွားတော်ကို ကိုးကွယ်တဲ့ အခါ တော်တော်လေး သပ္ပာယ်တဲ့၊ တော်တော်လေး ကောင်းတဲ့ ရုပ်တုတော်

ဖြစ်အောင် ပြင်ဆင်ပေးရသလို ကိုယ့်ပုထုဇဉ် သံဃာတော်တွေကိုလည်း ကိုယ်တော်တို့ ကောင်းကောင်းနေကြပါ၊ ကောင်းကောင်းနေကြပါလို့ ပြုပြင်ပေးလို့၊ သံဃာတော်တွေကလည်း တို့ကောင်းကောင်းနေမှ ဖြစ်မယ် ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ပြုပြင်လို့၊ အဲဒါမှသာ ဆရာရော ဒကာပါ ယခုဘဝ၊ နောက်ဘဝမှာ အားလုံး အကျိုးရှိမယ်။ အဲဒီတော့ကာ ကိုးကွယ်ဆည်းကပ်တဲ့ အခါ ဘုရားရတနာနှင့် ဓမ္မစကြာ အစရှိတဲ့ တရားရတနာ၊ အရှင်ကောဏ္ဍည အစရှိတဲ့ မဖောက်ပြန်တော့တဲ့ အရိယာ သံဃာရတနာတွေကို အာရုံပြုပြီး-

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' လို့ဆိုပြီး အဲဒီဓမ္မ၊ အဲဒီသံဃာတွေကို ကိုးကွယ်ရမှာပါ။ ယခုလို အပြောင်းအလွဲ ရှိနိုင်တဲ့ ပုထုဇဉ်သံဃာတွေ ဆိုတာကတော့ နောင်ရေး၊ နောင်ဘဝရေးကို သာသနာ့ဝန်ထမ်းနေတဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုပြီးတော့ အားပေး ရမယ်၊ ဒကာ၊ ဒကာမတွေက အားပေးကြရမယ်။ အဲဒီလို အားပေးကြတဲ့ အတွက် ဒကာ၊ ဒကာမတွေမှာ ကုသိုလ်တွေ ပွားလို့၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက် ကြောင်း ကုသိုလ်တွေ ပွားလို့၊ ပြီးတော့ ဒီက သံဃာတော်တွေကလည်း စိတ်ကောင်းကောင်းထား၊ ကောင်းကောင်းနေထိုင်၊ ကောင်းကောင်း ကျင့်ကြ တဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်တွေ ပွားလို့။ အဲဒီလို ဆိုတော့ကာ ဆရာရော ဒကာပါ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဆိုသလို အချင်းချင်း အားထား၊ ကုသိုလ်တွေ ပွားပြီးတော့ ဓမ္မစကြာမှာပါတဲ့ သစ္စာ လေးပါးကို မျက်စိနဲ့ မြင်သလို ဉာဏ်နဲ့ မြင်ကြရလိမ့်မယ်။

**သာဂါရာ အနာဂါစ၊ ဥဘော အညောညနိဿိတာ။**

**အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ မနုတ္တရံ။**

သာဂါရာ စ-အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေကြကုန်သော လူဝတ်ကြောင် သူတော်ကောင်းတို့သည် လည်းကောင်း၊ အနာဂါရာ စ- အိမ်ရာမထောင် သာသနာ့ဘောင်၌ နေကြကုန်သော ရဟန်းသူတော်ကောင်း တို့သည် လည်းကောင်း၊ ဥဘော- ဆရာ၊ ဒကာနှစ်မျိုးတို့သည်၊ အညောညနိ ဿိတာ- ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီသို့ ပမာမယွင်း အချင်းချင်း အားထား ကြကုန်လျက်၊ ယောဂက္ခေမံ-ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာ

ယောဂဆိုတဲ့ ယောဂတို့၏ ပျောက်ပျက်ကုန်ဆုံးရာ ဖြစ်သော၊ အနုတ္တရံ- အတုမရှိ မြတ်သော၊ သဒ္ဓမ္မံ- သစ္စာလေးတန် မဂ်ဖိုလ်နိဗ္ဗာန် ဟူသော သူတော်ကောင်းတရားကို၊ အာရာဓယန္တိ- ကိုယ်စီကိုယ်င ပြီးစီးနိုင်ကြစေကုန်သတည်း။ ။

# ပဋ္ဌာန်းတရားတော်မှ
# ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

## အကုသိုလ် မဖြစ်အောင် လှူဒါန်းကြ

ဒီတော့ ဘုန်းကြီးတို့ ကောက်ချက်ချစရာ ရှိသွားပြီ။ မနေ့တုန်းက ပကတူပနိဿယပစ္စည်းကိုလည်း ဘုန်းကြီးက ပြောခဲ့တယ်။ ယခု ဘုန်းကြီးတို့ ဒါနပြုကြတယ်၊ ဥပုသ်စောင့်ကြတယ်၊ ဘာဝနာပွားကြတယ်၊ ဒါ ကောင်းတဲ့ အလုပ်တွေ။ ဒီဒါနပြုပြီးတော့ ဒါနပြုတဲ့အခန်းကို ဘုန်းကြီးက မကြာခဏ တိုက်တွန်းပါတယ်။ 'ဘယ်လိုကျွေးပါလား၊ ဘယ်လိုစွန့်ကြဲပါလားလို့' ပြောပါတယ်။ ပြောပေမယ်လို့ သူတို့ကိုယ်တိုင် 'မျက်ကန်း တစ္ဆေမကြောက်' ဆိုတဲ့ထုံးစံအတိုင်း မသိကြဘူး မဟုတ်လား။ မသိတော့ အပြစ်ဖြစ်လောက်မယ့် ကိစ္စပေမယ်လို့ သူတို့ကိုယ်တိုင် အကျိုးထင်ပြီးတော့ အလုပ်လုပ်ကြပါတယ်။

ကဲ-ကဲ ဒါနပြုတယ်၊ ဘုန်းကြီးတို့ မဏ္ဍပ်ဆောက်ပြီးတော့ အလှူ မကြာခဏ ပြုတယ်၊ အလှူဒါနပြုမယ်လို့ဖြစ်တဲ့ သဒ္ဓါတရား စေတနာကတော့ အင်မတန်ကောင်းတဲ့ ကုသိုလ်ပါ၊ 'ကုသလော ဓမ္မော' ပါပဲ။ နောက်တော့ မဏ္ဍပ်ကြီးက ဆောက်ဦးမှ ဖြစ်မှာ၊ နို့မဟုတ် ဆိုလို့ရှိရင် လူအထင်သေး အမြင်သေးလိမ့်မယ်။ ဆွေမျိုးတွေကလည်း 'လုပ်ကြဦးမှပေါ့ကွယ်၊ အင်း-

သူများနည်းတူတော့၊ မသာတောင်မှ ဘယ်သူနဲ့ တူအောင်တော့ လုပ်ကြဦးမှ ပေါ့ကွယ်'၊ ဆွေမျိုးတွေက၊ သူတို့ခင်ပွန်းကလည်း ဒါလုပ်မှပေါ့တဲ့။

'ကြည့်စမ်း' သူများ အထင်မသေးအောင်၊ သူများ ချီးမွမ်းခံရအောင် လုပ်တာ၊ ဒါ ကုသိုလ်ဇောလား စဉ်းစားပါ… စဉ်းစားပါ။ သူများ အထင်သေးမှာစိုးတဲ့စိတ်ဟာ ကုသိုလ်လား၊ ကုသိုလ်ဇောလား၊ နောင်ကို သူများ ချီးမွမ်းခံချင်တဲ့စိတ်ဟာ ကုသိုလ်စိတ်လား၊ ကုသိုလ်ဇောလား၊ ဒီမှာ လောဘအကုသိုလ်တွေ ပါနေပါတယ်။

'ကုသလော ဓမ္မော- အလှူဒါန ပြုလိုတဲ့ ကုသိုလ်တရားက အကုသလဿ ဓမ္မဿ-အချီးအမွမ်းခံချင်တဲ့၊ အကဲ့ရဲ့မှ လွတ်စေချင်တဲ့ အကုသိုလ်တရားအား၊ ဥပနိဿယပစ္စယေန- ပကတူပနိဿယ ပစ္စယသတ္တိဖြင့်၊ ပစ္စယော- ကျေးဇူးပြုပါပကော'။

ကြည့်စမ်း… ကြည့်စမ်း၊ တစ်ခါ အဲဒီမဏ္ဍပ်တို့ ဘာတို့ ဆင်ပြင်ပြီးတော့ ကြည့်လို့ တယ်လှတယ်၊ တကယ်လည်း သာယာတယ်။ ခပ်စောစောက ဆွေမျိုးတွေ ကြည့်ပြီးတော့ အဲဒီ ဆွေမျိုးတွေကလည်းပဲ ကောင်းတယ်၊ သာယာတယ်၊ အင်း… စိတ်ကြီးဝင်တယ်။ တို့ဆွေမျိုးတွေက၊ တို့ညီမက၊ တို့အစ်ကိုက၊ တို့မောင်က ဟောဒီလိုတဲ့ ဆိုပြီးတော့၊ မဏ္ဍပ်ထဲက ထွက်ပြီးတော့ မျက်နှာကလေး ဟိုကြည့်ဒီကြည့်နဲ့ ခပ်ကြွကြွနဲ့ မာနလေးများ ဖြစ်လို့၊ အကုသိုလ်ဇောတွေ စောလို့၊ တစ်ခါ တစ်ခါကျွေးဖို့ မွေးဖို့ စဉ်းစားရပြန်တယ်။ ကိုယ့်ရဲ့ အိတ်ထောင်ကိုလည်း ငွေက အရင်းအနှီး ဘယ်လောက် ရှိတယ်လို့ နှိုက်ကြည့်ရပြန်တယ်။ ကျွေးဖို့ မွေးဖို့ ဘယ်သူတုန်းက ဘာတွေ ကျွေးထားတယ်၊ ကျုပ်တို့က ဒါလောက်မှ မကျွေးနိုင်လို့ရှိရင် ရှိစုမဲ့စုပေါ့၊ တချို့ ပိုလျှံနေတဲ့သူကလည်း ပိုလျှံလို့ပေါ့၊ မပိုလျှံသူကလည်း ရှိစုမဲ့စု ထုတ်သုံးရပြန်တယ်။

'ကုသလော ဓမ္မော- ဒါနပြုမယ်ဆိုတဲ့ ကုသိုလ်တရားက၊ အကုသလဿ ဓမ္မဿ- သူများကဲ့ရဲ့မှာစိုးတဲ့ အကုသိုလ်တရား၊ သူများ အချီးမွမ်းခံချင်တဲ့ အကုသိုလ်တရားအား၊ ဥပနိဿယပစ္စယေန- ပကတူပနိဿယ ပစ္စယသတ္တိဖြင့်၊ ပစ္စယော- ကျေးဇူးပြုနေပါပကော'။

စဉ်းစားကြည့်၊ နောက်ကျတော့ ည ဆိုပါတော့လေ။ တောမှာရော မြို့မှာရော ပွဲကကြ၊ တီးကြ မှုတ်ကြ၊ ကျွေးကြ မွေးကြ လာလိုက်ကြတာ၊ လာလိုက်တဲ့ သူတွေကလည်း ပျော်ကြ ရွှင်ကြ၊ စားကြ သောက်ကြ၊ ပြန်တော့ အပြစ်ပြောချင် ပြောမယ်။ ဒီမှာတော့ တကတဲ နှုတ်ဆက်လို့ 'ကျုပ်တို့လေ သိပ်တောင် မအားဘူး၊ အလှူ့ဒကာ၊ အလှူ့အမတို့၊ ဩော်··· မျက်နှာ ကလေးမှ မပြရင် မကောင်းဘူးလို့'။ သူက လောကွတ်ကလေးနဲ့လေ၊ 'ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်နော်'၊ ဘယ်မလဲကုသိုလ်၊ ကုသိုလ် ဘယ်မလဲ။ 'ကျေးဇူးတင်ပါတယ်နော်'၊ ကျေးဇူးတင်လိုက်ရတာ၊ ဟိုကလည်း တကတဲ။ မအားတဲ့အထဲက သီလား၊ စားချင်သောက်ချင်လို့ မဟုတ်ဘူး၊ သီလား။ မျက်နှာပြရအောင်လို့ တကတဲ လာခဲ့ကြတာ။ ဟိုကလည်း လော ကွတ်ကလေးနဲ့၊ အကုသိုလ် လောဘဇောနဲ့၊ ဒီကလည်း ပါးစပ်ကလေး လှည့်ပတ်ပြီးတော့ 'ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်နော်' အကုသိုလ်၊ အကုသိုလ်တွေ၊ အကုသိုလ်တွေ။

ကဲ··· ကဲ ကုသိုလ်လေးက နည်းနည်းလေးရယ်၊ ကုသိုလ်လေးက နည်းနည်းလေးရယ်။ ဒီမှာ ဖြစ်နေလိုက်တာ ဖြစ်နေလိုက်တာ အကုသိုလ် တွေ အကုသိုလ်တွေ၊ ဒါနဲ့ မနက်ဖြန်ရော ဘာရောပေါ့လေ၊ (အလှူနေ့ရော ဘာရော) ဘိသိက်တွေ သွန်းလိုက်တာ၊ ဘိသိက်ဆရာတွေကလည်း တကတဲ ရှေးဟောင်းနှောင်းဖြစ်တွေပါ တစ်ခါတည်း တချို့ဖော်ပြီးတော့ အမေ မပါ တော့ အမေ့အတွက် မျက်ရည်ကျအောင် ပြော၊ အဖေမပါတော့ အဖေ့အတွက် မျက်ရည်ကျလောက်အောင် ဆိုပါတယ် ပေါ့လေ။

'ကုသလော ဓမ္မော-ကုသိုလ်ပြုမယ်ဆိုတော့ ပထမမှန်းတဲ့ ကုသိုလ် တရားက အကုသလဿ ဓမ္မဿ- အမေ အဖေတွေ လွမ်းတဲ့ အကုသိုလ်၊ သားသမီးတချို့ မပါတဲ့အတွက် လွမ်းတဲ့အကုသိုလ်၊ ဆွေမျိုးမပါတဲ့အတွက် လွမ်းတဲ့ အကုသိုလ်အား၊ ဥပနိဿယပစ္စယေန- ပကတူပနိဿယ ပစ္စယသတ္တိ ဖြင့်၊ ပစ္စယော- ကျေးဇူးပြုနေပါပကော'။

နောက်တော့ အလှူမဏ္ဍပ်တွေနဲ့ အားလုံးသိမ်းလို့ ရေစက်ချတော့ မယ်လို့ ဆိုတော့ တချို့အပိုင်းက မဏ္ဍပ်ကလေးများ ဖျက်ပြီး၊ အမိုးကလေး

ဘာကလေးတော့ ရှိသေးတယ်။ မဏ္ဍပ်ငှားတဲ့လူကလည်း တောင်းပန်သလို ဘာလိုနဲ့ဖျက်၊ ဘုန်းတော်ကြီးတွေက ကြွတော်မူလာကြတယ်။

ဒီမှာတော့ ဖုန်တထောင်းထောင်းလေး ဖြစ်နေပြီ။ အဲ-ရေစက်ချပြီ ဆိုပါတော့၊ ကုသိုလ် ဘယ်လောက် ပါသွားတယ်တော့ မပြောတတ်ဘူး။ ဘုန်းတော်ကြီးတွေရဲ့ စိတ်ထားလည်း ဘုန်းကြီးမို့ သိပါရဲ့၊ မပြောပါရစေနဲ့။ ဒီတော့ အလှူပြီးကြရော၊ နောက်ကျတော့ ဒီအလှူနဲ့စပ်ပြီးတော့ ကုသိုလ်များ ဘယ်လောက်ရကြသတုံး တွက်ရမယ်နော်။ ဒါ အလှူဒါန အတွက်ပါလေ၊ ဖြစ်နေပုံ ဖြစ်နေပုံ၊ သာ၍ ဆိုးလာတယ်။ ယခု ဒီမှာ အသံသွင်းတဲ့ထဲလည်း ပါပါတယ်။

ဒကာတစ်ယောက်က သူ ရှင်ပြုတုန်းက သူ့အဖေရဲ့မိတ်ဆွေက အရင် ရှင်ပြုလိုက်တယ်။ ဘယ်သူ့ဖိတ်တုံးလို့ ဆိုတော့ အရေးပိုင် ဖိတ်တယ်၊ အင်္ဂလိပ်အရေးပိုင် ဖိတ်ပြီးတော့ သူ့မဏ္ဍပ်ထဲ တကတဲ အင်္ဂလိပ်အရေးပိုင် ဖိနပ်စီးပြီးတော့ သွားရအောင် ဟို ရှုံနီအဝတ်ကြီးများခင်းလို့ ခမ်းခမ်းနားနား ဖိတ်လိုက်တာ။ 'ငါကွ ပွဲစားကြီး ငါဘယ်သူ၊ ငါ့အလှူကို အရေးပိုင် လာရတယ်' ကြွားတာ ကြွားပစ်လိုက်တာ။ ဘယ်မလဲ ကုသိုလ်၊ ကုသိုလ် ဘယ်မလဲ၊ ကုသိုလ်ဘယ်မလဲ။ တစ်ခါ နောက်အလှူက၊ နောက်အလှူ ဆိုတာ ယခု အသံသွင်းတဲ့အထဲပါတဲ့ ဒကာက ကိုးနှစ်သားလောက်၊ သူ့ကို ရှင်ပြုတယ် ကိုး။ သူတို့မိတ်ဆွေချင်း အင်မတန်ရင်းနှီး အင်မတန်ချစ် အင်မတန် ချစ်၊ 'အို… ငါက ဘယ်အောက်ကျ နောက်ကျခံလိမ့်မတုံးကွာ၊ ငါ့အလှူမှာ အရေးပိုင် မကဘူး အရေးပိုင်က ဖိနပ်စီးဝင်တာ မဏ္ဍပ်ထဲမှာ၊ ငါက ဖိနပ်စီး အဝင်မခံဘူးကွ၊ ငါ့အလှူကို ငါးထောင်စားရာထူးရှိတဲ့ နိုင်ငံရေး လူကြီးကို ဖိတ်မယ်'။

ဖိတ်တာပဲ၊ အဲ… လာတာပါပဲ၊ ဖိနပ်များ ချွတ်လို့။ သူက မဲရဖို့က အရေးကြီးတယ်ကိုး၊ ဖိနပ်များချွတ်ကိုး။ တကတဲ ကျကျနနဝင်၊ စကားစမြည်ပြော၊ ကျွေးလို့ မွေးလို့၊ နောက်က အလှူရှင်က ယခု အသံသွင်းတဲ့ ဒကာရဲ့အဖေက 'ငါကွ၊ ငါက ဗုဒ္ဓဘာသာပီပီ ကျောင်းဒကာပီပီကွ၊ မဏ္ဍပ်ထဲ ဖိနပ်စီး မခံနိုင်ဘူး'။ သူက တစ်မျိုး ကြွားပြန်တယ်၊ သိလား၊ ကြွားတာပဲ၊

ကုသိုလ်တော့ မဟုတ်ပါဘူး၊ ကြွားလိုက်တာ၊ ကြွားလိုက်တာ။ ဒီမန္တလေး ယခု ကြွားတဲ့အကြွားကို မမီသေးဘူးနော်၊ အဲ- လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ် လောက်အကြွားကို မမီသေးဘူး၊ ကြွားလိုက်ကြတာ။ အဲဒီ ကြွားလိုက်တာဟာ ယခုအထိ မလျှော့ဘူးနော်။

မန္တလေးအလှူတွေ အကြောင်းပြုပြီတော့၊ မန္တလေးမြို့ အလှူမျိုး ဆိုပြီးတော့ ရန်ကုန်ကလည်း လုပ်ကြပါပြီ။ ဘုန်းကြီးက သနားလိုက်တာ၊ ပိုက်ဆံတွေ ရာတုန်းက မတရားရော တရားရောရှာ။ ဒီနေရာမှာ ရေသွန် သလို သွန်ပြီးတော့ သွန်ပစ်လိုက်ကြတာ သိပ်သနားတာပဲ ဘုန်းကြီးက။ ကောင်းပြီ ဒီအလှူဒါနပြုတဲ့ နေရာမှသာ ကုသိုလ်တရားက အကုသိုလ်တရား ကို ကျေးဇူးပြုနေသလား ဆိုတော့ ဘာဟုတ်ဦးမလဲ။

## ဂေါပကများ သတိထားဖွယ်

ဘုရားပွဲတွေ၊ ပြောတော့ ဘုရားပွဲ၊ မြန်မာလူမျိုးတွေ၊ ဒါကြောင့် ဘုန်းကြီး ဝမ်းနည်းပန်းနည်း ဖြစ်နေတာ။ ပြောတော့ ဘုရားပွဲ၊ ဒီခေါင်းဆောင် လုပ်တဲ့ ဘုရားလူကြီးက သူတို့က ကုသိုလ်ရတာ၊ မရတာထက် ဘုရားပွဲ လူစည်တာ၊ မစည်တာက သူတို့အတွက် အရေးကြီးနေတယ်၊ လူစည်ဖို့ အရေးကြီးတယ်။ အဲ-လူစည်ဖို့ ဆိုတော့ ပွဲက ဘယ်နှပွဲလောက်တော့ ထည့်ရ မှာပဲကိုး၊ ပွဲကလေး ဘာကလေး ထည့်ရမှာကိုး၊ ထည့်လိုက်ကြတာ၊ အဲဒီ ဘုရားပွဲလို့ ဆိုပြီးတော့ ပထမတော့ ဘုရားအာရုံပြုတဲ့စိတ်ကလေး နည်းနည်း ရှိချင်ရှိပါလိမ့်မယ်။

နောက် စိမ့်လိုက်တဲ့ အစီအမံကဖြင့် အကုသိုလ်တွေချည်း ဖြစ်ကုန် တာပဲ။ လာလိုက်ကြတဲ့ လူတွေကလည်း မဟာမုနိဘုရားပွဲတဲ့ ဆိုရင် ကြိတ် ကြိတ်တိုး။ လာတဲ့လူတွေက သူတို့က ဘုရားအာရုံပြုတာများ ဘယ်လောက် ပါတုံး၊ ဘယ်လောက်မှ မပါဘူး။ ဝတ်လို့ စားလို့ ဆင်လို့ ပြင်လို့ ညနေ အလှပြပွဲက လာကြပြီ၊ အလှပြပရိသတ် စည်စည်နဲ့၊ စိန်တွေ ရွှေတွေ ဝတ်ကြ ဆင်ကြ ပြင်ကြ အကုသိုလ်တွေ၊ လောဘအကုသိုလ်တွေ၊ လောဘအကုသိုလ် တွေ။ ဘုရားလူကြီးရဲ့ ပထမ ဘုရားပွဲဆိုတဲ့ ကုသိုလ်စေတနာတွေ ပျောက်ပြီး

တော့ လူစည်အောင်ဟဲ့လို့ ကြိုးစားလိုက်ရတဲ့ အကုသိုလ်တွေနဲ့ အဲဒီ စည်စည် ကားကား လာတဲ့ လူတွေရဲ့ အလုပ်ပြအကုသိုလ်တွေ၊ စည်စည်ကားကား လူတွေကို ကြည့်တဲ့အကြည့်ထဲမှာတော့ ဘုန်းကြီးတွေ ဘာတွေရော အကြည့် အကုသိုလ်တွေ ဖြစ်နေလိုက်ပုံ၊ ဖြစ်နေလိုက်ပုံ။

ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာရဲ့ စာပေမှာတော့ ဘုရားပွဲ အကြီးအကျယ် လုပ်လို့ရှိရင် 'ဘုန်းကြီးများ ဘုရားမသွားရဘူး၊ မသွားကောင်းဘူး'၊ ဒီလိုကို တားမြစ်တော်မူတယ်။ ဘုန်းကြီးဆိုင်ရာမို့လို့ ဘုန်းကြီးတွေ တားမြစ်တာ။ လူတွေလည်း မသွားကောင်းဘူး၊ ဘုရားပွဲ အကြီးအကျယ် လုပ်နေတဲ့အချိန်မှာ အမျိုးသမီးတွေ၊ အမျိုးသားတွေ မသွားကောင်းဘူး။ သွားရင် ငရဲကြီးမယ်လေ၊ အကုသိုလ်ဖြစ်မှာလေ။ အဲဒါကြောင့် ဘုန်းကြီးတွေ မသွားရ၊ အဲ-လူတွေ လည်း မသွားကောင်း။ ယခု မြန်မာနိုင်ငံ ဘုရားပွဲတွေ ဘယ့်နှယ်ဖြစ်နေကြ တုံး၊ နာမည်ကတော့ ဘုရားပွဲလို့ ဆိုပါတယ်၊ ဘယ့်နှယ် အကုသိုလ်တွေပါ လား။ ကြည့်စမ်း၊ ဇောဆိုတာလေ ကုသိုလ်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အကုသိုလ်၊ ကုသိုလ် အကုသိုလ်၊ ယီးတီးယားတား တစ်ခုမှ မပါဘူး။ ဖြစ်ရင် ကုသိုလ် ကုသိုလ်၊ ဖြစ်ရင် အကုသိုလ် အကုသိုလ်။ အဲဒီ ဘုရားပွဲကို တိုးကြ ဝှေ့ကြ၊ ဝမ်းနည်းစရာကောင်းတာက ဗုဒ္ဓဘာသာ မြန်မာလူမျိုးချည်း တိုးကြဝှေ့ကြရုံ မကဘူး။ ဗုဒ္ဓဘာသာမဟုတ်တဲ့ လူတွေက ဝင်ပြီးတော့ အမျိုးသမီးတွေကို တိုးကြ ဝှေ့ကြ။

အဲဒါတွေကိုလည်း ဘုရားလူကြီးတွေက တစ်နှစ်လည်း ဒီလိုဖြစ်မှန်း သိရက်သားနဲ့ ဘုရားပွဲစည်မှပဲ ဆိုပြီးတော့ ဖြစ်ချင်ရာဖြစ်ဟာ၊ သာသနာပေါ် ဖြစ်ချင်ရာဖြစ်ဟာ မပြောပေမယ့် မပြောပေမယ့် မစဉ်းစားဘဲ လုပ်လိုက် ကြတာ။

'ကုသလော ဓမ္မော- ကုသိုလ်တရား နည်းနည်းပါးပါးကလေးက၊ အကုသလဿ ဓမ္မဿ- အကုသိုလ်တရား အများကြီးအား၊ ဥပနိဿယ ပစ္စယေန- ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော- ကျေးဇူးပြုသည်၊ ဟောတိ- ဖြစ်၏'။

ကဲ··· ကဲ စဉ်းစားကြည့်စမ်း စဉ်းစားကြည့်စမ်း၊ ဘုရားပွဲတဲ့၊

ရှင်ပြုပွဲတဲ့၊ ကျောင်းရေစက်ချပွဲတဲ့၊ ကျောင်းတွေဆောက်လိုက်တာ သိန်းချီပြီး တော့ ကုန်အောင်ဆောက်၊ နောက် ရေစက်ချပွဲကျတော့ ခုနကလိုပေါ့လေ လာလိုက်ကြတာ ဝတ်လို့ စားလို့၊ သူတို့ပြောသေးတယ်။ 'သိပ်တော့ ကျုပ် မအားဘူးသိလား၊ အမယ် ကျောင်းအမတို့လေ ဝမ်းမြောက်လွန်းလို့'၊ အမယ် ပါးစပ်က ဝမ်းမြောက်လွန်းလို့ ပြောတာ။ အင်း··· စိတ်ကတော့ ဟုတ်ချင်မှ ဟုတ်မယ်၊ 'ဝမ်းမြောက်လွန်းလို့ ကျောင်းရေစက်ချမို့လို့ လာရတာ'၊ 'ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်'။ ဒီကလည်း ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်။

ကျေးဇူးလည်း သူလည်း အထူးတင်နေတာတော့ မဟုတ်ဘူး။ ဒီ လူတွေ လာကြည့်တာကို လောဘဇောနဲ့ ဝမ်းမြောက်နေတာ ဝမ်းသာနေတာ၊ ပိုက်ဆံကကုန်လိုက်တာ၊ ကျွေးဖို့ မွေးဖို့ ကုန်လိုက်တာ၊ ပိုက်ဆံတွေ ငွေတွေ ကုန်ပစေ၊ ပိုက်ဆံတွေ ငွေတွေ ကုန်ပစေ၊ လာကတည်းက စားကြ သောက် ကြ၊ စားတဲ့သောက်တဲ့အခါ လောဘဖြစ်တာ မဆန်းဘူး၊ ထားလိုက်ပါတော့။ အလှူခံပုဂ္ဂိုလ်မှာလည်း ဘာတွေ ရလာတယ် ဆိုတော့ ကိုင်ပြီးတော့ တကြည့် ကြည့်နဲ့၊ သဘောကျတဲ့ အဝတ်သင်္ကန်းဆိုလည်း တကြည့်ကြည့်နဲ့၊ သဘော ကျတဲ့ ပစ္စည်းဆိုလည်း တကြည့်ကြည့်နဲ့၊ သူ့မလည်း အကုသိုလ်ဖြစ်လျက်၊ သူ့မလည်း အကုသိုလ်ဖြစ်လျက်ပဲ။

## လူတွေ နားမလည်လွန်း

ကုသိုလ်တရားလေး နည်းနည်းက အကုသိုလ်တွေ အနှံ့ဖြစ်တယ်။ ဒါ့ကြောင့် ကျောင်းရေစက်ချပွဲကြီးတဲ့၊ ဘုရားပွဲကြီးတဲ့၊ အလှူဒါနတဲ့၊ ဖြစ်နေလိုက်တာ။ ဒီအထဲ မသာအသုဘ သနားစရာကောင်းလို့၊ မသာချလိုက် ပြီးတော့လည်း မိမိတို့ရဲ့အဆင့်အတန်း လိုက်ပြီးတော့ ဘုန်းကြီး ဘယ်လောက် ပင့်မှ ဘုန်းကြီးသက်စေ့ ပင့်မယ်၊ သနားစရာကြီး သနားစရာကြီး။ သက်စေ့ ပင့်မှ၊ တစ်ပါးကို ဘယ်လောက်လှူမှ၊ တစ်ဆယ်လှူမှ၊ နှစ်ဆယ်လှူမှ၊ ငါးဆယ်လှူမှ၊ သူ့ရဲ့အဆင့်အတန်း လိုက်ပြီးတော့ လှူလိုက်ရတာ နည်းတာ လည်း မဟုတ်ဘူး၊ နည်းတာလည်း မဟုတ်ဘူး။ ဟိုမှာ အလှူခံတဲ့ ပုဂ္ဂိုလ်

ကလည်း လောဘဇောနဲ့ အလှူခံလို့၊ အဲ… လှူတဲ့လူကလည်း မလွဲမကင်း သာလို့၊ သူများ အထင်သေးမှာစိုးလို့၊ လောဘနဲ့ လှူတယ်ကိုး။

ဘယ့်နှယ်လုပ်မလဲ၊ ကုန်လိုက်တာက မနည်းဘူး၊ ဒီအထဲ စဉ်းစား ကြည့်နော်၊ ကုသိုလ်လား၊ အကုသိုလ်လား၊ မျက်ရည်စက်လက်တွေနဲ့၊ လှူတာ တန်းတာလည်း သတိမထားအားဘူး။ မျက်ရည်တွေနဲ့၊ လှူလိုက်တဲ့ငွေတွေ ကလည်း မနည်းဘူး၊ ဒီငွေတွေပေါ့လေ၊ လျှောက်ပြီးပြောတော့ မကောင်းဘူး၊ သိလား။ အလှူခံတဲ့ ပုဂ္ဂိုလ်တွေမှာလည်း အပြစ်တွေနဲ့၊ ဒီတော့ ဘုန်းကြီးက သိပ်သနားတယ်။ လူတွေ နားမလည်လွန်းတယ်၊ သနားစရာ ကောင်းလိုက် တာ၊ သနားစရာကောင်းလိုက်တာ၊ သနားစရာကောင်းလိုက်တာ အဲဒီလို ဖြစ်နေပါတယ်။

ပြီးတော့ ဒီအထဲ ဘုန်းကြီးပျံတဲ့၊ ဘုရားပွဲအပြင်ကို ဘုန်းကြီးပျံ တဲ့။ ဘုန်းကြီးပျံတော်မူလို့ ရှိရင် သူတို့က သိပ်ဝမ်းနည်းတာတော့ မဟုတ်ဘူး။ ခေါင်းဆောင်လုပ်တဲ့သူက၊ ဒါမှမဟုတ် ခေါင်းဆောင်ဘုန်းကြီးက အဲဒီ ဘုန်းကြီးပျံကြီးကိုတော့ ဟိုစပါးဆန်ရေ ရောင်းလို့၊ ဝယ်လို့ရတဲ့ ကောက်ရိတ် ပြီးတဲ့အထိ ထားမှပဲ။

ပျံတော်မူတာက တန်ခူး၊ ကဆုန်လ ပျံတော်မူပေမယ့် ကောက်ရိတ် သိမ်းပြီးတဲ့အထိ ထားလိုက်တာပဲ။ ဘာဖြစ်လို့လဲ၊ လူတွေ နည်းနည်းအားတယ် လေ၊ စီးပွားရေး ချောင်လည်တယ်လေ။ တစ်အိမ် ငါးကျပ်တို့၊ တစ်ဆယ်တို့၊ နှစ်ဆယ်တို့ ခွဲဖို့က လွယ်တယ်လေ။ လူတွေကလည်း အများက ထည့်တာပဲ၊ ဘာဖြစ်လို့လဲ၊ ဒီဘုန်းကြီးကို နောက်ဆုံး ပူဇော်တာပဲ၊ နောက်ဆုံး ပူဇော်တာ၊ ပူဇော်လိုက်တာ သိလား။ အဲ-ပွဲက နာမည်ကြီးတာ နှစ်ပွဲလောက် ထည့်မှ၊ အို-နည်းတယ်၊ သုံးပွဲတော့ ထည့်မှ၊ အို… နည်းတယ်၊ လေးပွဲတော့ ထည့်မှ၊ နာမည်ကြီးတဲ့ ဆရာတော်ကြီးကျတော့ တပည့်တွေကလည်း သူ့အိတ်ထဲက ပိုက်ဆံကုန်ရတာ မဟုတ်ဘူး။ သူ့ရွာ သူခွဲတာ၊ သူ့ရွာ သူခွဲတော့ သူကလည်း မဏ္ဍာပ်နဲ့၊ တစ်ပွဲနဲ့၊ ဟိုတပည့်ကြီးကလည်း တစ်မဏ္ဍာပ်နဲ့၊ တစ်ပွဲနဲ့။ ပြီးတော့ ပျံတော်မူတဲ့ ဘုန်းကြီးတော့ ကြာကြာကြီးထားလို့၊ ဟိုထဲမှာ ခြောက်လို့၊ အရိုးတွေ ကလောက်ကလောက်နဲ့၊ ဒီလို ဖြစ်နေပြီ။ ဒါ တကတဲ သူတို့က

ပူဇော်ကြတယ် ဆိုပြီးတော့လေ ဒီခေါင်းကိုလျှပြီးတော့ ကလောက်ကလောက်နဲ့ သွားနေကြတာ၊ ဖုန်တွေ ချွေးတွေနဲ့၊ ဝမ်းနည်းလိုက်တာ၊ ဘုန်းကြီးက ဝမ်းနည်းလိုက်တာ၊ ပိုက်ဆံတွေ ကုန်လို့၊ အကျိုးကလည်း ဘယ်လောက်မှ မရတဲ့အပြင် အကုသိုလ်တွေ ဖြစ်လို့။

ကောင်းပြီ။ ကျေးတောရွာရော၊ မြို့ရော 'ဘာသာရေး' လို့ ဆိုပြီးတော့ကာ အလှူရှင်ပြုတာတွေ၊ အင်း··· ဘုန်းကြီးပျံတွေ၊ ဘုရားပွဲတွေ၊ ကျောင်းပွဲတွေ၊ ကျောင်းရေစက်ချပွဲတွေ ဒါတွေ အကုသိုလ်တွေ ဖြစ်တာ ထားပါတော့။ နိုင်ငံမှာ တိုးတက်သလား ဆိုတော့ ဒီနည်းနဲ့လာခဲ့တာ၊ ဘာသာရေး ဒီနည်းနဲ့ လာခဲ့လို့ ဘာသာရေးတွေ ကျပြီးတော့ သူများ အထင်သေးခံနေရပြီ။ ဗုဒ္ဓဘာသာတဲ့၊ ဟာ··· ဗုဒ္ဓမြတ်စွာက အင်မတန်မြင့်မြတ်တာပဲလို့ ဘုန်းကြီးတို့က ပြောပြီး၊ မြင့်မြတ်၊ မမြင့်မြတ်တော့ မသိဘူး၊ အဲဒီ ဗုဒ္ဓဘာသာကို ကိုးကွယ်တဲ့ မြန်မာလူမျိုးတွေတော့ ဒီလိုဖြစ်နေပါလား ဆိုတော့ ဘုန်းကြီးတို့ ဘာဖြေမတုံး၊ ဘာဖြေကြမတုံး။ ဘာသာ သာသနာက အင်မတန်မြင့်မြတ်တယ်လို့ ဆိုတယ်၊ ကိုယ်တော်တို့ ဘုန်းကြီးတွေက ဒီလိုပဲ နေကြပါလား၊ ပွဲလမ်းသဘင်တွေထဲမှာ သွားကြပါလား၊ လာကြပါလား။ ကိုယ်တော်တို့ ဘုန်းကြီးတွေ၊ ဘာဖြေမလဲ၊ ဘုန်းကြီးတို့ ဘာဖြေကြမတုံး၊ ဘာဖြေကြမလဲ။

အကုသိုလ်တွေ အတွင်းက ဖြစ်တာ ဖြစ်ပါဦးတော့၊ နိုင်ငံရေးသဘောနဲ့ စဉ်းစားကြည့်လိုက်တော့ နိုင်ငံကြီး ကျဆင်းသွားတယ်၊ အထင်သေးခံရပါတယ်။ တစ်ခါ နိုင်ငံခြားက အထင်သေးခံရရုံတင် မကဘူး၊ ဒို့ပြင်ဘာသာကလူတွေ အထင်သေးကြပါတယ်၊ ဒို့ပြင်ဘာသာကလူတွေက အထင်သေးရုံတင်မကဘူး၊ ဘုန်းကြီးတို့ ဘုရားဒကာ၊ ကျောင်းအမတွေရဲ့ သားတွေကိုက ခေတ်ပညာတွေ သင်လာပြီးတဲ့ အခါကျတော့ သူတို့ရဲ့ ဝေဖန်တဲ့ စိတ်ဓာတ်နဲ့ ဝေဖန်ကြတယ်။

အဖေတို့ ကျောင်းဆောက်နေလိုက်တာ၊ ကျောင်းဆောက်ပြီးတော့ ကိုးကွယ်နေလိုက်တာ၊ ကိုးကွယ်တဲ့ဘုန်းကြီးက ဘယ်လို ဖြစ်နေတယ်၊ အမေတို့ ရဟန်းခံပေးလိုက်တဲ့ ရဟန်းက ဘယ်လိုဖြစ်နေတယ်၊ အဲဒီလို စသည်ဖြင့် နောက်ကလေးတွေ ဝေဖန်ကြပါပြီ။

ကောင်းပြီ၊ ဝေဖန်ချင် ဝေဖန်၊ တို့သာသနာဟာ တက်မြဲ တက်နေလို့ ဆိုရင်လည်း ခံနိုင်ပါတယ်။

ယခုတော့ သူတို့ကလည်း ဝေဖန်တယ်၊ ဘာသာခြားကလည်း ဝေဖန်တယ်၊ နိုင်ငံခြားကလည်း ဝေဖန်တယ်၊ သာသနာက တက်မြဲ တက်နေသလားလို့ ဆိုတော့ မတက်ပါဘဲလား၊ မတက်ပါဘဲလား။ ပြောရဦးမယ်၊ နိုင်ငံက… နိုင်ငံက စာမေးပွဲတွေ အောင်တယ်လို့ ဆိုရင်ပဲ အဖေ၊ အမေတွေက ဝမ်းသာလိုက်တာ၊ ကျောင်းဆရာသမားတွေက သိပ်ဝမ်းသာလိုက်တာ၊ စာသင်တိုက် အုပ်ချုပ်တဲ့ ဆရာတော်တွေက ဝမ်းသာလိုက်တာ။

## အလင်္ကာရူပမာ စာသင်၊ စာချ

တို့ကျောင်းတိုက်က သံဃာဘယ်လောက် စာမေးပွဲ အောင်တယ်၊ သိပ်ဝမ်းသာလိုက်ကြတာ၊ အစိုးရကလည်းပဲ သာသနာကြီး သူတို့ကြောင့် အင်း… ဘယ်လောက် ချီးမြှောက်ပါတယ်လေး ဘာလေးနဲ့၊ အောင်ပွဲကျတော့ သူတို့ကလည်း စိတ်ပါပါ မပါပါ ချီးကျူးရပြန်တယ်။ ကောင်းပြီ၊ ဒီဘုန်းကြီးတို့စာက တိကျလွန်းလို့၊ ကိုယ်တော်ကလေးတစ်ပါး၊ ကိုယ်တော်ကြီးတစ်ပါး၊ ဆရာတော်တစ်ပါး၊ ဒီလာဘ်လာဘ ရအောင်လို့၊ စာမေးပွဲအောင်တဲ့အခါ ဆုရအောင်လို့ ဆရာတော်က စာချတယ်၊ စာသင်သားက စာအံတယ်၊ စာမေးပွဲ မှတ်စုတွေ ရှာတယ်၊ ဖွေတယ်။

အဲဒါ အကုသိုလ်စိတ်တွေ၊ ကြည့်စမ်း … လိုချင်တဲ့ဂုဏ်၊ လိုချင်တဲ့ လာဘ်၊ အဲဒါတွေ မှန်းပြီးတော့ စာချတဲ့ဘုန်းကြီးက စာချတယ်၊ စာသင်သားက စာသင်တယ်၊ အဲဒါကို ဘုန်းကြီးတို့ကျမ်းစာက 'စာမသင်ဘဲ အိပ်နေတာ ကောင်းတယ်၊ အိပ်နေတာ ကောင်းတယ်တဲ့၊ ကောင်းတယ်တဲ့၊ ဘာဖြစ်လို့တုံး၊ စာသင်ရင် အကုသိုလ် ဖြစ်သေးတယ်၊ အိပ်နေရင် အကုသိုလ် မဖြစ်ဘူးတဲ့'၊ 'အလင်္ကာရူပမာ စာသင်နည်း၊ စာချနည်းလို့ သေသေချာချာကြီးကို အတိအကျ ဟောတော်မူထားပါတယ်'။ အဲဒါ အိပ်နေတာက ကောင်းသေးတယ်တဲ့။

မြန်မာပြည်မှာလည်း စာမေးပွဲတွေ တစ်မျိုးပြီး တစ်မျိုး၊ စာမေးပွဲတွေနဲ့ ကြွားလိုက်ကြတာ သိလား။ လူတွေကလည်း အဲဒါကို အထင်ကြီးလိုက်

ကြတာ၊ တရားတော်က အဲဒါ အကုသိုလ်စိတ်တွေ။ စဉ်းစားကြည့်လေ ဂုဏ်လိုချင်တယ်၊ လိုချင်တာမှန်သမျှ ဘာကို လိုချင်၊ လိုချင် တရားကို လိုချင်တာမှတစ်ပါး၊ မဂ်တရား ဖိုလ်တရား လိုချင်တာမှတစ်ပါး ဒီပြင် လောက လိုချင်တာ မှန်သမျှတွေ အကုသိုလ်တွေချည်းပဲ။

ဒါ 'အလဂဒ္ဒူပမာ စာသင်၊ စာချနည်းလို့' ဆိုပါတယ်။ 'မြွေဖမ်းတာတဲ့၊ မြွေဖမ်းတာ ဘာဖြစ်သတုံး၊ အဖမ်းမတတ်လို့၊ အကိုက်ခံရလို့ သေတယ်၊ ဒါမှမဟုတ် မသေသော်လည်း သေလုမြောပါး ဖြစ်တဲ့အထိ ခံရတယ်တဲ့၊ မြွေဖမ်းတာတဲ့'။ ဂုဏ်ရှိအောင်လို့ စာချနေတယ်၊ ဘုန်းကြီးက ကိုယ်တော့်ကျောင်းတိုက် သံဃာ ဘယ်လောက် ရှိတုံး၊ 'ဟာ… သံဃာ ဘယ်နှရာ ရှိတယ်'လို့ ကြွားချင်လို့၊ ဘုန်းကြီး ထိန်းထားလို့ရှိရင် ဘုန်းကြီး အကုသိုလ်ဖြစ်တယ်။ အိပ်နေတာ ကောင်းတယ်၊ အိပ်နေတာ ကောင်းတယ်၊ စာချဘုန်းကြီးတွေက ဘုန်းကြီးတို့ကျောင်းတိုက် သံဃာ ဘယ်လောက် ရှိတယ်လို့ ကြွားချင်လို့ရှိရင် အကုသိုလ်ဖြစ်မယ်။ အိပ်နေတာ ကောင်းတယ်၊ အိပ်နေတာ ကောင်းတယ်၊ အကုသိုလ်ဖြစ်တာ မကောင်းဘူး။

ဒီတရားတော်က ပီပီသသကြီးပါ၊ နိုင်ငံက သိပ်ကို သနားစရာ၊ သနားစရာ ကောင်းတယ်။ ဒါကြောင့် ကုသိုလ်လို့ ထင်ပြီးတော့ လုပ်နေကြတာ၊ အကုသိုလ်တွေ ပါလှပါလား၊ စာသင်တိုက်တွေ၊ စာချဘုန်းကြီးတွေ စာမေးပွဲ အောင်လိုကြတာတွေ ဂုဏ်လိုချင်တယ်၊ ရှိပါတယ်၊ ဂုဏ်ရသွားရှာပါတယ်။ လာဘ်လိုချင်တယ်၊ ရှိတယ်၊ လာဘ်ရသွားရှာပါတယ်။ အဲဒါတွေ အကုသိုလ်တွေချည်းပဲ။ ပထမတုန်းက ကုသိုလ်လိုချင်လို့ ရဟန်းပြုတယ်၊ နောက်တော့ အကုသိုလ်တွေ အများကြီး ဖြစ်နေတယ်။

ကုသိုလ်လိုချင်လို့ စာသင်တိုက် တည်တယ်၊ နောက်တော့ အကုသိုလ်တွေ အများကြီး ဖြစ်နေတယ်၊ ဘယ့်နှယ်လုပ်ကြမလဲ။ ဒီလိုဖြစ်လို့ သာသနာတော်ကြီးက တိုးတက်လို့၊ မြန်မာလူမျိုးတွေ စိတ်ချမ်းသာ လက်ချမ်းသာနဲ့ တိုးတက်လို့ဆိုရင် ဘုန်းကြီး အနေသာကြီးပါ၊ ဘေးကနေ ကြည့်နေပါ့မယ်။ ဖြစ်တန်သလောက်တော့ ဖြစ်စေဦးတော့ သာသနာကြီး ခိုင်မြဲနေတာပဲ၊ တိုးတက်နေတာပဲ။ တို့သာသနာကြီးကို ကိုးကွယ်နေတဲ့ ဒါယကာ၊ ဒါယိကာမ

တွေ ကုသိုလ်တွေ ရနေတာပဲ၊ ချမ်းသာနေတာပဲလို့ ဆိုရင်တော့ အနေသာကြီးပါ။

ခုတော့ မဟုတ်ပါဘူး၊ စိတ်ရောကိုယ်ပါ ချမ်းသာလှတယ် မဟုတ်ဘူး၊ ချမ်းသာသလောက်က လောဘနဲ့ ချမ်းသာပြီးတော့ သာယာနေတာ။ တို့ကျောင်း၊ တို့အလှူ၊ တို့ဘုရားပွဲ၊ ခေါင်းဆောင်တွေကလည်း သူတို့ဘုရားပွဲ လူစည်ကားလို့ရှိရင် ငါလုပ်တဲ့ဘုရားပွဲလို့ အိမ်ကျ ကြွားသေးတယ်၊ သူ့ဒကာမအပေါ် ကြွားသေးတယ်။ 'ယနေ့ ကိုယ်လုပ်ထားခဲ့တာ၊ ဘုရားပွဲ ဘယ်လောက်စည်တုံး၊ မင်းလေ··· လာမကြည့်ဘူးလား'၊ သူ့ဒကာမအပေါ် သူက ကြွားလိုက်သေးတယ်။ သူ့ဒကာမကလည်း 'ဒါ အလှည့်ကျ ဘုရားလူကြီးက ကျုပ်တို့အိမ်ကပါ'၊ သူကလည်း လိုက်ကြွားလိုက်သေးတယ်။

ဘာသာရေးဟာ အင်မတန် အရေးကြီးလိုက်တာ၊ သူက ဒီဗုဒ္ဓဘာသာကို အထင်သေးမှာစိုးလို့၊ ပွဲတွေလမ်းတွေနဲ့ ဆိုပြီးတော့ လုပ်ချလိုက်တာ၊ သူကလည်း ကြွားရှာတယ်၊ ဝိုင်းပြီးတော့ အကုသိုလ်နဲ့ ကြွားကြတယ်။ အကုသိုလ်တွေဖြစ်မှန်းလည်း မသိဘဲနဲ့၊ အကုသိုလ်တွေ ဖြစ်နေကြတယ်။

ဘုန်းကြီးက မနေ့တုန်းက ပြောလိုက်ရင် မနည်းဘူး သွားရလိမ့်မယ်၊ တို့သာသနာ အတွင်းရော၊ အပြင်ရော။ ကောင်းပြီ၊ အရှင်ဘုရားတို့သာသနာက ဒီနည်းအားဖြင့် ဆုတ်ယုတ်လာတာ ဆုတ်ပါတော့၊ ဟိုဘက်ဘဝ ကြည့်ကြဦးစို့ဆိုတော့ သာသနာကိုးကွယ်တဲ့ ကျောင်းဒကာ၊ ကျောင်းအမတွေ ဘယ်ရောက်နေကြတယ် ဆိုတာ မသိဘူး။ မနေ့ကပဲ ဒီ ခုလူတွေကတော့ သူတို့တော့ စဉ်းစားပြီး သတိထားပြီးသားဖြစ်တော့ မနေ့တုန်းက 'ဘယ်ဆရာတော် ပျံတော်မူတော့ ကျောင်းပေါ်ကိုတောင် မတက်ဝံ့ဘူးတဲ့၊ အင်မတန်ခြောက်ဆိုကိုး၊ အင်မတန်ထင်ရှားတဲ့ ဆရာတော် ပျံတော်မူတော့ ကျောင်းပေါ်တောင် မတက်ဝံ့ဘူး၊ ခြောက်လိုက်တာတဲ့'။ ကြည့်စမ်း၊ နည်းနည်းကလေးများ ဖြစ်ကြတဲ့ကိစ္စ မဟုတ်ဘူးနော်၊ ရေစုန်၊ ရေဆန်လိုက်တဲ့အခါမှာ ရစရာကို မရှိဘူး။

ဒါကြောင့် ဘုန်းကြီးက မနေ့က မဟောပါဘူးလို့ ခပ်ပေါ့ပေါ့လေး ပြောပြီး ရှောင်သွားတယ်နော်။ ရှောင်သွားပေမယ်လို့ ဒီဘုန်းကြီး အလွတ်

ပြောနေတဲ့စကားတွေ ကြားရတဲ့ပုဂ္ဂိုလ်တွေက အရှင်ဘုရား ဒါတော့ မပါ လာဘူးကိုး၊ မပါလာဘူး ဆိုတော့ ကိုင်း… ပြောရဦးမယ်။

ယနေ့ အာသေဝနပစ္စည်း ကြည့်လေ၊ ပထမဇောက ဒိဋ္ဌဓမ္မ အကျိုးပေးရမယ့်အကြောင်း ဘုရားကိုယ်တော်တိုင် သမာပတ် ဝင်စားတော် မူပါသေးတယ်။ စိတ်ကို ရှင်းသထက် ရှင်းအောင်၊ ရှင်းသထက် ရှင်းအောင်၊ အဲဒီလို သမာပတ်ဝင်စားတော်မူပြီးမှ မဟာဒုဂ်ကို သပိတ်သနားတော်မူပါ တယ်၊ ချက်ချင်း အကျိုးရပါတယ်။ မဟာဒုဂ်ရဲ့ ပစ္စည်းကကော၊ ထင်းပေါက် ထင်းခွဲပြီးတော့၊ သူကိုယ်တိုင် အားနဲ့ရှင်းပြီးတော့ ရခဲ့တဲ့ပစ္စည်းပါ၊ အဲဒါ ကြောင့် သူဌေး ဖြစ်ပါတယ်။ မဟာဒုဂ်၊ အဲဒီ မဟာဒုဂ်ပဲ သာသနာတော် လက်ထက်ကျတော့ သူဌေးသားလေး၊ ပဏ္ဍိတ သာမဏေလေး ဖြစ်ပြီးတော့ တရားထူးရပါတယ်။

လမ်းဟာ ကောင်းမှ ကောင်းတယ်နော်၊ မကောင်းရင် မကောင်းဘဲ ဖြစ်ပါလိမ့်မယ်။ ပြီးတော့ ဘုရားရှင့်မာကြီးတောင်မှ သမာပတ်ဝင်စားတော် မူရသေးတယ် ဆိုတော့ ဘုန်းကြီးတို့အလှူခံပုဂ္ဂိုလ်တွေ ဘယ့်နှယ်လုပ်ကြ မလဲလို့။ အဲ- နဂိုတုန်းကလည်း ဘယ်လောက် စင်ကြယ်နေကြသလဲ၊ တရား ဘယ်လောက်များ ကျင့်နေကြသလဲ၊ အဲဒီလို စသည်အားဖြင့်ပေါ့လေ၊ လျှောက်ပြီးတော့ စဉ်းစား၊ စဉ်းစားတော့ ဘုန်းကြီးတော့ ခက်သွားတာက လူတွေ နားမလည်လွန်းသွားပြီ။ ဘုန်းကြီးတွေလည်း နားလည်ချင်မှ နားလည် မယ်ထင်တယ်။ တချို့ နားလည်ပြန်တော့လည်း ငြိမ်ငြိမ်ကလေး နေလိုက်မှာနဲ့ တူတယ်၊ ဒီလို ဖြစ်သွားတယ်။

## ဘုရားစစ်ကို ရုပ်ပုံကကွယ်

ဒီတော့ မူရင်းကို ပြန်ရောက်အောင် တော်တော်ကြီး ကြိုးစားရပါ လိမ့်မယ်။ ပြောနေကြတယ် မဟုတ်လား၊ ရှေးတုန်းကတည်းကိုက ဘုရား အစစ်ကို ရုပ်ပုံရုပ်ပွား ဆင်းတုတော်များက ကွယ်နေပြီ။ ကြည့်စမ်း… ဘုန်းကြီးတို့ မဟာမုနိဘုရားသွားရင် ရုပ်ပွားတော်ကြီးမှာပဲ ရွှေချတယ်၊ သက်တော်ထင်ရှား မြတ်စွာဘုရားကို စိတ်မရောက်နိုင်ဘူး၊ ကွယ်နေပြီလေ။

ရန်ကုန်ကလည်းပဲ၊ ခု ရန်ကုန်ဒကာများရဲ့ ရုပ်ပုံရုပ်ပွားစေတီတော်ကြီးများ၊ ဒီ ဘုရားအစစ်ကို ကွယ်နေပြီ။ လာကတည်းကိုက ဒီစေတီတော်လောက်ပဲ ရောက်တာဆိုတော့ ဘုရားအစစ်ကို ရုပ်ပုံရုပ်ပွားစေတီများက ကွယ်နေပြီ။။ ဘုရားအစစ် မမြင်တော့ဘူး၊ မမြင်တော့ဘူးဆိုတာ ဘုရားအစစ်ရဲ့စိတ်တော်၊ စိတ်နေစိတ်ထားတော်ကို မမြင်တော့ဘူး၊ အာရုံ မရောက်ကြတော့ဘူးလို့ ဆိုတာ။

## တရားအစစ်ကို ဟောတရားကကွယ်

ယခုလို ဓမ္မစကြာတရားတို့လို၊ ပဋ္ဌာန်းတရားတို့လို၊ သုတ္တန်တရားတို့လို တရားအစစ်ကို ဘယ်သူတွေက ကွယ်ထားတုံး၊ ဘုန်းကြီးတွေ သံနေသံထားနဲ့ ရွတ်ပြီးတော့နေကြတယ်။ ဟောတရားတွေက ကွယ်ထားပြီ၊ တရားအစစ် မရောက်တော့ဘူး။ လူတွေ အဲဒီ သံနေသံထားနဲ့ တရားတွေ နားထောင်ပြီးတော့ ဟုတ်သယောင်ယောင်နဲ့၊ ဟုတ်သလောက်လည်း ဟုတ်ပါတယ်။ အဲဒီလိုနဲ့ တင်းတိမ်နေတဲ့အတွက်ကြောင့် တရားအစစ်အမှန်တွေ ကွယ်သွားပြီ။ ကွယ်သွားပြီ ဆိုတာက ပျောက်သွားတာ မဟုတ်ဘူး။ သူတို့က ဖုံးထားတာ၊ သူတို့က ရှေ့ကကွယ်နေတော့ တရားအစစ်အမှန်တွေ မကျင့်တတ်တော့ဘူး၊ မလိုက်စားတတ်တော့ဘူး၊ အတုအယောင်တွေက ကွယ်ကုန်ပြီလေ။

## သံဃာစစ်ကို ဘုန်းကြီးကကွယ်

အရိယာသံဃာတော်၊ တကယ်ကျင့်တဲ့ အရိယာသံဃာတော်တွေကို ယခု ဘုန်းတော်ကြီးတွေက ကွယ်ထားတယ်။ လှူကြတယ်ဆို ယခု ဘုန်းကြီးတွေကိုပဲ စိတ်ရှိတော့တယ်။ အရိယာသံဃာတော်ကို စိတ်မရောက်တော့ဘူး။ 'သံဃံ သရဏံ ဂစ္ဆာမိ' သံဃာတော်တွေကို ကိုးကွယ်ပါ၏ ဆိုတာ အရိယာသံဃာကို ကိုးကွယ်ရမှာပါ။

ယခုတော့ ဘုန်းတော်ကြီးတွေချည်း မြင်နေတော့ ဒီဘုန်းတော်ကြီးတွေ ကိုးကွယ်ရတာ ဟုတ်ရဲ့လား၊ သူတို့ဟာသူတို့ စနောင့်စနင်းတွေ ဖြစ်ကုန်ပြီ။ ဘယ့်နှယ် ကိုးကွယ်တယ်လို့သာ ဆိုတာ၊ တို့ဘုန်းကြီးတွေဟာ ပွဲလည်း

သွားနေတာပါလား၊ ဘယ် တို့ဘုန်းကြီးတွေ၊ အို-အလှူဒါနတွေမှာလည်း ခေါင်းဆောင်နေတာပါလား၊ တို့ဘုန်းကြီးတွေက ဘယ်မဆို ရှေ့ကပါလား၊ ဒါတွေတို့ 'သံဃံ သရဏံ ဂစ္ဆာမိ' တဲ့လား၊ သံဃာအစစ်အမှန် အရိယာ သံဃာတော်တွေကို ဘုန်းတော်ကြီးတွေက ကွယ်နေပါပြီ။

## ရတနာသုံးပါးကို ဝိဇ္ဇာဂိုဏ်းကကွယ်

ယခုတစ်ဖန် ကြောက်စရာကောင်းတယ်လို့ ဆိုကြစို့။ ဂိုဏ်းတွေ ပေါ်လာပြီ၊ ဂိုဏ်းတွေပေါ်လာတော့ အဲဒီဂိုဏ်းကို နှစ်နှစ်ကာကာ လိုက်စား သွားပြီ ဆိုလို့ရှိရင် ရန်ကုန်တို့၊ မန္တလေးတို့ ဆိုပါတော့ပေါ့။ ဘုရားခန်း ထဲမှာ ဘုရားပန်းတင်တာတောင်မှ ဂိုဏ်းဆိုင်ရာတွေကို ပန်းအညွှန့်မခံဝံ့ဘူး။ ဟို ဘုရားပန်းတော့ မတော်တဆ ညှိုးချင်လည်း ညှိုးပါစေတော့၊ ဂိုဏ်းပန်းက အညှိုးမခံနိုင်ဘူး ဖြစ်နေပြီ။ ဘုန်းတော်ကြီးတစ်ပါး သနားစရာ ကောင်းလိုက် တာက သူကိုယ်တိုင်ဂိုဏ်းပါ၊ သူကိုယ်တိုင် တန်ခိုးအထိုက်အလျောက် ရှိပါ တယ်။ ပြီးတော့ သူကိုယ်တိုင်က ဘာပြောတုံး ဆိုတော့ သူ့ပရိသတ်ကို 'ဘုရားကို ရတနာသုံးပါးကို ဝိဇ္ဇာနှင့် မကွယ်ထားကြနဲ့၊ တို့ဝိဇ္ဇာက လုပ်နိုင် တာ နည်းနည်းလေး ရှိတယ်၊ တို့လုပ်နိုင်တာ နည်းနည်းလေး၊ အပုံတစ်ရာ ပုံမှ နည်းနည်းလေး၊ တစ်ပုံ နှစ်ပုံ၊ ဗုဒ္ဓမြတ်စွာက အင်မတန် ဘုန်းတော် ကြီးတယ်၊ တရားတော်က အင်မတန် မြင့်မြတ်တော်မူပါတယ်၊ အရိယာ သံဃာတော်က အင်မတန် မြင့်မြတ်တော်မူပါတယ်၊ ရတနာသုံးပါးကို ဝိဇ္ဇာ မကွယ်စေနဲ့' ကြည့်စမ်း၊ အလွန်ကြည်ညိုစရာ ကောင်းလိုက်တာ။ ဝိဇ္ဇာဂိုဏ်း ထဲက ဘုန်းကြီးက ရတနာသုံးပါးကို ဝိဇ္ဇာမကွယ်စေနဲ့၊ ရတနာသုံးပါးကို ရတနာသုံးပါးပီပီ ကြည်ညိုတတ်ကြလို့ အမိန့်ရှိပါတယ်တဲ့။

ဒီတော့ ခု အများစုမှာက ရတနာသုံးပါးကို ဂိုဏ်းက ကွယ်နေပြီ၊ ဝိဇ္ဇာက ကွယ်နေပြီ။ ဒီရတနာသုံးပါးကို ဂိုဏ်းက တစ်ခါ ထပ်ကွယ်လာ ပြန်တယ်။ နဂိုက ရတနာသုံးပါးအစစ်အမှန်ကို စေတီပုထိုးက ကွယ်တာနဲ့၊ ဟောတရားတွေက ကွယ်တာနဲ့၊ ကျင့်တရားတွေ ပျောက်လို့။ နောက် ဘုန်း ကြီးတွေက ကွယ်တာနဲ့၊ အရိယသံဃာတော်တွေ ပျောက်လို့။ အာရုံမပြု

တတ်တာ ပျောက်တယ်လို့ ဆိုတာ၊ မမှန်းတတ်တာ ပျောက်တယ်လို့ ဆိုတာ။

အဲဒီလို ဖြစ်နေတာ ဂိုဏ်းတွေ ပေါ်လာပြန်တော့ ဂိုဏ်းတွေက ကွယ်ထားလိုက်တာမှ ကြာလှပြီ။ ရန်ကုန်မှာ ကြားနေတာ၊ 'နတ်ပန်းမညှိုးစေနဲ့' တဲ့၊ နတ်ပန်းမညှိုးစေနဲ့ဆိုတာ ဂိုဏ်းပန်းမညှိုးစေနဲ့ ဆိုတာပဲ။ အဲဒီပြင် ဘုရားပန်းတော့ မတော်တဆပေါ့လေ၊ ကိုင်း… ရှိပါစေ၊ ဘုရားက ထလာပြီးတော့ မဆူပါဘူး။ ဒီဝိနှာတို့၊ ဂိုဏ်းတို့က သူတို့မကျေနပ်လို့ ရှိရင် ချက်ချင်း မတော်မတရား လုပ်ချင်ကြမှာ။ ဒီတော့ ဝိနှာတို့၊ ဂိုဏ်းတို့ကိုတော့ ပန်းညှိုး မခံဝံ့ဘူး။ ဘုရားပန်းတော့ ညှိုးချင် ညှိုးပါလေ။ လာနေပြီ၊ လာနေပြီ၊ ရန်ကုန်မှာ ကြာလှပြီ။

မန္တလေးမှာ အင်မတန် သာသနာ လေးစားတယ်လို့ ဆိုတာတောင်မှ တဖြည်းဖြည်း ဒီဝိနှာတို့ ဘာတို့ ရောက်လာပြီလေ။ မြတ်စွာဘုရားလက်ထက်တော်တုန်းက အနာထပိဏ်သူဌေး သေဆုံးပါတယ်၊ ဆုံးတာ ဆုံးတာပါပဲ၊ ဘုရား ဘာမှ မတတ်နိုင်ဘူး။ ဗိမ္ဗိသာရမင်းကြီး ဓားခွဲ ခံရတယ်၊ ခံရတာ ခံရတာပါပဲ၊ ဘုရား ဘာမှ မတတ်နိုင်ဘူး။

သူ့ကံနဲ့ သူ့အကြောင်းနဲ့ လာလို့ရှိရင် ဘာမှ မတတ်နိုင်ပါဘူး။ ဘုရား မတတ်နိုင်တာကို နတ်တတ်နိုင်ပါ့မတဲ့လား၊ ဝိနှာ တတ်နိုင်မတဲ့လား။ ဟုတ်တယ်၊ တချို့ တချို့က အပြုသဘောလေးတွေ ရှိပါတယ်။ တတ်နိုင်တယ်၊ နည်းနည်းတော့ တတ်နိုင်တယ်၊ ဘေးရန်မဟုတ်တဲ့ နေရာမှာ တတ်နိုင်တယ်၊ ဘုန်းကြီးလည်း သိပါတယ်။ ဘုန်းကြီးကျောင်းတိုက်ကိုလည်းပဲ လေးစားကြပါတယ်။ တစ်ခါတုန်းက ဝိနှာတို့၊ ဂိုဏ်းတို့ဆိုင်ရာက သူတို့ကလည်း ဒီဘုန်းကြီးက ဘယ်လို ဘာဘာညာညာနဲ့ ပြောတော့ သူတို့ တစ်တွေက-

'ဂန္ဓာရုံဆရာတော်ဦးဇနက ဒီဂိုဏ်းထဲ မဝင်ဘူးလား ပြောကြတယ်' တဲ့၊ ဒီစကားက ဘုန်းကြီးဆီ ရောက်လာရော။ အဲဒီတော့ ဘုန်းကြီးက ပြောလိုက်တယ်၊ ဂိုဏ်းထဲဝင်ဖို့ မလိုဘူး၊ ဘုန်းကြီးက ဘုရားသာသနာတော်ကို ပီပီကြီး အလုပ်လုပ်နေတာ၊ ဂိုဏ်းက ဘုန်းကြီးအလုပ်ကို ကျေနပ်လို့ ရှိရင်၊ ဝိနှာက ဘုန်းကြီးအလုပ်ကို ကျေနပ်လို့ရှိရင် လာကူပါ။ ဘုန်းကြီးက

ဂိုဏ်းထဲဝင်ဖို့ မလိုပါဘူး။ ဟိုဂိုဏ်းထဲ ဒီဂိုဏ်းထဲဝင် ဘုန်းကြီး ဝင်လိုက်လို့ ရှိရင် -

'ဦးဇနက က မကြီးပွားဘဲ နေပါ့မလား၊ သူက ဂိုဏ်းဘုန်းကြီး။ အို- ပြီးရော ပြီးရော၊ ပျက်ရော၊ ဘုန်းကြီးတို့ သာသနာတော်ကြီး အကုန်လုံး ပျက်တာပဲ၊ ပြီးတာပဲ'

'သိလား၊ ဦးဇနက က မကြီးပွားဘဲ နေပါ့မလား၊ ဆန်တို့ ဘာတို့ မရဘဲ နေပါ့မလား။ သူက ဂိုဏ်းဘုန်းကြီး၊ သူက ဂိုဏ်းနတ် ကိုးကွယ်ထား တာ၊ ဂိုဏ်းကိုးကွယ်ထားတာ ဦးဇနက က၊ ငါးပါးသီလ မြဲရတယ်၊ သူက ဂိုဏ်းကိုးကွယ်လို့'

လောကကြီး သွားတော့မှာ၊ သွားတော့မှာ၊ သာသနာကြီး သွားတော့ မှာ၊ ပျက်တော့မှာ။ ဒါ့ကြောင့် ဘယ်ဂိုဏ်းကိုမှ ဘုန်းကြီး ဝင်ဖို့မလိုဘူး။ ဘုန်းကြီးအလုပ်ကို ကျေနပ်လို့ရှိရင် ဂိုဏ်းများက ဝိဇ္ဇာများက ဘုန်းကြီးအလုပ် ကိုတော့ အားပေးချင် အားပေးပေါ့။ အားမပေးချင်ဘူး ဆိုလို့ရှိရင်လည်း အားမပေးနဲ့ပေါ့။ ဘုန်းကြီးလမ်းနဲ့ ဘုန်းကြီးသွားမှာ၊ အဲဒီလို ပြောထားရတယ်။

ဒါ့ကြောင့် ဘုန်းကြီးကျောင်းတိုက်မှာ ရောက်လာလို့ရှိရင်လည်း ဘုန်းကြီးက မဟုတ်ဘူးနော်၊ ကုသိုလ်တွေ၊ အလှူဒါနလုပ်တဲ့အခါမှ အကုသိုလ် တွေ နောက်က နောက်က များလွန်းတယ်။ ဒီအကုသိုလ်တွေက အပါယ်ချတာ မဟုတ်ပါဘူး၊ အကျိုးမရတာပါ၊ အပါယ်တော့ မချပါဘူး၊ ငွေကုန်သလောက် အကျိုးမရပါဘူး။ ကျောင်းတွေဆောက်ကြတယ်၊ ဘုန်းကြီးတွေ ကိုးကွယ်ကြ တယ်၊ ဘယ်ဘုန်းကြီး ဘယ်လောက်လှူခဲ့တယ်၊ သွားရော့··· သွားရော့··· သွားရော့၊ လှူပါစေ၊ လှူပါစေ၊ ဘယ်နှထောင် လှူခဲ့တယ်၊ လှူလှူ သွား ရော့··· သွားရော့၊ နင့်ဟာ နင့်ဟာ မဟုတ်ပါဘူးလေ။

သင်တို့ဟာ သင်တို့ဟာ ဟို ရေထဲသွန်ချလိုက်တာနဲ့ အတူတူပါပဲ။ ဒီ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်တောင်မှ အလှူခံခါနီးမှာ ဒိဋ္ဌဓမ္မရမည့် အခန်း ကျတော့ စိတ်တော်တွေကို ထပ်ပြီးတော့ စင်ကြယ်အောင်ပေါ့လေ၊ စင်ကြယ် ပြီးသား··· စင်ကြယ်ပြီးသား။ တချို့ဘုန်းကြီးတွေက ဘာမှ မရှိဘူး၊ ဘာမှ မရှိဘူး၊ သင်တို့ လှူဒါန်းကြတာတော့ ဒီအပြင် အကျိုးရတာတော့ ဝေးပါသေး

တယ်၊ စာက ရှိတယ်ကိုး၊ စာက 'သတဂ္ဃော' အဆတစ်ရာ အကျိုးပေးတယ် လို့ ဆိုပါတယ်။ ဟုတ်တယ်၊ တိရစ္ဆာန်လှူတဲ့အလှူက၊ ဟော… ခွေးကလေး ငတ်နေတယ်၊ ကဲ-ကဲ လုပ်ပါဦးဟေ့၊ လုပ်ပါဦးဟေ့၊ တို့စားဖို့ သောက်ဖို့ ထဲကဖြစ်ဖြစ်၊ တကတဲ ခွေးကလေးကျွေးလို့၊ ခွေးကလည်း အမြီးတနှန့်နှန့်နဲ့ ပြုံးလို့ စားရှာတယ်၊ သောက်ရှာတယ်၊ ဝမ်းသာလွန်းလို့။ ဒီတော့ ကြည့်ရတာ ဝမ်းသာလို့၊ အဲဒီအလှူမျိုးကို ပေးလှူရင် ဒီက ထမင်းတစ်ပွဲလောက်ဟာ ဟိုမှာ အဆတစ်ရာ အကျိုးပေးတယ်။ အဲဒီ ခွေးကျွေးတဲ့ အလှူက အဆ တစ်ရာ အကျိုးပေးတယ်။

ဘာပြုလို့တုံး၊ အဲဒီ ခွေးကလေးကို သနားတဲ့ ကရုဏာနဲ့၊ ခွေး ကလေးကို စားပါစေဆိုတဲ့ မေတ္တာနဲ့၊ ကုသိုလ်စိတ်နဲ့ ကြည့်ပြီးတော့ အလှူ ပေးနေတာ၊ အဲဒါ အဆတစ်ရာ အကျိုးပေးပါတယ်။ အခု လူတွေကို ဖိတ် ပြီးတော့ ရှေ့က တီးစရာလေးနဲ့ တီးလို့၊ ကလို့ ခုန်လို့၊ နောက်ကလည်းပဲ ဘာမုန့် ညာမုန့် ဆိုတာတွေ စားလို့၊ သူတို့က ပွဲလမ်းသဘင်တွေ ကြည့်လို့။ ဒီကလည်း 'ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်' ဆိုတဲ့ လောကွတ် ကလေးနဲ့၊ ဘယ်မှာလဲ ကုသိုလ်၊ ဘယ်မှာလဲ ကုသိုလ်၊ ခွေးကလေးကို ကျွေးနေတာက ကုသိုလ်တွေ သိပ်ကြီးကျယ်တာ၊ ခု ကုသိုလ်ဘယ်မတုံး။ အကယ်၍ ကုသိုလ် ဖြစ်လို့ ရှိရင်တော့ ဟုတ်ပါတယ်၊ အဆတစ်ရာမက အကျိုးပေးမယ်။ ယခု ကုသိုလ်ဖြစ်ကြရဲ့လားလို့၊ အဲဒါတွေထောက်ပြီးတော့ ဘုန်းကြီးပြောတာတွေကိုလေ သိပ်နားထောင်ဖို့ ကောင်းတယ်။

## အလှူအတန်းတွေ ပြင်ဖို့ကောင်းပြီ

ဘုရားပွဲ၊ ကျောင်းပွဲတွေ တစ်နေ့ ပြင်ဖို့ကောင်းပြီ။ ရှင်ပြုပွဲတွေ တစ်နေ့ ပြင်ဖို့ကောင်းတယ်။ ပိုက်ဆံကုန်ပြီးတော့ အကျိုးက နည်းလွန်းလို့။ ဘုန်းကြီးပျံတွေ တစ်နေ့လုံးလုံး ပြင်လိုက်ဖို့ကောင်းတယ်။ တစ်ခုထပ်ပြီး တော့ ပြောရဦးမယ်။ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူတဲ့ အိန္ဒိယနိုင်ငံမှာ ကျောင်းကန် ကြီးကြီး ဒီလောက် မကြီးကျယ်ဘူး၊ မပေါဘူး။ အဲဒီက ရွှေ့ပြောင်းပြီးတော့ လာတဲ့ သီဟိုဠ်ကျွန်းမှာ ယခုထိ ရှိတယ်၊ ကြည့် သီဟိုဠ်ကျွန်း ပျက်မသွား

သေးဘူး၊ ဘာသာရေးဟာ ယခုထိကြည့်။ ယခု သီဟိုဠ်ကျွန်းလည်း ဆုတ်လာပြီ၊ ဘုန်းကြီးတွေ အချိုးမကျလို့ ဆုတ်လာခဲ့ပြီ။ ကျောင်းကြီးတွေ ဘယ်လောက်ကြီးကြီး ရှိတုံး၊ သိပ်မရှိဘူး၊ ဘာပြုလို့လဲ၊ ဒါနက ဒီမှာတင် အင်မတန်ကြီးကျယ်တာ။ ဒီပြင်နိုင်ငံက ဒါန ဒီလောက် မကြီးကျယ်ပါဘူး။

ဘာပြုလို့ ဒီနိုင်ငံက ဒါန ဒီလောက် ကြီးကျယ်သတုံး ဆိုတော့ အရှင်အရဟံတို့ ရောက်တဲ့အခါကစပြီးတော့ တရားဟောလို့ လွယ်တာက ဒါနက လွယ်တယ်။ လွယ်တော့ လူတွေကလည်း ကြွေးမရှိ၊ သူများဥစ္စာတွေ မရှိ၊ ချောင်ချောင်လည်လည် ဆိုတော့ ဟိုပုဂံခေတ်က စပြီးတော့ ဘုရားတွေ တည်လို့ လှူကြတန်းကြ၊ တချို့က ပြောတယ်။ ပုဂံခေတ်က ဘုရားတည်မှာ ပေါ့၊ အဓွဂေါဏတို့ ရွှေတွေ၊ ငွေတွေ သိပ်ဖြစ်တာ၊ အိုအို··· အဓွဂေါဏ ဟိုတုန်းက ရွှေတွေ၊ ငွေတွေ ဖြစ်တာလား၊ ဟော တောင်မြို့ဘုန်းတော်ကြီး တစ်ပါးက ရွှေတွေ၊ ငွေတွေ ဖြစ်ပြီးတော့ တောင်မြို့က လူတွေ အိမ်တွေမှာ ရွှေတွေ၊ ငွေတွေ ပေးထားလိုက်တယ် ဆိုတော့ ကဲ- ဘုရားတည်လို့ ဖြစ်မလား လို့၊ ကျောင်းဆောက်လို့ ဖြစ်မလားလို့။

'ဟော့··· ငါ ဘုရားတည်ချင်လို့ အုတ်ကလေး၊ ဘာကလေး တိုက် ပေးစမ်းပါ'၊ 'အောင်မာ လူ အုတ်တိုက်တဲ့ လူမှတ်လို့လား၊ ကျုပ်ဘုန်းကြီး က ပေးထားတဲ့ ရွှေတုံးကြီးရှိသူ၊ အုတ်မတိုက်ဘူး'၊ သူလည်း အုတ်မဖုတ်ဘူး၊ သူလည်း လက်သမား မလုပ်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ရွှေဖြစ်၊ ငွေဖြစ် ဘုန်းကြီးက ရွှေတွေ၊ ငွေတွေ ပေးထားတာလေ။ လက်သမား ရှာမရဘူး၊ ပန်းရန် ရှာမရဘူး၊ အုတ်ဖုတ်မယ့်သူ ရှာမရဘူး၊ အိမ်ခိုင်းစရာ ရှာမရဘူး၊ အိမ်ဖော် မရှိဘူး၊ ကိုယ့်ဘာသာကိုယ်လုပ်ကြ၊ နောက်ဆုံးတော့ စပါးလုပ်မယ့် သူတောင် မရှိဘူး။

တို့က တောင်သူ မဟုတ်ဘူး၊ တို့က ရွှေတွေ ရှိတယ်၊ ငတ်ကြရော။ တစ်ယောက်ကများ ရွှေဖြစ် ငွေဖြစ်လို့ ပေးလို့ရှိရင် ငတ်ပြီးတော့ သေကို သေကုန်ကြမှာ။ အဲဒါ အဓွဂေါဏတို့လက်ထက်ကလည်း မဟုတ်ဘူး၊ ဟုတ်လို့ ရှိရင် ဒီဘုရားတည်လောက်အောင် အုတ်ကို မရှိဘူး။ အဲဒါကြောင့် ရွှေတွေ၊ ငွေတွေ ဖြစ်လို့၊ ငွေများ ပေးလို့ရှိရင် တောင်သူလည်း လုပ်မယ့်သူ မရှိလို့

တော်ကို တော်လိမ့်မယ်။ ဆန်တစ်ပြည် လေးကျပ်မကဘူး၊ လေးဆယ်ဖြစ်လည်း ဝယ်ရတော့မှာ၊ ဝယ်လည်း ရမှာမဟုတ်ဘူး။ သေကို သေကြမှာ၊ ဒါကြောင့် မဟုတ်ပါဘူး။

ဒါပေမဲ့ ဒါနကို ဦးကျိုးလာရော၊ ရှင်ဘုရင်ဆိုတဲ့ သူတို့ကလည်း ဘာလုပ်ချင်ကြတုံး၊ ရှင်ဘုရင် ပြန်ဖြစ်ချင်တယ်၊ ရှင်ဘုရင် ပြန်ဖြစ်ချင်တော့ နန်းတော်ကြီးလို ကျောင်းကြီးတွေဆောက်။

မိဖုရားတွေလည်း နန်းတော်ကြီးတွေလို ကျောင်းကြီးတွေဆောက်၊ သူတို့ ဘာဖြစ်ချင်လို့တုံး၊ နိဗ္ဗာန်ကို မလိုချင်ပါဘူး၊ ရှင်ဘုရင် ပြန်ဖြစ်ချင်တာပဲ။ မှူးကြီးမတ်ကြီးတွေက မှူးကြီးမတ်ကြီးတွေ ပြန်ဖြစ်ချင်တော့ သူတို့ကလည်း နန်းတော်တမျှ ကျောင်းကြီးတွေဆောက်၊ မြန်မာနိုင်ငံမှာ ဒီလို ဦးကျိုးလာတယ်။

နောက်တော့ ရှင်ဘုရင်က သားတော် ရှင်ပြုတယ်ဆိုတော့ ခမ်းခမ်းနားနားနဲ့ မင်းမြောက်တန်ဆာတွေ ဘာတွေနဲ့။ အမတ်ကြီးတွေကလည်း သူတို့ သားကျတော့ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် မင်းမြောက်တန်ဆာတွေ ဘာတွေနဲ့။ နောက် အမတ်ကြီး အကြောင်းပြုပြီး သူတို့သား ချူနာပါတေးကို မင်းမြောက်တန်ဆာတွေ ဘာတွေဆင်၊ ဒီလိုနဲ့ လာပြီးတော့ ဦးကျိုးကုန်ကြတာ ဘုန်းကြီးသိပါရဲ့။

'ကုသလော ဓမ္မော- ကုသိုလ်တရား ပေါက်စကလေးက၊ အကုသလဿ ဓမ္မဿ- အကုသိုလ်တရား အကြီးကြီး အများကြီးအား၊ ဥပနိဿယပစ္စယေန- ပကတူပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော- ကျေးဇူးပြုသည်၊ ဟောတိ- ဖြစ်၏'။

အဲသလိုဖြစ်လို့ ဘဝသံသရာအကျိုး ရလို့ရှိရင် ဟုတ်ပါရဲ့။ ကုသိုလ်မှ မဟုတ်ဘဲနဲ့၊ အကုသိုလ်က ဘယ်တော့မှ ကောင်းကျိုးမရပါဘူး။ အဲဒါကြောင့် ဓောဆိုတာ ကုသိုလ်ဖြစ်ရင်ဖြစ်၊ မဖြစ် အကုသိုလ်··· အကုသိုလ်၊ ကုသိုလ်၊ အကုသိုလ် နှစ်မျိုးပဲရှိတယ်။ ဒီပြင်စိတ်တွေဟာ ဘယ်လောက်မှ အရာထင်တဲ့ စိတ်တွေ မဟုတ်ပါဘူး။ ဒီတော့ မိမိစိတ်ကို မိမိကြည့်ပြီးတော့ ကုသိုလ်လား၊ အကုသိုလ်လား၊ အဲသလို ဆုံးဖြတ်ပြီးတော့ ကုသိုလ်ဖြစ်အောင် ကြိုးစားကြပါ။

ဘုန်းကြီးတို့ ပဋ္ဌာန်းပစ္စည်းက အင်မတန်တိကျပါတယ်။ ဒီပစ္စည်းကို အကြောင်းပြုပြီး မိမိတို့လည်း တိကျတဲ့အလုပ်ကို လုပ်နိုင်အောင် ကြိုးစားရပါ့မယ်။

## သာသနာအသက်သည် ဝိနည်း

'ဤကျောင်းတိုက်၌ စိတ်ကောင်းရှိဖို့က ပထမ၊ ဝိနည်းလေးစားဖို့က ဒုတိယ' ဟောဒီလို အစီအစဉ် လုပ်ထားတယ်။ ရမ်းပြီးတော့ ဘုန်းကြီးဉာဏ်နဲ့ လုပ်တာ မဟုတ်ဘူး။ ဒီ ဗုဒ္ဓသာသနာတော်ရဲ့ အခြေခံက ဝိနည်းသီလပဲ။ ဒီတော့ ဝိနည်းသီလကို ကျင့်ကြ၊ မကျင့်လို့ကို မဖြစ်ဘူး။ တစ်ပါးစီလည်း ကျင့်ကြ၊ တစ်တိုက်လုံးလည်း ကျင့်ကြ။

ဘာဖြစ်လို့ ဒီလောက် ဘုန်းကြီး အကျင့်ခိုင်းနေရတာလဲ။ ဗုဒ္ဓမြတ်စွာက… **ဝိနယောနာမ သာသနဿ အာယု**။

ဝိနည်းသီလ ဆိုတာ သာသနာတော်ရဲ့ အသက်ပဲ၊ သာသနာတည်တယ်ဆိုတာ ဒီ ဝိနည်းသီလတွေ တည်နေတာ။

ဝိနယေ- ဝိနည်းသီလသည်၊ ဌိတေ- ရဟန်းသံဃာတို့အပေါ်၌ လဇ္ဇီသူတော်ကောင်းတို့အပေါ်၌ တည်သည်ရှိသော်၊ သာသနံ- သာသနာတော်သည်၊ ဌိတံ- တည်သည်၊ ဟောတိ- ဖြစ်၏။

ဝိနည်းတည်ရင် သာသနာတော် တည်တာပဲ။ ဝိနည်းမတည်လို့ ရှိရင် ဘုန်းကြီးတွေ ရှိနေပေမယ်လို့ သာသနာ မတည်ပါဘူး။

## သာသနာတော်ကြီး ကျနေပြီ

ဒီတော့ ခု သာသနာတော်ကြီး ကျနေတယ် ဆိုတာ ဘုန်းကြီးက သိသားပဲ၊ ဝိနည်းမကျင့်ကြလို့၊ စောစောက ဝိနည်းမကျင့်ကြလို့မို့ အကျင့်ဘက်က နေပြီးတော့ သာသနာတော်ကြီး ကျတယ်လို့။

သာသနာတော် ကျမှာပေါ့၊ ကျမှာပေါ့၊ သာသနာတော်ရဲ့ အသက်ဖြစ်တဲ့ ဝိနည်းကိုမှ ဂရုမစိုက်ကြဘဲ ကျမှာပေါ့၊ ပျောက်ကို ပျောက်သွားမှာ။ ဘုန်းကြီးက သေသေချာချာ သိတာ၊ ခုကျသွားပြီ။ ဘုန်းကြီးကတော့ မလျှော့

ပါဘူး၊ ကျပါစေ…၊ ဒီကျောင်းတိုက်က ဝိနည်းအသက်ကို ပြန်ပြီးတော့ ဆက်ရမယ်၊ ဆက်ရမယ်လို့ ဆိုတော့ ဒီအရေအတွက် ကျသွားဖို့ ကောင်းတာ၊ ကျမသွားဘူး။ ဒါ တော်တော်ဆန်းတာ၊ တော်တော်ဆန်းတာ။

ပြီတော့ ဒကာ၊ ဒကာမတွေ၊ ဘယ် ဒကာ၊ ဒကာမမှ အဆက်အသွယ် မလုပ်ပါဘူး။ ကျောင်းဒကာ၊ ကျောင်းအမတွေက စပြီး အဆက်အသွယ် မလုပ်ပါဘူး။ သူတို့ဟာသူတို့ ရောက်လာကြတာ။ ခု ဒီနားမှာ တည်နေတဲ့ တိုက်တစ်တိုက်ဟာ ဘုန်းကြီးရဲ့ နမဝမ်းကွဲ တော်ပါတယ်။ သူ ကျောင်းဆောက်ချင်တယ်၊ ကျောင်းဆောက်ချင်တယ် ဖြစ်နေတာ ကြာပြီ။ အဲ- ဘုန်းကြီးက မပြောနဲ့ နေပစေ၊ မဆွယ်ကြနဲ့၊ ကျောင်းဆောက်ရင်း စိတ်မကောင်းဖြစ်လို့ရှိရင် ဘုန်းကြီးဆီ လာဆောက်လို့ ဖြစ်ရတယ်၊ ဘယ်သွားဆောက်ရင် ဖြစ်မှာပဲလို့ ဆိုတာကို သူ နောင်တရနေလိမ့်မယ်၊ မဆွယ်ကြနဲ့။

ဒီတော့ သူ့ဆီလာပြီးတော့ ဘယ်က လာဆောက်ပါ၊ ဘယ်မှာ ဘာကြီးဆောက်ပါလို့ သူ့ကို ဝိုင်းဆွယ်နေကြတယ်။ ဘုန်းကြီးက မဆွယ်နဲ့၊ တို့ ဒီလို ဆွယ်တရားထဲ မပါကြနဲ့၊ ဆွေမျိုးတွေကိုလည်း ပြောထားတယ်၊ သွားမပြောကြနဲ့လို့။ နောက်တော့ သူ့ဘာသာသူ လာပြီးတော့ လျှောက်တော့မှ ကောင်းတာပေါ့လို့။ ဘုန်းကြီးကတော့ ဆွေမျိုးပေမယ်လို့ မဆွယ်ရဘူးလို့ ပြောထားတာပဲ။ လာဆောက်တော့ ဘုန်းကြီးမှာလည်း ဂုဏ်ရှိပါတယ်။ သူ့ဆွေမျိုးက တိုက်ကြီး လာတည်သတဲ့ဆိုတော့ ဘုန်းကြီးမှာလည်း ဂုဏ်ရှိပါတယ်။

ပြီးတော့ တိုက်အမလည်းပဲ သူ့ဆွေမျိုးရှိတာ သွားတည်ရတယ်ဆိုတော့ ဂုဏ်ရှိပါတယ်။ အမျိုးကျောင်းတိုက်က သာမန်ကျောင်းတိုက် မဟုတ်တော့ ဂုဏ်ရှိတာပေါ့လို့၊ ကောင်းတာပေါ့လို့၊ အဲဒီလို ဘုန်းကြီးက ပြောလိုက်ပါတယ်။ ဒို့ပြင် ဒကာ၊ ဒကာမဆိုတာ ဝေးလို့ ဝေးလို့၊ ဒီဆွေမျိုးတောင် မဆွယ်ရဘူးလို့ ပြောထားတယ်။

ဓမ္မော- သုစရိုက်တရား မြတ်ဆယ်ပါးသည်၊ ဓမ္မော- ဝိနည်းကို ကျင့်တဲ့ တရားသည်၊ ဓမ္မစာရီ- တရားကို ကျင့်လေ့ရှိတဲ့ သံဃာအစု ကျောင်းတိုက်တစ်ရပ်လုံးကို၊ ရက္ခတိ- ပြန်၍ စောင့်ရှောက်နေ၏။

တရားတော်က ဒီအတိုင်း ရှိတယ်။ ဘုန်းကြီးက ပြန်ပြီးတော့ စောင့်ရှောက်ဖို့ကို အကျင့်ခိုင်းတာ မဟုတ်ပါဘူး။ မစောင့်ရှောက်ချင် နေပါလေ၊ တရားကို ယုံပါလေ၊ တရားက ပြန်ပြီးတော့ မစောင့်ရှောက်လည်း အရှိအသေ မပျက်ပါဘူး၊ အကြည်ညိုမပျက်ပါဘူး။ တရားကို တရားအတိုင်း ကျင့်ရပါမယ်လို့။

ယခုကျင့်ပါ၊ အများက ဒီထက်ပိုကျင့်ရင် ပိုကောင်းမှာပါ။ ဒီထက်ပိုကျင့်ရင် ဆိုတော့ အကျင့်က လျော့နေပါတယ်။ ဘုန်းကြီးကလည်း သိပါတယ်။ နေရာတိုင်းမှာ ဘုန်းကြီး မလိုက်နိုင်လို့ အသာကလေး သိသလောက်လေးနဲ့ မြုံနေရတယ်။ တစ်နေ့နေ့ကို ထုတ်ပစ်ရတဲ့အဖြစ်မျိုး ရောက်ပါလိမ့်မယ်။ မသိလို့မဟုတ်ပါဘူး၊ သိပါတယ်။ လိုက်ပြီးတော့ ဘုန်းကြီး မစဉ်းစားနိုင်ပါဘူး။ ဒါကြောင့် ပိုပြီးတော့ စောင့်ရှောက်ရင် ကုသိုလ်စေတနာ ပိုပြီးတော့ ဖြစ်ပါတယ်။

## စာရိတ္တဆိုတဲ့ ဝိနည်းကို ဂရုစိုက်ပါ

ဒါကြောင့်မို့ ဘုန်းကြီးက သိနေလို့ သိနေလို့၊ နိုင်ငံကြီး ကျသွားပြီ၊ သာသနာတော်ကြီး ကျသွားပြီ။ ဘာဖြစ်လို့ ကျသလဲ၊ တိုင်းသူပြည်သားတွေ စိတ်မအေးဘူး၊ ဘာလို့ မအေးဘူး ဆိုတာ သိတယ်။ အကျင့်စာရိတ္တတွေ အကုန်လုံး ပျက်စီးကြတယ်၊ အကျင့်စာရိတ္တတွေ အခုမှ ပျက်တာ မဟုတ်ဘူး။ ဟို စစ်အတွင်းထဲက စပျက်ခဲ့တာ။ ကောင်းနိုး ကောင်းနိုးနဲ့ လာခဲ့တာ၊ ယခု လူတွေရဲ့စာရိတ္တတွေ အင်မတန်လျော့သွားလို့ လူတွေ စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်ရဲ့လား ဆိုတော့ အုပ်ချုပ်သူအစိုးရလည်း စိတ်မချမ်းသာဘူး၊ အုပ်ချုပ်ခံ တိုင်းသူပြည်သားတွေလည်း စိတ်မချမ်းသာဘူး။ သိတယ် သိတယ်၊ နောက် ချမ်းသာဖို့ ဆိုတာလည်း ကိုယ်ကျင့်တရားနဲ့ပဲ ပြန်ဆယ်ရမယ်၊ သာသနာတော်ကြီးလည်း ဆုတ်သွားပြီ။ သိတယ်၊ အရေအတွက်ပါ ဆုတ်သွားပြီ။ သိတယ်၊ ဘာပြုလို့လဲ၊ စာရိတ္တဆိုတဲ့ ဝိနည်းကို ဂရုမှ မစိုက်ဘဲနဲ့။

အကျင့်စာရိတ္တကို ဂရုမစိုက်လို့ လူတွေလည်း ကျဆင်းသွားပြီ။ ကျဆင်းသွားတော့ စိတ်ဆင်းရဲနေကြတယ်။ တချို့ စီးပွားဥစ္စာတွေ ရပေမယ်

လို့ စိတ်မကြည်ပါဘူး၊ မအေးပါဘူး။ သာသနာတော်မှာ တချို့ ဘုန်းကြီး တွေလည်း ဘုန်းတွေကံတွေ ကြီးပါတယ်လို့ ဆိုပေမယ်လို့ စိတ်မချမ်းသာဘူး။ စိတ်မချမ်းသာရုံတင်မကဘူး၊ သေတော့လည်း အသေမကောင်းပါဘူး။ မကောင်းဘူး ဆိုတာလည်း ဘုန်းကြီးမှာ ကြားနေပါတယ်။ မကြားလည်း ဘုန်းကြီးက သိနေပါတယ်လေ။

ဘာပြုလို့တုံး၊ တရားက လွဲမှ မလွဲဘဲနဲ့၊ ဒီဘုန်းကြီးတွေဟာ ဂတိ မကောင်းနိုင်ပါဘူး။ ဒီတော့ ဒီကျောင်းက လျှော့ပေးလို့ မဖြစ်ဘူး၊ သိကို သိနေတယ်။ ဒါကြောင့် တရားသဘောကို သိနေတာဖြစ်တော့ ဝိနည်းကို ကျင့်ကို ကျင့်ကြပါ။

'ဓမ္မော- သုစရိုက်တရား မြတ်ဆယ်ပါးသည်၊ ဓမ္မစာရိ- တရားကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်ကို၊ ရက္ခတိ- ပြန်၍ စောင့်ရှောက်၏၊ သုစိဏ္ဏော- ကောင်းစွာအသင့် သဒ္ဓါပွင့်၍ ပြုကျင့်အပ်သော၊ ဓမ္မော- သုစရိုက်တရား မြတ်ဆယ်ပါးသည်၊ သုခံ- လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာတိုင် အောင် သုံးတန်သော ချမ်းသာကို၊ အာဝဟတိ- ရွက်ဆောင်နိုင်ပါပေ သတည်း'။

တရားတော်က ဒီအတိုင်း ဟောထားတယ်၊ လက်တွေ့ ဒီအတိုင်း ဟုတ်နေတယ်။ ဒါ ဘာဖြစ်လို့ မလုပ်ကြသလဲ၊ သဒ္ဓါတရား မရှိလို့၊ ယုံကြည်မှု သဒ္ဓါတရား ပိုင်ပိုင်ကြီး မရှိလို့။ ဘုန်းကြီးက ဘုရားကို ပိုင်ပိုင်ကြီး ယုံကြည် တယ်လေ။ ဒီ့ပြင်ပုဂ္ဂိုလ်တွေကကော မယုံကြည်ဘူးလား ဆိုတော့ လုပ်ပုံ ကိုင်ပုံကြည့်ရတာ ယုံကြည်မှု နည်းတယ်လို့ ထင်တယ်။ ဘုန်းကြီးက ဗုဒ္ဓ မြတ်စွာရဲ့ တရားတော်ကို လုံးဝ ယုံကြည်တယ်လေ။

ဒီဘဝ အကျိုးမပေးလည်း ကျင့်မှာပဲ။ အဲ- ကိုယ်တော်တို့ ဝိနည်း သာ ကျင့်နေတာ ခြောက်သွေ့သွေ့ကြီးပါလား ဆိုရင် ခြောက်သွေ့ချင် ခြောက်သွေ့ပါစေ ကျင့်မှာပဲ။ ဘာပြုလို့တုံး၊ တရားရဲ့သဘောကို ဘုန်းကြီး နားလည်တယ်လေ။ 'ဗုဒ္ဓ၊ ဓမ္မ' ယုံကြည်တယ်၊ ယုံကြည်ရတဲ့ အရာဝတ္ထုက မှန်မှ သဒ္ဓါမှန်တယ်နော်။ ယုံကြည်ခံရတဲ့ဝတ္ထုက မှားနေလို့ရှိရင် နှုတ်က သဒ္ဓါ သဒ္ဓါလို့ ပြောနေပေမယ်လို့ သဒ္ဓါအစစ် မဟုတ်ပါဘူး။

ကဲ… တစ်ခါ 'သံဃာ'၊ ဘုန်းကြီး ကြည်ညိုတဲ့သံဃာက မကြာခဏ ပြောတယ်၊ 'အရိယသံဃာတော်'တွေ။ သာသနာ့ဝန်ကို ရှင်မဟာကဿပတို့ ဆောင်သွားတယ်၊ အရိယာလည်း ဖြစ်ပြီးသား၊ ရဟန္တာတွေ သိပ်ကြည်ညိုတာပဲ။ ဒုတိယတစ်ခါ ဒုတိယသင်္ဂါယနာတင်တော့ အရှင်မဟာယသတို့၊ သဗ္ဗကါမီ မထေရ်ကြီးတို့ ကောင်းစွာ ဆောင်သွားတယ်။ တရားလည်း ရပြီးသား၊ ရဟန္တာလည်း ဖြစ်ပြီးသား၊ သာသနာကို ဆောင်သွားတယ်။ ဘုန်းကြီးက ယုံကြည်ပြီးသား၊ ယုံကြည်တာမှ သိပ်ယုံကြည်တယ်၊ အသက်အတိုင်း ကြည်ညိုတယ်၊ မိမိအသက်နဲ့ တန်းတူကြည်ညိုတယ်လေ။

တတိယ သင်္ဂါယနာတင်တော့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးတို့ ပြဟ္မာစည်းစိမ် စွန့်ပြီးတော့၊ လူ့လောကကြီးထဲ ပဋိသန္ဓေနေပြီးတော့ ရဟန္တာကြီးဖြစ်လို့၊ သာသနာတော် ဆောင်တော်မူတယ်လေ။

ယုံတယ်၊ အဲဒီ သံဃာတော်တွေ၊ ရှင်မဟိန္ဒအရှင်မြတ်ဟာ အိမ်ရှေ့မင်းစည်းစိမ်ကို စွန့်ပြီးတော့ ရဟန်းပြုတယ်လေ။ ပြီးတော့ သာသနာ့ဝန်ကို ဆောင်တယ်လေ၊ ရဟန္တာဖြစ်တယ်လေ၊ သိပ်ယုံတာ၊ ဘုန်းကြီး ယုံတာ၊ ဒီအရိယာရဟန္တာကြီးတွေကို ယုံတာ။ အရိယာရဟန္တာကြီးတွေကို ယုံသလောက် ယခု ပုထုဇဉ်ပုဂ္ဂိုလ်တွေကျတော့ ကောက်ချက်တွေ သိပ်ချတာပဲ။

ဆရာတော်ကြီး ဒီစကားပြောတာ ဘယ်စိတ်နဲ့ ပြောတာ၊ စာချဘုန်းကြီး ဒီစကားပြောနေတာ ဘယ်စိတ်နဲ့ ပြောနေတာ၊ ဒကာ၊ ဒကာမတွေတော့ မပြောနဲ့ မပြောနဲ့၊ သိလိုက်တာမှ သိလိုက်တာမှ၊ ဒီတော့ ယုံသင့်သလောက်သာ ယုံတယ်။ ဒီ ပုထုဇဉ်ပုဂ္ဂိုလ်များကိုတော့ မယုံသင့်သလောက်ကို မယုံပါဘူး။

ရဟန္တာဖြစ်ပြီးသား အရိယာပုဂ္ဂိုလ်တွေကိုတော့ အကြွင်းမဲ့ယုံပါတယ်။ အဲဒီ ယုံကြည်တဲ့သဒ္ဓါတရားက ဘုန်းကြီးတို့ကို ပြန်ပြီးတော့ စောင့်ရှောက်နေပါတယ်။ ဒီကျောင်းတိုက်ကို ဒီလို စောင့်ရှောက်နေပါတယ်။ မစောင့်ရှောက်လည်း ဘုန်းကြီး ယုံမှာပါ၊ စောင့်ရှောက်လို့ ယုံတာ မဟုတ်ပါဘူး။ ဒီအကျိုး မရလည်း ဘုန်းကြီး ယုံမှာပါ၊ ဒါ သန္နိဋ္ဌာန်။

## လူများရဲ့ သဒ္ဓါ

ကောင်းပြီ၊ ဒါ ဘုန်းကြီးတို့ သဒ္ဓါက ရှင်းသွားပြီ။ လူများရဲ့သဒ္ဓါက စဉ်းစားစရာ သိပ်ကောင်းပါတယ်။ ဘုရားယုံကြည်မှုအပေါ်မှာလည်းပဲ ရုပ်ပွားတော်တွေ၊ ဆင်းတုတော်တွေနဲ့ ကိုးကွယ်ပြီးထားလို့ ရုပ်ပွားဆင်းတုတော်ကို ပူဇော်ကြ၊ ကိုးကွယ်ကြနဲ့၊ ဘုရားအစစ်ပေါ်မှာ ယုံကြည်မှုသဒ္ဓါက အရောက်နည်းနေပါတယ်။

ဒါကြောင့် ရုပ်ပွားဆင်းတုတော် ကိုးကွယ်ပူဇော်တာ ကုသိုလ်မရဘူးလား၊ ရှိပါတယ်၊ သူတို့ဉာဏ်က ဒီလောက်ရှိတာကိုး။ ဒီလောက်ရှိတော့ ဒီလောက်ကုသိုလ်ရတာ၊ ဒီလောက် သဒ္ဓါပဲ ဖြစ်တယ်။ ခုနက လေးနက်တဲ့ သဒ္ဓါတရားထိအောင် မရောက်တတ်ဘူး။ ဒီလောက်ပဲ သူတို့ ယုံတယ်၊ ဘုရားရှေ့မှာ ပန်းများ ပူဇော်လို့၊ ဘုရားရှိခိုးနေတာ သိပ်ကြည်ညိုတယ်၊ သိပ်ကြည်နူးတယ်၊ အင်မတန်ကောင်းတယ်၊ ဒီသဒ္ဓါတရားက မမှားပါဘူး။

ဗုဒ္ဓမြတ်စွာရဲ့ ကိုယ်စားတော်ဖြစ်တဲ့ ရုပ်ပွားတော်၊ ဆင်းတုတော်၊ ဓာတ်တော် မွေတော် ဒီအရာဝတ္ထုကို ယုံပြီးတော့၊ ကြည်ညိုပြီးတော့ နေတာဟာ အင်မတန် ကောင်းပါတယ်။

အစစ်ပါပဲ၊ သဒ္ဒြေအစစ်ပါပဲ။ သဒ္ဓါအစစ်ဆိုတော့ သဒ္ဓါက သဒ္ဓါချည်းမနေပါဘူး။ သဒ္ဓါနှင့်အတူတူ တွဲဖြစ်တဲ့ စိတ်၊ စေတသိက်၊ ရုပ်၊ ယုံတဲ့နေရာမှာ စိတ်ရော၊ စေတသိက်ရော၊ စိတ္တဇရုပ်တွေရော ရောက်နေတော့ အဲဒီရုပ်နဲ့တကွ အတူတူတွဲဖြစ်တဲ့ ကမ္မဇရုပ်တွေရော ဘာတွေရော ဆိုပါတော့။ တစ်ကိုယ်လုံး ဘုရားရှေ့မှာ ရောက်သွားရော၊ ယုံလို့ရောက်သွားတာ၊ အိမ်မှာ မိမိအိမ်မှာ ပူဇော်ထားတာ ယုံလို့၊ ဘုရားရှေ့ ရောက်သွားတယ်။

ဒီရောက်လောက်အောင်လည်း သဒ္ဓါက ဆွဲဆောင်ပါတယ်။ ယုံတော့ကာ စိတ်ရော၊ စေတသိက်ရော ယုံတယ်။ စိတ်ရော၊ စေတသိက်ရော ယုံတော့ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ကလည်းပဲ ယုံတဲ့နောက် ပါရပါတယ်။ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ကပါတော့ ဒီ့ပြင် ကမ္မဇ၊ ဥတုဇ၊ အာဟာရဇတွေက ဒီနောက် လိုက်ရတယ်။

ဒါကြောင့်မို့လို့ အမျိုးသား၊ အမျိုးသမီးက ဘုရားရှေ့တော်မှာ

ရောက်ပြီးတော့ လက်အုပ်ချီပြီး ဘုရားကို ကြည်ညိုနေတယ်။ သိပ်ကောင်းတာ၊ သိပ်ကောင်းတာ၊ ဒါ သဒ္ဓါက ဆွဲဆောင်ပြီးတော့ သွားလိုက်တာ၊ အကုန်လုံး ရောက်သွားတာပဲ။ ကောင်းပြီ၊ တရားတော်ကို ယုံတယ်လို့ဆိုတော့ စဉ်းစားကြစို့။ တစ်ခါ ဘုရားကို ယုံတာလည်း ဘုရားပွဲတွေ စဉ်းစားကြစို့။

ဘုရားကို ယုံကြည်ရင် ဘုရားအလိုတော်အတိုင်း ပြုကြပါ၊ တီးကြ၊ မှုတ်ကြဆိုတဲ့ ဘုရားပွဲကြီးတွေဟာ ဘုရားအလိုတော် ဟုတ်ပါရဲ့လားလို့။ ဗုဒ္ဓမြတ်စွာလက်ထက်တော်တုန်းက အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်ရဲ့ တောက တပည့်တွေက ဆူညံဆူညံနဲ့ စကားပြောကြလို့ ဗုဒ္ဓမြတ်စွာက ထွက်သွားကြပါစေ၊ နှင်ကိုထုတ်တယ်။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန် နှစ်ပါးတောင်မှ ထွက်သွားရပါတယ်။ [မဇ္ဈိမပဏ္ဏာသပါဠိတော်၊ စာတုမသုတ်-နှာ- ၁၁၉]

တစ်ခါတုန်းက ဗုဒ္ဓမြတ်စွာကို ပူဇော်ချင်လို့ ဇေတဝန်ကျောင်း ပေါက်ကနေပြီးတော့ လူတွေ ဆူညံဆူညံနဲ့ တံခါးတောင် မဖွင့်သေးဘူး၊ 'နာဂိတ ဘာသံတွေလဲ'၊ 'ဗုဒ္ဓမြတ်စွာကို ပူဇော်ဖို့ရန် စောစောလာကြပါတယ်'၊ 'ငါဘုရားနဲ့ လာဘ်လာဘတွေနဲ့ ရောလို့မဖြစ်ဘူး၊ သွားကြပါစေ၊ ငါဘုရားအနားမှာ ဒီလို ဆူညံဆူညံ မဖြစ်ပါဘူး'။ (အင်္ဂုတ္တိုရ်ဒုတွဲ၊ နာဂိတသုတ်)

ကြည့်စမ်း ကြည့်စမ်း··· တိတ်လို့၊ တစ်ခါတစ်ခါ ဒီကျောင်းတိုက်ကို တိတ်နေတယ်လို့ ပြောကြတယ်။ ဘုန်းကြီးက ဒီထက် တိတ်စေချင်ပါသေးတယ်။ ဘာပြုလို့လဲ၊ ဗုဒ္ဓကျောင်းတော် ဘုန်းကြီးက မရောက်ဖူးပေမယ်လို့ စာက ရောက်သလောက် ဖြစ်သွားပြီ။ ရောက်သလောက် ဖြစ်သွားတော့ ဗုဒ္ဓအလိုတော်ကို သိနေတယ်။ ဒါကြောင့်မို့လို့ ဒီကျောင်းထဲမှာ စကားတောင် ကျယ်ကျယ်မပြောကြပါနဲ့၊ တိုးတိုးတိတ်တိတ်။ စာကို ကျယ်ကျယ် မအံကြပါနဲ့၊ တိုးတိုးတိတ်တိတ်။ စာချတဲ့ပုဂ္ဂိုလ်များကလည်း တိုးတိုးတိတ်တိတ် စာချကြပါလို့၊ ဒါကြောင့်မို့လို့ ကျောင်းကို ပြောနေတယ်။

ဘာပြုလို့လဲ၊ ဗုဒ္ဓမြတ်စွာရဲ့ ဇေတဝန်ကျောင်းတော်ကြီးကို မြင်တယ်

လေ၊ ယုံကြည်တာက အဲဒီလောက်ကျအောင် ယုံကြည်တယ်လေ။ လူတွေရဲ့ ယုံကြည်မှုက နည်းလွန်းတယ်၊ နည်းတာပဲ၊ သိပ်နည်းတာပဲ။ မှန်တော့ မှန်ပါတယ်၊ မှန်ပေမယ်လို့ ယုံကြည်မှုက နည်းလွန်းတော့၊ ကြည့်စမ်း၊ ဘုရားပွဲကြီးတွေ၊ ကျောင်းပွဲကြီးတွေ ဘယ်လောက်ဆူညံနေတုံး။ ဒါ ဗုဒ္ဓ မြတ်စွာကို ယုံကြည်မှု နည်းလွန်းလို့၊ မှန်တယ်၊ ယုံကြည်မှု နည်းနေတယ်။ အရိယာသံဃာတော်များကို ယုံကြည်မှု နည်းလွန်းလို့ ဒီအခြေအနေမျိုး ဖြစ်ရတာပါ။

ဒီတော့ကာ ဘုန်းကြီးတို့ တစ်ခါ ပြောကြဦးစို့။ အခြေအနေကို တစ်ခါ စဉ်းစားပြီးတော့ ဘယ်ကိုယ်တော်၊ ဘယ်ဆရာတော်ကတော့ ကြည်ညိုလိုက်ကြတာပဲ။ တော်တော်ကြာတော့ အဲဒီ ကိုယ်တော်နဲ့ အဲဒီ ကြည်ညိုတဲ့ ဒကာမနဲ့ ထွက်သွားကြရော။ ဒါ သဒ္ဓါအစစ်လား၊ နဂိုကတည်းကိုက သဒ္ဓါက မစစ်ဘူး။ ဒါတွေက သဒ္ဓါအတု၊ သဒ္ဓါအယောင်ဆောင်ပြီးတော့ ကျောင်းတွေဆောက်၊ ကျောင်းကြီးတွေဆောက်၊ ဘာလေးတွေ လှူဒါန်းနေပြီးတော့၊ ကိုယ်တော် ဆိုတဲ့ ကိုယ်တော်ကလည်း ဘာမို့လို့လဲ။ ပုထုဇဉ်မှ ကြမ်းကြမ်းပုထုဇဉ်၊ ဒီက ဒကာ၊ ဒကာမတွေ နားလည်သလား၊ နားမလည်ပါဘူး။ သူတို့က လှူဒါန်းရ ပေးကမ်းရရင် သဒ္ဓါတရား ရှိတယ်လို့ ဆိုကြတယ်။ ဘယ်ဟုတ်မလဲ၊ အတုတွေ၊ အတုတွေ။

## သဒ္ဓါတု- မိစ္ဆာဓိမောက္ခ

ပြီးတော့ကော ယုံနေတာပဲ၊ အယုံခံရတဲ့ ပုဂ္ဂိုလ်က မှန်မှ အယုံမှန်တယ်၊ အယုံခံရတဲ့ ပုဂ္ဂိုလ်က မမှန်ရင် အယုံမမှန်ဘူး။ 'အရှင်ဘုရား ပြောတာ တပည့်တော်တို့ သိပ်မရှင်းသေးပါဘူး' ဆိုရင် ကဲ··· ပြောကြစို့။ အဲ··· တခြားဘာသာကို ဘုန်းကြီး မပုတ်ခတ်ပါဘူး၊ ပုတ်ခတ်ရိုးလည်း မရှိပါဘူး။ ဒီဘာသာဝင်တွေက ဗုဒ္ဓဘာသာမဟုတ်တဲ့ ဘာသာဝင်တွေက ယုံ လိုက်တာမှလေ တကတဲ စိတ်ကို ကြည်လို့။ အင်း··· ဖန်ဆင်းပေးလိုက်တဲ့ ပုဂ္ဂိုလ်ကလည်း ဖန်ဆင်းပေးတယ်လို့ကို ယုံပြီးတော့ တကယ် ဖန်ဆင်းပြတယ်လို့ ယုံပြီး ဦးညွှတ်ကြတယ်လေ။ တချို့လည်းပဲ ယုံပြီးတော့ ကြည်ညို

ပြီးတော့ ဘုရားအာရုံယူနေလိုက်တာ အားရစရာကောင်းလိုက်တာ၊ အားရစရာကောင်းလိုက်တာ။

ဒါဖြင့် သူတို့သဒ္ဓါ မှန်ပလားလို့ ဆိုတော့၊ အစစ်လားလို့ ဆိုတော့ ခုနက ဘုန်းကြီး ပြောပြီလေ။ အာရုံမှန်သမျှ သဒ္ဓါမှန်တယ်၊ အာရုံမမှန်ရင် သဒ္ဓါမမှန်ဘူးလို့ ဘုန်းကြီးပြောပြီလေ။ ယုံလိုက်တာမှ အင်မတန်ကို ယုံလိုက်တာပဲ၊ ကြည်ညိုလိုက်တာမှ အင်မတန်ကို ကြည်ညိုလိုက်တာပဲ၊ သဒ္ဓါတရားအစစ်လား ဆိုတော့ မဟုတ်ပါဘူး၊ သဒ္ဓါအတုလို့ ခေါ်ပါတယ်။ သဒ္ဓါအတုကို တရားတော်က ဘုန်းကြီးတို့ တရားတော်က 'မိစ္ဆာဓိမောက္ခ' မှားသော ဆုံးဖြတ်ချက်တဲ့၊ ဒါ ဘယ်လောက်များ စဉ်းစားစရာကောင်းတုံး။

## သဒ္ဓါစစ်မှန် ရအောင် ကြိုးစားကြ

ဘုန်းကြီးတို့က 'လာပါ၊ ဆွေးနွေးကြရအောင်၊ လာကြစမ်းပါ၊ ဆွေးနွေးရအောင်'၊ အင်မတန် လူသူတော်ကောင်းတွေဟာ သဒ္ဓါတရား အစစ်အမှန်ရအောင် ကြိုးစားကြစမ်းပါ၊ ဆွေးနွေးကြစမ်းပါလို့၊ ဘုန်းကြီး စိတ်ရင်းမှာ ဒီလိုပဲ ဖြစ်နေတယ်။

အခု ဗမာများကို၊ ဗမာဗုဒ္ဓဘာသာများကို အခြားဘာသာဝင်တွေက သင်တို့ရဲ့သဒ္ဓါတရားတွေဟာ အတုတွေပါလို့ ပြောရင် မခံချင်ဘူး။ မခံသာ မခံချင်တာ၊ ယုံကြည်တဲ့နေရာက စစ်မှ သဒ္ဓါစစ်တယ်ဆိုတာ ဘုန်းကြီး ပြောပြီးပြီ မဟုတ်လား။ ကြည့်စမ်း၊ ဘာသာခြားတွေ ဘယ်လောက် ယုံနေတုံး၊ ဘယ်လောက် ဦးတိုက်နေတုံး၊ ဘယ်လောက် စိတ်ဝင်စားပြီးတော့ အာရုံပြုနေတုံး၊ ယုံလိုက်တာမှ စိတ်ကို ကြည်လို့။

ကဲ··· ဒီသဒ္ဓါ အစစ် ဟုတ်ပါ့မလား၊ အရာဝတ္ထုက မမှန်တော့ သဒ္ဓါဟာ မစစ်ပါဘူး။ မစစ်လို့ရှိရင် ဘာကြောင့် ယုံနေကြတုံး၊ သဒ္ဓါအတုလို့ဆိုတဲ့ 'မိစ္ဆာဓိမောက္ခ' နဲ့ ဆုံးဖြတ်ပြီးတော့ တို့အားကိုးစရာကြီး၊ တို့ကို ဖန်ဆင်းပေးလိုက်တာ၊ တို့ကို ယခု စောင့်ရှောက်ပြီးတော့နေတာ၊ ဒီလိုပဲ ယုံကြည်နေတာ။

ဗုဒ္ဓမြတ်စွာက ငါဘုရား ဟောတော်မူတယ်၊ ဟောတော်မူတဲ့

အတိုင်း ကျင့်လို့ ရှိရင်တော့ ဒုက္ခက လွတ်မြောက်ကြလိမ့်မယ်၊ ငါဘုရား ဖန်ဆင်းမပေးပါဘူး။ ဗုဒ္ဓမြတ်စွာက ကျောင်းအမကြီးဝိသာခါရဲ့ မြေးကလေး သေခါနီး ဖန်းဆင်းမပေးပါဘူး။ အနာထပိဏ်သူဌေးကို ရောဂါ အကြီး အကျယ် ဖြစ်နေတုန်း ဗုဒ္ဓမြတ်စွာက သက်သာအောင် ဖန်ဆင်းမပေးပါဘူး။ ကံတရားဟာ ကံအတိုင်းပဲ သွားပါလိမ့်မယ်လို့…။

ဗုဒ္ဓမြတ်စွာက ဖန်ဆင်းပြီးတော့ မပေးဘူး။ တခြားဟာက ဖန်ဆင်း ပေးပါတယ်။ ဗုဒ္ဓမြတ်စွာက ကြည်နူးအောင်တော့ စိတ်ကို ပြုပြင်ပေး ပါတယ်။

ဒါကြောင့်မို့လို့ ယုံတယ် ဆိုတိုင်းတော့ သဒ္ဓိန္ဒြေ မဟုတ်ပါဘူး။ ယုံတယ် ဆိုတိုင်းတော့ သဒ္ဓါ မဟုတ်ပါဘူး။ အလွဲတွေကို ယုံပြီးတော့၊ အလွဲတွေကို ကြည်ညိုပြီးတော့၊ သောင်းသိန်း အကုန်ခံပြီးတော့၊ ဘုန်းကြီးက ဘာသာရေးဘက်ကနေပြီးတော့ ဝမ်းနည်းလွန်းလို့၊ ဝမ်းနည်းလွန်းလို့။ နောက် သောင်းသိန်းအကုန်ခံတဲ့ ပစ္စည်းကိုရတဲ့ ပုဂ္ဂိုလ်ကကော ဒီရတဲ့အတွက်ကြောင့် သူ့မှာ မြင့်သွားသလဲဆိုရင် သူ့မှာ လောဘတွေ ဖြစ်နေတာ၊ အကုသိုလ်တွေ အများကြီး ဖြစ်နေတာ။

ကောင်းပြီ၊ သေတော့ အို… အဲဒီကျောင်းကြီးကို စုံမက်တွယ်တာ ပြီး သေတာမပြောနဲ့၊ သက်န်းစွဲပြီး သေတာတောင်မှ သန်းဖြစ်သေးတယ်၊ တွက်ပုံ ရှုံးလိုက်တာ။ သဒ္ဓါတရားကလည်း မမှန်ဘဲနဲ့၊ ငွေကုန်ကြေးကျတွေ များပြီးတော့ နောက်ဆုံး အကျိုးရတော့ မကောင်းကျိုး ရနေတာ၊ ဘာသာရေး နဲ့ စပ်ပြီးတော့ စိတ်မရှင်းပါဘူး။

ဒါကြောင့် သဒ္ဓါအစစ် ရဖို့ရန် အင်မတန် အရေးကြီးပါတယ်။ သဒ္ဓါအစစ် ရဖို့ရန်ကလည်း ကံကောင်းမှ ရကြပါတော့မယ်။ ကံမကောင်းလို့ ရှိရင် သဒ္ဓါအစစ်ရဖို့ရန် အင်မတန် ခဲယဉ်းသွားပါတယ်။

## ပညာ အတု၊ အစစ်

ကဲ- ဒါနဲ့ စပ်ပြီးတော့ သဒ္ဓါသာ အစစ်၊ အတု ကွဲနေသလား ဆိုတော့ မဟုတ်သေးဘူး။ 'ပညိန္ဒြေ' ပညာကလည်း အစစ်၊ အတု ကွဲပြန်တာ

ပဲ။ ပညာအစစ်ကလည်း မိမိတို့ ယူဆတဲ့အာရုံက အမှန်အတိုင်း ဖြစ်မှ၊ မိမိယူဆတဲ့ အာရုံက တစ်မျိုးဖြစ်နေလို့ရှိရင် လွဲသွားတာပဲ။ မိမိတို့ ကိုးကွယ်နေတဲ့ အရာဝတ္ထု ဆိုပါတော့၊ အသိဉာဏ်က အမှန်လို့ သိနေတယ်။ အာရုံက မမှန်ဘူး၊ မိမိတို့ ကိုးကွယ်နေတဲ့ ဘုန်းကြီးကို သူတော်ကောင်းလို့ မိမိတို့က သိနေတယ်၊ သူက သူတော်မကောင်းဘူး။

ပညာကတော့ သိတာပဲလို့ ဆိုတာပဲ၊ ပညာမစစ်ပါဘူး၊ ပညာမစစ်ပါဘူး။ ပညာအတုနဲ့ သူတို့ သိနေကြတာပါ၊ ပညာအစစ် မဟုတ်ပါဘူး။

အဲဒါကြောင့်မို့လို့ အကျိုးလည်း ကောင်းကောင်းမရပါဘူး၊ ဟိုမှာ အပြစ်တွေနဲ့။ ဒီပညာအတုကလည်း ဘုန်းကြီးတို့ ကိုးကွယ်နေတဲ့ နေရာမှာ ထားလိုက်ပါဦး၊ ခု အများ လောကဓာတ်ပညာရှင်တွေလို့ ဆိုတဲ့ ပညာရှိတွေ၊ ပညာက ဒီလိုလေ။ 'အနိစ္စ' ကို 'အနိစ္စ' လို့ အမှန်အတိုင်း သိမှ၊ 'ဒုက္ခ' ကို 'ဒုက္ခ' လို့ အမှန်အတိုင်းသိမှ ပညာအစစ်၊ 'အတ္တ' မဟုတ်တာကို 'အနတ္တ' လို့သိမှ ပညာအစစ် ဖြစ်တယ်။ အဲဒီလို မဟုတ်လို့ ပြောင်းပြန်သိနေလို့ရှိရင် သိတော့ သိတယ်လို့ ပြောတာပဲ၊ ပညာအတု။

ဒီနိုင်ငံခြားက လောကဓာတ်ပညာရှင်ကြီးတွေ သိပ်သိတာမှာ ဆေးဝါးအကြောင်းတွေ သိတာ မှန်တယ်၊ မှန်တာ သိရင် ပညာအစစ်ပဲ။ အဲလောကဓာတ်အကြောင်းအရာတွေကိုတော့ သူတို့က တစ်မျိုးပြီး တစ်မျိုး ပြောင်းလဲသွားတယ်။ ဟို- ပထမ ဆရာကြီးတုန်းက ဒီလို ဆုံးဖြတ်ပြီးတော့ အခု နောက်ဆရာကြီးကျတော့ သူပြောတာ လွဲနေပြန်ရောလို့ ပြောနေပြန်ရော။ ဘုန်းကြီးကတော့ ဘုန်းကြီးကျောင်းသားက ထွက်လာတာဖြစ်လို့ ဘုန်းကြီး ဒီဟာကို မဝေဖန်နိုင်ပါဘူး။ ဒါပေမဲ့လို့ မှန်မှ ပညာစစ်တယ်၊ လောကဓာတ်ဆရာကြီးတွေလည်း သူတို့ရဲ့အယူအဆမှန်မှ ပညာစစ်တယ်၊ သူတို့အယူအဆ မမှန်လို့ရှိရင် ပညာအတုပါပဲ။

## ပညာမစစ် ဝိတက်

ဒါဖြင့် လောကဓာတ်ပညာရှင်ကြီးတွေဟာ လက်နက်ကိရိယာကြီးတွေကို သိပ်ပြီးတော့ လုပ်တတ်ကြတယ်၊ ခံစားမှုအာရုံတွေကို သိပ်ပြီး

တော့ လုပ်တတ်ကြတယ်၊ တတ်တယ် တတ်တယ် တတ်တယ်။ ဒါ ပညာ မဟုတ်ဘူးလား၊ မဟုတ်ပါဘူး။ ဒီပညာကို အရင်းခံပြီးတော့ ဖြစ်နေတဲ့ လက်နက်ကိရိယာလုပ်တဲ့ နေရာမှာ အကုသိုလ်ဒေါသ ပြဋ္ဌာန်းနေပါတယ်။ ခံစားမှုအာရုံကြီးတွေ ကြီးကျယ်နေသမျှ၊ ခမ်းနားနေသမျှဟာ လောဘ ပြဋ္ဌာန်းပြီးတော့ အကုသိုလ်တွေ ဖြစ်နေတယ်။

ဒါပေမဲ့လို့ ဒီလိုပုဂ္ဂိုလ်တွေ မူရင်းသန္တာန် ပဋိသန္ဓေနေကတည်းကိုက ဉာဏ်ပညာဓာတ်ခံတွေ ပါလာတယ်။ ဓာတ်ခံပါလို့ သူတို့ကြံတိုင်း စည်တိုင်း လည်း အထက်တန်း ရောက်ပါတယ်။ ဉာဏ်ပညာဓာတ်ခံအစစ် မပါလာလို့ ရှိရင် သူတို့ ကြံတိုင်းစည်တိုင်း အထက်တန်း မရောက်ပါဘူး၊ အဲဒီပညာတွေ ကို ဘာလို့တုံး ဆိုတော့ 'ဝိတက်' အကြံဉာဏ်၊ ဝိတက်တွေ။ မူလပညာ ဓာတ်ခံက အင်မတန်ကောင်းနေတဲ့ လူကြီးတွေဖြစ်တော့ သူတို့ကြံစည်လိုက် တဲ့ အကြံအစည်တွေဟာ အတော်များများကြီး မှန်သွားတယ်၊ ဒါ ဝိတက်တွေ ပါ၊ ပညာအစစ် မဟုတ်ပါဘူး၊ ပညာအစစ်က အလွဲကို မရှိပါဘူး၊ အမှန်ချည်း ဖြစ်ပါတယ်၊ နားလည်ပါစေနော်။ ။

# ရှင်ကျင့်ဝတ်ကျမ်းစာမှ ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

## ရှင်ကျင့်ဝတ်ကျမ်းနိဂုံး

ဤရုပ်ပုံရှင်ကျင့်ဝတ်၏ ကျမ်းပြီးနိဂုံးကို ကမွတ်ဖုံးချိန်ကား သာသနာနှစ် ၂၄၉၇၊ တပို့တွဲလဆန်း ၈ ရက် ဆဋ္ဌသင်္ဂါယနာ စီစဉ်ရေးအတွက် ဩဝါဒါစရိယနှင့် ဝန်ဆောင်ဆရာတော်များ မီးရထားဖြင့် မန္တလေးမှ ရန်ကုန်သို့ ကြွသွားနေချိန် ဖြစ်၏။ ရထားလမ်းတစ်လျှောက်၌ မြို့နယ်ဆိုင်ရာအရာရှိကြီးများနှင့် နယ်သူ၊ နယ်သား လူအများတို့ အားရဝမ်းသာ ဆီးကြိုဖူးမြော်၍ ပေးလှူပူဇော်ကြသည်မှာ သာသနာရေးအတွက် အားတက်စရာကြီး ဖြစ်ပါပေသည်။

## စဉ်းစားမိခြင်း

သို့သော် ယနေ့အတွက် စားသောက်ချင်စဖွယ် အသွယ်သွယ်ရှိစေကာမူ နက်ဖြန်၊ သန်ဘက်အရေး မျှော်တွေး၍ စိတ်မအေးရသေးလျှင် ပျော်ရွှင်မြိန်ရှက်စွာ မစားသောက်နိုင်သော မိဘတို့ကဲ့သို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အစိုးရပိုင်းက ကိုင်းရှိုင်းလေးစားချိန်မှာ တခမ်းတနား ခရီးသွား၍

အများဖူးမြော် အပူဇော်ခံရသော်လည်း တစ်ကွက်ကျော်၊ နှစ်ကွက်ကျော် မျှော်၍ မျှော်၍ ကြည့်သောအခါ သာသနာတော်နှင့် စပ်လျက် မြိန်ရှက် ဖွယ်ရာကို မမြင်ရသဖြင့် လက်ရှိ အပူဇော်ခံရသည်ကိုလည်း ဟန်ရှိလှပြီဟု မမှတ်ထင်နိုင်သေးပါ။

## တင်ပြစရာ အဖြာဖြာ

ဤနေရာဝယ် ကမ္ဘာ့ပတ်ဝန်းကျင်နှင့် ပြည်တွင်း မငြိမ်မသက်ဖြစ် နေမှုများကို အရေးကြီးသော်လည်း 'မိုးပြိုအများနှင့်' ဖြစ်ရမည့်ကိစ္စ ဖြစ်၍ မစိစစ်လိုပါ။ သာသနာတော်သက်သက်နှင့် ဆိုင်သော လက်ရှိအခြေမှန် ကိုသာ ဝေဖန်တင်ပြပါသည်။

၁။ များစွာသော ကျေးရွာနယ်ပယ်တို့၌ သီတင်းသုံးတော်မူကြ သော ဘုန်းတော်ကြီးများ၏ ဩဇာအာဏာသည် မြန်မာဘုရင် များ၏လက်ထက်ကို မဆိုထားဘိ၊ အင်္ဂလိပ်အုပ်စိုးခိုက် ဖြစ် သော အနှစ်လေးဆယ်ကျော်အချိန်က ရရှိနေသလောက်မျှ အရှိန်အဝါမရှိ၊ သိသိသာသာကြီး ဆုတ်ယုတ်နေလေပြီ။ ဤ အချက်ကို 'ရှေးလက်ထက်က ဩဇာရှိ၍ ယခု ဘာကြောင့် မရှိရသလဲ' ဟု နက်နက်နဲနဲ စဉ်းစားရပေမည်။

(က) ရှေးက ကျောင်းထိုင်ဘုန်းတော်ကြီးများသည် အနေအထိုင် အားဖြင့် ရပ်သူရွာသား လူအများတို့ လေးစားကျေနပ်လောက် အောင် ဣန္ဒြေသိက္ခာကို ဆောင်တော်မူနိုင်ကြပေသည်။ ယခု သော်ကား အများအားဖြင့် ထိုသို့ လေးစား ကျေနပ်လောက်ပါ သေး၏လော။

(ခ) ရှေးက ဘုန်းတော်ကြီးများသည် ရပ်သူရွာသား ကလေးများကို ယဉ်ကျေးလိမ္မာအောင် ဆုံးမ၍ အတတ်ပညာကိုလည်း(လုံးလုံး အခမဲ့ တကယ့် မေတ္တာ၊ စေတနာဖြင့်) သင်ပေးတော်မူခဲ့ကြ၏။ ယခုအခါ၌ကား ဘုန်းတော်ကြီးများ၏ ကျောင်း၌ စာသင်ယူ မည့်ကလေးများပင် ရှားပါး၍ နေတော့သည်။

(ဂ) ဘုန်းတော်ကြီးကျောင်း၌ စာသင်ယူမည့်ကလေးများ ရှားပါးခြင်း၏ အကြောင်းမှာလည်း ဘုန်းတော်ကြီးများက သင်မပေးလိုကြ၍ မဟုတ်။ 'ဘုန်းတော်ကြီးကျောင်းမှ ထွက်လာသော ကလေးများသည် များသောအားဖြင့် အောက်ကျနောက်ကျ ရှိကြ၏' ဟု ယူဆ၍ ဘုန်းတော်ကြီးကျောင်းထွက် မိဘများ ကိုယ်တိုင်က မိမိသားကို မထားလိုကြတော့ခြင်းကြောင့် ဖြစ်ဟန်တူလေသည်။

(ဝမ်းနည်းဖွယ်ရာ ကောင်းလေစွ)

၂။ တစ်ဖန် မြို့ကြီးမြို့ငယ်အသွယ်သွယ်ရှိ ဘုန်းတော်ကြီးများ၏ ဩဇာအာဏာကို စဉ်းစားကြဦးစို့။ အနည်းငယ်သော ဆရာတော်များမှတစ်ပါး အများအပြား ဘုန်းတော်ကြီးတို့မှာ ဩဇာအာဏာများကို မဆိုထားဘိ၊ လူကြီးလူကောင်း ဆိုသူများ၏ လေးစားရိုသေခြင်းကိုမျှ ခံရဖို့ ခဲယဉ်းတော့သည်။

ထိုသို့ ဖြစ်ရာ၌ အကြောင်းကား အသို့ပါနည်း -

(က) ယခုအချိန်မှာ အထက်တန်းစား ဟုဆိုသော ကုန်သည်များနှင့် အစိုးရအမှုထမ်းတို့သည် များသောအားဖြင့် ဘုန်းကြီးကျောင်းထွက်များ မဟုတ်ကြချေ။ တချို့ကမူ ဘာသာခြား စာသင်ကျောင်းထွက်လည်း ဖြစ်ကြလေသေး၏။

(ခ) ထိုဘာသာခြား စာသင်ကျောင်းထွက်များသည် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာတရားဓမ္မ လုပ်ငန်းကိစ္စဟူသမျှနှင့် မျက်နှာစိမ်းခဲ့ကြခြင်း၊ သူတို့ဆရာကြီးများ၏ မေတ္တာ၊ ကရုဏာကို ခံယူခဲ့ခြင်းတို့ကြောင့် ကြီးရင့်သောအခါ ဗုဒ္ဓဘာသာကို မစွန့်သော်လည်း ဗုဒ္ဓဘာသာဝင် အရှင်ကောင်း အရှင်မြတ်များကို ဆည်းကပ်မိဖို့မှာ လွန်စွာပင် ခဲယဉ်းတော့သည်။ ကြုံကြိုက်သော သာမန်ဘုန်းတော်ကြီးများကိုသာ ကိုးကွယ်ဆည်းကပ်ကြသည့် အတွက်လည်း ဗုဒ္ဓဘာသာအပေါ်မှာ လေးနက်သော စိတ်ကို မထားတတ်ကြတော့ချေ။.

(ဂ) ယခု လွတ်လပ်ပြီးသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ကား ထိုဘာသာခြားစာကို သာ၍ပင် အားကျပါးကျ သင်ယူနေကြပါသေး၏။ ပစ္စည်းဥစ္စာ အထက်တန်းကျလေ ဘာသာခြားကျောင်း၌ အထားများလေ ဖြစ်၏။ လက်ရှိ အခြေအနေကို စဉ်းစားရလျှင်လည်း နိုင်ငံတော်အစိုးရ အဆက်ဆက်သည် ထိုဘာသာခြား ပညာတတ်တွေသာ ဖြစ်ဖွယ် ရှိနေပေသည်။ (သို့ဖြစ်၍ ဘာသာခြားစာပေများကို သင်သည့်အတွက် အပြစ်မဆိုသာ။ အများဆုံးနှင့် အမြန်ဆုံး တတ်မြောက်နိုင်သော နည်းလမ်းကိုသာ အသီးသီးရှာဖွေရပေမည်။)

၃။ တစ်ဖန် မိမိတို့ဘက်သို့ လှည့်၍ ကြည့်ပြန်သော် အထိုက်အလျောက် အကြည်ညိုခံရသော ဆရာတော်ကြီးများလည်း သက်ရှယ်တော် ရင့်ညောင်း၍ ဘဝပြောင်းဖို့အရေးနှင့် ဝေးကောင်းမှ ဝေးကြပေတော့မည်။ ဤအတိုင်း သွားခဲ့ပါသော် ကျေးလက်ရော မြို့ပါ သာသနာ့အရေး စိတ်လေးစရာ ဖြစ်နေပါတော့သည်။

၄။ တစ်ဆင့် စဉ်းစားဖွယ် ရှိသေး၏။ ဤသာသနာတော် အရှိန်မှေးမှိန်သော်လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ကား တိုးတက်မည်သာဖြစ်ပါမူ သာသနာတော်၏ ကံကြမ္မာကို သာသနာ့ ဝန်ထမ်း ရဟန်းတော်တို့သာ ခံကြဖို့ပင် ဖြစ်ပါပေ သည်။ သို့သော် လက်တွေ့အားဖြင့် ထိုသို့ ဟုတ်နိုင်မည် မထင်ပါ။ အနော်ရထာမင်းစော လက်ထက်မှစ၍ အရာရာ ယဉ်ကျေးမှု တိုးတက်ခြင်းသည် သာသနာတော်ကြောင့် ဖြစ်ရကား သာသနာတော် မှေးမှိန်လျှင် တိုင်းပြည်လည်း ကိုယ်ကျင့်တရားမှစ၍ သေးသိမ်ဖို့ လမ်းကသာ များနေပါသည်။ သို့ဖြစ်လျှင် သာသနာရေးနှင့် တိုင်းပြည်အရေးကို သွေးခွဲသင့်ပါဦးမည်လော။

၅။ 'သာသနာတော်၏ အရှိန်အဝါ ဩဇာအာဏာ ဆုတ်ယုတ်ခြင်း

သည် နိုင်ငံတော် ဆုတ်ယုတ်ခြင်းကြောင့်ပင် ဖြစ်ပါသည်' ဟူသော ဝါဒကို လက်ခံနိုင်ကြပါမူ သာသနာဆုတ်ယုတ်ခြင်း၏ အကြောင်းများကို ဖယ်ရှားဖို့ရာ ရဟန်းတော်များ၏ ကိုယ်ကျင့် သိက္ခာများကို ရှေးစနစ်အတိုင်း ဖြစ်နိုင်သမျှ ဖြစ်အောင် ကြိုးစားသင့်ကြပါသည်။ ဝိနည်းတော်နှင့် မဆန့်ကျင်သော သိပ္ပ၊ ဝိဇ္ဇာ ဟူသမျှကိုလည်း ရဟန်းတော်များကိုယ်တိုင် ငွေ ကြေး အထောက်အပံ့ မယူဘဲ ရှေးမှုအတိုင်း သင်ပေးနိုင် အောင် အချိန်ရှိခိုက် လုံ့လစိုက်သင့်ပါသည်။

(ဤကိစ္စ၌ကား နည်းအမျိုးမျိုး ရှိသောကြောင့် ဤနေရာ၌ အသေးစိတ် မပြလိုတော့ပါ။)

၆။ ထိုအတိုင်း ကြိုးစားသောအားဖြင့် ယောကျ်ားကလေးများကို ဘုန်းတော်ကြီးများက သင်ပြ၍ မိန်းကလေးများကို သီလရှင် ဆရာများက သင်ပြပေးနိုင်ကြပါမူ ဤမြန်မာနိုင်ငံသည် အဘယ်ကြောင့် ငြိမ်ငြိမ်သက်သက်နှင့် မတိုးတက်ဘဲ ရှိအံ့ နည်း။ သာသနာ့ အရှိန်အဝါသည် အဘယ်မှာလျှင် ဤနိုင်ငံ တော်နှင့် ကွဲကွာနိုင်ပါတော့အံ့နည်း။

၇။ ဤသို့ နိုင်ငံနှင့် သာသနာတော် တိုးတက်ရာတိုးတက်ကြောင်း များတွင် ရဟန်းတော်များ၏ ကိုယ်ကျင့်သိက္ခာ တည်တံ့ခိုင်မြဲ ရေးလည်း အပါအဝင် ဖြစ်သောကြောင့် ရှေးဆရာတော်ကြီး များသည် သာမဏေကိုရင် ဖြစ်သည်မှစ၍ ကျင့်ရမည့်သိက္ခာ စုကို 'ရှင်ကျင့်ဝတ်' ဟု အမည်သမုတ်၍ ဖော်ထုတ်ညွှန်ပြ တော်မူခဲ့ကြသည်။

၈။ ထို့ကြောင့် ထိုရှင်ကျင့်ဝတ်မူရင်းကိုပင် သိသင့်သိဖွယ်အသွယ် သွယ် တန်ဆာဆင်၍ စီစဉ်အပ်သော 'ဤရုပ်ပုံရှင်ကျင့်ဝတ်' သည် သာသနာတော်နှင့် အမျိုး ပွားတိုးဖို့ ကြိုးစားရာဝယ် ကကယ်ပင် ရှေ့ဖျားက မားမားမတ်မတ် တန့်ရပ်တည်နေနိုင် ပါစေသတည်း။

လင်းလွန်းခင်စာပေ

ကျမ်းပြီးနိဂုံး၊ ကမ္ပတ်ဖုံး၍၊ နိဂုံးအခန်း၊ ပြည်လုံးမှန်းလျက်၊ ခွဲခြမ်းလုစ်ဖွေ၊ စဉ်းစားပေအံ့၊ တို့မြေဌာနီ၊ ရှေးခါဆီဝယ်၊ မထေရ်အပေါင်း၊ စံရာကျောင်းမှ၊ ငြိမ့်ညောင်းသာယာ၊ မိန့်အာဏာကို၊ ရပ်ရွာလူများ၊ လွန်လေးစားခဲ့၊ ခုကားသို့နှယ်၊ မဟုတ်ကွယ်၍၊ နယ်ပယ်ပွားစီး၊ သားသမီးတို့၊ ဘုန်းကြီးကျောင်းတွင်၊ စာမသင်တော့။

ထို့ပြင် မြို့နေ၊ ကလေးတွေက၊ တို့မေဘာသာ၊ တို့မေစာကို၊ သင်ရာကောင်းမျှ၊ မထင်ကြဘဲ၊ ပြင်ကလာပေး၊ စာပထွေးကို၊ အလေးဂရု၊ အရေးပြု၏၊ ယခုလိုသာ၊ နှစ်ပေါင်းကြာလျှင်၊ မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့၊ ဘုရားကိုစွန့်၊ တရားစွန့်၍၊ စွန့်လိမ့်မှန်စွာ၊ မြတ်သံဃာတည်း၊ ထိုခါလူများ၊ ကိုယ်ကျင့်အားဖြင့်၊ တရားမပါ၊ အမှားစာကြောင့်၊ များစွာခုထက်၊ တိုး၍ပျက်လိမ့်။

သို့တွက်များပြား၊ ဘုန်းဘုရားတို့၊ တရားကိုယ်ကျင့်၊ လုံအောင်ကျင့်၍၊ မလင့်စေရ၊ ကိုယ့်ဒေသ၌၊ သိပ္ပဝိဇ္ဇာ၊ ပြင်သင့်ရာကို၊ ကောင်းစွာပိုင်ပိုင်၊ ပြသနိုင်မှ၊ ဘုန်းလှိုင်ဟောပြ၊ ဩဝါဒကို၊ စိတ်ကကြည်ဖြူ၊ လိုက်နာယူ၍၊ ကိုယ်မှု နှုတ်ပြောင်း၊ စိတ်လည်းကောင်းလိမ့်၊ အကောင်း မကောင်း၊ အကြောင်းကြောင်းကို၊ သောင်းပြောင်းကုန်စင်၊ အစုံမြင်၍၊ ထေရ်ရှင်ရှေ့သွား၊ ဘုန်းအများ၏၊ တရားစဉ်နှင့်၊ အဆင်သင့်သား၊ ရှင်ကျင့်ဝတ်ခေါ်၊ ရှေးစာတော်ကို၊ ခေတ်ပေါ်လုစ်ဆင့်၊ စုံအောင်ဖွင့်သည်··· မျိုးနှင့် သာသနာ တည်ကြောင်းတည်း။ ။

## ရတနာ့ဂုဏ်ရည်ကျမ်းစာမှ
## ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

ပိဏ္ဍောပိဿ အယောဂုဠော၊ အယောပဋ္ဋော စီဝရံ၊
ဝိဟာရော အယောကုမ္ဘီဝ၊ သတ္တိဝေဓော အဉ္ဇလီ။

အဿ- ထိုသီလသိက္ခာ ကောင်းစွာမစင် ပုထုဇဉ်ဆိုး ရဟန်းမျိုး၏၊ ပိဏ္ဍောပိ- ဒကာ၊ ဒကာမ သဒ္ဓါကြွ၍ ထာဝရလှူဒါန်း စားဖွယ်ဆွမ်းသည်လည်း၊ အယောဂုဠောဝ- အရှိန်ရဲရဲ မီးလျှံစွဲသည့် သံခဲသံလုံး သံတုံးတွေနှင့် တူလှလေ၏၊ စီဝရံ- ကိုယ်ဝယ်ဆင်မြန်း ဝတ်သင်္ကန်းသည်၊ အယောပဋ္ဋော- အရှိန်ကြီးမား မီးလျှံပွားသည့် သံပြားကြီးနှင့် တူလှလေ၏၊ ဝိဟာရော- သွား ရပ် ထိုင် လျောင်း နေရာကျောင်းသည်၊ အယော ကုမ္ဘီဝ- ဝန်းကျင်တောက်ပြောင် ရဲရဲလောင်ညီး သံအိုးကြီးနှင့် တူလှလေ၏၊ အဉ္ဇလီ- လူသူအားလုံး များညွတ်ရှုံးလျက် ရွှင်ပြုံးကြည်ညို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကြခြင်းသည်၊ သတ္တိဝေဓော- အရောင်လက်လက် မြမြထက်သည့် လှံရွက်ကိုမိုး ဝိုင်း၍ ထိုးသည်နှင့် တူလှလေသတည်း။

မိမိ၏ သီလသိက္ခာ မလုံလောက်လျှင် ရဟန်းအဖြစ်၌ နေထိုင်ဖို့ ရန်ပင် မသင့်တော့ပြီ။ ရဟန်းအဖြစ်ဟူသည် အလွန်ကြီးမားသော ဆုထူးကို ရည်ရွယ်မှန်းထားသော အဂ္ဂသာဝက၊ မဟာသာဝကအလောင်း ဘုရား

အလောင်းများနှင့်သာ၊ သို့မဟုတ် နိဗ္ဗာန်ကို မြန်မြန်ရလို၍ သံသရာ၌ ငြီးငွေ့သော သူတော်ကောင်းတို့နှင့်သာ ထိုက်တန်၏။ အမှတ်တမဲ့ နေသူတို့မှာ ဗုဒ္ဓသာသနာတော်နှင့် မတန်ရာချေ။

သို့ပါလျက် အမြင်တိုသော ဆွေမျိုးများက 'လူ့ဘောင်၌ တေလေလုပ်နေလျှင် အိမ်မှာ အနှောင့်အယှက် ပေးလိမ့်မည်။ ရာဇဝတ်မှုကျူးလွန်လျှင် ထောင်ကျ၍ ဆင်းရဲလိမ့်မည်။ ဘာမျှ အလုပ်အကိုင် မတတ်လျှင် အသက်မွေးမှု ခက်လိမ့်မည်။ ဘုန်းကြီးလုပ်နေလျှင်ကား အစားအသောက်၊ အနေအထိုင် မကြောင့်ကြရ၊ ဘာမျှ မလုပ်ကိုင်ဘဲ ဘုရားထူးခံ ဦးချခံ၍ ဟန်ဟန်ပန်ပန်ကြီး နေနိုင်သည်' ဟု သူတို့တွက်ကိန်းအရ အိမ်၌ အသုံးကျပုံမပေါ်သူကို ဘုန်းကြီးလုပ်ဖို့ တိုက်တွန်းလိုက်ကြသဖြင့် သာသနာ့ဝန်ကို မဆောင်နိုင်ဘဲ သာသနာတော်ကြီးကို 'ဖိစီး' နေသော သာသနာ့ဝန်စီးတွေ ပေါများ၍နေသည်မှာ လွန်စွာ ဝမ်းနည်းဖွယ် ကောင်းလှတော့၏။

လောကကောင်းကျိုးကို ဆောင်ရွက်နေသော ပုဂ္ဂိုလ်ကောင်းများနှင့် ဆက်ဆံခွင့် မရသော ခေတ်လူငယ်အချို့က ထိုသာသနာ့ဝန်စီးများကို ကြည့်၍ ဘာသာရေးကို ပစ်ပယ်လိုသော စိတ်ထားများလည်း ယခုအခါ ပေါ်ပေါက်လာသဖြင့် သာ၍ ကြောက်ဖွယ်ဘေးကြီးနှင့် ရင်ဆိုင်ရတော့မလို ဖြစ်နေချေပြီ။ ဝန်ဆောင်ပုဂ္ဂိုလ်များသည် သာသနာသန့်ရှင်းရေးကို ကြိုးစားနိုင်ကြလျှင် ကြိုးစားဖို့ အချိန်ရောက်နေပါပြီ။ မကြိုးစားနိုင်လျှင်ကား တခြားနိုင်ငံက ဘုန်းကြီးများ၏ အခြေအနေသို့ ရောက်သွားလိမ့်မည်။ (တခြားနိုင်ငံ၌ ဘုန်းကြီး အခေါ်ခံရသူများကို အထက်တန်းမှာ မထားကြ။ ထိုဘုန်းကြီးများလည်း သင့်တော်သလို ရှာဖွေ၍ အသက်မွေးကြရရှာသည်။)

အရိယာသံဃာတော်များသည် လယ်ယာမြေကောင်းနှင့် တူ၏။ ကောင်းမှုရှင်များကား လယ်ယာရှင်နှင့် တူသည်။ ကောင်းမှုရှင်များ ပြုကြသော လှူဒါန်းမှု၊ ရဟန်းတော်များ၏ အဆုံးအမအတိုင်း သီလဆောက်တည်မှု၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမှုမှာ အောင်အောင်မြင်မြင် အနှစ်ပြည့်ဝသော မျိုးစေ့နှင့် တူသည်။

လယ်ယာစိုက်ပျိုးရာ၌ မြက်သစ်ပင်စသော အနှောင့်အယှက် ကင်း၍

သန့်ရှင်းသောလယ်ယာ၌ စိုက်ပျိုးသော မျိုးစေ့များသည် စည်ပင်ပြန့်ပွား၍ ဖွံ့ထွားကြီးမားသကဲ့သို့ ကောင်းမှုရှင်များသည် လှူဒါန်းမှု အစရှိသော မျိုးစေ့တို့ကို ကိလေသာ အညစ်အကြေးမှ ကင်းဝေးစင်ကြယ်ပြီးသော အရိယာသံဃာတော်၌ စိုက်ပျိုးကြဲချလိုက်မှသာ နောင်အချိန်ကျသောအခါတွင် အလွန်ကြီးမားသော အကျိုးများကို ခံစားကြရပါလိမ့်မည်။

ထို့ကြောင့် ယခုနှယ်အခါ အရိယာသံဃာ ဟူ၍ သိသိသာသာ မထင်ရှားရကား သံဃာအများနှင့် စပ်ဆိုင်သော ကထိန်သင်္ကန်း လှူဒါန်းမှု၊ နေ့စဉ် ဆွမ်းလောင်းမှု စသောကိစ္စ၌ ပရိနိဗ္ဗာန်စံဝင်ပြီးသော သံဃာတော်များနှင့် တစ်သာသနာလုံး သံဃာတော်များကို ရည်မှန်း၍ လှူဒါန်းကြပါ။ တစ်ပါး၊ နှစ်ပါး စသည် လှူဒါန်းရာ၌ကား သီလ၊ သမာဓိ၊ ပညာ ကောင်းစွာ လုံလောက်သော ပုဂ္ဂိုလ်များကို ရွေးချယ်၍ လှူဒါန်းမှသာ အကျိုးများများ ရနိုင်ပါမည်။ ပုထုဇဉ်သူတော်ကောင်းများလည်း သောတာပန်လောက်နီးနီး ခရီးရောက်ကြပေသည်။

## သာသနာသုံးရပ်

(၁) ပရိယတ္တိသာသနာ- ပါဠိတော်နှင့် အဋ္ဌကထာကျမ်းစာများ၊

(၂) ပဋိပတ္တိသာသနာ- တရားတော်အတိုင်း ကျင့်ကြံအားထုတ်မှု၊

(၃) ပဋိဝေဓသာသနာ- မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရားကို သိကြ ရကြမှု၊

သံဃာတော်သည် သာသနာတော် မဟုတ်၊ သာသနာ့ဝန်ဆောင်များသာတည်း။ ထိုသာသနာ့ဝန်ဆောင်ဖြစ်ကြသော သံဃာတော်များ၏ တာဝန်ကား အထက်ပါ သာသနာသုံးမျိုးကို ကိုယ်တိုင် အားထုတ်ခြင်း၊ သူတစ်ပါးကို နားလည်အောင် ပို့ချဟောပြခြင်းအားဖြင့် ကွယ်ပျောက်မသွားအောင် စောင့်ရှောက်ရခြင်းတည်း။

## ဘုရားလက်ထက် ဆောင်ရွက်တော်မူပုံ

ဤသာသနာသုံးရပ်ကို မကွယ်ပအောင် ဘုရားလက်ထက်တော်မှစ၍ ကျမ်းဂန်တတ်သိ ပညာရှိအပေါင်းတို့သည် အဆက်ဆက် ဆောင်ရွက်

တော်မူလာခဲ့ကြပေသည်။ အကယ်၍ ရှေးရှေးက သံဃာတော်များသည် ကိုယ်ကျိုးအတွက် သက်သက်ကြည့်၍ တရားကိုချည်း အားထုတ်နေခဲ့ကြ၍ သော်လည်းကောင်း၊ ရဟန်းသံဃာများကို အဆက်ဆက် စာပေမပို့ချဘဲ အေးအေးနေခဲ့ကြ၍သော်လည်းကောင်း၊ ဒကာ၊ ဒကာမတွေကိုသာ ဟောပြ၍ နေခဲ့ကြသော်လည်းကောင်း ဤသာသနာသုံးရပ်သည် ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် မကြာခင် ကွယ်ပျောက်ခဲ့ရာ၏။ စာချဆရာတော်တို့၏ အပင်ပန်းခံလျက် ကျမ်းဂန်ပြုခြင်း၊ အဆက်ဆက် စာပေပို့ချခြင်းကြောင့်သာ ယခုတိုင်အောင်ပင် ဤသာသနာတော်ကြီးကို အားလုံး တွေ့ကြုံရပေသည်။ သာသနာတော်တည်တံ့ရေးကို သတိပြုမိသောအခါ ကျမ်းပြုစာချဆရာတော် များသည် အထူးကြည်ညိုစရာ ကောင်းလှပါပေသည်။ ထို့ကြောင့် ကျမ်းဂန် တတ်သိ ပညာရှိများကို 'ဘုရားအရာထား၍ ဘုရားရှင်ကိုယ်တော်စား သာသနာပြုပုဂ္ဂိုလ်များ' ဟု မြှောက်စားကြပေသည်။

## ပဉ္စမသင်္ဂါယနာတင်ခြင်း

စတုတ္ထသင်္ဂါယနာ တင်ပြီးနောက် မြန်မာနိုင်ငံတွင် သထုံမှ ပုဂံသို့ သာသနာတော်ဆက်၍ အဝနေပြည်တော်၌ 'ရွှေနန်းကြော့ရှင် နရပတိ' မင်း၏ လက်ထက်ရောက်သောအခါ 'သိုဟန်ဘွား' ခေါ် ရှမ်းလူမျိုးက နှောင့်ယှက် အုပ်စိုးလာသဖြင့် သာသနာတော် ကစဉ့်ကရဲ ဖြစ်ကာ ကျမ်းစာများကို မီးရှို့ပြီးလျှင် ရဟန်းတော် အမြောက်အမြားကို သတ်ဖြတ်ကြရာတွင် စာတတ် ပုဂ္ဂိုလ်ချည်းပင် သုံးရာကျော်လောက် ပါသွားသတဲ့။ ထိုအခါ ကျန်ရစ်သော ရဟန်းတော်များက စာပေများကို စုဆောင်းရာ၌ ဝိနည်းငါးကျမ်းတွင် ပရိဝါ ပါဠိတော်ကို ရှာဖွေမရဘဲ ရှိလေသော် အတော်ကြာအောင် လိုက်၍ ရှာကြမှ နှုတ်လွှတ်ရှိသော တောကျောင်းဘုန်းတော်ကြီး 'အရှင်ဒီပ' ကို တွေ့၍ ကူးယူ ကြရလေသတဲ့။

ထိုသို့ ကြိုးကြိုးစားစားနှင့် မြန်မာဆရာတော်များ ဆောင်ရွက်လာ ခဲ့ကြရာ မင်းတုန်းမင်းလက်ထက်မှာ 'ပဉ္စမသင်္ဂါယနာတင်' အနေအထားသို့ ရောက်အောင် တံဆိပ်ရဆရာတော်ကြီးများ ပြင်ဆင်လျက် ကျောက်ထက် အက္ခရာ တင်တော်မူခဲ့ကြပေသည်။ ထိုမင်းတရား၏ သာသနာကို မြှောက်စား

ချီးမြှင့်မှုကြောင့် ယခုအခါ မြန်မာနိုင်ငံ သာသနာတော်သည် အဘိဓမ္မာဘက်နှင့် ဝိနည်းဘက်၌ သီဟိုဠ်၊ ယိုးဒယား၊ တိဗက်၊ ဂျပန်၊ တရုတ်ပြည်၌ ရှိသော သာသနာတော်ထက် သာလွန်ကောင်းမြတ်လျက် ရှိပေသည်။

ဤသို့ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူသည်မှ စ၍ သာသနာတော်ကြီး ကွယ်ပျောက်သင့်ပါလျက် မကွယ်ပျောက်ရလေအောင် ဆောင်တော်မူလာကြသော အရိယာသံဃာတော်များနှင့် ပုထုဇဉ်ပညာရှိအပေါင်းသူတော်ကောင်းတို့သည် နောင်လာနောက်သား ဗုဒ္ဓဘာသာဝင်များအဖို့မှာ လွန်စွာ ကျေးဇူးများကြပေသည်။

ဗုဒ္ဓံ- မြတ်စွာဘုရားကို၊ သရဏံ- ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာ ဟူ၍၊ ဂစ္ဆာမိ- မှီဝဲဆည်းကပ် သိမှတ်ပါ၏။ ဓမ္မံ- တရားတော်မြတ်ကို၊ သရဏံ- ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာ ဟူ၍၊ ဂစ္ဆာမိ- မှီဝဲ ဆည်းကပ် သိမှတ်ပါ၏။ သံဃံ- အရိယာသံဃာတော်မြတ်ကို၊ သရဏံ- ကိုးကွယ် လဲလျောင်း ပုန်းအောင်းမှီခိုရာ ဟူ၍၊ ဂစ္ဆာမိ- မှီဝဲဆည်းကပ် သိမှတ်ပါ၏။

ဒုတိယမ္ပိ- နှစ်ကြိမ်မြောက်လည်း··· ရှေ့အတိုင်းဆို။

တတိယမ္ပိ- သုံးကြိမ်မြောက်လည်း··· ရှေ့အတိုင်းဆို။

## သရဏဂုံ

**'သရဏ+ဂမန'** ဟူသော ပါဠိမှ **'သရဏဂုံ'** ဟု မြန်မာစကားဖြစ်လာသည်။ (**သရဏ**- ကိုးကွယ်ရာ ဟူ၍+ **ဂမန**- အသိအမှတ်ပြုလျက် ဆည်းကပ်ခြင်း)၊ 'ဘုရား၊ တရား အရိယာသံဃာသည် ကိုးကွယ်ရာအစစ်ဖြစ်၏' ဟု အသိအမှတ်ပြုလျက် ရှိသေလေးမြတ် ဆည်းကပ်လိုသော ကုသိုလ်စေတနာကို **'သရဏဂုံ'** ဟုခေါ်၏၊ ၁။ ဘုရားကိုးကွယ်မှု၊ ၂။ တရားကိုးကွယ်မှု၊ ၃။ အရိယာသံဃာကိုးကွယ်မှုအားဖြင့် သုံးပါး ရှိသည်။ 'သရဏဂုံသုံးပါး' ဟု ယခုကာလ ခေါ်ကြသည်မှာလည်း ဤသုံးပါးပင်တည်း။ မိမိသန္တာန်၌ ထိုရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်လိုသော စိတ်စေတနာဖြစ်နေကြောင်း ထင်ရှားပြဖို့ရာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသော ပါဠိစကားကိုဖြစ်စေ၊ 'ဘုရား ကိုးကွယ်ပါ၏' စသော မြန်မာစကားကို ဖြစ်စေ ရွတ်ဆိုခြင်းသည် သရဏဂုံဆောက်တည်ခြင်း မည်၏။

ထိုသို့ ဆောက်တည်ရာဝယ်…

**ဗုဒ္ဓံ။** ။ ဗုဒ္ဓံအရ ဘုရားဟုဆိုရာ၌ ရုပ်ပုံရုပ်ပွားဆင်းတုတော်များ လောက်တွင် စိတ်မထားဘဲ ဘုရားဂုဏ်တော်ဖွင့်၌ ပြခဲ့သော 'ဘုရားရှင်'ကို ရည်မှန်း၍ ထားရာ၏။

**ဓမ္မံ။** ။ ဓမ္မံအရ တရားဟုဆိုရာ၌ ယခုကာလ ဓမ္မကထိကတွေ သံရှည်၊ သံတိုဆွဲ၍ ယပ်လှဲ၊ ယပ်ထောင်တရားများနှင့် စာအုပ်၊ ပေစာတွေ လောက်တွင် စိတ်မထားဘဲ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ မဟာသတိ ပဋ္ဌာန်စသော ဘုရားဟောပါဠိတော်၊ အဋ္ဌကထာကျမ်းစာအစဉ်နှင့် မဂ်ဖိုလ် နိဗ္ဗာန်တရားကို ရည်မှန်းထားရာ၏။

**သံဃံ။** ။ သံဃံအရ သံဃာဟု ဆိုရာ၌ ယခုကာလ ရဟန်း သံဃာလောက်တွင် စိတ်မထားဘဲ သံဃာဂုဏ်၌ ပြခဲ့သော အရိယာသံဃာကို ရည်မှန်းထားရာ၏။ ဤသို့ ရည်မှန်းနိုင်မှသာ 'သရဏဂုံ' အစစ်အမှန်ရမည်။

**ကိုး- ကွယ်- လဲလျောင်း- ပုန်းအောင်း- မှီခိုရာ**

ရတနာသုံးပါးသည် အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲတို့မှ မကျ မရောက်အောင် ဟောတော်မူသောအားဖြင့် စောင့်ရှောက်တော်မူပေရကား-

**ကိုး-** ရတနာသုံးပါးကို ကိုးစားရာ၊ အားကိုးစရာ ဟူ၍ လည်းကောင်း၊

**ကွယ်-** ဘေးရန်ပေါ်လာလျှင် ကာကွယ်ဖို့ရာ ဟူ၍ လည်း ကောင်း၊

**လဲလျောင်း-** မိဘအပေါ်မှာ ယုံကြည်၍ သားသမီးများ လဲလျောင်း အိပ်နေသလို ရတနာသုံးပါးကို ကောင်းစွာယုံကြည် ၍ လဲလျောင်းဖို့ရာ ဟူ၍ လည်းကောင်း၊

**ပုန်းအောင်း -** အပါယ်ဘေးမရောက်အောင် ပုန်းအောင်းနေဖို့ရာ ဟူ၍ လည်းကောင်း၊

**မှီခို -** မိဘကို သားသမီးက မှီခိုသကဲ့သို့ မှီခိုရာ ဟူ၍ လည်းကောင်း အသိအမှတ်ပြုလျက် 'နှစ်နှစ်သက် သက် မှီဝဲဆည်းကပ်ပါ၏' ဟု ဆိုလိုသည်။

## တစ်ကြိမ်တည်း တစ်သက်တည်

ဤသို့ ယုံကြည်လေးမြတ်စွာ တစ်ကြိမ်လောက် ဆောက်တည်ထားလျှင် ယုံကြည်စိတ်မပျက်သမျှ တစ်သက်လုံး 'သရဏဂုံတည်သူ' မည်တော့၏။ ထပ်ကာထပ်ကာ ဆောက်တည်နေဖွယ် မလိုပါ။ ယခုကာလ၌ကား သီလဆောက်တည်တိုင်း ထပ်၍ သရဏဂုံ ဆောက်တည်လေ့ရှိကြသည်။ သို့သော် အပြစ်မရှိ၍ ထိုနည်းကို မပယ်ဖျက်လိုပါ။

## သရဏဂုံတင်ကြပုံ

ရတနာသုံးပါးကို မကိုးကွယ်သောအခါနှင့် အသက်ဆုံးသောအခါ၌ သရဏဂုံပျက်၏။ ထို့ကြောင့် တစ်စုံတစ်ယောက် အနိစ္စရောက်သောအခါ 'ရောက်ရာဘဝက သတိရနေလျှင် သရဏဂုံယူပါစေတော့' ဟု ရည်မှန်း၍ အလောင်းကို သရဏဂုံတင်ရိုး ပြုကြသည်။ စိတ်မရှိသော အလောင်းအတွက်ကား သရဏဂုံတင်သော်လည်း သရဏဂုံ မရပါ။

## သတိပြုဖွယ်

ယခုအခါ သရဏဂုံဆောက်တည်သူတို့တွင် တချို့မှာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသော ပါဠိကို ရွတ်နေသော်လည်း မြန်မာလို ဘာကို ဆိုလိုကြောင်း မသိကြ။ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံဟု နှုတ်က ရွတ်နေသော်လည်း ဘုရား၊ တရား၊ သံဃာ အစစ်ကို နားမလည်ကြချေ။ ထိုသို့ နားမလည်သူတို့မှာ ဉာဏ်နှင့်ယှဉ်သော ဉာဏသမ္ပယုတ် မဟာကုသိုလ်သရဏဂုံ မရနိုင်။ အတော်အတန် နားလည်သူ၊ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်စိတ်ရှိသူ၌ကား ဉာဏဝိပ္ပယုတ်သရဏဂုံမျှသာ ရဖွယ်ရှိ၏။ လုံးလုံး နားမလည်သူတို့မှာ သရဏဂုံကိုမျှ လုံးလုံး ရဖွယ်မရှိ။ သရဏဂုံ မတည်လျှင် ဗုဒ္ဓဘာသာဝင် မဟုတ်သေး။ ထို့ကြောင့် သရဏဂုံအကြောင်းကို ကောင်းကောင်းနားလည်အောင် လေ့လာကြပါကုန်။

## ရတနာသုံးပါးနှင့်စပ်၍ မှတ်ဖွယ်

### ဘုရား တရား

ယခုအခါ စဉ်းစားလေ့ရှိသူတို့သည် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသော သရဏဂုံ၌ 'သက်တော်ထင်ရှား မြတ်စွာဘုရားကို ကိုးကွယ်ရမည်။ စေတီတော်များကား ဘုရားရှင်၏ အရိုးဓာတ်တော်ကို ဌာပနာထားရာ ဖြစ်၍လည်းကောင်း၊ ရုပ်ပုံဆင်းတုတော်များမှာ ဘုရားရှင်၏ပုံတော်ကို စွမ်းနိုင်သမျှ အတုပြုလုပ်ထားသော ပုံတော်များဖြစ်၍ လည်းကောင်း ဘုရားရှင်ကို ရည်မှန်း၍ ကိုးကွယ်ပူဇော်ရာ ဌာနများဖြစ်ကြသည်' ဟု နားလည်ကြပေပြီ။ တရားကို ကိုးကွယ်ရာ၌လည်း 'ကိလေသာ အညစ်အကြေးတို့ကို ပယ်ရှားနိုင်သော မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်များနှင့် ဘုရားရှင် ဟောတော်မူအပ်သော တရားစစ်၊ တရားမှန်များကိုသာ ကိုးကွယ်ရမည်' ဟု နားလည်ကြပေပြီ။

### သံဃာ

'သံဃာကို ကိုးကွယ်ပါ၏' ဟု သရဏဂုံ ဆောက်တည်ရာ၌ကား စိတ်ထဲမှာ ရဟန်းသံဃာအမျိုးမျိုး ပေါ်လာသောကြောင့် ကျေကျေနပ်နပ် ဆည်းကပ်ကိုးကွယ်လိုစိတ် မဖြစ်နိုင်ကြ။ ထိုသို့ ဖြစ်ရာ၌ ဘုန်းကြီးတို့ ကလေးအရွယ်က စိတ်နေစိတ်ထားကို ပြန်၍ သတိရတော့သည်။ ဘုရားရှိခိုးရာ၌ ကလေး၏စိတ်သည် ရှေ့မှာရှိသော စေတီတော်၊ ဆင်းတုတော်ထက် ပိုလွန်၍ ဘုရားရှင်အစစ်တိုင်အောင် မမှန်းနိုင်ခဲ့ပါ။ အထက်တန်းစာကို သင်ရသော အခါကျမှ စေတီတော်၊ ဆင်းတုတော်များကို ရှိခိုးတိုင်း ဘုရားရှင်အစစ် ရောက်အောင် ထွင်းဖောက်၍ အာရုံပြုနိုင်ပါသည်။

ထို့အတူ ပုထုဇဉ်ရဟန်းသံဃာများကို စေတီတော်၊ ဆင်းတုတော်များကဲ့သို့ သဘောထား၍ အရိယာဖြစ်ပြီးသော ရဟန်းသံဃာများကို ဘုရားအစစ်လို သဘောထားလျက် စဉ်းစားကြည့်သောအခါ အတော်စိတ်ရှင်းသွားပါလိမ့်မည်။ စေတီတော်၊ ဆင်းတုတော်များကို ရွှေတိဂုံ၊ မဟာမုနိကဲ့သို့ အလွန်အဆင့်အတန်း မြင့်နေသည်ကိုလည်း ဖူးတွေ့ကြရ၏။ ဘုရားဒကာ၊ ဘုရားအမနှင့် ကိုးကွယ်သူ ရွာသားတို့ အပြုအပြင် မတတ်မှုကြောင့်

မသပ္ပာယ်သော စေတီတော်၊ ဆင်းတုတော်များကိုလည်း မလွဲရှောင်သာ မြင်ရတွေ့ရ၏။

သပ္ပာယ်သော စေတီတော်၊ ဆင်းတုတော်များကို ဖူးမြော်ရသော အခါ လွန်စွာ အားရ၍ သက်တော်ထင်ရှား ဘုရားကိုလည်း သတိရသကဲ့သို့ အဆင့်အတန်းမြင့်မြင့်နှင့် တရားကျင့်နေသော၊ သာသနာ့တာဝန်များကို အားသွန်ကြိုးစားနေသော ရဟန်းသံဃာတော်များကို ဖူးရသောအခါ 'ဩော်… ဘုရားလက်ထက်တော်၌ အရှင်မဟာကဿပ စသော သံဃာ တော်များသည် ဤသို့ ကျင့်တော်မူကြပေလိမ့်မည်။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်ဥပါလိ၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ၊ အရှင် ရာဟုလာ စသော သံဃာတော်များသည် ဤသို့ပင် သာသနာ့တာဝန်ကို အားသွန်ကြိုးစားတော်မူကြပေလိမ့်မည်' ဟု အရိယာသံဃာတော်များ၌ ထင်မြင်လာအောင် နှစ်သက်ခြင်းကို ဆောင်နိုင်ကြပါလိမ့်မည်။ ထိုကဲ့သို့ ထင်လာမြင်လာအောင်လည်း သတိထားမိကြပါစေ။

မသပ္ပာယ်သော စေတီ၊ ဆင်းတုတော်များကို တွေ့ရသောအခါ 'ဒီရပ်သူနယ်သားတွေ အသိအလိမ္မာ နည်းသေးလို့ ယခုလို စေတီ၊ ဆင်းတု တော်များ မသပ္ပာယ်၊ မတင့်တယ်ဘဲ ရှိနေကြရသည်။ ရပ်သူနယ်သားတို့ အသိအလိမ္မာ တိုးပွားလာလျှင် ဤစေတီ၊ ဆင်းတုတော်များကို သားနား သပ္ပာယ်အောင် ခြယ်လှယ်နိုင်ပေလိမ့်မည်' ဟု ရပ်သူနယ်သားတို့၏ အသိဉာဏ်ကို မြှင့်တင်လိုသော စိတ်ဆန္ဒသာ ဖြစ်ပေါ်လာ၍ ဆင်းတု၊ စေတီ တော်များ၏ မသပ္ပာယ်မှုကို အပြစ်မမြင်နိုင်တော့သကဲ့သို့ ထို့အတူ အဆင့် အတန်း မမြင့်မကြွယ် မသပ္ပာယ်သော ရဟန်းသံဃာတော်များကို တွေ့ရ ပြန်လျှင်လည်း သာသနာကို ကိုးကွယ်သော လူတစ်စု၏ အသိဉာဏ်နည်းမှုကို သာ အပြစ်တင်ကာ မတော်မလျော် သွားလာနေထိုင်သူတို့ အပေါ်မှာ အပြစ် မတင်သာဘဲ ရှိပါလိမ့်မည်။

## ဘုရားပေးသော သရဏဂုံ

ဘုရားရှင်သည် 'ဆတ္တ' မည်သော တက္ကသိုလ်ကျောင်းသား တစ် ယောက်အား ဗုဒ္ဓ-ဓမ္မ သရဏဂုံ ပေးတော်မူပြီးနောက် သံဃာ့သရဏဂုံ

ပေးတော်မူရာ၌ 'အရိယာသံဃာတော်ကို ကိုးကွယ်ဆည်းကပ်လော' ဟု မိန့်တော်မူပါသည်။ (ဆတ္တမာဏာဝကဝိမာနဝတ္ထု)

ထို့ကြောင့် ယခုအခါ 'သံဃံ သရဏံ ဂစ္ဆာမိ- သံဃာတော်ကို ဆည်းကပ် ကိုးကွယ်ပါ၏' ဟု သရဏဂုံ ဆောက်တည်ရာ၌ အရိယာသံဃာ ကိုသာ ရည်မှန်း၍ ဆောက်တည်ကြပါလေ။ သံဃာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသောအခါလည်း 'သုပ္ပဋိ ပန္နော' စသော ဂုဏ်တော်များနှင့် ပြည့်စုံ ပြီးသော အရိယာသံဃာတော်များကိုသာ အာရုံပြုရပါသည်။ သံဃာ့ဂုဏ် တော်ဖွင့်၌ အရိယာသံဃာတော်များချည်း ပါဝင်ပုံကို ပြန်၍ သတိပြုပါ ရတနသုတ်ပရိတ်တော်လာ သံဃာ့ဂုဏ်ကို ပြရာ၌လည်း အရိယာသံဃာ တော်များသာ ဖြစ်ပါသည်။

## ပုထုဇဉ်သံဃာလည်း မလွတ်

သက်တော်ထင်ရှား ဘုရားမရှိသော ယခုအခါ၌ ဘုရားရှင်ကို လှူဒါန်းပူဇော်လိုလျှင် ဘုရားကို ရည်မှန်း၍ စေတီတော်၊ ဆင်းတုတော် ကိုသာ လှူဒါန်းပူဇော်ရတော့သကဲ့သို့ ထို့အတူ အရိယာသံဃာကို ရည်မှန်း ၍ လှူဒါန်းပူဇော်လိုလျှင် တွေ့ရာကြုံရာ ပုထုဇဉ်သံဃာကိုလည်း လှူဒါန်း ပူဇော်ကြရတော့သည်။ 'အနုတ္တရံ ပုညခေတ္တံ- အရိယာသံဃာတော်သည် အတူမရှိ ကောင်းသော လယ်ယာမြေပင်တည်း' ဟု မိန့်တော်မူချက်အရ ပထမတန်းလယ်ယာမြေကို မရလျှင် ဒုတိယတန်းလယ်ယာမြေမှာပင် စိုက် ပျိုးရသကဲ့သို့ ပထမတန်းသံဃာကို မရလျှင် သီလ၊ သမာဓိ၊ ပညာအားဖြင့် ဒုတိယတန်းပုထုဇဉ်သံဃာတော်ကို ရှာ၍ ကိုးကွယ်ဆည်းကပ်ဖို့ တာဝန်မှာ တိုင်းသူပြည်သားတို့ အသိဉာဏ်ပေါ်၌သာ တည်၏။ အချုပ်မှာ ပုဂ္ဂိုလ်ကောင်း ကို ရွေးချယ်၍ ကိုးကွယ်နိုင်မှသာ အကျိုးများများရမည်ဟု ဆိုလိုပါသည်။

ဒုတိယတန်း လယ်ယာမြေ မရှိလျှင် တတိယတန်း လယ်ယာမြေ၌ လည်း စိုက်ပျိုးကြရသကဲ့သို့ ထို့အတူ တတိယတန်း ပုထုဇဉ်သံဃာများ ကိုလည်း သံဃာကို ရည်မှန်း၍ လှူဒါန်းပူဇော်နိုင်လျှင် ထိုက်သင့်သမျှ အကျိုးရမည့် အကြောင်းကိုလည်း ချဲ့ထွင်စဉ်းစားကြပါလေ။ သာသနာ

ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်လာသောအခါ ‘လည်ပင်း၌ သင်္ကန်းပတ်ထားသော ရဟန်းအတုကိုပင် သံဃာမှန်း၍ လှူဒါန်းနိုင်လျှင် မရေမတွက်နိုင်အောင် အကျိုးရနိုင်၏’ ဟု ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောတော်မူပါသည်။

# ဗုဒ္ဓဘာသာသင်ခန်းစာကျမ်းစာမှ
# ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

## ဘုရားသားတော်များ

ဘုရားလက်ထက်တော်တုန်းကပင် ရဟန်းသံဃာတော်များကို 'သကျပုတ္တိယ- သာကီဝင်မင်းသား ဖြစ်သော မြတ်စွာဘုရား၏ သားတော်များ' ဟု အသိအမှတ်ပြု၍ ခေါ်ဝေါ်ခဲ့ကြသည်။ ထိုဘုရားသားတော်များကို 'သမဏ- ငြိမ်သက်သူများ' ဟု လည်းကောင်း၊ 'သံဃ- အကျင့်သိက္ခာ တူသော အပေါင်းအစု' ဟု လည်းကောင်း အသိအမှတ် ပြုကြပြန်သည်။ ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူပြီးသောအခါ မိဂဒါဝုန်တော၌ ဓမ္မစကြာ တရားဦးကို ဟောတော်မမူမီ ဗုဒ္ဓရတနာနှင့်ဓမ္မရတနာ နှစ်မျိုးသာ ရှိသေး၏။ ဓမ္မစကြာကို ဟောတော်မူသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့ တရားထူး ရကြ၏။ ထိုသို့ တရားထူးရ၍ ရဟန်းပြုကြသောအခါကျမှ သံဃာ့ရတနာ ဖြစ်ပေါ်လာသည်။ ပဉ္စဝဂ္ဂီငါးဦးတို့၏ နောက်၌ သံဃာ့ရတနာအဆက်ဆက် ပေါ်လာပုံကို အဇာတသတ်မဟာရာဇာအား အောက်ပါအတိုင်း ဟောတော်မူသည်။

## ဘုရားပွင့်တော်မူပုံ

မဟာရာဇာ... ဤလောက၌ ကိလေသာကုန်စင်၍ အစုံအလင် သိမြင်နိုင်သော တထာဂတ (ဘုရား)သည် ဖြစ်တော်မူလာ၏။ ထိုတထာဂတသည် နတ်ဗြဟ္မာတို့နှင့်တကွဖြစ်သော ဤသတ္တဝါအပေါင်းကို ထူးခြား

သော သဗ္ဗညုတဉာဏ်ဖြင့် ကိုယ်တိုင်သိ၍ သတ္တဝါတို့အားလည်း (နတ်ပြဟ္မာ တွေရှိကြောင်း၊ လူ၊ တိရစ္ဆာန်သာမက ငရဲသတ္တဝါ၊ ပြိတ္တာသတ္တဝါတွေလည်း ရှိကြောင်းကို) သိအောင် ဟောပြတော်မူ၏။

## တရားဟောတော်မူပုံ

ထိုတထာဂတသည် အစ၌ သီလဖြည့်ကျင့်ရပုံကို ပြ၍ လည်းကောင်း၊ အလယ်၌ ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်သောအားဖြင့် သမာဓိဖြည့်ကျင့်ရပုံကို ပြ၍ လည်းကောင်း၊ အဆုံး၌ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာကို ပြ၍ လည်းကောင်း၊ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကောင်းသော တရားကို ဟောတော်မူ၏။ ထိုတရားသည် အနက်အဓိပ္ပာယ်လည်း ပြည့်စုံ၏။ သဒ္ဒါစကားလုံး အသုံးအနှုန်းလည်း (ကြားနာသူတွေ နားရှင်းလောက်အောင်) ပြည့်ပြည့်စုံစုံ ရှိ၏။

## ပြည့်စုံသန့်ရှင်းပုံ

ထိုတရားတော်၌ ဘယ်အချက်ကလေး လိုသွားသည်ဟု ဆို၍ နောက်ထပ် ထည့်သွင်းစရာ မရှိသောကြောင့် အားလုံး ပြည့်စုံ၏။ ဘယ်စကားအသုံးအနှုန်းဟာ ပိုနေသည်ဟုဆို၍ နုတ်ပယ်စရာလည်း မရှိ။ ပစ္စည်းလာဘ်ကိုမျှော်၍ လည်းကောင်း၊ မိမိဂုဏ်ကို ဖော်၍ လည်းကောင်း၊ နောက်ထပ် ဂုဏ်လိုချင်၍ လည်းကောင်း ဟောတော်မူခြင်း မဟုတ်။ တရားနာသူတို့ကို ကယ်တင်လိုသော ဆန္ဒတော်ဖြင့် ဟောတော်မူခြင်းကြောင့် သန့်ရှင်းသော တရားတော်လည်း ဖြစ်ပေသည်။

## သာသနာတော် ဖြစ်ပေါ်ပုံ

သီလ၊ သမာဓိ၊ ပညာ အကြောင်းအရာ ပါရှိသော တရားတော်ကို ဟောတော်မူရင်းပင် သီလ၊ သမာဓိ၊ ပညာ ဟူသော အကျင့်သာသနာတော်ကိုလည်း စတည်တော်မူပြီး ဖြစ်လေတော့သည်။ (သာသန- ဘုရားရှင်သည် သွန်သင်ညွှန်ပြအပ်သော သီလ၊ သမာဓိ၊ ပညာ ဤသုံးပါးသည်ပင် မိမိကိုယ်

၌ စွဲမြဲအောင် ကျင့်ရသောကြောင့် 'သိက္ခာအကျင့်' ဟုလည်းကောင်း၊ 'ပဋိပတ်- အကျင့်' ဟုလည်းကောင်း ခေါ်၏။)

## ပရိယတ်တရား

'ပရိယတ်' ဟူသည် ပါဠိပျက်စကားတည်း။ မြန်မာလို 'သင်ယူအပ်သောစာ' ဟု ခေါ်၏၊ ထိုစာကိုပင် 'ပိဋက' ဟုလည်း ခေါ်ပြန်သည်။ ဗုဒ္ဓမြတ်စွာသည် တရားတော်များကို ခပ်များများဟောပြီးသောအခါ ထိုတရားတော် (စာ) များကို သင်ယူရမည်ဖြစ်သောကြောင့် 'ပရိယတ်သာသနာ- သင်ယူရမည့် အဆုံးအမစာ' ဟူသော သာသနာတော်လည်း ဖြစ်ပေါ်လာပြီး ဖြစ်လေသည်။

## သဒ္ဓါဖြစ်၍ စဉ်းစားပုံ

ထိုတရားတော်ကို ကြားနာရ၊ သိရသော အမျိုးသားတစ်ယောက်မှာ မြတ်စွာဘုရားအပေါ် ယုံကြည်သော၊ ကြည်ညိုသော သဒ္ဓါတရားဖြစ်၏။ ထိုသဒ္ဓါတရားကို အရင်းခံ၍ စဉ်းစားဉာဏ်ဖြစ်ပုံမှာ··· 'အိမ်ရာထောင်သော လူ့ဘောင် ဆိုသည်မှာ သားမယားသံယောဇဉ်တွေ များသောကြောင့် (အိမ်က ကျယ်ဝန်းစေကာမူ စိတ်မလွတ်လပ်သဖြင့်) ကျဉ်းမြောင်းကျပ်တည်းလှ၏။ ရာဂ၊ ဒေါသ၊ မောဟ ဟူသော မြူမှုန် ဖုန်တွေ အမြဲကျရောက်နေရကား အများသွားသည့်လမ်းမကြီးလို ဖြစ်နေ၏။ အိမ်မှ ခွာ၍ နေရသော ရဟန်းဘဝကား ထိုသံယောဇဉ် အနှောင်အဖွဲ့ ကင်းသဖြင့် လွင်တီးခေါင်လို ဖြစ်နေပေသည်။' ဤသို့ စဉ်းစားလေသည်။

## ရဟန်းပြုပုံ

'ငါသည် ဘုရားရှင်၏ တရားတော်အတိုင်း စဉ်းစားရလျှင် အိမ်မှာ နေလို့တော့ ဤတရားတော် ညွှန်ပြသည့်အတိုင်း သီလကို အပြည့်အစုံ ဖြည့်နိုင်ဖို့ ခဲယဉ်းလှ၏။ သမာဓိရဖို့၊ ဝိပဿနာ မဂ်ဖိုလ် ပညာ ရဖို့မှာမူ သာ၍ ခက်ခဲစရာ ရှိ၏။ ထို့ကြောင့် ငါသည် ရဟန်းပြုမှတော်မည်' ဟု စဉ်းစားပြီးလျှင် ထားနေကျ မုတ်ဆိတ်၊ ထားနေကျဆံရှည်ကို ရိတ်၍ သစ်

ခေါက်ဖန်ရည် ဆိုးအပ်သော အဝတ်သင်္ကန်းကို ဝတ်လျက် ရှင်ရဟန်းပြုလေသည်။ (သာမညဖလသုတ် ပါဠိတော်)၊ ဤပါဠိတော်အစဉ်ကို စဉ်းစား၍ သံဃာရတနာ ဖြစ်ပေါ်လာခဲ့ပုံကို သိပါ။

## သံဃာ

'သံဃ' ဟူသော ပါဠိစကားသည် မြန်မာလို 'တူညီသူတို့၏ အပေါင်း' ဟု အနက်ထွက်၏။ ဤနေရာ၌ သီလအကျင့်တူညီသော ရဟန်းတော်တို့၏ အပေါင်းကို 'သံဃာ' ဟုခေါ်သည်။ ထိုသံဃာတို့တွင် ဘုရားဖြစ်ပြီးခါစ ရှေ့ပိုင်းကျသော သံဃာတော်များသည် အရိယာ ဖြစ်ကြသည်သာ များ၏။ ထိုသံဃာတော်များကို စိတ်ဖြူစင်သောကြောင့် 'အရိယာ သံဃာ' ဟု လည်းကောင်း၊ ရဟန်းဘဝမှ လူ့ဘဝသို့ မပြောင်းမလွဲ ခိုင်မြဲတည့်မတ်သောကြောင့် 'ပရမတ္ထသံဃာ- မဖောက်မပြန်သော သံဃာ' ဟု လည်းကောင်း ခေါ်၏။

## သံဃံ သရဏံ ဂစ္ဆာမိ

'သံဃံ သရဏံ ဂစ္ဆာမိ' ၌ သံဃာ ဟူသည် အရိယာဖြစ်ပြီးသော သံဃာတည်း၊ နောက်နောက် အဆက်ဆက် ရဟန်းပြုကြရာ၌ကား အရိယာ မဖြစ်သူများလည်း ပါဝင်သောကြောင့် ထိုအရိယာ မဖြစ်သော သံဃာကို ပုထုဇဉ်သံဃာ- အရိယာတို့မှ သီးခြားဖြစ်သော ရဟန်းတော်အပေါင်း ဟု လည်းကောင်း၊ သံဃာရတနာအစစ် မဟုတ်၊ သံဃာအစစ်နှင့် သီလ သိက္ခာ ကျင့်စရာချင်း တူသောကြောင့် သံဃာဟု လူအများက သမုတ်ထားသဖြင့် 'သမ္မုတိသံဃာ' ဟုလည်းကောင်း ခေါ်ရသည်။ ထိုသမ္မုတိသံဃာ၌ကား အကောင်း၊ အဆိုး နှစ်မျိုးပင် ရှိသည်။ သာသနာ့တာဝန်ကို ကျေပွန်အောင် ထမ်းနိုင်သော ပုဂ္ဂိုလ်ကို အကောင်း၊ ကျေပွန်အောင် မထမ်းနိုင်သူကို အဆိုး ဟု ခွဲပါ။

## ရဟန်းတော်များ၏ တာဝန်

ရဟန်းသံဃာမှန်လျှင် ပုထုဇဉ်ဖြစ်ဖြစ်၊ အရိယာဖြစ်ဖြစ် သာသနာ

တော်၏ တာဝန် ထမ်းရမည်သာ။ သာသနာတော်၌ ထမ်းရမည့်တာဝန်သည် ဂန္ထဓုရ- စာပေတာဝန်၊ ဝိပဿနာဓုရ- ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်မှု တာဝန်၊ ဤသို့ နှစ်မျိုးရှိ၏။ ဤတာဝန်နှစ်မျိုးတွင် တစ်မျိုးကို ဖြစ်စေ၊ နှစ်မျိုးလုံးကို ဖြစ်စေ ရဟန်းဖြစ်သူတိုင်း ထမ်းဆောင်ရမြဲ ဖြစ်သည်။

ထိုတာဝန်တစ်မျိုးကိုမျှ မယူနိုင်လျှင် တာဝန်မကျေ၊ မိမိအကျိုး သက်သက် ကမ္မဋ္ဌာန်းတရား ဖြင့်နေသော ပုဂ္ဂိုလ်သည် ဝိပဿနာတာဝန်ကို ထမ်းဆောင်နေသောကြောင့် သာသနာ့တာဝန်ထမ်းသော ပုဂ္ဂိုလ်ကောင်းပင် ဖြစ်သည်။

## တာဝန်မကျေလျှင် မသဒ္ဓါ

လောက၌ မိဘဖြစ်စေ၊ ဆရာဖြစ်စေ၊ တာဝန်မကျေသူကို မကျေနပ်ကြ။ တာဝန်ကျေမှ ကျေနပ်ကြ၏။ ဥပမာ- မိဘကို သားသမီးတို့က ကျွေးမွေးပြုစုထားလျှင် ထိုမိဘကလည်း အိမ်ကိုစောင့်ရှောက်ဖို့၊ မြေးကလေး များကို ထိန်းသိမ်းစောင့်ရှောက်ဖို့၊ သားသမီးနှင့်တကွ မြေးကလေးများ လိမ္မာအောင် သွန်သင်ဖို့ တာဝန်ရှိ၏။ ထိုသို့ တာဝန်ကျေသော မိဘကို သားသမီး၊ မြေးတို့က အလွန်ချစ်ကြ၏။ မိမိတို့အိမ်မှ တခြားသားသမီးများ အိမ်သို့ ရွှေ့သွားမည်ကိုပင် စိုးရိမ်ကြ၏။

ထို့အတူ ဆရာသမားဖြစ်ကြသော ရဟန်းတော်များကိုလည်း တာဝန် မကျေလျှင် ရပ်ရွာက၊ တိုင်းပြည်က မကျေနပ်ကြ။ ရပ်သူရွာသား တိုင်းသူ ပြည်သား လူကြီး၊ လူငယ်များကို စာရိတ္တကောင်းအောင် လည်းကောင်း၊ ကလေးများကို ပညာတတ်အောင် လည်းကောင်း သွန်သင်ပြသဖော်ရမှသာ ဆွမ်း၊ သင်္ကန်း၊ ကျောင်းများကို ကျေနပ်စွာ လှူဒါန်းကြပေလိမ့်မည်။ ထိုကဲ့သို့ ရပ်ရွာ၌ လည်းကောင်း၊ တိုင်းပြည်၌ လည်းကောင်း အကျိုးရနေသော ရဟန်း သံဃာတော်များကို တိုင်းပြည်၌ ကွယ်ပျောက်မသွားစေလိုကြ။ ထိုသံဃာ တော်အတွက် လူဝတ်ကြောင်တို့က အသက်ကိုပင်စွန့်၍ စောင့်ရှောက်ကြပေ လိမ့်မည်။ ထိုသို့ အကျိုးမရလျှင်ကား သာသနာတော် ကွယ်သွားသော်လည်း အများစုက ဝမ်းနည်းကြမည် မဟုတ်ချေ။

## အရေးကြီးသော အချိန်အခါ

ယနေ့အချိန်အခါသည် တည်ငြိမ်သောအခါ မဟုတ်။ ကမ္ဘာအရပ်ရပ်၌ပင် အယူအဆ အပြောင်းအလဲများ၍ လှုပ်ရှားနေသော အချိန်အခါဖြစ်၏။ ဤအချိန်၌ ဗုဒ္ဓသာသနာဝင် လူ၊ ရှင် အားလုံးပင် မိမိတို့၏ သာသနာရေးကိစ္စများကို ဗုဒ္ဓအလိုတော်နှင့် ကိုက်ညီအောင် ပြုပြင်နိုင်မှသာ ကြာရှည်စွာတည်တံ့သော ဘာသာ၊ သာသနာ ဖြစ်ပါလိမ့်မည်။ ဗုဒ္ဓအလိုတော်နှင့်လည်း မကိုက်၊ ခေတ်နှင့်လည်း မလိုက်သော ကိစ္စများကို အယူသီးကာ မပြုပြင်နိုင်ပါလျှင် ဘာသာရော ကိုးကွယ်သူတွေပါ ကမ္ဘာတွင် မဆိုထားဘိ၊ မြန်မာပြည်တွင်သော်မှ အောက်ကျနောက်ကျ ဖြစ်ရပါလိမ့်မည်။

## ဗုဒ္ဓသာသနာ အဖိုးအတန်ဆုံးအချိန်

ယနေ့အချိန်သည် အယူအဆ မတည်ငြိမ်သလောက် အများစု၏ စာရိတ္တလည်း တိုင်းပြည်မှာ ကြောက်စရာကောင်းလောက်အောင် ပျက်စီးနေချိန်ဖြစ်၏။ တဏှာ၊ ရာဂ၊ လောဘမှုနှင့်စပ်၍ ခံစားဖွယ် အာရုံတွေကို ပစ္စည်းရော လူပါ အမျိုးမျိုးထုတ်ဖော်ပြကြသောကြောင့် တဏှာ၊ ရာဂအတွက် စာရိတ္တသောင်းကျန်းမှုတွေ မိဘက သားသမီးကို မထိန်းသိမ်းနိုင်လောက်အောင်ပင် ကြောက်စရာ ဖြစ်နေလေပြီ။ ဒေါသ၊ မာနမှုနှင့် စပ်၍ လက်နက်အမျိုးမျိုးတွေ ထုတ်လုပ်နေကြသောကြောင့် မည်သည့်တိုင်းပြည်မှ စိတ်အေးလက်အေး မနေနိုင်ကြ။ ထို့ကြောင့် တိုင်းပြည်တိုင်းတွင် အမြော်အမြင်ရှိသူ အချို့က စာရိတ္တမပျက်စီးဘဲ ချမ်းသာမည့် နည်းလမ်းကို စုံစမ်းနေကြရလေပြီ။ ဤအချိန်မျိုးဝယ် ဤဗုဒ္ဓသာသနာတရားတော်သာ အကယ်နိုင်ဆုံး ဖြစ်စရာ ရှိပါသည်။

## သာသနာရေးကိစ္စများ ပြုပြင်ပါ

စာရိတ္တ မပျက်စီးဘဲ ချမ်းသာမည့် နည်းလမ်းကို စုံစမ်းရှာဖွေကြသူတို့သည် ဤမြန်မာနိုင်ငံသို့ ရောက်လာကြ၏။ ထိုအခါ တရားတော်ကို ဖတ်ဖူးသူတို့သည် တရားတော်နှင့် ဤနိုင်ငံ၏ သာသနာရေးအလုပ်များကို

တွဲဖက်စဉ်းစားကြသောအခါ အတော်များများက အားမရဘဲ ပြန်သွားရ၏။ ထို့ကြောင့် သာသနာရေးကိစ္စတိုင်းမှာ ဘုရားအလိုတော်နှင့် ကိုက်ညီအောင် အသင့်ပြုပြင်ထားဖို့ အရေးကြီးပါသည်။

**(ထိုပြုပြင်နည်း အချို့ကို အနာဂတ်သာသနာရေးစာအုပ် နောက်ပိုင်း၌ ပြထားပါပြီ။)**

## သာသနာရေးကျောင်းကောင်း လိုသည်

ကလေးဘဝမှစ၍ ဘာသာရေးကို နားရည်ဝအောင် ကျကျနန သင်ပြပေးမည့် ဘုန်းတော်ကြီးစာသင်ကျောင်းများ မြို့တိုင်း၊ ရွာတိုင်းမှာ ရှိဖို့ လိုအပ်နေပါပြီ။ ဘုန်းတော်ကြီးကျောင်းများဝယ် အနည်းဆုံး မူလတန်းကို အစိုးရသတ်မှတ်ထားသည့် သင်ခန်းစာများနှင့်တကွ ကလေးတို့၏ စာရိတ္တကို အထူးသင်ပြ၍ နောင်အခါ ရပ်ရွာ၏ လူတော်လူကောင်းကလေးများ ဖြစ်စေသင့်ပါပြီ။ ထိုဘုန်းတော်ကြီးကျောင်းအား အစိုးရက အထောက်အပံ့လည်း ပေးဖွယ် မလို၊ ချုပ်ချယ်ဖွယ်လည်း မလို။ ဘုန်းတော်ကြီးများ ကိုယ်တိုင် လွတ်လပ်စွာ သင်ပေး၍ အချိန်ကျလျှင် အစိုးရစာမေးပွဲ သွင်းပေးရုံသာ။

## လာဘ သက္ကာရ သိလောက

ရရိုးရစဉ်ဖြစ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို 'လာဘ- လာဘ်' ဟု ခေါ်၏။ အထူးပြုပြင်၍ လှူအပ်သော ဆွမ်းကောင်း၊ သင်္ကန်းကောင်း၊ ကျောင်းကောင်း၊ ဆေးကောင်းတို့ကို 'သက္ကာရ' ဟု ခေါ်၏။ နာမည်ကျော်မှု၊ ဘွဲ့တံဆိပ်ရမှုကို 'သိလောက' ဟု ခေါ်၏။ ဗုဒ္ဓမြတ်စွာသည် ထိုသုံးမျိုးကို သူ့ဘာသာ တစ်စုံတစ်ခု မကြိုးစားဘဲရလျှင် စိတ်ကြီးမဝင်ဖို့ ဆုံးမတော်မူ၏။ ရအောင်ကြိုးစားသူအတွက်ကား အလွန်စက်ဆုပ်တော်မူသည်။ အောက်ပါ ပါဠိတော်ကို ကြည့်ပါ။

ဘိက္ခုတို့··· လာဘ်ရမှု၊ အထူးတလည် အလှူရမှု၊ နာမည်ကျော်ကြားမှုသည် ကြမ်းတမ်းလှ၏၊ ထက်မြက်လှ၏၊ ခက်မာလှ၏၊ နိဗ္ဗာန်သိဖို့ရန် အန္တရာယ်တစ်မျိုးဖြစ်၏။ ထို့ကြောင့် 'ရလာသော လာဘ သက္ကာရ သိ

လောကကို ငါတို့က အရေးမစိုက်ဘဲ လွှမ်းမိုးလိုက်မည်။ ငါတို့ကို အလွှမ်းမိုးမခံ' ဟု ကျင့်ကြံအားထုတ်ကြရမည်။

ဘိက္ခုတို့… လာဘ သက္ကာရ သိလောကသည် ငါးမျှားချိတ်အဖျား၌ တပ်ထားအပ်သော ငါးစာနှင့် တူ၏။ ငါးစာကိုမက်၍ ငါးမျှားချိတ်ကို မျိုချမိသောငါးသည် တံငါအလိုရှိတိုင်း အပြုခံရတော့သကဲ့သို့ လာဘ သက္ကာရ သိလောက၏ အလွှမ်းမိုးခံရသော ရဟန်းသည် မာရ်နတ် အလိုရှိတိုင်း အပြုခံရလေတော့၏။

ဘိက္ခုတို့… လာဘ သက္ကာရ သိလောကသည် မစင်နှင့် တူ၏။ လာဘ သက္ကာရ သိလောက များများရသောကြောင့် စိတ်ကြီးဝင်နေသော ရဟန်းသည် မစင်များများရသောကြောင့် စိတ်ကြီးဝင်နေသော မစင်ပိုးကောင်ကြီးနှင့် တူ၏။ မစင်များများရသော မစင်ပိုးကောင်ကြီးသည် သူ့ကိုယ်သူ အထင်ကြီးလျက် မစင်များများမရသော ပိုးကောင်တို့ကို အထင်သေးသကဲ့သို့ လာဘ သက္ကာရ သိလောက များများရသော ထိုရဟန်းသည် သူ့ကိုယ်သူအထင်ကြီးလျက် အခြားရဟန်းတို့ကို အထင်သေးတတ်၏။ ထိုသို့ မိမိကိုယ်ကိုယ် အထင်ကြီး၍ အခြားသူတို့ကို အထင်သေးခြင်းကား သူ့အတွက် ကြာမြင့်စွာ ချမ်းသာမဖြစ်ဘဲ ဆင်းရဲဖို့သာ ဖြစ်ရလေသည်။

(နိဒါနဝဂ္ဂ၊ လာဘသက္ကာရသံယုတ်။)

**မှတ်ချက်။** ။ 'ဤတရားတော်၌ လာဘ်ဂုဏ်တို့ကို မယူရဟု မိန့်တော်မူလိုရင်း မဟုတ်ပါ။ တရားသဖြင့် ရလာလျှင် ယူပါ။ သို့သော် ရသည့်အတွက် မာန်မတက်ပါနှင့်။ လာဘ်ကို အများသံဃာနှင့် ဝေငှ၍ သာသနာရေး၌သာ သုံးစွဲပါ' ဟု မိန့်တော်မူလိုရင်း ဖြစ်ပါသည်။

ယခုအခါ သာသနာတော်ကြီးကို အထင်သေးခံရခြင်းမှာ စာမေးပွဲအောင်၍ ဂုဏ်လည်းရ၊ လာဘ်လည်းရအောင် ကြိုးစားမှု၊ ဘွဲ့တံဆိပ်ရအောင် ကြိုးစားမှု၊ အခြားနည်းမျိုးဖြင့် လာဘ်၊ ဂုဏ်ရအောင် ကြိုးစားမှုတွေက အထင်အရှား ဖြစ်နေသောကြောင့် လည်းကောင်း၊ ထိုရရှိပြီးသော အောင်လက်မှတ် ဘွဲ့တံဆိပ်တို့ဖြင့် သာသနာတော်ကို အရာထင်အောင် မပြုနိုင်သောကြောင့် လည်းကောင်း၊ တချို့ ဘွဲ့တံဆိပ်ရမှုအတွက် အထက်အစိုးရပိုင်းကိုပါ ကပ်ကြရသောကြောင့် လည်းကောင်း တိုင်းသူပြည်သား၊

အုပ်ချုပ်သူ အစိုးရများနှင့်တကွ လူအများစုက ထိုလာဘ်ဂုဏ်ရသူများကို အထင်မကြီးနိုင်ဘဲ ရှိပါတော့သည်။ ကျေးရွာများ၌ကား ဘုရားပွဲ၊ ဆွမ်းလောင်းပွဲတွေကို လိုက်နေရသဖြင့် ကလေးတွေ စာသင်ပျက်ကာ မိဘများက ဘုန်းကြီးကျောင်း၌ မိမိကလေးကို မထားလိုသည်အထိ ဖြစ်နေရပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ၏ ဆုတ်ယုတ်မှုအကြောင်းတို့တွင် လာဘ သက္ကာရ သိလောက လိုက်စားမှုသည် အလွန်ထင်ရှားသော အကြောင်းတစ်ပါး ဖြစ်ရပါတော့သည်။

## အာဟာရ

ဗုဒ္ဓမြတ်စွာသည် အစာအာဟာရကို ဆင်ခြင်တိုင်းထွာ၍ သုံးဆောင်စေတော်မူလို၏။ ကျန်းမာ၍ ဓုရနှစ်ပါးကို အားဖြည့်နိုင်ဖို့အတွက် စားသောက်ခြင်းကိုသာ ခွင့်ပြုတော်မူလို၏။ ပျော်ပျော်ပါးပါး စားသောက်လျက် ဓုရနှစ်ပါးကို အားမထုတ်ဘဲ နေသူများကို သာသနာတော်၌ မနေနိုင်လောက်အောင် ပါရာဇိကအာပတ်အဖြစ်ဖြင့် ပညတ်တော်မူလိုသော ဆန္ဒပင် ဖြစ်တော်မူ၏။ သို့သော် အမြဲစားသောက်ရသည့်ကိစ္စ ဖြစ်သောကြောင့် သတိလစ်သဖြင့် ပစ္စဝေက္ခဏာ မဆင်ခြင်မိသူများကို ငဲ့ညှာ၍ ပညတ်တော် မမူခဲ့ပေ။

ထိုသို့ သိက္ခာပုဒ်အနေအထားဖြင့် ပညတ်တော် မမူပါသော်လည်း အစာအာဟာရကို စားရာ၌ သားကလေး၏ အသားကို စား၍ မိဘနှစ်ယောက်တို့ ခရီးခဲလွန်သွားပုံကို ဥပမာပြတော်မူ၏။ အစာရှားပါးလှသော ခရီးဆိုးကြီး၌ ခရီးသွားစဉ် အစာကုန်တုန်းမှာ သေရှာသော သားကလေး၏ အသားကို မလွှဲမရှောင်သာသဖြင့် စား၍ ခရီးဆိုးကြီးလွန်အောင် သွားရသော မိဘနှစ်ပါး၏ စိတ်ထားကဲ့သို့ 'သံသရာမှ ထွက်မြောက်ဖို့ရာ မလွှဲမရှောင်သာ၍ အာဟာရကို စားရသည်' ဟု သဘောထားစေတော်မူလိုသည်။

**(နိဒါနဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂပါဠိတော်နှင့် အဋ္ဌကထာ။)**

**စဉ်းစားဖွယ်။** ။ ဤတရားတော်အရ ဘုရားရှင်၏ အလိုတော်ကို သိကြသော ဒါယကာ၊ ဒါယိကာမတို့သည် ဆရာသမားတို့က သာသနာတော်ဝန်ကို ထမ်းရာဝယ် အားပေးသောစိတ်ဖြင့်သာ ဆွမ်းလောင်း၊ ဆွမ်းကပ်မှုကို

ပြုသင့်သည်။ 'အာဟာရကို ခံစား၍ ဝမ်းသာအားရ ဘုဉ်းပေးကြပါစေ' ဟူသော စိတ်ထားဖြင့်ကား မလောင်းထိုက်၊ မကပ်ထိုက်ဟု နားလည်သင့်ကြပြီ။

ဆရာသမား (ရဟန်းသံဃာတော်) များကလည်း ကျန်းမာရေး၊ သာသနာတော်၏ တာဝန်ကို ထမ်းနိုင်ရေးအတွက်ကိုသာ မျှော်၍ ဘုဉ်းပေးထိုက်ပေသည်။ ပျော်ပျော်ပါးပါး ဝိုင်းကြီးဖွဲ့၍ကား မစားမသောက်ထိုက်ဟု သဘောပေါက်သင့်ပါသည်။

## အပိုအစာများ စဉ်းစားဖွယ်

သို့ဖြစ်လျှင် ဆွမ်းအာဟာရအတွက် လိုသည်ထက်ပိုနေသော ကွမ်း၊ ဆေး၊ လက်ဖက် ဆီစက်စက်တို့နှင့် တကွ မြို့ပြကျေးရွာများ၌ စာချ၊ စာသင်ဖျက်၍ (တစ်ခါတစ်ရံမက) မကြာခဏ လိုက်ကြရသော ဆွမ်းစား၊ ဆွမ်းကြီးလောင်းတို့သည် (အလှူရှင်တို့မှာ ကုသိုလ်ရစေကာမူ) သာသနာပြုလော၊ သာသနာဖျက်လောဟု တွေးတောစဉ်းစားသင့်ပါသည်။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ဝေဖန်သူတွေ ပေါ်ပေါက်နေရာ ယခုအချိန်ဝယ် သာ၍ သာ၍ စဉ်းစားသင့်ကြပါသတည်း။

**မှတ်ချက်။** ။ အိမ်တက်မင်္ဂလာ စသော သာမှု၊ နာမှု ကိစ္စစု၌သာ သံဃာတော်များကို ဆွမ်းဘုဉ်းပေး၊ ပရိတ်တရားဟောဖို့ပင့်၍ အခြားအခါ၌ လှူလိုလျှင် သံဃိကဆွမ်းလောင်းခြင်း၊ အချိန်ကျမှ ဘုဉ်းပေးဖို့ရန် ကျောင်းသို့ ပို့လှူခြင်းသာ သင့်လျော်သည်ဟု မှတ်ပါ။

## သံဃာကောင်း အမျိုးမျိုး

လူ့ဝတ်ကြောင်များအား ပြခဲ့သော တရားအမျိုးမျိုးတို့ဖြင့် ယဉ်ကျေးအောင် ဩဝါဒပေးလျက် မိမိကိုယ်တိုင်လည်း ဝိနည်းတော်နှင့်အညီ နေတော်မူကြသော သံဃာတော်အပေါင်းကို သံဃာကောင်းဟု ဆိုရာ၏။ ထိုသံဃာကောင်းလည်း အမျိုးမျိုးရှိပြန်၏။ ဥပမာ- ဘုရားဆင်းတုတော်၌ ပုံအမျိုးမျိုးရှိသကဲ့သို့တည်း။ ဘုရားဆင်းတုတော်သည် ကျောက်သား၊

သို့မဟုတ် သစ်သားကောင်းလေ၊ ဆင်းတုတော်ကို ထုသော ပန်းပုသမား ကောင်းလေ သပ္ပာယ်လေ ဖြစ်သကဲ့သို့ ထို့အတူ သမ္မုတိသံဃာကောင်းလည်း ပင်ကိုက အလိမ္မာနှင့် သဒ္ဓါကောင်းလေ၊ ဆရာသမားကောင်းလေ (ဆရာ သမားတို့က အသင်အပြ၊ အဆုံးအမ ကောင်းလေ) သံဃာကောင်း ဖြစ်လေ ပင်တည်း။ ဆင်းတုတော်၌ သပ္ပာယ်သော၊ သပ္ပာယ်သည်ထက် သပ္ပာယ်သော၊ အစွမ်းကုန် သပ္ပာယ်သော ဆင်းတုတော်များကို တွေ့ရသကဲ့သို့ သမ္မုတိသံဃာ ကောင်း၌လည်း ကောင်းသော၊ ကောင်းသည်ထက် ကောင်းသော၊ အစွမ်းကုန် ကောင်းသော သံဃာကောင်းများ ရှိကြပေသည်။

## ကိုးကွယ်သူများကို မေးဖွယ်

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးကို လှူဒါန်း၍ တရားတော်ကို နာယူကြသော ဒါယကာ၊ ဒါယိကာမတို့သည် သံဃာတော်ကို ကိုးကွယ်သူများ ဖြစ်ကြ၏။ 'ထိုကိုးကွယ်သူများသည် မိမိ တို့၏ ချွေးနဲ့စာ ဖြစ်သော (ချွေးထွက်အောင်ရှာမှ ရနိုင်သော) ပစ္စည်းကို မိမိတို့၏ မိဘ၊ သားသမီးကိုသော်မှ ရက်ရက်ရောရော မပေးနိုင်ပါဘဲလျက် ကိုးကွယ်ထားသော ဆရာသမားကို အဘယ်အကျိုးမျှော်၍ ရက်ရက်ရောရော ပေးလှူနိုင်ကြသနည်း' ဟု မေးဖွယ်ရှိ၏။

## အဖြေမှန်

ထိုပုဂ္ဂိုလ်က ဤဘဝ၌ တတ်သိနားလည်အောင် သွန်သင်ပြသ ဆုံးမသောကြောင့် လည်းကောင်း၊ ထိုသို့ သင်ပြဆုံးမသည့်အတွက် မိမိသည် တတ်သိသော၊ လိမ္မာယဉ်ကျေးသော လူတော်လူကောင်းတစ်ယောက် ဖြစ်ရ၍ ဤဘဝဝယ် စီးပွားရေး၊ ကြီးပွားရေး၌ ဉာဏ်၊ ဝီရိယ စိုက်တတ်သောကြောင့် လည်းကောင်း၊ နောက်နောက်ဘဝတို့အတွက် ကောင်းမှုကုသိုလ်ကို ကြိုးစား၍ အကုသိုလ်ကို ရှောင်ရှားတတ်သဖြင့် နောက်နောက်ဘဝ ချမ်းသာဖို့ရန်နှင့် ဘဝမှ လွတ်ဖို့ရန် အခြေခံတရားများကို ဟောပြသောကြောင့် လည်းကောင်း၊ မိမိသားသမီးများကို လိမ္မာယဉ်ကျေးအောင် ပညာပေးသောကြောင့် လည်း

ကောင်း ကျေးဇူးတင်လှ၍၊ သို့မဟုတ် ထိုပုဂ္ဂိုလ်၏ အနေအထိုင်နှင့် သာသနာ့ဝန်ဆောင်ပုံကို ကြည်ညိုအားရသဖြင့် ကူညီအားပေးလိုသောကြောင့်၊ သို့မဟုတ် သံဃိကဒါနအဖြစ်ဖြင့် သာသနာတော်ကို အားပေးလိုသောကြောင့် လှူဒါန်းပါသည်ဟု ဖြေလျှင် အဖြေမှန်ဖြစ်ပေသည်။

## အဖြေမှား

'အလှူရှင်၊ ကုသိုလ်ရှင်' ဟု အထင်ကြီးခံလိုသောကြောင့်၊ သို့မဟုတ် သူများ လှူဒါန်းနေပါလျက် မိမိက မလှူဒါန်းလျှင် အထင်သေးမှာစိုးသောကြောင့်၊ သို့မဟုတ် 'သူ့ထက်သာအောင် ငါက လှူပြမယ်' ဟု မော်ကြွားလိုသောကြောင့်၊ သို့မဟုတ် နောင်ဘဝ၌ လူချမ်းသာ၊ နတ်ချမ်းသာ ဖြစ်လိုသောကြောင့်၊ သို့မဟုတ် တစ်ပါးဖြစ်စေ ကျောင်းတိုက်သံဃာအများဖြစ်စေ ပုဂ္ဂိုလ်ကို ခင်မင်သောကြောင့်၊ သို့မဟုတ် မိမိတို့ကိုးကွယ်သောပုဂ္ဂိုလ်ဖြစ်၍ မလှူလျှင် မတော်သောကြောင့်၊ သို့မဟုတ် သူများလှူသလို လှူလိုသောကြောင့် ဤသို့ စသော အကြောင်းတို့ကြောင့် လှူရသည်ဟု ဖြေလျှင် ဘုရားအလိုတော်နှင့် ဆန့်ကျင်သော အဖြေမှား ဖြစ်သည်။

## အမြဲစိတ်ထားရန်

ထိုပြခဲ့သော အကြောင်းတို့ကြောင့် သာမဏေတစ်ပါး၊ ရဟန်းတစ်ပါးကို ဖြစ်စေ၊ အများသံဃာ ဖြစ်စေ အကောင်းကိုသာ ကိုးကွယ်မည်ဟု စိတ်တွင် အမြဲထားရမည်။ သံဃာကို ရည်မှန်း၍ သံဃိကဖြစ်အောင်လည်း မလှူတတ်၊ ပုဂ္ဂိုလ်ကောင်းကိုလည်း ရွေးချယ်၍ မလှူတတ်သောကြောင့် မကောင်းပုဂ္ဂိုလ်အား လှူနေလျှင်ကား မိမိစိတ်က အဆိပ်ပင်မှန်း မသိ၍ ရေလောင်းပေးသူကဲ့သို့ သာသနာကို ဖျက်ဆီးနေသူမှန်း (သာသနာ အသရေမရှိအောင် ပြုနေသူမှန်း) မသိသော်လည်း ကိုးကွယ်သူမှာ အကျိုးမရဘဲ ရှိပါလိမ့်မည်။ တကယ်ပင် မကောင်းမှန်းသိလျက် အားပေးနေသူကား အဆိပ်ပင်မှန်းသိလျက် ရေလောင်းပေးသူပမာ ဗုဒ္ဓဘာသာဝင်ဖြစ်ပါလျက် သာသနာ့ရန်သူအစစ်သာ ဖြစ်ရှာလေတော့သည်။

လင်းလွန်းခင်စာပေ

## အသက်ပေး၍ ဆောင်ရန်

ပရမတ္ထသံဃာတော်ပင် ဖြစ်ဖြစ်၊ သမ္မုတိသံဃာတော်ပင် ဖြစ်ဖြစ် ကောင်းသော ပုဂ္ဂိုလ်တို့ကား သာသနာတော်ကို အသက်ပေး၍ တာဝန်ကို ထမ်းဆောင်ဖို့ရန် အချိန်ရောက်နေပါပြီ။ ထိုသို့ မထမ်းဆောင်ပါလျှင် ခေတ်ကာလ အခြေအနေအရ ဗုဒ္ဓဘာသာကြီး ပျက်စီး၍ သာသနာတော်အသက်လည်း ကုန်ဆုံးရပါလိမ့်မည်။ ဘာ့ကြောင့်နည်း…။

(က) သာသနာတော်၌ အတွင်းက ဖျက်မည့် ရဟန်းအတုအယောင်တွေနှင့် မကောင်းသော အစိတ်အပိုင်းတွေ တစ်စတစ်စ များလာသောကြောင့် လည်းကောင်း၊

(ခ) သာသနာ့ဒါယကာ၊ ဒါယိကာမတို့၌ သုံးစွဲစရာ အာရုံတွေက များ၍ ရပေါက်ရလမ်းက တဖြည်းဖြည်း နည်းပါးလာသောကြောင့် လည်းကောင်း၊

(ဂ) ဥပါသကာ၊ ဥပါသိကာမ ဆိုသူတို့ကလည်း ငါးပါးသီလ သိက္ခာကို လုံခြုံအောင် မထိန်းနိုင်ကြ၊ လူရှိသေရုံမျှ ပေါ့ပေါ့ဆဆနှင့် ဥပုသ်စောင့်သလို၊ တရားကျင့်နေသလို အထင်ခံရရုံနေသူ အစိတ်အပိုင်းက များလာသောကြောင့် လည်းကောင်း၊

(ဃ) ဘုန်းတော်ကြီးကျောင်းများ၌လည်း ခေတ်နှင့် လျော်ကန်သော စာပေပညာကို အလယ်တန်း၊ အောက်တန်းလောက်မျှ မသင်ပြနိုင်သည်က များသောကြောင့် လည်းကောင်း၊

(င) ထိုသို့ မသင်ပြနိုင်မှုကို အကြောင်းပြု၍ ရဟန်းလောင်း၊ သာမဏေလောင်းများ မရှိနိုင်သောကြောင့် လည်းကောင်း၊

(စ) ရဟန်းသံဃာကောင်းနှင့် ဝေးကွာ၍ မကောင်းပုဂ္ဂိုလ်များကို တွေ့နေရသော ဒါယကာ၊ ဒါယိကာမများနှင့် သားသမီးအဆက်ဆက်တို့ကလည်း သာသနာတော်ကို တဖြည်းဖြည်း အထင်သေးလာကြသောကြောင့် လည်းကောင်း၊

(ဆ) လူတချို့ အထင်ကြီးနေကြသော ပုဂ္ဂိုလ်တချို့ကလည်း အတုအယောင်တရားတို့ဖြင့် သွေးဆောင်နေကြရကား အတော်ကြာသောအခါ သာ၍ အထင်သေးစရာတွေ ဖြစ်နေသောကြောင့် လည်းကောင်း၊

(၉) ကြောင်းကျိုးဆက်စပ်၍ မရအပ်သောတရားကို ဖယ်ရှားလိုကြသော ခေတ်ကြီးဝယ် ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးဟု ဆိုနေကြသော အလုပ်တချို့က ကြောင်းကျိုးဆက်စပ်၍ မရလောက်အောင် ပျက်ပြားနေသောကြောင့် လည်းကောင်း ဖြစ်ပါသည်။

## တာဝန်သုံးမျိုး

ဤသံဃာ့ရတနာအခန်းကို နိဂုံးမအုပ်မီ ရဟန်းသံဃာတော်များ၏ ကြီးလေးသော တာဝန်သုံးမျိုးကို အချုပ်မျှ ပြပါဦးမည်။ တာဝန်သုံးမျိုးကား· · ·

(၁) ဗုဒ္ဓဘာသာဝင် လူဦးရေ နည်းမသွားအောင်၊ ဘာသာရေး အယူဝါဒ ပြယ်မသွားအောင် ထိန်းသိမ်းရမည့် တာဝန်၊

(၂) ဗုဒ္ဓမြတ်စွာ၏ တရားတော်များ ပျောက်ကွယ်၍ မသွားအောင်၊ ပျက်ပြယ်၍ မသွားအောင် ထိန်းသိမ်းရမည့် တာဝန်၊

(၃) ဘုရားရှင်၏ အဆုံးအမတော်အတိုင်း ကျင့်ရမည့် တာဝန်၊ ဤသို့ တာဝန်သုံးမျိုး ရှိပါသည်။

## ဘာသာဝင် မနည်းအောင်

(၁) နံပါတ်တာဝန်ကို ကျေးရွာတို့၌ ကျောင်းထိုင်နေသော ဘုန်းတော်ကြီးများသည် ကောင်းစွာ ဆောင်နိုင်ပါသည်။ ထိုဘုန်းတော်ကြီးများသည် ကျေးရွာရှိ ကလေးတို့အား ခေတ်အလိုက် တတ်ထိုက်သော ဂဏန်းသင်္ချာ လောကဓာတ်ပညာကို သင်ပေးခြင်း၊ ထိုပညာသင်ပေးရင်းပင် ဘာသာစာရိတ္တ အခြေခံရအောင် လက်တွေ့သင်ပြခြင်း၊ ထိုကလေးတို့အား အရွယ်ရောက်သောအခါ ရှင်သာမဏေပြုခြင်း၊ ဤနည်းအားဖြင့် ဗုဒ္ဓဘာသာဝင် လူဦးရေ နည်းမသွားအောင် ကြိုးစားသင့်ပါသည်။

ထို့ပြင် တရားဟော ဓမ္မကထိကများကလည်း ဘာသာရေးကို ပဓာနထား၍ ဟောပြောသော အားဖြင့် ဘာသာဝင်လူဦးရေ နည်းမသွားဘဲ တိုးပွားလာအောင် ကြိုးစားနိုင်ကြပါသည်။ (ကျေးရွာ ကျောင်းဘုန်းတော်ကြီး

များသည် မိမိတို့ရွာ၌ ရာဇဝတ်မှု၊ တရားမမှုများ မရှိသလောက် နည်းပါးသွားအောင် စွမ်းဆောင်နိုင်စရာ ရှိပါသည်။)

## တရားတော်များ ပျောက်ကွယ်မသွားအောင်

(၂) နံပါတ်တာဝန်ကို စာသင်တိုက်များ၌ သီတင်းသုံးတော်မူကြသော စာချဆရာတော်များသည် ကောင်းစွာ ဆောင်နိုင်ပါသည်။ ထို့ကြောင့် ထိုစာချဆရာတော်များသည် ဘုရားရှင်၏ တရားတော်များကို အထက်တန်းအဘိဓမ္မာ၊ သုတ္တန်၊ နိကာယ်ကြီးများတိုင်အောင် ပို့ချခြင်း၊ လွယ်ကူသောသင်နည်း၊ ချနည်းများကို စီစဉ်ပေးခြင်း၊ ထိုတရားများမှ ထုတ်နုတ်၍ လူဝတ်ကြောင်များ နားလည်အောင် ရေးသားပေးခြင်း၊ ဟောပြောပေးခြင်း၊ ဤနည်းအားဖြင့် တရားတော်များ ပျောက်ကွယ်မသွားအောင်၊ ပျက်ပြယ်၍ မသွားအောင် တာဝန်ဆောင်သင့်ကြပါသည်။

## အဆုံးအမတော်အတိုင်း ကျင့်ရေး

(၃) နံပါတ်တာဝန်မှာ အားလုံး သံဃာတော်များ၏ တာဝန်ဟု ဆိုရပါမည်။ သို့သော် အရေးကြီးသော ဆိုလိုချက်မှာ စာပေပိဋကတ်၌ ကျွမ်းကျင်သော ပုဂ္ဂိုလ်များထဲမှပင် ပဋိပတ်ကျင့်စဉ်ကို ညွှန်ပြ၍ ကိုယ်တိုင်လည်း ကျင့်နေသော ပုဂ္ဂိုလ်အတော်များများ အစုအဝေးနှင့် ရှိစေလိုပါသည်၊ ထိုပုဂ္ဂိုလ်များသည် ခေတ်စာမေးပွဲများကို လည်းကောင်း၊ သာမှု၊ နာမှု ကိစ္စကို လည်းကောင်း လျစ်လျူရှုကာ ပိဋကတ်တော်များကို ပို့ချခြင်း၊ သင်ယူခြင်း၊ ပဋိပတ်ကို အချိန်မှန်မှန် ကိုယ်တိုင်ကျင့်ခြင်း၊ ရေးသားခြင်း၊ ဟောပြောခြင်း၊ ဤနည်းအားဖြင့် တာဝန်ဆောင်များ ဖြစ်စေလိုပါသည်။

## အခြေခံအလုပ်ကျောင်းတိုက်

ထိုတာဝန်သုံးမျိုးကို လက်တွေ့လုပ်ကိုင်နေသော၊ နည်းလမ်းကိုလည်း သင်ပြနေသော ကျောင်းတိုက်ကြီးတွေ တော်တော်များများရှိဖို့ လိုပါသည်။ ထိုကျောင်းတိုက်မျိုး များလေ အမျိုး၊ ဘာသာ၊ သာသနာ ခိုင်မြဲလေ ဖြစ်ပါလိမ့်မည်။ ထိုအခြေခံကျောင်းတိုက်၌ အသီးအသီး တာဝန်ဆောင်နေကြသော

အရှင်မြတ်တို့သည် ဘုန်းကံထင်ရှားမှု၊ နာမည်ကျော်ကြား ထင်ရှားမှုတို့ကို လုံးလုံး လျစ်လျူရှု၍ အမျိုး၊ ဘာသာ၊ သာသနာတော် ကြီးပွားမှုကိုသာ ဂရုပြုသော အထက်တန်းစိတ်ထားနိုင်သူများ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို စောင့်ရှောက်သောအားဖြင့် ပါရမီဖြည့်နေသူဟု မိမိကိုယ်ကိုယ် ယုံကြည်သူများသာ ဖြစ်ထိုက်ပါသည်။

## သာသနာ့သမ္ဘဒါသုံးပါး

လောက၌ မိမိတို့ဘာသာကို ဘာသာတိုင်းက 'သာသနာ' ဟု ယူဆကြ၏။ ထိုသာသနာ၏ အစစ်အမှန် ဟုတ်၊ မဟုတ်ကို ဤသာသနာ့ သမ္ဘဒါသုံးပါးဖြင့် စစ်တမ်းထုတ်ရပါမည်။

(၁) ဗုဒ္ဓအစစ်အမှန်ဖြစ်ခြင်း၊

(၂) တရားတော်၏ ဤဘဝ၊ နောက်ဘဝ နှစ်ဌာနလုံးအတွက် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာမှုကို ပေးနိုင်ခြင်း၊

(၃) သံဃာဟု ခေါ်ရသော တပည့်များ၏ သာသနာ့တာဝန်ကို ဆောင်သောအားဖြင့် ကောင်းစွာကျင့်ခြင်း၊

ဤသုံးပါးစုံမှ သာသနာကောင်း၊ သာသနာစစ်ဟု ဆိုရပါသည်။ ထို့ကြောင့် ယခုအခါ သံဃာတော်များသည် ဗုဒ္ဓဖြစ်တော်မူသော မြတ်စွာ ဘုရား၏ သုဓမ္မဖြစ်သော တရားတော်ကို မကွယ်မပ မတိမ်ကောရအောင် သုသံဃ ပီသအောင် ကိုယ်စီကိုယ်င တာဝန်ထမ်းဆောင်နိုင်ကြပါစေသတည်း။

**ဗုဒ္ဓသုဗုဒ္ဓတာ လောကေ၊ ဓမ္မဿ စ သုဓမ္မတာ။**
**သံဃဿ သုပ္ပဋိပတ္တိ၊ ဧသာ သာသနသမ္ဘဒါ။**

လောကေ- သူလည်းဘုရား ငါဘုရားဟု ဝါကြွားနေရာ ဤကမ္ဘာ လောကကြီး၌၊ ဗုဒ္ဓဿသုဗုဒ္ဓတာ- ဘုရားခေါ်ရ ထိုဗုဒ္ဓက မုချပိုင်နင်း သိမြင် တော်မူနိုင်ခြင်း လည်းကောင်း၊ ဓမ္မဿ- ကရုဏာလှူ့ဆော် မေတ္တာတော်ဖြင့် ထုတ်ဖော်ဟောကြား မြတ်တရား၏၊ သုဓမ္မတာစ- ခုနောက်ဘဝ သုခရဖို့ ညွှန်ပြသွယ်သွယ် တကယ်စစ်မှန်သော တရားတော်ဖြစ်ခြင်း လည်းကောင်း၊ သံဃဿ- သာသနာ့ဝန်ထမ်း ရဟန်းဟုခေါ် သံဃာတော်အပေါင်း သူတော်

ကောင်း၏၊ သုပ္ပဋိပတ္တိစ- တရားတော်များ ကွယ်မသွားဖို့ စိတ်ထားကိုတင်း ကောင်းမွန်စွာ ကျင့်ကြံခြင်း လည်းကောင်း၊ သော- ဤသည့် သုံးပါးရတနာ များ၏ မမှားအစစ် အမှန်ဖြစ်ခြင်းသည် သာသနသမ္ပဒါ- သာသနာခေါ်ရ ဆုံးအမ၏ လုံးဝပြစ်ကင်း ပြည့်စုံခြင်းပါပေတည်း။

## ရတနာ

ရတနာရှိသူ၏စိတ်ကို မွေ့လျော်ပျော်ရွှင်စေတတ်သော သက်ရှိ၊ သက်မဲ့အရာဝတ္ထုကို 'ရတနာ' ဟုခေါ်၏။ ထိုရတနာလက္ခဏာ အမှတ်အသားကား…

(၁) အလေးအမြတ် အပြုခံရခြင်း၊

(၂) အဖိုးများစွာ ထိုက်တန်ခြင်း၊

(၃) အတုမရှိ အသာဆုံးဖြစ်ခြင်း၊

(၄) တွေ့ခဲ ကြုံခဲ ရခဲခြင်း၊

(၅) အောက်တန်းသမား အညံ့စား မဟုတ်သူတို့၏ အသုံးအဆောင် ဖြစ်ခြင်းများတည်း။

**ဆောင်။** ။ အလေးပြုအပ်၊ ဖိုးမပြတ်တည်း၊ နှိုင်းအပ်ပြိုင်ဖွယ်၊ မရှိကွယ်သား၊ မလွယ်တွေ့ဖို့၊ ရှေးကံချို့သည့်၊ လူတို့သုံးစရာ၊ မဟုတ်ပါသည်၊ ရတနာပစ္စည်း ခေါ်သတည်း။

## ဗုဒ္ဓရတနာ

၁။ ဗုဒ္ဓမြတ်စွာသည် အလေးအမြတ် ပြုအပ်၏။ ထို့ကြောင့် ဗုဒ္ဓအထံတော်သို့ သွားကြသော လူ၊ နတ်အများသည် ပေါ့ပေါ့ဆဆ မသွားကြ။ အလွန် ရိုသေစွာရှိခိုး၍ လေးလေးမြတ်မြတ် ဆည်းကပ်ကြသည်။ ထိုသို့ လေးလေးမြတ်မြတ် ဆည်းကပ်ချင်လောက်အောင်လည်း ဗုဒ္ဓမြတ်စွာသည် မျက်နှာတော်မှ စ၍ ကျက်သရေမင်္ဂလာ ရှိပါပေသည်။ စကားတော်၊ တရားတော်ကို ဟောတော်မူသောအခါ ကြားနာရသူတို့မှာ စိတ်၏ အေးမြချမ်းသာမှု၊ အသိဉာဏ်တိုးတက်မှုကို ရသောကြောင့် ပထမအကြိမ် လေးလေးမြတ်မြတ်

ဆည်းကပ်ပြီးသူသည် နောက်ထပ်လည်း ဆည်းကပ်ချင်စိတ် ဖြစ်နေတော့သည်။

၂။ ဗုဒ္ဓရတနာသည် အလွန် အဖိုးထိုက်တန်၏။ ဥပမာ- လောက၌ ရတနာဟုခေါ်ရသော စိန်ကျောက်တို့သည် လည်းကောင်း၊ ဆင်ပျံတော်၊ မြင်းပျံတော်တို့သည် လည်းကောင်း အဖိုးမဖြတ်နိုင်၊ အလွန် အဖိုးတန်သကဲ့သို့တည်း။ ထိုကဲ့သို့ အဖိုးထိုက်တန်ခြင်းမှာလည်း ထိုရတနာအတွက် ဥစ္စာရှင်မှာ စိတ်ချမ်းသာမှု၊ ထိုရတနာကြောင့် အကျိုးရမှုကို လိုက်၍ ဖြစ်၏၊ ဘုရားလက်ထက်တော်၌ အနာထပိဏ်၊ ဝိသာခါ ဟူသော ကျောင်းဒကာ၊ ကျောင်းအမတို့သည် ဘုရားရတနာကို ဖူးမြော်ရသော ပထမအကြိမ်မှာပင် သောတာပန်များ ဖြစ်ကြ၏။ သောတာပန်ဖြစ်လျှင် ဘဝသံသရာ၌ တွေ့ကြုံရမည့် ဒုက္ခများစွာတို့မှ ကင်းလွတ်ရပြီဖြစ်၍ လွန်စွာ ကြီးမားသော အကျိုးကို ရကြ၏။ ထိုသို့ အကျိုးရသည့်အပြင် ဘုရားရှင်ကို ဖူးမြင်နေရသည်မှာလည်း လွန်စွာ စိတ်ချမ်းသာ၏။ ထို့ကြောင့် ထိုကျောင်းဒကာ၊ ကျောင်းအမတို့အတွက် ဗုဒ္ဓမြတ်စွာသည် တန်ဖိုးမဖြတ်နိုင်သော ရတနာတော် ဖြစ်ပါပေသည်။

၃။ ဗုဒ္ဓမြတ်စွာသည် အတူမရှိ၊ ကမ္ဘာလောက၌ အသာဆုံး ဖြစ်တော်မူ၏။ ဗုဒ္ဓမြတ်စွာ၏ သီလတော်၊ သမာဓိတော်၊ ပညာတော် စသော ဂုဏ်တော်များကဲ့သို့ ပြည့်စုံလုံလောက်သော ဂုဏ်သည် အခြားပုဂ္ဂိုလ်တို့မှာ မရှိ။ ထို့ကြောင့် သီလ စသော ဂုဏ်တော်အားဖြင့် မည်သည့် ပုဂ္ဂိုလ်နှင့်မျှ တူတော်မမူရကား ဗုဒ္ဓမြတ်စွာသည် အတူမရှိသော ရတနာတော် ဖြစ်ပါပေသည်။ ဥပမာ- ပြည်တန်ပတ္တမြားရတနာ၌ အခြား တန်းတူရတနာ မရှိတော့သကဲ့သို့တည်း။

၄။ ပြည်တန်သော ပတ္တမြားရတနာသည် တွေ့ဖို့ကြုံဖို့ ခဲယဉ်းသကဲ့သို့ ထို့အတူ ဗုဒ္ဓမြတ်စွာသည်လည်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာအောင် ပါရမီဖြည့်တော်မူပြီးမှ ဖြစ်တော်မူသောကြောင့် တွေ့ကြုံဖို့၊ ဖူးတွေ့ရဖို့ အလွန်ခဲယဉ်းပေသည်။ ငါတို့ ဗုဒ္ဓမြတ်စွာသည် ပါရမီဖြည့်တော်မူရာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း၌ ဘုရားရှင်ပေါင်း နှစ်ကျိပ်လေးဆူသာ ပွင့်တော်မူခဲ့ကြ၏။ ထို့ကြောင့် ငါတို့ ဘုရားအလောင်းတော်

သည်ပင် ပါရမီဖြည့်တော်မူစဉ်က ဗုဒ္ဓရတနာကို နှစ်ဆယ့်လေးကြိမ်သာ ဖူးတွေ့တော်မူခဲ့ရလေသည်။

၅။ လောက၌ စိန်ကျောက် စသော ရတနာသည် သာမန်လူ၊ အောက်တန်းလူတို့၏ အသုံးအဆောင် မဟုတ်။ စည်းစိမ်ဥစ္စာ ကြွယ်ဝသူတို့၏သာ အသုံးအဆောင် ဖြစ်သကဲ့သို့ ထို့အတူ ဗုဒ္ဓမြတ်စွာသည် ရှေးရေးက ဘုန်းကံပါသူတို့၏ ကိုးကွယ်ဆည်းကပ်ဖို့ရာသာ ဖြစ်၏။ 'ရှေးရေးက ဘုန်းကံပါလာသူ' ဟူရာ၌ ပစ္စည်းပေါများသူကို မဆိုလို။ ဘုရားကိုးကွယ်ဖို့ရန် ကံပါသူကို ဆိုလို၏။ ထို့ကြောင့် လူအနေအားဖြင့် အထက်တန်းကျသော်လည်း ရှေးကံမပါလျှင် ဗုဒ္ဓရှင်တော်ကို အယုံအကြည် မရှိသောကြောင့် ကိုးကွယ်မှု၊ ဆည်းကပ်မှုကို မပြုဖြစ်တော့ချေ။

## ဓမ္မရတနာ

ဘုရား ဟောတော်မူအပ်သော တရားတော်များနှင့် မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်များကို 'ဓမ္မ' ဟု ခေါ်၏။ ထိုဓမ္မသည် -

၁။ ရှိသေလေးမြတ်စွာ နာယူမှတ်သားအပ်၏။။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို သိဖို့ရန်လည်း ရှိသေလေးမြတ်စွာ ကျင့်အပ်၏။

၂။ တန်ဖိုး မဖြတ်နိုင်လောက်အောင် အဖိုးထိုက်တန်၏။

၃။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရားတော်များကို မဆိုထားဘိ၊ ပိဋကတ်တရားတော်များသည်ပင် အတူမရှိ၊ အသာဆုံး တရားတော် ဖြစ်၏။ (အခြားဘာသာတရားနှင့် ယှဉ်ကြည့်ပါလေ)။

၄။ ထိုတရားတော်သည် ဘုရားပွင့်တော်မူမှ ကြားရသိရသော တရားတော်များဖြစ်ရကား ဘုရားရှင်ကို ဖူးတွေ့ဖို့ မလွယ်သလို တရားတော်လည်း ကြားနာဖို့ မလွယ်ကူချေ။

၅။ ထိုတရားတော်ကို ရှေးကံမပါသော အောက်တန်းလူများ မသိနိုင်၊ မသုံးစွဲနိုင်။ ရှေးကံပါသော အထက်တန်းလူများ၏ အသုံးအဆောင် ဖြစ်၏။ ဤသို့လျှင် တရားတော်သည် ရတနာ၏ ဂုဏ်အင်္ဂါငါးပါးနှင့် ပြည့်စုံသောကြောင့် 'ဓမ္မရတနာ' ဖြစ်ပါပေသည်။

## လင်းလွန်းခင်စာပေ

## သံဃာရတနာ

အရိယာဖြစ်ပြီးသော သံဃာတော်ကိုသာ ရတနသုတ်ပရိတ်တော်၌ 'ရတနာ' ဟု ဟောတော်မူ၏။ ထိုသံဃာ့ရတနာသည်လည်း-

၁။ ရှိသေလေးစားထိုက်၏။ မရှိမသေလုပ်လျှင် ထိုမရှိမသေသူမှာ ဤလောက၌ ကြီးပွားခြင်း၏ အန္တရာယ် ဖြစ်၏။ နောင်သံသရာ၌လည်း မကောင်းကျိုးကို ခံရမည်သာ။

၂။ ထိုအရိယာသံဃာတော်ကို ရှိသေလေးမြတ် ဆည်းကပ်ကိုးကွယ်သူမှာ နောင်သံသရာအကျိုးကို ပေးနိုင်၏။ ထိုအကျိုးကား တန်ဖိုးဖြတ်၍ မရနိုင်သော အကျိုးဖြစ်၏။ ထို့ကြောင့် ထိုအကျိုးကို ပေးနိုင်သော အရိယာသံဃာတော်သည်လည်း တန်ဖိုးဖြတ်၍ မရနိုင်လောက်အောင် အဖိုးတန်ပါပေသည်။

၃။ သုပ္ပဋိပန္န- ကောင်းစွာ ကျင့်သော၊ ဥဇုပ္ပဋိပန္န- လူတို့ အထင်ကြီးဖို့ရာ ပရိယာယ်ဟန်မပါဘဲ ရိုးရိုးဖြောင့်ဖြောင့် ကျင့်သော၊ ဉာယပ္ပဋိပန္န- လောက၌ ဂုဏ်ပကာသန လာဘ်လာဘ အကျိုးကို လည်းကောင်း၊ သံသရာ၌ ခံစားရမည့် အကျိုးကို လည်းကောင်း လုံးလုံးမမျှော်ကိုးဘဲ နိဗ္ဗာန်အကျိုးအတွက် သက်သက်ကျင့်သော၊ သာမီစိပဋိပန္န- လူတို့၏ ရှိသေလေးစားမှုကို ခံနိုင်လောက်အောင် ကျင့်သော သံဃာတော်သည် ဘုရားရှင်၏ အရိယာရဟန်းများမှတစ်ပါး အခြား ဘာသာ၌ မရှိနိုင်။ ထို့ကြောင့် အရိယာသံဃာတော်သည် အတူမရှိ၊ အသာဆုံး ဖြစ်ပါပေသည်။

၄။ သံဃာ့ရတနာသည် ဗုဒ္ဓရတနာ ပေါ်ထွန်းချိန်၌သာ တွေ့ရကြုံရ၊ ဖူးမြင်ရသောကြောင့် အလွန်တွေ့ကြုံခဲသော ရတနာပင် ဖြစ်၏။

၅။ ထိုသံဃာ့ရတနာကို ရှေးရှေးက ဘုန်းကံပါသူ၊ အထက်တန်းလူတို့သာ ဖူးတွေ့နိုင်၊ ဆည်းကပ်ကိုးကွယ်နိုင်သောကြောင့် သံဃာ့ရတနာသည် အထက်တန်းလူတို့၏ အသုံးအဆောင်သဖွယ် ဖြစ်ပေသည်။

## ဥပါသကာ

ထိုရတနာသုံးပါး၏ ဂုဏ်တော်များကို သဒ္ဒါတရားဖြင့် ယုံကြည်၍

ဉာဏ်ဖြင့်လည်း ထိုဂုဏ်တော်များကို အထိုက်အလျောက် သိသောကြောင့် 'ဘုရားကို ကိုးကွယ်ပါ၏၊ တရားတော်ကို ကိုးကွယ်ပါ၏၊ အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏' ဟုဆို၍ ကိုးကွယ်ဆည်းကပ်သူကို 'ဥပါသကာယောကျ်ား၊ ဥပါသိကာ မိန်းမ' ဟု ခေါ်ရ၏၊ (ဥပ-ရတနာသုံးပါးအနီးသို့ ကိုယ်ဖြင့်လည်း ကပ်ရောက်၊ နှုတ်ဖြင့်လည်း ချီးကျူးပြောဆိုသောအားဖြင့် ကပ်ရောက်၊ စိတ်ဖြင့်လည်း အာရုံရောက်၍ + အာသက- နေတတ်သူ)။

## သရဏ

'သရဏ' ဟူသော ပါဠိသည် မြန်မာလို 'ဒုက္ခကိုဖျောက် သုခရောက်အောင် စောင့်ရှောက်တတ်' ဟု အဓိပ္ပာယ်ပြ၏၊ ဘုရား၊ တရား အရိယာသံဃာ ဟူသော ရတနာသုံးပါးကို 'သရဏ' ဟုဆိုသည်။ ဘုရားရှင်သည် ဓမ္မရတနာအခန်း၌ ပြခဲ့သော တရားတော်များကို ဟောတော်မူ၍ ကိုးကွယ်သူတို့အား ယခုဘဝ၊ နောက်ဘဝ၌ ဒုက္ခကို ပယ်ဖျောက်၍ သုခရောက်အောင် စောင့်ရှောက်တော်မူ၏။ တရားတော်ကား မိမိကို ကျင့်သူအား ယခုဘဝ၊ နောက်ဘဝ၌ ဒုက္ခကိုဖျောက် သုခရောက်အောင် စောင့်ရှောက်တော်မူ၏။ (ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ- တရားကျင့်သူကို တရားက ပြန်၍ စောင့်ရှောက်၏။) အရိယာဖြစ်ပြီးသော သံဃာတော်များလည်း လယ်ယာမြေကောင်းပမာ ကောင်းမွန်စွာ ကျင့်၍ လည်းကောင်း၊ တရားတော်ကို ဟောပြ၍လည်းကောင်း ကိုးကွယ်သူတို့အား အကျိုးများအောင် စောင့်ရှောက်တော်မူကြပေသည်။

## ကိုးကွယ်ရာ

'သရဏ' ဟူသော ပါဠိသည် 'ကိုးကွယ်ရာ' ဟုလည်း အဓိပ္ပာယ်ရ၏။ ဘုရား၊ တရား၊ အရိယာသံဃာတော်များသည် လူတို့၏ ကိုး- (ဘေးရန်မရောက်အောင် စောင့်ရှောက်တတ်သောကြောင့်) အားကိုးစရာလည်း ဖြစ်၏။ ကွယ်- ဘေးရန်ပေါ်ပေါက်လာသောအခါ ဘေးရန်ကို ကွယ်ကာစရာလည်း ဖြစ်၏။ ထို့ကြောင့်ပင် ရတနာသုံးပါးကို ယုံကြည်သူ ဥပါသကာ၊

ဥပါသိကာမ တို့သည် လောကီဒုက္ခနှင့် တွေ့ရသောအခါ ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို နှလုံးသွင်း၍ လည်းကောင်း၊ ဗုဒ္ဓစာပေများကို ကြည့်ရှု၍ လည်းကောင်း၊ ထိုဒုက္ခမှ သက်သာနိုင်သမျှ သက်သာအောင် ကာကွယ်ရာ ကြလေသည်။ ထိုသို့ ကာကွယ်သည့်အတွက် ထိုဒုက္ခ၏ သက်သာခြင်း၊ ထိုဒုက္ခမှ လွတ်သင့်လျှင် လွတ်လာခြင်းသည် ရှေးကလည်းပါ၊ တရားတော်၏ အကွယ်အကာလည်း ပါသောကြောင့်ပင် ဖြစ်၏။ သို့ရာတွင် ဘုရား၊ တရား၊ အရိယာသံဃာတော်များ၏ ဒုက္ခကို ကာကွယ်ခြင်းမှာ တကယ်လက်တွေ့ ကျမှ ကာကွယ်ခြင်းထက် ဒုက္ခမရောက်မီက ထိုဒုက္ခမျိုး မရောက်ရအောင် ကြိုတင်၍ ကာကွယ်ခြင်းက လိုရင်း ဖြစ်ပါသည်။ (ဤနေရာဝယ် ပရိတ်တရားတော်များ၏ ဘေးရန်အန္တရာယ် ကာကွယ်ပုံ၊ မေတ္တာတရား၏ ဘေးအန္တရာယ် ကာကွယ်ပုံများကို စဉ်းစားကြ၊ ကြားနာကြပါလေ)။

## သရဏဂုံတည်သူ

(သရဏ- ကိုးကွယ်ရာ ဟူ၍ + ဂမန (ဂုံ)သိသောစိတ်)၊ 'ဘုရား၊ တရား၊ အရိယာသံဃာတော်များသည် ကိုးကွယ်ရာဖြစ်ပေသည်' ဟု ယုံကြည်သောသဒ္ဓါ၊ သိသောဉာဏ်၊ ထိုနှစ်မျိုးလုံး ဖြစ်စေ၊ တစ်မျိုးဖြစ်စေ ပါရှိသော စိတ်ကို 'သရဏဂမန' ဟု လည်းကောင်း၊ 'သရဏဂုံ' ဟုလည်းကောင်း ခေါ်၏။ ထိုသရဏဂုံစိတ် မပျက်ဘဲ အမြဲ တည်ရှိနေသော ဥပါသကာ၊ ဥပါသိကာမကို 'သရဏဂုံတည်သူ' ဟုခေါ်သည်။ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသည်ဖြင့် မဆိုသော်လည်း 'သရဏဂုံတည်သူ' ဟုကား ဆိုနိုင်ပါပြီ။ ဥပမာ- 'ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ' ဟု မဆိုသော်လည်း သူ့အသက် မသတ်ဖို့ရန် ရှောင်ကြဉ်လျှင် ထိုသီလရှိသူ ဖြစ်သကဲ့သို့တည်း။

## ဆောက်တည်ပါ

သို့သော် သီလကို ဆောက်တည်သကဲ့သို့ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသည်ဖြင့် ပါဠိလို ဖြစ်စေ၊ 'ဘုရားကို ကိုးကွယ်ပါ၏' စသည်ဖြင့် မြန်မာလိုဖြစ်စေ (အခြားဘာသာစကား တစ်မျိုးမျိုးဖြင့်ဖြစ်စေ) ရွတ်ဆိုလိုက်ရ

သေး၏။ ထိုသို့ ရွတ်ဆိုခြင်းကို ‘သရဏဂုံဆောက်တည်ခြင်း’ ဟု ခေါ်၏။ သီလကို တစ်ကြိမ်တစ်ခါ ဆောက်တည်ထားလျှင် သီလ မပျက်သမျှ အမြဲတည်သကဲ့သို့ သရဏဂုံကိုလည်း တစ်ကြိမ် ဆောက်တည်ထားလျှင် ယုံကြည်စိတ် မပျောက်သမျှ သရဏဂုံ မပျက်တော့ပါ။

## အခြားကိုးကွယ်မှုပျက်

ရတနာသုံးပါးကို မယုံကြည်တော့ဘဲ အခြားဘုရားကို ဖြစ်စေ၊ နတ် စသည်ကို ဖြစ်စေ တကယ်ယုံကြည်၍ ကိုးကွယ်သောအခါ သရဏဂုံ ပျက်၏။ သူတို့၏ အယူကို ယုံကြည်မှုမရှိဘဲ ‘ဆရာဖြစ်ဖူး၍ ကန်တော့ခြင်း၊ လောကီအကျိုး တစ်မျိုးမျိုးကို ပေးလိမ့်မည်ထင်၍ ကိုးကွယ်ခြင်း’ စသည်တို့ကို ပြုသည့်အတွက်ကား သရဏဂုံ မပျက်ပါ။ ။

(သာမညဖလသုတ်အဋ္ဌကထာ)

## တစ်ဘဝသံသရာကျမ်းစာမှ
## ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

"အဲဒီတုန်းက ကိုယ်တော့်အဖေ မန္တလေး နေဖြစ်ရင် ကိုယ်တော်လည်း ဘုန်းကြီးဖြစ်မှာ မဟုတ်ပါဘူး"

"ဒီလို ဘယ်ဟုတ်မလဲ၊ တပည့်တော်က ဘုန်းကြီးဘဝကို အထင်မသေးပါဘူး။ ဗုဒ္ဓမြတ်စွာက ဆင်းသက်လာတဲ့ ဘုန်းကြီးဘဝကို ယခုလည်း အထင်ကြီးနေတာပါပဲ။ ဒါ့ကြောင့် သာသနာ့ဝန်ထမ်း ရဟန်းတော်အားလုံးကို အထင်သေးမခံရအောင် တပည့်တော် စိတ်ကူးနေတာပါ"

"ဘယ်လိုလုပ်ဖို့ စိတ်ကူးသလဲ၊ ပိုက်ဆံကို အထင်ကြီးတဲ့လောကထဲမှာ ပိုက်ဆံမရှိဘဲ တောင်းရမ်းစားနေတဲ့ ဘုန်းကြီးဘဝကို ဘယ်သူက အထင်ကြီးမှာလဲ"

"အရှင်ဘုရားလို အပေါ်ယံတွေးတဲ့ လူတွေအတွက်တော့ အထင်သေးစရာပေါ့။ ဒါပေမဲ့ ဘုရားအမိန့်တော်အတိုင်း ဝိနည်းသီလကို ထိန်းပြီး သမာဓိရရနဲ့ ဝိပဿနာပညာကိုသာ ကြိုးစားနေကြရင် ဘယ်သူကမှ အထင်မသေးပါဘူး။ ယခုတော့ လိုချင်မှုအားကြီးနေလို့၊ ဝိနည်းတော် အတိုင်းလည်း မနေကြလို့ အထင်သေးခံရတာပါ"

လင်းလွန်းခင်စာပေ

"ဝိနည်းတော်အတိုင်း နေပေမယ့် ခေတ်လူတွေကတော့ အထင်သေးမှာပါပဲ ကိုယ်တော်"

"ခေတ်လူ ဆိုပေမယ့် တချို့က ဗုဒ္ဓဘာသာကို လေးစားတဲ့လူတွေ အများပင် ပါဝင်ပါတယ်။ ထိုလူများကတော့ ဝိနည်းတော်အတိုင်း နေကြရင် အထင်မသေးပါဘူး။ လေးစားကြ၊ ရိုသေကြပါတယ်"

"ကျေးရွာမှာ ကျောင်းထိုင်နေကြတဲ့ ဘုန်းတော်ကြီးများကို အထင်မသေးအောင် ဘယ်လို စီစဉ်မလဲ"

"အလွယ်ကလေးပါ ဘုရား၊ ဝိနည်းတော်အတိုင်း ဣန္ဒြေရရ နေပြီး ကျေးရွာက ကလေးများကို ခေတ်အလိုက် ပညာတတ်အောင်၊ စာရိတ္တကောင်းအောင် သင်ပေးနိုင်ရင်၊ လူကြီးများကို ဘာသာရေး ယဉ်ကျေးအောင် ဟောပြနိုင်ရင် ဘယ်တော့မှ အထင်မသေးပါဘူး။ ထိုအရည်အချင်း မရှိရင်တော့ အထင်သေးသူရဲ့ အပြစ် မဟုတ်ပေဘူးပေါ့ ဘုရား။ ဒီကိစ္စနှင့် စပ်၍ ရေးစရာတွေကို 'အနာဂတ်သာသနာရေး' ကျမ်းမှာ အတော်လေး ရေးပြီးပါပြီ"

"ကိုယ်တော့်ညီဟာ ဉာဏ်တော့ အင်မတန်တော်တဲ့သူပါပဲ။ ကိုယ်တော့်အောက် မလျော့ပါဘူး။ သာရင်တောင် သာမှာပါ။ ဒါပေမဲ့ ကိုယ်တော့်လို သမာဓိမရှိလို့ ကိုယ်တော့်လို မဖြစ်တာ ထင်တယ်။ ကိုယ်တော်ကလည်း သာသနာတော်မှာ ပျော်အောင် ချော့မှ မထားဘဲကိုး"

"တပည့်တော်က ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်ကို အလွန်လေးစားပါတယ်။ ဒီဘဝမှာ တရားကျင့်ပြီး မဂ်၊ ဖိုလ်၊ နိဗ္ဗာန် မြန်မြန်ရလိုတဲ့ ပုဂ္ဂိုလ်တစ်မျိုး၊ ဆုတစ်မျိုးမျိုးမှန်းပြီး တကယ့်စိတ်ထားဖြင့် ပါရမီဖြည့်နေတဲ့ပုဂ္ဂိုလ်တစ်မျိုး၊ ဤနှစ်မျိုးသာ သာသနာတော်မှာ နေထိုက်တယ်လို့ ယူဆပါတယ်။ ဒီလို ရည်ရွယ်ချက် မရှိတဲ့သူဟာ ဉာဏ်ကောင်းပြီး စာတတ်ရုံဖြင့် သာသနာ့ဘောင်မှာ မနေထိုက်ပါဘူး။ အစားအနေချောင်လို့ ဝင်လာတဲ့သူ၊ ဂုဏ်လာဘ်မျှော်၍ ဝင်လာတဲ့သူတွေအတွက်တော့ သာသနာတော်နဲ့ လားလားမှ မထိုက်ပါ။ ဒီဘဝ ချောင်လေသမျှ နောင်ဘဝမှာ ကျပ်ဖို့သေချာပါတယ်။ မဟာဂန္ဓာရုံဆရာတော်ကလည်း 'ရှင်ချောင် သေကျပ်၊ ရှင်ကျပ်

သေချောင်’ လို့ မိန့်တော်မူပါတယ်။ ဒါ့ကြောင့် တပည့်တော်ရဲ့ညီကို သံသရာမှာ အသေမကျပ်စေလိုတဲ့ အတွက်ကြောင့် လည်းကောင်း၊ တပည့်တော်ရဲ့ အမျိုးထဲက သာသနာမှာ အချောင်ဝင်နေတယ်လို့ ထင်မှာစိုးတဲ့အတွက်ကြောင့် လည်းကောင်း တပည့်တော်ရဲ့ညီအရင်းကို လူထွက်ခိုင်းရတာ ဖြစ်ပါတယ်”

“ကိုယ်တော် ‘အဂ္ဂမဟာပဏ္ဍိတ’ ဘွဲ့ ရပြီးနောက် သာသနာရေး အတွက် အစိုးရဆိုင်ရာအလုပ်တွေ ဘာများ လုပ်ရသေးတုံး”

“စစ်ပြီးတဲ့နောက်မှာ ကလေးရော၊ လူကြီးပါ စာရိတ္တဘက်က ကျဆင်းနေလို့ စာရိတ္တကောင်းအောင် ရည်ရွယ်ပြီး အစိုးရက ကျောင်းသား တွေကို ဗုဒ္ဓဘာသာသင်ခန်းစာ စီစဉ်ပေးဖို့ရန် ဆရာတော်လေးပါးနဲ့ လူကြီးများ စုံညီ ကော်မတီဖွဲ့ပါတယ်။ အဲဒီလေးပါးထဲမှာ အဂ္ဂမဟာပဏ္ဍိတ နောင်အခါ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်၊ ရန်ကုန် ကျောင်းတော်ရာတိုက် မန်းဦး ဆရာတော်၊ ရန်ကုန် ဘုရားကြီးဆရာတော်နဲ့ တပည့်တော်များ ပါပါတယ်။ လူကော်မတီမှာတော့ တရားဝန်ကြီးဦးသိန်းမောင် စသော လူကြီးများ ပါပါ တယ်။ တပည့်တော်တာဝန်ယူပြီး လေးတန်းအထိ သင်ခန်းစာများကို ရေးပါ တယ်”

“ဒီအခါမှာ ဘယ်သွားပြီး စည်းဝေးရတုံး”

“ရန်ကုန်သွားပြီး အများအားဖြင့် ဟိုက်ကုတ်ရုံးကြီးမှာ စည်းဝေး ရပါတယ်။ အဲဒီ အချိန်တုန်းက မီးရထားလမ်းက စိဘ်မချရသေးလို့ လေ ယာဉ်နဲ့ချည်း အစည်းအဝေးရှိတိုင်း သွားရပါတယ်။ တပည့်တော်မှာ ပထမ အခေါက်တော့ ကျောက်ကုန်း ဓမ္မမေဒိနီတိုက်မှာ တည်းပါတယ်။ နောက် တော့ အစည်းအဝေး ပို့ရ၊ ယူရတဲ့ကားကို အားနာလို့ ဓမ္မသုခတိုက် ဇရပ်မှာ ပဲ တည်းပါတယ်။ ဆွမ်းအတွက်တော့ ဒေါ်ရူပမာလာက တာဝန်ယူပါတယ်။ စာရေးစရာရှိတဲ့အခါ မိမိနေရာ တောင်မြို့ပြန်ပြီး ရေးပါတယ်။ အဲဒီ ဓမ္မသုခ တိုက် သွန်းဘုရားကြီးအနီးမှာ တည်းရတော့ ခပ်လှမ်းလှမ်းက ရေတိုင်မှာ အရပ်ထဲက လူတချို့ မကြာမကြာ လာပြီး ရေခပ်ကြပါတယ်။ တချို့လူတွေ က ရေပိုက်နှုတ်သီးကို ဖွင့်ပြီး မပိတ်ဘဲ ထားခဲ့လို့ တပည့်တော် မြင်တိုင်း သွားသွားပြီး ပိတ်ရပါတယ်။ အဲဒီ အချိန်မှာ နွေအခါဖြစ်လို့ ရန်ကုန်မြို့ထဲမှာ

ရေရှားတဲ့အကြောင်း သတင်းစာက မကြာမကြာ ရေးနေပါတယ်။ လူတွေက စည်းကမ်းမရှိတော့ ရှားသင့်သလောက်ထက် ပိုရှားဟန်တူပါတယ်''

''ဟုတ်ပါလိမ့်မယ် ကိုယ်တော်၊ တပည့်တော်တို့လူစုကို စည်းကမ်းရှိအောင် အသိဉာဏ်ပေးဖို့ကတော့ ယနေ့အထိ လိုနေပါသေးတယ်''

''တစ်နိုင်ငံလုံးတော့ မပြောနဲ့တော့၊ တပည့်တော်ရဲ့ ကျောင်းတိုက်မှာတောင် စည်းကမ်းရှိအောင် မကြာမကြာ ဩဝါဒထဲမှာ ထည့်ပြီး ပြောနေရပါတယ်။ လူမျိုးအလိုက် ရပ်ရွာမိဘဆွေမျိုးတွေကလည်း စည်းကမ်းရှိသေတဲ့ ထုံးစံ နည်းပါးတဲ့အပြင် မူလဆရာဖြစ်တဲ့ ကျေးရွာဘုန်းတော်ကြီးများကလည်း မသင်ပြနိုင်ခဲ့ကြတော့ တပည့်တော်ကျောင်းမှာ အရာရာ စည်းကမ်းရှိဖို့ကိုပဲ အထူးတာဝန်ယူပြီး သင်နေရပါတယ်။ ဒါ့ကြောင့် တပည့်တော်က ရဟန်းသံဃာတော်များကို စည်းကမ်းကျကျ အုပ်ချုပ်သင်ပြတဲ့ ကျောင်းတိုက်ကြီးတွေ အများအပြား ဖြစ်စေချင်တာပါပဲ။ အဲဒီလို ကျောင်းတိုက်ကထွက်တဲ့ ဘုန်းကြီးတွေသာ ကျေးရွာဘုန်းကြီးတွေ ဖြစ်လာရင် ရွာသူရွာသား လူကြီးများနဲ့ ကလေးတွေပါ စည်းကမ်းရှိသေတဲ့ အကျင့်ကို ဘုန်းကြီးကျောင်းက ရနိုင်လိမ့်မယ်လို့ ယူဆပါတယ်''

''ကိုယ်တော့် သဘောအတိုင်းတော့ အစိုးရကပါ လိုက်နိုင်မှ ဖြစ်မယ် ထင်တယ်''

''အစိုးရက လိုက်နိုင်ရင်တော့ နှစ်အနည်းငယ်နဲ့ အထမြောက်နိုင်တာပေါ့ ဘုရား။ အစိုးရက မလိုက်စေကာမူ ဘုန်းတော်ကြီးများကိုယ်တိုင်က ဒီလို ဆန္ဒရှိရင်လည်း တဖြည်းဖြည်းတော့ ဖြစ်လာနိုင်ပါတယ်။ တပည့်တော်တော့ တတ်နိုင်သမျှ တာဝန်ဆောင်နေမှာပါပဲ''

''ဗုဒ္ဓဘာသာသင်ခန်းစာ ရေးပြီးတော့ အစိုးရက ဘာလုပ်သေးသလဲ''

''ဉာဏ်ပူဇော်ခ ဆိုတဲ့သဘောနဲ့ ရေးတဲ့ပုဂ္ဂိုလ်များကို ၁၅၀၀ ကျပ်စီ လှူပါတယ်။ လူဝတ်ကြောင် ဦးတင်ရွှေကတော့ ယူပါတယ်။ တပည့်တော်က မယူပါဘူး။ အထက်တန်းအတွက် ရေးတဲ့ မန်းဦးဆရာတော်လည်း မယူပါဘူး''

"ကိုယ်တော်က ဘာပြုလို့ မယူတာတုံး၊ သုံးစရာကိစ္စ မရှိလို့လား"

"ဘုရားတိုက်ပတ်လည် စမြင်အမိုးအတွက် ၁၅၀၀ ကျပ်ကုန်မှ လောက်မယ့်ကိစ္စက လောလောဆယ်ကို ရှိနေပါတယ်"

"ဒါဖြင့် ဘာကြောင့် မယူသလဲ၊ မအပ်လို့လား"

"ဒကာကြီး ဦးသိန်းမောင်က အပ်တဲ့နည်းနဲ့ လျှောက်ပါတယ်၊ ဒါ့ကြောင့် ဝိနည်းနဲ့လည်း အပ်ပါတယ်"

"အပ်ရင် ဘာပြုလို့ အလှူမခံဆောတုံး"

"အဲဒီတုန်းက ဒကာကြီး ဦးသိန်းမောင်ထံ ပြလိုက်တဲ့စာ ရှိပါ သေးတယ်"

## ဗုဒ္ဓဘာသာသင်ခန်းစာ စီစဉ်ရေးအဖွဲ့
## အတွင်းရေးမှူးမှတစ်ဆင့်
## ဥက္ကဋ္ဌ ဒါယကာကြီး ဦးသိန်းမောင်ထံ

ကိစ္စ။ ။ အလှူတော်ငွေ ၁၅၀၀ ကျပ်နှင့် စပ်၍ ဘုန်းကြီး၏ သဘောဆန္ဒကို ပြန်ကြားခြင်း။

၁။ ပြန်ကြားသိစေအပ်ပါသည် ဥက္ကဋ္ဌ ဒကာကြီး··· နိုင်ငံတော် အစိုးရ၏ ပညာရေးဝန်ကြီးက 'ဗုဒ္ဓဘာသာသင်ခန်းစာ' စီစဉ်ရေးအဖွဲ့မှ တစ်ဆင့် ဘုန်းကြီး၏ နဝကမ္မအား ဝတ္ထုတစ်ထောင့်ငါးရာကို အခမ်းအနား ဖြင့် လှူဒါန်းရန် စီစဉ်နေကြောင်းကို ကြားသိရ၍ ပုထုဇဉ်သဘာဝအတိုင်း ဝမ်းမြောက်ပါသည်။

၂။ သို့သော် နိုင်ငံတော်နှင့် သာသနာတော်ကို အမှန်တိုးတက်စေ လိုသောဆန္ဒဖြင့် ဘာသာရေးကျမ်းစာများကို ရေးသားခဲ့သော၊ ရေးသားဆဲ လည်း ဖြစ်နေသော ဘုန်းကြီး၏အတွက်မှာ ဤကိစ္စနှင့်စပ်၍ သဘာဝကျကျ စဉ်းစားသင့်တယ်လို့ ယူဆပါတယ်။

၃။ ဘုန်းကြီးသည် တိုင်းသူပြည်သား လူအများ၏ အဖိုးအခမဲ့ လှူဒါန်းကြသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို သုံးစား၍ ကျောင်းသား၊ သာမဏေ၊ ရဟန်းဘဝဖြင့် ဆရာသမားများအထံ

တော်ဝယ် အဖိုးအခ မပေးရဘဲပင် ဗုဒ္ဓတရားတော်များကို သင်ယူကာ အထိုက်အလျောက် ရှင်လူအများ လေးစားလောက်အောင် တတ်မြောက်ခဲ့ရသည် ဟူသော အခြေခံအကြောင်းကို မမေ့သင့်ပါ။

၄။ နိုင်ငံတော်အစိုးရနှင့်တကွ ဥက္ကဋ္ဌဒကာကြီး အမှူးထားသော သင်ခန်းစာ စီစဉ်ရေးအဖွဲ့က နိုင်ငံတော်အမျိုးသား၊ အမျိုးသမီးလေးများ အတွက် မူလတန်းမှ စတုတ္ထတန်းအထိ ဗုဒ္ဓဘာသာသင်ခန်းစာကို စီစဉ်ပေး ပါရန် တောင်းပန်လွှဲအပ်ခြင်းသည်ပင် ဘုန်းကြီး၏ အရည်အချင်းကို လေးစား ကြောင်း ထင်ရှားသော လက္ခဏာတစ်ရပ်ဖြစ်၍ ဘုန်းကြီးက ပထမ ကျေနပ် ခဲ့ပါပြီ။

၅။ ဘုန်းကြီး စီစဉ်ပေးအပ်သော သင်ခန်းစာကို အစိုးရက ကောင်း မွန်စွာ ရိုက်နှိပ်၍ စာသင်ကျောင်းသားကလေးများအား သင်ကြဖို့ရန် အခမဲ့ ဝေငှမည် ဟူသော ရည်ရွယ်ချက်ကို သိရသောကြောင့် ဒုတိယ တစ်ဖန် ကျေနပ်ရပြန်ပါသည်။

၆။ ထိုသို့ ကျေနပ်ခြင်း အမျိုးမျိုးရှိပြီးရုံမက ဘုန်းကြီးသည် 'အနာ ဂတ် သာသနာရေးကျမ်းစာ' ၌ ငွေအလှူခံမှု၏ အပြစ်ကို နှစ်နှစ်ကာကာ ရေးထားသည့်အပြင် ကျောင်းတိုက်သံဃာများအားလည်း ထိုအပြစ်ကို ပြော ပြ၍ ဩဝါဒပေးလေ့ ရှိပါသည်။

၇။ နိုင်ငံတော်နှင့် သာသနာတော်ကို သဘာဝကျကျ တိုးတက်စေ လိုသော ထိုဆန္ဒကို အကဲခတ်မိပုံရသောကြောင့်ပင် ရန်ကုန်မြို့ ဝိုင်အမ် ဘီအေအသင်းနှင့် မန္တလေးမြို့ သာသနာတော်လုံးဆိုင်ရာ ဗုဒ္ဓဘာသာအသင်း တို့က ယခုအချိန်မှာ ဘုန်းကြီးကို လေးစားအားကိုးလျက် ရှိကြပါသည်။

၈။ ဘုန်းကြီး၏ ဒကာဖြစ်ကြသော ထိုအသင်းများသည် 'ဗုဒ္ဓ ဘာသာသင်ခန်းစာကို ရေးပေးသည့်အတွက် လှူအပ်သော နဝကမ္မ တစ်ထောင် ငါးရာကို ဘုန်းကြီး လက်ခံသတဲ့'ဟု ကြားရသောအခါ များစွာ ရင်ထုမနာ ဖြစ်ရရှာကြပါလိမ့်မည်။

၉။ ပြခဲ့သော အကြောင်းများကြောင့် ဘုန်းကြီးအား နဝကမ္မကို လှူဒါန်းဖွယ် မလိုတော့ပါ။ အခမဲ့ သင်ကြား၍ တတ်မြောက်ခဲ့သော အရည်

အချင်းဖြင့် အခမဲ့ဝေငှမည့် 'ဗုဒ္ဓဘာသာသင်ခန်းစာ' ကို စီစဉ်ရသော ကောင်းမှုသည် ဘုန်းကြီးအတွက် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို အခမဲ့ သိမြင်ရန်နှင့် ဘုန်းကြီး၏ ဩဝါဒခံပုဂ္ဂိုလ်များ ကျေနပ်ရန်သာ ဖြစ်ပါစေတော့။

**ဦးဇနကာဘိဝံသ**

"အဲဒီ သင်ခန်းစာကိစ္စ ပြီးသောအခါ နောက်ထပ် ဘာကိစ္စ ပေါ်လာသေးတုံး"

"အဲဒီကိစ္စ ပြီးသောအခါ ဆဋ္ဌသင်္ဂါယနာတင်ကိစ္စ၊ ဝိနိစ္ဆယကိစ္စများ ဆက်ကာ ဆက်ကာ ပေါ်လာတော့တာပါပဲ"

"ဆဋ္ဌသင်္ဂါယနာတင်ကိစ္စ၌ ကိုယ်တော်က ဘာများ အရာထင်အောင် ပါဝင်ရသေးတုံး"

"ဆဋ္ဌသင်္ဂါယနာ ဆိုတဲ့ စကားလုံးကို 'အနာဂတ်သာသနာရေး' ကျမ်းစာတုန်းက တပည့်တော် စ၍ သုံးခဲ့ခြင်း ဖြစ်ပါတယ်။ တပည့်တော် ဖြစ်စေချင်တဲ့ ဆဋ္ဌသင်္ဂါယနာဟာ သာသနာကို သန့်ရှင်းအောင် စီမံဖို့သည် ပထမနဲ့ အဓိကအကျိုး၊ ပိဋကတ်ကျမ်းစာတွေ သန့်ရှင်းဖို့သည် ဒုတိယအကျိုး ဖြစ်ပါတယ်။ အဲဒီ နှစ်မျိုးတွင် ယခုပြုကြမယ့် ဆဋ္ဌသင်္ဂါယနာမှာ ပထမအကျိုး မပါပါဘူး၊ ဒုတိယအကျိုးကိုသာ ရည်ရွယ်ကြပါတယ်။ ပထမအကျိုး ရမှသာ ငွေကုန်ရကျိုးနပ်မှာပါ။ ဒုတိယအကျိုးတွက်မှာ ဒါလောက် ငွေကုန်ဖို့ မလိုပါဘူး"

"ဒါကြောင့် ကျောင်းမှာ အလုပ်များနေတဲ့အတွက် 'တပည့်တော်ကို ဝန်ဆောင်ထဲ မထည့်ပါနဲ့' လို့ ပထမ အစည်းအဝေးမှာ ပြောပါတယ်။ ဒီတော့ ဆိုင်ရာပုဂ္ဂိုလ်များက 'ဝန်မဆောင်နိုင်လည်း မဆောင်ရပါဘူး။ နာမည်ပါရုံတော့ ထည့်ပါရစေ' ဟု ပြောလို့ ထည့်ခွင့်ပြုပါတယ်။ ဝန်တော့ အထူးမဆောင်ရပါဘူး။ ဝန်ဆောင် အစည်းအဝေးလည်း တစ်ခါတစ်ရံမှ တက်ပါတယ်"

"ကိုယ်တော်က စိတ်ကောက်တာလား"

"စိတ်ကောက်တာ မဟုတ်ပါဘူး။ တပည့်တော် ဖြစ်စေချင်တဲ့

သာသနာ သန့်ရှင်းရေးတော့ စာရေးပြီး အကြံပေးပါသေးတယ်။ ဘာမျှ အရေး မယူကြပါဘူး။ တချို့က ဝန်ကြီးချုပ်နဲ့ တွေ့ပါတဲ့။ 'ဝန်ကြီးချုပ်နဲ့ တွေ့ပြီး ပြောပါ'လို့ အကြံပေးကြပါရဲ့။ တွေ့ပြီးပြောသော်လည်း ပတ်ဝန်းကျင်က ကန့်ကွက်ရင် ပျက်မှာမို့ မတွေ့တော့ပါဘူး။ ဆဋ္ဌသင်္ဂါယနာပြီးမှ ဝန်ကြီးချုပ် မန္တလေးလာတဲ့အခါ ဒကာဦးလှ (လူထု)က တပည့်တော် ကြံစည်ခဲ့တဲ့ အကြောင်းကို စကားစပ်မိ၍ ပြောပြလို့ ဝန်ကြီးချုပ်က နန်းတော်ထဲမှာ သံဃာအများကို ဆွမ်းကပ်တဲ့အခါ တပည့်တော်ကို ချန်ထားပြီး တပည့်တော်နဲ့ တော်တော်ကြာကြာ ဆွေးနွေးပါတယ်။ အဲဒီအခါကျမှ သဘောကျလို့ 'သာသနာ သန့်ရှင်းရေးကို ယခုလုပ်ကော မဖြစ်ဘူးလား' လို့ လျှောက်ပါတယ်''

''ကိုယ်တော်က ဘာပြန်ပြောတုံး''

''မြန်မာစကားပုံ ရှိတယ် မဟုတ်လား၊ 'ဦးကျိုးမှတော့ ပုံနဲ့ တိုက်လို့ မရနိုင်ဘူး' ဆိုတာ။ ဒါကြောင့် သင်္ဂါယနာတင်တုန်းက သင်္ဂါယနာအရှိန်နဲ့ ရောပြီး သာသနာသန့်ရှင်းရေးလုပ်ရင် ရနိုင်စရာ ရှိပါတယ်။ ယခုတော့ ဦးကျိုးသွားပြီဖြစ်၍ ပုံနဲ့ တိုက်လို့ မရနိုင်ပါဘူး။ နောင်ခါမှ တစ်မျိုးတစ်ဖုံ စဉ်းစားထိုက်ပါတယ်လို့ ပြောလိုက်ပါတယ်''

''ဝိနိစ္ဆယကိစ္စကျတော့ ဘာလုပ်ရသေးတုံး''

''ဝိနိစ္ဆယကိစ္စမှာလည်း တပည့်တော် မပါလိုပါဘူး။ ဒါပေမဲ့ မြောင်းမြဆရာတော်နဲ့ ကျောက်ကုန်းမေဒိနီဆရာတော်ကို ထည့်ထားတော့ ထိုဆရာတော်နှစ်ပါးလုံးက စကားနည်းတော်မူကြတာနဲ့ တပည့်တော် ပါရတာပါ။ သိပ်ပြီး အလုပ် မလုပ်ရပါဘူး။ ရွှေကျင်ဂိုဏ်းအတွက် သီးခြား ဝိနိစ္ဆယဌာန ရှိဖို့ကိုသာ ကြိုးစားရပါတယ်။ ထိုသီးခြားဆိုတာလည်း ရုံးတွေ၊ ဘာတွေဖွင့်တဲ့ သီးခြား မဟုတ်ပါဘူး။ ရွှေကျင်ဂိုဏ်းဝင် သံဃာများရဲ့အမှုကို ရွှေကျင်ဂိုဏ်းဝင် ဆရာတော်ကြီးများထံ အဆုံးအဖြတ် ခံဖို့သာ ဖြစ်ပါတယ်''

''နောက်တစ်ဖန် အဲဒီ ဝိနိစ္ဆယအတွက် ကော်မတီ ရွေးရပြန်တယ် မဟုတ်လား''

"အဲဒီ နောက်ထပ်အတွက်တော့ တပည့်တော် မပါပါဘူး။ ဒါပေမဲ့ အဲဒီ အစည်းအဝေး ရပ်နားပြီး ကော်မတီဝင် အနီးစခန်းဆရာတော်နဲ့ ပိုက်ကျုံး ဆရာတော်က ဂိုဏ်းရဲ့တာဝန်ဝတ္တရားများကို ဝိသုဒ္ဓါရုံတိုက်သို့ ပင့်ပြီး အစည်းအဝေး၌ ဖြစ်သမျှကို မဟာရဋ္ဌဂုရုဆရာတော်ကြီးရှေ့မှာ လျှောက်ပါ တယ်။ ဒီအခါ သံဃာများက တပည့်တော်ကို တာဝန်ပေးလို့ ရွှေကျင်ဂိုဏ်းရဲ့ သဘောကျဖြစ်သော ဝိနိစ္ဆယစည်းမျဉ်းကို ဝိနည်းပါဠိတော်၊ အဋ္ဌကထာ ထောက်ပြပြီး ရေးလိုက်ပါတယ်။ (ထိုဝိနိစ္ဆယစာတမ်းကို သီးခြား စာအုပ် ကလေး ရိုက်ထားပါသည်။)

"ကိုယ်တော်ရဲ့ အသက် ၆၀ အတွင်းမှာ ပါဠိတက္ကသိုလ်များလည်း ပေါ်ပေါက်လာတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ 'ပါဠိတက္ကသိုလ်' ဆိုတဲ့ နာမည်ကိုလည်း တပည့် တော်ရဲ့ 'အနာဂတ်သာသနာရေး' ကျမ်းစာထဲမှာ စ၍ သုံးခဲ့ပါတယ်။ တပည့်တော်ရဲ့စိတ်ထဲမှာ မြင်နေတဲ့ ပါဠိတက္ကသိုလ်က-

၁။ မြန်မာနိုင်ငံမှာ ရဟန်းတော်များရဲ့ စာသင်နည်းဟာ အလွန် ရှေးကျနေလို့ စာသင်နည်းကို ပြုပြင်ပေးမယ့် ပါဠိတက္ကသိုလ်၊

၂။ ပါဠိတက္ကသိုလ်၌ သီတင်းသုံးပြီး အုပ်ချုပ်စာချတော်မူကြတဲ့ နာယက ဓမ္မာစရိယဆရာတော်များလည်း အင်မတန် သိက္ခာသမာဓိနဲ့ ဝိနည်း ကို လေးစားသော ပုဂ္ဂိုလ်များသာ ဖြစ်သင့်တဲ့ ပါဠိတက္ကသိုလ်၊

၃။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို မြင်ရသူတိုင်း လေးစား လောက်သော သမာဓိ၊ ပညာဖြင့် ပါဠိအပြင် သက္ကတ ဘာသန္တရအမျိုးမျိုးကို တစ်မျိုးစီ တစ်မျိုးစီ ကျွမ်းကျင်သော ပုဂ္ဂိုလ်များလည်း ပါဝင်တဲ့ ပါဠိတက္က သိုလ်၊

၄။ ကျေးရွာတို့၌ ကျောင်းထိုင်အင်္ဂါနဲ့ ပြည့်စုံသော ကျောင်းထိုင် ပုဂ္ဂိုလ်များကို ပေါ်ထွန်းစေနိုင်တဲ့ ပါဠိတက္ကသိုလ်၊

၅။ တန်းအသီးသီး ခွဲခြား၍ စာသင်နည်းကို စီစဉ်ထားသောကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း စာသင်တိုက်များကိုလည်း အစွယ် အပွားအဖြစ်ဖြင့် မြို့တိုင်း၊ ရွာကြီးတိုင်းမှာ ပေါ်ထွန်းစေနိုင်တဲ့ ပါဠိတက္ကသိုလ်၊

၆။ စာသင်နည်းသာမက ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေး အစီစဉ်ကိုလည်း အစဉ်အတိုင်း သီလမှစ၍ ဘာဝနာတိုင်အောင် ညွှန်ပြ၍ ဒါန အမှုကိစ္စ၌ အပိုပကာသနရဲ့ အပြစ်ကိုလည်း စီစဉ်ညွှန်ပြနိုင်တဲ့ ပါဠိတက္ကသိုလ်၊

၇။ အစိုးရက အားပေးလို့ရှိရင် သာသနာတော်၌ ရဟန်း၊ သာမဏေအဖြစ်ဖြင့် ဝင်လိုသူများအတွက် ဂန္ထဓုရ- စာသင်လိုသူလား၊ ဝိပဿနာဓုရ- ကမ္မဋ္ဌာန်းအားထုတ်လိုသူလားဟု အစကပင် စိစစ်၍ ရည်ရွယ်ချက်ရှိမှ ဝင်ရမယ့် ဥပဒေလုပ်ဖို့ရန် အစိုးရကို တိုက်တွန်းနိုင်တဲ့ ပါဠိတက္ကသိုလ်။

၈။ သာသနာတော်ကို ဝင်ပြီးနောက် ရည်ရွယ်ရင်းအတိုင်း ဂန္ထဓုရကျောင်း၊ ဝိပဿနာဓုရကျောင်း၌ နေဖို့ရန် ဂန္ထကျောင်း၊ ဝိပဿနာကျောင်း ၂-မျိုးလည်း ရွာကြီးတိုင်း၊ မြို့တိုင်းမှာ ရှိနေဖို့ ကြိုးစားရမည့် ပါဠိတက္ကသိုလ်။

တပည့်တော်မှာ ပါဠိတက္ကသိုလ် ကျောင်းတိုက်အတွက် ဤမျှလောက် အဆင့်မြင့်မြင့် စဉ်းစားပြီး သီတင်းသုံးဖော်တချို့နဲ့လည်း ဆွေးနွေးပြီး ဖြစ်သောကြောင့် မိုးတွင်းအခါ မှိုတွေ ပွင့်သလို ပွင့်၍လာသဖြင့် သာယာဖွယ်ကောင်းသော ပါဠိတက္ကသိုလ် ကျောင်းတိုက်တွေကို တပည့်တော် ကျောင်းတိုက်က မှိုကြည့်ပရိသတ်အနေဖြင့်သာ သင့်သလို ကြည့်နေခဲ့ပါတယ် ဘုရား"

"ကိုယ်တော် သဘောကျ မဟုတ်တတ်သော်လည်း သူ့နည်းသူ့ဟန်နဲ့ ပေါ်ပေါက်လာတဲ့ ပါဠိတက္ကသိုလ်တွေဟာ သာသနာအတွက် ကျေးဇူးရှိတန်သလောက် ရှိတယ် မဟုတ်လား"

"ရှိတန်သလောက်တော့ ရှိပါတယ်။ တပည့်တော်က ရှိတန်သလောက် မဟုတ်ဘဲ ရှိသင့်သလောက် ရှိစေချင်တာပါ။ ယခုတော့ ရှိသင့်သလောက် မရောက်ဘဲ ရှိတန်သလောက်သာရှိလို့ အားမရတာပါ။ သာသနာ့ခေါင်းဆောင် ဆရာတော်များနဲ့ စာချဆရာတော်များက စုပေါင်းကြံစည်ပြီး ဆောင်ရွက်ကြရင် လက်ရှိအဆင့်ထက်မြင့်တဲ့ 'ပါဠိတက္ကသိုလ်ကြီး' ဖြစ်နိုင်ပါတယ်။ ဒါကြောင့် သူတစ်လူ ငါတစ်မင်း မလုပ်ဘဲ စုပေါင်းညီညာ ကြိုးစားနိုင်ကြပါစေလို့ ဆုတောင်းရပါတယ်ဘုရား"

**လင်းလွန်းခင်စာပေ**

"ကိုင်း… ကိုင်း… ကိုယ်တော်ရဲ့ ငါးဆယ်ကျော် ခြောက်ဆယ် အတွင်း၌ ဖြစ်သမျှအဖုံဖုံကို အတော်စုံအောင် သိရပြီဖြစ်၍ ဤအခန်းအတွက် ကမွတ်ဖုံး၍ နိဂုံးအုပ်လိုက်ကြစို့"

**နိဂုံး**

**သက်ငါးဆယ်ကျော်၊ ခြောက်ဆယ်ပေါ်လည်း၊ ရှင်ပျော်အေးမြ၊ မနေရဘဲ၊ သာသနာ့ဝန်၊ တစ်ပါးကျွန်သို့၊ အားသွန်ကြိုးပမ်း၊ နေ့စဉ်ထမ်း၍၊ အစွမ်းအလျောက်၊ စခန်းပေါက်လည်း၊ ဝမ်းမြောက်သည့်ဟန်၊ သာဓုကံကို၊ မနာခံရ၊ ဝိုင်း၍ချ၏၊ ကာလကြာညောင်း၊ အခါပြောင်းသော်၊ အကြောင်းရှေးကံ၊ အကောင်းဖန်သဖြင့်၊ မှန်မှန်ဖြိုးလက်၊ တိုး၍တက်၏၊ သို့တွက်သံဝေ၊ တရားမြေ၍၊ လူပြည်တွေ့ကြုံ၊ လောကခံစုံကြောင့်၊ မတုန်စေငြား၊ ကိုယ့်စိတ်ထားကို၊ နောက်သားလူရှင်၊ ယူစေချင်သည်… စိတ်တွင်သုခ ရကြောင်း တည်း။**

"တော်လှန်ရေးအစိုးရ တက်လာပြီးနောက် အတော်ကြာတော့ သာသနာရေးကို ရှေးရှုပြီး ဂိုဏ်းပေါင်းစုံဆရာတော် နှစ်ကျိပ်တစ်ပါးကို ရန်ကုန် ကမ္ဘာအေး၊ ပုဗ္ဗဝိဒေဟကျောင်းဆောင်သို့ ပင့်ပါတယ်။ အဲဒီအဖွဲ့က နောက်ဆုံး မှော်ဘီမြို့အနီး ဥယျာဉ်ထဲမှာ စည်းဝေးတဲ့ အစည်းအဝေးကို 'မှော်ဘီ အစည်းအဝေး' လို့ ခေါ်ကြပါတယ်။ အဲဒီအဖွဲ့မှာ ရွှေကျင်ဂိုဏ်း အတွက် မြောင်းမြဆရာတော်၊ ညောင်တုန်း ရွှေဟင်္သာတိုက်အုပ်ဆရာတော် နဲ့ တပည့်တော်တို့ သုံးပါး ပါပါတယ်။ ပခုက္ကူက မဟာရဋ္ဌဂုရု ဆရာတော် ကြီးနဲ့ တိုက်အုပ် ဆရာတော်ဦးနန္ဒိယလည်း ပါပါတယ်။ ဒွါရဂိုဏ်း၊ ငှက်တွင်း ဂိုဏ်းက ဆရာတော်များလည်း ပါကြပါတယ်။ ပါဠိတက္ကသိုလ်မှာ ဉက္ကဋ္ဌ ဖြစ်တဲ့ ပြည်ဇေတဝကာရုံဆရာတော်နဲ့ တိပိဋကဆရာတော် ဦးကောသလ္လ တို့လည်း ပါပါတယ်"

"အဲဒီဆရာတော်များ ပါလိမ့်မယ် ဆိုတာ လာပင့်တုန်းက မသိဘူး လား"

"ဗုဒ္ဓသာသနအဖွဲ့ ဒကာဦးလှမောင်က လျှို့ဝှက်တဲ့နည်းနဲ့ လာပင့် တာပါ။ ဘာအကြောင်းမှ မပါပါဘူး။ ရန်ကုန်ရောက်တော့မှ အဲဒီ ဆရာတော် များ ပါသေးတယ် ဆိုတာ သိရပါတယ်"

"ရန်ကုန်ရောက်တော့ အစိုးရက ဘာများ အထူးလျှောက်သေးတုံး"

"အထူးရယ်လို့တော့ မဟုတ်ပါဘူး။ သာသနာတော် သန့်ရှင်းတိုးတက်ရေးကို လိုလားတဲ့ အကြောင်းကိုသာ လျှောက်ပါတယ်"

"စည်းဝေးကြတဲ့အခါ ဘယ်လိုများ အကြံဉာဏ်ပေးကြပါသလဲ၊ ညီညီညွတ်ညွတ်ကော ဖြစ်ကြပါရဲ့လား"

"အားလုံး ညီညီညွတ်ညွတ် ဆိုတာ တစ်အိမ်တည်း အတူနေတောင် ခဲယဉ်းတာဖြစ်တော့ ဂိုဏ်းပေါင်းစုံ ပုဂ္ဂိုလ်အားလုံး ညီညွတ်ဖို့ဆိုတာ ဒုလ္လဘ တစ်ပါးလို့ ဆိုရမလောက်ပါပဲ။ ဒါပေမဲ့ နောက်ဆုံးတော့ ညီညွတ်တဲ့အချက် ရပါတယ်"

"ဘာအချက်လဲ ကိုယ်တော်"

"သာသနာသန့်ရှင်းရေးအတွက် သာသနာဝင် ပုဂ္ဂိုလ်တိုင်းမှာ မှတ်ပုံတင်လက်မှတ် ရှိကြဖို့နဲ့ မင်းတုန်းမင်းလက်ထက်က အမိန့်တော်ပြန်တမ်းအတိုင်း သွားကြ၊ လာကြဖို့ ဖြစ်ပါတယ်"

"သာသနာတိုးတက်ရေးအတွက်ကိုတော့ ဘယ်လို အကြံဉာဏ်များ ပေးကြပါသေးသလဲ"

"စာပြန်ပွဲမှာ ကျမ်းရင်းစာသားကိုသာ မေးဖို့နဲ့ ဉဝါအကောက်များ၌ အလွန်ကျယ်ဝန်းသော အရကောက်များကို မမေးဖို့ ညွှန်ပြကြပါတယ်။ ထို့ပြင် ကျက်ဖို့ရန်များသော အဘိဓာန်အစား ခုဒ္ဒသိက္ခာကို သွင်းဖို့၊ ဝင်လိုသော စာသင်သားများအတွက် ပထမငယ်မဝင်မီ အစိုးရ မူလတန်းနဲ့ ညီမျှသော အတန်းကို ဝင်ဖို့ရန် မူလတန်းတစ်တန်း ရှိဖို့ ညွှန်ပြကြပါတယ်။ တပည့်တော်က ဆန်းနဲ့အလင်္ကာသည် စာအရေးအသားအတွက်သာ အကျိုးများသဖြင့် ပထမကြီးတန်း၌ ဖြေလိုမှ ဖြေရသော အပိုဘာသာ ဖြစ်စေလိုပါတယ်။ ပထမကြီးတန်းမှ နုတ်ပြီးတော့ စာချတန်း၌ ယခု မေးသလို မေးရင် အထိုက်အလျောက် လေ့လာပြီး ဖြစ်နိုင်ပါတယ်လို့ အကြံဉာဏ်ပေးသော်လည်း အားလုံး သဘောတူ မဖြစ်လို့ အစိုးရကို အကြံမပေးရပါဘူး"

"အဲဒီကိစ္စမှာ ကိုယ်တော်က တော်တော်ကြိုးစားလိုက်သလား"

"သာသနာရေးဆိုရင် တပည့်တော်က ကြိုးစားလေ့ရှိတယ် မဟုတ်

လား။ ယခုလို အစိုးရကိုယ်တိုင် လိုလားတဲ့သာသနာရေး ဆိုတော့ တပည့်တော် ဘယ်မှာ မကြိုးစားဘဲ နေနိုင်မှာတုံး''

''ဒီလိုဆိုရင် သာသနာသန့်ရှင်းအောင်လုပ်တဲ့ ကိုယ်တော့်ကို အခြားသံဃာများက ကျေနပ်ပါ့မလား''

''ကျေနပ် မကျေနပ်တော့ မသိဘူး။ တချို့ လုပ်ပုံကလေးကတော့ အမျိုးမျိုးတွေးစရာပါပဲ။ 'တော်လှန်ရေး အစိုးရရဲ့ သာသနာသန့်ရှင်းရေး ကိစ္စမှာ တပည့်တော်ကို ပင့်တယ်' လို့ ကြားကတည်းက တပည့်တော်ကို အစိုးရက အယုံအကြည် မရှိအောင်နဲ့ တိုင်းပြည်က အထင်သေးအောင် ရည်ရွယ်ဟန်တူပါရဲ့။ 'စာအုပ်ကုန်သည်၊ စာအုပ်ကုန်သည်' ဆိုတဲ့ ပါဠိ တက္ကသိုလ်က ထွက်ပေါ်သံဟာ မန္တလေးကျောင်းတိုက်တချို့က တံတိုင်း နံရံနဲ့ လူအလာများတဲ့ မဟာမုနိဘုရားအနီးက သင်ပုန်းကြီးပေါ်မှာ အော်နေ ပါသတဲ့''

''အင်း- နှစ်ကျိပ်တစ်ပါးထဲမှာ ကိုယ်တော့်ကို သီးခြားနှိမ်ကြတယ် ဆိုတော့ ကိုယ်တော့်မှာ ဘဝင်မကင်းဘူး ထင်တယ်။ ဒီလို ပြောကြ၊ ဆိုကြ၊ နံရံကပ်ကြ၊ သင်ပုန်းကြီးပေါ်မှာ အော်ကြတော့ အစိုးရက ကိုယ်တော့်ကို အထင်မသေးဘူးလား''

''နိုင်ငံကို အုပ်ချုပ်ရတဲ့အစိုးရမှာ ကိစ္စတစ်ခု ပေါ်လာရင် အမှန်ရ အောင် စုံထောက်အများကြီး စေလွှတ်ရပါတယ်။ တပည့်တော်ရဲ့ မကောင်း သတင်းတွေကို အစည်းအဝေး၌ ပါဝင်ဖို့ရန် မပင့်မီကပင် ပါဠိတက္ကသိုလ်က အသံနဲ့ အခြားအသံများကို ကြားပြီးဖြစ်လို့ တပည့်တော်ရဲ့ ကျမ်းစာတွေကို အကုန်လုံး ရှာဖွေပြီး ကြည့်ပါသတဲ့။ အဲဒီလို ကြည့်ပြီးဖြစ်လို့ တပည့်တော် အပေါ်မှာ အထင်မသေးဘဲ နှစ်ကျိပ်တစ်ပါးထဲမှာ ထည့်တာဖြစ်ပါလိမ့်မယ်''

''ဟုတ်လောက်ပါတယ်၊ ပြီးတော့ ဘာကိစ္စများ ကြုံရသေးတုံး''

''တပည့်တော်တို့ သာသနာသန့်ရှင်းရေးကိစ္စ မပြီးခင်မှာပင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးရဲ့ဖခင် ဆုံးလို့ ဆွမ်းသွတ်၊ ဆွမ်း ကပ် ပြုလုပ်တဲ့အခါ တပည့်တော်တို့ တစ်ဖွဲ့လုံးကို ပင့်ပါတယ်။ ဆွမ်းကပ်ပြီး လို့ ရေစက်ချဖို့ ကိစ္စရောက်တော့ ပခုက္ကူ မဟာရဋ္ဌဂုရု ဆရာတော်ကြီးက

သံဃာ့ပရိသတ်၊ ဗိုလ်စုံပရိသတ်အလယ်မှာ ရေစက်ချဖို့ တပည့်တော်ကို အမိန့်ပေးပါတယ်''

''ကိုယ်တော်က တင်ကြိုပြီး စီစဉ်ထားတာ မရှိတော့ ကြောက်ရွံ့မနေဘူးလား''

''ခပ်ရွယ်ရွယ်ကစပြီး သံဃာ့ပရိသတ်၊ မင်းပေါင်းစုံ ပရိသတ်ထဲမှာ နွှဲလာခဲ့ဖူးတာ ဖြစ်တော့ တာပတ်ကွင်း ပြေးနေကျ မြင်းကောင်းလိုပါပဲ၊ ပရိသတ်ကြီး မြင်လေ ရွှင်လေ ဖြစ်ပါတယ်''

''အဲဒီ အခါတုန်းက ရေစက်မချခင် ကိုယ်တော် ပြောဟောခဲ့တဲ့ တရားကို မှတ်မိသေးသလား''

''မှတ်မိတာပေါ့ ဘုရား၊ ကွယ်လွန်သူကို ရည်မှန်းပြီး ဆွမ်းသွတ်တယ်ဆိုတာ ကွယ်လွန်သူက ဒီကုသိုလ်ကို သိပြီး သာဓုခေါ်မှ ကုသိုလ်အဖို့ကို ရနိုင်တယ်။ သာဓုမခေါ်နိုင်ရင် အဖို့ မရဘူး။ ဒါပေမဲ့ ကုသိုလ်ပြုတဲ့ သားသမီးမှာတော့ ထုံးစံအတိုင်း ဒါနကုသိုလ် ဖြစ်ပါတယ်။ ကွယ်လွန်သူရဲ့ ရောက်ရာဘဝ ဆိုတဲ့ ဂတိကလည်း 'ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ၊ နတ်' လို့ ငါးမျိုး ရှိတယ်။ ငရဲရောက်တဲ့သူ၊ တိရစ္ဆာန်အမိဝမ်းမှာ ဖြစ်နေတဲ့သူ၊ လူ့အမိဝမ်းမှာ ဖြစ်နေတဲ့သူဟာ ဒီက ကုသိုလ်ပြုနေတာ မသိမမြင်နိုင်လေတော့ သာဓု မခေါ်နိုင်ပါဘူး။ နတ်ဖြစ်တဲ့သူကလည်း သူ့မှာ ချမ်းသာနေတာဖြစ်တော့ ဒီက ကုသိုလ်အဖို့ကို မျှော်မယ် မဟုတ်ပါဘူး။ ပြိတ္တာဖြစ်သူကတော့ နှစ်မျိုးရှိတယ်။ တစ်မျိုးက မိမိအိမ်နဲ့ အလွန်ဝေးကွာသောအရပ်မှာ ဖြစ်ရသူ၊ မိမိအိမ်အနီး၊ ရွာအနီးမှာ တစ္ဆေ၊ အစိမ်းဖြစ်နေသူ၊ တစ္ဆေပြိတ္တာ အဲဒီနှစ်မျိုးတွင် သေခါနီး၌ သားသမီး စသည်ကို စွဲလမ်းသွားရင် အနီးအပါးမှာ တစ္ဆေပြိတ္တာ ဖြစ်တတ်ပါတယ်။ အစား၊ အဝတ်၊ အနေလည်း မပြည့်မစုံ ဖြစ်တတ်ပါတယ်။ ထိုကဲ့သို့ ပြိတ္တာမျိုးကတော့ သားသမီးတို့က မိမိကို ရည်စူးပြီး ဆွမ်း၊ သင်္ကန်း၊ ကျောင်း စသော အလှူပေး၍ အမျှဝေတဲ့အခါ အလွန်ဝမ်းမြောက်စွာ သာဓုခေါ်နိုင်သောကြောင့် ထိုကုသိုလ်ရဲ့အဖို့ကို သူ့မှာ ချက်ချင်း ရနိုင်ပါတယ်။ အဲဒီလို တရားစကား ပြောခဲ့ပါတယ်''

''အဲဒီလို ပြောပြီးနောက် မှတ်စရာတစ်ခုကို ဆက်ပါသေးတယ် ... (၁) ဒီစကားအစဉ်ကို စဉ်းစားရင် 'ကွယ်လွန်သူရဲ့ နေထိုင်ရာ အိမ်အနီး

စသည်၌ ကုသိုလ်ပြု အမျှဝေမှ ကွယ်လွန်သူက သိ၍ ကုသိုလ် အဖို့ရနိုင်တယ်' ဆိုတာ ထင်ရှားပြီး ယခုခေတ်မှာ ကွယ်လွန်သူရဲ့ နေရာမဟုတ်ဘဲ အဝေးကနေ၍ ဥပမာ- ဗိုလ်ချုပ်ကြီးအောင်ဆန်း စသူတို့အတွက် ရွှေဘို စသည်၌ နေသူတို့က ထိုနေ့မှာ သံဃာတော်များ ဆွမ်းကပ်ပြီး အမျှဝေတယ် ဆိုတာ ကုသိုလ်အဖို့ မရနိုင်ပါဘူး။

(၂) ထို့ပြင် ကွယ်လွန်တဲ့နှစ်က ကြာလှပြီ။ နှစ်စဉ် ကုသိုလ်ပြု အမျှဝေတယ် ဆိုတော့ ပြိတ္တာဘဝမှာ ဖြစ်ပြီး ယခုထိ မကျွတ်သေးလို့ဟု အဓိပ္ပာယ်ရနေပြန်တယ်။ ဒါ့ကြောင့် ဘာကိစ္စမဆို ငွေမကုန်တန် မကုန်ရအောင်၊ ကုန်ရင်လည်း အကျိုးရှိအောင် ဘာသာရေးဆိုင်ရာ စနစ်တကျ နားလည်ကြဖို့ လိုပါတယ်လို့ သတိပေးခဲ့ပါသေးတယ်။

(၃) ကုသိုလ်ပြုတဲ့အခါလည်း သီလမရှိတဲ့ပုဂ္ဂိုလ်ကို လှူပြီး အမျှဝေရင် အမျှမရဘူးလို့ ကျမ်းစာတို့၌ ဆိုပါတယ်ဟု တစ်နိုင်ငံလုံးရဲ့ ကိုယ်စားလှယ်ဗိုလ်များဖြစ်လို့ တစ်နိုင်ငံလုံးအတွက် သတိပေးစကားကို ပြောပြီးမှ ရေစက်သွန်းချ အမျှဝေစေပါတယ်''

''ကိုယ်တော်ရဲ့ တရားစကားကို အတူကြွလာတဲ့ ဆရာတော်ကြီးများက ကျေနပ်တော်မူကြပုံရရဲ့လား''

''အခြား ဆရာတော်များထံမှ အထူးမကြားရသော်လည်း ဒွါရဂိုဏ်း ဆရာတော်နှစ်ပါးအထံမှာတော့ လွန်စွာကျေနပ်တော်မူသံကို ကြားရပါတယ်''

''ကောင်းပါတယ် ကိုယ်တော်။ မင်းပရိသတ်မှာ မိမိတို့ အလိုရှိတာကို ပြောခြင်း၊ ဒါန သီလအကျိုးကို ဟောခြင်းထက် အသိဉာဏ်တိုးဖို့ တရားကို ဟောခြင်းသာလျှင် သဘာဝကျပါတယ်''

''ဟုတ်ပါတယ် ဘုရား။ တပည့်တော်မှာ မင်းပရိသတ်တချို့၌ လိုက်ဖူးပါတယ်။ ခေါင်းဆောင်ပုဂ္ဂိုလ်များရဲ့ ဟောပုံ၊ ပြောပုံတွေက မင်းရော၊ ပရိသတ်ရော ကျေနပ်ဖွယ် မကောင်းလို့ သာသနာတော်အတွက် ရှက်ခဲ့ရဖူးပါတယ်''

''မှတ်မိသေးသလား၊ မှတ်မိရင် ပြောပြစမ်းပါဦး''

"နည်းနည်းပါးပါးတော့ သတိရပါသေးရဲ့။ ပထမကိစ္စက ဗြိတိသျှတို့ အုပ်စိုးစဉ် မြန်မာလူမျိုးထဲက ဘုရင်ခံ ခေတ္တဖြစ်ရတဲ့ အချိန်တုန်းကပေါ့"

"ဩော်… အတော်ကြာပါပြီကော၊ ဘယ်လိုကိစ္စတုံး။ အဲဒီတုန်းက ကိုယ်တော် ငယ်ငယ်ရှိဦးမှာပေါ့"

"ဟုတ်ပါတယ်၊ ဘုရင်ခံ မန္တလေးရောက်တဲ့အခါ သံဃာတော်များကို မန္တလေးနန်းတော် ဘုရင်ခံအိမ်မှာ ဆွမ်းကပ်တဲ့ကိစ္စပါ။ သံဃာ ၅၀ လောက် ရှိမယ်ထင်ပါတယ်။ ဆွမ်းပွဲထိုင်ဖို့ နေရာကို ဘွဲ့နာမည်ပါ မြေပုံဆွဲပြီး တပည့်တော်တို့ဆီကို မြေပုံစာရွက် ဆက်ကပ်ထားပါတယ်။ နန်းတော်မဝင်ခင် ကျုံးအနောက်ဘက်အိမ်မှာ စုပြီးမှ မော်တော်ကားတန်းနဲ့ တစုတရုံးတည်း ဝင်ရပါတယ်။ ရောက်တဲ့အခါ ဆွမ်းပွဲပြင်ထားတဲ့ အခန်းကြွပြီး မြေပုံအတိုင်း ထိုင်ကြရပါတယ်"

"ဒီစည်းကမ်းတွေကိုတော့ ကိုယ်တော် ကျေနပ်မယ် ထင်ပါတယ်။ ဆွမ်းစားပြီးနောက် လက်ဖက်ရည်သောက်ပြီးတော့ ဘယ်နေရာပင့်သလဲ"

"ဆွမ်းစားပြီးတော့ အခန်းကြီးတစ်ဆောင်ဆီသို့ ပင့်လို့ သွားကြရပါတယ်။ အဲဒီ အခန်းကြီးထဲမှာ သံဃာတော်များက နံရံကျောပေးပြီး ခပ်ဝိုင်းဝိုင်းခင်းပေးထားသော ကုလားထိုင်များမှာ ထိုင်ကြရပါတယ်။ ထိုင်သူမရှိသေးဘဲ ဦးခေါင်းနေရာလောက်မှာ ဒေါင်းရုပ်ထင်ပါရဲ့၊ အရုပ်တပ်ထားတဲ့ ကုလားထိုင်ကတော့ နည်းနည်းမြင့်ပါတယ်။ ခမ်းနားလည်း ခမ်းနားပါတယ်။ တပည့်တော်တို့ ထိုင်ပြီး မကြာခင် မြန်မာဘုရင်ခံ ဆိုသူဟာ အပြင်စကြံလမ်းက ဒေါက်ဒေါက်နဲ့ လျှောက်လာတဲ့ဖိနပ်သံကို ကြားရပါတယ်။ အခန်းတွင်း ရောက်တော့ ခြေနင်းစီးလျက် လက်အုပ်ခေတ္တချီပြီး အဲဒီ ကုလားထိုင်ကြီးပေါ်မှာ ထိုင်ကာ ဝတ္တရားအတိုင်း သာသနာတော်ကို စောင့်ရှောက်မယ့်အကြောင်း လျှောက်ပါတယ်"

"သံဃာတော်များဘက်က ဘယ်လို ပြန်ပြီး ပြောကြတုံး"

"သံဃာတော်များထဲမှာ အကြီးဆုံးဖြစ်တဲ့ မထေရ်ကြီးကလည်း ထုံးစံအတိုင်း ဝမ်းမြောက်တဲ့အကြောင်းတို့ ဘာတို့ ပြောဟန်တူပါတယ်။ အဲဒီလို ပထမပြောတဲ့ မထေရ်ကြီးက စကားအပြီးမသတ်ခင် ဒုတိယဝါကြီးပုံ

ရတဲ့ မထေရ်ကြီးက (လုပြောသလို) ဝင်ပြောပြန်ပါတယ်။ ထိုမထေရ်ကြီး ပြောလို့ မကြာခင် 'သက်တော်စောင့်' လို့ ခေါ်မလား၊ 'အပါးတော်မြဲ' လို့ ခေါ်မလား၊ အဲဒီ ဒကာတစ်ယောက်က 'ဘုရင်ခံကြီးမှာ အလုပ်တွေ များပါတယ်၊ ညောင်းတော်မူပါပြီ' လို့ ငှက်ဆိုးထိုးသံကြားရင် ဘုရင်ခံလည်း 'အင်း…' လို့ ဆိုပြီး ထသွားပါလေရော"

"ဩော်… ဒီလိုဆိုရင် ကိုယ်တော်တို့မှာ တန်းလန်းကြီး ကျန်ရစ်ခဲ့တာပေါ့နော်"

"တန်းလန်းဆိုဆို ဘာဆိုဆို ဆိုချင်ရာ ဆိုပါတော့၊ ကျန်ရစ်တာတော့ အမှန်ပါပဲ။ အားလုံး မျက်နှာပျက် ရှက်ရှက်နဲ့ ထပြန်ခဲ့ကြရပါတယ်။ ကားပေါ်ရောက်တော့ အဘယာရာမဆရာတော်နဲ့ စည်ရှင်ဆရာတော်များကို လျှောက်မိပါသေးတယ်။ 'ရှက်လိုက်တာဘုရား၊ ဒီကိစ္စမှာ ဘုရင်ခံရဲ့စကားကို စည်ရှင်ဆရာတော်သာ ပြန်ပြီး ပြောရရင်တော့ ဘယ်လောက် အဆင်ပြေမလဲ' လို့"

"ရှက်လည်း ရှက်စရာပေပဲ။ တပည့်တော်တို့ဘုန်းကြီးတွေကို လူများက 'အလိုက်မသိတတ်ဘူး' လို့ စွပ်စွဲတာလည်း ဒီလိုဘုန်းကြီးတွေကြောင့်ပဲ ဖြစ်တယ်။ နောက်တော့ ဒီလိုရှက်စရာ ဘယ်မှာတွေ့ရသေးတုံး"

"လွတ်လပ်ရေးရပြီးနောက် ဒုတိယမြောက်သမ္မတကြီး မန္တလေး လာတဲ့အခါ ဆွမ်းကျွေးပွဲမှာပေါ့။ နေရာက ကျုံးအရှေ့ဘက် အရင်က ကော်မရှင်နာအိမ်လို့ ထင်ပါတယ်။ တပည့်တော်က တောင်မြို့ရောက်နေပါပြီ။ သမ္မတ မဖြစ်ခင် တပည့်တော်က ဗုဒ္ဓဘာသာကော်မတီဝင်မှာ ပါဝင်တဲ့အခါ သူ့ရဲ့အိမ်မှာ ဆွမ်းစားပင့်လို့ ရေစက်ချဖူးပါတယ်။ ဒါကြောင့် တပည့်တော်ကို ပါအောင်ပင့်ပါလို့ တမင်သတိပေးပါသတဲ့။ တပည့်တော် ရောက်သွားတဲ့အခါ ဘုရင်ခံဆွမ်းကျွေးပွဲတုန်းကပွဲလို အစီအစဉ်နဲ့ မဟုတ်တော့ဘဲ အရင်ရောက်လာတဲ့ သံဃာများ ဆွမ်းစားနေကြပါပြီ။ တပည့်တော် ကတော့ များသောအားဖြင့် သတိနဲ့ နေတဲ့သူ ဖြစ်တော့ ဆွမ်းဟင်းများကို သတိထားမိပါတယ်။ သဒ္ဓါတရားနဲ့ ဝိုင်းဝန်းပြီး ကူညီချက်ပြုတ်တဲ့ ဟင်းများ ဟုတ်ပုံမရပါဘူး။ ကန်ထရိုက်ပေးပြီး ချက်စေတာနဲ့ တူပါတယ်။ ထုံးစံအတိုင်း

စားသောက်ပြီးတော့ သမ္မတကြီးနဲ့ တွေ့ဖို့ အခန်းဆောင်ကြီးထဲ ရွှေ့ကြရပါတယ်''

''ဒီအချိန်အထိ သမ္မတကြီး ရောက်မလာသေးဘူးပေါ့နော်''

''မရောက်လာသေးပါဘူး။ အခန်းဆောင်ကြီးထဲမှာ သံဃာများအတွက် ခင်းထားတဲ့ ကော်ဇောတွေက ဒုတိယတန်းလောက် အဆင့်ရှိတဲ့ အငှားလိုက်ကော်ဇောတွေသာ ဖြစ်ပါတယ်''

''ကိုယ်တော်ကလည်း နေရာတိုင်း သတိထားပြီး အပြစ်ရှာနေတာကိုး ကိုယ်တော်''

''နေပါဦးလေ၊ ဆက်လျှောက်ပါဦးမယ်။ အချိန်က တန်ခူးလလောက်လို့ ထင်ပါတယ်၊ အတော်ပူနေပါပြီ။ ဒါကြောင့် သံဃာများအတွက် ဒုတိယတန်းစား အငှားလိုက်ကော်ဇောအဟောင်းတွေကို ခင်းပေးသော်လည်း သမ္မတကြီးအတွက်တော့ အဲဒီကော်ဇောပေါ်မှာ ကတ္တီပါနီညို ကွပ်ထားတဲ့ နှစ်ဖက်ချော သင်ဖြူးကလေး ခင်းလို့''

''နေပါဦး ကိုယ်တော်၊ အဲဒီလို စီမံကြတာက ဘယ်သူတွေတဲ့တုံး''

''ဘယ်သူတွေဖြစ်ရမလဲ ဘုရား၊ 'သာသနာ့ဒါယကာ' ဆိုတဲ့ မင်းတုန်းမင်းတရားကြီးရဲ့ မန္တလေးနေပြည်တော်သားတွေပေါ့။ သူတို့က သာသနာ့ဝန်ထမ်း ရဟန်းတော်များကို သမ္မတလောက် အရေးမထားဘူး ဆိုတာ လယ်ပြင်မှာ ဖင်ကားပြီး ဆင်သွားသလို ထင်ရှားလှတယ် မဟုတ်လားဘုရား''

''ကိုယ်တော်တို့ ဘုန်းကြီးတချို့ကလည်း လျှုနိုင်တန်းနိုင်တဲ့ အဲဒီ မန္တလေးသားတွေကို ပလူးပလဲ လုပ်နေကြပါလိမ့်မယ်။ ဒါကြောင့် 'အရောဝင်တော့ အရိုသေတန်' ဆိုတဲ့ စကားအတိုင်း ဖြစ်သွားဟန်တူပါတယ် ကိုယ်တော်။ ကိုယ်တော်တို့ အဲဒီလို ထိုင်ပြီးတဲ့နောက် သမ္မတကြီးက ဘယ်ကကြွလာသလဲ''

''တော်ပါပြီဘုရား၊ တော်ပြီ။ တပည့်တော် ဆက်ပြီး မလျှောက်ချင်တော့ဘူး။ လူတွေဆိုတာ အများအားဖြင့် ဘုန်းကြီးတွေကို ရိုသေတယ်ဆိုတာ ဝတ်ကျေတမ်းကျေ လုပ်ကြတာပါဘုရား။ တချို့ ဘုန်းကြီးတွေကလည်း ရိုသေချင်စရာ မကောင်းဘူး၊ ဝပ်ချဖို့ ဆိုတာတော့ ဝေးရော။ ဒါ့ကြောင့်

တပည့်တော်က သာသနာတော်ကို အရေအတွက် မများချင် နေပါစေ၊ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေကိုသာ နေစေချင်ပါတယ်။ အရည်အချင်း ရှိတဲ့ ပုဂ္ဂိုလ်များကလည်း မိမိကို မလေးစားမယ့်နေရာသို့ မသွားသင့်ကြပါဘူး''

''အင်း··· ဗိုလ်ချုပ်အဖေရဲ့ ရက်လည်ဆွမ်းကျွေးက ဆက်သွယ်ပြီး ဘေးထွက်လာလိုက်တာ အတော်များသွားပြီ။ ဗိုလ်ချုပ်တို့ ဆွမ်းကျွေးမှာတော့ ဒီလို မကျေနပ်စရာ မတွေ့ရဘူးပေါ့နော်''

''ဒီလို မကျေနပ်စရာ မတွေ့ရပါဘူး။ အားလုံး ကောင်စီဝင်တွေ အရပ်ဝတ်အရပ်စားနဲ့ပါ။ ကိုးဆယ်ကျော် ရေစကြိုဆရာတော်ကြီးတို့၊ မအူပင် ဆရာတော်ကြီးတို့ကို သူတို့ဆရာရင်းလို ဖေးဖေးမမနဲ့ ကြိုကြ၊ ပို့ကြပါတယ်။ လွတ်လပ်ရေးရပြီးနောက် အခြားသမ္မတများရဲ့ မုန့်ဆွမ်းကျွေး၊ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများရဲ့ ဆွမ်းကျွေးအားလုံးလည်း ကျေနပ်ဖွယ်ချည်းပါပဲ ဘုရား''

''ကိုယ်တော်တို့ရဲ့ သာသနာသန့်ရှင်းရေးအဖွဲ့က ဘယ်လို အနား သတ်ပြီး ကမ္မတ်ဖုံးလိုက်ကြတုံး''

''နယ်တိုင်းနယ်တိုင်းက ရွေးချယ်လွှတ်လိုက်တဲ့ ကိုယ်စားလှယ် သံဃာများနဲ့အတူ မော်ဘီမြို့မှာ အစည်းအဝေးကြီး လုပ်ပြီး ကမ္မတ်ဖုံးလိုက် ကြပါတယ်''

''အဲဒီအစည်းအဝေးမှာ ကိုယ်တော်က ဘာများအထူးလုပ်သေးလဲ''

''အဲဒီအချိန်မှာ မန္တလေး၌ တပည့်တော်ကို အတော်ဆော်နေကြ ပြီဖြစ်လို့ တပည့်တော် နာမည်ပေါ်အောင် ဘာမှမလုပ်ပါဘူး။ ဒါပေမဲ့ ပခုက္ကူ မဟာရဋ္ဌဂုရုဆရာတော်ကြီးရဲ့ ဩဝါဒကထာကိုတော့ ရေးပါသေးတယ်''

''အဲဒီအစည်းအဝေးကြီး ပြီးတော့ ကိုယ်တော်ပြန်လာတာပဲလား''

''အစည်းအဝေးကြီး ပြီးတဲ့နောက် အစိုးရထံ ပေးစရာအကြံဉာဏ် များနဲ့ လုပ်စရာရှိတာ လုပ်ပြီးတဲ့အခါ မန္တလေးဂယက်က တပည့်တော် အတွက် ရန်ကုန်ထိအောင် ရိုက်လာလို့ တချို့က မပြန်ဖို့ အကြံပေးကြပါ သေးတယ်။ တပည့်တော်ကလည်း ကြောက်လို့ မပြန်ဘဲနေရင် ကျောင်းတိုက် တပည့်တွေပါ အထင်သေးမှာမြင်လို့ ဖြစ်ချင်တာဖြစ်ပါစေ၊ လာမယ့်ဘေးတော့ ပြေးပြီး တွေ့ရမှာပဲ' လို့ ရက်ပိုမဆိုင်းဘဲ ပြန်ခဲ့ပါတယ်''

"ဒီအခါ ကိုယ်တော့်ကို ပင့်တဲ့ အစိုးရက ကူညီရဲ့လား"

"ဒီကိစ္စမှာ အစိုးရတာဝန်က လိုတာထက်တောင် ပိုနေပါသေးတယ်။ တပည့်တော် ပထမ ရန်ကုန် သွားကတည်းက အသွား၊ အပြန်မှာ စစ်ဗိုလ်တစ်ယောက် အစောင့်အရှောက် ထည့်ဖို့ စီမံပါတယ်။ တပည့်တော်က မထည့်ပါနဲ့၊ ကိစ္စမရှိပါဘူး ဆိုလို့ မထည့်ပေမယ့် ဆိုင်ရာက တပည့်တော်လာတဲ့အကြောင်းကို တင်ကြိုပြီး သတိပေးထားပါတယ်။ ရန်ကုန်က ပြန်လာတဲ့အခါလည်း ဒီလိုပါပဲ။ အဲဒီ အစည်းအဝေးကြီး ပြီးလို့ ပြန်တဲ့အခေါက်ကျတော့ မန္တလေး၌ အရေးကြီးတယ်လို့ ထင်ဟန်တူပါရဲ့။ ဘူတာကြီးမှာ အရပ်ဝတ် အတော်များများ ထားပြီး တပည့်တော် ရထားဆင်းတဲ့ နေရာမှစ၍ ဘူတာမှ ထွက်သည့်တိုင်အောင် လမ်းရှင်းထားပါတယ်။ ကျောင်းတိုက်ရောက်ပြီးနောက်လည်း ကျောင်းပေါက်မှာ အတော်ကြာကြာ စုံထောက်ထားပေးဟန်တူပါရဲ့။ တပည့်တော်က သွားစရာ ရှိ၍ သွားရင် နောက်မနီးမဝေးက လိုက်တဲ့အပြင် ဆိုင်ရာရဲဌာနကိုလည်း အကြောင်းကြားထားပါတယ်။ အစိုးရက သူတို့တာဝန်ကျေအောင် ဤမျှလောက်ထိ စောင့်ရှောက်ပါတယ်"

"ဒါ့ကြောင့် ပြောခဲ့တယ်မဟုတ်လား။ 'သူများက နိမ်လေ ကိုယ်တော်က ဘောလုံးလို တက်လေပဲ' လို့"

"တပည့်တော်ဟာ တပည့်တော်ရဲ့ ဖြစ်စဉ်ကို စဉ်းစားပြီးတော့ စိတ်ကြီးဝင်တယ် ဆိုရမည်လား မပြောတတ်ပါဘူး။

၁။ တပည့်တော်ကို ကိုယ်ဝန်ရှိတုန်းမှာ မိခင်က ကောင်းသော အိပ်မက်မက်ခြင်း၊

၂။ ဘုရားဒကာ၊ ကျောင်းဒကာ ဘိုးဘွားအမျိုးမှာ ဖြစ်ရခြင်း၊

၃။ ဒုတိယရွှေကျင်သာသနာပိုင် စသော သူတော်ကောင်း ပညာရှိ ထွက်တဲ့အမျိုးမှာ ဖြစ်ရခြင်း၊

၄။ ကလေးငယ်ငယ်နှောင်းနှောင်းတုန်းက သီချင်းဆိုလို့၊ ကလို့ ပျော်ပျော်နေခဲ့ခြင်း၊

၅။ ကလေးငယ်ဘဝတုန်းက ထူးထူးဆန်းဆန်း စဉ်းစားချက်တွေကို စဉ်းစားလေ့ရှိခြင်း၊

၆။ ကျောင်းပညာသင်တဲ့အခါ တတ်လွယ်၍ မမေ့တတ်ခြင်း၊

၇။ ရှေးသူတော်ကောင်းများရဲ့ ဇာတ်ဝတ္ထုကို ကြားရတဲ့အခါ ဝမ်းသာ၍ ထိုသူတော်ကောင်းများကို အားကျခြင်း၊

၈။ အခြေခံစာများကို အထက်တန်းဆရာက ကြောင့်ကြစိုက် ပို့ချခြင်း၊

၉။ နည်းနည်း အရွယ်ကောင်းလာတဲ့အခါ ရွာမှာရော၊ ရောက်ရာ အရပ်မှာရော ချစ်ခင်သူ များခဲ့ခြင်း၊

၁၀။ ကျောင်းသားဘဝဖြင့် ပထမငယ်၊ ပထမလတ် အောင်၍ သာမဏေဘဝဖြင့် အကြီးတန်း အောင်နိုင်အောင် သကျသီဟ (ဓမ္မာစရိယ) ဖြစ်ပြီးတဲ့ မြောင်းမြဆရာတော်ရဲ့ အချီးအမြှောက်ကို ရခဲ့ခြင်း၊

၁၁။ မိဘများ ပစ္စည်းဆုတ်ယုတ်လို့ လူ့ဘောင်ကို စိတ်ကူးမိပြန် တော့လည်း သင်ပြီးစာတွေကိုငဲ့ပြီး လူ့ဘောင် မရောက်ခဲ့ခြင်း၊

၁၂။ ရဟန်းဖြစ်ခါနီးမှာ အထက်တန်း ဝိပဿနာဆရာတော်များ ဖြစ်ကြသော ပထမ မဟာဂန္ဓာရုံဆရာတော်နဲ့ ဒုတိယမဟာဂန္ဓာရုံ ချမ်းအေး ဆရာတော်တို့က ကိုယ်တော်တိုင် ဂရုတစိုက် စီစဉ်တော်မူကြခြင်း၊

၁၃။ ပခုက္ကူစာသင်တိုက်ကြီး၌ စာဆိုဝါရဖို့ ခဲယဉ်းသော်လည်း မိမိမှာ ဆရာတော်ကြီးသုံးပါးက ကိုယ်တော်တိုင် စာဆိုခိုင်းပြီး ရဟန်းသုံးဝါ အရ၌ စာချအဖြစ် ချီးမြှောက်တော်မူခြင်း၊

၁၄။ ပခုက္ကူ၌ သုံးဝါလောက် စာချပြီးမှ ပရိယတ္တိသာသနဟိတ (သကျသီဟ) စာပြန်ပွဲကိုဝင်ရာ စာသင်တန်း၊ စာချတန်းကို သုံးနှစ်အတွင်း အောင်၍ ထိုအတွင်း၌ အစိုးရပထမကျော်ကိုလည်း အောင်ခဲ့ခြင်း၊

၁၅။ ရဟန်းငယ်ဘဝ၌ ပခုက္ကူတိုက်ကြီးဝယ် စာပေပို့ချတော် မူခဲ့၍ သကျသီဟဓမ္မာစရိယဘွဲ့ကို ရတော်မူပြီး သက္ကတကျမ်းတို့၌ အထူး ကျွမ်းကျင်တော်မူသော အဘယာရာမဆရာတော်က မိမိကို သက္ကတသင် ယူဖြစ်အောင် စီစဉ်၍ ကိုယ်တိုင် ပို့ချပေးတော်မူခြင်း၊

၁၆။ ကျမ်းစာရေးသားတဲ့အခါ ရေးသမျှကျမ်းစာ အငယ်၊ အကြီး တို့ကို ဆိုင်ရာအသီးသီးက လူရော ရှင်ပါ သုံးစွဲကြခြင်း။

၁၇။ သင်္ဂြိုဟ်ဘာသာဋီကာ ထွက်ချိန်၌ 'အဂ္ဂမဟာပဏ္ဍိတဘွဲ့နဲ့ ထိုက်တန်နေပါတယ်။ သို့သော် ငယ်လွန်းပါသေးတယ်' လို့ ပြောဆိုသံကို လည်းကောင်း၊ ညောင်တုန်း ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကဖြစ်မည့် စံကျောင်းဆရာတော်ဘုရားကြီး၏ 'ကျမ်းစာက ကြီးပြီး၊ ပုဂ္ဂိုလ်က ငယ်နေတယ်' ဟူသော အမိန့်သံကို ကြားခဲ့ရခြင်း၊

၁၈။ လွတ်လပ်ရေးရပြီးနောက် ပထမ ဘွဲ့တံဆိပ်ပေးရာ၌ 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ ရရှိခဲ့ခြင်း၊

၁၉။ ကျမ်းစာများကို ရေးသားရာ၌ ဆရာသမားများရဲ့ နည်းကို ရပြီး ဖြစ်၍ မပင်မပန်းဘဲ ပြီးစေနိုင်ခဲ့ခြင်း။

ဤဖြစ်စဉ်များကို ထောက်ထား၍ တပည့်တော်ကိုယ် တပည့်တော် သာမန်သတ္တဝါတစ်ယောက်လို့ မယူဆဘဲ အတိတ်ကုသိုလ်တွေ များစွာ ပါလာခဲ့သူလို့ ယူဆသောကြောင့် 'ဒီဘဝမှာ ကဲ့ရဲ့သမျှ၊ နှိမ်ချသမျှ ဒဏ်တွေ သည် ခန္တီပါရမီ အပိုရဖို့အကြောင်း အကောင်းချည်းသာ' လို့ ယူဆကာ ရှေ့တိုးဖို့ သာသနာတော်အရေးကို အမြဲ မျှော်တွေးပြီး အလုပ်လုပ်နေပါတယ် ဘုရား"

"အင်း··· များစွာသော စာတတ်ပုဂ္ဂိုလ်များမှာ မူလရပ်ရွာ ဆရာတော်နဲ့ စာသင်တိုက်က ဆရာတော် တစ်ပါး၊ နှစ်ပါးလောက်သာ အချီးအမြှောက်ခံကြရတယ်။ ကိုယ်တော့်မှာတော့ မူလရပ်ရွာ ဆရာတော်အပြင် ဂိုဏ်းဂဏအစုံ ထိပ်တန်းဂုဏ်ရှိတော်မူကြသော ပရိယတ်ဆရာတော်ကြီး နှစ်ပါးကလည်း ချီးမြှောက်တော်မူကြတော့ ကိုယ်တော်ရဲ့စိတ်ဓာတ်မှာ ထို ဆရာတော်များရဲ့ သတ္တိတွေ ပါနေဟန်တူပါတယ်"

"ဒီလိုလည်း ထင်စရာ ဖြစ်နေပါတယ် ဘုရား။ မဟာဂန္ဓာရုံ ဆရာတော်များရဲ့ ပဋိပတ်ကျင့်တော်မူပုံကို ကြည်ညိုလွန်းလို့ ကျောင်းတိုက် သံဃာအားလုံးအား ဝိနည်းသီလကို မူထားပြီး ပဋိပတ်ကျင့်ကြဖို့ကိုလည်း အမြဲ သတိပေးပါတယ်။ ပခုက္ကူဆရာတော်များနဲ့ အဘယာရာမဆရာတော်၊ မြောင်းမြဆရာတော်များရဲ့ အဂတိမလိုက်စားဘဲ လုံ့လဝီရိယကြိုးစားတော်မူပုံကို အားရလွန်းလို့ ယခုအရွယ်တိုင်အောင် ဖွဲလုံ့လအပြည့်အဝဖြင့် သာသနာ့

အရေးကို ကြိုးစားနေရပါတယ်။ ထိုဆရာတော်များရဲ့ အရှိန်ကြောင့် ကြိုးစားသလောက် အရာထင်နေပါတယ် ဘုရား''

''ကိုင်း ကိုင်း··· ကိုယ်တော်ရဲ့ အသက်ခုနစ်ဆယ်အတွင်း ဖြစ်ပျက်ခြင်း အဖုံဖုံကို အတော်စုံအောင် သိရပြီး ဖြစ်၍ ယခုအခါ နိဂုံးအုပ်ကြစို့လား''

သက်ခုနစ်ဆယ်၊ ဤအရွယ်ကား၊ သွယ်သွယ်ရှင်လူ၊ ပင်ရှင်ယူ၏၊ ကိုယ့်မူထိုမျှ၊ ခွင့်မရ၍၊ နေ့ညမအား၊ အလုပ်များကို၊ မနားမနေ၊ လုပ်နိုင်စေဖို့၊ လူ့မြေထင်ရှား၊ ဓာတ်စာစားလျက်၊ ဆေးဝါးရရာ၊ မှီဝဲကာဖြင့်၊ ခန္ဓာမန္ဒမ်း၊ ကိုယ်လက်ကျန်းအောင်၊ စွမ်းနိုင်သလောက်၊ မြဲစောင့်ရှောက်၏၊ ထို့နောက်စိတ်ပါ၊ ကျန်းခံ့သာအောင်၊ မြတ်စွာဇိနော်၊ ရုပ်ပုံတော်နှင့်၊ ဂုဏ်တော်အစုံ၊ အမြဲထုံလျက်၊ လူ့ဘုံမဆုံ၊ အားလုံးနှံ့ဖို့၊ သင်းပျံ့ချစ်စရာ၊ ရေမေတ္တာကို၊ သစ္စာရောစွက်၊ ရုပ်တိုင်းပက်၏၊ အသက်တည်ရေး၊ ဤနှစ်ဆေးထက်၊ ဝင့်ဘေးကင်းစင်၊ နိဗ္ဗာန်မြင်ဖို့၊ နေ့စဉ်မကွာ၊ ဘာဝနာနှဲ့၊ ကျမ်းစာပို့ချ၊ ရေးသားရသည်··· ဘဝသံသာ လွန်ကြောင်းတည်း။

''အားလုံးပြီးတော့ ဘယ်သူက ဘာပြောတုံး''

''ခေါင်းဆောင် ခေါ်လာတဲ့ ခင်မောင်ကျော်က ရုပ်ရှင်ရိုက်ပြီးတဲ့အခါ 'ဆရာတော်ကျောင်းက ဆိုရှယ်လစ်စနစ်ကို အစောကြီး အောင်မြင်နေတာကိုး' လို့ လျှောက်ပါတယ်။ ဘုန်းကြီးက ဆိုရှယ်လစ်စနစ်ကို နားမလည်ပါဘူး။ ဗုဒ္ဓဝါဒအတိုင်း လုပ်နေတာပါ။ ဒီဟာ ဗုဒ္ဓစနစ်ဖြစ်ပါတယ်လို့ ပြန်ပြောလိုက်ပါတယ်''

''ဟုတ်သားပဲ ကိုယ်တော်၊ ခေတ်မှာ ဘယ်သူတွေ ဘယ်လောက် ကောင်းအောင် တီထွင်ပေမယ့် ဗုဒ္ဓဝါဒလောက်တော့ ဘယ်နည်းနှင့်မှ မကောင်းနိုင်ပါဘူး။ ဗုဒ္ဓဝါဒမှာ မေတ္တာလည်းပါ၊ ကရုဏာ၊ မုဒိတာလည်းပါ၊ ဉာဏ်လည်းပါ၊ လုံ့လဝီရိယလည်း အားကြီး၊ အများကြီး ပါရတာဖြစ်လို့ အရာရာမှာ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ ပြီးစီးနိုင်ပါတယ်''

''ဟုတ်ပါတယ်၊ ယခုလက်တွေ့ ဗုဒ္ဓဘာသာဝင်တွေက ဘာသာရေးဆိုင်ရာမှာ အသုံးအဖြုန်းများပြီး ဘာသာရေးခေါင်းဆောင်တွေက အလုပ်

ကောင်းကောင်းလုပ်သူ နည်းပါးနေတော့ ဗုဒ္ဓဘာသာဟာ လောကီ ကြီးပွား ရေး မဖြစ်နိုင်ဘူးလို့ အထင်မှားကြတာပါ။ ယခု ဘာသာရေးအလုပ်တွေဟာ ဗုဒ္ဓအလိုတော်ကျ များသောအားဖြင့် မဟုတ်ပါဘူး။ စင်စစ်မှာတော့ ဗုဒ္ဓ ဘာသာကို အတွင်းကျကျ ဖျက်ဆီးရာ ရောက်ပါတယ်။ ဒါ့ကြောင့် တပည့် တော်ဖြစ်ချင်တဲ့ သာသနာ၊ ဘာသာဆိုတာ ဗုဒ္ဓအလိုတော်နဲ့ သင့်လျော်ပြီး ယခုဘဝရော၊ တမလွန်ဘဝရော ကောင်းကျိုးပြုမယ့် သာသနာ၊ ဘာသာဖြစ် ပါတယ်''

''အဲဒီလိုသာ ဖြစ်နိုင်ရင်တော့ ဗုဒ္ဓဘာသာကို ကမ္ဘာကတောင် လက်ခံနိုင်စရာ ဖြစ်မှာပဲနော်''

''တပည့်တော်က သတင်းစာမှာ တွေ့သမျှကို စဉ်းစားပါတယ်။ နိုင်ငံအသီးသီး၌ ကမ္ဘာက အသိအမှတ်ပြုရတဲ့ ပညာရှိကြီးတွေဟာ ရုပ် ဝတ္ထုဘက်မှာသာ ပညာရှိ ဖြစ်ကြပါတယ်။ ဒါ့ကြောင့် ရုပ်ဝတ္ထုတိုးတက်ရေး ကိုသာ ကြိုးစားကြပါတယ်။ ကြိုးစားသလောက်လည်း ရုပ်ဘက်က တိုးတက် ပါတယ်။ ထိုသို့ တိုးတက်ပါလျက် သူတို့ကိုယ်တိုင်နဲ့တကွ သူတို့ တိုင်းသူ ပြည်သားတွေ ချမ်းသာခွင့် မရကြပါဘူး။ အကောင်းအမွန်တွေကို မျက်စိဖြင့် မြင်ရ၊ နားဖြင့် ကြားရ၊ နှာခေါင်းဖြင့် နမ်းရ၊ ရှူရ၊ လျှာဖြင့် စားသောက်ရ၊ ကိုယ်ဖြင့် ထိတွေ့ခံစားကြရပါလျက် မချမ်းသာကြပါဘူး။ စင်စစ်တော့ ပို၍ ပို၍ အကျင့်စာရိတ္တ ပျက်စီးလာကြသဖြင့် သာ၍ သာ၍ စိတ်ဆင်းရဲ နေကြတာကိုသာ ကြားရပါတယ်။ ထိုပညာရှိကြီးများရဲ့ ရုပ်ဘက်အသိ ဉာဏ်သည် မိုးထိအောင် လျှံစေကာမူ 'ဧကန်မုချ စိတ်ချမ်းသာမှုကို ပေးနိုင် လိမ့်မည်မဟုတ်' လို့ ရဲရဲကြီး ဆိုဝံ့ပါတယ်''

''ကိုယ်တော်က မြန်မာနိုင်ငံတောင်မှ နှံ့အောင် မရောက်ဖူးတဲ့ ဗဟုသုတကလေးနဲ့ ဘာကြောင့် ဒီလို တွေးနိုင်သလဲ''

''သုခဆိုတာ နှစ်မျိုးရှိတယ် ဘုရား။ စိတ်ချမ်းသာမှုနဲ့ ကိုယ်ချမ်း သာမှုတဲ့။ အဲဒီ နှစ်မျိုးမှာလည်း စိတ်ချမ်းသာမှုကသာ ပဓာန ဖြစ်တယ်။ နိုင်ငံကြီးသား ပညာရှိများက ခန္ဓာကိုယ်ချမ်းသာမှုကိုသာ ရှေးရှုပြီး ရှေ့ဆောင် နေကြတာ ဖြစ်တယ်။ ကိုယ်ချမ်းသာတိုင်း စိတ်မချမ်းသာဘူး ဆိုတာကို

သူတို့ ပြန်ပြီး စဉ်းစားရင် မြင်မှာပါပဲ။ အဲဒီ ချမ်းသာမှုကိုတော့ ဗုဒ္ဓဝါဒမှာ အပြည့်အစုံ လမ်းညွှန်ထားပါတယ်။ ဒါ့ကြောင့် တစ်နေ့ကျရင် အဲဒီ ပညာရှင်တွေ ဗုဒ္ဓဝါဒကို စဉ်းစားကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီလို စဉ်းစားတဲ့အခါမှသာ အပေါ်စားဗုဒ္ဓဘာသာတွေနဲ့ ဆွေးနွေးပြီး ပေါ်တောတော ဗုဒ္ဓဘာသာတွေရဲ့အလုပ်ကို လေ့လာရင် ဗုဒ္ဓဘာသာကိုပင် အထင်သေးမှာ စိုးရိမ်မိပါတယ်ဘုရား"

"ယခု ကိုယ်တော့်ကျောင်းတိုက် ပြုပြင်နေတာရယ်၊ ဟောပြော ရေးသားနေတာရယ်၊ လက်ရှိ ပစ္စက္ခအတွက်သာမက အနာဂတ်အတွက်ပါ ရည်ရွယ်တယ်ပေါ့နော်"

"တပည့်တော်ရဲ့ ကျောင်းတိုက်တစ်တိုက်သာ ကောင်းဖို့လောက် ဆိုရင် ဒါလောက် မကြိုးစားပါဘူး။ နောင် အနာဂတ်အတွက် နိုင်ငံရော၊ သာသနာရော ကောင်းဖို့ကို ရည်ရွယ်တာ ဖြစ်ပါတယ်၊ 'အနာဂတ်သာသနာရေး' ကျမ်းစာ ရေးတုန်းကလည်း ဒီစိတ်နဲ့ ရေးခဲ့တာပါ။ တပည့်တော်စိတ်မှာ 'တိုက်တစ်တိုက်၊ ဂိုဏ်းတစ်ဂိုဏ်း၊ သာသနာတစ်ရပ် ကောင်းစားရေး' ဆိုတဲ့ စိတ်ထား မရှိပါဘူး။ အများကောင်းစားစေလိုတဲ့ စိတ်ချည်းပါပဲ"

"အဲဒီလို စိတ်ထားလို့ ကိုယ်တော့်မှာ ခုထိ ပင်ပန်းနေတာကို ကိုယ်တော် မငြီးငွေ့သေးဘူးလား"

"လောကမှာ 'ဘုံကျွန်' လို့ခေါ်လောက်တဲ့ ပုဂ္ဂိုလ်တွေဟာ အလွန်သနားစရာပါပဲ ဘုရား။ အများအတွက် ကြောင့်ကြများမှုကြောင့် လုပ်ရကိုင်ရ ကြံစည်ရတဲ့အတွက် ခန္ဓာကိုယ်လည်း ပင်ပန်းရဲ့၊ စိတ်လည်း ပင်ပန်းရဲ့။ ဒါပေမဲ့လည်း ငြီးငွေ့တယ်လို့ မရှိကြပါဘူး။ အများရဲ့ဒဏ်ကို ခံကြတာပါပဲ။ ဒါ့ကြောင့် တပည့်တော်ဟာ ဘုရားအလောင်းနဲ့ သာဝကအလောင်းကြီးတွေကို သိပ်ကျေးဇူးတင်၊ သိပ်အားရတာပဲဘုရား။ ဘုရားဖြစ်မှ၊ သာဝကဖြစ်မှ တပည့်တော်က ကြည်ညိုတာ မဟုတ်ပါဘူး။ အလောင်းတော်ဘဝကိုပါ ကြည်ညိုတာပါပဲ။ ဒါ့ကြောင့် အမွေအနှစ်ဖြစ်တဲ့ သာသနာတော်ကြီးကိုလည်းကောင်း၊ သာသနာတော်ကို ကြည်ညိုထောက်ပံ့ကြတဲ့ ဒကာ၊ ဒကာမတို့နေရာ နိုင်ငံတော်ကို လည်းကောင်း အင်မတန် သာယာစေလိုတဲ့ဆန္ဒ

တပည့်တော်မှာ ပြင်းပြနေပါတယ် ဘုရား။ ပြီးတော့လည်း သာသနာတော်ကို အကြောင်းပြုပြီး နိုင်ငံပါ အေးချမ်းသာယာတယ် ဆိုတဲ့ ဂုဏ်ကို အလွန်လိုချင်ပါတယ်''

''အရှင်ဘုရား ဆုတောင်းတာတော့ ဝမ်းမြောက်ပါတယ်။ ဒါပေမဲ့ ဆရာတော်ကြီးများရော၊ အစိုးရရော တိုင်းပြည်ကပါ အားပေးကူညီမှ တပည့်တော်ဆန္ဒအတိုင်း အထမြောက်စရာ ရှိပါတယ်။ တပည့်တော်ကလည်း အထမြောက်သည် ဖြစ်စေ၊ မမြောက်သည် ဖြစ်စေ ဗုဒ္ဓမြတ်စွာသည် နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူချိန်အထိ သတ္တဝါများရဲ့အကျိုးကို ဆောင်တော်မူပုံနဲ့ အလောင်းအလျာဘဝတုန်းက သတ္တဝါများရဲ့ အကျိုးကို နောက်ဆုံး ဝေဿန္တရာမင်းအထိ ဆောင်ခဲ့ပုံကို ကြည်ညိုလွန်းလို့ တပည့်တော်အသက်ကို ဘုရားသာသနာတော်မှာ စွန့်လှူသောအားဖြင့် သာသနာတော်အရေးကို ကြိုးစားဖို့ တာဝန်ရှိနေပါတယ် ဘုရား''

**ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက နောက်ဆုံးအထိ ပါရမီ**
**လူနတ်များစွာ ချမ်းသာရေးကို အသက်ပေး၍ ပြုခဲ့သည်။**
**ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့ ငါပါအသက် ဆုံးစေမည်။**
**နောက်မဆုတ်ပေါင် ခုလိုတွေးလို့ ကုသိုလ်ရေးမို့ ကြိုးစားမည်။**

''၇၁ နှစ်အတွင်းမှာ အစည်းအဝေးများ၌ မှတ်မှတ်သားသား ပြောဆိုဖူးတာများ ရှိရင် အများအတွက် သိချင်ပါသေးတယ်''

''အများအတွက် လျှောက်ဖူးတာကတော့ အများကြီးပါပဲ။ ဒီအထဲမှာ ပရဟိတ အစည်းအဝေးတုန်းက လျှောက်ထားတဲ့စကားကတော့ အတော်စုံလင်ပါတယ်''

''ပြောစမ်းပါဦး ကိုယ်တော်''

## ပရဟိတသံဃာ့အစည်းအဝေး၌
## အရှင်ဇနကာဘိဝံသ လျှောက်ထားချက်

''အကျိုးတော်ဆောင် ဆရာတော်က တပည့်တော်ကို ဩဝါဒကထာ ချီးမြှင့်ပါရန် တောင်းပန်သော်လည်း ပရဟိတ အဖွဲ့ဝင် အရှင်မြတ်တို့

အား ညြဝါဒအနေအားဖြင့် မိန့်ခွန်းပေးခြင်းထက် ရှိသေစွာ လျှောက်ထားခြင်းက သံဃာ့ဂါရဝ ဖြစ်သောကြောင့် သာသနာတော်ထုံးတမ်းအရ ရှိသေစွာ လျှောက်ထားပါရစေ ဘုရား။

ယခု လျှောက်ထားမည့် အကြောင်းအရာများကို အရေးကြုံလာမှ ကြံတွေး၍ ဝတ်ကျေတမ်းကျေ လျှောက်ခြင်း မဟုတ်ပါ။ ကြာမြင့်စွာ စဉ်းစားပြီးဖြစ်၍ တပည့်တော်ရဲ့ နှလုံးအသည်းထဲမှာ စွဲနေပြီ ဖြစ်သော အကြောင်းအရာများ ဖြစ်ပါသည်။ ပရဟိတသံဃာ့အဖွဲ့ဝင် အရှင်ဘုရားတို့လည်း တပည့်တော်ကဲ့သို့ သာသနာ့အရေးကို တွေးပြီးဖြစ်ကြပါလိမ့်မယ်လို့ ယုံကြည်ပါသည်။ သို့ဖြစ်၍ 'ယခု လျှောက်မည့်အချက်တို့တွင် များစွာသော အချက်တို့မှာ အရှင်တို့နှဲ့ သဘောတူစရာ ရှိနိုင်ပါ၏' လို့ မျှော်လင့်ကာ ပွင့်ပွင့်လင်းလင်း လျှောက်ပါရစေ ဘုရား''

## ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်

တပည့်တော်များရဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဝယ် အနော်ရထာမင်းလက်ထက်မှစ၍ ခိုင်မြဲစွာ အခြေစိုက်လာခဲ့သောကြောင့် ယခုအချိန်ထိဆိုရင် နှစ်ပေါင်း ၉၃၀ ကျော် ကြာရှည်ခဲ့ပါပြီ။ သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဝယ် သာသနာတော် အသက်သည် မူလဘုရားပွင့်တော်မူရာ အိန္ဒိယနိုင်ငံထက်ပင် ကြာရှည်စွာ တည်ခွင့်ရသည်လို့ ယူဆပါသောကြောင့် တပည့်တော်ရဲ့စိတ်မှာ တိုင်းသူပြည်သားနဲ့ သာသနာ့ဝန်ဆောင် ရှေးရှေးထိပ်ခေါင်တင် ဆရာတော်၊ သံဃာတော်များကို လေးလေးစားစား ကျေးဇူးတင်ပါတယ်ဘုရား။

## တာဝန်ကျေသော ဆရာတော်များ

ထိုစဉ်အခါက သာသနာ့ဝန်ကို လူဒါယကာများဘက်ကလည်း လူ့အလိုက်၊ သံဃာတော်များဘက်ကလည်း သံဃာအလိုက် သိုက်သိုက်မြိုက်မြိုက် တာဝန်ကျေအောင် ထမ်းဆောင်ခဲ့ကြသောကြောင့် ယခုလောက် အချိန်ကြာရှည်စွာ သာသနာတော် တည်နေပါသည်။ ထင်ရှားစေပါဦးမည်-

အား သင်ကြားပေးခဲ့ပါမူ ယခုအချိန်မှာ နိုင်ငံခြား၌ ဘာသာခြားဘုန်းကြီး များ အုပ်ချုပ်လျက် ရှိသော တက္ကသိုလ်များကဲ့သို့ ပိဋကတော်နဲ့ တကွ ဘာသန္တရကို ပို့ချနိုင်သော တက္ကသိုလ်ကြီးတို့သည် မန္တလေး-ရန်ကုန် နေပြည်တော်များ၌ မားမားမတ်မတ် တည်ရှိကြလေရာ၏။

ထိုကဲ့သို့ ဖြစ်ခဲ့ရင် တပည့်တော်တို့ရဲ့ ဗုဒ္ဓမြတ်စွာသာသနာတော် သည် ဤသာသနာတော်၌ သာမက အခြားနိုင်ငံများသို့ပင် အရှိန်အဝါ တောက်လျက် ရှိရာ၏။ ယခုမူကား ဖြစ်ထိုက်သော အချက်များ ပျက်ကွက်ခဲ့ သည့်အတွက် များစွာသော ကျေးရွာ ဘုန်းတော်ကြီးကျောင်းများ၌ ကျောင်း သား သူငယ်မျှ မရှိကြတော့ပါ။ ထိုသို့ ကျောင်းသားသူငယ် မရှိခြင်းမှာလည်း တပည့်တော်တို့ရဲ့ ဘုန်းတော်ကြီးများက ကလေးသူငယ်တို့ကို လူရာဝင် အောင် မသင်ပြနိုင်ခြင်းကြောင့် ဗုဒ္ဓဘာသာဝင် သားရှင်မိဘတို့က မိမိတို့ သားကို မိမိတို့နေခဲ့သော ကျောင်းမှာပင် ထားလိုပါလျက် မထားနိုင်တော့ဘဲ မတတ်သာ၍ ခပ်ခွာခွာ နေကြခြင်း ဖြစ်ပါသည်။

## သာမန်အန္တရာယ် မဟုတ်ပါ

ကျေးရွာဘုန်းတော်ကြီးကျောင်းများ၌ ကျောင်းသားမရှိခြင်းသည် သာသနာတော်အတွက် သာမန် အန္တရာယ် မဟုတ်ပါ။ သစ်ပင်ကြီး၌ ရေသောက်မြစ်ပြတ်နေသည့်ပမာ ကြီးစွာသော ဓမ္မအန္တရာယ်ဖြစ်ကြောင်း ကို ပရဟိတအဖွဲ့ဝင် အရှင်ဘုရားများလည်း စဉ်းစားပြီး ဖြစ်ကြပါလိမ့်မည်။ တပည့်တော်တို့ရဲ့ လက်ရှိသာသနာ့ဝန်ဆောင်များသည် ငယ်စဉ်ကစ၍ ပိဋကပညာ အလိမ္မာတို့ကို အခြေခံရခဲ့သောကြောင့် တစ်စတစ်စ ကြီးပွား လျက် သာသနာ့တာဝန်ကို ဆောင်နိုင်ကြသည် မဟုတ်ပါလော။ ဘုန်းကြီး ကျောင်းသားမရှိရင် ရှင်သာမဏေလည်း ကြာရှည်စွာ ဖြစ်မယ့်သူ မရှိနိုင် တော့ပါ။ သာမဏေဘဝမှ စ၍ အဆက်ဆက် တာဝန်ဆောင်ကြမယ့် ရဟန်း တော်များလည်း မရှိနိုင်တော့ပါ။ ထို့ပြင် ဘုန်းတော်ကြီးများရဲ့ အသင်အပြကို မခံကြရသော တိုင်းသူပြည်သားတို့လည်း ဘုန်းကြီးများကို မိရိုးဖလာလောက် သာ ကိုးကွယ်ကြတော့မည်ဖြစ်၍ 'သာသနာစစ်စစ်ကို ထောက်ပံ့မယ့်သူများ' လို့ လေးစားလောက်သူများ မဖြစ်နိုင်တော့ပါ။ သစ်ပင်ကြီးမှာ ရေသောက်

မြစ် ပြတ်နေရသည့်အပြင် ပတ်ဝန်းကျင် အမြစ်ကလေးများမှာလည်း အအေးဓာတ်မရတော့သကဲ့သို့ အခြေခံကျောင်းသားများ မရှိသည့်အပြင် ထောက်ပံ့ချင်သူလည်း တစ်စတစ်စ နည်းပါးရာမှ လုံးဝ မရှိတဲ့အဖြစ်သို့ ရောက်ရတော့မည်ဖြစ်၍ အသီးအပွင့် ဝေဝေဆာဆာနဲ့ လွန်စွာ အရိပ်ကောင်းခဲ့သော ဗုဒ္ဓမြတ်စွာ သာသနာ့သစ်ပင်ကြီးသည် မကြာမီ ခြောက်သွေ့ယိုင်လဲ၍ မခိုင်မြဲသော အခြေသို့ ရောက်ရပါတော့မည်။

## အန္တရာယ်ကို ဘယ်လို တားမလဲ

တပည့်တော်များရဲ့ ဘုရားရှင်သည် ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်မှစ၍ အကြောင်းရှိမှ အကျိုးဖြစ်ပုံကို ဟောပြတော်မူလေ့ ရှိပါသည်။ 'အကြောင်းမဲ့သက်သက် အကျိုးဖြစ်သည်' လို့ တစ်ခုတလေမျှ ဟောတော်မမူပါ။ တပည့်တော်တို့ သာသနာတော်ဆုတ်ယုတ်ရာမှ ကွယ်ပမယ့် အချက်၌လည်း ပြခဲ့သောအကြောင်းကြောင်းတွေ ထင်ရှားနေပြီ မဟုတ်ပါလော။ မကောင်းသော အကြောင်းကြောင့် မကောင်းသောအကျိုးကို တွေ့ရရင် မကောင်းသော အကြောင်းနေရာဝယ် ကောင်းသောအကြောင်းကို လဲလှယ်နိုင်ပါမှ ဧကန်မုချ ကောင်းကျိုးရဦးမည်ကိုလည်း တပည့်တော်တို့ သိနိုင်ကြပါသည်။ ယခုအခါ ဘုန်းတော်ကြီးကျောင်းများ၌ ကျောင်းသား မရှိမှုသည် အရေးအကြီးဆုံး အကြောင်းလို့ ကောင်းကောင်း သဘောပေါက်ပြီးသော တပည့်တော်တို့သည် ကျောင်းသားရှိလာအောင် ဘယ်လို ပြုပြင်ကြမည်နည်း။ ခေတ်ဟောင်းတုန်းက ပထမပြန်စုံစမ်းရေးကော်မတီ ပေါ်လာသောအခါ ကော်မတီတွင် ပါဝင်သော ကျေးဇူးရှင် အဘယာရာမ ဆရာတော်သည် မူလတန်း ဂဏန်းသင်္ချာနဲ့ အခြေခံပါဠိမျှကို ပထမငယ်တန်းမဝင်မီ တစ်ဆင့်ထားဖို့ အကြံပေးခဲ့ဖူးပါသည်။

## အရေးကြီးသော အချိန်

ယခုအခါ သာသနာကို ပြုပြင်လိုသော ပုဂ္ဂိုလ်များ အတော်ကလေး လှုပ်လှုပ်ရှရှ ဖြစ်လာကြပါပြီ။ လှုပ်လှုပ်ရှရှ ဖြစ်ရခြင်းမှာလည်း ဤအတိုင်းသွားရင် 'မြန်မာနိုင်ငံသာသနာသည် သိပ်မကြာတော့' ဟု အမြင်ပေါက်သူ

တွေ များလာသောကြောင့်ပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ သာသနာတော်သည် တစ်နည်းအားဖြင့် ဆေးမှားမခံသော သူနာနဲ့ တူနေပါသည်။ ဘာဆေးမျှ မကျွေးဘဲ လက်ရှိဓာတ်စာများနဲ့ ထားရင် ဤသူနာသည် သူ့အလိုလို ဖြည်း ဖြည်း သွားရာပါလိမ့်မည်။ ခေတ်ပေါ်ဆေးများကို တိုက်ကျွေးကုသရင်ကား အနာနဲ့ဆေး သင့်အောင်ပေးဖို့ အရေးကြီးပါသည်။ ဆေးတစ်ချက်မှားရင် ဖျတ်ခနဲ သွားပါလိမ့်မည်။

ဥပမာဖြင့် 'ဘာကို ဆိုလိုပါသလဲ' လို့မေးရင် လက်ရှိ စာသင် စာချ စာမေးပွဲ ကျင်းပ၍ ဘုရားပွဲ၊ ကျောင်းပွဲ၊ ကထိန်ပွဲ၊ ရှင်ပြုအလှူပွဲ စသော ပကာသန ဒါနမှုတို့သည် ဤသို့ ပြုရင်း ပြုရင်းပင် သာသနာတော် လည်း တဖြည်းဖြည်း ဆုတ်၍ ဆုတ်၍ လာသောကြောင့် မျှော်လင့်ချက် မရှိသော လူမမာကို 'စားချင်တာ စားပါစေတော့' လို့ ဆေးဆရာက ပြော သဖြင့် ဆွေမျိုးများက စားချင်တာကို ပေးနေသည်နဲ့ တူလှပါသည်။ ဤ နည်းကို တဖြည်းဖြည်းသွားမယ့် 'သူနာကြိုက် ဓာတ်စာပေးနည်း' လို့ ဆိုလို ပါသည်။

## ကြိုတင်၍ စဉ်းစားဖွယ်

တစ်ဖန် အင်္ဂလိပ်စာ၊ ဂဏန်းသင်္ချာတို့ကို ဆရာလုပ်ဖို့ သင်ပေး၍ ကျေးရွာကျောင်းများ၌ ကျောင်းသားတွေ ပြန်လည် လာစေမည်ဟု ရည်ရွယ် သော်လည်း တကယ်တတ်သောအခါ လူထွက်သူက ထွက်၊ ကျောင်းလခ ယူ၍ စာပြသူက ပြ၊ ဤသို့ လုပ်နေကြလျှင်ကား ဆေးမှားသောသူနာလို မကြာခင် သာသနာကွယ်သွားပါလိမ့်မည်။ ဤအချက်သည် အမှန်တင်ကြို၍ တွက်ရမယ့်အချက် ဖြစ်ပါသည်။ ဘာ့ကြောင့်နည်း၊ အဏုမြူဓာတ်ကို တွေ့ရှိ အောင် ကြိုးစားသော လောကဓာတ်ဆရာတို့သည် သူတို့ရဲ့အဏုမြူကို လူသားများ အကျိုးရှိသောနေရာတွင် သုံးစေလိုသော်လည်း ယခုအခါ လူသား တွေ အစုလိုက်၊ အပြုံလိုက် သေမယ့်ကိစ္စ၌ အသုံးချနေသကဲ့သို့ မျှော်လင့်ချက် က တခြား၊ လက်တွေ့ကတခြား ဖြစ်နေတတ်သောကြောင့် ဘာသန္တရအတွက် သာသနာ ကွယ်လွယ်မယ့် အချက်ကိုလည်း ကြိုတင်၍ တွက်ရပါလိမ့်မည်။

## တကယ်မျှော်လင့်ဖွယ်

တပည့်တော်များ၏ သာသနာ့ဝယ် သဒ္ဓါတရားဖြင့် နေထိုင်သော ရဟန်း၊ သာမဏေများ အတော်များများ ရှိပါသေးသည်။ ထိုရဟန်း၊ သာမဏေ များ၌ သာသနာပြုစိတ် သွင်းပေးရရင် ပရဟိတသာသနာ့ဝန်ဆောင်တွေ အများအပြား ဖြစ်လာနိုင်စရာ ရှိပါသည်။

အကယ်၍ တပည့်တော်သာ တတ်နိုင်လို့ စီစဉ်ရရင် -

၁။ ဤသာသနာတော်ကို မှီလျက် မိမိတို့မှာ ကုသိုလ်ပါရမီ တိုးပွား၍ လောက သံသရာ နှစ်ဖြာအကျိုးများအောင် စွမ်းဆောင်နိုင်ပုံကို သင်တန်းပေးပါမည်။

၂။ မြင်မြင်သူ လူအများရဲ့စိတ်ကို ဆွဲဆောင်နိုင်လောက်အောင် အဝတ်၊ အစား၊ အနေအထိုင်၊ အပြောအဆို ယဉ်ကျေးသိမ်မွေ့ဖို့ သင်တန်းပေးပါမည်။

၃။ လောဘ၊ ဒေါသ၊ မာန နည်းပါး၍ လောကီဂုဏ်ပကာသနကို လိုလားစိတ်ကင်းဖို့ သင်တန်းပေးပါမည်။

၄။ ပိဋကစာပေနဲ့တကွ အနုဝဇ္ဇ သိပ္ပဝိဇ္ဇာတို့ကို ဆရာလုပ်နိုင် သည်အထိ တတ်မြောက်အောင် သင်ယူကြဖို့ သင်တန်းပေး၍ ထိုကဲ့သို့ သင်ယူနိုင်အောင်လည်း စီစဉ်ပေးပါမည်။

၅။ ထိုပညာတို့ကို တတ်မြောက်သောအခါ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအကျိုးသက်သက်ကို ပါရမီဖြစ် ဆောင်ရွက်ကြ ဖို့ သင်တန်းပေးပါမည်။

## ဂုဏ်ရှိရှိ တည်စေမည်လား၊
## ဂုဏ်မဲ့မဲ့ ကွယ်စေမည်လား။

တပည့်တော် လိုလားသော အချက်များကို အရှင်ဘုရားတို့လည်း လေ့လာပြီး ဖြစ်ကြပါလိမ့်မည်။ တပည့်တော်တို့ရဲ့ ဗုဒ္ဓမြတ်စွာသာသနာတော် ကို ပြခဲ့သော ဂုဏ်အင်္ဂါတို့နဲ့ ပြည့်စုံသော ပုဂ္ဂိုလ်အများ စိတ်ထားညီညီနဲ့ ထမ်းဆောင်နိုင်ကြပါလျှင် ဗုဒ္ဓမြတ်စွာသာသနာတော်သည် ဤမြန်မာနိုင်ငံ

တော်ဝယ် ဂုဏ်ရှိရှိနဲ့ ခိုင်ခံ့ တည်ကြည်စွာ အမျိုး၊ ဘာသာ၊ ပညာအကျိုးကို ရှက်ဆောင်လျက် ဘုန်းကျက်သရေ တိုးတက်နေပါလိမ့်မည်။

ထိုသို့မျှ မထမ်းဆောင်နိုင်ကြလျှင်ကား တပည့်တော်တို့ အားလုံး ပင် ဂုဏ်မဲ့သိန်မဲ့ဖြစ်ကာ ဤသာသနာတော် ဤနိုင်ငံမှ ကွယ်ပါလိမ့်မည်။ ထို့ကြောင့် 'နိုင်ငံတော်တစ်ဝန်း၌ သီတင်းသုံး နေထိုင်ကြသော ရဟန်း၊ သာမဏေတို့အား ဂုဏ်ရှိရှိနဲ့ သာသနာတော်ကို တည်စေမည်လား၊ ဂုဏ်မဲ့ သိန်မဲ့နဲ့ သာသနာတော်ကို ကွယ်စေကြမည်လား'ဟူသော ပြဿနာကို ဤ ပရဟိတ သံဃာ့အဖွဲ့ဝင် အရှင်မြတ်တို့၏ မျက်မှောက်၌ မေးလျှောက်လိုပါ သည် သာသနာတော်ဝင် အရှင်မြတ်တို့ဘုရား။

## နိဂုံး

ပရဟိတ၊ မည်နာမဖြင့်၊ သံဃာအဖွဲ့ဝင်၊ အို-အရှင်တို့၊ ဤတွင် စည်းဝေး၊ သာသနာရေး၌၊ လေးလေးနက်နက်၊ လျှောက်ထားချက်ကို၊ နှစ် သက်ကြည်စွာ၊ လက်ခံပါလော၊ မြန်မာဌာနီ၊ ရှေးခါဆီဝယ်၊ မထေရ်အပေါင်း၊ စံရာကျောင်းမှ၊ ငြိမ့်ညောင်းသာယာ၊ မိန့်အာဏာကို၊ မြို့ရွာလူများ၊ လွန် လေးစားခဲ့၊ ခုကားသို့နှယ်၊ မဟုတ်ကွယ်၍၊ နယ်ပယ်ပွားစီး၊ သားသမီးတို့၊ ဘုန်းကြီးကျောင်းတွင်၊ စာမသင်တော့၊ ထိုပြင်မြို့နေ၊ ကလေးတွေကား၊ တို့မေဘာသာ၊ တို့မေစာကို၊ သင်ရာကောင်းမျှ၊ မထင်ကြဘဲ၊ ပြင်ကလာပေး၊ စာပထွေးကို၊ အလေးဂရု၊ အရေးပြုဧ။

ယခုလိုသာ၊ နှစ်ပေါင်းကြာလျှင်၊ မြန်မာတိုင်းဖွား၊ အမျိုးသားတို့၊ ဘုရားကိုစွန့်၊ တရားစွန့်၍၊ စွန့်လိမ့်မှန်စွာ၊ မြတ်သံဃာတည်း၊ ထိုခါတိုင်း ဖွား၊ လူအများလည်း၊ တရားမပါ၊ အမှားစာကြောင့်၊ များစွာခုထက်၊ တိုး၍ ပျက်လိမ့်။

သို့တွက်များပြား၊ ဘုန်းဘုရားတို့၊ တရားကိုချင့်၊ လုံအောင်ကျင့်၍၊ မလင့်စေရ၊ ကိုယ့်ဒေသ၌၊ သိပ္ပဝိဇ္ဇာ၊ ပြသင့်ရာကို၊ ကောင်းစွာပိုင်ပိုင်၊ ပြသနိုင်မှ၊ ဘုန်းလွှင်ဟောပြ၊ ဩဝါဒကို၊ စိတ်ကကြည်ဖြူ၊ လိုက်နာယူလျက်၊ ကိုယ်မှုနှုတ်ပြောင်း၊ စိတ်လည်းကောင်းလိမ့်။

မကောင်းအကောင်း၊ အကြောင်းကြောင်းကို၊ သောင်းပြောင်းကုန်စင်၊ အစုံမြင်သည့်၊ ထေရ်ရှင်များစွာ၊ ဒါယကာတို့၊ အခါအခွင့်၊ ပဏာသင့်အောင်၊ စာချင့်စုပေါင်း၊ နည်းသစ်ပြောင်းမှ၊ နောက်နှောင်းမြန်မာ၊ သာသနာသည်၊ ရှည်ကြာနေသို့၊ ထွန်းမည်ကိုး။

၁၃၂၀ ခု
သီတင်းကျွတ်လဆန်း ၈ ရက်
အရှင်ဇနကာဘိဝံသ
အမရပူရမြို့။

"ဒါ့ပြင်ကော ရှိသေးလား"

"သာသနာရေးအရာရှိက မေးလို့ ပြောတဲ့အချက်လည်း ရှိပါသေးတယ်"

## သာသနာတော်အရေး မေးလာသော အရာရှိအား ပြောပြချက်

သာသနာတော်နဲ့ တိုင်းပြည်အတွက် မိမိစိတ်၌ စွဲမြဲနေသော လုပ်ငန်းကိစ္စနဲ့ မျှော်လင့်နေသော အချက်များမှာ -

၁။ ကျေးရွာကျောင်းများ၌ ခေတ်အားလျော်စွာ သင်ပြပေးမယ့် ဘုန်းတော်ကြီးများ အနည်းဆုံး တစ်ရွာ တစ်ကျောင်း သီတင်းသုံးတော်မူစေလိုခြင်း၊

၂။ ထိုကဲ့သို့ ဘုန်းတော်ကြီးများ အများအပြား ပေါ်ထွန်းလာအောင် သင်ပြမယ့် အခြေခံကျောင်းတိုက်များ တည်ရှိစေလိုခြင်းများ ဖြစ်ပါသည်။

## အကျယ်ညွှန်ပြချက်

၁။ ကျေးရွာများ၌ ခေတ်အားလျော်စွာ သင်ပြမယ့် ဘုန်းတော်ကြီးများ သီတင်းသုံးလျက် အနည်းဆုံး တစ်ရွာ တစ်ကျောင်းရှိခဲ့သော် 'သာသနာတော်ကို အကြောင်းပြု၍ တိုင်းပြည်အတွက် တစ်ဖက်တစ်လမ်းမှ အကျိုးများနိုင်မည်' လို့ ယူဆပါသည်။

လင်းလွန်းခင်စာပေ

(င) ကံအကျိုးပေးရာ၌ ဉာဏ်၊ ဝီရိယရှိမှ အကျိုးပေးနိုင်ပုံကို တော်တော်စုံအောင် လေ့လာကြရပါမည်။

(စ) ဝိနည်းပညတ်တော်နဲ့စပ်၍ ကျက်မှတ်ဖွယ်များကို အသေးစိတ် ကျက်ရ၊ မှတ်ရ၊ ဖတ်ရပါမည်။

(ဆ) ဤကဲ့သို့ ဆရာလုပ်မယ့်သူကိုယ်တိုင်က အခြေခံပြည့်စုံမှသာ တိုင်းပြည်၌ သာသနာတော်နဲ့စပ်၍ အကျိုးရမည်ဖြစ်ရကား ထိုသာသနာတော်ကို မည်သူမဆို ဦးထိပ်ထား၍ လေးစားကြပါလိမ့်မည်။

၁၃၂၆ ခု၊ တန်ဆောင်မုန်းလ
အရှင်ဇနကာဘိဝံသ
အမရပူရမြို့။

# တစ်ဘဝသာသနာကျမ်းစာမှ ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

## တစ်မျိုးတည်းသော ခေါင်းစီးဖြင့် ပေါင်းစည်းသင့်ကြပြီ

ကြုံတောင့်ကြုံခဲ ဤပွဲကြီးမှာ တစ်ချိန်ကလည်း ဆရာတော် အရှင်ဇနကာဘိဝံသသည် ဆဋ္ဌသင်္ဂါယနာပွဲကြီးကိစ္စအတွက် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ တည်းခိုရာကျောင်းဆောင်သို့ ရောက်ရှိ၏။ တစ်နေ့သော နံနက်ခင်းတွင် နေ့လယ်ပိုင်း အစီအစဉ်များအတွက် ကြိုတင်၍ လုပ်ငန်းများ ပြင်ဆင်နေကြရ၏။ ပဓာနဝန်ဆောင် ဆရာတော်ကြီးများ အတော်စုံစုံ ပါဝင် စုစည်းနေခိုက် ဖြစ်သည်။ အခွင့်ကောင်း ဆိုက်ပြီဟုလည်း ယူဆဟန်ရှိပေ၏။ ထိုစဉ်တွင် အရှင်ဇနကာဘိဝံသ ဆရာတော်က ထူးခြားသော အဆိုတစ်ခုကို လျှောက်လိုက်သည်။

ဆရာတော်ကြီးများဘက်ကို လှည့်၍ ရိုသေစွာ လက်အုပ်ချီလျက်-

"ဆရာတော်ကြီးများဘုရား၊ တပည့်တော်ကို လျှောက်တင်ခွင့် ပြုပါ။ တပည့်တော်များ တစ်သက်မှတစ်ခါ တွေ့ချင်မှ တွေ့နိုင်တဲ့၊ ကြုံချင်မှ ကြုံနိုင်တဲ့ အခုလို ဆဋ္ဌသင်္ဂါယနာပွဲကြီး၊ ဒီပွဲကြီးမျိုးနှင့် ကြုံတုန်းမှာ အခု ဆောင်ရွက်နေတဲ့ ကိစ္စများအပြင် အခြား အလုပ်တစ်ခုကိုလည်း ထူးထူး

ခြားခြား သမိုင်းဝင်အနေဖြင့် ဆရာတော်ဘုရားကြီးများ ဆောင်ရွက်စေချင်သေးပါသည် ဘုရား”

ဤသို့ အရှင်ဇနကာဘိဝံသက စကားစပျိုး၍ လျှောက်တင်လိုက်သောအခါ ဝန်ဆောင်ဆရာတော်၊ သံဃာတော်များ ခေတ္တ ငြိမ်သွားကြ၏။ ဘာများ လျှောက်တင်မလို့ပါလိမ့် ဟူသော မျက်လုံးများဖြင့် ဝိုင်း၍ ကြည့်ကာ ငံ့လင့်နေကြသည်။

ပြီးမှ ဆရာတော်တစ်ပါးက “ဦးဇနက က ဘာများ လုပ်စေချင်လို့လဲ” ဟု လှမ်း၍မေးရင်း စကားကို ဆက်ပေးသည်။

## စည်းရိုးတွေဖယ်၊ ဆိုင်းဘုတ်တွေဖြုတ်

“ဒီလိုပါ ဘုရား၊ အခု တပည့်တော်များရဲ့ မြန်မာပြည်သာသနာတော်အတွင်းမှာ ရွှေကျင်၊ သုဓမ္မာ၊ ဒွါရ၊ ငှက် စသည်ဖြင့် ဂိုဏ်းဂဏတွေဖွဲ့ပြီး ကိုယ့်အုပ်စုနှင့်ကိုယ် အကန့်ခြားလို့ ကျင့်သုံးနေထိုင်ပါတယ်။ ဒီလိုအပိုင်းအခြား စည်းရိုးတွေ ထားပြီး နေလာကြတော့ စိတ်ဓာတ်အားဖြင့်လည်း အကန့်အခြားလေးတွေ ဖြစ်ပေါ်ကုန်ကြပါတော့တယ် ဘုရား။ စိတ်ဓာတ်တွေကွဲပြားတော့ ပုဂ္ဂိုလ်ချင်းများလည်း ဟပ်မရ၊ လုပ်ငန်းများလည်း စပ်မရဖြစ်လာကြပါတော့တယ်။ ဒီတော့ကာ သာသနာတော်အတွက် အလုပ်လုပ်ရတာ မတွင်ကျယ်အောင် ဖြစ်လာပါတော့တယ် ဘုရား။

ဒါကြောင့် ရွှေကျင်၊ သုဓမ္မာ၊ ဒွါရ၊ ငှက်စတဲ့ ကိုယ်ပိုင်ဆိုင်းဘုတ်တွေအကုန်ဖြုတ်ပြီး ဘုရားသားတော် သံဃာတော်တစ်မျိုးတည်း ခေါင်းစီးနှင့် ပေါင်းစည်းဖို့ အလုပ်ပါပဲ ဘုရား”

ဤသို့ မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့ လျှောက်တင်လိုက်လေသည်။ ထိုအခါ ပတ်ဝန်းကျင် သံဃာအားလုံးက အံ့အားသင့်သွားကြရတော့၏။ မည်သူမျှ မကြံစည်ဝံ့သော အကြံကြီးကို ကြံ၍ လျှောက်တင်ရဲပေသည် ဟူ၍လည်း အောက်မေ့ကြဟန်ရှိ၏။

ထိုစဉ်တွင် အနီး၌ ရွှေကျင်ဒုတိယသာသနာပိုင် မြောင်းမြဆရာတော် ဘုရားကြီးသည်လည်း ထိုင်လျက် ရှိတော်မူ၏။ ရွှေကျင်ဂိုဏ်းကြီးနှင့် ပတ်သက်လာလျှင် ထိုစဉ်အခါက ထိုဆရာတော်ဘုရားကြီးပင်လျှင် ရှေ့တန်း

က ပါဝင်၍ စီရင်ဆုံးဖြတ်မြဲ ဖြစ်သည်။ ထို့ကြောင့် သံဃာအများစုက ဆရာတော်ဘုရားကြီးကို တစ်လှည့်၊ အရှင်ဇနကာဘိဝံသကို တစ်လှည့်၊ နောက်တစ်ဖန် ဆရာတော်ဘုရားကြီးကို တစ်လှည့်၊ အရှင်ဇနကာဘိဝံသကို တစ်လှည့်၊ မျက်လုံးပုခက်လွှဲ၍ အကဲခတ်နေကြ၏။ ဆရာတော်ဘုရားကြီးက မည်သို့ အဖြေပေးမည်လဲဟု ရင်ထဲမှာ တနွေးနွေးဖြင့် စောင့်စားနေကြဟန် ရှိသည်။

## သမိုင်းကြောင်း အပြောင်းမခံနိုင်

ဆရာတော်ဘုရားကြီးက ဣန္ဒြေကြီးမားတော်မူလှ၏။ ပရိယတ်၊ ပဋိပတ်ဂုဏ်အင်တို့အပြင် ဖြူစင်ဖွေးလွသော သီလ၊ သမာဓိတို့လည်း စုံလင်စူးရှထက်မြက်၍ ဒီဃဒဿီ- အရှည်ကိုလည်း မြော်မြင်နိုင်စွမ်း ရှိသောကြောင့် ရွှေကျင်ဂိုဏ်းကြီးက ရွေးကောက်၍ ဥပဥက္ကဋ္ဌ တင်မြှောက်ထားခြင်းခံရသော ဆရာတော်ဘုရားကြီး မဟုတ်ပါလော။

ထို့ကြောင့်လည်း ဆရာတော်ဘုရားကြီးသာ ပဓာန၊ ဆရာတော်ဘုရားကြီးသာ အဓိကအဖြစ်ဖြင့် မျှော်လင့်စောင့်စား အများက ငံ့လင့်နေကြသည်။

ထို့နောက်တွင် ဆရာတော်ဘုရားကြီး၏ အသံတော်က ငြိမ်သက်နေကြသော ပရိသတ်ကို ထိုးဖောက်လိုက်ပါတော့၏။ အသံဝါ အသံအောကြီးဖြင့် မာကျော တိကျစွာ၊ တည်ငြိမ်ပြတ်သားစွာ ပေါ်လာတော့သည်။

"တို့ကို ရွှေကျင်ဂိုဏ်းကြီးက ယုံကြည်လို့ ဒီနေရာ ဒီကုလားထိုင်ကို (ဥပဥက္ကဋ္ဌနေရာကို ဆိုလိုသည်) ပေးထားတာ။ ဂိုဏ်းကြီး၏ယုံကြည်မှုကိုတော့ မပျက်အောင် ထိန်းသိမ်းရမှာပဲ။ ဒီတော့ ဒီကုလားထိုင်ပေါ်မှာ ထိုင်နေရသမျှ တို့က နှစ်ပြားသားမှ မလျှော့နိုင်ဘူး"

ဟူ၍ အဖြေပေးလိုက်တော့သည်။ ဆရာတော်ဘုရားကြီး၏ အဖြေမှာ မိုးကြိုးပစ်သလို 'ဒင်း'ခနဲ နေတော့၏။ မီးပွင့်သွားသလို ဖြစ်တော့သည်။ ထိုအခါမှ ပရိသတ်လည်း လှုပ်လှုပ်ရွရွ အသက်ဝင်လာသလို ဖြစ်ကြရတော့သည်။

အရှင်ဇနကာဘိဝံသ၏ မျှော်လင့်ချက်၊ ရည်းမှန်းချက်၊ တောင့်တ

ချက်၊ လျှောက်တင်ချက်တို့ကား ထိုနေရာတွင်ပင် လေထဲ၌ ပျံ့လွင့်ပျောက်ကွယ်ကုန်ရ၊ နိဂုံးချုပ်ကြရတော့သည်။ သာသနာ့သမိုင်းစဉ်ကြီး ပြောင်းလဲသွားမည့် အခြေအနေကိုလည်း ဆရာတော်ဘုရားကြီး၏ ထိုအဖြေက ဟန့်တားလိုက်လေသည်။

ဤသို့လျှင် အရှင်ဇနကာဘိဝံသ ဆရာတော်မှာ ဖြစ်ချင်တိုင်း မဖြစ်ရပါ၊ စိတ်သွားတိုင်း ကိုယ်မပါ၊ ကြိုးစားတိုင်း မအောင်မြင်ပါ။ ထိုအခါ သာသနာတော်အတွက် ဆောင်ရွက်ရာ၌ အားမလိုအားမရ ဖြစ်နေရဟန်တူပါ၏။ ထို့ကြောင့်လည်း သူ့မှာ သွားလည်း ဒီစိတ်၊ စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ် ဟူသကဲ့သို့ ဖြစ်နေရဟန်တူပါသည်။

**မှတ်ချက်။** ။ စင်စစ်သော်ကား မြောင်းမြဆရာတော်ဘုရားကြီးသည် တာဝန်နှင့် ခံယူချက်သဘောထားကို ကွဲပြားစွာ တစ်ကန့်စီ အလုပ်လုပ်တော်မူခြင်း ဖြစ်၏။ ရွှေကျင်ဂိုဏ်းကြီးက ဆရာတော်ဘုရားကြီးအား ယုံကြည်မှုနှင့် တာဝန်ပေးချက်အရ ထိုတာဝန်ကို အတိအကျ အပြည့်အဝ မတိမ်းစောင်းအောင် ထမ်းဆောင်တော်မူခြင်းသာ ဖြစ်သည်။

ဆရာတော်ဘုရားကြီး တစ်ပါးတည်း၏ ခံယူချက်သဘောထားကား သာသနာတွင် သီလ၊ သမာဓိ၊ ပညာတို့သာ ပဓာန အဓိကဖြစ်သည်ဟု မိန့်တော်မူလေ့ ရှိတတ်ပါ၏။ နီးစပ်ရာ ဒါယကာ၊ ဒါယိကာမတို့အား မိန့်ကြားတတ်သည်မှာ 'ရွှေကျင်ဂိုဏ်းဝင် ဆရာတော်၊ သံဃာတော်များချည်း သူတော်ကောင်းမထင်နှင့်။ သုဓမ္မာဂိုဏ်းထဲမှာ ဒွါရ၊ ငှက်စတဲ့ ဂိုဏ်းတွေထဲမှာ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ၊ ကရုဏာ၊ ဂုဏ်တော်တွေနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်ကောင်းတွေ အများကြီး ရှိတယ်။ အထင်မသေးကြနှင့်။ သာသနာတော်ရဲ့ အနှစ်သာရ အဓိကဂုဏ်တွေဟာ ဒါပဲ ဟူ၍ မိန့်တတ်၏။ ထို့ကြောင့် အပြန်အားဖြင့် အဓိပ္ပာယ်ယူရသော် ဂိုဏ်းတို့၊ နာမည်တို့က ပဓာန မဟုတ်ဟု ဆိုလိုရာရောက်တော့သည်။

## လုံ့လရှိကြ၊ ကြိုးစားကြရမယ်

၁။ အကြင်သူသည် အိပ်ပျော်နေ၏။ ထိုသူ၏ ဘုန်းကံပါရမီ အရှိန်အဝါတို့သည်လည်း လူးလွန့်လာကြကုန်၏။

၂။ အကြင်သူသည် အိပ်ရာမှ နိုးလာ၏။ ထိုသူ၏ ဘုန်းကံပါရမီ အရှိန်အဝါတို့သည်လည်း လူးလွန့်လာကြကုန်၏။

၃။ အကြင်သူသည် အလုပ်လုပ်ရန် ထ၍ ထိုင်၏။ ထိုသူ၏ ဘုန်းကံပါရမီ အရှိန်အဝါတို့သည်လည်း ခေါင်းထောင်၍ လာကြကုန်၏။

၄။ အကြင်သူသည် လုပ်ငန်းခွင်သို့ စ၍ ဝင်၏။ ထိုသူ၏ ဘုန်းကံပါရမီ အရှိန်အဝါတို့သည်လည်း အကျိုးပေးဖို့ရန် အသင့်အနေထား စောင့်စား၍ နေကြကုန်၏။

၅။ အကြင်သူသည် လုပ်ငန်းကို ဆုံးခန်းတိုင်ရောက် ပြီးမြောက်အောင် ဖွဲသန်သန်ဖြင့် ပြုလုပ်၏။ ထိုအခါတွင် ထိုသူ၏ ဘုန်းကံပါရမီ အရှိန်အဝါတို့သည် လန်းလန်းဆန်းဆန်းဖြင့် ပြုံးပန်းပွင့်ကာ အပြည့်အဝ အကျိုးပေးကြကုန်တော့၏။

## သာသနာတော်ကို ပြုပြင်ဖို့ ဘယ်လို မြင်ထားပါသလဲ၊ လူ နတ် ဗြဟ္မာတို့အတွက် သာသနာပေါ်လာ

၁၃၁၉ ခု၊ ပြာသိုလဆန်း ၁၂ ရက်၊ (၁-၁-၅၈) နေ့က ဖြစ်၏။ ဆရာတော် အရှင်ဇနကာဘိဝံသသည် ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ မြောက်ဥက္ကလာပ တံတားလေးလမ်းဆုံ၌ရှိသော မဟာဂန္ဓာရုံကျောင်းတိုက်သို့ ခေတ္တရောက်နေခိုက်ဖြစ်၏။ ဤကျောင်းထိုင်ပိုင်ရှင် ဆရာတော် ဦးပညာသာရက သိမ်သမုတ်ရန်ပင့်၍ ကြွလာခြင်း ဖြစ်သည်။ သာသနာရေး၊ ဘာသာရေး စိတ်ဝင်စားကြသော ဒါယကာအချို့လည်း ဆရာတော် ရောက်လာသည် ဆို၍ ရောက်လာကြတော့၏။ မြတ်စွာဘုရား၏ သာသနာတော်အတွက် တက်တက်ကြွကြွ ကြောင့်ကြောင့်ကြကြ ဆောင်ရွက်နေသော ဆရာတော်တစ်ပါးဟု နားလည်ကြသဖြင့် သာသနာတော်၏ အရေးကို မေးမြန်းလိုသောကြောင့် ဝိုင်းအုံရောက်လာကြခြင်း ဖြစ်ပေသည်။

ရောက်လာသမျှကို ဦးထိန်ဝင်းက နေရာချပေးရ၏။ ထိုပရိသတ်တွင် ခရစ်ယာန်ဘာသာဝင်မှ ဗုဒ္ဓဘာသာဝင် ဖြစ်လာသော ဦးကျန်စုနှင့် ဒေါက်တာရန်ရှင်းတို့က အများဆုံး မေးမြန်းကြသည်။ မေးတိုင်း ဆရာတော်က ဖြေရ၏။ ထိုမေးခွန်း များစွာတွင် -

"သာသနာတော်ကို ပြုပြင်ဖို့ ဆရာတော် ဘယ်လို မြင်ထားပါ သလဲ ဘုရား"

ဤမေးခွန်းကို ဆရာတော်က အဖြေချင်ဆုံး ဖြစ်၏။ အဖြေပေးရင်း စပ်နွယ်ရာတို့ကိုလည်း ပြောပြသွားချင်သည်။ ရှေးတုန်းက မေးသူမရှိဘဲ ဆရာတော်တစ်ပါးတည်း ဟစ်အော် နိုးဆော် ပြောပြနေခဲ့ရ၏။ ယခု မေးသူ များ ရှိလာသဖြင့် သာ၍ ဖြေချင်သည်။

"ဒီမေးခွန်းကို မဖြေမီ ဘုန်းကြီးက မြတ်စွာဘုရားရဲ့ သာသနာ တော် တည်ထားရခြင်း ရည်ရွယ်ချက်ကို နည်းနည်း ပြောပြချင်သေးတယ်။ ဘုန်းကြီးတို့ မြတ်စွာဘုရားရဲ့ သာသနာတော်ဟာ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ တွေအတွက် ပေါ်လာတာပါ။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေ ချမ်းသာစေချင် လို့ ဒီသာသနာတော်ကို မြတ်စွာဘုရား တည်ထောင်ရတာပါ"

## ဒါယကာ၊ ဒါယိကာမတွေ တာဝန်ကျေခဲ့ကြ

"ဒီလို သာသနာတော်တစ်ရပ် တည်ထောင်ဖို့ ဆိုတာကလည်း လွယ်လွယ်လေးနှင့် ဖြစ်လာတာတော့ မဟုတ်ပါဘူး။ ဘုရားကိုယ်တော်မြတ် မှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံးတောင် ပါရမီတွေ ဖြည့်ခဲ့ရ၊ အနစ်နာတွေ ခံခဲ့ရပါတယ်။ သက်သောင့်သက်သာ မဟုတ်ပါဘူး။ ဒါတွေဟာ အများကောင်းကျိုး ရဖို့အတွက် အနစ်နာခံခဲ့ရတာပါ။ အဲဒီလောက် အနစ်နာ တွေခံပြီး တန်ဖိုးကြီးစွာနှင့် အရင်းအနှီးတွေ များစွာ ပေးပြီးမှ ဖြစ်ပေါ်လာ ရတဲ့ သာသနာ၊ ဒီသာသနာကို အမှီပြုပြီးတော့ ရှေ့ပိုင်းတွေတုန်းက သူတော် ကောင်းတွေဟာ ချမ်းသာခဲ့ကြရတယ်။ အကျိုးအမြတ်တွေ ထွက်ခဲ့ကြရ တယ်။ ဒါကြောင့်လည်း ကျေးဇူးတင်ခဲ့ကြတယ်။

သို့ပါလျက် ဘုန်းကြီးတို့လက်ထက်၊ ဒကာကြီးကို့လက်ထက်ကျ ခါမှ ဒီသာသနာဟာ အကျိုးမရှိဘူးလိုလို အစွပ်စွဲခံရ၊ အပိုလိုလို အထင်ခံရ တာတွေဟာ ဘာလဲ၊ ဘာအကြောင်းကြောင့်လဲ၊ ဘယ်လိုဖြစ်တာလဲ၊ ဒါ စိစစ် ဖို့ကောင်းတယ်။ သာသနာကို စိတ်ဝင်စားကြတဲ့ ဘုန်းကြီးတို့တစ်တွေက စိစစ်ကြရမယ်။

၁။ ဘုရားအဆုံးအမ သာသနာတော်ကပဲ ခေတ်မမီတော့ဘူးလား။
၂။ ဒါမဟုတ် သာသနာ့ဝန်ထမ်းသားတွေကပဲ အဆင့်မီအောင် ကျင့်သုံးခြင်း မရှိကြ၊ အလုပ်မလုပ်ကြတော့လို့လား၊
၃။ ဒါမှမဟုတ် အခြေခံ ဒါယကာ၊ ဒါယိကာမတွေကပဲ မထောက်ပံ့ချင်ကြတော့လို့လား၊

ကွဲကွဲပြားပြား ဖြစ်အောင် စိစစ်ဖို့ လိုလာတယ်။ ဒါ စိစစ်ကြရမှာပဲ။ ကဲ- ဒီသုံးချက်ကိုပဲ စိစစ်ကြစို့။

ပထမဦးစွာ ဒကာ၊ ဒကာမတွေက ထောက်ပံ့၊ မထောက်ပံ့၊ ဒါကို ကြည့်ကြစမ်းပါ၊ ဒကာကြီးတို့ မျက်မြင်ပဲ။ သာသနာနှင့် ပတ်သက်လာလို့ရှိရင် မြန်မာပြည်သားတွေ သဒ္ဓါတရား ဘယ်လောက် ကောင်းကြတယ်ဆိုတာ မြန်မာပြည်တစ်ပြည်လုံး ကျောင်းကန်ဘုရား၊ စေတီပုထိုးတို့ဖြင့် ဖုံးနေတာကိုရယ်၊ သာသနာ့ဝန်ထမ်း ရဟန်း ၊ သာမဏေ ဦးရေများစွာတို့ရဲ့ သင်္ကန်းရောင်တွေ တပြောင်ပြောင် တလျှမ်းလျှမ်းနှင့် တောက်နေတာကိုရယ် ထောက်ဆလို့ရှိရင် သိနိုင်ပါတယ်။

ပုဂံခေတ်က စပြီး ဒီကနေ့ခေတ်ထိအောင် ထောက်ပံ့မှုတွေဟာ မလျော့သေးပါဘူး၊ ထောက်ပံ့မြဲပါ။ ဒီလိုဆိုရင် ဒကာ၊ ဒကာမတွေဘက်က မထောက်ပံ့ချင်ဘူးရယ်လို့ မဆိုနိုင်ပါဘူး၊ ထောက်ပံ့နေကြပါတယ်၊ တာဝန်ကျေကြပါတယ်''

## အဆုံးအမသာသနာ ခေတ်မီလျက်ပါပဲ

''တစ်ခါ ဘုရားအဆုံးအမ သာသနာတော်က ခေတ်မမီတော့ဘူးလား၊ ဒါကို စိစစ်ကြစမ်းပါဦး။ ဘုရားအဆုံးအမ သာသနာဆိုတာ သီလ၊ သမာဓိ၊ ပညာပဲ။ အဲဒီ သုံးမျိုးထဲက အခြေခံဖြစ်တဲ့ သီလဆိုတာ ကာယကံ၊ ဝစီကံ။ ကာယကံ၊ ဝစီကံကို စောင့်စည်းရတာ သီလပဲ။ အဲဒီထဲကမှ တစ်ဖန် အနိမ့်ဆုံးဖြစ်တဲ့ ကာယကံကိုပဲ ပြောကြဦးစို့။ ကာယကံသုံးပါးကို မကောင်းမှုမဖြစ်စေဘဲ ကောင်းတဲ့ဘက်ကို လှည့်လိုက်စမ်းပါ၊ ကောင်းကောင်း လိုက်နာကျင့်သုံးလိုက်စမ်းပါ။ ကောင်းတဲ့ ကာယကံ၊ ကောင်းတဲ့ ကာယိန္ဒြေဖြစ်မလာဘူးလားလို့။

ဥပမာ- သာမဏေလေးတစ်ပါး ဘုရားအဆုံးအမ သေခိယသိက္ခာ ပုဒ်နှင့်အညီ သင်းပိုင်ကို ပီပီသသနှင့် အစညီညီ ဝတ်ပြီး၊ ကေသီကိုလည်း ကျကျနန အစညီညီ ရုံလိုက်ပြီလား ဆိုရင်၊ အို··· ကြည်ညိုဖွယ်ကြီးများ ဖြစ်သွားပြီး ဝတ်ရုံကြီးများ ခြုံလာသလို ဂုဏ်သရေတွေ တက်လာပါတယ်။

နန်းရင်ပြင်က ဖြတ်သွားတဲ့ နိဂြောဓသာမဏေလေးကို မြင်မြင်ချင်း သီရိဓမ္မာသောကမင်းကြီး ကြည်ညိုသွားတယ် ဆိုတာဟာ ဒီ ကာယိန္ဒြေ၊ ဒီဂုဏ်တွေကြောင့်ပဲပေါ့။ အဲဒီ အချိန်မှာ ဒီသာမဏေလေးရဲ့ အတွင်းသား သမာဓိ၊ ပညာ တန်ဖိုးရှိတဲ့အရာတွေကိုတောင် မသိရသေးပါဘူး၊ အပြင်ပန်းပဲ မြင်ရပါသေးတယ်။ ဒီမျှလောက် လူကြီးလူကောင်းတို့ရဲ့ နှလုံးသားကို ရောက်အောင်၊ ခိုက်အောင် စွဲစေနိုင်တဲ့ ဘုရားရဲ့အဆုံးအမဟာ ခေတ်မမီဘူးလား၊ ဘုန်းကြီးက မေးချင်ပါတယ်။

တစ်ခါတုန်းက ဘုန်းကြီးတို့ရဲ့ဆရာ မြောင်းမြဆရာတော်၊ အဲဒီ ဆရာတော်ရဲ့ကျေးဇူးရှင် ဆရာတော်ကြီးတစ်ပါး မြင်းမူဆိပ်ကမ်းမှာ သင်္ဘော စောင့်နေတယ်။ စီးရမည့်သင်္ဘောက လာဖို့အချိန် လိုသေးတာနဲ့ ခပ်လှမ်းလှမ်း သစ်ပင်အောက်မှာ သွားပြီး တစ်ပါးတည်း ဣန္ဒြေရရ၊ သိက္ခာရှိရှိ တရားထိုင် သလို ထိုင်နေသတဲ့။

အဲဒီ အချိန်မှာ အခြား သင်္ဘောတစ်စင်း ပေါ်လာပြီး ဆရာတော်ကြီး အနီး ဆိပ်ကမ်းကို လာကပ်တယ်။ ပြီးတော့ သင်္ဘောပေါ်က အင်္ဂလိပ် မျက်နှာဖြူအရာရှိကြီးတစ်ယောက် ဆင်းလာပြီး ဆရာတော်ကြီးအား ပိုက်ဆံ တွေ လာပေးသတဲ့။ ဒါပေမဲ့ ဆရာတော်ကြီးက လက်မခံပါဘူး။

ဒီနေရာမှာ ဆရာတော်ကြီးရဲ့ ကာယိန္ဒြေသိက္ခာတွေဟာ မျက်နှာ ဖြူ လူမျိုးခြား၊ ဘာသာခြားတစ်ဦးရဲ့ အသည်းနှလုံးကိုပင် ထိအောင်၊ ခိုက် အောင်၊ စွဲအောင် စွမ်းဆောင်နိုင်ပါပေတယ်။ ဒါတွေဟာ ဘုရားရဲ့ အဆုံး အမတွေ မဟုတ်ပါလား။ လူကြီးလူကောင်းတို့ရဲ့ နှလုံးသားကို ခိုက်အောင် ကြိုက်စေတာဟာ ခေတ်မမီဘူးလားလို့ ဘုန်းကြီးက မေးချင်ပါတယ်။ ဒါဟာ ဆရာတော်ကြီးရဲ့ အတွင်းသား သမာဓိ၊ ပညာတွေ ဘယ်လောက် ရှိတယ် ဆိုတာ သူ မသိသေးပါဘူး။

## ဝန်ထမ်းတို့ လျော့ရဲလာ

ဒီမျက်နှာဖြူအင်္ဂလိပ်လူမျိုးဟာ အယူတစ်ပါး ဘာသာခြားပါ။ သီရိဓမ္မာသောကမင်းကြီးလည်း သာမဏေလေးကို စတွေ့စက ဗုဒ္ဓဘာသာ မဟုတ်သေးပါဘူး။ အဲဒီလို ဘာသာတစ်ပါးတို့၏ နှလုံးသားကိုပင် ဆွဲငင်ယူကျုံးနိုင်တဲ့ ဗုဒ္ဓအဆုံးအမဟာ ခေတ်မမီဘူးလားလို့ ဘုန်းကြီးက မေးချင်ပါတယ်။ ဒါဟာ အပြင်ပန်း ကာယိန္ဒြေပဲ ရှိသေးတယ်။ ဝစီကံအတွက်လည်း အလားတူပဲ၊ သေခိယကျင့်ဝတ်တွေထဲမှာ စောင့်စည်းဖို့ နည်းလမ်းတွေ ဟောပြထားတာ များစွာရှိပါတယ်။ အခုလို ကာယကံ၊ ဝစီကံလောက်မျှ ပြည့်စုံနေရင်ပဲ ဧရာမလူကြီးလူကြီးကောင်းတစ်ယောက် ခေါ်လောက်အောင် ဖြစ်နေပါပြီ။ ဒါဟာ သမာဓိတို့၊ ပညာတို့ မပါသေးဘူး။ အဲလောက်ပဲ ဗုဒ္ဓယဉ်ကျေးမှုက အဆင့်အတန်း မြင့်ပါတယ်။

ယခုခေတ် ယဉ်ကျေးပါတယ် ဆိုတဲ့ တိုင်းကြီးပြည်ကြီးသားတွေဟာ ဗုဒ္ဓယဉ်ကျေးမှုကို မကျော်လွန်နိုင်ပါဘူး၊ မပိုပါဘူး။ ဒါ့ကြောင့် ဗုဒ္ဓယဉ်ကျေးမှု၊ ဗုဒ္ဓအဆုံးအမ သာသနာဟာ ခေတ်မမီဘူးလို့ မဆိုနိုင်ပါဘူး။

ဒါဖြင့်ရင် တစ်ခုပဲ ကျန်တော့တယ်၊ သုံးခုရှိတဲ့အနက် နှစ်ခုမဟုတ်ဘူးဆိုရင် ကျန်တစ်ခုပဲ ဖြစ်ရပါတော့မယ်။ ဘုရားသာသနာတော်ကြီး တဖြည်းဖြည်း တရွေ့ရွေ့နှင့် ကျဆင်းလာတာ၊ အထင်သေးခံလာရတာ၊ အပိုပါပဲလို့ အစွပ်စွဲခံလာရတာဟာ ဝန်ထမ်းသားတို့ရဲ့ လုံ့လနည်းပါးမှုကြောင့်ပဲ၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ရဲ့ ကျင့်သုံးမှု လျော့ရဲလာမှုကြောင့်ပဲ၊ ဒီလိုပဲ အဖြေရှာ၍ ရပါတယ်။

ကဲ- ယခုအခါ အကြောင်းရင်း ရှာလို့ရပြီ၊ အကြောင်းရင်း အနာကို သိပြီ။ အနာကို သိမှဖြင့် ဆေးကုတတ်ရမှာပေါ့။ လျော့ရဲလာတဲ့ အကျင့်သီလဘက်တွင် ပြုပြင်လိုက်ကြရုံပဲ။ ယခုပြုပြင်လျှင် ယခုပင် ဖြစ်နိုင်ပါသေးတယ်၊ အချိန်မလွန်သေးပါဘူး။

## လူလတ်တန်းစားတွေ ဘုရားက အားကိုး

ဘုန်းကြီးစိတ်ထဲမှာတော့ စွဲနေတယ်၊ အားလုံး ညီညီညာညာနှင့်

ဝိုင်းပြီး ချွတ်ယွင်းချက်တွေကို ပြုပြင်လိုက်ကြရင် ကောန်ပင် ပြန်၍ တက်လာနိုင်ပါသေးတယ်လို့။ ပုဂ္ဂိုလ်တွေ အနေအားဖြင့်လည်း ယခု မညံ့လှသေးပါဘူး။ ရှေးတုန်းကတော့ ဒီသာသနာတော်ကြီးကို ထမ်းလာခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ၊ အရှင်ယသတို့လို သူဌေးသားတွေ၊ အရှင်မဟာကဿပတို့လို သူကြွယ်ကြီးတွေ၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့လို ချမ်းသာကြွယ်ဝကြတဲ့သူတွေ၊ အရှင်မဟာနာမ်တို့လို နန်းတော်ကြီးကို စွန့်ပစ်ခဲ့တဲ့ ဘုရင်ဧကရာဇ်တွေ၊ အရှင်အာနန္ဒာ၊ အရှင်နန္ဒိယတို့လို မင်းညီမင်းသားတွေ၊ အိမ်ရှေ့မင်းတွေ၊ ပညာတတ်ပဏ္ဍိတ်တွေ၊ မင်းမျိုးတွေ၊ ကုန်သည်မျိုးတွေ အစုံပါပဲ။ ပုဂ္ဂိုလ်တွေက အဆင့်မြင့်သလို အကျင့်ဘက်လည်း ထိပ်တန်းပါပဲ။ ဒါကြောင့်လည်း သာသနာတော်ကြီးကို မော်၍ ကြည့်ခဲ့ကြရတာပါပဲ။

ယခုအခါမှာတော့ ပုဂ္ဂိုလ်အနေနှင့် အဲဒီအခြေ မဟုတ်ပေမယ့် ညံ့လည်း မညံ့လှသေးပါဘူး။ ခတ္တိယ၊ ဗြာဟ္မဏ၊ ဝေဿ၊ သုဒ္ဒလို့ အမျိုးလေးပါးရှိတဲ့အနက်က ဝေဿမျိုးတို့လို လူလတ်တန်းစား အများစု ရှိကြပါသေးတယ်။

ဣဓ ဘိက္ခဝေ တထာဂတော လောကေ ဥပ္ပဇ္ဇတိ စသည်ဖြင့် သာသနာတော် ဖြစ်ပေါ်လာပုံကို ပြတဲ့နေရာမှာ မြတ်စွာဘုရားက ဝေဿပုဂ္ဂိုလ်တို့လို ကုန်သည်လူလတ်တန်းစား၊ အိမ်ပိုင်ယာပိုင်ရှိတဲ့ ဂဟပတိများကို အားကိုးတော်မူကြောင်း အမိန့်ရှိထားပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ခတ္တိယတို့လို အုပ်ချုပ်တဲ့လူတန်းစား မင်းမျိုးများက အမျိုးဂုဏ်နှင့် မာန်တက်နေတတ်ကြတယ်။ ဗြာဟ္မဏတို့လို ပညာတတ်လူတန်းစားတွေက ပညာဂုဏ်နှင့် မာန်တက်နေတတ်ကြတယ်။ သုဒ္ဒတို့လို အလွန်ဆင်းရဲတဲ့ အောက်တန်းစားများ ကျပြန်တော့လည်း ကိုယ့်လိပ်ပြာ ကိုယ်မလုံသလို ဖြစ်နေလို့ အဆင့်မမီပြန်ဘူး၊ လူတောမတိုးရဲဘူး ဆိုပါတော့။ ဝေဿပုဂ္ဂိုလ်တို့လို ကုန်သည်လူတန်းစား ဂဟပတိ ပုဂ္ဂိုလ်များကတော့ မိုးစိုနေပူမရှောင် နေပူစပ်ခါးမှာ ချွေးတလုံးလုံးနှင့် ကျောပြင်မှာ ဆားပေါက်အောင် အလုပ် လုပ်နေကျဖြစ်လို့ အပင်ပန်းခံနိုင်တယ်တဲ့။ မဂ်ဖိုလ်၊ နိဗ္ဗာန်ကို မရအရ အံကြိတ်ကြိုးစားနိုင်ကြတယ်တဲ့။ ကဲ- ဘယ်လောက် အားတက်စရာကောင်းသလဲ။

## သာသနာပြုပြင်ဖို့ မြင်ထားတဲ့လမ်း

ဒါကြောင့် ဒီပုဂ္ဂိုလ်တွေနှင့် ဒီသာသနာတော်ကြီးကို ဒီလို အချိန်မလွန်မီ ညီညီညွတ်ညွတ်နှင့် ဝိုင်းပြီး ကြိုးစားလိုက်ကြလို့ ရှိရင် အမှန်ပင် ပြန်ပြီး တက်လာနိုင်ပါသေးတယ်လို့ ပြောရပါတယ်။ ဒါကြောင့်လည်း ဘုန်းကြီးက အားမလျှော့သေးဘဲ 'လူငယ်တွေ ကိုယ်ကျင့်သီလ လုံကြစမ်းပါ၊ စိတ်ထား နှလုံးထား ကောင်းကြစမ်းပါ၊ ဖြောင့်မတ်ကြစမ်းပါ၊ ဖျတ်ဖျတ်လတ်လတ်နှင့် လုံ့လဝီရိယ ရှိကြစမ်းပါ၊ စွမ်းနိုင်သော ဆရာတော်များကလည်း ရှေ့ဆောင်တော်မူကြစမ်းပါ၊ လမ်းပြတော်မူကြစမ်းပါ၊ အလုပ်လုပ်တော်မူကြစမ်းပါ'လို့ ခဏ ခဏ ဟစ်အော် နှိုးဆော်နေရတာပဲ။

စွမ်းနိုင်တဲ့ ဆရာတော်များက သွေးအေးနေတော်မမူကြဘဲ မြို့မှာရှိတဲ့ ဆရာတော်တွေက မြို့မှာအလျောက်၊ တောမှာရှိတဲ့ ဆရာတော်တွေက တောမှာ ရှိတဲ့အလျောက် တက်တက်ကြွကြွနှင့် ကိုယ်စီကိုယ်င ရှေ့ဆောင်လမ်းပြပြီး ကြိုးစားလိုက်ကြလို့ရှိရင် ဘာကြာလိမ့်မလဲ။ ၁၀ နှစ်၊ ၁၅ နှစ်၊ အနှစ်၂၀ အတွင်းမှာပဲ သာသနာတော်ကြီး အခြေအနေဟာ မော်ကြည့်ရမယ့်ဘဝကို ပြန်ရောက်လာနိုင်ပါတယ်။ အဲဒီလို ဘုရားဟော အတိုင်းသာ ကျင့်လိုက်ကြမယ်ဆိုရင် ဘာကြာလိမ့်မလဲ။

ဒကာကြီးတို့က သာသနာတော်ကို ပြုပြင်ဖို့ ဘယ်လို မြင်ထားပါသလဲဘုရားလို့ လျှောက်ကြလို့ ဘုန်းကြီးက ဖြေရတာ။ ဒီနည်းနှင့် ပြုပြင်ရင် ရနိုင်တယ်လို့ ဘုန်းကြီး မြင်ထားပါတယ် ဟူ၍ ဖြေကြားတော်မူပြီးလျှင် ထိုနေ့ည တရားပွဲကို အဆုံးသတ်လိုက်ပါသည်။

## သံဃာတော်များ၏ အနာဂတ်ပညာရေး
## အခြေပျိုးနိဒါန်း လျှောက်ထား

"တပည့်တော် လျှောက်ထားပါရစေ ဘုရား၊ အခု ဒီအစည်းအဝေး ခန်းမကြီးထဲမှာ ရောက်နေကြတဲ့ ဆရာတော်ဘုရားကြီးများဟာ ဆိုရင် မိမိတို့ ဆိုင်ရာ ဂိုဏ်းဂဏများရဲ့ ဦးစီးအကြီးအမှူး ပဓာနအရေးပါတဲ့ နာယကများ ဖြစ်ကြပါတယ် ဘုရား။ အခု အချိန်မှာတော့ ဆရာတော်ဘုရားများရဲ့ သီလ၊ သမာဓိ ပညာတွေနှင့်မို့ နေသာပါသေးတယ်။

နှောင်အနှစ် ၂၀ လောက်ဆိုလျှင်တော့ ဒီဆရာတော်ဘုရားကြီးများ ဟာ အကုန်လုံး ရှိကောင်းမှ ရှိကြပါတော့မယ်ဘုရား။ ဒီတော့ကာ သာသနာ့ တာဝန်တွေကို နှောင်လာနောက်သား သံဃာများအပေါ် ပခုံးချင်း စောင်းပြီး ပြောင်းလဲခဲ့ကြရမှာပါ ဘုရား။

အဲဒီအခါမှာ အခြေပျက် အနေပျက် မဖြစ်ဘဲ ဣန္ဒြေရရနှင့် အစစ အရာရာ တည်ငြိမ်နေဖို့ရယ်၊ နှောင်အနာဂတ်နှင့် လိုက်လျောမည့် မူစနစ် တွေကို လက်ဝယ်ရရှိသွားကြဖို့ရယ် ယခုနှယ်က ပြင်ဆင်ပေးကြရပါမယ် ဘုရား။ အခု ဆရာတော်ဘုရားများနှင့် တပည့်တော်များက မူစနစ်ချပေး ကြရပါမယ် ဘုရား။

အဲဒီလို မူ ချပေးရမယ့် လုပ်ငန်းများစွာ ရှိတဲ့အနက် သံဃာတော် များရဲ့ အနာဂတ်ပညာရေးအတွက် တပည့်တော်က အခုလို တင်ပြလျှောက်ထား ချင်ပါတယ် ဘုရား။ တင်ပြလျှောက်ထားခွင့် ပြုတော်မူကြပါ ဘုရား''

## ဦးစီးများ၏ အစည်းအဝေး

အသံက ကြည်ကြည်အေးအေး၊ နှုတ်ထွက်စကားလုံးက ဖြည်း ဖြည်း၊ နှောင်ရေးကို မျှော်တွေးသည့်ဟန်၊ ရင်တွင်းက ပူပန်နေသည့်ပမာ အထက်ပါအတိုင်း နိဒါန်းပျိုးပြီး စကားချီနေသူကတော့ အခြားသူမဟုတ် ပါ၊ ဆရာတော် အရှင်ဇနကာဘိဝံသပင် ဖြစ်ပါသည်။

အချိန်ကား ၁၃၂၆ ခု၊ ဆောင်းဥတု၊ ပြာသိုလ (၁၉၅၆ ခု၊ ဇန်နဝါရီ လ)၊ ဌာနကား ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ပဗ္ဗဝိဒေဟ ကျောင်းဆောင် ကြီး၊ မြေညီထပ် ခန်းမကျယ်ကြီးအတွင်း။

ဂိုဏ်းအသီးသီး၏ ဦးစီးခေါင်းဆောင် ဆရာတော်ဘုရားကြီး ၂၀ ပါးတို့သည် ယင်း ခန်းမကြီးအတွင်း၌ စနစ်တကျ တည်ခင်းထားသော စားပွဲတန်းလျားရှည်ကြီးတစ်ခုတွင် အစီအစဉ်တကျ ဝိုင်းထိုင်၍ တည်ငြိမ် စွာ အစည်းအဝေး ကျင်းပနေကြပါသည်။ မည်သည့်ကိစ္စအတွက်ပါနည်း၊ သာသနာတော်ကြီး သန့်ရှင်းတိုးတက်ရေးကိစ္စအတွက် ဖြစ်သည်။

မှန်ပါ၏၊ ရန်ကုန်တိုင်း၊ မှော်ဘီမြို့အနီး၊ စိုက်ပျိုးရေးဥယျာဉ်ခြံ

ကြီး အတွင်းမှာ မကြာမီ တပေါင်းလပြည့်နေ့မှ စတင်၍ စည်းဝေးမည့် 'ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး' အတွက် အကြိုညှိနှိုင်း စည်းဝေးတော်မူနေကြခြင်း ဖြစ်သည်။

ထို အကြို ညှိနှိုင်းဆွေးနွေးပွဲကြီးတွင် သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ၊ ငှက် စသော ဂိုဏ်းကြီးများမှ ဂိုဏ်း၏အဓိပတိ ဂိုဏ်းခေါင်းဆောင် ဆရာတော်ကြီးများ ပါကြ၏။

သုဓမ္မာဂိုဏ်းမှဆိုလျှင် အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူ အလယ်တိုက် ဆရာတော်ကြီး၊ ရွှေကျင်ဂိုဏ်းမှ ဆိုလျှင် ရွှေကျင်သာသနာပိုင် (ဝိသုဒ္ဓါရုံ) မြောင်းမြဆရာတော်ကြီး၊ ငှက်ဂိုဏ်းမှ ဆိုလျှင် စတုဘုမ္မိက နံရော်ဆရာတော်ကြီး စသည် စသည်ဖြင့် ဂိုဏ်းအသီးသီးမှ ပဓာန နာယက ခေါင်းဆောင် ဆရာတော်ကြီးများ ပါရှိတော်မူကြ၏။

ဆရာတော် အရှင်ဇနကာဘိဝံသကား ထိုအကြိုစည်းဝေးပွဲကြီးတွင် သူ တင်ပြလိုသော ပညာရေးမူကို လက်နှိပ်စက်ဖြင့် ရိုက်၍ စာကူးစက်ဖြင့် လှည့်ပြီး ဦးစီးဆရာတော်ကြီးများအား ဝေငှထားသည့်အပြင် နှုတ်မှလည်း အထက်ပါအတိုင်း ပြည့်စုံအောင် ဖြည့်စွက်ရှင်းပြ လျှောက်ထားနေသည်။

## ဘုရားရှင်နှင့် မြန်မြန်တွေ့ဖို့

ဆရာတော်၏မူအရ လိုရင်းအချုပ်ပဓာနမှာ စာသင်သား သံဃာတော်များသည် စာရိတ္တမကျိုင် မယိမ်းမယိုင်ဘဲ ခိုင်ခိုင်မတ်မတ် ရှိရေး၊ ကိုယ့်ကျင့်သီလ ပြည့်ဝရေးတို့အပြင် လွယ်လွယ်ကူကူနှင့် စာတတ်မြောက်ရေးပါ မူချ၍ ပြထားပါသည်။ ထို့ပြင် ပထမငယ်၊ ပထမလတ်၊ ပထမကြီး ဟူသော အခြေခံအဆင့်သုံးဆင့်ကို တစ်နှစ်တစ်တန်း အောင်ပါစေ၊ ကြိုးစားသူမှန်လျှင် အောင်နိုင်လောက်အောင် လွယ်လွယ်မေးပါ၊ အချိန်မကုန်လွန်ပါစေနှင့်။

သို့မှသာ အထက်ပိုင်း ဓမ္မာစရိယတန်းသို့ ခပ်မြန်မြန်ရောက်ပါမည်။ ထိုအတန်းတွင် ပါဠိတော်ကြီးများကို အဋ္ဌကထာကြီးများနှင့် တွေ့ရပါမည်။ ပါဠိတော်ကြီးများကို လေ့လာရမှ ဘုရားနှင့် တွေ့ပါမည်။ ဘုရားနှင့် တွေ့နိုင်

သောစာပေမှာ ပါဠိတော်ကြီးများသာ ဖြစ်ပါသည်။ ဘုရားနှင့်တွေ့ရမှ သဒ္ဒါ တရားတွေ ထက်မြက်လာပါမည်။ ထိုဓမ္မာစရိယတန်းကိုကား တဖြည်းဖြည်း ချင်း သင်ယူရပါမည်။ တတ်မြောက်သည့် တိုင်အောင် သင်ယူရပါမည်ဟု ဆိုထား၏။

ဆရာတော်ကြီး၏ တင်ပြလျှောက်ထားနေဟန်ကို အားလုံးက စိတ်ဝင်စားနေကြသည်၊ သဘောလည်း ကျတော်မူကြဟန်ရှိ၏။ ထိုစဉ်တွင် ဆရာတော်က ထူးခြားသည့် အစီအစဉ်တစ်ရပ်ကို ထပ်မံတင်ပြပြန်သည်။ အထက်ပိုင်းစာချတန်း ဖြေဆိုပုံဖြေဆိုနည်းအတွက် ဖြစ်၏။

## စာအုပ်ကိုပင် ကြည့်ဖြေပါစေ

"ဆရာတော်များ ဘုရား၊ ယခုအခါ ဖြစ်ပေါ်နေတဲ့ ပြဿနာမှာ စာဖြေတဲ့ အခါမယ် စာအုပ်ကို ခိုးကြည့်တယ်၊ စာအုပ်ထဲက ကူးချတယ် ဆိုတဲ့အချက်ပါပဲ။ ဒါကို အကြီးအကျယ် ဟန့်တားချုပ်ချယ်နေကြရပါတယ်။ အခု တပည့်တော် တင်ပြလျှောက်ထားမည့် အစီအစဉ်ကတော့ စာချတန်းကို ရောက်လျှင် စာအုပ်ကြည့်ဖြေတဲ့ နည်းပါပဲဘုရား"

အထက်ပါစကား ဆုံးလျှင်ပင် အားလုံးဦးစီးကိုယ်စားလှယ် ဆရာ တော်ကြီးများက ဆရာတော် အရှင်ဇနကာဘိဝံသကို လှမ်း၍ ကြည့်ကြပါ သည်။ တင်ပြချက်မှာ ဆန်းလွန်းနေ၍ ဖြစ်ပါ၏။ ဝိုင်း၍ ကြည့်ကြပါသည်၊ အံ့အားသင့်နေဟန်လည်း ရှိနေကြပါသည်။ ဆရာတော်က ဆက်လက်၍ အကြောင်းပြကို လျှောက်ထားနေပြန်၏။

"အခုလို စာအုပ်ကြည့်ဖြေရတယ်ဆိုတာ တပည့်တော်တို့နိုင်ငံမှာသာ မရှိသေးတာပါ။ တခြားနိုင်ငံတွေမှာ အထက်ပိုင်း စာမေးပွဲတွေမှာ ဆိုလျှင် စာအုပ်ကြည့်ဖြေရတဲ့ နည်းစနစ်တွေ သုံးနေကြပြီလို့ ကြားရပါတယ် ဘုရား"

## တတ်သိဖို့သာ ပဓာနပါ

"တပည့်တော်များရဲ့ ဗုဒ္ဓမြတ်စွာ ဟောကြားတဲ့ ပါဠိတော်တွေဟာ များလည်း များ၊ နက်လည်း နက်၊ ခက်လည်း ခက်သော အချက်တို့နှင့် ရောပြွမ်းနေလို့မို့ ဖြေဆိုတဲ့အခါမှာ နိဿယ၊ မြန်မာပြန်၊ ဂဏ္ဌိတို့မှတစ်ပါး

ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာစာအုပ်များကို ကြည့်၍ ဉာဏ်ရှိသလို ဖြေခွင့်ပြုစေသင့်ပါတယ် ဘုရား။ ဒါမှ ဗုဒ္ဓမြတ်စွာရဲ့ အထက်တန်းတရားတော်များကို ခပ်မြန်မြန်သိရှိပြီး သဒ္ဓါ၊ ပညာ၊ ဝီရိယတွေ တိုးပွားတဲ့ ဆရာတော်များ ဖြစ်လာနိုင်ကြပါမယ် ဘုရား''

ဆရာတော် အရှင်ဇနကာဘိဝံသသည် တင်ပြလိုသမျှကို ပွင့်ပွင့်လင်းလင်း တင်ပြလျှောက်ထားခွင့်ရသမျှ အားရနေဟန်ရှိပေ၏။ အခြားသော ဆရာတော်ကြီးများ၏ မျက်နှာအခြေအနေတို့ကိုလည်း တစေ့တစောင်း အကဲခတ်နေဟန်ရှိပေ၏။ အံ့အားသင့်နေတော်မူကြသည်ကိုလည်း သူကိုယ်တိုင် တွေ့မြင်နေရ၏။ ထို့ကြောင့် ပိုရှင်းလင်းအောင် ဆက်လက်တင်ပြလျှောက်ထားပြန်လေသည်။

## မေးပုံမေးဟန်က

''ကြည့်ဖြေဆိုတာက ဒီလိုပါ ဘုရား။ ပါဠိတော် တစ်ဝါကျကို ထုတ်ပြထား၊ အဲဒါကို အဋ္ဌကထာ ဖွင့်ကြည့်၍ အဓိပ္ပာယ်ဆိုလိုရင်း ဖော်ထုတ်ပါ၊ အနက်ပေးပါဆိုတဲ့ မေးနည်းမျိုး၊ သို့မဟုတ် အဋ္ဌကထာစကား တစ်ရပ်ကို ထုတ်ပြထား၊ အဲဒါကို ဋီကာကြည့်၍ အဓိပ္ပာယ်ယူဆပြပါ ဆိုတဲ့ မေးနည်းမျိုး ဖြစ်ရပါမယ်။ ဒါမှသာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို သုံးတတ်စွဲတတ်ကြပါမယ်၊ ကြည့်ရှုတတ်ကြပါမယ် ဘုရား။

အဲဒီလို ကြည့်ရှုသုံးစွဲတတ်ကြမှလည်း ရှင်တော်ဗုဒ္ဓ ဟောပြတော်မူထားတဲ့ တရားတော်တို့ရဲ့ အနက်အဓိပ္ပာယ်ကို သိနိုင်ရေး၊ သိပြီး ကျင့်သုံးနေနိုင်ရေးဆိုတဲ့ လိုရင်းပန်းတိုင်သို့ မြန်မြန်ရောက်နိုင်ကြပါမယ်ဘုရား။ သို့မဟုတ်လျှင် ဓမ္မာစရိယ အောင်သော်လည်း စာမကြည့်တတ်၊ စာမချတတ်၊ အဓိပ္ပာယ် မဖော်တတ် ဆိုတဲ့အဆင့် မတတ်နိုင်အောင် ဖြစ်နေကြပါမယ် ဘုရား''

## ကျေနပ်၍ ထောက်ခံကြ

စည်းဝေးခန်းမကြီးအတွင်းရှိ ဦးစီးဆရာတော်ကြီးများ အားလုံး လိုလိုပင် ပြုံးနေတော်မူကြပါသည်။ တင်ပြချက်တို့ကို အားရတော်မူကြ

ဟန်လည်း ရှိနေပါသည်။ ဒီလိုဆိုတော့လည်း အဟုတ်သားပဲ ဟူသောအပြုံး များ ရှိတော်မူနေကြပါသည်။ ထို့ကြောင့် အပြုံးဖြင့် ထောက်ခံတော်မူကြ သည်ဟု လည်းကောင်း၊ အချို့ ဆရာတော်များကမူ တင်ပြချက်တစ်ခု ပြီးတိုင်း ပြီးတိုင်း ဖြည်းညင်းစွာ ဦးခေါင်းတော်ကို ညိတ်၍ ညိတ်၍ လိုက် နေသည်ကို မြင်ရသဖြင့် ကာယကံမြောက် ထောက်ခံတော်မူနေကြသည်ဟု လည်းကောင်း သိနိုင်ပါသည်။

ထို့ကြောင့် ဆရာတော်ကြီးအများစုက ကျေနပ်ထောက်ခံတော်မူ ကြသည်ဟု သိရသဖြင့် ဆရာတော် အရှင်ဇနကာဘိဝံသလည်း ဝမ်းမြောက် တော်မူနေဟန်ရှိပါသည်။ မိမိတင်ပြချက်များ ထမြောက်အောင်မြင်တော့မည် ဟု တွေး၍ ရင်ထဲအေးနေဟန် ရှိပါသည်၊ စိတ်အာရုံမြူး၍ ကြည်နူးနေ ဟန်လည်း ရှိပါသည်။ သို့သော် ကြာကြာကြည်နူးလိုက်ရဟန် မတူပါ။

## ကန့်ကွက်သူ ပေါ်လာခဲ့၍

"အေးပေါ့လေ၊ ဦးဇနက တင်ပြတဲ့မူတွေဟာ မဆိုးပါဘူး။ ဒါပေမဲ့ အခုချိန်မှာ စောပါသေးတယ်၊ နောက်တော့ သင့်တော်တဲ့အခါ စဉ်းစားကြ တာပ။ အခုအချိန်မှာတော့ ပိုအရေးကြီးတဲ့ကိစ္စတွေကို ဆောင်ရွက်ဖို့ စဉ်းစား ကြပါဦး။ အဲဒီ ပညာရေးမူကို ခဏရပ်ထားပါဦး"

ဤသို့ ဆရာတော်တစ်ပါးက ဟန့်တားမှု၊ ကန့်ကွက်မှုကြောင့် ဆရာတော် အရှင်ဇနကာဘိဝံသမှာ ကြည်နူးမှုအလျဉ်၊ ရွှင်မြူးမှုအလျဉ် ချက်ချင်းပင် ပျက်ပြယ်ကုန်ရဟန် တူပါသည်။ ဆရာတော်၏ ဇာတာ၊ ဆရာတော်၏ ကံကြမ္မာက ဤအတိုင်းပင် ဖြစ်တတ်ပါသည်။ ငယ်စဉ်မှ စ၍ တစ်ဘဝလုံးလိုလို အတိုက်အခံနှင့်ချည်း တွေ့လာရတတ်ပါသည်။

အထက်ပါ ကန့်ကွက်ချက်ကား နယ်နယ်မျှ အကျိုးဆုတ်ယုတ်စေ သည်မဟုတ်၊ များစွာအကျိုးမဲ့ ဖြစ်သွားစေပါသည်။ နောင်လာမည့် အနာဂတ် သံဃာတော်များအတွက် ခေတ်နှင့်လျော်သော အနာဂတ်ပညာရေး ဗိမာန်ကြီး ပွင့်တော့မည့်ဆဲဆဲ တံခါးကို ဆွဲပိတ်၍ ဟန့်တားလိုက်သကဲ့သို့ ဖြစ်သွား စေတော့၏။ မည်သူ့ကို ထိသနည်း။ မည်သူတွေကို နစ်နာစေသနည်း။

## အများအတွက် ကံကြမ္မာဖန်လာ

ဆရာတော် အရှင်ဇနကာဘိဝံသကား သာသနာတော်ကို အလွန်မြတ်နိုး၏။ အမျိုးကိုလည်း ချစ်၏။ ဘာသာကိုလည်း ခင်၏။ ထို့ကြောင့် အချိန်ရှိသမျှ စဉ်းစား၏။ အမျိုး၊ ဘာသာ၊ သာသနာ၏ တိုးတက်ရာ နည်းလမ်းကို ညွှန်ပြ၏။ ထိုအခါ ကန့်ကွက်သူ ပေါ်လာတတ်လေသည်။ ကန့်ကွက်သူ ပေါ်၍ အလုပ်မဖြစ်သောအခါ မည်သူ နစ်နာသနည်း။ အများနစ်နာရ၏။ ငှက်ကိုချိန်၍ လေးခွဖြင့် ပစ်သော်လည်း ငှက်ကို မမှန်ဘဲ သစ်ပင် ကိုင်းတက် ပင်စည်တို့ကို မှန်သလို အရှင်ဇနကာဘိဝံသကို ချိန်၍ ပစ်သော်လည်း အများကိုပင် မှန်တော့၏။ အများပင် နစ်နာရတော့သည်။

ကန့်ကွက်သူကား လွယ်လွယ်လေးနှင့် ကန့်ကွက်လိုက်ခြင်း ဖြစ်သည်။ သူ့မှာ အရင်း ဘာမျှ မစိုက်ရ။ ဉာဏ်ရည်ဉာဏ်စလည်း မသုံးရ။ လွယ်လွယ်နှင့် ရ၍ ကန့်ကွက်လိုက်ခြင်းသာ ဖြစ်သည်။ ဆရာတော် အရှင်ဇနကာဘိဝံသမှာကား ကိုယ်အား၊ ဉာဏ်အား လုံ့လတို့ဖြင့် ကြိုးစားပြီးမှ ရသော ညွှန်ကြားချက်တို့ ဖြစ်သတည်း။

## သမိုင်းဝင် မော်ဘီ သံဃာ့အစည်းအဝေးကြီး
## စိမ်းလန်းချမ်းမြေ့ မော်ဘီဥယျာဉ်ဝယ်

ဦးစီးဆရာတော်ကြီးများသည် အကြို ညှိနှိုင်းဆွေးနွေးပွဲပေါင်းများစွာကို ကျင်းပတော်မူကြ၏။ အဓိက မော်ဘီအစည်းအဝေးကြီးကိုကား ၁၃၂၆ ခု၊ တပေါင်းလပြည့် (၁၉၅၆ ခု၊ မတ်လ ၁၇ ရက်) နေ့မှ စတင်၍ ကျင်းပဖို့ရန် ဆုံးဖြတ်တော်မူကြသည်။ တဖြည်းဖြည်းနှင့် တပေါင်းလပြည့် ရက်နားသို့ နီးကပ်လာလေပြီ။ ရန်ကုန်တိုင်း၊ မော်ဘီမြို့၏ မြောက်ဘက် မနီးမဝေး၊ စိမ်းစို၍ အလွန်ကျယ်ပြန့်သော စိုက်ပျိုးရေးဥယျာဉ်ခြံမြေကွက်ကြီးအတွင်း သံဃာတော်များအတွက် ဝါးတဲကျောင်းကြီးများကို အစီအစဉ်တကျ ဆောက်လုပ်ကြလေပြီ။ သောက်ရေအိုးစင်များ၊ ရေချိုးခန်းများနှင့် ကင်္ခများပါ အသင့်ဆောက်လုပ်ထားကြ၏။ ဥယျာဉ်ကြီး၏ အလယ်ဗဟိုတွင်ကား သံဃာတော် ၂၃၀၀ ဆံ့ စည်းဝေးခန်းမ မဏ္ဍပ်ကြီး၊ ထိုနှင့် မနီး

မဝေးတွင် ထိုသံဃာတော်များဆံ့လောက်အောင် ဆွမ်းစားမဏ္ဍပ်ကြီး၊ ဤသို့ အသီးသီး ဟီးနေအောင် သစ်သား၊ ဝါး၊ ဓနိတို့ဖြင့် စနစ်တကျ တည်ဆောက်ထားကြလေသည်။

ဗဟိုစည်းဝေးခန်းမ မဏ္ဍပ်ကြီးကို သကြားပင်ပျိုး များစွာ၏အောက်တွင် တည်ဆောက်ထားသဖြင့် သကြားပင်ပျိုးတို့၏ ပင်စည်ခက်မ၊ အခွအကိုင်း၊ အရွက်အရိပ်တို့က မိုးနေသဖြင့် 'သိကြားသာသနာ ရောက်တော့မှာလိုလို' အချို့က ပြောဆိုကြသေး၏။ သို့သော် အလုပ်ကြိုးစားမှု၊ ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်မှုတို့သာ ပဓာန မဟုတ်ပါလော။

အစည်းအဝေး တက်ရောက်ကြမည့် သံဃာတော်အားလုံး ထိုဥယျာဉ်ခြံကြီးသို့ တပေါင်းလဆန်း ၁၄ ရက်နေ့ ညနေကပင် စုံလင်အောင် ရောက်နေကြလေပြီ။ ယင်းအဖိတ်နေ့ညနေတွင် နောက်တစ်နေ့ လပြည့်နေ့မှာ ဥပုသ်ပြုဖို့ရာ တစ်နေရာ၌ ဝိသုံဂါမအမိန့်ခံ၍ သိမ်သမုတ်တော်မူကြ၏။ အများအားဖြင့် ယင်းသိမ်မှာ ဥပုသ်ပြုကြသည်။ ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ကြီး အမှူးရှိသော ရွှေကျင်ဆရာတော်၊ သံဃာတော်များကား ရန်ကုန်မြို့၊ ကျောက်ကုန်း၊ မဟာဗောဓိကျောင်းတိုက်သို့ ပြန်၍ ဥပုသ်ပြုတော်မူကြသည်။

## အစည်းအဝေးကြီး စတင်ကျင်းပ

၁၃၂၆ ခု၊ တပေါင်းလပြည့်နေ့၊ နေ့ ၁၂ နာရီတွင် စတင်၍ သာသနာတော်ကြီး၌ ထူးခြားသော ဂိုဏ်းပေါင်းစုံ သံဃာတော်များ အစည်းအဝေးပွဲကြီးကို မှော်ဘီမြို့တွင် ကျင်းပကြ၏။

ပထမနေ့တွင် အုပ်ချုပ်ရေး သွင်ပြင်များဖြစ်သော ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်၊ ဂိုဏ်းထောက် ဟူသော ရွေးမှုစနစ်များကို တင်ပြကြ၍ ဆွေးနွေးကြ၊ ညှိနှိုင်းကြ၊ တိုင်ပင်တော်မူကြသည်။ ညနေ လေးနာရီမှ ရုပ်သိမ်းကြသည်။

ဒုတိယနေ့တွင် ပညာရေးကိစ္စများ၊ ဝိနိစ္ဆယဌာနကိစ္စများ ပြောကြ၊ ဆိုကြ၊ အဆိုတင်သွင်းကြ၊ ထောက်ခံကြနှင့် အားရစဖွယ် ဖြစ်ပါပေ၏။ ညနေ လေးနာရီတွင်မှ ရုပ်သိမ်းတော်မူကြသည်။

တတိယနေ့တွင်ကား သာသနာ့ဝင် ရဟန်းသာမဏေများ သာသနာ့ မှတ်ပုံတင်ကတ်ပြား ကိုင်ဆောင်ရေး ဟူသောအချက်ကို ဆွေးနွေးတိုင်ပင်ကြလေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ပြဿနာအတက်ဆုံး ဖြစ်၏။ အချို့က ရဟန်း သာမဏေများ ဤမှတ်ပုံတင်ကတ်ပြားကို မကိုင်ဆောင်သင့်၊ ကိုင်ဆောင်ဖို့ မလိုဟု ဆိုကြ၏။ အချို့က ကိုင်ဆောင်သင့်သည်ဟု ငြင်းခုံလာကြသည်။ ညနေပိုင်းသို့ ရောက်သောအခါ တစ်ဖက်နှင့်တစ်ဖက် ပို၍ပြင်းထန်လာကြသည်။ စည်းဝေးခန်းမကြီးသည် စိုးရိမ်မကင်းစရာလို ဖြစ်လာတော့၏။

## စည်းဝေးပွဲ ရုပ်သိမ်းခြင်း

ဤအခြေအနေကို ကောင်းစွာ ခန့်မှန်းမိသော အခမ်းအနားမှူး အကျိုးတော်ဆောင် ဆရာတော်က ကြားဖြတ်၍ ကြေညာရတော့၏။

''အားလုံး ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား၊ ယခု အစည်းအဝေးပွဲကြီး ကျင်းပလာတာ သုံးရက် ရှိပါပြီ။ ပြောကြဆိုကြ ညှိနှိုင်းကြတာတွေလည်း အတော်စုံလင်နေပါပြီ။ မပြေလည်တဲ့ အချက်အလက် အနည်းငယ်မျှ ရှိပေမယ့် ပြေလည်တဲ့ အချက်အလက်တွေလည်း များစွာ ရှိပါတယ်။ ပညာရေးနှင့် ပတ်သက်လို့ ဆိုရင်လည်း ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ အတန်းတိုင်းမှာပင် မြန်မာစာ၊ ဂဏန်းသင်္ချာ စသည်တို့နှင့် မွမ်းမံပြီး စီမံပြဋ္ဌာန်းချင်တဲ့ စနစ်သစ်သမားက အနည်းငယ်မျှသာပါ။ မပြုမပြင်ဘဲ မူဟောင်း၊ စနစ်ဟောင်းအတိုင်း သွားချင်တဲ့သူက ၉၉ ရာခိုင်နှုန်းလောက် ရှိပါတယ်။

ဒီတော့ စီမံကိန်းအသစ်နှင့် ပြုပြင်ချင်တယ် ဆိုတဲ့ သူတွေဟာ ဆွမ်းဆန်ထဲ ကြွက်ချေးရောသလို တစ်တုံး၊ နှစ်တုံးလောက်ပါ။ ဒါကို ထောက်ဆခြင်းအားဖြင့် မူဟောင်းအတိုင်း ကြိုက်သူတွေက များပါတယ်လို့ ဆိုနိုင်ပါတယ်''

ဤသို့လျှင် မိမိတစ်ပါးတည်း ဆုံးဖြတ်ပိုင်ခွင့် မရှိသော အချက်အလက်တို့ကို တစ်ပါးတည်း ပြောဆို ဆုံးဖြတ်ပြီးလျှင်-

''အခု ဒီအစည်းအဝေးကြီးဟာလည်း ညှိနှိုင်းဆုံးဖြတ်ဖို့ ကိစ္စတွေ အားလုံး ပြည့်စုံအောင် ညှိနှိုင်းပြီးပြီ ဖြစ်လို့ အခုချိန်ကစပြီး ဒီအစည်း

အဝေးကြီးကို ရုပ်သိမ်းပါတယ် ဘုရား။ တစ်ဆက်တည်း လျှောက်ထားချင်တာကတော့ ဒီကနေ့ ညနေပဲ သံဃာအားလုံးကို ရန်ကုန်သို့ အရောက်ပြန်လည် ပို့ဆောင်ပါမည်။ ကားများ အသင့်စီစဉ်ထားပါပြီ ဘုရား'' ဟု ကြေညာလိုက်တော့သည်။

## တစ်ပြည်လုံးက ဆန္ဒများမှာ

မော်ဘီ အစည်းအဝေးကြီး မတိုင်မီကပင် သက်ဆိုင်ရာဌာနက တစ်ပြည်လုံးသို့ ဖြစ်ချင်သောဆန္ဒ၊ တင်ပြလိုသော အချက်၊ နှစ်သက်သောမှုတို့ကို တင်ပြပါရန် ရှင်၊ လူ၊ ရဟန်း အားလုံးထံ သတင်းစာမှ နေ၍ ဆန္ဒတောင်းခံခဲ့၏။ ထို့ကြောင့် ရှင်၊ လူ၊ ရဟန်းအားလုံးကလည်း စိတ်ဝင်တစားအကြံဉာဏ်များ ပေးခဲ့ကြ၏။ နေထိုင်ရေး၊ အုပ်ချုပ်ရေး၊ ပညာရေးတို့ အစုံပါဝင်၏။ ထိုအကြံပေးချက်စာ ဟူသမျှတို့ကို သာသနာရေးဌာနက လက်နှိပ်စက်ဖြင့် ရိုက်၍ စာအုပ်အဖြစ် တွဲထားရာ နှစ်လက်မခန့်စီထူသော စာအုပ်ကြီးနှစ်တွဲရရှိ၏။ ထိုစာအုပ်ကြီးများကို မော်ဘီအစည်းအဝေးရက်များက မော်ဘီကွင်းထဲတွင် အများမြင်သာအောင် မြက်ခင်းပြင်ပေါ်၌ စားပွဲနှစ်လုံးပေါ်တင်၍ ပြသထားသည်။ မည်သူမဆို ဖတ်ရှုလေ့လာ၊ ဝေဖန်နိုင်ရန် ဖြစ်သည်။

ထိုစာအုပ်ကြီး နှစ်အုပ်ကို လှန်၍ ကြည့်ပါလျှင် ပညာရေးနှင့်ပတ်သက်၍ တစ်တိုင်းပြည်လုံးက ဖော်ပြသော အများဆန္ဒကို ပြက်ပြက်ထင်ထင် အလွယ်တကူ တွေ့မြင်နိုင်ပါသည်။ အများအားဖြင့် အကြံပေးရာတွင် သံဃာတော်များ၏ ပညာရေးမှာ ယခုအခါ ခေတ်နှင့်မညီတော့ပါ၊ နောက်ကျနေပါပြီ၊ ခေတ်နှင့်ညီအောင် ပြုပြင်သင့်ပါပြီ။ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ အတန်းများ၌ ထိုက်သင့်သလို မြန်မာစာ၊ ဂဏန်းသင်္ချာ၊ ပထဝီ၊ သိပ္ပံ၊ အင်္ဂလိပ်စာ စသော ဘာသာရပ်များ ထည့်သွင်းစီစဉ်သင့်ပါပြီ ဟူသော အာဘော်များက လွှမ်းလျက်ရှိပါ၏။

သို့ရာတွင် အခမ်းအနားမှူးက အပြီးသတ် ကြေညာသောအခါ ပြောင်းပြန်ကြေညာပါတော့သည်။ ထိုကြေညာချက်ကိုပင် ရေဒီယိုမှ တိုင်းပြည်သို့ အသံလွှင့်လေသည်။ ဝမ်းနည်းဖွယ်ကောင်းလေစွ။

## အရှင်ဇနက စိတ်မောရ

မော်ဘီအစည်းအဝေးကြီးမှ အပြန်တွင် ဆရာတော် အရှင်ဇနကာဘိဝံသမှာ စိတ်ကုန်လှုပန်း၍ မရွှင်လန်းအောင် ရှိတော့သည်။

"ဘယ့်နှယ်ပါလဲ ဘုရား၊ အစည်းအဝေးကြီးက သာသနာတော်အတွက် အကျိုးသက်ရောက်အောင် ပေးနိုင်ပါလား ဘုရား"

ဟု မေးလျှောက်ကြည့်သောအခါ -

"အင်း··· သွားပြန်ပေါ့ကွဲ့၊ စိတ်မောစရာပဲ။ ဒီလိုအခွင့်အရေးကြီးကြုံဖို့ရာဆိုတာ မလွယ်ဘူးကွဲ့။ အနှစ်လေးငါးဆယ်ရှိမှ တစ်ကြိမ်လို ပေါ်လာတတ်တာ။ ပေါ်တုန်းပေါ်ခိုက်မှာ တို့ဘုန်းကြီးတွေ ညီညီညွတ်ညွတ်နှင့် မယူတတ်ကြတော့ အခု အခွင့်အရေးတွေ လွတ်ကုန်ကြပြန်ပေါ့ကွဲ့။ တယ်ခက်သကိုး၊ သာသနာတော်ရဲ့ မျက်နှာကို မကြည့်ကြဘူး။ ပုဂ္ဂိုလ်ရဲ့ မျက်နှာကိုသာ ကြည့်ပြီး ကန့်ကွက်ကြ၊ ဟန့်တားကြ လုပ်နေကြတော့ ခက်တာပေါ့ကွဲ့" တဲ့။

အရှင်ဇနကာဘိဝံသက စိတ်မောကိုယ်မောနှင့် ဆက်လက်ပြီး ပြောပြန်သည်။

"လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော်၊ ငါးဆယ်နီးပါးလောက်တုန်းက တို့ပဥ္စင်း ခပ်ရွယ်ရွယ်တုန်းကလည်း ဒီလို အခွင့်အရေးမျိုး တစ်ကြိမ် ပေါ်ခဲ့ဖူးတယ်ကွဲ့။ ဒီတုန်းက အင်္ဂလိပ်အစိုးရက 'သံဃာတော်များ၏ ပညာရေးအတွက် မိမိတို့နှစ်သက်သလို ပြုပြင်ဖို့ရာ စည်းဝေးတိုင်ပင်ကြပါ' လို့ဆိုတော့ မန္တလေး လေးပြင်လေးရပ်လုံးက သံဃာတော်များ စည်းဝေး တိုင်ပင်ခဲ့ကြတယ်။ အဲဒီအချိန်မှာ တို့ရဲ့ကျောင်းရှင် အဘယာရာမ ဆရာတော်က 'ငယ်၊ လတ်၊ ကြီး အတန်းများရဲ့ရှေ့က မူလတန်းတစ်တန်း တိုးပေးပါ' ဆိုတာရယ်၊ ပြီးတော့ 'အဲဒီအတန်းတိုင်းမှာ မြန်မာစာနှင့် ဂဏန်းသင်္ချာကို သင့်တော်သလို ခွဲဝေထည့်သွင်း ပြဋ္ဌာန်းပေးပါ' ဆိုတာရယ်၊ အဲဒီ အဆိုနှစ်ရပ်ကို အစည်းအဝေးမှာ တင်သွင်းခဲ့တယ်"

## ရှေ့ဆောင်တွေ ဘယ်က ထွက်သလဲ

ဒီအခါမှာ ဆရာတော်ကြီး ခပ်များများက ဂဏန်းသင်္ချာ ဆိုတာတွေဟာ ခေတ်ပညာတွေပဲ၊ (နှစ်တစ်လီ နှစ်၊ နှစ်နှစ်လီ လေး ဆိုတာတွေဟာ ခေတ်ပညာ ဖြစ်သွားပြီ။ နော ဧက နော၊ နဝ ဒွေ အဋ္ဌာဒသ ဆိုရင်တော့ ပါဠိလိုဖြစ်လို့ လောကုတ္တရာပါပဲတဲ့) ခေတ်ပညာဆိုတာ တိရစ္ဆာနကထာ၊ မသင်ကောင်းဘူး ဆိုပြီး ပယ်ချလို့ အဆိုတင်သွင်းချက်ဟာ မအောင်မြင်ခဲ့ပါဘူး။ ဒါပေမဲ့ အဲဒီ အစည်းအဝေးမှာပါတဲ့ ၁။ အိမ်တော်ရာဆရာတော်တို့၊ ၂။ ပေါက်မြိုင်ဆရာတော်တို့၊ ၃။ မန္တလေး အရှေ့ပြင် မိဘမဲ့ပရဟိတ ဆရာတော်တို့၊ ၄။ မန္တလေးမြို့အထက်က ဆည်သည်ရွာ မော်လမြိုင်ကျောင်း ဆရာတော် တို့ဆိုတာ ရှိတယ်။

အဲဒီ ဆရာတော်လေးပါးကတော့ 'တို့ကို ဘယ်သူကမှ အပေါင်းသင်း မလုပ်လုပ်၊ တို့ကတော့ ပညာရေးကို ခေတ်နှင့်ညီအောင် တည်ထောင်စီစဉ်ရမှာပဲ' ဆိုပြီး ကိုယ့်ကျောင်းဝင်းထဲကိုယ် အတန်းကျောင်းများ (လောကဓာတ်ကျောင်းများ) တည်ထောင်ကြတော့တယ်။ အဲ- အနှစ်လေးငါးဆယ်လောက်ကြာတဲ့ အခုအချိန်မှာ စွမ်းစွမ်းတမံနှင့် တိုင်းပြည်ခေါင်းဆောင်နေတဲ့သူတွေကို ဘယ်ကျောင်းက ထွက်လာခဲ့သလဲလို့ မေးကြည့်လျှင် အဲဒီ ဆရာတော်လေးပါးကျောင်းတွေက ထွက်လာတဲ့သူတွေပဲ တွေ့ရတယ်။ ဟိုတိရစ္ဆာနကထာ မသင်ကောင်းဘူးလို့ ဆိုတဲ့ ဆရာတော်တွေရဲ့ ကျောင်းကတစ်ယောက်မှ မပေါ်လာကြဘူး။ အဲဒါပဲ ကြည့်ပေတော့''တဲ့။

## ဦးနေဝင်းနှင့် အရှင်ဇနကာဘိဝံသ
## မေတ္တာရှေ့ထား ဆောင်ရွက်ပါ

ဥက္ကဋ္ဌကြီး ဦးနေဝင်း (ထိုစဉ်က ဗိုလ်ချုပ်နေဝင်း) သည် ၁၃၂၈ ခု၊ တပို့တွဲလဆုတ် ၁ ရက်၊ (၂၅.၂.၆၇) နေ့က တစ်ကြိမ်၊ ၁၃၂၉ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ (၁၆.၁၀.၆၇) နေ့ကတစ်ကြိမ်၊ ၁၃၂၉ ခု၊ နတ်တော်လဆန်း ၁၃ ရက် (၁၄.၁၂.၆၇) နေ့က တစ်ကြိမ် ပေါင်းသုံးကြိမ် အမရပူရ ဂန္ဓာရုံကျောင်းတိုက် ဆရာတော်ထံ ရောက်ဖူး၏။

ဗိုလ်ချုပ်ကြီးသည် နိုင်ငံခေါင်းဆောင် ဖြစ်နေသည့်အလျောက် တာဝန်ရှိသည့်အားလျော်စွာ မိမိတို့နိုင်ငံအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေးတို့နှင့် ပတ်သက်၍ ဘက်စုံအောင် ဆွေးနွေးတိုင်ပင်ကြကာ ဖွံ့ဖြိုးတိုးတက်ဖို့ကြိုးစားနေချိန် ဖြစ်သည်။ တစ်ဖက်မှလည်း စာရိတ္တယဉ်ကျေးမှုအတွက်မျက်ခြည်ပြတ်မသွားအောင် စဉ်းစားနေရသော အချိန်ဖြစ်သည်။

ထိုအခိုက်တွင် ဗိုလ်ချုပ်ကြီးသည် လုပ်ဖော်ကိုင်ဖက် ရဲဘော်အချို့နှင့်အတူ အမရပူရ မဟာဂန္ဓာရုံသို့ ရောက်လာခဲ့၏။ ဆရာတော်အား လေးစားစွာကန်တော့ကြ၏။ ဆရာတော်က ဗိုလ်ချုပ်ကြီးအား တိုင်းပြည်အတွက် အလုပ်လုပ်ရာတွင် အရာရာ၌ မေတ္တာရှေ့ထား၍ ဆောင်ရွက်ပါဟု မှာကြား၏။ အုပ်ချုပ်ရာ၌လည်း ရှေးသူတော်ကောင်း ဘုရားလောင်းတို့၏ ထုံးဟောင်းတို့ကို သာဓကပြု၍ မချွတ်ချော်ရအောင် ကွပ်ကဲပုံ၊ ယဉ်ကျေးမှု၊ စာရိတ္တများမပျက်ပြားအောင် ထိန်းသိမ်းပုံတို့ကိုလည်း ဟောပြတော်မူ၏။

ဘုန်းကြီးကိုယ်တိုင်လည်း ယခု ဤကျောင်းတိုက်၌ သာသနာတော်၏ ယဉ်ကျေးမှု ဝိနည်းကိုယ်ကျင့် စာရိတ္တမြင့်မားအောင် ကြိုးစားနေကြောင်း မိန့်တော်မူရာ၊ ဗိုလ်ချုပ်ကြီးကလည်း သူ့အတွေ့အကြုံကို ပြန်လည်လျှောက်ထား၏၊ သူ ငယ်ငယ်က မြင်ခဲ့ရ၊ တွေ့ခဲ့ရသော သာသနာရေးအခြေအနေကို ဝိနည်းလေးစားသော ဆရာတော်ကြီးများ၊ ထိုဆရာတော်ကြီးများနှင့် လက်ပွန်းတတီး ရင်းနှီးစွာနေခဲ့ရပုံ၊ ဆည်းကပ်ခဲ့ရပုံတို့ကို လျှောက်ထားသည်။

## ရှိသမျှနှင့် ကျေနပ်သူ

ဒုတိယအခေါက်တွင် ဗိုလ်ချုပ်ကြီးနေဝင်း + ဇနီးဒေါ်ခင်မေသန်းနှင့် သားသမီးများ၊ ဗိုလ်ချုပ်ကြီးကျော်စိုး (သာသနာရေး)၊ ဗိုလ်ချုပ်ကြီး သန်းစိန် (လမ်းပန်းဆက်သွယ်ရေး)၊ ဗိုလ်ချုပ်ကြီးသောင်းကြည် (လယ်ယာ စိုက်ပျိုးရေး)၊ ဗိုလ်ချုပ်ကြီး ချစ်ခင် (လေ)၊ ဗိုလ်ချုပ်ကြီး စိန်မြ (အနောက်မြောက်တိုင်းတာဝန်ခံ)၊ ဗိုလ်မှူးကြီးဗန်ကူး (စစ်ကိုင်းတိုင်းတာဝန်ခံ)၊ ဦးဘငြိမ် (စီးပွားရေးကြံပေး)တို့ ဖြစ်ကြ၏။ ဗိုလ်ချုပ်ကြီးမိသားစုက သံဃာ ၁၅ ပါးစာ ဆွမ်း၊ ဆွမ်းဟင်းနှင့် မုန့်ပဲသရေစာများ လှူဒါန်းကြသည်။ ဤအခေါက်

တွင်လည်း ဗိုလ်ချုပ်ကြီးနှင့် ဆရာတော်တို့သည် ဘာသာ၊ စာရိတ္တ၊ ယဉ်ကျေးမှု အကြောင်းတို့ကိုပင် ပြောဆိုဆွေးနွေးကြ၏။ ဆရာတော်က ရှေးသူတော် ကောင်းတို့လည်း ပညာပါရမီ ဆည်းပူးကြရင်း တိုင်းပြည်အုပ်ချုပ်ပုံတို့ကို ဟောပြသည်။

ပြန်ခါနီးတွင် ဗိုလ်ချုပ်ကြီးက 'ဘာများ အလိုရှိပါသလဲ ဘုရား' ဟု လျှောက်ထားမေးမြန်းရာ ဆရာတော်က 'ရှိသမျှကလေးနှင့် ကျေနပ် တတ်တဲ့ ဘုန်းကြီးဆိုတော့ မလိုပါဘူးလေ' ဟူ၍ ပြန်လည် မိန့်ကြားသည်။

**မှတ်ချက်။** ။ ဆရာတော်၏ အဖြေစကားသည် သေသေချာချာ စဉ်းစားလျှင် 'ပြည့်စုံနေပြီ' လို့ မဆိုပါ။ 'မလိုချင်တော့ပါဘူး' ဟူ၍လည်း တူးတူးခါးခါး မပယ်မြစ်ပါ။ 'ရှိသမျှကလေးနှင့် ကျေနပ်တတ်တဲ့ သူ့အလေ့' ကိုသာ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ အခွင့်အရေးကို တောင်းသည်လည်း မဟုတ်၊ လှူလာလျှင်လည်း ငြင်းမည့် အဓိပ္ပာယ်မျိုးကို မဆောင်ပါ။

စင်စစ်သော်ကား တပည့်သံဃာများ ၂၀၀ ကျော်လောက်နှင့် ဆရာ တော့်မှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး မမှုမတ မပြည့်မစုံ အခြေအနေတွင် ရှိပါသည်။ သို့တစေလည်း 'အခွင့်အရေးပေါ် လာတုန်း လက်မလွတ်တမ်း ဖမ်းလိုက်မည်' ဟူသောဝါဒ ဘယ်သောအခါကမျှ မရှိ ခဲ့သော ဆရာတော်တစ်ပါး ဖြစ်ပေ၏။

## လွှာဖိနပ်ကလေးတစ်ရန် တောင်းရန် ဝန်လေး

ဆရာတော်က စာချရင်း သော်လည်းကောင်း၊ နံနက်ခင်းသြဝါဒ ပေးရာ၌ သော်လည်းကောင်း အကြောင်းစပ်လာတိုင်း ရှေးသူတော်ကောင်းတို့ ၏ အတောင်းအရမ်း ချုပ်တည်းပုံကို ပုံပြင်လို ပြောပြောပြတတ်၏။

ရှေးတုန်းက ဘုရားလောင်းရသေ့ကြီးသည် ဟိမဝန္တာမှာ နေပြီး သစ်သီး၊ သစ်ရွက်တို့ကို စားသောက်နေသည်။ မိုးလအခါနီးလျှင် ချဉ်တို့၊ ဆားတို့၊ မှီဝဲဖို့ရာ မြို့ရွာအနီးသို့ ချဉ်းကပ်လာတတ်၏။ ဘုရင့်ဉယျာဉ်၌ မိုးလေးလပတ်လုံး နေသည်။ ဘုရင်ကြီးက ကြည်ညိုလှ၍ ဆွမ်းကွမ်း အမြဲ ပြုစု၏။ မိုးကျွတ်၍ ဟိမဝန္တာသို့ ပြန်ခါနီးတွင် မင်းကြီးက 'ဘာများအလိုရှိ

ပါသလဲ ဘုရား၊ အမိန့်ရှိတော်မူပါ’ ဟု လျှောက်တတ်သည်။ တောထဲတွင် စားသောက်နေထိုင်ရေး ချမ်းချမ်းသာသာ ဖြစ်ရန် စီပံပေးလို၍ လျှောက်ခြင်း ဖြစ်၏။

ရသေ့ကြီးက တစ်စုံတစ်ခု အမိန့်ရှိမည့်ဟန်မျိုးကို ဖော်ပြ၍ ပါးစပ်ကို ပြင်၏။ ‘မိန့်တော်မူပါဘုရား’ ဟု လျှောက်ထား၍ ငံ့လင့်နေစဉ်တွင် ‘မပြောတော့ပါဘူး မင်းကြီးရာ’ ဟုဆိုကာ ဟိမဝန္တာသို့ ပြန်သွားလေသည်။

နောက်တစ်နှစ် မိုးကျခါနီးတွင် မြို့ရွာအနီးသို့ ရောက်လာပြန်၏။ တစ်မိုးလုံးတွင် ပြုစုပြီးနောက် ပြန်ခါနီးတွင် ‘ဘာများအလိုရှိပါသလဲ ဘုရား’ ဟု မင်းကြီးက လျှောက်ပြန်သည်။ တစ်စုံတစ်ခု မိန့်မည်ပြုပြီးမှ ‘မပြောတော့ပါဘူး မင်းကြီးရာ’ ဟုဆိုကာ ဟိမဝန္တာသို့ ပြန်သွားလေသည်။

ထို့နောက် တတိယနှစ် ပြန်ခါနီးတွင်လည်း မင်းကြီးက လျှောက်ပြန်၏။ အနားက လူတွေရှေ့မှာ ပြောရမှာ ရှက်သလို ဖြစ်နေသည့်အခြေအနေကို အကဲခတ်မိသော မင်းကြီးက လူတွေကို တော်ရာ၌ သွား၍ ဖယ်ရှားနေကြရန် အမိန့်ပေးသည်။ လူသူလေးပါး ရှင်းသောအခါမှ ‘မိန့်တော်မူပါဘုရား’ ဟု လျှောက်ထားပြန်ရာ မိန့်မည်ကဲ့သို့ပြုပြီးမှ ‘မပြောတော့ပါဘူး မင်းကြီးရာ’ ဟု ဆိုကာ ပြန်သွားပြန်လေသည်။

ထို့နောက်တစ်ဖန် စတုတ္ထနှစ် ပြန်ခါနီးတွင်ကား ဘုရင်ကြီးက စဉ်းစားမိ၏။ ‘ယမန်နှစ်က လူတွေရှေ့မှာ မပြောဝံ့တာကို ထောက်လျှင် ကေန္တ မိဖုရားကြီးကို လိုချင်တာဖြစ်မည်၊ အကယ်၍ မိဖုရားကြီးကို အလိုရှိလျှင်လည်း လှူမည်’ ဟု ဆုံးဖြတ်ကာ ‘အရှင်ဘုရား မိဖုရားကြီးကို အလိုရှိလျှင်လည်း လှူပါမည်’ ဟု လျှောက်တော့၏။ ‘မဟုတ်သေးပါဘူး မင်းကြီးရာ’ ဟု ပြောကာ ပြန်သွားလေသည်။

ပဉ္စမနှစ်တွင်ကား ‘တိုင်းပြည်တစ်ဝက် လှူပါမည်’ ဟု လျှောက်၏။ လက်မခံ မမိန့်မမြွက်ဘဲ ပြန်သွားသည်။ ဆဋ္ဌမနှစ်တွင် ‘တစ်ဝက်တည်း ဖြစ်နေ၍ နည်းလို့ လက်မခံခြင်းဖြစ်မည်၊ အကုန်လှူမည်’ ဟု ဆုံးဖြတ်ကာ ‘အရှင်ဘုရား၊ တစ်တိုင်းပြည်လုံး ပေးလှူပါမည်’ ဟု လျှောက်ပြန်သည်။ သို့တစေလည်း မမိန့်မြွက်၊ လည်ချောင်းမှ စကားလုံးတွေ မထွက်သလို ဖြစ်ကာ ပြန်သွားပြန်လေသည်။

သတ္တမနှစ် ပြန်ခါနီးတွင်ကား ဘုရင်ကြီးက “ဒီနှစ်တော့ အလို ရှိတာကို မပြောလျှင် အရှင်ဘုရား မပြန်ရဘူး၊ ပြောရမယ်။ တပည့်တော်ရဲ့ တိုင်းပြည်တစ်ခုလုံးမက တခြားတိုင်းပြည်တွေကိုပါ ရချင်တယ် ဆိုရင်တောင် တပည့်တော် တိုက်ခိုက်သိမ်းပိုက်ပေးမယ်။ ဒီနှစ်တော့ ပြောကို ပြောရမယ် ဘုရားဟု အကျပ်ကိုင်တော့၏။ ထိုအခါ ရသေ့ကြီးက လူသူလေးပါးကို အရှင်းခိုင်းပြန်သည်။ လူတွေ အကုန်ရှင်း၍ ဘုရင်ကြီးနှင့် ရသေ့ကြီး နှစ်ဦး တည်းရှိသောအခါမှ သူအလိုရှိသော ဆန္ဒကို ဖွင့်ဟပါတော့သည်။ သူ့ဆန္ဒ ကား ‘လွှာဖိနပ်ကလေး တစ်ရန်လောက် လှူပါ’ ဟူ၍ ဖြစ်သတည်း။

## တောင်းတတ်သူနှင့် မပေးသူ

ရသေ့ကြီးမှာ ဟိမဝန္တာတောင်တန်းတစ်လျှောက်တွင် သစ်သီး၊ သစ်ရွက် အဆွတ်အခူး လှည့်လည်သောအခါ ခြေဖဝါးများ နာလွန်း၍၊ ဆူးငြောင့်ခလုတ်များ တွေ့တတ်လွန်း၍ သားရေဖြင့် ပြုလုပ်အပ်သော တစ်လွှာ သာ ရှိသော အညံ့စားဖိနပ်ကလေးမျိုးကို အလိုရှိနေခြင်း ဖြစ်လေသည်။

သို့ရာတွင် သူတစ်ပါးထံ တောင်းရမ်းဖို့ရန် ဝန်လေး၍ ဤမျှ ဖင့်နွှေးနေခြင်း ဖြစ်သတတ်။ ဆရာတော်က ဇာတ်တော်လာ ဤဝတ္ထုကြောင်း ကလေးကို မကြာမကြာ ပြောပြတတ်၍ ဒါယကာ၊ ဒါယိကာမများထံ အတောင်းအရမ်း မထူဖို့ တပည့်တို့အား ဆုံးမတတ်လေသည်။ ဤရသေ့ကြီး ကို အတုယူဖို့ရန် နမူနာပြတော်မူတတ်၏။

ဘာကြောင့်နည်း၊ တောင်းတတ်သူသည် ငိုတဲ့သူနှင့် တူ၍ မပေး သောသူသည်လည်း ပြန်၍ ငိုတဲ့သူနှင့် တူသောကြောင့် ဖြစ်လေသည်။

## တောင်းတတ်သူ

တောင်းတတ်သူသည်၊ ငိုသောမည်၏။
မကြည်မဖြူ၊ မပေးသူလည်း
ထို့တူခေါ်လေ့၊ ပြန်၍ငိုသည့်
သူပင်မည်၏။

လင်းလွန်းခင်စာပေ

စိတ်ကြည်မနူး၊ နှစ်ဦးနှစ်ဝ
တူအမျှပင်၊ ဒေါသမလွတ်
ဖြစ်သတတ်ကြောင့်။
သူမြတ်သူလျှာ၊ သူတော်စွာတို့
ဗာရာပြည့်ရှင်၊ ဒကာစင်လျက်
လက်တွင်ကိုင်ယူ၊ တောသလူရွက်၊ ထီးတစ်လက်နှင့်၊
သက်သက်တစ်ထပ်၊ လွှာဖိနပ်မျှ
လိုအပ်လျက်ကဲ့၊ ခံတွင်းမဲ့သို့၊
ဆယ့်နှစ်နှစ်ကျော်၊ တိုင်အောင်သော်လည်း
နှုတ်တော်မလှစ်၊ မတောင်းဖြစ်တည့်။
**(မန်လည်ဆရာတော်၏ မဃဒေဝ)**

## ဗုဒ္ဓကျောင်းတော်ကြီးလို

၁၉၆၇ ခုနှစ်လောက်က ဖြစ်၏။ ဆရာကြီးရွှေဥဒေါင်း၏ တပည့် စာရေးဆရာ ငွေဥဒေါင်းက ရှုမဝမဂ္ဂဇင်းတွင် စာဝက်ပါ အခန်းကဏ္ဍကို ရေးသားလျက် ရှိသည်။ ထိုတွင် စာရေးဆရာ ငွေဥဒေါင်းက အမရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးကို ဘုရားရှင်လက်ထက်က ဗုဒ္ဓကျောင်းတော် ကြီးနှင့် နှိုင်းယှဉ်၍ အောက်ပါအတိုင်း ရေးလိုက်လေသည်။

'ဗုဒ္ဓ၏ သရက်ဥယျာဉ်ကျောင်းတော်သို့ စိတ်နှလုံးနောက်ကျိနေသော အဇာတသတ်မင်း ရောက်ရှိသွားသောအခါ တိတ်ဆိတ်ငြိမ်သက်၍ သန့်ရှင်းကြည်လင်သော အတွေ့အထိကြောင့် စိတ်သက်သာရာရခြင်း၊ ငြိမ်းချမ်းခြင်းအရသာကို ခံစားရသကဲ့သို့ မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီး အတွင်းသို့ ဝင်လိုက်လျှင်လည်း ထိုခံစားချက်မျိုး ခံစားရသည်' ဟူ၍ လည်းကောင်း၊ 'နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသော ကျောင်းတိုက်မှာ အမရပူရမြို့က မဟာဂန္ဓာရုံ ကျောင်းတိုက်သာလျှင် ဖြစ်၏' ဟူ၍ လည်း ကောင်း ငွေဥဒေါင်းက ရေးလေသည်။

ထို့ပြင်လည်း ဆရာကြီး ရွှေဥဒေါင်းအား မဟာဂန္ဓာရုံကျောင်း တိုက်ကြီး၏အကြောင်းကို ခဏ ခဏ ပြောပြသော ဟူ၏။ ထိုအခါ ဆရာကြီး

က 'ကဲ- မောင်ရင်၊ ဒါလောက်တောင် အပြောကောင်းလှတာ မနက်ဖြန် သွားကြမယ်။ သွားဖို့လာဖို့ မောင်ရင်ပဲ စီစဉ်ပါ'

## တိတ်ဆိတ်အေးဆေး ငြိမ်းချမ်းလှပါဘိ

ဤသို့ ပြောဆိုတိုင်ပင်ကြပြီးလျှင် ရွှေဥဒေါင်းနှင့် ငွေဥဒေါင်း ဆရာ၊ တပည့် နှစ်ဦးတို့သည် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ဆိုက် ဆိုက်မြိုက်မြိုက် ရောက်လာကြတော့၏။ အမှန်မှာ ဆရာကြီး ငွေဥ ဒေါင်းသည် မဟာဂန္ဓာရုံကျောင်းတိုက်နှင့် ကွဲကွာခဲ့သည်မှာ အတော်ကြာပြီ ဖြစ်၍ လွမ်းဆွတ်သယောင်လည်း ဖြစ်နေခဲ့သည်ဟူ၏။ ထို့ကြောင့် လာဖြစ် အောင် လာခဲ့ခြင်း ဖြစ်လေသည်။

ဟုတ်ပါသည်၊ စာရေးဆရာ ငွေဥဒေါင်း ပြောသလိုပင် မဟာ ဂန္ဓာရုံကျောင်းတိုက်ကြီးကလည်း ယခင်တုန်းက မိမိရောက်ဖူးစဉ်က အခြေ အနေမျိုး မဟုတ်တော့ပါ။ ယခု တစ်မူထူးခြား၍ အံ့အားသင့်ဖွယ် ဖြစ်နေ ပါတော့၏။ ကျောင်းတလင်း သန့်ရှင်း၍ တိတ်ဆိတ်ငြိမ်းချမ်းသော ဥယျာဉ် ကြီးတစ်ခု ဖြစ်နေပါ၏။ ထို့ကြောင့်ပင် ငွေဥဒေါင်းက ဘုရားရှင် သီတင်းသုံး တော်မူရာ ဇေတဝန၏ သရက်ဥယျာဉ်ကျောင်းတိုက်ကြီးနှင့် ပုံနှိုင်းခြင်း ဖြစ်ပေ သည်ဟု ဆရာကြီး ရွှေဥဒေါင်းက ဝန်ခံရပါသတဲ့။

ထို့နောက် ဆရာတော်ထံသို့ ချဉ်းကပ်သွားကြ၍ ဆရာတော်နှင့် ဝမ်းသာအယ်လဲ နှုတ်ဆက်ပြောဆိုတော့သည်။ ဆရာတော်ထံသို့ ရောက်တိုင်း စာပေအရေးအသားနှင့် ပတ်သက်၍ လည်းကောင်း၊ မေတ္တာသဘောတရားနှင့် ပတ်သက်၍လည်းကောင်း၊ အနတ္တဝါဒနှင့် ပတ်သက်၍လည်းကောင်း လျှောက် ထားကာ အများအားဖြင့် ဆွေးနွေးတတ်ကြလေသည်။

## မိမိထက်သာ တစ်ဦးတည်းရှိ

ဤနည်းအားဖြင့် ဆရာကြီးရွှေဥဒေါင်းသည် ဆရာတော်ထံသို့ မကြာ မကြာ ရောက်လာတတ်လေ၏။ ဆရာတော်ကို ယုံကြည်၊ အယူအဆ သဘာဝ ပိုင်းနှင့် ပတ်သက်၍လည်း ရှိသေပြန်လေသည်။ အကြိမ်ကြိမ် အဖန်ဖန် ဆွေးနွေးခွင့်ရသဖြင့် ဆရာတော်နှင့် အတော်ရင်းနှီးလေ၏။

တစ်ခါတုန်းက မန္တလေးမြို့ အဘိဓမ္မမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီး ဦးသူရိယထံသို့ ရောက်ခိုက်တွင် ဆရာကြီးရွှေဥဒေါင်း 'မြန်မာနိုင်ငံမှာ တပည့်တော်ထက် စာရေးသာတာ တစ်ဦးတည်း ရှိတယ် ဘုရား။ အဲဒီပုဂ္ဂိုလ်က ဘယ်သူလဲ ဆိုရင် တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသပဲ ဘုရား။ သူက ပိဋကတ်စာပေတွေကို ထုံးလိုချေ၊ ရေလို နှောက်နိုင်တော့ တပည့်တော်ထက် သာနေတာပါဘုရား' ဟူ၍ လျှောက်ထား လေသတတ်။

## မေတ္တာဝါဒ ရှုထောင့်ကဏ္ဍ

ဆရာကြီး ရွှေဥဒေါင်းသည် လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာတွင် အယ်ဒီတာချုပ်အဖြစ်နှင့် တာဝန်ယူနေရစဉ်က ဆရာတော်ထံသို့ ရောက် ရောက်လာတတ်၏။ ပြီးလျှင် မေတ္တာနှင့် ပတ်သက်သော အချက်အလက်များ ကို လျှောက်ထားဆွေးနွေး၍ လုပ်သားသတင်းစာတွင် 'မေတ္တာဝါဒရှုထောင့် ကဏ္ဍ' ဖွင့်လှစ်ကာ ရေးသားတင်ပြလေသည်။

ထိုအခန်းတွင် 'အဂ္ဂမဟာပဏ္ဍိတ ဆရာတော်တစ်ပါးနှင့် ဆွေးနွေး ချက်' ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြထား၏။ ယင်းဖော်ပြချက်ကို ယခု ပြန်လည်၍ တင်ပြရသော် -

ဆရာတော်။ ။ ဘယ်တုန်းက ရောက်လာသလဲ ဒကာကြီး။

ရွှေဥဒေါင်း။ ။ တပည့်တော် မနေ့ကရောက်ပါတယ် ဘုရား၊ ရောက်ရောက်ချင်း စစ်ကိုင်းတောင်ရိုးကို သွားပြီး အရှင်ဘုရားထံ လာခဲ့ပါ တယ်ဘုရား။

ဆရာတော်။ ။ ဒကာကြီးကို ကျန်းကျန်းမာမာမြင်ရတာ ဘုန်းကြီး သိပ်ဝမ်းသာတယ်။ ဒကာကြီးရေးတဲ့ စာတွေကို ဘုန်းကြီး အမြဲတမ်း စောင့် ဖတ်ပါတယ်။ ခုမှ မဟုတ်ဘူး၊ ဂျပန်ခေတ် မတိုင်မီကတည်းက ဖတ်ဖတ်လာ ခဲ့ပါတယ်။

ရွှေဥဒေါင်း။ ။ အရှင်ဘုရားက ဘယ်လို သဘောရပါသလဲ ဘုရား။

ဆရာတော်။ ။ ဘုန်းကြီးကတော့ ငယ်ကြိုက်ပဲ ဒကာကြီး။ သို့သော်

ဆရာနှင့် ဒကာဖြစ်တဲ့အတိုင်း ပြောချင်တာလေးတွေတော့ ရှိတာပဲ။ ဒကာကြီး။

ရွှေဥဒေါင်း။ ။ ပြောစရာရှိလျှင် တပည့်တော်ကို မညှာပါနှင့် ဘုရား၊ အမိန့်ရှိတော်မူပါ။

ဆရာတော်။ ။ ဆရာ၊ ဒကာဆိုပေမယ့် ဒကာကြီးက ဘုန်းကြီး ထက်အသက်အားဖြင့် ၁၀ နှစ်ကြီးတယ်။ လောကီ ဗဟုသုတအရာမှာလည်း ဘုန်းကြီးထက် များစွာ ပြည့်စုံတယ် ဆိုတော့ ပြောစရာများများတော့ မရှိ ပါဘူး။

ရွှေဥဒေါင်း။ ။ တပည့်တော် ရောက်တဲ့အခါမှာ တစ်ခွန်းတစ်ပါဒ ဖြစ်စေ ဩဝါဒမိန့်ကြားတော်မူပါ ဘုရား။ တပည့်တော်က ဦးထိပ်ပန်ဆင်ဖို့ အသင့်ပါ ဘုရား။

ဆရာတော်။ ။ ပြောစရာစကားက အသစ်အဆန်းတော့ မဟုတ်ပါ ဘူး။ ဘုန်းကြီးနှင့် ဒကာကြီးနဲ့ တွေ့ကြတဲ့အခါတိုင်း သတိပေးနေကျ ဖြစ်တဲ့ စကားတစ်ခွန်းပါပဲ။

ရွှေဥဒေါင်း။ ။ တပည့်တော် မှတ်မိပါတယ် ဘုရား၊ 'မှန်သော စကားပင် ဖြစ်သော်လည်း အကျိုးရှိ၊ မရှိ ချင့်ချိန်ပြီး ပြောသင့်မှ ပြောရမယ်' ဆိုတဲ့ ဩဝါဒစကား မဟုတ်လား ဘုရား။

ဆရာတော်။ ။ အား- ဒကာကြီး မှတ်မိသားပဲ၊ သာဓု၊ သာဓု။

ရွှေဥဒေါင်း။ ။ မှတ်မိလို့ ဟိုတစ်လောက မဟာစည်ဆရာတော်နှင့် တွေ့လို့ ဒီစကားအတိုင်းပဲ ဩဝါဒပေးတယ် ဘုရား။ ဒါနဲ့ တပည့်တော်က 'တောင်မြို့ ဂန္ဓာရုံဆရာတော်ကလည်း ဒီဩဝါဒပဲ ပေးတယ် ဘုရား' လို့ တောင် ပြန်ပြီး လျှောက်ထားခဲ့သေးတယ်။ မဟာစည်ဆရာတော်ကိုတော့ 'မှန်ပါဘုရား' လောက်သာ လျှောက်ခဲ့ပါတယ်။ အရှင်ဘုရားကိုတော့ ဆရာ၊ တပည့် အရင်းအချာ ဖြစ်နေလို့ အနည်းငယ် ပြန်လည်လျှောက်ထားချင်ပါ သေးတယ် ဘုရား။

ဆရာတော်။ ။ လျှောက်ပါ ဒကာကြီး၊ လျှောက်ပါ။ ဒကာဆိုသော် လည်း ဒကာကြီးရဲ့ ပြန်လည်လျှောက်ထားချက်မျိုးကိုတော့ ဘုန်းကြီးလည်း ကြားလိုလှပါတယ်။

ရွှေဥဒေါင်း။ ။ တပည့်တော်သည် ဆရာတော်နှစ်ပါး၏ ဩဝါဒစကားကို ဦးထိပ်ရွက်ပန်ဆင်လိုသော်လည်း တပည့်တော်ရဲ့ အခြေအနေက တစ်မျိုးဖြစ်နေပါတယ် ဘုရား။

ဆရာတော်။ ။ ဘယ်လို တစ်မျိုးဖြစ်နေတာလဲ ဒကာကြီး။

ရွှေဥဒေါင်း။ ။ တပည့်တော် တစ်သက်တာမှတ်တမ်း စာအုပ်ကို အရှင်ဘုရားအား ကပ်လှူထားပြီး ဖြစ်လို့ အရှင်ဘုရား ဖတ်ရသည့်အတိုင်း လူတော်တော်များများက တပည့်တော်ကို နှိမ်ချင်ကြတယ်။ တပည့်တော် ရေးတဲ့ စာပေများကို 'ကစော်စာပေ' လို့ မဲ့ရွဲ့ပြီး ပြောသူကပြော၊ 'ငရဲသွားချင်ရင် ရွှေဥဒေါင်း၏ စာပေများကို ဖတ်ကြ' လို့ စာအုပ်ရိုက်ပြီး ဝေသူကဝေ၊ 'သူ့ကိုယ်သူ အရိယာပုဂ္ဂိုလ်တစ်ဦး မှတ်ထင်နေတယ်' လို့ ပြောသူကပြော 'ဝတ္ထုရေးသမားတစ်ယောက်က ပရမတ်နှင့် ပတ်သက်တဲ့ ကိစ္စမျိုးမှာ တောင်ရေးမြောက်ရေးနဲ့ ဝင်ရှုပ်နေတယ်' လို့ ဆိုသူက ဆို။ ဒီတော့ကာ သူတို့မသိသေးတဲ့ ကိစ္စမျိုးတွေမှာ တပည့်တော် သိထားတာမျိုးလည်း ရှိနေလေတော့ အရှင်ဘုရားများက ဩဝါဒပေးတော်မူကြသလို 'အကျိုးရှိသည်၊ မရှိသည်' စဉ်းစားမနေနိုင်တော့ဘဲ တပည့်တော် သိထားတဲ့ အချက်အလက်တွေကို လျှပ်တစ်ပြက် ဖော်ထုတ်ရေးမိတဲ့ အပြုအမူတွေ ပါကုန်တာပေါ့ ဘုရား။

ဆရာတော်။ ။ ဒကာကြီးရဲ့ တစ်သက်တာ မှတ်တမ်းစာအုပ်ကို ဘုန်းကြီး ဖတ်ခဲ့ဖူးလို့ သိရပါတယ်။ ဒကာကြီးက အဘိုးရဲ့ ဩဝါဒအတိုင်း 'ယောကျ်ားကလေး ဆိုတာ စုံမှကွ' ဆိုပြီး လောကကြီးမှာ လူစုံတစ်ယောက်ဖြစ်အောင် ပျော်ပျော်ပါးပါး နေချင်တတ်တဲ့ ဝါသနာက ရှိပေတာကိုး။ အဲဒီဝါသနာ၊ အဲဒီအမူအကျင့်တွေက ဒကာကြီးအဖို့ ဘောင်မဝင်အောင် ဖြစ်နေတယ်။ ဒီတော့ သူတို့က ဒကာကြီးကို ခနဲ့လိုက်၊ ဒကာကြီးက ပြန်တွယ်လိုက်နဲ့ အဆင်မပြေမှုတွေ ဖြစ်ပေါ်နေတယ်ပေါ့လေ။

ရွှေဥဒေါင်း။ ။ တပည့်တော် အယူအဆက 'လူတစ်ယောက်သည် သူတစ်ပါးအား မထိနိုက်သမျှ ကာလပတ်လုံး မိမိကြိုက်သလို နေထိုင်ခွင့်ရှိတယ်' လို့၊ ဒီလို မဟုတ်ပါလား ဘုရား။

ဆရာတော်။ ။ ဘုန်းကြီး ရှင်းပြပါဦးမယ်၊ ဒကာကြီးရဲ့ စာတွေထဲမှာ ဘုန်းကြီး ဖတ်ရဖူးတယ်။ 'မြင်းများဟာ အပြစ်ကလေးတစ်ခုရှိမှ စွန့်စားတတ်တယ်' တဲ့။ ပြီးတော့ 'သွားများဟာ ညီညာမှ လှသည် ဆိုသော်လည်း အချို့သော မိန်းကလေးများမှာ သွားတက်ကလေး ပါသည့်အတွက် ပို၍ကြည့်ကောင်းတယ်' ဆိုသလို ယောကျ်ားများအဖို့မှာလည်း ဒကာကြီးရဲ့ ဝတ္ထုထဲက သူတော်လိမ်တို့၊ ဒဂုဏ်တင်ဆိုတဲ့ ဇာတ်ကောင်၊ ဇာတ်လိုက်များကို ဒကာကြီးက အားကျပြီး အဘိုးရဲ့ ဩဝါဒအတိုင်း ကိုက်ညီအောင် ပျော်ပျော်ပါးပါးကလေး နေချင်တတ်တာကိုး။ ဒီအချက်ဟာ ဒကာကြီးအဖို့ နည်းနည်းခွကျဟန်တူတယ်။

ရွှေဥဒေါင်း။ ။ အမိန့်ရှိပါဦးဘုရား။

ဆရာတော်။ ။ နိုင်ငံရေးသမားများနှင့် အုပ်ချုပ်ရေးသမား စသည်တို့အဖို့မှာ လူစုံလူကောင်းများသည် ချီးမွမ်းခံရသော အဖြစ်သို့ ရောက်နိုင်ကြတယ်။ သို့သော် ဒကာကြီးကတော့ တရားလောကထဲမှာ ရှေ့ဆောင်ရှေ့ရှုက်ပြုလုပ်ချင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တော့ 'လူစုံလူကောင်း'တစ်ယောက် အနေနှင့် အံမဝင် ခွင်မကျဘူး ဒကာကြီး။

ရွှေဥဒေါင်း။ ။ ထပ်ပြီး အမိန့်ရှိပါဦး ဘုရား။

ဆရာတော်။ ။ ဒကာကြီးလို တရားလောကထဲမှာ ရှေ့ဆောင်ချင်တဲ့ ပုဂ္ဂိုလ်များအနက် ဘုန်းကြီးတို့လို ရဟန်းများအတွက်မှာတော့ 'စုံတယ်' ဆိုတဲ့ အခြင်းအရာသည် ခုတင်ကပြောခဲ့တဲ့ 'သွားတက်ကလေး'လို ပို၍ ကြည့်ကောင်းတဲ့ အရည်အချင်းတစ်ခု ဖြစ်မလာဘဲ အဲဒီအတွက် အကြည်အညို ပျက်စရာ ဖြစ်သွားနိုင်တယ် ဒကာကြီး။

ရွှေဥဒေါင်း။ ။ အရှင်ဘုရား ဆိုလိုတော်မူခြင်းက တပည့်တော်ကဲ့သို့ တရားဘက်မှာ ဦးဆောင်ချင်တဲ့ ပုဂ္ဂိုလ်များနှင့် အရှင်ဘုရားတို့ကဲ့သို့သော ရဟန်းများအဖို့မှာ အနေအထိုင်နှင့် ပတ်သက်လို့ အပြစ်အနာအဆာ မရှိဘဲ ဖြူစင်သန့်ရှင်းလေလေ ကောင်းလေလေ ဖြစ်သည့်အတွက် တတ်နိုင်သမျှ ဖြူစင်သန့်ရှင်းအောင် ကြိုးစားနိုင်မှ တော်ရုံကျတယ်လို့ ဆိုလိုခြင်း မဟုတ်လား ဘုရား။

ဆရာတော်။ ။ ဟုတ်တာပေါ့ ဒကာကြီး၊ သိပ်မှန်တာပေါ့။

## ဇာတ်သိမ်းခန်းတွင်

ဤသို့ စသည်ဖြင့် ဆွေးနွေးရေးသား တင်ပြထားလေသည်။ ဆရာကြီး ရွှေဥဒေါင်းသည် အခြားအခြားသော စာရေးဆရာတို့နှင့် ဆိုလျှင် ဘုကန့်လန့် လုပ်ချင်သော်လည်း ဂန္ထာရုံဆရာတော် အရှင်ဇနကာဘိဝံသကိုကား လေးလေးစားစား ဦးထိပ်ထားပေ၏။ နောက်ဆုံး ဘဝဇာတ်သိမ်းခါနီး မန္တလေးနေအိမ်တွင် သူ မကျန်းမမာ ဖြစ်သောအခါ ‘ဆရာတော် အရှင်ဇနကာဘိဝံသကို ဖူးလိုလှပါသည်’ ဆို၍ သူကိုယ်တိုင် မိတ်ဆွေတစ်ဦး၏ ကားဖြင့် ဆရာတော်ထံသို့ သွားမည်ဟု ကြိုးစားသည် ဟူ၏။

ထိုအသံကိုကြား၍ ဆရာတော် အရှင်ဇနကာဘိဝံသက ‘ဒကာကြီး မလာခဲ့ပါနဲ့၊ ဘုန်းကြီးနှင့် ဒကာထိန်ဝင်းတို့ လာခဲ့ကြမည်’ ဟု အကြောင်းကြားစေသည်။ ထို့နောက် ဒကာထိန်ဝင်းနှင့်အတူ အမရပူရမှ ဂျစ်ကားတစ်စီးဖြင့် ဆရာကြီးအိမ်သို့ ရောက်ခဲ့ကြ၏။

ဆရာတော်က ဆရာကြီးရွှေဥဒေါင် ခေါင်းရင်းဘက်မှ နေ၍ ဗုဒ္ဓါနုဿတိဘာဝနာတရားကို အတော်ကြာအောင် ဟောကြား၍ ပေး၏။ ဆရာကြီးကလည်း အားရပါးရ ခြိုက်ခြိုက်မြိုက်မြိုက်ပင် နာယူ၍ သွားလေသည်။

## သာသနာတော်ကို အထင်သေးမခံနိုင်၊ သာသနာတစ်ခေတ် ကြုံဖို့ မလွယ်ဘူး

ဆရာတော် အရှင်ဇနကာဘိဝံသက ထုံးစံအတိုင်း တပည့်ရဟန်းငယ်တို့အား တတွတ်တွတ် ဩဝါဒပေးနေသည်။

“ဒီသာသနာတော်က လွယ်လွယ်ကလေးနှင့် ပေါ်လာရတာ မဟုတ်ဘူး။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတောင် အနစ်နာခံပြီး ပါရမီတွေ ဖြည့်မှ ဘုရားဖြစ်လာရ၊ သာသနာပေါ်လာရတာ။ ဘုရားတစ်ဆူ ဖြစ်ဖို့ ခဲယဉ်းတာပဲ။ ဒါကြောင့် ဒီသာသနာဟာ တန်ဖိုးကြီးမားတယ်၊ တန်ဖိုးကြီးမားတဲ့ ပစ္စည်းကို ရိုသေရမယ်၊ လေးစားရမယ်၊ တန်ဖိုးထားရမယ်။ ဦးပဥ္စင်းတို့၊ ကိုရင်တို့ဟာ အခု တန်ဖိုးကြီးမားတဲ့ သာသနာတော်ထဲ ရောက်နေကြပြီ၊ သတိရှိကြပါ၊ တန်ဖိုးရှိမှန်း သိပါစေ၊ သိလလုံအောင် ထိန်းကြပါ။

တတိယသင်္ဂါယနာပွဲကြီးရဲ့ ခေါင်းဆောင် ထိပ်ခေါင်တင် အရှင်

မဟာမောဂ္ဂလိပုတ္တတိဿဟာ ဗြဟ္မာ့ပြည်က ဆင်းလာတာပါ၊ တာဝန်နှင့် လာခဲ့ရသူပါ။ ဒုတိယ သင်္ဂါယနာပွဲအပြီး မထေရ်ကြီးတို့က 'နောင် အနှစ် တစ်ရာလောက် ဆိုရင် သင်္ဂါယနာ တင်ရဦးမှာပဲ'။ အဲဒီပွဲမှာ ခေါင်းဆောင် ဖြစ်နိုင်မည့် အစွမ်းရှိသူကို ရှာတဲ့အခါ လူ့ပြည်၊ နတ်ပြည်မှာ မတွေ့ပါဘူး။ ဗြဟ္မာ့ပြည်မှာ သွားတွေ့ကြတယ်။

'အို-အရှင်တိဿဗြဟ္မာကြီး၊ အသင်သည် သာသနာကို ပြုနိုင်စွမ်း ရှိသူတစ်ယောက်ပါ။ ဤဘုံက စုတေလျှင် အထက်ဘုံကို မတက်ပါနှင့်တော့။ လူ့ပြည်ကိုဆင်း၍ လူသားအဖြစ်နှင့် သာသနာပြုပါ' လို့ တောင်းပန်ခဲ့ကြ တယ်။ အဲဒီအခါ ဗြဟ္မာကြီးက 'အလို... ငါဟာ သာသနာကို ပြုနိုင်စွမ်း ရှိသူတစ်ယောက် ဖြစ်သတဲ့' ဟုဆိုကာ သူ့ကိုယ်သူ အလွန်အားရဝမ်းသာ ဖြစ်ရပါသတဲ့။ အဲဒီနောက် အထက်ဗြဟ္မာစည်းစိမ်ကို မယူတော့ဘဲ၊ ဗြဟ္မာ့ စည်းစိမ်နှင့် လဲ၍ လူ့ပြည်မှာ လာပြီး သာသနာပြုခဲ့တာပါ။ သာသနာပြု ရမယ် ဆိုတဲ့ဘဝကို မြတ်နိုးလို့ အထက်ဗြဟ္မာ စည်းစိမ်ကိုတောင် မယူတော့ ဘူး၊ ထားခဲ့တယ်။ ဗြဟ္မာစည်းစိမ်နှင့် လဲပြီး သာသနာပြုလာတယ်။

အဲဒီလို တန်ဖိုးရှိတဲ့ပစ္စည်းကို တန်ဖိုးရှိမှန်း သိကြတယ်။ ဦးပဥ္စင်း တို့၊ ကိုရင်တို့လည်း သိကြပါ။ သာသနာကို အထင်သေး အမြင်သေးဖြစ်အောင် မလုပ်ကြပါနှင့်။ မြတ်စွာဗုဒ္ဓမှာ ဒီသာသနာဖြစ်လာဖို့ ခဲတောင့်ခဲယဉ်း ကျင့်ခဲ့ရ၊ ပါရမီတွေ ဖြည့်ခဲ့ရတာပါ။ တိဿဗြဟ္မာကြီးရတဲ့ အခွင့်အရေးကို အခု ဦးပဥ္စင်းတို့၊ ကိုရင်တို့ ရနေကြပြီ။ ဘုရားစကား လိုက်နာသောအားဖြင့် သာသနာပြုကြပါ"

## မော်ကြည့်ခံဘဝမှ ငုံ့ကြည့်ခံဘဝရောက်

"ဒီသာသနာတော်ကို စတင် တည်ထောင်တုန်းက လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတွေပိုင်ရှင် သဗ္ဗညုတ ဘုရားသခင်၊ အဲဒီနောက် တိုင်းပြည်ဦးကင်း ရှင်ဘုရင် မင်းဧကရာဇ်များ၊ အိမ်ရှေ့စံများ၊ မင်းညီ မင်းသားများ၊ ပညာရှိ ပဏ္ဍိတ်များ၊ သူဌေးသူကြွယ်များနှင့် ကုန်သည်ပွဲစား ဂုဏ်ရှိသိန်ရှိ ပုဂ္ဂိုလ်များချည်း ထမ်းဆောင်လာခဲ့ကြတာ။ အစဦးပိုင်းက ဂုဏ်ရှိတဲ့ သာသနာတော်ကို ဂုဏ်ရှိတဲ့ပုဂ္ဂိုလ်များက ချီးမပင့်မြှောက်ထား

တယ်ဆိုတော့ သာသနာတော်ကို အားလုံးက မော်ပြီး ကြည့်ကြရတဲ့ အခြေအနေနှင့် တင့်တယ်ခဲ့ရတယ်။

ဟော- အခုနောက်ပိုင်းကျတော့ ဒီသာသနာတော်ထဲ ဝင်လာတဲ့သူတွေက လူပေါင်းစုံ၊ အမျိုးပေါင်းစုံ၊ အကြောင်းအမျိုးမျိုးနှင့် ဝင်လာကြတာ၊ ဇာတ်ပေါင်းစုံပဲ။ စုံချင်စုံပါစေ၊ သာသနာထဲမှာ သာသနာတော်နှင့် ထိုက်တန်အောင် နေကြ ထိုင်ကြ၊ ကျင့်ကြရင် အထင်သေး အမြင်သေးဖြစ်ဖို့ အခြေအနေမရှိဘူးပေါ့။ အခုတော့ ကိုယ့်သဘောနှင့်ကိုယ် ထင်သလို ကြမ်းကြလို့ ပရမ်းပတာနှင့် စည်းလွတ်ကမ်းလွတ်တွေ ဖြစ်လာကြတော့ လူကြီးလူကောင်းဆိုတဲ့သူတွေက သာသနာကို မော်မကြည့်တော့ဘဲ အထင်သေးတဲ့မျက်လုံးနှင့် ငုံ့ကြည့်နေကြပြီ။ ဒါကို ဘုန်းကြီးက မခံနိုင်ဘူး။ ဒါ ဝန်ထမ်းသားတွေ ညံ့လာလို့ ဖြစ်ရတာပဲ။

'ဒါကြောင့် သာသနာတော်ကြီး ကျဆင်းလာတယ်ဆိုတာ သူ့ဟာသူ အလိုလို အကြောင်းမဲ့ကျဆင်းလာတာ မဟုတ်ဘူး။ သာသနာထဲ နေတဲ့သူတွေ ညံ့လာလို့ ကျလာတာပဲ။ ထက်ထက်မြက်မြက်နှင့် ကျင့်ကြံသူတွေ၊ စွမ်းစွမ်းတမံနှင့် အလုပ်လုပ်သူတွေ၊ အထက်တန်းကျကျ စိတ်ထားရှိတဲ့သူတွေ လက်ထက်တုန်းက သာသနာတော်ကြီးဟာ အမြင့်တန်း ရောက်နေခဲ့တာပါပဲ။ ဒီတော့ ကျတယ်၊ တက်တယ် ဆိုတာ သာသနာ့ဝန်ထမ်းသားတွေအပေါ်မှာ အများကြီး တည်နေတာပဲ''

## အစစအရာရာ ပြုပြင်ကြစမ်းပါ

''ဒါကြောင့် ဘုန်းကြီးက သတိပေးနေရတာ၊ တစ်သာသနာလုံးရှိ သာသနာ့ဝန်ထမ်းသားတွေကို သတိပေးနေခဲ့တာ။ 'အားလုံး ပြုပြင်ကြပါ၊ စစ်ဘေးစစ်ဒဏ်ကြောင့် ဒီတိုင်းပြည်မှာ တိုင်းပြည်နှင့်အတူ ပြန်လည်ပြုပြင်ကြရမယ်။ ပြုပြင်လျှင် ပြုပြင်သလို တက်လာနိုင်ပါသေးတယ်' လို့၊ ဘာတွေ ပြုပြင်ရမလဲဆိုရင် -

၁။ ကိုယ်ကျင့်သီလတွေ ပထမဦးစွာ ပြုပြင်ကြရပါမယ်၊

၂။ စိတ်နေစိတ်ထားတွေ၊

၃။ အဝတ်အရုံတွေ၊

၄။ စားပုံ သောက်ပုံတွေ ပြုပြင်ကြရမယ်၊

၅။ အပြောအဆို အဆက်အဆံ၊

၆။ နေပုံထိုင်ပုံတွေ ပြုပြင်ကြရမှာပဲ။

ဒါလောက် ပြုပြင်လိုက်ရင်ပဲ အဆင့်အတန်းဟာ အတော်ကြီး မြင့်တက်သွားပါပြီ။

သာသနာမှာ ကိုယ့်ကျင့်သီလ 'ဝိနည်း' ဟာ အရေးအကြီးဆုံး၊ ပဓာနအကျဆုံးပါပဲ။ အနိမ့်အမြင့် အမျိုးဇာတ်ပင် ပဓာန မဟုတ်သေးဘူး၊ ဝိနည်းတေဒဂ်ဘွဲ့ထူးရ ပထမသင်္ဂါယနာရဲ့ ဝိသဇ္ဇက အရှင်ဥပါလိမထေရ်ဟာ လူ့ဘဝတုန်းက မင်းညီမင်းသားတို့ရဲ့ အလုပ်အကျွေး ဆတ္တာသည်ပဲ။ ဒါပေမဲ့ ရဟန်းဘဝရောက်တော့ ဘုရားရှင်ထံမှ ဝိနည်းပိဋကတ်တွေကို အပြည့်အဝ သင်ယူပြီး အပြည့်အဝကျင့်သုံးလိုက်တော့ အားလုံး၏ ကျက်သရေဆောင် တစ်သာသနာလုံးရဲ့ ထိပ်ခေါင်တင် ဖြစ်သွားတော့တာပဲ။

ဒါကြောင့် ဦးပဥ္စင်းတို့၊ ကိုရင်တို့တစ်တွေ ဘုန်းကြီးက ဝိနည်းကို ဦးစားပေး၊ အလေးပေးပြီး သင်ပေးနေရတာ။၊ ဝိနည်းကို သိပြီးရင်လည်း လက်တွေ့ကျင့်သုံးကြပါ၊ ဝိနည်းမရှိလို့ သာသနာကျလာတာပဲ။ ဝိနည်းကျင့်သုံးလာကြရင် သာသနာဟာ ပြန်တက်လာနိုင်သေးတာပဲ။ အချုပ်ပြောရရင် 'ရှေးတုန်းကလို ဝိနည်းသာသနာ ပြန်လည်ထွန်းကားလာအောင် ကျင့်သုံးကြပါ' လို့ တိုက်တွန်းလိုပါတယ်။

ပြီးတော့ သာသနာပြုပုဂ္ဂိုလ်ဆိုတာ စိတ်ထားလည်း ဖြူစင်ဖြောင့်မတ်ရမယ်၊ အဝတ်အစားကိုလည်း မြင်လိုက်ရုံနဲ့ ချပ်ချပ်ရပ်ရပ် ကြည်ညိုဖွယ်ရှိစေရမယ်။ နိဂြောဓ သာမဏေကလေးရဲ့ အဝတ်အရုံကို မြင်လိုက်ရရုံနဲ့ ကြည်ညိုသွားရတဲ့ အသောကမင်းကြီး၊ အရှင်အရဟံရဲ့ တည်ငြိမ်တဲ့ သိက္ခာ ပုံပန်းအသွင် အဝတ်အရုံကို မြင်ရရုံနှင့် ကြည်ညိုသွားရတဲ့ ပုဂံ အနော်ရထာမင်းများဟာ သာသနာတော်အတွက် ဘယ်လောက်များ အကျိုးများသွားသလဲ။ အဲသလို အသွင်အပြင်ဖြစ်အောင် အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ယူရင် ရနိုင်တာပဲ 'လူမှာအဝတ်၊ တောင်းမှာအကွပ်' တဲ့၊ ဒါလည်း အရေးကြီးတာပဲ"

## သဘာဝကျ၍ ယဉ်ကျေးအောင်

"အစားအသောက်နှင့် ပတ်သက်ပြီး မြတ်စွာဘုရားက နေရာတော်တော်များများမှာ ဘောဇနေမတ္တညုတာလို့ အတိုင်းအရှည်ကိုသိဖို့ သတိပေးချက်များစွာ ရှိပါတယ်။ ဘုန်းကြီးတို့ သာသနာ့ဝန်ထမ်းသားတွေဟာ တော်တော်သတိထားဖို့ လိုပါတယ်။ ကိုယ်ကျင့်သီလတို့၊ စိတ်နေစိတ်ထားတို့၊ အဝတ်အရုံတို့ဆိုတာ ကိုယ့်ကျောင်းတိုက်၊ ကိုယ့်နေရာမှာ ကိုယ့်ချည်းဖြစ်နိုင်တဲ့ ကိစ္စပါ။ ဟောဒီ အစားအသောက်ကျတော့ ပရပဋိဗဒ္ဓ - သူများနှင့် ဆက်စပ်ပြီး ကိုယ့်ချည်းပဲ မဖြစ်နိုင်တော့ဘူး။ ဒီအခါမှာ အတိုင်းအရှည်ကို သိရပါတယ်၊ အခြေအနေကို အကဲခတ်ရပါတယ်၊ အရာရာ သတိမလပ်စေရဘူး။ အလှူခံတဲ့နေရာမှာ အတိုင်းအရှည်ကို သိရသလို စားသောက်တဲ့နေရာမှာလည်း အတိုင်းအရှည်ကို သိရပါတယ်။

ဒါနဲ့စပ်လို့ ကောဝိဒတို့ တစ်နေ့တုန်းက ဆွမ်းကျွေးပွဲမှာ ငါးပါးလုံး တစ်ပြိုင်နက်ကြီး စားပြီးတာဟာ သဘာဝမကျဘူး။ ဒါ အဓိပ္ပာယ်မရှိပြန်ဘူး၊ မဖြစ်နိုင်ပါဘူး။ အဲဒီလို တစ်ပြိုင်နက်ကြီး ပြီးတော့ ဘာပြဿနာတက်လာသလဲဆိုရင် လက်ဆေးဖို့ရေခွက် မအားလပ်ခြင်း ပြဿနာပေါ်လာတယ်။ သူတို့အိမ်တွေမှာ အလေ့က ငါးပါးတစ်ပွဲမှာ ရေချိုင့်၊ ထွေးခံတို့က ဟိုဘက်၊ ဒီဘက် တစ်လုံးစီသာ ထားတတ်ကြတာ။ တစ်ပြိုင်နက်ကြီး ပြီးတော့ လက်ဆေးဖို့၊ ရေသောက်ဖို့ မအားလို့ စောင့်နေရရော။ အမှန်က တစ်ပါးနှင့်တစ်ပါး သိပ်မကွာခြားဘဲ မရှေးမနှောင်းသာ ပြီးသင့်တာ"

ဆရာတော်သည် ပစ္စည်းရှိသော တိုက်တစ်တိုက်မှ တစ်နေ့တုန်းက ဆွမ်းကျွေးပွဲတွင် အဆင်မပြေ၊ သဘာဝမကျသည်ကို သတိရ၍ ပြန်လည် ဩဝါဒပေးနေခြင်း ဖြစ်၏။ ယခင်တစ်ပတ်က ပြောခဲ့ဖူးသည်။

"ဆွမ်းစားမြန်တဲ့သူက အစောကြီးပြီးနေ၍ နှေးတဲ့သူက အကြာကြီးကြာမှ ပြီးသဖြင့် ကြည့်မကောင်းဘူး၊ တစ်မျိုးကြီး ဖြစ်တယ်။ တစ်ပါးနှင့်တစ်ပါး စောင့်ပြီး မနှေးလွန်း၊ မမြန်လွန်း စားပါမှပေါ့" ဟု မိန့်ကြားချက်အရပြင်လိုက်ပြန်သောအခါ တစ်ပြိုင်နက်ကြီး ပြီးနေပြန်သည်။

ဤမျှ သေးမွှားသော အချက်ကလေးကိုပင် သဘာဝကျရေးအတွက် ဆရာတော်က လိုလားတော်မူ၏။

'စားပြီးသား ဆွမ်းပန်းကန်ပြားမှာ ဆွမ်းလုံးတွေနှင့်၊ ဟင်းစက်တွေနှင့် ပေပွမနေစေနှင့်''ဟု တစ်ချိန်က သတိပေးထားဖူး၏။

သို့ဖြစ်၍ ပန်းကန်ပြားထဲ၌ ဆွမ်းလုံးတစ်လုံးမျှ မကျန်အောင်၊ ဟင်းစက် တစ်စက်မျှ မကျန်အောင် ဖြူဖွေးလျက်ပင် နေအောင် ပြုမိပြန်သောအခါ -

''ဦးပဉ္ဇင်းတို့ဟာ ဘယ်မှာ သဘာဝကျလိမ့်မလဲ။ စားပြီးတဲ့ ပန်းကန်ပြားဆိုရင် စားပြီးတဲ့ဟန်အတိုင်း ဟင်းစက်ကလေးတွေ နှစ်စက်၊ သုံးစက် လေးစက်၊ ဆွမ်းလုံးကလေးတွေ နှစ်လုံး၊ သုံးလုံး၊ လေးလုံးလောက်တော့ ရှိရမှာပေါ့။ ကြည့်မကောင်း၊ မြင်မကောင်း အများကြီး ပေပွမနေစေနဲ့ လို့သာ ပြောခဲ့တာပါ။ အခုတော့ စားပြီးသား ပန်းကန်ပြားဖြစ်ရက်နဲ့ ဖြူဖွေး နေအောင် လျှာနဲ့လျက်ထားသလို ဖြစ်နေပြန်တော့ အဂ္ဂာနဲ့တူနေ၊ မဟန်သေး ပါဘူး''ဟု မိန့်တော်မူပြန်သည်။

## မယဉ်ကျေးကြ၍ အထင်သေးခံရ

ဆရာတော်ကား သဘာဝကိုဆိုက်၍ ယဉ်ကျေးသည်ကို လိုလားတော်မူ၏။ အားလုံးအချုပ်မှာ သာသနာကို အထင်သေးမှာစိုးသည်။ ထို့ကြောင့် တပည့်ငယ်များကို အသေးစိတ်ပြုပြင်နေခြင်း ဖြစ်သည်။ တတွတ်တွတ်လည်း ဆုံးမတတ်သည်။ တတွတ်တွတ်ဆုံးမလျက်နှင့် မလိုက်နာသူကိုကား ဆရာတော်က အရပ်ထဲမှာ ဆွမ်းစားမလိုက်စေလို။

''ဘုန်းကြီးက အဲဒီသူမျိုးကို မစားစေချင်လို့တော့ မဟုတ်ပါဘူး။ သာသနာကို အထင်သေးမှာစိုးလို့ပါ။ အလိုက်သိတတ်တဲ့သူကိုပဲ ဆွမ်းညွှန်း ဘုန်းကြီးက ဆွမ်းစားထည့်ပါ။ အလိုက်သိ အကင်းပါးတဲ့သူကိုတော့ ထပ်ကာထပ်ကာ ဖြစ်ချင်ဖြစ်ပါစေ၊ ထည့်ပါ။ အလိုက်မသိတတ်သူ၊ ပြောလို့ မရနိုင်သူကိုတော့ ကျောင်းမှာပဲ စားနေရစ်ပစေ''

ဤသို့ပင် မှာကြားတတ်၏။ အဘယ့်ကြောင့်ဆိုသော် သာသနာကို အထက်တန်းစားဆိုသူများက အထင်သေးသွားမည်စိုးသောကြောင့် ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆက်လက်မိန့်ကြားနေပြန်၏။

“အသောကမင်းကြီး နန်းတက်ပြီးနောက် သူ၏ခမည်းတော် လက်ထက်ကလို စဉ်ဆက်မပြတ် နန်းတော်ထက်မှာ တိတ္ထိပေါင်း ခြောက်သောင်းကျော်ကို နေ့စဉ် ဆွမ်းကျွေးလာခဲ့တယ်။ ဒါပေမဲ့ စားကြပုံ၊ သောက်ကြပုံ ဣန္ဒြေမရသည်တို့ကိုမြင်ရ၍ မင်းကြီး ဘဝင်မကျဖြစ်နေသည်ကို သူတို့ မရိပ်မိကြဘူး။

အဲဒီနောက် နိဂြောဓ သာမဏေကလေးနှင့် သံဃာတော်များရဲ့ ဣန္ဒြေသိက္ခာကို ဖူးတွေ့ရတဲ့အခါ မင်းကြီးစေတနာ တစ်မျိုးတစ်ဖုံ ပြောင်းသွားတော့တယ်။ ကြည်ညိုမှု လိုင်းပြောင်းသွားတယ် ဆိုရမှာပေါ့။ အဲဒီအချိန်ကစပြီး တိတ္ထိခြောက်သောင်းကျော်ကို နန်းတော်နှင့် အဆက်ဖြတ်တော့တာပဲ။ သူတို့ရဲ့ ဣန္ဒြေသိက္ခာ မစောင့်စည်းမှုတွေကြောင့်ပေါ့။

ဘုန်းကြီးက ဒီအချက်လေးတွေကို စာချရင် သတိထားသွားတာ။ အမှတ်တမဲ့နှင့် အနက်ထင်ရုံသာ ချပေးတာမဟုတ်ဘူး။ စာချပြီးရင်လည်း စာရဲ့သဘောကို ကောက်ချက်ယူတယ်။ ပြီးတော့ လက်တွေ့နှင့်ဟပ် ပေါင်းစပ်ပြီး ကျင့်သုံးတယ်၊ ပြုပြင်တယ်၊ ကျက်သရေရှိအောင် လုပ်တယ်။

တိတ္ထိတို့ရဲ့ စည်းကမ်း ပရမ်းပတာ ဖြစ်မှု၊ ဣန္ဒြေမစောင့်စည်းမှုကြောင့် ဘယ်လောက် နစ်နာဆုံးရှုံးကုန်ကြရသလဲလို့”

## အောက်တန်းစား အမူအကျင့်တွေ

“တို့ဘုန်းကြီးတွေထဲမှာလည်း အဲဒီလို ကိုယ်တော်တွေ တော်တော်များများ တွေ့ရတယ်။ စာပေကိုလည်း သတိမထား၊ ယဉ်ကျေးသူများရဲ့ အမူအကျင့်ကိုလည်း အတုမယူ။ ကြည်ညိုသူ ဒကာ၊ ဒကာမတို့က သဒ္ဓါဗလဝနှင့် ဆွမ်းပင့်ကျွေးကြတဲ့အခါ ဣန္ဒြေမရ၊ လောလုပ္ပတဏှာ- လျှပ်ပေါ်လော်လည်တဲ့ အမူအရာတွေနှင့် အငမ်းမရ စားကြသောက်ကြတယ်။ သူ့ကြောင့် သာသနာတော်ကို ဘယ်လောက် အထင်သေးသွားတယ်ဆိုတာ သူ မသိဘူး။ တချို့က သူများတွေ ဆွမ်းစားနေတုန်းရှိသေး သလိပ်ချွဲခန်းတွေ အသံမြည်အောင် ဟက်တတ်ကြတယ်၊ မဆင်ခြင်ကြဘူး၊ အလွန် ရိုင်းရာကျတာပေါ့။

အဲဒီ သလိပ်ချွဲခန်းတွေကို ထွေးခံထဲ ထွေးထည့်တဲ့အခါမှာလည်း ထွေးခံနှင့် ပါးစပ်နှင့် အဝေးကြီး အမြင့်ကြီးကနေ ထွေးထည့်တော့ ဘေးလူတွေက ကိုယ့်ရဲ့သလိပ်ချွဲခန်းတွေကို မြင်ကုန်ရော၊ တကယ်ဆို ကပ်ထွေးပါလား၊ ဒါမှမဟုတ် ယပ်နှင့် ကွယ်ထား၊ လက်နှင့် ကာထားပြီးမှ ထွေးပါလား။ ပြီးတော့ ရှိတတ်သေးတယ်၊ ဆွမ်းစားပြီးတယ် ဆိုရင်ပဲ မီးခြစ်ပုံးထဲက မီးခြစ်ဆံကိုထုတ်ယူပြီး မုန့်ပဲသရေစာ၊ လက်ဖက်ရည် အချိုပွဲကြီးကို ရှေ့မှာထားလို့ သွားကြားထိုးနေတတ်ကြတယ်။ တချို့က ကိုယ့်မှာပါလာတဲ့ အပ်ချိတ်ကြီးနှင့် သွားကြားထိုးနေတတ်ကြတယ်။ သူ့ပါးစပ်ကြီး အဟောင်းသားကို ဘေးက မြင်နေရတတ်တယ် သူကတော့ မမြင်တာ၊ သူ့ပါးစပ်တွင်းက အညစ်အကြေးတွေကို ဘေးလူတွေကို ဖော်ပြနေသလို ဖြစ်တယ်။ အလွန်ရိုင်းရာကျတယ်။

သွားကြားထိုးပြီးတော့ စနစ်တကျ ထွေးခံထဲကို မထွေးချင်ဘူး၊ နီးရာပြတင်းပေါက်ကို လှမ်းပြီး ထွေးတတ်ကြတယ်။ ဒီတော့ သူ့ပါးစပ်ထဲက ငရုတ်သီးဖတ်ကြီးက သံတိုင်ကို သွားကပ်ကရော၊ အလွန်အောက်တန်းကျတဲ့ အမူအကျင့်ပဲ။ ဆိုင်ရာ ဒကာ၊ ဒကာမများကကော ခံနိုင်ပါ့မလား၊ ကြည်ညိုနိုင်ပါ့မလား။ ဒါမျိုးတွေမြင်တော့ သိပ်အထင်သေးခံကြရတာပေါ့။

ယဉ်ကျေးတဲ့ နိုင်ငံကြီးသားတွေကဆိုရင် မနေသာလို့ သွားကြားထိုးရတောင် လက်တစ်ဖက်က လက်ဝါးကလေးနှင့် ပါးစပ်ကို အုပ်လို့ ဖုံးလို့ ကာလို့ ဘေးလူ မမြင်စေရဘူး၊ အဲဒီလို ကျာခြားကြတာ”

## ယုတ်ညံ့တဲ့အလေ့ကို ရှောင်ရှားပါ

“တချို့မှာ လုပ်တတ်ကြသေးတယ်။ စားပြီးတဲ့အခါ ရေနွေးနှင့်၊ ဒါမှမဟုတ် ရေအေးနှင့် ပါးစပ်လုတ်ကျင်းပြီး လူရှေ့သူရှေ့မှာ ပါးစပ်ထဲ လက်ညှိုးကြီးထိုးသွင်းပြီး သွားတိုက်နေတတ်ကြတယ်၊ အလွန်ရိုင်းတာပဲ။ ကိုယ့်ကျောင်းကိုယ်ပြန်ရောက်မှ တိုက်ပါတော့လား၊ ဘာလို့ မစောင့်နိုင်ရတာလဲ။ တချို့ကတော့ အကျင့်တစ်မျိုး၊ ရေနွေးသောက်ပြီးမှာ ရေနွေးကို ပလုတ်ပလောင်းကြီး ငုံထားပြီး ‘ကလုပ် ကလုပ် ကလုပ်’ နှင့် နေအောင် ပါးစပ်ထဲမှာ မွှေနှောက်ပလုတ်ကျင်းနေတယ်။

'ထွေးပစ်မည်လား' လို့ ဘေးကထင်နေတုန်း 'ဂွတ်' ခနဲနေအောင် မျိုချလိုက်ကရော၊ သိပ်ရိုင်းတဲ့အကျင့်ပဲ။ ဘေးလူတွေက အပြစ်ပြောရင် 'ဘာဖြစ်လဲတဲ့၊ ကိုယ့်ပါးစပ်ထဲကဟာ ကိုယ်မရွံပါဘူး' တဲ့။

သူ မရွံပေမယ့် သူဟာ သိပ်အောက်တန်းကျနေတာ သူ မသိပါဘူး။ သာသနာမှာလည်း ထိခိုက်သေး။

သွားတုတပ်တဲ့လူတွေလည်း သတိထားကြရမှာပဲ။ စားသောက်နေတုန်း သွားက နေရာရွေ့ရွေ့သွားတော့ လူရှေ့သူရှေ့မှာ လက်ကြီးနှင့် သွားတုကို သွားသွားပြီး ကိုင်ရရော။ ပြီးတော့ ဒီလက်ကြီးနှင့် ဟင်းခွက်ကို ဆွမ်းကို သွားပြီးနှိုက်တော့ ကိုင်တော့ ဘေးကလူတွေက ဘယ်မှာကျေနပ်နိုင်တော့မလဲ။ ပြီးတော့ စားပြီးလျှင် စားပြီးချင်း ဒီသွားတုကြီးတွေကို ဖြုတ်ဖြုတ်ပြီး လူရှေ့သူရှေ့မှာ ဆေးရော။ ကိုယ့်နေရာကိုယ်ရောက်မှ ဆေးပါတော့လား''

ဆရာတော်အရှင်ဇနကာဘိဝံသကား သူ တွေ့ဖူးကြုံဖူးသမျှတွေကို ဖော်ထုတ်၍ ပြောပြနေ၏။ မိမိ၏တပည့်များ ဤသို့ မပြုလုပ်မိအောင် သြဝါဒပေးနေသည်။

ဆိုခဲ့ပြီး ပုဂ္ဂိုလ်များကြောင့် လူကြီးလူကောင်းဆိုသူတို့၏ အထင်သေး အမြင်သေးခံရသည့်အတွက် သာသနာဘက်က နစ်နာလှသည်၊ အခံရခက်လှသည်။ ထို့ကြောင့် ခံပြင်းသမျှ ဖွင့်ဟ၍ ဆရာတော်က သတိပေးနေခြင်း ဖြစ်သည်။

ဟုတ်ပါသည်၊ အမြင့်မြတ်ဆုံး၊ အယဉ်ကျေးဆုံး၊ အကြီးကျယ်ဆုံးဆိုသော ပါရမီသခင်ဘုရားရှင်၏ သာသနာကို ဘာသာလဝါပုဂ္ဂိုလ်တို့၏ အမူအကျင့်က ဖုံးလွှမ်းသေးသိမ် မှေးမှိန်စေသည်ကို ကြောင့်ကြမဲ့ကြည့်၍ နေမည်လော၊ မနေသင့်ပေ။ သာသနာ့ဝန်ထမ်းသားတိုင်း တာဝန်ရှိစွာ ပြုပြင်ရ၊ ကာကွယ်ရမည်သာတည်း။

## နိုင်ငံခြားသာသနာပြုရေးနှင့် အရှင်ဇနကာဘိဝံသ အမြစ်တွယ်သော သာသနာပြုနည်း

တစ်ချိန်တုန်းက မန္တလေးမြို့ စိန့်မေရီကျောင်းမှာ အစည်းအဝေး

ကြီးတစ်ခု ပြုလုပ်ဖူး၏။ ၁၃၁၆ ခုနှစ်လောက်က ဖြစ်သည်။ နိုင်ငံခြား သာသနာပြုကိစ္စအတွက် ဖြစ်၏။ နာမည်ကြီးဆရာတော်များ ပါဝင်ကြသည်။ လေ့လာရေးသံဃာတော်များနှင့် လူကြီးလူကောင်းများလည်း တက်ရောက်ကြ၏။ အခမ်းနားမှူးက စက်ရှင်တရားသူကြီးဦးထွန်းဖေ၊ သဘာပတိက ဒေါက်တာဆိုနီ၊ အစီအစဉ်အရ ဆရာတော်တစ်ပါးက အမိန့်ရှိသည်။

"သာသနာပြုတယ်ဆိုတာ အမြစ်တွယ်သော သာသနာပြုနည်း၊ အမြစ်မတွယ်သော သာသနာပြုနည်း နှစ်မျိုးရှိပါတယ်။ သမိုင်းကြောင်း အရပြောရရင် သောဏုတ္တရာ၊ မဟိန္ဒကာ စာပေသမိုင်းမှာ ထင်ရှားတော်မူကြတဲ့ အရှင်မြတ်နှစ်ပါးဟာ မြန်မာပြည်ဖွား တိုင်းရင်းသားများ မဟုတ်ကြဘူး။ နိုင်ငံခြားသားတွေပဲ။ အဲဒီအရှင်မြတ်များဟာ သူတို့တိုင်းပြည်မှ မြန်မာပြည်အောက်ပိုင်း သထုံကို ခဲခဲယဉ်းယဉ်းလာပြီး သာသနာ ပြုခဲ့ကြတယ်။ ပြုခဲ့တဲ့အတိုင်း ယနေ့အထိ မြန်မာပြည်မှာရှိနေတဲ့ သာသနာဟာ အဲဒီ အရှင်မြတ်နှစ်ပါး သယ်ဆောင်လာတဲ့ သာသနာလို့ ဆိုနိုင်ပါတယ်။ အောင်လည်း အောင်မြင်ပါတယ်။

ဒါကြောင့် ယနေ့ မြန်မာအမျိုးသားများဟာ ရှင်သာမဏေဘဝ မရောက်ဖူးသူ မရှိသလောက် ဖြစ်ခဲ့ပါတယ်။ ရဟန်းတော်များ ဆိုတာလည်း သိန်းကျော်ဂဏန်းမှာ ရှိပါတယ်။ ဒါဟာ အမြစ်တွယ်နိုင်အောင် ပြုနိုင်လို့ ဖြစ်ပါတယ်။

ဒါ့ကြောင့် အမြစ်မတွယ်သော သာသနာပြုနည်းထက် အမြစ်တွယ်သော သာသနာပြုနည်းကို စဉ်းစားသင့်ကြောင်း တင်ပြလိုပါတယ်" ဟု မိန့်ဆို၍ နိဂုံးချုပ်လိုက်သည်။

## ဘာမြစ်မှ မတွယ်ပါဘူး

ဤသို့ ဆရာတော်တစ်ပါး အမိန့်ရှိပြီးနောက် အစီအစဉ်အရ နောက်တစ်ပါးက အမိန့်ရှိပြန်သည်။

"သုတ္တနိပါတ်လာ ဗာဟိယဒါရုစိရိယ အမည်ရှိတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဟာ သာမဏေလည်း မဟုတ်၊ ရဟန်းလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ရသင့်ရထိုက်တဲ့ ရာထူးကိုတော့ အပြည့်အဝ ရရှိသွားတာပဲ။

ဒါတင် မကသေးဘူး။ သူ ကွယ်လွန်သွားတဲ့အခါ သူ့ရုပ်လောင်းကို ဘုရားရှင်ကိုယ်တိုင်က 'ရဟန်းတို့၊ ဗာဟိယဒါရုစီရိယရဲ့ အလောင်းကို ညောင်စောင်းဖြင့် ထမ်းခဲ့ကြ၊ မီးသင်္ဂြိုဟ်ကြရမယ်' လို့ မိန့်တော်မူပါတယ်။ လူဝတ်ကြောင်ရဲ့အလောင်းကို ရဟန်းတွေကထမ်းပြီး မီးသင်္ဂြိုဟ်ကြရတာပါ။ အဲဒီမှာ သာမဏေဆိုတဲ့ သာသနာ့အမြစ်၊ ရဟန်းဆိုတဲ့ သာသနာ့အမြစ် ဘာတစ်ခုမှ မတွယ်ခဲ့ပါဘူး။

ပြီးတော့ ရှိပါသေးတယ်၊ ဘုရားရှင်ကိုယ်တော်မြတ် တာဝတိံသာသို့တက်ပြီး အဘိဓမ္မာဒေသနာတွေ ဟောတုန်းက ကျွတ်တမ်းဝင်လိုက်ကြတဲ့ နတ်တွေ၊ ဗြဟ္မာတွေ မရေတွက်နိုင်ဘူးလို့ အဆိုရှိပါတယ်။ အဲဒီမှာလည်း ဘယ်သူမှ သာမဏေ၊ သာမဏေမတို့၊ ဘိက္ခု၊ ဘိက္ခုနီ ဖြစ်ကုန်တယ်လို့ စာမရှိပါဘူး။

အဲလို မရှိရုံနဲ့ အဲဒီမှာ သာသနာအမြစ်မတွယ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ အမှန်မှာ အမြစ်တွယ်တာ မတွယ်တာက ပဓာန မဟုတ်ပါဘူး။ လုပ်ငန်းခရီးရောက်၊ မရောက်က ပဓာနပါ။ သူတို့ဆီမှာ ဒီက သာသနာရောက်သွားရင်ပဲ မနည်းပါဘူး။

သူတို့သဘောကျရင် ဒီနည်းအတိုင်း သူတို့ဆီမှာလည်း ကျင့်နိုင်တာပဲ။ ဒါမှမဟုတ် ဒီလာပြီးတော့လည်း ကျင့်နိုင်တာပဲ။ ဘာတွယ်မှ ညာတွယ်မှတွေ မလိုပါဘူး'' ဟူ၍ တင်ပြတော့သည်။

## တည်ငြိမ်တဲ့ဣန္ဒြေ လိုအပ်

အစီအစဉ်အရ တတိယမြောက် တင်ပြပြောဆိုမည့် ပုဂ္ဂိုလ်မှာ အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသပင် ဖြစ်၏။ ဆရာတော်ကား သူ့မူဟန်အတိုင်း အေးအေးဆေးဆေးပင် ကြည်လင်ပီသစွာ ပြောပြပါသည်။

''တပည့်တော်ကြားဖူးတဲ့ အဖြစ်အပျက်ကလေးတစ်ခုကို တင်ပြပါရစေ။ မြို့ကြီးတစ်မြို့မှာ ကုံလုံကြွယ်ဝတဲ့ ကျောင်းဒကာကြီး တစ်ယောက်ရှိပါတယ်။

သာသနာရေးနှင့် ပတ်သက်လို့ နိုင်ငံခြားသားတွေ ရောက်လာရင် အဲဒီ ဒါယကာကြီးနဲ့ပဲ ဆက်သွယ်ရတာ။ တစ်နေ့တော့ မျက်နှာဖြူ အင်္ဂလိပ် နှစ်ယောက်က ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါးလောက်နဲ့ စကားပြောချင်ပါတယ်၊ စီစဉ်ပေးပါပေါ့လေ။

ဒီတော့ ကျောင်းဒါယကာကြီးက သူ ကျောင်းဆောက်ကိုးကွယ်ထားတဲ့ဆရာတော်ဆီ ခေါ်သွားတာပေါ့။ ကျောင်းထဲ ကားကြီးလည်း ဝင်လိုက်ကရော ဘာပြောကောင်းမလဲ၊ ကျောင်းထိုင်ဘုန်းကြီးဟာ ခြေမကိုင်မိ လက်မကိုင်မိနဲ့ အခြေပျက် အနေပျက် ဣန္ဒြေမဲ့စွာ ပျာယာခတ်သွားတော့တာ ပဲတဲ့''

## ဣန္ဒြေမရ၍ အထင်သေးခံရ

ဤအစည်းအဝေးပွဲတွင် အားနာ၍ ဆရာတော်က ဤမျှလောက်သာ ပြောပြပါ၏၊ အကုန် မတင်ပြပါ။ သို့ရာတွင် ဆရာတော်က အစုံအလင် သိထား၏။ ကျောင်းဒါယကာကြီးနှင့် အဖော်အဖြစ် လိုက်ပါသွားရသော ဒါယကာတစ်ဦးက လျှောက်ထား၍ ဆရာတော်က အကုန်သိထားနေလေသည်။ ထိုဒါယကာက လျှောက်ထား၏။

"အရှင်ဘုရား··· လိုက်ပို့တဲ့ကားကြီး ကျောင်းဝင်းထဲလည်း ဝင်လိုက်ကရော ကျောင်းထိုင်ဘုန်းကြီးဟာ ပျာယာခတ်သွားတာပဲဘုရား့။ ကိုယ်တိုင်ပဲ ဖျာခင်းပေးရတော့မလိုလို၊ ကုလားထိုင်ကြီးပဲ ထိုးပေးရတော့မလိုလို ဣန္ဒြေမဲ့လိုက်တာ ဘုရား''

ပြီးတော့မှ ဟဲ့ ဟဲ့··· ကိုရင် လာစမ်း၊ ဟိုနားက ဖျာကြီးယူခဲ့၊ ဒီမှာ ခင်းစမ်း၊ အဲဒီလို မဟုတ်ဘူးဟဲ့၊ ဟိုဘက်နည်းနည်းတိုးဦး၊ အို··· ရွံ့နေပြန်ပါပြီ၊ တယ်လေ··· ငါပြောလိုက်ရ မကောင်းတော့ဘူး၊ ဟို··· ဦးပဉ္စင်းက ဘာကြောင့်ကြည့်နေတာလဲ၊ ထွေးခံယူခဲ့ပါလား။

ပြောလိုက်တာလည်း စုံလို့ပဲဘုရား။ မျက်နှာကြီးနီနီနဲ့ လူရှေ့သူရှေ့မှာ ငေါက်ငမ်း၊ ဟိုမာန် ဒီမဲနဲ့၊ ပြီးတော့မှ အင်္ဂလိပ်ကြီးတွေနဲ့ မျက်နှာကြီး ပြုံးဖြဲဖြဲလုပ်ပြတယ်။

ကျောင်းဒါယကာကြီးက ဘာသာပြန်ပြောရတာပေါ့။ အင်္ဂလိပ်ကြီးတွေက ဘာသဘောပေါက်တယ် မသိဘူး၊ ခေါင်းတညိတ်ညိတ်နဲ့ နေတယ်ဘုရား။ အဲဒီနောက် ပြန်လာခဲ့ကြပါတယ်။

လမ်းရောက်တော့ အင်္ဂလိပ်ကြီးတစ်ယောက်က မေးတယ်ဘုရား။ ခင်ဗျားတို့ ဗုဒ္ဓဘာသာဟာ သိပ်ပြီးတော့ နက်နဲတယ်၊ သိပ်ပြီးတော့ သိမ်မွေ့တယ်၊ ယဉ်ကျေးတယ်လို့ စာထဲမှာ ဖတ်ရဖူးပါတယ်။

ဒါပေမဲ့ ခုနတုန်းက ဘုန်းကြီးကဖြင့် ဒေါသအလွန်ကြီးပုံရတယ်၊ ဣန္ဒြေသိက္ခာကလည်း ပျာယာခတ်နေတော့တာပဲ။ ဒီပြင် ဘုန်းကြီးတွေလည်း ဒီလိုပဲလားလို့ မေးတော့တာပဲဘုရား”

## ကိုယ့်ပြည်တွင်းမှာ ဦးစွာပြင်၍

ဤသို့ ဒကာက လျှောက်၍ ဆရာတော်က အကုန်သိထားသော်လည်း အားနာသဖြင့် အစည်းအဝေးမှာ မပြောကြားပါ။ ဆရာတော် အရှင်ဇနကာဘိဝံသက သူ ဖြစ်စေချင်သော မူဝါဒကိုသာ အစည်းအဝေးတွင် တင်ပြလျှောက်ထားနေပါသည်။

“ဒီတော့ နိုင်ငံခြားသာသနာပြုတယ်ဆိုတာ ကောင်းတဲ့အလုပ်ပါပဲ။ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်ကလည်း တစ်ကြောင်းတည်းသော ခရီးကို နှစ်ပါး မသွားလိုကြနဲ့၊ သာသနာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်အောင် ဖြန့်ပြီး တစ်ပါးစီသာ သွားကြလို့တောင် ညွှန်ကြားတော်မူချက် ရှိတာပဲ။

အဲဒီထုံးနဲ့ အညီပေါ့လေ၊ နိုင်ငံခြားသွား သာသနာပြု၊ ဟိုက အထင်ကြီးလို့ လေ့လာရေးသဘောနဲ့ ဒီနိုင်ငံကိုလာ၊ ဒီရောက်တော့ ခုနတုန်းကလို ဣန္ဒြေမရတဲ့ ဘုန်းကြီးမျိုးနဲ့ တွေ့သွားရင် အထင်သေးစရာ မဖြစ်ပေဘူးလား။

ဒါကြောင့် တပည့်တော်ရဲ့ ခံယူချက်ကို လျှောက်ထားရမယ် ဆိုရင်တော့ နိုင်ငံခြားမှာ သာသနာမပြုသေးခင် ကိုယ့်နိုင်ငံအတွင်းမှာ အဝတ်အစား၊ အနေအထိုင်၊ အမူအကျင့်မှစပြီး အချိုးကျ၍ ကျစ်လျစ်နေအောင် ပြုပြင်စေချင်ပါသေးတယ်။

သာသနာပြု အရှင်အသဃိရဲ့ ဏ္ဍေ့ပုံပန်းကို အရှင်သာရိပုတ္တရာ ပရိဗိုဇ်က မြင်လိုက်ရုံနဲ့ 'သူ့သန္တာန်မှာ တရားထူး ရှိရမယ်'လို့ မျှော်မှန်းနိုင်လောက်တဲ့ ဏ္ဍေ့သိက္ခာမျိုး ဖြစ်ကြဖို့ လေ့ကျင့်ကြရပါဦးမယ်။

ဒါမှလည်း 'အတ္တာနမေဝ ပထမံ၊ ပဋိရူပေ နိဝေသယေ၊ အထည မနုသာသေယျ' လို့ ဟောတော်မူတဲ့ ဒေသနာအရ 'ဦးစွာပထမ ကိုယ့်ကိုယ်ကိုယ် ပြည့်စုံအောင် လုပ်၊ ပြီးမှ သူများကို ဆုံးမ' ဆိုတဲ့ မိန့်ဆိုချက်နှင့် ကိုက်ညီပါ့မယ်''ဟူ၍ တင်ပြလျှောက်ထားလေသည်။

## ကိုယ့်အိမ်ကိုယ် လုံပါစေဦး

''ဦးစွာပထမ ကိုယ့်ကိုယ်ကိုယ် ပြည့်စုံအောင်ပြုပြင် ဆိုတဲ့နေရာမှာ ကိုယ့်မြေပြန့်သာသနာသာမက ကိုယ့်ပြည်တွင်းမှာရှိနေတဲ့ တောင်တန်းသာသနာကိုပါ ဆိုလိုပါတယ်။ အဲဒီ ဒေသတွေမှာ ဖွံ့ဖြိုးဖို့ အများကြီး လိုပါသေးတယ်။ ကိုယ့်ပြည်ထောင်စုသားတွေ အလင်းရောင်ကောင်းကောင်း ရဖို့၊ အဆင့်အတန်း မီဖို့တွေ ကြိုးစားကြရပါဦးမယ်။

တောင်တန်းဒေသတွေကို သာသနာပြုတဲ့နေရာမှာ ဒေသခံ ပုဂ္ဂိုလ်တွေကို တတ်မြောက်အောင် သင်တန်းပေးတဲ့နည်း၊ သူတို့နဲ့ နီးစပ်တဲ့ မြို့ကြီးများမှာ သင်တန်းဌာန ဖွင့်ပေးတဲ့နည်းက ပိုပြီး တွင်ကျယ်မယ်ထင်ပါတယ်။ ဥပမာ- ကချင်ပြည်နယ်အတွက် ဆိုရင် 'မြစ်ကြီးနား'တို့လို မြို့ကြီးကြီးမှာ သင်တန်းပေးတဲ့ဌာန ဖွင့်ထားပေးရပါမယ်။

တခြားတောင်တန်းဒေသတွေအတွက် ထို့အတူပဲ အနီးစပ်ဆုံး ဖြစ်တဲ့ မြို့ကြီးကြီးမှာ သင်တန်းဌာန ဖွင့်ပေးရပါမယ်။ ကိုယ်ကိုယ်တိုင် သူတို့နယ်မြေကို လှည့်ပတ်ပြီး သာသနာပြုတာထက် သူတို့ကိုယ်တိုင် သူတို့နယ်မြေမှာ ပြုနိုင်အောင် သင်တန်းပေးလိုက်ခြင်းက ပိုပြီး ထမြောက်မယ်လို့ မြင်ပါတယ်။

အဲဒီ နည်းတွေနဲ့ ကိုယ့်တိုင်းပြည်မှာ မြေပြန့်တောင်ပေါ် မကျန် သာသနာမှာ ကျစ်လျစ်နေအောင် ပြုပြင်ကြရပါမယ်။ ဘယ်တိုင်းပြည်က လာကြည့်ကြည့် အကြည့်ခံနိုင်အောင်၊ ဘယ်လိုပဲ လာအကဲခတ်ခတ် အကဲ

ခတ် ခံနိုင်အောင် ရှေးဦးစွာ ကိုယ့်အိမ်ကိုယ်လုံအောင် ကြိုးစားသင့်ပါသေးတယ်။ နောက်မှ တစ်ဆင့်တက်ပြီး နိုင်ငံခြားသာသနာပြုလုပ်ငန်းကို စဉ်းစားသင့်ပါတယ်လို့ မြင်ပါတယ်'' ဟူ၍ တင်ပြတော်မူသည်။

## လူဒါယကာများ သာသနာပြုလျှင်

''တစ်ဆက်တည်းပဲ လျှောက်ရရင်တော့ နိုင်ငံခြားသာသနာပြုတဲ့အခါမှာလည်း တပည့်တော်အမြင်ကတော့ နိုင်ငံခြားကို ဘုန်းကြီးတွေကိုယ်တိုင်သွားတာထက် သင်တန်းပေးပြီးဖြစ်တဲ့ လူပုဂ္ဂိုလ်တွေ သွားပြုရင်ပိုပြီး ကောင်းမယ်လို့ ထင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ လူပုဂ္ဂိုလ်တွေက ကိုယ်ကျင့်ဝိနည်း သိပ်များဖို့ မလိုဘဲ ငါးပါးသီလပြည့်စုံရုံနဲ့ လုံလောက်လို့ပါပဲ။ ဘုန်းကြီးရဟန်းများကျတော့ သိက္ခာပုဒ်တွေက များတဲ့အတွက် နိုင်ငံခြားမှာ ရှောင်လို့တိမ်းလို့ မလွယ်အောင် ဖြစ်နေပါမယ်။ သီလတွေပျက်မယ်၊ ပျက်တဲ့သီလတွေနဲ့၊ အကျိုးကျိုး အပြတ်ပြတ်တွေနဲ့ သာသနာပြုတာကို မလိုလားလို့ပါပဲ။

လူဒါယကာတွေ ပြုလို့ အသားကျပြီး တချို့ သာသနာ့ဘောင်ကို တက်ချင်တယ် ဆိုမှ ဒီနိုင်ငံကို ခေါ်လာ၊ သာသနာ့ဘောင်တက် လုပ်ရင် ဖြစ်နိုင်လိမ့်မယ်လို့ မြင်ပါတယ်။ အဲဒီနောက်မှာတော့ သူတို့နိုင်ငံသားက သူတို့နိုင်ငံ ပြန်သွားပြီး ဆက်လက်ပြီး သာသနာပြုကြပါလိမ့်မယ်''

ဤသို့လည်း နိုင်ငံခြားသာသနာပြုရေးနှင့် ပတ်သက်၍ ဆရာတော်က သူ၏အမြင်ကို တင်ပြပါသည်။

## မိမိဘဝမြင့်အောင် သီလဖြင့် ထူထောင်ယူပါ၊ သီလပြုစင်ရင် လိုချင်တာရ

ဆရာတော်က အများအားဖြင့် မိန့်တတ်သည်မှာ သီလလုံခြုံဖို့ ပင်ဖြစ်၏။

''ဖိုးသူတော်ကလေးတွေက ရှစ်ပါးသီလ၊ ကိုရင်တို့က ဆယ်ပါးသီလ၊ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး မကျိုးပေါက်အောင်၊ ပြီးတော့ စုဒ္ဒသ

ခန္ဓကဝတ်တွေအထိ ပြည့်စုံဖို့၊ ဦးပဥ္စင်းတို့ကျတော့ ပါတိမောက္ခသံဝရ သီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ မှစပြီး ကုဋေကိုးထောင်ကျော် သိက္ခာပုဒ်တွေပါ လုံခြုံအောင် လေ့ကျင့် ကြိုးစားကြရမှာ။ လူပုဂ္ဂိုလ် ဒါယကာ၊ ဒါယိကာမများကတော့ ငါးပါးသီလဆိုရင် လုံလောက်ပါပြီ''

သီလလုံခြုံပြီဆိုရင် လူ့စည်းစိမ်၊ နတ်စည်းစိမ်လောက်တော့ စကားထဲတောင် ထည့်မပြောနဲ့၊ လိုချင်ရာရ၊ ပရိသုဒ္ဓသီလာနာမ ဆသု ဒေဝလောကေသု ယတ္ထ ယတ္ထ ဣစ္ဆန္တိ၊ တတ္ထ တတ္ထ နိဗ္ဗတ္တန္တိတဲ့။

အဓိပ္ပာယ်က 'သီလသာ ဖြူစင်ပါစေတဲ့၊ နတ် ၆ ဘုံ ဘယ်ဘုံကြိုက်သလဲ၊ ကြိုက်တဲ့ဘုံကို ရောက်နိုင်တယ်' တဲ့။ ကဲ- ဘယ်လောက်အားရစရာ ကောင်းသလဲလို့။ ဒါတွင် ဘယ်ကမလဲ၊ သီလဖြူစင်ပြီ ဆိုရင် ဘာမဆို အလိုရှိရာ ပြည့်စုံနိုင်တယ် ဆိုတဲ့အကြောင်းကို 'ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိ ဝိသုဒ္ဓတ္တာ'လို့ ဟောမိန့်ထားတာလည်း ရှိသားကပဲ။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကိုလည်း လွယ်လွယ်ကလေး ရနိုင်တာပဲတဲ့''

## နိဗ္ဗာန်ကို လိုချင်ရင်လည်း လွယ်လွယ်နဲ့

''သီဟိုဠ်မှာ မထေရ်ကြီးတစ်ပါး ရှိခဲ့ဖူးတယ်။ အသက်က ၈၀၊ သီလသိက္ခာ စောင့်စည်းမှုမှာ သိပ်နာမည်ကြီးတယ်။ ပျံတော်မူခါနီးတော့ ခုတင်ပေါ်မှာ ပက်လက်ဖြစ်နေပြီ။ သံဃာတွေက မေးကြတယ်၊ 'အရှင်ဘုရား··· အားကိုးစရာ လောကုတ္တရာတရားများ ရှိပါပြီလား'၊ 'မရှိသေးဘူး ငါ့ရှင့်တို့' လို့ ဖြေသတဲ့။

ဒီတော့ အလုပ်အကျွေး ကိုယ်တော်က လျှောက်တယ်။ 'အရှင်ဘုရား··· အရှင်ဘုရားရဲ့ သီလ၊ သမာဓိ၊ သိက္ခာ အင်မတန်ကြီးတာကို ပတ်ချာဝန်းကျင် ၁၂ ယူဇနာအထိ ပျံ့နှံ့ပြီး သိနေကြတယ်ဘုရား။ အရှင်ဘုရားပျံတော်မူရင် 'ပရိနိဗ္ဗာန်စံတယ်' လို့ ကြွေးကြော်ကြမှာပဲတဲ့။ 'မဟုတ်ဘူး' ဆိုရင်လည်း နှလုံးမသာမယာ ဖြစ်ကြမှာပဲဘုရား' လို့ လျှောက်တော့- 'ဩော်··· ဒီလိုလား၊ ငါက လာမည့် အရိမေတ္တေယျဘုရားကို ဖူးချင်လို့ ဝိပဿနာမတက်ဘဲ တဲထားတာ။ ကဲ··· ကဲ··· ဒီလိုဆိုရင်ဖြင့် ငါ့ကို

ထူပေးစမ်း၊ ထူပေးစမ်း’ လို့ မထေရ်ကြီးက ပြောသတဲ့။ ဒါနဲ့ ထူပေးပြီး အခန်းပြင်ဘက် ထွက်ခါရှိသေး၊ လက်ဖျောက်တီးပြီး ပြန်ခေါ်တော့တာပဲတဲ့၊ ရဟန္တာ ဖြစ်သွားပြီကိုး။

အဲသလို သီလဖြူစင်နေပြီ ဆိုရင် နိဗ္ဗာန်ကိုလည်း အချိန်မရွေး လွယ်လွယ်ကလေး ရနိုင်တာပဲ။

ဤသို့လျှင် ဆရာတော်က အားရစရာကြီးတွေ မိန့်မြွက်နေတတ်ပါသည်။

## နတ်ပြည်တက်တဲ့ လှေကားကြီးလို

‘‘အခုခေတ် တရားတွေတော့ ထိုင်ကြပါရဲ့၊ ဒါပေမဲ့ သီလကိုတော့ စကားထဲတောင် ထည့်မပြောချင်ကြဘူး။ ကမ္မဋ္ဌာန်းကျောင်းထဲဝင်၊ ဝိပဿနာ တန်းရှု၊ ဒါကို ဘုန်းကြီးက သိပ်မကြိုက်ချင်ဘူး။ သူတို့က ဆင်ခြေပေးကြ သေးတယ်။ ‘ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်ဟာ သီလကိုလည်း စောင့်ထိန်းပြီး ဖြစ်နေပြီ မဟုတ်လား၊ သီလပါ ပြည့်စုံနေပြီပေါ့’ တဲ့။

မဟုတ်သေးဘူး၊ ဝိပဿနာဖြစ်တယ်ဆိုတာ ဉာဏ်ပါမှ ဖြစ်တာ။ ဉာဏ်ပါဖို့က သမာဓိရှိမှ၊ သမာဓိရှိဖို့က ကိုယ်စိတ်ချမ်းသာမှ၊ ကိုယ်စိတ် ချမ်းသာဖို့ကလည်း ပီတိပါမောဇ္ဇဖြစ်မှ၊ ပီတိပါမောဇ္ဇဖြစ်ဖို့ကလည်း ရင်တွင်း ပူလောင် နှောင်တ မဖြစ်ဖို့ ဆိုတာလည်း သီလလုံခြုံခဲ့မှ။

အဲဒီလို သီလဟာ အခြေခံကျပါတယ်။ အောက်ဆုံးလှေကားထစ် ပဲ။ သူတို့တွေက အောက်ဆုံးလှေကားထစ်ပေါ် မနင်းဘဲနဲ့ အထက်ဆုံး လှေကားထစ်ကို လှမ်းကျော်တက်ချင်တာကိုး’’

## နိဗ္ဗာန်ဝင်တဲ့ တံခါးကြီးပမာ

‘‘ဒီနည်းအားဖြင့် သီလကို အခြေခံကျလို့ တချို့နေရာမှာ ရပ် တည်ရာမြေကြီးနဲ့ ဥပမာပေးကြတယ်။ တချို့နေရာကျတော့ ကာယကံ၊ ဝစီကံ၊ မနောကံ အညစ်အကြေးတွေကို ဆေးကြောပေးတတ်လို့ ရေနဲ့တူ တယ်လို့ ဆိုတယ်၊ တချို့နေရာမှာ ‘သီလရနံ့’ ဆိုပြီး နံ့သာနဲ့တူကြောင်း ပြပြန်တယ်။

တချို့နေရာကျတော့ ဆင်မြန်းစရာ တန်ဆာလို့ ပုံနှိုင်းပြန်ရော၊ တစ်နေရာမှာတော့ နတ်ပြည်တက်တဲ့ လှေကားစောင်းတန်းကြီးလိုပဲလို့ ဆိုပြီးတဲ့အပြင် နိဗ္ဗာန်ဝင်ဖို့ တံခါးဝကြီးနဲ့လည်း တူတယ်လို့ ချီးမွမ်းထားပြန်သေးတယ်။

သဂ္ဂါရောဟဏ သောပါနံ၊ အညံ သီလသမံ ကုတော၊

ဒွါရံ ဝါ ပန နိဗ္ဗာန၊ နဂရဿ ပဝေသနေ··· တဲ့။

ဒါကြောင့် သီလဟာ အရေးကြီးလို့ အင်မတန် ဖြည့်ကျင့်စရာ ကောင်းပါတယ်။ သီလရှိပြီလားဆိုရင် သုဂတိဘဝကတော့ သေချာတယ်၊ ကိုန်းသေပဲ။ သုဂတိဘဝကိုရမှလည်း သက်ဆိုင်တဲ့ အကျိုးတွေကို ခံစားနိုင်ဖို့ အခွင့်ရမယ် မဟုတ်လား။

လူ့ဘဝဆိုရင် လူ့စည်းစိမ်တွေနဲ့ အပြည့်အစုံ အလုံအလောက်၊ နတ်ဘဝဆိုရင်လည်း နတ်စည်းစိမ်တွေနဲ့ အလုံအလောက်၊ လူသူဌေး နတ်သူဌေးတွေ ဖြစ်နိုင်ရမှာပဲ၊ ဖြစ်နိုင်ဖို့ အကြောင်းရင်းအစစ်ပဲ၊ သူဌေး ဝါဒဖြစ်ဖို့ အခြေခံလို့ ဆိုနိုင်တာပေါ့။

ဒါကြောင့် 'နန်းတော်ရှေ့ကို မေးလာကြရင် သူဌေးဝါဒကို ပြောကာ ပြမယ်' ဆိုသလိုပဲ 'ဦးဇနကကို မေးလာကြရင် သူဌေးဝါဒကို ပြောကာ ပြမယ်'လို့ ဘုန်းကြီးက ဆိုချင်ပါတယ်'' ဟူ၍ပင် ခပ်ရွှန်းရွှန်းမိန့်ခဲ့ဖူး၏။

## နီးပေမယ့်ဝေး၊ ဝေးပေမယ့်နီး သက်န်းစကို ဆွဲလိုက်နေပေမယ့်

''ဘုန်းကြီးတို့တစ်တွေဟာ ဘုရားသာသနာထဲ အတွင်းကျကျ ဝင်ထမ်းနေတဲ့သူဆိုတော့ အများနဲ့စာရင် ဘုရားနဲ့ အနီးဆုံးလို့ ဆိုရမှာပဲ။ ဒါယကာ၊ ဒါယိကာမတွေဟာ ဘုန်းကြီးတို့လောက် မနီးသေးဘူး။ သူတို့ရဲ့ ကြားက ဘုန်းကြီးတို့တစ်ဆင့် ခြားနေသေးတယ်။ ဘုန်းကြီးတို့က ဘုရားနဲ့ ကပ်နေတယ် ဆိုပါတော့။

ဒါပေမဲ့ ကပ်နေတိုင်း နီးတယ်လို့ မဆိုနိုင်ဘူး။ ဒါကို ဦးပဥ္စင်းတို့ ကိုရင်တို့ သတိရှိကြပါ၊ စဉ်းစားကြပါ၊ အလေးထားကြပါ။ ကပ်နေတိုင်း နီးတယ်လို့ မဆိုနိုင်ဘူး။

တစ်နေရာမှာ ဗုဒ္ဓမြတ်စွာက ဟောထားတယ်။ 'သံဃာဋိကဏ္ဏေ' ဆိုတဲ့သုတ်၊ 'သင်္ကန်းကြီးအစွန်း' လို့ အဓိပ္ပာယ်ရတာပေါ့။ အပြည့်အစုံကတော့ 'သင်္ကန်းစွန်း သင်္ကန်းစကို ဆွဲလိုက်နေသူ' လို့ ဆိုလိုတယ်။

အဲဒီ သုတ်မှာ ဟောထားတာ 'ရဟန်းတစ်ပါးဟာ ဘုရားရဲ့ သင်္ကန်းအစွန်းကို မလွှတ်ဘဲ ဆွဲထားပြီး သွားလေရာ နောက်က တကောက်ကောက်လိုက်နေတယ်။ ဘယ်လောက်နီးကပ်သလဲဆိုရင် 'ပါဒေ ပါဒံ နိက္ခိပန္တော' ရှေ့က သွားနေတဲ့ ဘုရားရဲ့ဖနောင့်ကို နောက်ကနေ တက်တက်နင်းလိုက်နေတဲ့အထိ ကပ်နေတာ။

ဒါပေမဲ့ အဲဒီရဟန်းဟာ အဘိဇ္ဈာ များမယ်၊ ဣဿာ များမယ်၊ ကာမဂုဏ်တရားတို့၌ ဖောက်ပြားလော်လည်မယ်၊ စိတ်နေစိတ်ထားပျက်ပြား၊ အတွေးအခေါ်မှား၊ သတိတရားတွေလွှတ်၊ တည်ငြိမ်မှုမရှိ၊ ယောက်ယက်ခတ်သော စိတ်ထားဖြင့် ဖောက်ပြားဟော့ရမ်းနေမယ်ဆိုရင်တဲ့ 'သော အာရကာဝ မယှံ' အဲဒီရဟန်းဟာ ငါဘုရားနဲ့ အဝေးကြီး၊ 'အဟဉ္စ တဿ' ငါဘုရားကလည်း အဲဒီရဟန်းနဲ့ အဝေးကြီးတဲ့။

ဒါ ဘာကြောင့်လဲဆိုရင် သူက တရားနှင့် ဝေးတာကိုး၊ ဒါကြောင့် ဘုရားနှင့်လည်း ဝေးတယ်တဲ့''

## ခရီးဝေးလည်း အနီးကလေး

''တစ်ဖန် အဲဒါရဲ့ ပြောင်းပြန်ပဲ၊ ရဟန်းတစ်ပါးဟာ ငါဘုရားနဲ့ ယူဇနာ ၁၀၀ ဝေးကွာချင် ကွာပစေတဲ့။ ခုနတုန်းက စိတ်ထား စိတ်ယုတ်များရဲ့ ပြောင်းပြန် ကောင်းတဲ့စိတ်ထား ကိုယ်ကျင့်သီလများ ပြည့်စုံ၊ အကျင့်သိက္ခာတွေလုံပြီဆိုရင်တဲ့ 'သော သန္တိကေဝ မယှံ' အဲဒီပုဂ္ဂိုလ်ဟာ ငါဘုရားအထံမှာ ငါဘုရားနဲ့ ကပ်နေတာပဲ။ 'အဟဉ္စ တဿ' ငါဘုရားကလည်း အဲဒီ သူတော်ကောင်းနဲ့ ကပ်နေတာပဲတဲ့။

ဒါ ဘာကြောင့်လဲဆိုတော့ သူက တရားနီးတာကိုး။ ဒါကြောင့် ငါဘုရားနဲ့လည်း နီးတယ်တဲ့။

ဒါကို သတိရှိကြပါ၊ အမြင်အားဖြင့်ပြောတော့ ဘုန်းကြီးတို့က

ဒါယကာ၊ ဒါယိကာမတွေထက် ပိုပြီး နီးသလိုလိုပဲ။ အနို့ပေမဲ့ စိတ်ထား ကောင်း မကောင်း၊ သူတော်ကောင်း ဟုတ် မဟုတ်ပေါ်မှာ မူတည်တယ် ဆိုတာ ဘုရားက ပြောနေပြီ။

သူတော်ကောင်းတွေ မဟုတ်ကြရင်တော့ ဝေးမှာပဲ။ ဒါယကာ ဒါယိကာမတွေက သာသနာရဲ့ပြင်ဘက်က ဆိုသော်လည်း ကိုယ့်က ညွှဲနေပြီး၊ သူတို့က သူတော်ကောင်းတွေဖြစ်နေကြရင် သူတို့ကပဲ ပိုပြီး ဘုရားနဲ့ နီးမှာ၊ ဒါကြောင့် ဦးပဥ္စင်းတို့၊ ကိုရင်တို့ ဘုရားနဲ့ နီးအောင် ကြိုးစားလိုက်ကြပါ၊ ကိုယ်ကျင့်သီလတွေ လုံအောင် ထိန်းလိုက်ကြစမ်းပါ၊ စိတ်နေစိတ်ထား ကောင်းလိုက်ကြစမ်းပါ၊ နီးလျက်နဲ့ ဝေးနေကြပါဦးမယ်၊ ကိုယ့်ကိုယ်ကိုယ် နီးတယ် ထင်ပြီး ဝေးနေကြပါဦးမယ်'' ဟူ၍လည်း ဩဝါဒပေးတတ်သည်။

## လိုရင်းမှာတော့ ကိုယ်တွင်းသီလမပျက်ဖို့ပဲ သာသနာမှာ တန်ဖိုးဟာ ကိုယ့်ကျင့်သီလ

ဦးပဥ္စင်းတို့၊ ကိုရင်တို့ နေ့စဉ်မှန်မှန် စာကိုလည်းသင်၊ အကျင့် သိက္ခာလည်းဖြည့်၊ ပညာရေး လောမကြီးနဲ့၊ ဖြည်းဖြည်းသင်၊ စိတ်ထား ကောင်းဖို့လည်း လိုတယ်။ ဘုန်းကြီးရဲ့ အတွေ့အကြုံအရ ပညာတတ်နေရုံနဲ့ မပြီးသေးဘူး။ ပညာတွေ ဘယ်လောက်ပဲ တတ်နေနေ စိတ်ထားမကောင်း ဘူး၊ မဖြောင့်ဘူး၊ ကိုယ်ကျင့်သိက္ခာသီလလည်း မရှိဘူးဆိုရင် သာသနာမှာ ဘာမှ တန်ဖိုးမရှိဘူး။ ဘုရားကလည်း အဲဒီသူမျိုးကို ကျေနပ်မှာ မဟုတ်ဘူး။

ဒီကျောင်းတိုက်မှာ စိတ်ထားကောင်းကောင်းနဲ့၊ ကိုယ်ကျင့်သီလ ဖြူဖြူစင်စင်နဲ့ နေထိုင်ပြီး ဖြည်းဖြည်းမှန်မှန် သင်သွားရင် ပညာကတော့ မလွဲမသွေ ဧကန်တတ်မှာပဲ။

အရေးကြီးတာက ကိုယ့်ကျင့်သီလဖြည့်ဖို့၊ ပြည့်စုံဖို့၊ ရှိပြီးသား ကိုယ်ကျင့်သီလတွေလည်း ပျက်မသွားကြစေနဲ့၊ ဒါ အရေးကြီးဆုံးပဲ။ သာ သနာမှာ ဒါပဲ အနှစ်အသား၊ အပြင်ပိုင်း ရုပ်ပိုင်းဝတ္ထုတွေ ပျက်ကုန်တာ တောင် အရေးမကြီးသေးဘူး။ အတွင်းပိုင်း ကိုယ်ကျင့်သီလတွေ မပျက်ဖို့ အရေးကြီးတယ်''

## အပြင်ပိုင်းတွေ ပျက်ချင် ပျက်ပါစေ

"တချို့ ဒါယကာ၊ ဒါယိကာမတွေက ဘုန်းကြီးကို လျှောက်ကြတယ်။ ဒီဂန္ဓာရုံတိုက်ကြီး အရှင်ဘုရားမရှိရင် ပျက်စီးသွားမှာစိုးတယ်တဲ့။ 'အို… ပျက်ပျက်ပေါ့လို့၊ လေးသချေ်နဲ့ကမ္ဘာတစ်သိန်း ပါရမီသခင် ဘုရားရှင်ရဲ့ ဇေတဝန်ကျောင်းတော်ကြီးတောင် ပျက်သေးတာ။ ပျက်သင့်လို့ ပျက်တာတော့ ပျက်ပျက်ပေါ့၊ မဆန်းပါဘူး' လို့ ပြောလိုက်ရတယ်။

အေး… မပျက်သင့်ဘဲနဲ့ ပျက်မှာကိုတော့ ကာကွယ်ရမှာပဲ။ ပျက်သင့်လို့ ပျက်တာတော့လည်း ပျက်ပျက်ပေါ့။ ဒါက အပြင်ပိုင်းရုပ်ဝတ္ထုတွေပဲ။ အရေးကြီးတာက အတွင်းပိုင်း သီလ၊ သမာဓိ၊ ပညာတွေ၊ ကိုယ်ကျင့်သီလတွေ မပျက်ဖို့ပဲ။

တစ်ခါတုန်းက ရွှေကျင်ဒုတိယသာသနာပိုင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက ကိစ္စတစ်ခုနဲ့ ရန်ကုန်ကို ရောက်နေတယ်။ အဲဒီအချိန်မှာ မန္တလေးမှာရှိတဲ့ ရှေးတုန်းက (မင်းတုန်းမင်းကြီး လက်ထက်တုန်းက) ရွှေကျင်ပထမသာသနာပိုင်ဆရာတော်ဘုရားကြီးအား မိဖုရားကြီး ဆောက်လုပ်လှူဒါန်းထားတဲ့ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်ထဲက အလယ်ကျောင်းကြီး မီးလောင်ပျက်စီးသွားဖူးတယ်။ အဲဒါကို မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးအား လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက အေးအေးဆေးဆေးပဲ၊ ဂါထာကလေး တစ်ပိုဒ်ရေးပြီး ပြန်ကြားသတဲ့။

ယံ ကိဉ္စိ ဗာဟိယံ ဝတ္ထု၊ ယထာကာမံ ပဘိဇ္ဇတု။
အဇ္ဈတ္တမှိ အဘိန္နမှိ၊ အဘိန္နော ဝေ သပညဝ တဲ့။

အဓိပ္ပာယ်က 'အပေါ်ယံ အပြင်ပန်းမှန်သမျှဖြစ်တဲ့ ပစ္စည်းလေးပါး၊ ကျောင်းကန်အဆောက်အအုံတွေ ပျက်ချင်တိုင်း ပျက်ပါစေတဲ့။ အတွင်းပိုင်း သီလ၊ သမာဓိ၊ ပညာတွေ မပျက်ရင် ဒီပညာရှိဟာ ဧကန် မပျက်ပါဘူး' လို့ ဆိုလိုတယ်။

အဲဒီအတိုင်းပဲ ဦးပဉ္စင်းတို့၊ ကိုရင်တို့လည်း လောကဓံနဲ့ကြုံလို့ အပြင်ပိုင်း ပျက်စီးတာတွေကို အတွင်းပိုင်း ကိုယ်ကျင့်သီလ သိက္ခာတွေ မပျက်အောင်သာ ထိန်းသိမ်းကြပါ" ဟူ၍ ဆုံးမတော်မူလေသည်။

## တန်ခိုးပြနိုင်တဲ့ ရဟန်းတစ်ပါး ထားပေးပါဘုရား၊ ရှာန်ပျံနိုင်တာ အသားမဟုတ်သေး

တစ်ခါတုန်းက ရာဇဂြိုဟ်သူဌေးတစ်ဦးက စန္ဒကူးအနှစ်တုံးကြီးကို သပိတ်အဖြစ် ပွတ်နင်းပြီး အမြင့်မှာထားတယ်။ အတောင် ၆ဝ လောက်ရှည်အောင် ဝါးလုံးတွေဆက်ပြီး မြေမှာစိုက်တယ်။ ထိပ်ဖျားမှာ သပိတ်ကို ဆွဲထားတယ်။ 'လောကမှာ အစွမ်းရှိတဲ့ ရဟန္တာပုဂ္ဂိုလ်တွေ တန်ခိုးနှင့် ယူနိုင်ရင် ယူကြပစေ' လို့လည်း ကြွေးကြော်ထားသတဲ့။

ခုနစ်ရက်လောက်ရှိပြီ၊ ဘယ်သူမှ မယူနိုင်ကြဘူး။ ဒီတော့ လူတွေကလည်း ပြောလာကြတယ်။ 'လောကကြီးမှာ စွမ်းနိုင်တဲ့ ရဟန္တာဆိုတာ မရှိပါဘူး' လို့။ အဲဒီအသံကို အရှင်မောဂ္ဂလာန်နဲ့ အရှင်ပိဏ္ဍောလဘာရဒွါဇတို့ ကြားကြတယ်။

ဒါနဲ့ အရှင်မောဂ္ဂလာန်က အရှင်ပိဏ္ဍောလဘာရဒွါဇကို ယူဖို့ တိုက်တွန်းတော့ အဘိညာဉ်တန်ခိုးနဲ့ ယူတော့တာပေါ့။ ဒီတော့လည်း လူတွေဟာ တအံ့တသြနဲ့ ကြည်ညိုကြလွန်းလို့ ဝိုင်းအုံလာကြတယ်။ ချီးမွမ်းကြ၊ သြဘာပေးကြနဲ့ အရှင်ပိဏ္ဍောလ သွားရာကို ကျွက်စီကျွက်စီနဲ့ တစ်အုံကြီး လိုက်နေကြတယ်။

ဒါကို မြတ်စွာဘုရားက သိတော့ အရှင်ပိဏ္ဍောလကို ခေါ်ပြီး အပြစ်တင်တော်မူတယ်၊ ကဲ့ရဲ့တယ်။ သပိတ်ကိုလည်း ဖျက်ဆီးစေတယ်။ ဘုရားရှင်က တန်ခိုးပြတာကို မကြိုက်ဘူး''

## သာသနာရဲ့ အနှစ်အသားဆိုတာ

တစ်ခါတုန်းကလည်း နာဠန္ဒမြို့သား 'ကေဝဋ္ဋဆိုတဲ့' ဒါယကာတစ်ဦးက မြတ်စွာဘုရားကို လျှောက်ဖူးတယ်။ 'ဒီနာဠန္ဒာမြို့ကြီးဟာ လူဦးရေတွေလည်း များပါတယ်၊ အိမ်ခြေတွေလည်း များပါတယ်၊ စည်လည်း စည်ကားတယ်။ ကြည်ညိုတယ်၊ ပို၍ကြည်ညိုမှုများအောင် ဒီမြို့ကြီးမှာ တန်ခိုးနဲ့ မြေလျှိုးမိုးယံ ရှာန်ပျံနိုင်တဲ့ ရဟန်းတစ်ပါးကို သာသနာပြုပုဂ္ဂိုလ်အဖြစ် ထားပေးပါဘုရား' တဲ့။

ဒီတော့ မြတ်စွာဘုရားက ‘ဈာန်ပျံတယ်ဆိုတာ အဘိညာဉ်ရဲ့ အစွမ်းမျှသာ ဖြစ်တယ်။ ဈာန်ပျံ၍ ပြပြနေရင် ‘ဂန္ဓာရီ ဝိဇ္ဇာခိုရ်ပုဂ္ဂိုလ်တို့လောက်သာ’ အံ့သြဖွယ်အဖြစ်နှင့် လေးစားကြလိမ့်မယ်၊ အံ့သြစရာကောင်းရုံအဖြစ်သာ ပရိသတ်က ခံယူကြလိမ့်မယ်။

သာသနာ၏ အနှစ်သာရ သီလ၊ သမာဓိ၊ ပညာတို့ကိုပင် ကြည်ညို လေးစားရကောင်းမှန်း သိတော့မည်မဟုတ်ပေ’ ဟူ၍ မိန့်တော်မူပြီးလျှင် ပယ်မြစ်တော်မူတယ်။

ဒါကြောင့် သာသနာရဲ့ အနှစ်အသားဟာ သီလ၊ သမာဓိ၊ ပညာပဲ။ ဒီ သီလ၊ သမာဓိ၊ ပညာတွေ ဆိုတာက ဘုရားသာသနာခေတ်နဲ့ ကြုံမှ တွေ့ရတာ။ ဈာန်အဘိညာဉ်တန်ခိုးတွေဆိုတာက သာသနာပမှာလည်း ရှိတာပဲ၊ အနှစ်အသား မဟုတ်သေးဘူး။

ဒါကြောင့် ဦးပဥ္စင်းတို့၊ ကိုရင်တို့ ကံကောင်းလို့ တွေ့ရခိုက်မှာ ခြိုက်ခြိုက်မြိုက်မြိုက်ကြီး ဖြည့်လိုက်ကြပါ။ သီလသိက္ခာတွေ ပြည့်အောင် ဖြည့်လိုက်ကြပါ” ဟူ၍ တိုက်တွန်းရင်း ဩဝါဒတွေ ပေးတော်မူတတ်သည်။ ။

# ဘုရားဥပဒေတော်ကြီးကျမ်းစာမှ
# ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

## အလောင်းတော်ဘဝ

ဗုဒ္ဓမြတ်စွာ၏ လောင်းလျာ ဖြစ်သော သုမေဓာ ရှင်ရသေ့သည် ပင်ကိုအားဖြင့် ကုဋေများစွာ ချမ်းသာကြွယ်ဝသော သူဌေးသားဖြစ်၍ ၁၆ နှစ်အရွယ် ရောက်သောအခါ လောကီအတတ် ဟူသမျှ၌ တစ်ဖက်ကမ်း ရောက် တတ်မြောက်ပြီး ဖြစ်၏။ ထိုကုဋေများစွာ ဥစ္စာအားလုံးကို စွန့်လွှတ်နိုင်သော သဒ္ဓါ၊ ပညာ စွမ်းရည်သတ္တိ ရှိသည်အားလျော်စွာ ရသေ့ ရဟန်းပြုပြီးသောအခါ၌လည်း ၇ ရက်အတွင်း၌ လောကီဈာန်အဘိညာဉ်ကို ရတော်မူ၏။ ဤမျှလောက် ပင်ကိုဉာဏ် ထက်မြက်၍ လောကီဘက် တရားအားလုံးကို ကုန်ဆုံးအောင် သိပြီးသော ရသေ့အရှင်မြတ်သည် ဒီပင်္ကရာဘုရားရှင်ကို ဖူးမြင်ရသောအခါ သတ္တဝါတို့အား ငဲ့ညှာထောက်ထား သနားကြင်နာ ကရုဏာတော် မပြင်းပြပါမူ ထိုနေရာမှာပင် နိဗ္ဗာန်ကို မြင်နိုင်လောက်ပါပေသည်။ သို့သော် သတ္တဝါတို့၏ ဆင်းရဲဒုက္ခရောက်နေကြပုံကို မြင်ရ၊ မိမိ၏ ဉာဏ်စွမ်းကိုလည်း သိရသဖြင့် လက်လှမ်းမီလောက် အနီးရောက်နေသော နိဗ္ဗာန်ကို ယူတော်မမူသေးဘဲ သတ္တဝါတို့ကို ကယ်တင်ဖို့ရာ ဘုရားဖြစ်အောင် အားသစ်ကြိုးစားတော်မူခဲ့ပေသည်။

လင်းလွန်းခင်စာပေ

## ကိုယ်ဆင်းရဲခံတော်မူရပုံ

ထိုသို့ ဘုရားဖြစ်အောင် ကြိုးစားရာ၌ ပါရမီဆယ်ပါး ဖြည့်ကျင့်ရပုံ၊ စွန့်ခြင်းကြီးငါးပါး စွန့်ရပုံ၊ လောကတ္ထစရိယ စသော စရိယသုံးပါး ကျင့်ရပုံများကို အသေးစိတ် စဉ်းစားသောအခါ ဘုရားအလောင်းတော်၏ ကိုယ်ဆင်းရဲခံခဲ့ရပုံများကို ထင်ရှားစွာ သိမြင်နိုင်ပါသည်။

တခြားဘဝပေါင်း များစွာကို ဖယ်ထားလိုက်ပါဦး၊ ဝေဿန္တရာမင်းဘဝ၌ပင် ဒါနပါရမီ ဖြည့်ကျင့်ရာဝယ် ဆင်ဖြူတော် လှူမှုကြောင့် တောထဲမှာ ဒုက္ခခံ၍ စံတော်မူရလေသည်။ သိဝိမင်းဘဝတုန်းက မျက်လုံးတော်ကို ထုတ်ဖော်၍ လှူရာ၌လည်း မည်မျှ နာကျင်ဆင်းရဲတော်မူမည်ကို မှန်းဆသင့်ပါသည်။ ဘူရိဒတ် နဂါးမင်းဘဝ၌ မုဆိုး ညှဉ်းပန်းနှိပ်စက်သော်လည်း သီလမပျက်အောင် စောင့်စည်းလျက် ကိုယ်ဆင်းရဲပုံကို အာရုံပြုနိုင်ပါသည်။

ခန္တီဝါဒီရသေ့ ဘဝတုန်းက ကလာဗုမင်း၏ ညှဉ်းပန်းနှိပ်စက်ဒဏ်ကို အသက်စွန့်၍ သည်းခံတော်မူသည်မှာလည်း သတ္တဝါတို့ကို ကယ်တင်လိုသော အရင်းခံ ကရုဏာတော်ကြောင့်ပင် မဟုတ်ပါလော။ ဒီပင်္ကရာဘုရား လက်ထက်တော်ဝယ် ကိုယ်တော်တစ်ပါးတည်းအတွက် နိဗ္ဗာန်ကို ယူခဲ့ပါမူ မည်သည့် ဆင်းရဲဒုက္ခကိုမျှ ခံစားရမည်မဟုတ်ပါ။ ယခုသော်ကား သတ္တဝါအများကို သနားကြင်နာသော ကရုဏာတော်ကြောင့်သာ ကိုယ်တော်၏ ဆင်းရဲဒဏ်ကို ကမ္ဘာပေါင်းများစွာ ခံတော်မူခဲ့ပါသည်။

## သာသနာတော် တည်ထောင်ခြင်း

ဤကဲ့သို့ အသက်ပေါင်းများစွာ စွန့်ရသည့်တိုင်အောင် ကိုယ်တော်၏ ဆင်းရဲဒဏ်ကို ခံတော်မူ၍ ဘုရားဖြစ်တော်မူပြီးသောအခါ အေးဆေးချမ်းသာစွာ နေနိုင်ပါလျက် နေတော်မမူဘဲ စ၊ လယ်၊ အဆုံး စကားလုံး ပရိယာယ် ပြည့်ကြွယ်ကုံလုံ အနက်အဓိပ္ပာယ်နှင့် ပြည့်စုံသော တရားတော်များကို ဟောပြတော်မူ၏။ ထိုတရားတော်ဖြင့် သီလအကြောင်းအရာကိုလည်း ပြတော်မူ၏။ သမာဓိနှင့် ပညာအကြောင်းအရာကိုလည်း ပြတော်မူ၏။ ထိုသီလ၊ သမာဓိ၊ ပညာ သုံးမျိုးကို ကျင့်သင့်ကျင့်ထိုက်သောကြောင့် ‘သိက္ခာ

၃ ပါး’ ဟု ခေါ်၏။ (သိက္ခိတဗ္ဗာ-ကျင့်သင့်ကျင့်ထိုက်၏၊ တတော-ထို့ကြောင့်၊ သိက္ခာ-သိက္ခာမည်၏။) ထိုသိက္ခာ ၃ ပါးကိုပင် ‘သာသန ဗြဟ္မစရိယ-ဘုရား အဆုံးအမ ဖြစ်သော မြတ်သောအကျင့်’ ဟု ခေါ်၏။ ဆိုလိုရင်းကား ‘တရားဓမ္မ ဟောပြတော်မူရင်းပင် ထိုသိက္ခာသုံးဖြာ သာသနာတော် ထွန်းပေါ်လာသောအခါ တရားတော်ကို သဘောကျ၍ ကျင့်ကြံအားထုတ်လိုသော ပုဂ္ဂိုလ်၊ တရားဟောတော်မူလိုက်ရုံဖြင့် ကျင့်မှုကိစ္စ ပြီးမြောက်၍ တရားပေါက်သော ပုဂ္ဂိုလ်များ ပေါ်ထွန်းလာ၏။ ထိုပုဂ္ဂိုလ်များကို သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များ’ ဟု အသိအမှတ် ပြုကြရ၏။ ဤစကားအစဉ်ဖြင့် သာသနာတော် တည်ထောင်ပုံနှင့် သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များ ဖြစ်ပေါ်လာပုံကို နားလည်ကြပြီ။

## သာသနာတည်စ၌ ဥပဒေမလို

ထိုသို့ သာသနာတော် တည်ထောင်စ၌ သာသနာ့တာဝန်ကို ထမ်းဆောင်ကြသော ရဟန်းတော်များသည် တရားပေါက်ပြီး ပုဂ္ဂိုလ်၊ တကယ့်သဒ္ဓါတရားဖြင့် တရားကျင့်လို၍ ဝင်လာသော ပုဂ္ဂိုလ်တို့သာ များပြားလေရကား ချုပ်ချယ်တားမြစ်သော ဝိနည်းဥပဒေများ ထိုအချိန်မှာ မလိုသေးချေ။ ပြုလုပ်ရန် ခွင့်ပြုသော ဥပဒေလောက်သာ ပညတ်တော်မူရလေသည်။ ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာ၏ သာသနာ့တော်သည် ဘုရားဝါတော် ၂၀ အတွင်း၌ အစွမ်းကုန်သန့်ရှင်းလျက် အတိုးတက်ကြီး တိုးတတ်ကာ ခတ္တိယ၊ ဗြာဟ္မဏဇာတ် ရှိကြသော အထက်တန်းအမျိုးသားတို့ အားကျပါးကျ သာသနာတော်သို့ ဝင်ရောက်လာကြပေသည်။

## သာသနာ သုံးရပ်တစ်မျိုး

‘သာသနာ’ ဟူသော စကား၌ ‘ဘုရား၏ အဆုံးအမသြဝါဒ’ ဟု အဓိပ္ပာယ်ရ၏။ ထို ‘အဆုံးအမသြဝါဒ’ ဟူသည် အရင်းအားဖြင့် ‘ပရိယတ်’ ဟုခေါ်သော ပိဋကတရားတော်များတည်း။ ထိုပရိယတ်တရားတော်၌ ညွှန်ပြသည့်အတိုင်း ကျင့်ခြင်းကို (သီလကျင့်ခြင်း၊ သမာဓိရအောင် သမထကမ္မဋ္ဌာန်း

အားထုတ်ခြင်း၊ ဉာဏ်ပညာ တိုးပွားအောင် ဝိပဿနာ ကမ္မဋ္ဌာန်း အားထုတ်ခြင်းကို) 'ပဋိပတ္တိသာသနာ' ဟုလည်းကောင်း၊ ထိုအကျင့်ဖြင့် ထိုးထွင်း၍ သိအပ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို 'ပဋိဝေဓသာသနာ' ဟုလည်းကောင်း ခေါ်၏။ ပြခဲ့သော သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးသည် အကျင့်တရားများ ဖြစ်သောကြောင့် ပဋိပတ္တိသာသနာ၌ လည်းကောင်း၊ မဂ်ပညာ၊ ဖိုလ်ပညာဖြစ်လျှင် ပဋိဝေဓသာသနာ၌ လည်းကောင်း ပါဝင်ကြတော့၏။ ဤစကားစဉ်အရ 'ပရိယတ်' ဟု ခေါ်အပ်သော တရားတော်များသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် မြတ်သောအကျင့် သာသနာ၏ လည်းကောင်း၊ ပဋိပတ်၊ ပဋိဝေဓ သာသနာတော်နှစ်ရပ်၏ လည်းကောင်း အခြေခံ ဖြစ်ကြောင်းကို သိနိုင်ပြီ။ မှန်၏၊ ကျင့်နည်းကြံနည်းကို ညွှန်ပြသော တရားတော် မရှိလျှင် မှန်ကန်အောင် မကျင့်နိုင်၊ မှန်ကန်အောင် မကျင့်နိုင်လျှင် အမှားကို ကျင့်မိကြတော့မည်။ ထိုအကျင့်မှားဖြင့်ကား မည်သည့် ထူးခြားသော တရားကိုမျှ ရနိုင်ကြမည် မဟုတ်ချေ။

## သီလနှင့် ဝိနည်း

သိက္ခာသုံးပါးတွင် သီလသည် အရင်းခံဖြစ်၏။ လက်တွေ့အားဖြင့်လည်း သီလသိက္ခာ စင်ကြယ်သူသာ မှန်ကန်သော သမာဓိ ရှိသည်ကို တွေ့ရ၏။ သမာဓိ ရှိသူမှလည်း ထိုးထွင်းသော အသိဉာဏ်ပညာကို ရနိုင်၏။ (သမာဟိတော ယထာဘူတံ ဇာနာတိ- တည်ကြည်သူသည် ဟုတ်တိုင်းမှန်စွာ သိနိုင်၏။) ပရိယတ် တရားတော်တွင်လည်း ဝိနည်း တရားတော်သည် ရဟန်းတော်များ၏ သီလ၊ သိက္ခာကို အပြည့်အစုံ ညွှန်ပြသော တရားတော် ဖြစ်၏။ ထိုမျှလောက် ကြီးကျယ်သော သီလသည် သာသနာပ ကာလ၌ မရှိနိုင်။ မှန်၏၊ သာသနာပကာလ၌ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသော ကိုယ်ကျင့်သီလများ ရှိနိုင်သော်လည်း သာသနာတွင်း၌ကဲ့သို့ ကုဋေကိုးထောင်ကျော် သီလမျိုးကား ကြားမျှ မကြားရချေ။ ထိုသီလတော်များသည် သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် ဘုရားရှင် ပညတ်ထားအပ်သော ဥပဒေတော်ကြီးလည်း ဖြစ်၏။ ထိုဥပဒေတော်အရ စောင့်စည်းနေထိုင်သော ရဟန်း

တော်များသည် ကိုယ်အမူအရာအားဖြင့် လည်းကောင်း၊ နှုတ်အပြောအဆို အားဖြင့် လည်းကောင်း၊ မည်သည့် လူကြီးလူကောင်းနှင့်မျှ မတူအောင် ယဉ်ကျေးသိမ်မွေ့ရကား ဗုဒ္ဓဘာသာဝင်များကို မဆိုထားဘိ၊ ဘာသာခြား တို့ကပင် လေးစားရလောက်အောင် ကျက်သရေကို ဆောင်နိုင်ပါသည်။

## သာသနာတော်၏ အသက်

ဤစကားစဉ်ကို ဆင်ခြင်သောအခါ ဝိနည်းပါဠိတော်အရ ညွှန်ပြ အပ်သော သီလသိက္ခာသည် သာသနာတော်၏ အရင်းအမြစ် အကျဆုံးဖြစ်၍ 'သာသနာ့အသက်' ဖြစ်ကြောင်း ထင်ရှား၏။

ရဟန်းတော်များသည် ထို ဝိနည်း တရားတော်အတိုင်း သီလသိက္ခာ ကို မထိန်းသိမ်း၊ မစောင့်စည်းတော့ဘဲ ဆယ်ပါးသီလမျှကိုသာ စောင့်စည်း နေထိုင်ခဲ့သော် ယခု သင်္ကန်းမျိုးကို ဝတ်နေသော်လည်း ဘုရားရှင်၏ အဆုံး အမ ဩဝါဒခံများ မဟုတ်ကြတော့။ သာသနာပ ရသေ့ပရိဗိုဇ် အနေမျှသာ ဖြစ်ကြတော့၏။

ထို့ကြောင့် ဝိနည်းတော်လာ သီလသိက္ခာကို မစောင့်စည်းသော အခါ 'သာသနာတော် အသက်မရှိတော့ပြီ၊ သာသနာကွယ်ပြီ' ဟုဆိုရတော့ လတ္တံ့။ သို့ဖြစ်လျှင် ထိုသီလသိက္ခာပုဒ်များကို ညွှန်ပြထားသော ဝိနည်းတရား 'ဝိနည်းပါဠိတော်သည်လည်း သာသနာတော်၏ အသက်ပင်ဖြစ်၏' ဟု မှတ် ယူထိုက်၏။ ဘာကြောင့်နည်း၊ ဝိနည်းပါဠိတော် ကွယ်ပျောက်လျှင် သီလ သိက္ခာ ကျင့်စဉ်လည်း သေသေချာချာ မရှိနိုင်သောကြောင့်တည်း။ ထို့ကြောင့် 'ဝိနယော နာမ သာသနဿ အာယု- ဝိနည်းတရားတော်သည် သာသနာ တော်၏ အသက်' ဟု ဆောင်ပုဒ်တစ်ခု အဖြစ်ဖြင့် ရဟန္တာအရှင်မြတ်တို့ မိန့်တော်မူအပ်ခဲ့ပေသည်။

## ဥပဒေတော်ကြီး

'ဥပဒေသ' ဟူသော ပါဠိစကားကို 'ဥပဒေ' ဟုခေါ်နေကြ၏။ ထို ပါဠိ၏ မြန်မာလို ဆိုလိုရင်းမှာ 'နည်းလမ်းညွှန်ပြချက်' ဟူသတည်း။ ဗုဒ္ဓ

မြတ်စွာသည် အကြောင်းဝတ္ထု အပြစ်တစ်စုံတစ်ရာ မပေါ်ခင် ဝိနည်းဥပဒေ တော်ကို ကြိုတင်၍ ပညတ်တော်မမူ။ အကြောင်းဝတ္ထု တစ်ခုခု ပေါ်လာမှ သာ ပညတ်တော်မူသည်။ ထိုသို့ ပညတ်တော်မူခါနီး၌လည်း သံဃာ့အစည်း အဝေး၌ အမှုရှင် ရဟန်းကို စစ်ဆေးမေးမြန်းတော်မူ၏။ ထိုသို့ မေးမြန်း တော်မူပြီးမှ အပြစ်တင်တန်လျှင် အပြစ်တင်တော်မူ၍ ဆုံးမဩဝါဒတရား စကားကို ခပ်များများ မိန့်တော်မူ၏။ ထိုတရားစကားတော်ကို ကြားနာရ သော သံဃာတော်အများကပင် ဤအမှုမျိုး နောင်မဖြစ်ပေါ်အောင် 'ဥပဒေ ပညတ်တော်' ထားထိုက်သည်ဟု အယူရှိကြသောအခါကျမှ ထိုက်သင့်ရာ ဥပဒေကို ပညတ်တော်မူသည်။ တချို့ ဥပဒေတော်များကား တားမြစ် ချုပ် ချယ်သော ဥပဒေမဟုတ်၊ အရေးအခွင့် ပေးသော ဥပဒေဖြစ်၏။ ထိုဥပဒေ များ၏ အကြောင်းဝတ္ထု အမှုကိစ္စမှာလည်း မလွဲသာ မရှောင်သာသောအမှု၊ သို့မဟုတ် အလွန်အကြူး စောင့်စည်းထားသဖြင့် ဆင်းရဲပင်ပန်းခံရသော အမှုကိစ္စမျိုး ဖြစ်လေသည်။

## မဟာကရုဏာတော်

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ဝိနည်းဥပဒေတော်ကြီးကို တည်ထား တော်မူခါနီးဝယ် သာသနာတော်ကို ကိုးကွယ်ဆည်းကပ်နေသော လူဝတ် ကြောင်များကိုလည်း ငဲ့ညှာထောက်ထား၊ လူတို့စိတ်ကို မထိခိုက်အောင်၊ ပူဇော်သမျှ အကျိုးများများရအောင် သနားညှာတာသော ကရုဏာ၊ ရဟန်း ကောင်း ရဟန်းမြတ်တို့ အနေအထိုင် မကျဉ်းကျပ်စေဘဲ သူတို့ အလေးအမြတ် ကို ခံနိုင်လောက်စေလိုသော မဟာရုဏာ၊ ရဟန်းဆိုး၊ ရဟန်းယုတ်များလည်း အပြစ်တွေ ဗရပွေဖြင့် လူဝတ်ကြောင်တို့၏ အကိုးအကွယ် အဆည်းအကပ် ပစ္စည်းလာဘ်ကို ခံယူနေခြင်းကြောင့် နောင်သံသရာဝယ် ကယ်တင်၍ မဖြစ် နိုင်အောင် ဒုက္ခချောက်တွင်းသို့ သက်ဆင်းကျရောက်ရမည့် အရေးကို တွေး တော ထောက်ထား ကြီးမားသော မဟာကရုဏာ၊ ဤသို့ ကရုဏာအမျိုးမျိုးကို ဖြစ်ပေါ်စေပြီးမှ တရားဓမ္မ ဟောညွှန်ပြ၍ ဝိနည်းဥပဒေသကို ထားတော်မူ ခဲ့ပါသည်။

## ဉာဏ်တော်ကြီး

ဗုဒ္ဓမြတ်စွာသည် ထိုကဲ့သို့ ဥပဒေသကို ထားတော်မမူမီ ဖြစ်ပေါ် လာသော အကြောင်းဝတ္ထု၏ (ပြစ်မှု၏) အကြီးအငယ်ကို လိုက်၍ (ထိုပြစ်မှုကို ဖြစ်စေသော စိတ်ရင်း၊ စေတနာရင်းကို လိုက်၍) ထိုက်သင့်သော ဥပဒေကို ပညတ်တော်မူရန် ဉာဏ်တော်ဖြင့် စဉ်းစားတော်မူ၏။

'ရှေးရှေး ဘုရားရှင်တို့သည် ဤအပြစ်မျိုး၌ မည်သည့် အာပတ်ကို ပညတ်တော်မူလေသနည်း' ဟုလည်း ဆင်ခြင်တော်မူ၏။ ဤသို့ ဆင်ခြင် စဉ်းစားတော်မူပြီးမှ ပညတ်တော်မူအပ်ရကား ဘုရားပညတ် အရပ်ရပ်ဥပဒေတော်သည် သာမန်လူဝတ်ကြောင်များ၏ ဥပဒေထက် သာလွန်လေးနက်ပါပေသည်။

'သို့ဖြစ်လျှင် ဘုရားရှင်သည် ဉာဏ်တော်ဖြင့် ကြိုတင်၍ မြော်မြင်တော်မူကာ အပြစ်မပေါ်လာမီကပင် ပညတ်တော်များကို ထားပါတော့လော' ဟူအံ့။ သမားကောင်းတို့မည်သည် လူတစ်ယောက်၏ လက်၌ အနာပေါက်လောက်အောင် သွေးဆိုးနေသည်ကို သိမြင်သော်လည်း ထိုနေရာ၌ အနာမပေါ်ခင် ခွဲစိတ်ကုသ၍ ဆေးတင်ပေးရိုး မရှိ။ အကယ်၍ ခွဲစိတ်ကုသဆေးတင်ပေးခဲ့သော် ထိုရောဂါရှင်က ကျေးဇူးတင်မည် မဟုတ်ရုံသာမက သမားတော်ကိုပင် 'ငါ၏ အသားကောင်းကို ခွဲရမည်လား' ဟု အပြစ်တင်လိုပေလိမ့်ဦးမည်။ ထို့အတူ ဗုဒ္ဓမြတ်စွာလည်း တင်ကြို၍ မြင်အပ်သော အပြစ်များကြောင့် ဝိနည်းပညတ်တော်ကို ကြိုတင်၍ ထားတော်မမူ၊ အကယ်၍ ကြိုတင် ထားခဲ့ပြန်လျှင်လည်း 'အမျိုးကောင်းသားတွေကို အပြစ်မရှိဘဲ ချုပ်ချယ်ရမည်လား' ဟု တချို့က အပြစ်ပင် တင်လိုကြပေလိမ့်ဦးမည်။ ဘုရားရှင်၏ ဉာဏ်တော်ကား ဥပဒေပညတ် တည်ထားအပ်ရာဝယ် ထိုကဲ့သို့ အကျိုးမရမည့် အချက်ကိုလည်း ရှောင်ကြဉ်တော်မူခဲ့ရပေသေးသည်။

## အရှင်သာရိပုတ္တရာ လျှောက်ခြင်း

ဤအကြောင်းကို အရှင်သာရိပုတ္တရာ လျှောက်သော စကား၊ ဘုရားရှင် ပြန်၍ မိန့်တော်မူသော စကားဖြင့် ထင်ရှားစေအံ့။

**အရှင်သာရိပုတ္တရာ။** ။ မြတ်စွာဘုရား၊ သိက္ခာပုဒ် ပညတ်တော်မူ

ခြင်းသည် သာသနာတော်၏ တာရှည်တည်ဖို့ရန် အကြောင်းတစ်ရပ် ဖြစ်ပါ သောကြောင့် သိက္ခာပုဒ် ပညတ်တော်မူဖို့ရန် ယခုအခါ အချိန်တန်ပါပြီ။

**မြတ်စွာဘုရား။** ။ သာရိပုတ္တရာ… စောင့်ဆိုင်းဦး၊ သာရိပုတ္တရာ … စောင့်ဆိုင်းဦး၊ သိက္ခာပုဒ် ပညတ်ခြင်း၌ သင့်တော်သော အချိန်အခါ ငါဘုရားကိုယ်တော်တိုင် သိတော်မူမည်။ သာရိပုတ္တရာ… သံဃာတော်မှာ ကျူးလွန်မှု အပြစ်မပေါ်သေးသမျှ မြတ်စွာဘုရားသည် သိက္ခာပုဒ် ပညတ် တော်မူလိမ့်ဦးမည် မဟုတ်။

## ဥပဒေ၏ အကျိုးဆယ်ပါး

ဗုဒ္ဓရှင်တော်မြတ်သည် ဝိနည်းဥပဒေတစ်ရပ်ရပ်ကို ပညတ်တော် မူရာ၌ ထိုဥပဒေ ပညတ်တော်ကြောင့် ၁၀ ပါးသော အကျိုးကို ရစေတော် မူ၏။

(၁) ကောင်းပါပြီ ဘုရားဟု စကားတော်ကို လက်ခံနိုင်ခြင်းအကျိုး၊

(၂) သံဃာတော်အများ၏ ချမ်းသာစွာ နေထိုင်ရခြင်းအကျိုး၊

(၃) အလဇ္ဇီဒုဿီလ ရဟန်းယုတ်များကို နှိပ်နိုင်ခြင်းအကျိုး၊

(၄) သီလချစ်ခင် သူတော်စင် ရဟန်းတို့ ချမ်းသာစွာ နေနိုင်ခြင်း အကျိုး၊

(၅) ယခုဘဝ၌ ဘေးရန်အန္တရာယ်တို့ကို စောင့်ရှောက်ပြီး ဖြစ်ခြင်း အကျိုး၊

(၆) နောင်တမလွန်ဘဝ၌ ဘေးရန်အန္တရာယ်ကို ပယ်နိုင်ခြင်း အကျိုး၊

(၇) သာသနာတော်၌ မကြည်ညိုသေးသူများကို ကြည်ညိုလာစေ ခြင်းအကျိုး၊

(၈) ကြည်ညိုပြီးသူများအား သဒ္ဓါတရား တိုးပွားစေခြင်းအကျိုး၊

(၉) သူတော်ကောင်းတရား၏ တည်တံ့ခြင်းအကျိုး၊

(၁၀)ဝိနည်းကိုယ်ကျင့်တရားများကို ချီးမြှောက်ခြင်းအကျိုး။

ဤဆယ်မျိုးသော အကျိုးကို ရည်ရွယ်တော်မူ၍ ဝိနည်းဥပဒေ တော်ကို ဘုရားရှင် ပညတ်တည်ထားတော်မူရပေသည်။

## ဖုဿထေရဂါထာ မြန်မာပြန်

၁။ တိုးပွားစေအပ်သော ကိုယ်စိတ်လည်း ရှိကုန်၊ ကောင်းစွာ စောင့်စည်းအပ်သော ဣန္ဒြေလည်း ရှိကုန်သည်ဖြစ်၍ ကြည်ညိုဖွယ်ကောင်းကုန်သော ရဟန်းတော်များစွာတို့ကို မြင်ရသဖြင့် 'ပဏ္ဍရ'ဟု မိမိအနွယ်ရင်းရှိသော ရသေ့တစ်ယောက်သည် 'ဖုဿ'ဟု မိမိအမည်ရင်းရှိသော မထေရ်မြတ်ကို လျှောက်ထား မေးမြန်းလေသည်။

၂။ အနာဂတ်ကာလ၌ ရဟန်းတို့သည် အဘယ်ဆန္ဒ၊ အဘယ်အလို၊ အဘယ် အသွင်အပြင်ရှိကြဖို့ လမ်းမြင်ပါသနည်း။ ထိုအကြောင်းကို အမေးခံရသော အရှင်ဘုရားသည် တပည့်တော်အား မိန့်ကြားတော်မူပါ။

၃။ 'ပဏ္ဍရ' ဟု မိမိနာမည်ရင်းရှိသော အိုရသေ့… ငါ၏ စကားကို နားထောင်ပါလော့၊ လေးလေးစားစား စွဲမှတ်ထားပါလော့၊ အနာဂတ်အကြောင်းအရာကို ကောင်းစွာ ပြောပြပါမည်။

၄။ အနာဂတ်ကာလ၌ ရှင်ရဟန်းအများတို့သည် နေရာတိုင်းမှာ စိတ်တိုလေ့ရှိကြလိမ့်မည်။ တစ်ယောက်အပေါ် တစ်ယောက် အခဲမကျေနိုင်ဘဲ စွဲမြဲစွာ ရန်ငြိုးထားလေ့ ရှိကြလိမ့်မည်။ ဆရာသမား၊ သီတင်းသုံးဖော်များက မိမိအား ပြုဖူးသောကျေးဇူးကို ချေဖျက်ပစ်လေ့ရှိကြလိမ့်မည်။ မာန်မာနလျှော့၍ ပျောင်းပျောင်းနူးညံ့သင့်ပါလျက် မနူးညံ့သည့်အပြင် နေရာတိုင်းမှာ ထန်ချင်ကြလိမ့်မည်။ မရှိသောဂုဏ်ကို ရှိဟန်ဆောင်လျက် ကောက်ကျစ်စဉ်းလဲကြလိမ့်မည်။ ရဟန်းအချင်းချင်း ကိုယ့်ထက်သာလျှင် မနာလို မရှုဆိတ်သော ဣဿာတရားများ တိုးပွားကြလိမ့်မည်။ ဂိုဏ်းဂဏကွဲ၊ ပုဂ္ဂိုလ်ကွဲသဖြင့် အနည်းနည်းအဖုံဖုံ ဝါဒစုံယူကြ၍ မတူမျှသောဝါဒရှိရစ်ကြလိမ့်မည်။ (ဤအပြစ်တို့ ယခုဖြစ်နေကြပြီ မဟုတ်ပါလော။)

၅။ မိမိကိုယ်တိုင်က ရေတိမ်ကမ်းနား၌ ကျက်စားသော ဖျံကဲ့သို့ သာမညတရားလောက်၌သာ ကျက်စားနိုင်ပါလျက် လေးနက်သော သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ်စသော တရား၌ သိပြီး (ကိစ္စပြီးပြီ)ဟု မှတ်ထင်ကြ၍ အစစ်အမှန်တရားပေါ်၌ ပေါ့ပေါ့ဆဆ အလေးမပြုကြဘဲ တရားအား ထုတ်သူ အချင်းချင်းလည်း မလေးမစား အရေးမထားဘဲ နေရစ်ကြလိမ့်

မည်။ (ယခုအခါ တရားပေါက်ပြီဟု အထင်ရှိသူတွေကို တိုက်ရိုက်သတိပေး သလို ဖြစ်သော ဂါထာပါပေတည်း။)

၆။ ဤသတ္တလောက သတ္တဝါအပေါင်းဝယ် များစွာသော အပြစ်တို့သည် အနာဂတ်ကာလ၌ ဖြစ်ကြရစ်လိမ့်မည်။ ကောင်းစွာ ဟောပြောတော်မူအပ်သော ဤတရားတော်မြတ်ကို ပညာမဲ့သူ လူပြိန်းတို့က ညစ်နွမ်းအောင် ပြုရစ်ကြလိမ့်မည်။ (ယခုအခါ တရားတုတွေကြောင့် တရားအစစ်များ ညစ်နွမ်းနေပါပြီ။)

၇။ သီလ၊ သမာဓိ၊ ပညာဘက်က ပြောပလောက်အောင် ဂုဏ်မရှိကြ၊ ကျမ်းဂန်ဗဟုသုတလည်း မရှိကြပါဘဲ သူတို့သည်ပင် သံဃာ့အလယ်၌ နှုတ်ကြမ်း အာကြမ်း ပရမ်းပတာ ရဲဝံ့စွာ ပြောဆိုကြကုန်လျက် နောက်လိုက်အင်အား ပေါများသူတွေ ဖြစ်ရစ်ကြလိမ့်မည်။ (ယခု ဤအတိုင်းပင် များစွာသော နေရာတို့၌ ဖြစ်နေပြီ မဟုတ်ပါလော။)

၈။ သီလ၊ သမာဓိ၊ ပညာနှင့် ကျမ်းဂန်ဗဟုသုတဂုဏ် ရှိကြကုန်သည်ဖြစ်၍ ရှက်စိတ်လည်းရှိကြ၊ ဂုဏ်ပကာသနနှင့် လာဘ်လာဘကိုလည်း အလိုမရှိကြသော ရဟန်းတော်တို့သည် သံဃာ့အလယ်၌ ဟုတ်တိုင်းမှန်ရာ ပြောဆိုကြလျှင် ထိုပုဂ္ဂိုလ်တို့မှာ ထောက်ခံသူနည်းပါး၍ အင်အားမရှိသူများ ဖြစ်ရစ်ကြလိမ့်မည်။ (ယခုအချိန်၌ တကယ့်ပညာရှိ သူတော်ကောင်းများသည် ပရိသတ်အလယ်မှာ ပြောဆိုခြင်းငှာ ရဲဝံ့ကြပါသေး၏လော။)

၉။ အနာဂတ်ကာလ၌ ပညာမဲ့သော ရဟန်း၊ သာမဏေတို့သည် ငွေ၊ ရွှေ၊ လယ်မြေ၊ ယာခင်း၊ ဆိတ်၊ သိုး၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ားကို သာယာကြ၊ အလှူလာလျှင် ခံယူကြလိမ့်မည်။ (ယခုအခါ ငွေနှင့် လယ်ယာကို မအပ်သောနည်းဖြင့်လည်း အတိအလင်း ခံယူကြလေပြီ။)

၁၀။ အနာဂတ်ကာလ၌ မလိမ္မာသော ရှင်ရဟန်းတို့သည် ကိုယ့်အပြစ်ကိုတော့ မမြင်ဘဲ သူတစ်ပါးကိုသာ ကဲ့ရဲ့စရာဟု မှတ်ထင်ကြကုန်၊ သီလတို့၌ ကောင်းစွာထားအပ်သော စိတ်သမာဓိ မရှိကြကုန်၊ ကျူရိုး အလားအနှစ်မဲ့ တက်ကြွားသော မာန်မာနရှိကုန်၊ ခိုက်ရန်ဖြစ်နေရမှ ပျော်မွေ့ကြကုန်သည်ဖြစ်၍ လှည့်လည်နေထိုင်ရစ်ကြလိမ့်မည်။ (တချို့မှာ ဤအတိုင်း ဖြစ်နေကြ၏။ သို့သော် များးဟန်မတူသေးပါ။)

၁၁။ အနာဂတ်ကာလ၌ အတွင်းစိတ်မှာ မငြိမ်မသက် လှုပ်ယှက်နေရစ်ကြလိမ့်မည်။ သင်္ကန်းညိုကြီးများကို ဝတ်ရုံသုံးစွဲကာ ဒါယကာ၊ ဒါယိကာမတို့ အထင်ကြီးလောက်အောင် အံ့ဩဖွယ်ကို ဆောင်ကုန်လျက် ပစ္စည်းလေးပါးလှူအောင် အရိပ်အယောင် စကားပြောခြင်းဖြင့် ဆွယ်တရားဟောကြပြီးလျှင် နွားဦးချိုလို တဏှာချိုဖြင့် ဟိုထိုး ဒီဝှေ့နှင့် အတွင်းစိတ်က မရိုးသားပါသော်လည်း အများအမြင်အားဖြင့် အရိယာကြီးများလို ထင်ရလောက်အောင် ဟန်ဆောင်၍ လှည့်လည်ရစ်ကြလိမ့်မည်။ (ဤအမှုလည်း တချို့အတွက် ဖြစ်နေပြီ။ ဒါယကာ၊ ဒါယိကာမ ဆိုသူတို့ကလည်း ဘာမျှနားမလည်ကြ၊ ကြာလျှင် ထိုပုဂ္ဂိုလ်မျိုးတွေ များသည်ထက် များလာဖွယ်ရှိသည်။)

၁၂။ အနာဂတ်ကာလ၌ ရှင်ရဟန်းတို့သည် ဆံပင် (အတို)ကို ဆီတို့ဖြင့် ကျနအောင် ထား၍ လျှပ်ပေါ်လော်လည် မတည်ကြည်ရုံသာမက မျက်လုံးများကိုလည်း (ကုလားများလို ညိုနေအောင်) မျက်ရေးကွင်းကုန်လျက် ဆင်စွယ်ရောင် အသွေးရှိသော အဝါနုသင်္ကန်းကလေးကို ခြုံရန်း၍ လှည်း၊ မြင်း၊ ရထား၊ မော်တော်ကားတို့ အသွားများသော လမ်းမ၌ ရုပ်ချောဇန်းပြ လှည့်လည်ရစ်ကြလိမ့်မည်။ (ဤအချက်ကိုကား မိမိတို့ကိုယ်တိုင် မပါဝင်အောင် သတိထားသင့်၏။ အတော်များများကတော့ တချို့တစ်ဝက် အပြစ်တွင် ပါဝင်နေပြီ။)

၁၃။ အဖြူရောင်အဝတ်တို့၌ မက်မောအားရ မျက်စိကျနေသော အနာဂတ် ရှင်ရဟန်းတို့သည် အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်ကြီးတို့ မစက်ဆုပ်အပ် (မြတ်နိုးအပ်)သော၊ ကောင်းစွာ ဆိုးအပ်သဖြင့် ရဟန္တာအရှင်မြတ်တို့၏ အောင်လံသဖွယ် လွန်တင့်တယ်သော သင်္ကန်းကို စက်ဆုပ်ရွံမုန်းရစ်ကြလိမ့်မည်။ (ဤအခြေအနေ ယခုအခါ ရောက်သေးသည် မထင်ပါ။)

၁၄။ အနာဂတ် ရှင်ရဟန်းတို့သည် ပစ္စည်းလာဘ်ကို လိုလားကြ၊ ပျင်းရိကြ၊ ယုတ်လျော့သော ဝီရိယ ရှိရစ်ကြလိမ့်မည်။ တောရကျောင်းတို့၌ နေဖို့ ပင်ပန်းကြကုန်သည် ဖြစ်၍ ရွာနီးကျောင်းတို့၌ နေရစ်ကြလိမ့်မည်။

(လာဘ်လာဘသာမက ဂုဏ်ကိုပါ ယခုအခါ လိုလားနေကြသည်သာ များသည်။)

၁၅။ အကြင် အကြင် ရဟန်းတို့သည် အခါခပ်သိမ်း မတရားသော နည်းဖြင့် အသက်မွေးမှု၌ မွေ့လျော်ကာ များစွာသော လာဘ်ကို ရကြလတ္တံ့။ ထိုထိုလာဘ်ပေါသော ရဟန်းတို့ကပင် အတုလိုက်၍ ကျင့်ကုန်လျက် သီလ သိက္ခာတို့၌ စောင့်စည်းခြင်း မရှိကြတော့ဘဲ ထိုလာဘ်ပေါသော ရဟန်းများကိုသာ ဆည်းကပ်ရစ်ကြလိမ့်မည်။ (ယခုအခါ ဤအတိုင်းလိုလိုပင် ဖြစ်နေကြလေပြီ။)

၁၆။ အကြင် အကြင် ရဟန်းတို့သည် လာဘ်လာဘ မရကြကုန်၊ ထိုရဟန်းတို့ကား အပူဇော်ခံရသူများ ဖြစ်ရစ်လိမ့်မည်မဟုတ်။ ထိုကဲ့သို့ လာဘ်လာဘကို အရေးစိုက်နေသော အနာဂတ်ကာလ၌ အလွန် သီလ ပြည့်ဝ၍ ပညာရှိဖြစ်ကြသော ထိုအရှင်တို့ကိုသော်မှလည်း လာဘ်မရှိသည့်အတွက် ထိုအနာဂတ်ရှင်ရဟန်းတို့က ဆည်းကပ်ရမှန်းတောင် သိရစ်ကြမည် မဟုတ်ချေ။ (ဒါယကာ၊ ဒါယိကာမ မရှိသော စာတတ်ဘုန်းကြီးများသည် ယခုအခါ မထင်ရှားဘဲ အများနောက်မှာ နေကြရသည်။)

၁၇။ အနာဂတ် ရှင်ရဟန်းတို့သည် မိမိတို့၏ အောင်လံဖြစ်သော ညောင်ခေါက်ဆိုးသင်္ကန်းကို ကဲ့ရဲ့ကြကုန်လျက် တိတ္ထိတို့၏ အလံဖြစ်သော အဝတ်ဖြူကို တချို့က ဆောင်ကြ ဝတ်ကြလိမ့်မည်။ [ညောင်ခေါက်ဆိုး (ပိန္နဲဆိုးရင့်ရင့်)သည် အလွန်ကျက်သရေရှိ၏။ သို့သော် ဝါဝါကလေးလောက်တော့ ကြည့်၍ မလှသဖြင့် အများမျက်စိ မကြိုက်တတ်ပါ။]

၁၈။ ထိုအနာဂတ်ကာလ၌ ထိုရှင်ရဟန်းတို့၏ သင်္ကန်း၌ အလေးမပြုခြင်း ဖြစ်ရစ်လိမ့်မည်။ သင်္ကန်း၌ ရဟန်းတို့၏ ပညာဖြင့် ဆင်ခြင်မှု (ပစ္စဝေက္ခဏာဆင်ခြင်မှု)လည်း ဖြစ်ရစ်တော့မည် မဟုတ်။ (မိမိကိုယ်တိုင် ဆင်ခြင်မိ၊ မဆင်ခြင်မိကို သတိပြုသင့်၏။)

၁၉။ သောနုတ္တရမုဆိုးက မြားဖြင့် ပစ်ဖောက်အပ်သည် ဖြစ်၍ ဒုက္ခဝေဒနာ လွန်စွာနှိပ်စက်အပ်လျက် ဖောက်ပြန်နေရာသော ဆဒ္ဒန်ဆင်မင်းမှာ ကြံစည်၍ မရနိုင်လောက်အောင် အလွန်ပြင်းပြသော ဉာဏ်အဆင်

အခြင်္ ဖြစ်ခဲ့ဖူးလေပြီ။ (ဤသက်န်းနှင့် စပ်၍ ဖုသသမထေရ်မြတ်သည် အလောင်းတော် ဆဒ္ဒန်ဇာတ်ကို သတိရတော်မူဟန်တူသည်။)

၂၀။ မှန်၏၊ ထိုဆဒ္ဒန္တဇာတ် ဖြစ်ရာအခါ၌ ဆဒ္ဒန်ဆင်မင်းသည် ကောင်းစွာ ဆိုးအပ်သော ရဟန္တာအရှင်မြတ်တို့၏ အောင်လံသဖွယ် ဖြစ်သော သင်္ကန်းကို မြင်ရ၍ ထိုခဏ၌ပင် အနက်ဓိပ္ပာယ်လှသော ဂါထာတို့ကို ရွတ်ဆို လေသည်။ (ရွတ်ဆိုပုံကား)

၂၁။ အကြင်သူသည် ကိလေသာ ဖန်ရည်ကုန်ခန်း၍ ရဟန္တာ မဖြစ်သေးပါဘဲ ဖန်ရည်ဆိုးသင်္ကန်းကို တင်လွှမ်းဝတ်ရုံ၏။ ဣန္ဒြေတို့ကို ဆုံးမမှုနှင့် ဝစီသစ္စာမှ ကင်းကွာသော ထိုသူမျိုးသည် ဖန်ရည်ဆိုးသင်္ကန်းကို တင်လွှမ်းဝတ်ရုံခြင်းငှာ မထိုက်တန်ချေ။

၂၂။ အကြင်ပုဂ္ဂိုလ်ကား ကိလေသာဖန်ရည်တွေကို အန်ထုတ်ပြီး၍ သီလတို့၌လည်း ကောင်းစွာ စောင့်စည်းထားအပ်သော စိတ်ရှိ၏။ ဣန္ဒြေတို့ကို ဆုံးမမှု ဝစီသစ္စာနှင့်လည်း ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်မျိုးသာလျှင် အမှန်အားဖြင့် ဖန်ရည်ဆိုးသင်္ကန်းကို တင်လွှမ်းဝတ်ရုံထိုက်ပါပေသည်။

၂၃။ အကြင်သူသည် ပျက်စီးသော သီလရှိ၏။ ပညာလည်း မရှိ။ ထိုထိုကိစ္စ၌ ဣန္ဒြေသမာဓိ မရဘဲ ပေါ်လွင်လှ၏။ ကိလေသာမာရ်၏ အလို ရှိတိုင်း ပြုသမျှကို ခံနေရ၏။ ပျံ့လွင့်တုန်လှုပ်သော စိတ်လည်း ရှိ၏။ ဖြူစင်သန့်ရှင်းသော စိတ်လည်း မရှိ။ ထိုသူမျိုးသည် ဖန်ရည်ဆိုးသင်္ကန်းကို တင်လွှမ်းဝတ်ရုံခြင်းငှာ မထိုက်တန်ချေ။

၂၄။ အကြင်ပုဂ္ဂိုလ်ကား သီလနှင့်လည်း ပြည့်စုံ၏။ ကင်းသော ရာဂရှိ၏။ စိတ်တည်ကြည်၏။ ဖြူစင်သော စိတ်အကြံလည်း ရှိ၏။ ထိုပုဂ္ဂိုလ် မျိုးသာလျှင် အမှန်အားဖြင့် ဖန်ရည်ဆိုးသော သင်္ကန်းကို တင်လွှမ်းဝတ်ရုံ ထိုက်ပါပေသည်။

၂၅။ အကြင်သူသည် မငြိမ်သက် လှုပ်ယှက်သော စိတ်ရှိ၏။ ကျူရိုးအလား အနှစ်မဲ့တက်ကြွားသော မာန်မာနလည်း ရှိ၏။ ကြောင်းကျိုး မနိုက် အမိုက်သက်သက်ဖြစ်၍ ယင်းကဲ့သို့သောသူမှာ သီလလည်း မရှိ။ ထိုသူမျိုးသည် အဝတ်ဖြူကိုသာ ဝတ်၍ ဖိုးသူတော်သာ လုပ်ထိုက်၏။ သူ့မှာ

ဖန်ရည်ဆိုး သင်္ကန်းသည် ဘာအသုံးပြုတော့မည်နည်း။ (ဤအလောင်းတော်၏ အလိုအရ သင်္ကန်းဝတ်လိုလျှင် စည်းကမ်းဥပဒေထား၍ ဝတ်သင့်မှ ဝတ်ခွင့်ပြု သင့်သည်။)

၂၆။ အနာဂတ်ကာလ၌ ဘိက္ခု၊ ဘိက္ခုနီတို့သည် ဒေါသစိတ်ရှိ၍ တရား၌ လည်းကောင်း၊ ပုဂ္ဂိုလ်တို့၌ လည်းကောင်း ရိုသေလေးစားခြင်း မရှိကုန်သည်ဖြစ်၍ လောကခံကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်း မရှိကြဘဲ မေတ္တာစိတ်ဖြင့် နေလေ့ရှိကြသော သူတော်ကောင်းတို့ကို နှိမ်ရစ်ကြလိမ့်မည်။ [တချို့ဒေသ၌ သူတော်ကောင်းများ အနှိမ်ခံရလေပြီ။)

၂၇။ ဆရာသမားတို့က သင်္ကန်းဝတ်ရုံပုံ (စားသောက်နေထိုင်ပုံ) အလုံးစုံကို သင်ပြအပ်ကုန်ပြီးသော်လည်း မိုက်မာနရှိ၍ အလိမ္မာ ပညာခံ မရှိကြဘဲ ထိုထိုကိစ္စ၌ ဣန္ဒြေမရ ပေါ်လွင်ကြကုန်သော အနာဂတ် ရှင်ရဟန်း တို့သည် ကိလေသာကာမ၏ ပြုသမျှကို ခံနေကြသည်ဖြစ်၍ (သင်ပြသည်ကို) ရိုသေစွာ နားထောင်ရစ်ကြလိမ့်မည် မဟုတ်။ (ယခုသော်ကား မနာခံကြသဖြင့် တချို့ ဆရာသမားသည် သင်ပြမှုကိုပင် မပြုကြတော့ကုန်။)

၂၈။ ထိုထို အသင်အပြ မခံရကုန်သော အနာဂတ်ရှင်ရဟန်း အပေါ့ အဖျင်းတို့သည် အချင်းချင်းလည်း မလေးစားကြတော့ဘဲ ဥပဇ္ဈာယ် ဆရာသမား များ၏ ဆုံးမစကားကိုပင် နာယူကြတော့မည် မဟုတ်။ ဥပမာ- မြင်းကြမ်း မြင်းယုတ်မာသည် ရထားထိန်းကို (ရထားထိန်း၏ စကားကို) မနာယူဘဲ သူ သွားချင်သလို သွားသကဲ့သို့တည်း။ (ယခုအခါ ဆိုဆုံးမ၍ရသူ နည်းသည် ထက် နည်းလာလေပြီ။)

၂၉။ အနာဂတ်ကာလ၌ နောက်ပိုင်းအချိန် ရောက်လတ်သော် ဘိက္ခုနှင့် ဘိက္ခုနီတို့၏ ကျင့်ကြံနေထိုင်ပုံသည် ဤပြခဲ့သော နည်းအတိုင်း ဖြစ်ရလိမ့်မည်။

၃၀။ ဤအနာဂတ်ဘေးကြီး မရောက်လာမီ အသင်တို့သည် အချင်းချင်း ရိုသေလေးစားခြင်း ရှိကြကုန်သည်ဖြစ်၍ ပြောဆိုဆုံးမလွယ် သော စကားရှိသူများ၊ နူးညံ့ပြေပြစ်သူများ ဖြစ်ကြပါလော့။ (ဝိသနိပါတ် ဖြစ်သည် အားလျော်စွာ ဤနေရာတွင် ဂါထာ ၃၀ ပြည့်နေပြီဖြစ်၍ ဤမှာ

ပြီးဆုံးသင့်၏။ သို့သော် နောက်ထပ် ၂ ဂါထာကို ပါဠိတော်မှာ တွေ့ရ သေးသည်။)

၃၁။ အချင်းချင်း မေတ္တာစိတ် ရှိကြပါ၊ သနားကြင်နာ ကရုဏာ စိတ်လည်း ရှိကြပါကုန်။ သီလတို့၌ စောင့်ရှောက်အပ်သော တံခါး ရှိကြ ပါကုန်။ အားထုတ်အပ်သော ဝီရိယရှိကြပါကုန်။ ကိုယ်နှင့်အသက် မငဲ့ကွက် ဘဲ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ် ရှိကြကုန်၍ အမြဲမပြတ် တစ်ဆင့်ထက် တစ်ဆင့် အမြင့်ရောက်အောင် ကြိုးစားကြပါကုန်။

၃၂။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေခြင်းကို ကြီးစွာသော ဘေးဟု လည်းကောင်း၊ မမေ့မလျော့ မပေါ့မဆနေခြင်းကို ဘေးကင်းကြောင်း ဟု လည်းကောင်း၊ ကောင်းစွာ သိမြင်၍ မဂ္ဂင်ရှစ်ပါး မြတ်တရားကို မိမိ သန္တာန်၌ဖြစ်အောင် ကြိုးစားကြပါကုန်။ ဤသို့ ကြိုးစားကြလျှင် အမြိုက် နိဗ္ဗာန်ကို ဧကန် ထိရောက်နိုင်ကြပါသည်။

**မှတ်ချက်**။ ။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်လောက် က ဖုဿမထေရ်မြတ်၏ အနာဂတ်မြော်မြင်တော်မူချက်တို့တွင် များစွာသော အချက်တို့သည် ယခုအချိန်မှာ အထင်အရှားဖြစ်လျက် ရှိကြပါပြီ။

ထိုသို့ဖြစ်နေပုံကို စိစစ်ပြီးလျှင် ထိုဘေးတို့သည် မိမိအပေါ်၌ ရောက်လျက်ရှိကြ၊ မရှိကြသည်ကိုလည်း သတိပြုကာ မိမိကိုယ်ကိုယ် ထို ဘေးတို့မှ လွတ်အောင် ရုန်းနိုင်ကြပါစေသတည်း။ ။

## နံနက်ခင်း ဩဝါဒများမှ
## ဆရာတော်၏ ဘာသာအမြင်၊ သာသနာအမြင်

### အနှစ်သာရပိုင်းထိ အချိန်မရ

ဘုရားလက်ထက်ကစပြီး သာသနာအတွက်ဆိုရင် ပိဋကတ်တွေကို ဆောင်ထားမှု၊ တရားဓမ္မဟောပြမှု၊ သမထ၊ ဝိပဿနာ ဘာဝနာပွားမှု ဆိုတဲ့ အလုပ်တွေကို ကိုယ်စီတာဝန်ယူပြီး ထမ်းဆောင်ခဲ့ကြတယ်။

ယခု သာသနာတော်ကို အဲသလို ခေတ်အဆက်ဆက် ကြိုးစားပြီး လက်ကမ်းသယ်ယူခဲ့လို့ ဒီအခြေအနေ မြင်ရတာ။ အရည်းကြီးဂိုဏ်း ဆိုတာတွေက မှုမမှန်တော့ ပျက်ကွယ်ခဲ့ရတယ်။ အနော်ရထာမင်းနဲ့ ရှင်အရဟံတို့ လက်ထက်ရောက်တော့ အမှန်ကို ဖော်ထုတ်နိုင်ခဲ့ကြတယ်။

ယခုခေတ် စာသင်နေကြတာက ပါဠိကို ဖတ်တတ်အောင်၊ အနက်ထင်အောင် ကြိုးစားနေကြရတာ။ အဲဒီလို ကြိုးစားနေရတာနဲ့ အချိန်တွေကလည်း ကြာလွန်းနေတဲ့အတွက် အနှစ်သာရရှိတဲ့ အဓိပ္ပာယ်ပိုင်းကို မရောက်နိုင်တော့ဘူး။ စဉ်းစားဖို့၊ တွေးတောဖို့၊ ကျင့်ကြံဖို့ အချိန်မရတော့ဘူး ဖြစ်နေတယ်။

## တောဘုန်းကြီးတွေက ပထမအရင်းခံ

ပုဂံခေတ်လောက်တုန်းက ဘုန်းကြီးတွေ စာပေကို အမြန်တတ်အောင် သင်တယ်။ ပြီးတော့ တောလက်ကျေးရွာတွေမှာ တာဝန်ယူ၊ ကလေးသူငယ်တွေကို စာပြ၊ အလိမ္မာသင်ပေးကြပြီး လူကြီးတွေအပိုင်းကိုတော့ ဘာသာရေးမျက်စိ ဖွင့်ပေးကြတယ်။

## လမ်းပေါ်ရောက်ပါလျက် လမ်းပျောက်မသွားစေနဲ့၊ နိုင်ငံနဲ့ သာသနာ တွဲသွားနိုင်မှ

လူတွေကို မေတ္တာနဲ့ စေတနာနဲ့ နေရာတိုင်းမှာ ဟောပြောညွှန်ပြပေးရမယ်။ ကိုယ့်အတွက်လည်း ပူစရာ မလိုပါဘူး။ စားဝတ်နေရေး ပြည့်စုံနေတာပဲ။ လုပ်ရမှာက အများကောင်းစားရေးပဲ။

နိုင်ငံက သာသနာမပါရင် မတက်သလို သာသနာကလည်း နိုင်ငံမပါရင် မတက်နိုင်ဘူး။ သာသနာ မပါဘဲ တက်သွားရင်လည်း စိတ်ချမ်းသာဖို့ မလွယ်ပါဘူး။

တို့နိုင်ငံကောင်းစားအောင် ပြုပြင်ဖို့ရာ ဘုန်းကြီးတွေက ပဓာနပါ။ လွန်ခဲ့ပြီးတဲ့ အမှားအမှန်တွေ ဘေးဖယ်ထားပြီး ရှေ့ဆက်ကြိုးစားဖို့ပဲ လိုတယ်။ ဘုန်းကြီးက သူတော်ကောင်း၊ လူက စေတနာကောင်းဆိုရင် နှစ်ဦးနှစ်ဖက် အကျိုးရှိသွားမှာကို မြင်တယ်။

## သာသနာက ထိပ်တန်းသာသနာပါ

ရဟန်း၊ သာမဏေများဘက်ကလည်း သဒ္ဓါတရား အပြည့်ရှိကြပါ။ သဒ္ဓါတရား မပါဘဲနဲ့ စာသင်၊ စာချမှု လုပ်မနေကြပါနဲ့။ သာသနာထဲမှာ အချောင်ဝင်ပြီး မခိုကြပါနဲ့။ စာတတ်ပေမယ့် သာသနာမှာ အလုပ်လုပ်တတ်တာက တခြားစီပါ။ သိက္ခာသုံးပါး (သီလ၊ သမာဓိ၊ ပညာ) ရှိမှ သာသနာမှာ အနှစ်ပြည့်တဲ့ ဉယျာဉ်ကြီး ဖြစ်လာပါမယ်။

ဦးပဥ္စင်းတို့၊ ကိုရင်တို့တွေက ဒီမှာနေတုန်းကတော့ ဒီအသွေး ဒီအသွင် ဒီမူအရာကလေးတွေနဲ့ပါပဲ။ အပြင်ဘက် ရောက်တော့ အကုန်ပျောက်

ပြီး အများနောက်ကို လိုက်သွားချင်တတ်ကြတယ်၊ မပျောက်ပါစေနဲ့။ ဘုရား ဝိနည်းတွေ အပြည့်အစုံ ရှိပါတယ်။ ဒီတရားတွေနဲ့ ပြုပြင်ရင် ရပါတယ်။ ဘုရားသာသနာတော်က လူညံ့တွေ ထမ်းဆောင်လာခဲ့တာ မဟုတ်ဘူး။ မင်းညီမင်းသားတွေ၊ သူဌေးသားတွေ၊ အိမ်ရှေ့ဥပရာဇာတွေ၊ ရှင်ဘုရင်တွေနဲ့ ပဏ္ဍိတ်ဆိုတဲ့ ထိပ်တန်းပုဂ္ဂိုလ်လက်ထဲက ဆင်းသက်လာတာပါ။

## သည်မျှနဲ့ မကွယ်သင့်သေး

တကယ်လုပ်ပြီ ဆိုရင် အပြောခံဖို့က ဘုန်းကြီးပါ။ အကျိုးရဖို့ အတွက်ကတော့ အများအတွက် ဖြစ်ပါစေ။ ဒီသာသနာတော်ကြီးဟာ ဒီ လောက် နှစ်ပေါင်း ၂၅၀၀ ကျော်ရုံကလေးလောက်နဲ့ မကွယ်ပသင့်သေးပါ ဘူး။ ဘုရားရှင်ကိုယ်တော်မြတ် သဗ္ဗညုတဉာဏ်တော်ကြီးကို ရဖို့ အနစ်နာ ခံခဲ့တာတွေနဲ့စာရင် ဒီမျှလောက်ကာလနဲ့ သာသနာတော်ကြီး မကွယ်ပသင့် သေးပါဘူး။ လျော့ရဲရဲ နေကြလို့သာ ဒီလို ဖြစ်နေရတာပါ။ 'ပြင်တယ်' ဆိုတာလည်း တကယ်တော့ ထူးပြီး ပြင်ရမှာ မဟုတ်ပါဘူး။ တောရွာက ကလေးတွေ စာပြ၊ နားလည်အောင် သင်ပေး၊ လူကြီးတွေကို တရားဟော၊ ကိုယ့်ဘက်က တစ်ချိန်မှာ ဘာဝနာတစ်ခုခုနဲ့ တပင်တပန်းကြီး မလုပ်ရပါဘူး။ သူ့ဟာနဲ့သူ အလိုက်သင့် အဆင်ပြေမှာပါ။

နောက်ပိုင်း သာသနာမှာ ဆွမ်းလည်း မလောင်း၊ ကျောင်းလည်း မဆောက်ရင် ဘာသာရေးပါ ကွယ်ပျောက်ရတော့မှာ။ ယခုပဲ တောရွာကျောင်း တွေမှာ ငယ်ဖြူတွေရှားကုန်လို့ တောထွက်ရဟန်းကြီးတွေကို ကိုးကွယ်နေ ရပြီတဲ့။ သာသနာမှာ ကျက်သရေလည်း မရှိ၊ လူတွေဘက်ကလည်း ကျောင်း စောင့်လောက် သဘောထားပြီး မသေရုံ ဆွမ်းကျွေးထားကြတာ။ အဲဒီလိုဆိုရင် ဒီသာသနာနဲ့ ဒီဘုန်းကြီးတွေ တွေ့ကြရတော့မှာ။ ဘုရားလက်ထက်က အသွင် အပြင်ကို ဘယ်လိုနည်းနဲ့မှ မှန်းလို့ ရနိုင်တော့မှာ မဟုတ်တော့ဘူး။

## ဘာလို့ သက်န်းဝတ်တာလဲလို့ စိစစ်

ဒါကြောင့် ပြင်ရမယ် ဆိုတာတွေက တခြား မဟုတ်ဘူး။ အစား အသောက်က စပြီး ပြင်ရမှာ။ အနေအထိုင်၊ အသွားအလာ၊ အပြောအဆို၊

အမှုအကျင့်၊ စိတ်နေစိတ်ထား အားလုံးပြင်ကြရမယ်။ ဘယ်မှာမှ မဖြစ်ရင် ဒီကျောင်းတိုက်မှာကတော့ ဖြစ်အောင်ကို ပြင်ရမယ်။ စာမေးပွဲ နောက်ချထား၊ သီလစင်ကြယ်အောင်နေ၊ သဒ္ဓါတရားနဲ့ သီလကို ထမ်းပိုးထမ်းညီအောင်ထား၊ သင်္ကန်းဝတ်တာကိုပင် ဘာကျေးဇူးရှိလို့ ဝတ်တာလဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးပြီး စိစစ်။

တိတ္တိအမတ်ကြီးများပါတဲ့ ပရိသတ်မှာ ဘုရားက အဇာတသတ်မင်းကို မေးတယ်။ 'အသင်မင်းရဲ့ ကျေးကျွန်တစ်ယောက်က စဉ်းစားတယ် ဆိုပါတော့၊ မင်းဆိုတာလည်းလူ၊ သူတောင်းစားလည်းလူ၊ ချမ်းသာဆင်းရဲ ကွာခြားကြတယ်။ မင်းလုပ်သူထက် ချမ်းသာအောင် ပစ္စည်းနဲ့ ရာထူးကတော့ မပြုနိုင်ဘူး။ ကုသိုလ်များများရတဲ့နည်းနဲ့သာ ပြိုင်နိုင်မယ်။ ဒီတော့ ဘုန်းကြီးဝတ်မှ ဖြစ်မယ်' ဆိုပြီး ဘုန်းကြီးဝတ်သွားတယ်။

ဒီတော့ 'ငါ့ကျွန်တစ်ယောက် ရဟန်းပြုသွားတာပဲ၊ လူထွက်ရမယ်' လို့ ပြောလိုက်မလား၊ လေးလေးစားစားဆက်ဆံပြီး အသင်မင်းက စောင့်ရှောက်ရမှာလားလို့ မေးတော်မူတယ်။ ဒီတော့ 'လူထွက်ရမယ်လို့ မပြောရက်ပါ၊ ဒကာတော်ကသာ လေးလေးစားစား ဆက်ဆံပြီး အစောင့်အရှောက် ပေးရမှာပါ' လို့ လျှောက်တယ်။ 'ဘာပြုလို့ သင်္ကန်းဝတ်တာလဲ' လို့ မေးတော့ လူ့ဘဝမှာ ကုသိုလ်များများရဖို့ မလွယ်ဘူး၊ ရဟန်းဘဝမှာ ကုသိုလ်များများရမယ်၊ ကုသိုလ်များများရအောင်လို့ ဝတ်တာလို့ ဆိုတယ်၊ ရှင်ဘုရင်ထက်လည်း သာသွားတယ်။

## ဘုန်းကြီး ဆင်းရဲတာလောက်ကမှ

အားလုံး ကောက်ချက်ချလိုက်တော့ လူ့ဘဝမှာ ကုသိုလ်အရနည်းလို့ ကုသိုလ်အရများတဲ့ ရဟန်းဘဝကို ယူတယ်လို့ တွေ့ရတယ်။ ဟုတ်တာပေါ့၊ ရိုးရိုးကုသိုလ်ရဖို့ကတော့ အိမ်မှာ သားမယားနဲ့နေလည်း ရသားပဲ။ ဒါပေမဲ့ အဲဒီထက် သာလွန်တဲ့ ကုသိုလ်တွေ ရချင်လို့၊ ဘုရားပွင့်လာမှ ရနိုင်တဲ့ ဒီထက်သာတဲ့ (သီလ၊ သမာဓိ၊ ပညာ) ကုသိုလ်တွေ ရချင်လို့ သင်္ကန်းဝတ်တာလို့ အဓိပ္ပာယ်ရတယ်။

အမေရိကန်တို့၊ ဂျပန်တို့က ဒီမှုကို ကြိုက်လွန်းလို့ ကျမ်းစာများ

ပြုစုပြီး ကျောင်းသုံးအဖြစ်တောင် ပြဋ္ဌာန်းထားသတဲ့။ ‘လူတွေမှာ စားဝတ်နေရေးပြည့်စုံလို့ ချမ်းသာပြီး နေကြသော်လည်း ဘုန်းကြီးဘဝ ဆင်းရဲရတာလောက်ကမှ အရသာမရှိလှဘူး’ လို့ အင်္ဂလန်တက္ကသိုလ်က ဆရာကြီးတစ်ယောက်က ပြောဖူးတယ်။

## သာသနာကို လေးလေးမြတ်မြတ် ရှိပါ

အတွင်းစိတ်ဓာတ် မကောင်းဘူး၊ ကောက်ကျစ်တယ် ဆိုရင်တော့ သာသနာတွင်းကို မဝင်ခဲ့ကြပါနဲ့။ သာသနာ့မြေပေါ် နင်းတာတောင် အပြစ်တွေကြီးလှပါပြီ။ ဘုရားရှင်ရဲ့ သာသနာ့မြေက အလွန်ဖြူစင် သန့်ပြန့်ပါတယ်။ ညစ်ပေတဲ့ ခြေထောက်ကြီးတွေနဲ့ ဒီမြေပေါ်ကို လာပြီး မလျှောက်သင့်ပါဘူး။ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က သာသနာတွင်း ဝင်လာမယ့် သူဆိုရင် သိပ်ပြီး စိစစ်တာ၊ သိပ်ပြီး စစ်ဆေးတာ၊ မတန်တဲ့သူကို အစကတည်းက လက်မခံဘူး။ ဒီအချက်ကို အခုခေတ် ရဟန်းပြုပေးတဲ့သူတွေက သတိရှိဖို့လိုပါတယ်၊ လွယ်လွယ်နဲ့ လုပ်မပေးသင့်ပါဘူး။ မတော်တာတွေ မြင်နေရ၊ တွေ့နေရတတ်ပါတယ်။ မြင့်မြတ်တဲ့ သာသနာတော်ကြီးကို ညစ်နွမ်းအောင် မဖန်တီးသင့်ပါဘူး။ တချို့က ဒီသာသနာတော်ကြီးကို ဘယ်လို မြင်ကြတယ် မသိဘူး။ သားသမီး များတဲ့သူက ညည်းသတဲ့၊ ‘တစ်ယောက် နှစ်ယောက်လောက် ဘုန်းကြီးကျောင်းသွားပြီး သင်္ကန်းဝတ်ကြရင် ကောင်းမယ်’ တဲ့။ ဒါ ဘာဆိုလိုတာလဲ၊ ကျွေးရမွေးရ သက်သာအောင်လို့ ဆိုလိုတာလား၊ နောက်ကျတော့ အမွေခွဲပေးရ သက်သာအောင်လို့ ဆိုလိုတာလား မပြောတတ်ဘူး။ ကောင်းကောင်း မနေတတ်ရင် အဝီစိအစာ ဖြစ်မှာကို ထည့်မတွက်ဘူး။ ဘုန်းကြီးက သာသနာတော်ကြီးအပေါ် အဲသလို လွယ်လွယ်ကလေး ကြည့်တာကို မခံနိုင်ဘူး။

## ဒီနိုင်ငံမှာ ဒီသာသနာ လိုအပ်

အခု သာသနာတော်ကြီး ကျဆင်းလာတယ်လို့ ပြောနေကြတယ်။ ဘာလို့ကျဆင်းတာလဲလို့ အကြောင်းရင်းကို ရှာဖို့လိုတယ်။ ဒီလို အကောင်းစားတွေနဲ့၊ ဓိမ်ခံပစ္စည်းတွေနဲ့ နေလာကြလို့၊ အကျင့်သိက္ခာကိုကျတော့ ပြည့်ဝ

အောင် မကျင့်သုံးဘဲ လျော့ရဲရဲ ဖြစ်လာကြလို့။ ဒါတွေဟာ အကြောင်းရင်းတွေပေါ့။ ဒီတော့ လူတွေနဲ့ ဘာထူးသလဲဆိုပြီး သာသနာ့ဝန်ထမ်းတွေအပေါ် အထင်သေးလာကြရော။ ဒါ ကျဆင်းဖို့ အကြောင်းတွေပေါ့။ ဒီပုဂ္ဂိုလ်တွေအတွက် နိုင်ငံမှာ ကုန်ကျစရိတ်တွေ များတယ်၊ အလုပ်လည်း မလုပ်ကြဘူး ဖြစ်လာရော။

ဘုရားအဆုံးအမအတိုင်း ကျင့်ကြရင် အပိုမဟုတ်ဘူး၊ ဒီသာသနာ ဒီနိုင်ငံမှာ လိုကို လိုအပ်တယ်၊ သာသနာလည်း ပြုရာရောက်တယ်၊ နိုင်ငံအတွက်လည်း အကျိုးများတယ်။ ဘုရားက လူသားတွေအတွက် ပွင့်လာတာ မဟုတ်လား၊ သာသနာလည်း လူသားတွေ အကျိုးရှိဖို့အတွက် ဖြစ်ရမှာပေါ့။ ဒါကြောင့် သိက္ခာပုဒ်နဲ့ မဆန့်ကျင်တဲ့ သာသနာပြုလုပ်ငန်းတွေ အများကြီး ရှိတာပဲ။

## ဘုန်းကြီးများရဲ့ တန်ဖိုးက သီလသာ

ဘုန်းကြီးတွေ ဆိုတာ အဝတ်အစားအနေနဲ့ သိပ်ခေတ်မီတာ မကောင်းဘူး၊ ရိုးရိုးပဲကောင်းတယ်။ အလုပ်ကတော့ဖြင့် ခေတ်ရှေ့က ပြေးစေချင်ပါတယ်။ သာသနာအတွက် ဘုန်းကြီးတွေ အလုပ်အများကြီး လုပ်စေချင်တယ်။ လုပ်စရာတွေလည်း အများကြီး ရှိတယ်။ မလုပ်ဘဲ နေကြလို့ ခက်နေတာ၊ တယ်သွေးအေးကြတာပဲ။ မဟုတ်တာကျတော့ သွားပြီး အတုယူကြပြန်ရော၊ လူတွေရဲ့ အနေအထိုင်၊ အဝတ်အစားကို သူတို့က အားကျတယ်။ လူတွေက ဗိုလ်ကေကလေးတွေ တသသနဲ့ လာကြတော့ ဘုန်းကြီးတွေက ကိုယ့်ခေါင်းကို ပွတ်ပွတ်ကြည့်ကြတယ်။ လူတွေက တုတ်ကောက်ကြီးနဲ့ ရှူးဖိနပ်နဲ့ ဆိုက်ကျကျလာတာကို မြင်ပြန်တော့ ဘုန်းကြီးတွေက သားရေဖိနပ် ခုံထူထူကြီးတွေနဲ့ တခွပ်ခွပ် စီးကြပြန်ရော။

တချို့ နေရာမှာ တွေ့မိပါတယ်၊ ရွှေကိုင်းမျက်မှန်ကြီးတွေ တပ်လို့၊ ပိုးသင်္ကန်းကြီးတွေ၊ ဇန်ကောက်သင်္ကန်းကြီးတွေ တရှမ်းရှမ်းနဲ့၊ စီးကရက်လက်ကြားညှပ်လို့၊ သူတို့က မြင့်သွားတယ် ထင်တာ၊ ဘယ်ဟုတ်လိမ့်မလဲ၊ ကျသွားတာ။

ဘာတွေ လုပ်နေနေ သာသနာဘက်ကတော့ မတိုးတက်ပါဘူး၊ ရည်ရွယ်ချက်ကမှ မမှန်ကြဘဲကိုး။ ဓာတ်ရထားခေတ်တုန်းက ဘုန်းကြီးရဲ့ မိတ်ဆွေတစ်ပါးနဲ့ ရထားပေါ်မှာ ဆုံကြတယ်။ တစ်ပါးနဲ့ တစ်ပါးတော့ မမြင်ကြဘူးပေါ့။ ဆင်းသွားတော့ ဘုန်းကြီးက လှမ်းမြင်လိုက်တယ်။ သူ့ လက်ထဲမှာ မဂ္ဂဇင်းစာအုပ်တွေလည်း ပါရဲ့။ ဖိနပ်ကြီးက ခပ်မြင့်မြင့်၊ သင်္ကန်းက ခပ်ဝါဝါကလေး၊ ဟန်နဲ့ပန်နဲ့၊ ဂိုက်နဲ့ဆိုက်နဲ့၊ ရထားရပ်တော့ ဖြုတ်ခနဲ ခုန်ချပြီး မြောက်ကြွမြောက်ကြွနဲ့ သွားလေရဲ့။ ဘုန်းကြီးက သူ့ကြည့်ပြီး ပြုံးနေမိတယ်။ ဒါတွေ မြင်ရလို့ ဘုန်းကြီးက ငယ်စဉ်ကတည်းက သာသနာပြုချင်စိတ် ပေါ်နေခဲ့တယ်။

ဒီပုံအတိုင်းသာ ဆိုရင် မကြာခင် သာသနာစစ် ပျောက်ပြီး အတုလောက်ပဲ ကျန်တော့မှာပဲ။

ဒါကြောင့် ပြောပြောနေရတာ…။ ဒီကျောင်းတိုက်မှာ အာမခံ ဘုန်းကြီးတွေက ကိုယ့်တပည့်လေးတွေကို သူတော်ကောင်း ဖြစ်အောင် သင်ပေးကြပါဟဲ့လို့။ အစစအရာရာ ဣန္ဒြေ ရှိပါစေ၊ စာတက်သွားရာ မြန်တာထက် ဆွမ်းစားသွားရာ မြန်တာက ပိုပြီး အရုပ်ဆိုးတယ်၊ ကြည့်မကောင်းဘူး။

## အမောင် ဘယ်ရဟန်းထဲကလဲ

ကိုယ်တော်တို့ ရဟန်း ဆိုတာ -

(၁) သဒ္ဓါပဗ္ဗဇိတ- သဒ္ဓါတရားနဲ့ ရဟန်းပြုလာတဲ့သူ၊

(၂) ဘယာပဗ္ဗဇိတ- ဘေးရန်ကြောက်လို့ ရဟန်းပြုလာတဲ့သူ၊

(၃) ပညာပဗ္ဗဇိတ- ပညာဉာဏ်ရချင်လို့ ရဟန်းပြုလာတဲ့သူ၊

(၄) ယီးတီးယားတား ပဗ္ဗဇိတ- ယောင်ခြောက်ဆယ်ဘဝနဲ့ နေလာရာက အသက်စေ့လို့ ရဟန်းလုပ်လာတဲ့သူလို့ လေးမျိုးလေးစား ရှိတယ်။ ကိုယ့်ကိုယ်ကိုယ် ဘယ်ထဲ ပါတယ် ဆိုတာ စိစစ်ပြီး ကြည့်ကြပေတော့။ ဘုန်းကြီး ထင်တာကတော့ ယီးတီးယားတား အမျိုးအစားထဲက များမယ် ထင်တယ်။ အခုခေတ်မှာ ဟိုနေရာ ဒီနေရာ၌ ကျောင်းကန် အဆောက်အအုံတွေ ပေါသလောက် ဘုန်းကြီးကောင်းကောင်း မရှိကြတော့ဘူး။ အခု နောက်ပိုင်းမှာ အဲဒီ ကျောင်းတွေကို တောထွက်ကိုယ်တော်ကြီးတွေ ဝင်ပြီး ကျောင်း

ထိုင်နေကြပြီ။ သူတို့ပဲ ရပ်ရွာကိစ္စကို စီစဉ်နေကြပြီ။ အဲဒါ သာသနာတော် အတွက် ခုကျလာနိုင်တယ်။

## ကန်ပေါင်ဆည်တာနဲ့ အချိန်ကုန်သွား

စာတွေသင်ပြီး စာသာတတ်တယ်၊ ကိုယ်ကျင့်မပါဘူး ဆိုရင်၊ စာထဲက ဆိုတဲ့အတိုင်း ကိုယ်ကျင့်အထိ မရောက်ဘူးဆိုရင် 'ကိုယ်မှာ မတတ်၊ စာမှာ တတ်တယ်' လို့ ဆိုလိုတာ။ ဒါကြောင့် ဦးပဉ္ဇင်းတို့၊ ကိုရင်တို့ စာလည်း တတ်အောင်သင်ကြပါ။ ကိုယ်ပေါ်လည်း ရောက်အောင် ကျင့်ကြပါ လို့ ဘုန်းကြီးက သတိပေးပေးနေရတာ။ ကိုယ်ပေါ်ရောက်အောင် ကျင့်ကြမှလည်း အရသာပေါ်နိုင်ပါတယ်။ နှစ်ပေါင်းများစွာ အဆင်းရဲခံပြီး သင်ရတဲ့ စာတွေ သင်ရကျိုးနပ်အောင် အကျင့်ထိအောင်လည်း သွားကြ၊ ဒါမှ စာမှာ တတ်ရုံသာမက ကိုယ်မှာ တတ်တယ်အထိ ဖြစ်လာမှာ။ စာထဲက ဥပမာပေးတာ ရှိသေးတယ်၊ စာပေသင်ကြားပို့ချတယ်ဆိုတဲ့ ပရိယတ္တိလုပ်ငန်းဟာ ကန်ပေါင်ကြီး ဆည်ဖို့တာနဲ့ တူတယ်တဲ့။ ကန်ပေါင်ကြီး ရှိမှ ပဋိပတ္တိဆိုတဲ့ ကျင့်ဝတ်ရေတွေ တည်နိုင်မယ်တဲ့။ ရေတွေရှိမှလည်း ပဋိဝေဓ ဆိုတဲ့ ကြာဖူး၊ ကြာပွင့်တွေ ဝေမယ်တဲ့။ ဒါကြောင့် ကိုယ်တော်တို့... ကန်ပေါင်ဆည်တာနဲ့ချည်း အချိန်မကုန်စေကြနဲ့ဦး၊ ကန်ပေါင် ဆည်ပြီးရင် ကြာဖူး၊ ကြာပွင့်တွေ ဝေအောင်လည်း လုပ်ကြရလိမ့်ဦးမယ်၊ မေ့မနေကြနဲ့။

## သာသနာကို ဝိုင်း၍ ထိန်းကြပါ

နိဗ္ဗာန်ရဲ့အရသာကို ကောင်းကောင်းသိတဲ့ ပုဂ္ဂိုလ်တွေက အေးဆေးတဲ့နေရာ၊ ငြိမ်းချမ်းတဲ့နေရာကို နှစ်သက်ကြတယ်၊ မြတ်နိုးကြတယ်။ အဲဒီလို သူတော်ကောင်းတို့ မြတ်နိုးနှစ်သက်တဲ့အရာကို ဦးပဉ္ဇင်းတို့လည်း တန်ဖိုးထားကြပါ။ ကိုယ့်ကိုယ်ကိုယ်လည်း ငြိမ်းချမ်းအောင် အလေ့အကျင့် လုပ်ကြပါ။ ပြီးတော့ ကိုယ်နဲ့စပ်တဲ့သူတွေကို ဒါနလောက်နဲ့ မပြီးကြပါစေနဲ့။ သီလတို့၊ ဘာဝနာတို့လည်း ပါအောင် ဟောပြောပေးကြပါ။ ဒါမှ ဘဝတစ်ခုမှာ ပြည့်စုံမှု ဖြစ်နိုင်ပါမယ်။ သာသနာတွင်းနဲ့ ကြုံခိုက်မှာ ရသင့်သမျှ ရစေချင်လို့ပါ။

တရားနဲ့ နေတဲ့သူဆိုတာ ပူလောင်မှုတွေ ခွာရပါမယ်။ လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယ စတဲ့ အကုသိုလ်တွေဟာ ပူလောင်တဲ့ မီးခဲတွေပဲ။ ဒါတွေကို နည်းနိုင်သမျှ နည်းအောင်၊ ပါးနိုင်သမျှ ပါးအောင် ခွာထား၊ အဲဒီနေရာတွေမှာ အေးချမ်းတဲ့ ကုသိုလ်စိတ်တွေ အစားသွင်း၊ ဒီနည်းနဲ့ အေးချမ်းမှုရအောင် လေ့ကျင့်ယူရမှာပဲ။ ဒီသာသနာတော်ကို တချို့ ဘာသာဝင်တွေက စိတ်ဝင်စားနေကြတယ်။ ဒီသာသနာတော်တွင်းက အဆုံးအမတွေကို ယူပြီး၊ ဒီကျင့်နည်းတွေကို ယူပြီး တချို့နေရာတွေမှာ လက်တွေ့ကျင့်သုံးကြည့်နေကြပြီ။ ဒီလို သူများတွေက ကိုယ့်ရဲ့သာသနာကို စိတ်ဝင်စားလာကြ တဲ့အချိန်မှာ ကိုယ့်ဘာသာဝင်တွေက ပေါ့ပြက်ပြက် ဆိုရင် အကြီးအကျယ် အထင်သေးစရာကြီး ဖြစ်မယ်။ ဘုန်းကြီးလို သာသနာစိတ် ထားကြစမ်းပါ။ ဒီသာသနာကို လူရော၊ ရှင်ရော အားလုံးက ဝိုင်းပြီး ထိန်းထားကြမှသာ ကြာရှည်ခံနိုင်မှာပါ။ မလျှော့လိုက်ကြနဲ့၊ တစ်ပြားသားမှ မလျှော့ဘဲ ဇွဲနဲ့ ထိန်းလိုက်ကြစမ်းပါ။

## သာသနာတော်ကို ပြုပြင်ချင်သေးတာ
## နို့ချိုတိုက်ကျွေးဖို့ နို့ထိန်းရွေး

အစစအရာရာ ပြုပြင်လို့ရပါတယ်၊ ဘဝကိုလည်း ပြုပြင်လို့ ရတာပဲ၊ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံးကို ပြုပြင်လို့ ဖြစ်နိုင်တယ်။ တေမိမင်းသားကလေး မွေးဖွားတော့ နို့ချိုတိုက်ဖို့ နို့ထိန်းရွေးကြရာမှာ -

တွဲလဲကျနေတဲ့ (နို့ပျဉ်းကျ)ကို မတိုက်ရ၊ ခါးရှည်လွန်းတဲ့ မိန်းမနို့ကိုလည်း မတိုက်ရ၊ ပိန်လွန်းသော မိန်းမနို့ကိုလည်း မတိုက်ရ၊ ဝလွန်းသော မိန်းမနို့ကိုလည်း မတိုက်ရ၊ အသားမည်းတဲ့ မိန်းမနို့ကိုလည်း မတိုက်ရ၊ အသားဖြူလွန်းတဲ့ မိန်းမနို့ကိုလည်း မတိုက်ရတဲ့။ (တေမိယဇာတ် အဋ္ဌကထာ၊ နှာ-၃)

ဘာပြုလို့လဲ ဆိုတော့ နို့ပျဉ်းကျကို တိုက်ရင် နို့စို့နေတဲ့ ကလေးရဲ့ နှာခေါင်းပေါက်ကို နို့ပျဉ်းကျကြီးက လာအုပ်ဖုံးသလို ဖြစ်မယ်၊ ဖြစ်ရင် ကလေး အနေခက်မယ်တဲ့။ ခါးရှည်လွန်းတဲ့ မိန်းမကျပြန်တော့ ကလေးက မီအောင် လှမ်းစို့နေရပြန်ရင် ကလေးလည်ပင်း ရှည်သွားမယ်။

အရပ်ပုလွန်းတဲ့ မိန်းမကျတော့ မိခင်ရဲ့ခါးက တိုနေတဲ့အတွက် ကလေးရဲ့လည်ပင်းဟာ ပခုံးနှစ်ဖက်ကြားထဲ နစ်ဝင်နေမယ်။ ပိန်လွန်းတဲ့ မိခင်ဆိုရင် သူ့ရင်ခွင်မှာ ကလေး နာကျင်မယ်။ ဝလွန်းပြန်တော့လည်း မိခင် ကိုယ်လုံးက တုတ်နေတဲ့အတွက် ကလေး ခါးထစ်ခွင်နေမယ်တဲ့။ တော်တော် စနစ်ကျတယ်၊ ရွေးချယ်ပုံဟာ။

## အိုးတွင်နှိပ်ခတ် တံဆိပ်မှတ်သို့

အသားမည်းလွန်းတဲ့ မိခင်ရဲ့နို့က အေးလွန်းပြီးတော့၊ အသားဖြူ လွန်းပြန်တော့လည်း နို့ဟာ ပူနေပြန်ရောတဲ့။ ပြီးတော့ ရှိသေးတယ်၊ ချောင်းဆိုးရောဂါရှိတဲ့ မိခင်ဆိုရင် နို့ဟာ ချဉ်နေသတဲ့။ ပန်းနာရောဂါရှိတဲ့ မိခင်ကျပြန်တော့ ခါးနေပြန်ရောတဲ့။ ဒီအပြစ်တွေအားလုံးကို ရှောင်ကြဉ် ပြီး အဆင်အပြေဆုံး နို့ချိုရှင်ကို ရွေးပြီး နို့ထိန်းတာဝန်ကို ပေးတာ။

အဲဒီလို အစကတည်းက ပြုပြင်ခဲ့ရင် ပြုပြင်သလို ရတာပဲ၊ ကလေး ဆိုတာ မိဘများရဲ့ အသားအရောင်၊ စိတ်နေစိတ်ထားကိုလည်း လိုက်တတ် သေးတယ်။

မြေအိုးလုပ်တဲ့အခါ ခပ်စိုစိုမှာ တံဆိပ်ခတ်နှိပ်လိုက်သလို ငယ် စဉ်က ပြုပြင်ပေးလိုက်ရင် တစ်သက်လုံး ထင်သွားတော့တာပဲ၊ ပြင်ထားတဲ့ အတိုင်း တစ်သက်လုံး နေသွားတော့တာပဲ။

## သာသနာအရေး ရင်လေးစရာ

အလှူတစ်ခုလုပ်လို့ ပင့်ကြပြီဆိုရင် မိဘဘက်က ဘုန်းကြီး၊ အနီး နားက ဘုန်းကြီး၊ မပင့်ရင်မကောင်းလို့ ပင့်ရတဲ့ ဘုန်းကြီး၊ ဆေးကုပေးတဲ့ ဘုန်းကြီး၊ ဗေဒင်ဟောပေးတဲ့ ဘုန်းကြီးနဲ့ ပင့်ချင်တာက ဆယ်ပါး၊ မပင့်ရင် မကောင်းတာတွေကြောင့် အပါးနှစ်ဆယ်လောက် ဖြစ်သွားရော။

နောက်တော့မှ 'မင်္ဂလာဖိုလ်နိဗ္ဗာန်အတွက် တစ်ပါးပင့်ကြဦးစို့' ဆိုပြီး နှစ်ယောက်တိုင်ပင်ကာ တစ်ပါးထပ်ပင့်ကြရ၊ ရှင်ပြုတဲ့ ကိုရင်လောင်းကလည်း ကျောင်းမရောက်ဖူးသေး၊ ပြုပြီးပြန်တော့လည်း ကျောင်းမှာ မပျော်ဘဲနေမှာ

စိုးလို့ ကိုရင်ကလေးကို ပိုက်ဆံပေး ချော့ထားရပြန်ဆိုတော့ ဘယ်ကောင်းနိုင်တော့မလဲ။ ဝတ်တုန်းကလို 'ဇာတ ရူပ ရဇတ' ဆိုပြီး ပိုက်ဆံပေးဝတ်ရတဲ့ သာသနာကိုး၊ ရှေ့က ချပေးသူက ချ၊ လိုက်ဆိုတဲ့သူက အဓိပ္ပာယ် မသိ။

ရဟန်းခံတွေ ကျပြန်တော့လည်း သဒ္ဓါတရား ပါတာက နည်းနည်းပါ၊ သူများမြှောက်ပေးလို့ အခြေအနေအရ ဝတ်လာသူတွေက များနေပြန်။ စာသင်သား ဆိုပြန်တော့လည်း စာသင်ထွက်လာကတည်းက အမေ့ဆီက ပိုက်ဆံတောင်းပြီး ထွက်လာခဲ့ကြတာ ဆိုတော့ 'စကတည်းက ယဉ်သကိုးဗျ' ဆိုတာလို ဖြစ်ကုန်ရော။

## ခွင့်သာခိုက်မှ မလိုက်ချင်လျှင်

စာတွေသင်လို့ စာမေးပွဲတွေ အောင်ပေမယ့် သာသနာ့ဘောင်မှာ မပျော်ချင်တော့ဘူး။ ဘယ်ပျော်ချင်တော့မလဲ၊ ဝိနည်းမပါခဲ့ဘဲကိုး။ ငယ်စဉ်တုန်းက ဝိနည်းမလေးစားခဲ့တော့ 'တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်၊ လက်လွန်တော့မှ မထူးပါဘူး' ဆိုပြီး ဘာမျှ မရှောင်တော့ဘူး။ အဲဒီလိုနေရာက ပါရာဇိကကိုတောင် မမှုတော့ဘူး၊ ကြီးကျယ်တယ် မထင်တော့ဘူး ဖြစ်လာရော။ သူ့အဖို့တော့ ညစ်ထေးမည်းတူနေတဲ့ လက်နှီးစုတ်ကို အိုးမဲအစွန်းမထင်သလိုပေါ့။ ဟိုဘုန်းကြီးတစ်ပါး ပြောသလို 'ဒီနှစ်ဝါတွင်းတော့ ပါရာဇိက မကျအောင် ထိန်းဦးမှပဲ' ဆိုတာလို ဖြစ်ကုန်ရော၊ တော်တော်ကြောက်စရာကောင်းတယ်။

ဒီတော့ တို့က ဝိနည်း မလေးစားလို့ မဖြစ်ဘူး၊ ပါရမီမဖြည့်ဘဲနေလို့ မဖြစ်ပါဘူး။ လေးစားကြရမယ်၊ ဖြည့်ရမယ်။ ဘုန်းကြီးက တကယ့်စေတနာကြီးနဲ့ လုပ်နေတာပါ။ သဒ္ဓါတရားမရှိရင် မနေကြပါနဲ့။ အများကတရွေ့ရွေ့ နောက်ဆုတ်နေကြပေမယ့် ဘုန်းကြီးတို့ကတော့ မဆုတ်ပါနဲ့၊ ရှေ့တိုးကြပါ၊ အခွင့်သာတုန်း ကြိုးစားကြပါ။ 'အခွင့်သာခိုက်မှ မလိုက်ချင်လျှင် အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား' ဆိုတာလို ဖြစ်နေမယ်။ ဆရာသမားကောင်းနဲ့ တွေ့ခိုက်ကြုံခိုက်မှာ အားစိုက်ပြီး ကြိုးစားလိုက်ကြပါ။

## ဝိနည်းနဲ့နေမှ သာသနာ့အမွေခံ ကျန်ရစ်ခဲ့မယ်

'သာသနာ့ဝန်ထမ်း' ဆိုတာ နေရာတိုင်းမှာ သိက္ခာသုံးပါးပါမှ ကောင်းတာ။ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါး။ အခုတော့ တော်တော်များများက မဟုတ်ကြဘူး၊ စာလာပေလာ လုပ်ဆောင်ချက်နဲ့က မကိုက်ဘူး၊ သက်သက် ညာဖြန်းနေကြတာတော့ မကောင်းဘူး။

'တောကျောင်းတွေမှာ ကျောင်းသား များများ မွေးရမယ်' ဆိုတာက သူတို့က သဒ္ဓါတရားရှိတဲ့ သူကလေးတွေကို ကိုရင်ဝတ်ပေး၊ စာသင်လွှတ်၊ စာပေ ထိုက်သလောက် တတ်မြောက်တော့ ရဟန်းခံ၊ ဝိနည်းနဲ့နေပါစေ၊ အဲဒါမှ သာသနာ့အမွေခံ ကျန်ရစ်ပါမယ်။

ခုတော့ မဟုတ်ကြဘူး၊ စာမေးပွဲဝင်စား၊ တချို့က ဓမ္မကထိကလုပ်စား၊ တချို့က ဆေးကုစား၊ တချို့က ဗေဒင်ဟော၊ ယတြာချေ၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နတ်ဝင်နတ်ပူး လုပ်စားနေကြတယ်။ အနှစ်မပါဘဲ သာသနာမှာ မဟုတ်တရုတ်တွေချည်း လျှောက်လုပ်နေကြတယ်။ မကောင်းပါဘူး၊ အတုမယူကြပါနဲ့၊ အထင်မကြီးကြပါနဲ့။

## ကြည့်လုပ်ကြပါဦး အရပ်ကတို့

တို့ကိုယ်တော်တွေက သာသနာချီးမြှောက်တယ် ဆိုပြီး လုပ်နေလိုက်ကြတာ၊ ဘယ်နည်းနဲ့ ချီးမြှောက်နေကြတာလဲ၊ မတိုးတက်ဘဲ လျော့လျော့လိုက်နေပါမင့်လား။ တကယ်ချီးမြှောက်ရမှာက သီလ၊ သမာဓိ၊ ပညာနဲ့ ချီးမြှောက်ရမှာပါ။ ယခုတော့ လာဘ်ဂုဏ် အကျော်အစော နာမည်ကြီးမှုတွေနဲ့ ချီးမြှောက်နေကြတယ်၊ ဟုတ်ကြရဲ့လား။

ရဟန်း၊ သာမဏေတွေဘက်မှာလည်း အရေအတွက်နဲ့ အရည်အချင်း လျော့လိုက်လာကုန်ပြီ။ ဒီအထဲ တချို့ ရှိပြီးသားတွေကလည်း သာသနာချီးမြှောက်လိုက်ကြတာ ချီးမြှောက်နည်းလမ်း လွဲနေကြတယ်။ တောရွာတွေမှာ အခြေခံကျောင်းသား၊ ကိုရင်မှ မရှိဘဲ၊ ဘယ်ကလာ အရေအတွက် တိုးပါ့မလဲ။ ဒီလို ရှောဆင်းလိုက်လာတာကို ပေါ့ပေါ့တွေးပြီး ပေါ့ပေါ့မနေကြပါနဲ့။

## လှုပ်လေမြုပ်လေ ဖြစ်ကုန်ပြီ

'ကြည့်လုပ်ကြပါဦး အရပ်ကတို့…' လို့ ဟစ်ပြီး အော်ချင်တယ်။ ဘုရားလမ်းစဉ်တွေ အထင်ကရ ရှိပါလျက်နဲ့ ဘုရားလမ်းစဉ်ကို မလိုက်ကြဘူး၊ မလိုက်ကြပေမယ့် လမ်းစဉ်ကတော့ ပျောက်မသွားပါဘူး၊ ရှိမြဲပါပဲ။ စာမေးပွဲတွေနဲ့ပဲ အချိန်ကုန်ပြီး အထက်မရောက်၊ အောက်မကျ မလုပ်ကြပါနဲ့။ စာတတ်ပြီး ပိဋကတ်နဲ့ ပျော်ရင်ပျော်၊ မပျော်ရင် လူထွက်ဖို့ နီးပါတယ်။ ကိုယ့်အလုပ်ကို မလုပ်ကြဘဲ အမှားတွေကို လျှောက်လုပ်တော့ လှုပ်လေမြုပ်လေ ဖြစ်ကုန်ပြီ၊ သွားပြီ။ ကိုယ်တော်တို့တစ်တွေကတော့ တောင့်ထားကြစမ်းပါ၊ သဘောပေါက်ကြစမ်းပါ။ ဘုန်းကြီးက တတွတ်တွတ် သတိပေးနေတယ်၊ ဘုန်းကြီးမြင်သလို မြင်ကြစမ်းပါ။

## သာသနာကို ဒီလိုနဲ့ အကွယ်မခံနိုင်သေး

အများထဲမှာ ကိုယ်က ယဉ်ကျေးနေအောင် ပြုပြင်ပါ။ ကိုယ်၊ နှုတ်၊ စိတ် ယဉ်ကျေးအောင် ဆုံးမတဲ့နေရာမှာ ဘုရားထက်သာတဲ့ဆရာ မရှိ၊ ဆုံးမ တဲ့ တရားတော်တွေလည်း အပြည့်အစုံရှိတာပဲ။ စိတ်ဆိုတာ ကောင်း၊ မကောင်း လှည့်ဖြစ်နေတာ။ ဘုန်းကြီးတွေ လာဘ်ပေါ်အောင်၊ ကျော်စောအောင်၊ နာမည်ကြီးအောင် ကြံစည်နေတာကို ကာမဝိတက်လို့ ခေါ်တယ်။ ဝတ္ထုကာမ၊ ကိလေသာကာမ ဆိုတာ အများသန္တာန်မှာ ရှိနေတာပဲ။ ဒါကြောင့် တားပေးကြပါ။ သံသရာခရီး သွားကြတော့ ဘယ်အသိုက်အဝန်းမှ လိုက်ပါလာမှာ မဟုတ်ဘူး၊ ကိုယ်ပြုတဲ့ကံပဲ ပါလာမှာ။

## ရဟန်းနဲ့ မကောင်းအာရုံ မရောစေနဲ့

အသိုက်အဝန်း မပါရင် မဖြစ်တာက သာသနာပြုတဲ့နေရာပဲ။ ဝိနည်းနဲ့ အညီ နေတဲ့နေရာမှာ အများနဲ့ ဆက်ဆံလာရရင် ဒီက စနစ်အတိုင်း ပြောင်းပေးရပါမယ်။ ဘုရားရှင်က ရဟန်းတော်တွေနဲ့ မကောင်းတဲ့ အာရုံတွေနဲ့ မရောမိစေရဘူးလို့ ဟောထားတာ။

ကိုယ်ကျိုးသမား အတ္တဆန်လွန်းတဲ့သူများနဲ့ သံသရာခရီးသွားလို့

မဖြစ်နိုင်ပါဘူး။ ကျောင်းစိတ်မရှိတဲ့ ကိုယ်တော်တွေဟာ အိမ်စိတ်မရှိတဲ့ သားသမီးတွေလိုပဲ ဘာမှ သုံးမရပါဘူး။ ဒီမှာရော၊ သံသရာမှာရော ပျော့စိစိ မလုပ်ကြနဲ့။

## မှန်လို့ ထိုးထွက်လာရတဲ့ သာသနာ

ဒီသာသနာတော်က လွတ်လွတ်လပ်လပ် ချောချောမောမောနဲ့ တို့လက်ထဲ ရောက်လာတာ မဟုတ်ဘူး၊ ခဲခဲယဥ်းယဥ်းနဲ့ လာခဲ့ရတာ၊ အတိုက်အခံလုပ်ပြီး အိန္ဒိယမှာ ပဏ္ဍိတ်ပညာရှိကြီးတွေ ကြားထဲက တိုးထွက်လာခဲ့ရတာ။

ဒါကြောင့် အများစု ဝိုင်းပါဝင်ရင် အကုန်ပြင်ချင်တယ်၊ မပါရင်တော့လည်း ဒီမှာပဲ ပြင်ရမှာပေါ့။ အစတုန်းကတော့ ဒီလောက် မမှန်းခဲ့ပါဘူး။ ခုတော့လည်း ကံအားလျော်စွာ ဖြစ်လာလို့ 'တပ်ပျက်ထဲ မိုလ်လုပ်မလို့' ကြံနေတယ်။ မသေခင်တော့ ရှေ့တိုးနိုင်သမျှ တိုးပေးရပါဦးမယ်။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်တော်မူပြီးမှ တည်ထောင်လာခဲ့ရတဲ့ သာသနာတော်ကြီးကို ဒီလိုနဲ့ အကွယ်မခံနိုင်သေးပါဘူး။

## သာသနာရဲ့ ပင်ခြေဟာ သီလ၊ သမာဓိ

မင်းတုန်းမင်းကြီးဟာ သာသနာတော်နဲ့ ပတ်သက်လာရင် သေသေသပ်သပ်နဲ့ ပိပိပြားပြား စနစ်တကျ ရှိစေလိုဟန်တူတယ်။ သီလ၊ သမာဓိ ဦးစားပေးတဲ့ သာသနာတော်ကြီး ဖြစ်စေလိုဟန်တူတယ်။ ဘာလို့လဲဆိုတော့ သူ အတွတ်အထိပ်သို့ ရောက်တယ် ဆိုရင်ပဲ သူ ဟိုတစ်ချိန်တုန်းက သိခဲ့ဖူးတဲ့ ဆရာတော်တွေ၊ သီလ၊ သမာဓိ စိတ်ချရတဲ့ ဆရာတော်တွေကို အရှာခိုင်းတော့တာပဲ။ အဲဒီ ဆရာတော်တွေက တောစပ်ဒေသတွေကို ရောက်နေကြတယ်။ ဒါကို မရရအောင် အကြိမ်ကြိမ်ပင့်တော့တာပဲ။ 'နေပြည်တော်ကို ကြွပါ၊ သာသနာပြုတော်မူကြပါ' လို့ လျှောက်တော့တာပဲ။ 'အဲဒီဆရာတော်တွေနဲ့ ကွပ်ကဲပြီး သာသနာတော်ကြီးကို ပြုပြင်လိုက်ရရင် အင်မတန် တည်ငြိမ်တဲ့ သာသနာတော်ကြီး ဖြစ်မည့်အပြင် တိုင်းပြည်လူထုပါ ငြိမ်းချမ်းမယ်' လို့ ယူဆထားဟန်တူပါရဲ့။

ဒါပေမဲ့ မင်းကြီးရဲ့ဆန္ဒဟာ ပြည့်ပြည့်ဝဝ ထမြောက်မသွားရှာဘူး။ စာမေးပွဲတွေနဲ့ တရုန်းရုန်း ချီးမြှောက်ရှာပါတယ်။ သို့သော်လည်း ယခုတော့ အဲဒီ စာမေးပွဲတွေနဲ့ လုံးလာရာက သီလ၊ သမာဓိ၊ ဝိနည်းသိက္ခာဘက်ကို ဦးစားပေးမှုက လျော့လျော့ကျပြီး လာခဲ့ရတယ်။ ခု ဘယ်အခြေအနေ ဆိုက်နေကြပြီလဲ၊ အခုအချိန်မှာဖြင့် စာမေးပွဲတွေတော့ အောင်ပါရဲ့၊ ဒါပေမဲ့ စာမချတတ်တဲ့သူတွေ များလာကုန်ကြပြီ။ ဝိနည်းသိက္ခာဘက်မှာလည်း မြင်ကြတဲ့အတိုင်းပဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာ့လမ်းစဉ် မျက်ခြည်ပြတ်တော့မလောက် စိုးရိမ်နေကြရပြီ။ မူရင်းသီလ ပျောက်ရင် သာသနာအခြေက ခြောက်တော့မပေါ့၊ အခြေက ခြောက်လျှင် ပင်စည်ကိုင်းထက် အတက် အလက် အရွက် အဖူးတို့ ဘယ်မှာ ဝေနိုင်တော့မလဲ၊ မူပြောင်းမှ လူကောင်းကြတော့မှာပဲ။

## ဗြဟ္မာ့စည်းစိမ်နဲ့ လဲ၍ သာသနာပြု

ဘုရားသာသနာတော်ကြီးက လူ၊ နတ်၊ ဗြဟ္မာ သုံးဖြာသော လောကသားတွေအတွက် အင်မတန် ကျေးဇူးများပါတယ်။ ဒါကြောင့် သာသနာတော်ကြီး မပျောက်ကွယ်အောင် စောင့်ရှောက်ကြရပါတယ်။ ရှေးသူတော်ကောင်းတွေ အစဉ်မပျက် လက်ဆင့်ကမ်းပြီးတော့ စောင့်ရှောက်လာကြတာပါ။ ဒုတိယသင်္ဂါယနာ တင်ပြီးတော့ မထေရ်ကြီးတွေဟာ နောင်အနာဂတ်ကို လှမ်းမျှော်ကြည့်ကြတယ်။ ဒီဘေးရန်မျိုး အနာဂတ်ကာလမှာ ဖြစ်ဦးမလားလို့၊ ဖြစ်ဦးမှာပဲ၊ နောင်နှစ်ပေါင်း ၁၀၀ လောက်မှာ ဖြစ်ဦးမှာပဲလို့ မြင်တော်မူကြသတဲ့။ ဒီအတွက် ကြောင့်ကြောင့်ကြကြ ရှိတော်မူကြတယ်။

အဲဒီအခါမှာ အဲဒီပြဿနာတွေကို ဘယ်သူ ခေါင်းဆောင်ပြီး ရှင်းနိုင်မလဲလို့ လူ့ပြည်မှာကြည့် မတွေ့၊ နတ်ပြည်တစ်ခွင် ကြည့်တော့လည်း မတွေ့၊ ဗြဟ္မာ့ပြည် ကြည့်ပြန်တော့မှ တိဿဗြဟ္မာကြီးကို သွားတွေ့ကြသတဲ့။ အဲဒီ ဗြဟ္မာကြီးက စုတေရင် အထက်ဗြဟ္မာ့ဘုံကို တက်မှာ၊ အဲဒါကို မထေရ်ကြီးရှစ်ပါးက ဗြဟ္မာ့ဘုံကို တက်သွားပြီး တောင်းပန်ကြရတယ်။ 'အို- တိဿ ဗြဟ္မာကြီး… အသင်ဟာ အစွမ်းသတ္တိရှိတဲ့သူပါ၊ လူ့ပြည်ကို

ဆင်းပြီး သာသနာပြုပါ’ လို့ဆိုတော့ ဗြဟ္မာကြီးက ဝမ်းသာသွားတယ်။ အထက်ဗြဟ္မာ့ဘုံကို မတက်တော့ဘူး၊ ဗြဟ္မာ့စည်းစိမ်နဲ့ လဲပြီးတော့ လူ့ပြည် ဆင်း သာသနာပြုတာ၊ သာသနာပြုလုပ်ငန်းကို အဲဒီလို တန်ဖိုးထားကြတာ။

## သာသနာအတွက် ကိုယ်စီတာဝန်ရှိ

ရှေးက မထေရ်ကြီးတွေဟာ အဲဒီလိုပါ။ သာသနာရေးနဲ့ ပတ်သက်လာပြီ ဆိုရင် မြော်မြော်မြင်မြင်နဲ့ ကြောင့်ကြောင့်ကြကြ ရှိကြပါတယ်။ တတိယသင်္ဂါယနာ တင်ပြီး ပြုပြင်ဖို့အတွက် ဒုတိယသင်္ဂါယနာပွဲကနေ မျှော်ခေါ်ကြောင့်ကြနေကြပြီ။ ဘုန်းကြီးတို့က အဲဒီလိုမှ ကြိုက်တာ၊ အခုတော့ မဟုတ်ကြဘူး၊ သာသနာတော်ထဲ နေကြပါလျက်နဲ့ ကိုယ်နဲ့ မဆိုင်သလိုပဲ၊ အေးစက်စက်နဲ့ နေကြတယ်။ အဲဒီ တိဿဗြဟ္မာကြီးက ထေရ်ကြီးရှစ်ပါးကို ဝန်ခံလိုက်ပြီးတော့ လူ့ပြည်ဆင်း၊ မောဂ္ဂလိပုဏ္ဏေးမကြီးဝမ်းထဲမှာ ပဋိသန္ဓေကိန်းလာတယ်။ အဲဒါကြောင့် ‘မောဂ္ဂလိပုတ္တတိဿမထေရ်’ လို့ နာမည်တွင်တာပေါ့။ တတိယသင်္ဂါယနာပွဲမှာ ခေါင်းဆောင်ကြီး ဖြစ်လာတယ်။ ဒကာတွေဘက်က ခေါင်းဆောင်က သီရိဓမ္မာသောကမင်းကြီး၊ တယ် အားရဖို့ကောင်း။

အဲဒီလိုနဲ့ လာခဲ့ကြတာ စတုတ္ထသင်္ဂါယနာပြီးတော့ မြန်မာပြည်မှာ ပဉ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာ၊ ဒကာတွေဘက်က ခိုင်ခိုင်တောင့်တောင့် ရှိခဲ့ကြသလို ဆရာတော်တွေဘက်ကလည်း ထိတ်ထိတ်ကြဲတွေပဲ။ အဲဒီလိုနဲ့ လာခဲ့တဲ့ သာသနာတော်ကြီးပါ။ ရှေးအစဉ်အလာက မျက်နှာမငယ်ရဘဲနဲ့ ဘုန်းကြီးတို့ ဒီခေတ်ကျမှ မျက်နှာငယ်ရတယ် ဆိုတာကို ဘုန်းကြီးက မခံချင်တာ။ ဒါ ဘာတွေ ယိုယွင်းလာသလဲ ဆိုတာ စိစစ်ကြ၊ ပြုပြင်ကြရမှာပေါ့။

## ခင်ပျို့ ကြီးပွားရေးတရား

ဒကာ၊ ဒကာမတွေက ကြည်ညိုကြလွန်းလို့တဲ့၊ သူတို့လုပ်စာတွေထဲက ရှားရှားပါးပါး ခွဲဝေပြီး လာလှူကြတာ၊ ဆွမ်းတွေ လာကျွေးကြ၊ ကျောင်းတွေ လာဆောက်ကြနဲ့၊ ကိုယ့်ဘက်က မဟာန်လျှင်တော့ ခံကြရမယ်နော်။

ဘုန်းကြီးလုပ်တဲ့သူတွေက သူများလုပ်စာတွေ စားနေပြီး ကိုယ့်ဘက်က တာဝန်မကျေလျှင်တော့ ခံကြရမှာပဲ။ ဒီအခွင့်အရေးကို အလွဲသုံးစား မလုပ်လိုက်ကြပါနဲ့။

ကိုယ့်ဘက်က ဓုရနှစ်ပါးတွင် တစ်ပါးပါးကို အမြဲတမ်း ကြိုးစားနေကြရမှာ။ စာပေကျမ်းဂန်တွေကို သင်အံလေ့ကျက်နေရတဲ့ ဂန္ထဓုရ၊ ဒါမှမဟုတ် ကိုယ့်ဉာဏ်နဲ့ ကိုယ့်ရုပ်နာမ်အပေါ်မှာ လက်တွေ့ကြည့်ရှုနေရတဲ့ ဝိပဿနာဓုရ၊ ဒီဓုရနှစ်ပါးတွင် တစ်ပါးပါးကို ရွက်ဆောင်နေမှ တာဝန်ကျေတယ်။ ဒါကို ရှေးဆရာတော်ကြီးတွေက ဆိုကြတာ၊ 'ရဟန်းကိစ္စ၊ နှစ်ဓုရဋ္ဌ၊ လုံ့လအားသည်း၊ ဟိတ်ဟန်နည်း၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျို ကြီးပွားကြောင်း' တဲ့။

## တစ်ခြမ်းတည်း ကျန်ပါစေ

ဦးပဥ္စင်းတို့တွေက ပြောကောင်း ပြောကြမယ်၊ 'ဒီ ဦးဇနက ကိုယ်တော်ကြီးကတော့ သူပြောနေတာတွေ၊ သူလုပ်နေတာတွေ အမှန်ချည်းပဲလို့ ထင်နေသလား မသိဘူး။ နောင်ကျရင် သူ့ချည်းကျန်ရစ်မှာ မစဉ်းစားမိဘူးနဲ့ တူတယ်' လို့။

ပြောကြပါ၊ ပြောကြပါ၊ လောကမှာ အကောင်းရည်ရွယ်ချက်နဲ့ လုပ်နေပေမယ့် အကောင်းသိပ်ထင်ချင်မှ ထင်ကြတာ၊ ဘာတတ်နိုင်မလဲ၊ လုပ်တာကတော့ အကောင်းတွေချည်း လုပ်နေတာပဲ။

ဘုန်းကြီးက ရမ်းလုပ်နေတာ မဟုတ်ဘူး၊ မူရှိတယ်၊ မူအတိုင်း လုပ်နေတာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဝိနည်းမူနဲ့အညီ လုပ်နေတာ။

အဲဒါ တစ်ယောက်တည်း ကျန်ရုံမကလို့ တစ်ခြမ်းတည်း ကျန်ချင် ကျန်ပါစေ၊ အရေးမကြီးပါဘူး။ ဝိနည်းလွတ်ပြီး သာသနာပြုရမယ် ဆိုတာ မဟုတ်သေးပါဘူး၊ ဘယ်လိုမှ အဓိပ္ပာယ် မရှိပါဘူး။

ဝိနည်းဆိုတာ သဒ္ဓါတရားသမားနဲ့ သတ္တိရှိတဲ့သူမှလည်း ထိန်းနိုင်ပါတယ်။ သူများလိုတော့ ဘယ်နည်းနဲ့မှ လျှော့မပေးနိုင်ဘူး။ ဘုန်းကြီးကျောင်းတိုက်ကို မူမကြိုက်လို့ ဘယ်သူမှ မလာတော့လည်း နားအေးတာပဲ၊ တစ်ပြားသားမှ မပူပါဘူး။

## မသေရာကို ရှာကြတဲ့သူနှစ်ဦး

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ရဲ့ အလောင်းအလျာတွေ လူ့ဘဝတုန်းက ပွဲကြည့်ကြတယ်။ ပရိသတ်ကြီးက ရယ်စရာ ပြောတော့ ရယ်လိုက်ကြ၊ ပြုံးစရာပြောတော့ ပြုံးလိုက်ကြ လုပ်နေသတဲ့။ အဲဒါကို သူတို့နှစ်ဦးကတော့ ကြည့်ပြီး သံဝေဂဖြစ်တာပေါ့။ 'တကတဲ သူတို့တွေဟာ မသေဘဲ နေရမှာ ကျနေတာပဲ၊ အနှစ် ၁၀၀ အတွင်းမှာ အကုန်သေကြရမှာ၊ ဒါကို မေ့နေကြတယ်' လို့ သံဝေဂဖြစ်မိကြပါသတဲ့။

အဲဒီနောက် 'မသေရာကို ရှာကြမယ်' ဆိုပြီး သူတို့နှစ်ဦးလုံး တောထွက်ကြတာပဲ။ အဲသလို ပွဲကြည့်ရင်း သူတို့က သဘောပေါက်ကြတာ၊ အခုခေတ် အဲသလို သဘောမပေါက်ကြလို့ပါ။

ဦးပဥ္စင်းတို့ စိတ်ကူးနဲ့ သေကြည့်ကြ၊ ကိုယ့်မှာ မြင့်မြတ်တဲ့ တရားမပါဘဲနဲ့ သေရဲပါ့မလား။ စာမေးပွဲ အောင်ထားတဲ့ဂုဏ်တို့၊ ကျော်စောမှုဂုဏ်တို့၊ ဘုန်းကြီးမှု ဂုဏ်တို့ဟာ သေရဲတဲ့လက်နက် ဟုတ်ရဲ့လား၊ စဉ်းစားကြည့်ကြစမ်း။

စာမေးပွဲ မအောင်လို့ ဘာမျှ မဖြစ်ဘူး၊ ဂုဏ်မရှိလို့လည်း ဘာမျှ မဖြစ်ဘူး၊ ဝိနည်းကို မလေးစားလို့ သီလမပါဘူး ဆိုရင်တော့ သေချာပြီ၊ အဝီစိက စောင့်ကြိုနေပြီ၊ စိတ်ချ။

## ယိုယွင်းလာတဲ့ သာသနာ့အခြေအနေ

လူတွေမှာလည်း ထို့အတူပါပဲ၊ ဂုဏ်သိမ်ငယ်လို့၊ ပိုက်ဆံမရှိလို့ ဒါနမပြုလို့ ဘာမျှ မဖြစ်သေးပါဘူး။ သီလ မရှိရင်တော့ သူ့လမ်းစဉ်အတိုင်း သွားမှာပဲ၊ မနေဘူး၊ အဲဒါ ကိုယ့်လမ်းနဲ့ကိုယ် မမေ့ကြနဲ့။

ခေတ်အလိုက် ကိုယ်ကျင့်တရားတွေ ပျက်နေကြပေမယ့် အဲဒီအထဲ 'တို့မပါစေရဘူး' စိတ်ကို ခိုင်ခိုင်မြဲမြဲ ဆောက်တည်ထားပါ။ ကိုယ့်ဘာသာကိုယ် ပြုပြင်နေတတ်မှ တော်ကာကျမယ်နော။

သာသနာတော်မှာက မူရင်းတွေ တရွေ့ရွေ့ပျောက်ကွယ်လာတော့ အစစအရာရာ ခြောက်သွေ့လာကြမယ့် အဓိပ္ပာယ်တွေ ပေါ်နေတယ်။ ဝိနည်း

သာသနာကို မထိန်းနိုင်တော့ လူထွက်ကုန်ကြရော။ အဲဒီမှာ သာသနာ့ အဆောက်အအုံတွေပါ ခြောက်သွေ့လာကုန်ကြရတာပေါ့။

မနေ့တုန်းက ဒကာတစ်ဦးက သူတို့ ဦးပဥ္စင်းကို လာပင့်သတဲ့။ ဘာလုပ်ဖို့လဲဆိုတော့ ရွာကျောင်းမှာ ကျောင်းထိုင်ဘုန်းကြီး မရှိလို့တဲ့။ အခု လောလောဆယ် ဘယ်လိုလုပ်ထားသလဲ မေးတော့ ရွာထဲက ဒုလ္လဘ လူထွက်ကို တောင်းပန်၊ သက်န်းပတ်ပေးပြီး အစောင့်ခိုင်းထားရသတဲ့။

ကဲ- အဲဒါပဲ ကြည့်ပေတော့၊ တောထွက်မှ ဘယ်နှခါထွက်မှန်းတောင် မသိဘူး။ သူ့အလုပ်က ဟန်တန်တန်ပဲ၊ ကျောင်းကိုလည်း စောင့်၊ အိမ်က မယားကိုလည်း စောင့်၊ ကောင်းပေ့။

## လှော်ရင်းနစ်သလို ဖြစ်နေပြီ

သာသနာတော်ကြီး တိုးတက်အောင် ဆိုပြီးတော့ လှူတဲ့ဒကာ၊ ဒကာမတွေဘက်ကလည်း လှူနေတာပဲ၊ ဘုန်းကြီးတွေဘက်ကလည်း စာချ၊ စာသင်၊ ကမ္မဋ္ဌာန်းပြ လုပ်တော့ လုပ်နေကြတာပဲ။ ဒါပေမဲ့ နှစ်ဦးနှစ်ဖက်ရဲ့ ရှေ့မှာပဲ သာသနာတော်ရဲ့ အခြေအနေတွေက ကျဆင်း ကျဆင်းလာနေကြတယ်။ ဒါ ဘာပြုလို့လဲ မေးရင် ဒီမေးခွန်းကို ဖြေလို့ မဖြစ်ဘူး။ ဖြေရင် ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလို ဖြစ်သွားမယ်။

လူတွေဘက်မှာလည်း မိဘတွေက သားသမီးတွေကို ဆုံးမလို့မရ ဖြစ်ကုန်ကြပြီ။ ဘာလို့လဲ ဆိုတော့ ပတ်ဝန်းကျင်က ခေတ်ပညာတွေနဲ့၊ ရာထူးရှင်တွေနဲ့၊ ပိုက်ဆံပေါသူတွေနဲ့ အင်္ဂလိပ်စာကို သင်ကြပြီးတော့ ဘာသာခြား အယူအဆတွေနဲ့ လွှမ်းမိုးကုန်ကြလို့ပဲ။

ဒါတွေကို လူကြီးမိဘတွေအနေနဲ့ သဘောကျလွန်းလို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ စီးပွားရေးက တစ်ဖက်၊ သားရေးသမီးရေးက တစ်ဖက် ဆိုတော့ ဒါတွေကို စိစစ်မနေနိုင်ကြတော့ဘူး။ ဒီနည်းအားဖြင့် တရွေ့ရွေ့ ယိုယွင်းလာကြတာ။

သာသနာရေးဘက်မှာလည်း အကျင့်စာရိတ္တတွေ ယိုယွင်း၊ ဝိနည်းဘက်က ချို့ယွင်းလာပြီးတော့ လာဘ်လာဘဘက်ကိုချည်းပဲ အားတင်း

လာကြတော့တယ်။ ဒီလို ဖြစ်လာတာကို လူကြီးတွေရော ဘုန်းကြီးတွေရောက ပြောကြတယ်၊ 'လျှော်ရင်း နှစ်နေတယ်'၊ ဟုတ်တယ်၊ နစ်တော့ နစ်နေတာ အမှန်ပဲ။ အဲဒါကို တဖြည်းဖြည်းမှ နစ်အောင်၊ အနစ်နှေးသွားအောင် စွမ်းနိုင်သမျှ ကြိုးစားကြရမှာပဲ။

## ဘုရားကို နည်းအမျိုးမျိုးနဲ့ ကြည်ညိုကြစမ်းပါ

လောကမှာ အများအကျိုး ဆောင်နိုင်မှ ကောင်းတာ။ ရှင်တော်ဗုဒ္ဓက ဗဟုဇနဟိတာယ၊ ဗဟုဇနသုခါယ- အများအကျိုး၊ အများချမ်းသာအောင် အကျိုးဆောင်ကြရမယ် ဆိုတယ် မဟုတ်လား။

မလ္လိကာမိဖုရားကြီးကို သားသမီးမမွေးလို့ ဗန္ဓုလစစ်သူကြီးက နှင်ထုတ်တယ်၊ ဒီတော့ ထွက်သွားရတာပေါ့။ ထွက်သွားတော့ ဘုရားကျောင်းတော်အနီးက ဖြတ်သွားတယ်။ ဘုရားရှင်ကိုယ်တော်မြတ်က 'ဘယ်သွားမလို့လဲ' လို့ မေးတော်မူတယ်။

'သားသမီးမမွေးဖွားလို့ နှင်ထုတ်ခံရပါကြောင်း' ကို လျှောက်တော့ ဘုရားရှင်က 'သားသမီးအတွက်နဲ့ နှင်လို့တော့ မသွားပါနဲ့' လို့ မိန့်တော်မူပြီး နန်းတော်ကို ပြန်လွှတ်လိုက်တယ်။ အဲဒီနောက် ဖွားလိုက်တာမှ တစ်ခါဖွားလျှင် နှစ်ယောက် နှစ်ယောက်နဲ့ ၁၆ ကြိမ်ဖွားတယ်။ သားတော် ၃၂ ယောက် ရတော့တာပေါ့။ အဲဒီတော့မှ ဗန္ဓုလစစ်သူကြီးက အလွန့်အလွန် ဝမ်းမြောက်သဘောကျတော့သတဲ့။

တို့ဘုရားက ဂန္ဓကုဋီတိုက်ကျောင်းထဲမှာ ကုပ်နေမယ် ထင်သလား။ ပြုံးပြုံးနဲ့ပဲ ကြည်ညိုစရာကနေ ဟိုဘက် ချစ်စရာ ပိုလာသေးတယ်။ ဒါကြောင့် ဘုရားကို နည်းအမျိုးမျိုးနဲ့ ကြည်ညိုကြစမ်းပါ။

## ကဲ… ကောင်းကြရော

အစကတည်းက နောက်ဆွယ် မရှိတာကို တမင်ရှိအောင် ကြိုးစားမနေကြနဲ့၊ စိတ်ကူးမယဉ်ကြနဲ့၊ ကိုယ့်ခေါင်းကိုသာ စမ်းကြည့်၊ ဘာမှ မရှိဘူး။ စိတ်ကူးမယဉ်နိုင်အောင် အလှတံခွန်ဖြိုထားတာ၊ ဘုရားရှင်က ဘယ်လောက်ပိုင်သလဲ ဆို။ ဒီထဲကပဲ တချို့ကိုယ်တော်တွေက စစ်ကိုင်းမြစ်

ထဲသွား ရေချိုးကြသတဲ့။ ရေတွေက စီးဆင်းလို့၊ အထက်ပိုင်းမှာ သီလရှင်လေးတွေက တချို့၊ အောက်ပိုင်းမှာလည်း တချို့၊ သူတို့က အလယ်ကတဲ့၊ ကဲ… ကောင်းကြရော။

ဝိသဘာဂအာရုံ ဆိုတာ ခံနိုင်ရည် ရှိတဲ့သူမှ တော်ရုံကျတယ်၊ မလွယ်ဘူး၊ ဝေးဝေးရှောင်နိုင်မှ။ ကိုယ်တော်တို့ ဒီဘဝမျိုးဆိုတာ ရခဲဘိခြင်း၊ ရဟန်းဘဝမပြောနဲ့၊ လူ့ဘဝရဖို့တောင် မလွယ်လှဘူး။ စာထဲမှာ ဥပမာနဲ့ ပြောထားတယ်၊ ပင်လယ်ပြင်ကျယ်ကြီးထဲမှာ ထမ်းပိုးတုံးကြီးတစ်ခု လေတိုက်ရာ မျောချင်သလို မျောနေသတဲ့။ အပေါက်ကလည်း တစ်ပေါက်တည်းတဲ့။ ရေပြင်အောက်ခြေမှာရှိတဲ့ လိပ်ကန်းကြီးကလည်း အနှစ်တစ်ရာကြာမှ တစ်ခါသာ ပေါ်တယ်။ အဲဒီလိပ်ကန်းကြီးရဲ့ခေါင်းနဲ့ ထမ်းပိုးပေါက် စွပ်မိဖို့ဟာ ဘယ်လွယ်မလဲ။ ဒါပေမဲ့ အဲဒါကမှ ကြုံကြုံကြိုက်ကြိုက် စွပ်မိချင် စွပ်မိဦးမယ်တဲ့၊ လူ့ဘဝကြုံဖို့က အဲဒီထက် ခက်တယ်တဲ့။ အခု အဲဒီခက်တဲ့ ဘဝကို ရနေကြပြီ၊ ရတုန်းရခိုက်မှာ ပါရမီတွေ ဖြည့်လိုက်ကြစမ်းပါ၊ စိတ်ကောင်း နှလုံးကောင်း မွေးလိုက်ကြစမ်းပါ။

## အခုမှ ကမ်းစပ်ပဲ ရှိသေးတယ်

သူတို့တွေက ကျောင်းထိုင်တယ် ဆိုတာ အလွယ်ကလေး မှတ်သလား မသိဘူး။ ကျောင်းထိုင်ပင့်တာ သွားချင်လို့တဲ့၊ 'သွားချင်သွား၊ အလုပ်မဖြစ်တော့လည်း ပြန်လာပေါ့' လို့ ပြောလိုက်ရတယ်။

ရှေးတုန်းက မထေရ်ကြီးနှစ်ပါး ရှိတယ်။ စာချပေးတဲ့ မထေရ်ကြီးထံမှာ သူတို့နှစ်ပါးလုံးပဲ ဝိနည်းပိဋကကို အဋ္ဌကထာနှင့်တကွ တက်ကြတာ ကိုးခေါက်ပေါက်သတဲ့။ အဲဒီနောက်မှာ တစ်ပါးက သူ့ဘာသာသူ အဋ္ဌကထာနှင့်တကွ ဝိနည်းပိဋကကို ပြန်လေ့လာတာကလည်း ကိုးခေါက် ပေါက်ပြန်သတဲ့။ အဲဒီတော့ ၁၈ ခေါက် ဖြစ်သွားတာပေါ့။ တစ်နေ့တော့ ဝိနည်းကိုးခေါက်ပေါက်တဲ့ မထေရ်က ဂင်္ဂါမြစ်တစ်ဖက်ကမ်းကို ကျောင်းထိုင်သွားမယ်လို့ ဆိုတော့ ဝိနည်း ၁၈ ခေါက်ပေါက်တဲ့ မထေရ်ကြီးက 'ဝိနည်းလေး ကိုးခေါက်လောက် ပေါက်ရုံမျှနဲ့ ဆရာလက်လွှတ် လုပ်နေကြပြီကော' လို့ ညည်းတော်မူသတဲ့။

ဒီနေ့ခေတ်နဲ့တော့ ကွာပါ့၊ အခုများ သူတို့တွေ စာမေးပွဲကလေးတွေ မတောက်တခေါက် အောင်တာနဲ့ ပြည့်စုံနေပြီ ထင်ကြတာ၊ တတ်ပြီ အောက်မေ့ကြတာ၊ ရဟန်းကိစ္စတွေ ပြီးပြီလောက် သဘောထားနေကြတာ။ ‘သမုဒ္ဒရာပင်လယ်ကြီး ကူးမယ့်သူဟာ အခုမှ ကမ်းစပ်ပဲ ရှိသေးတယ် ဆိုတာ သူတို့ မသိကြသေးဘူး၊ တချို့ ဘုန်းကြီးတွေကတော့ ကိုယ်ပြုစုထားတဲ့ တပည့်လေးတွေ ခွဲထွက်သွားရင်၊ တခြားရောက်သွားရင် နှမြောတတ်ကြတယ်၊ ဘုန်းကြီးကတော့ အဲဒီလို သဘောမထားဘူး၊ တပည့်ဆိုတာ ငါက ဖြစ်တာပဲလို့။

မဒ္ဒီမိဖုရား တောထဲမှာ သစ်သီးရှာသွားတုန်း အလောင်းတော် ဝေဿန္တရာက သားလေးနဲ့ သမီးလေးကို ပုဏ္ဏားထံ လှူပစ်လိုက်တယ်။ ပြန်လာလို့ ဒီအကြောင်းကို သိတော့ မဒ္ဒီဟာ မူးမိုက်လဲသွားတော့တယ်။ အလောင်းတော်က သတိရအောင် ဖေးဖေးမမ ယုယုယယ ပြုစုပြီးတော့ ဘာပြောတယ် မှတ်တုံး၊ အားမငယ်ပါနဲ့တဲ့၊ တို့တွေဟာ အရွယ်ငယ်ပါသေးတယ်၊ သားသမီးဆိုတာ ရဦးမှာပေါ့တဲ့။ ဘုန်းကြီးကလည်း ဒီအတိုင်းပဲ အားမငယ်ပါဘူး၊ တပည့်ဆိုတာ ရဦးမှာပေါ့၊ သွားတဲ့သူကလည်း သွား၊ အချိန်ကျ သွားကြစမြဲပဲလို့။

## နံ့တုံ့တုံ့ မနေကြပါနဲ့

ဘုရားသာသနာတော်ကြီးကို စွမ်းနိုင်သမျှ ကိုယ်တော်တို့ တတ်နိုင်သလောက် ဆောင်ရွက်သွားကြပါ။ သာသနာတော်ထဲနေပြီး အလုပ်မလုပ်ဘူး၊ ရေသာခိုနေမယ် ဆိုရင် တာဝန်မကျေဘူး။ ဘုရားအရိပ် လာခိုပြီး ဘုရားလုပ်စေချင်တာကို မလုပ်လျှင် ဘုရားက ကြိုက်မှာမဟုတ်ဘူး။ လမ်းသွယ်နှစ်ခု တွေ့တဲ့နေရာမှာ သိတဲ့သူက ‘ဒီလမ်းဟာ လမ်းမှန်ပဲ’ လို့ ညွှန်ပြရင် ကိုယ့်ဉာဏ်နဲ့လည်း စိစစ်ကြည့်ပါ။ စိစစ်တဲ့အခါ လမ်းမှန်ပဲလို့ သိရင် သွားရပါတယ်၊ ဒါမှလည်း လိုရာရောက်နိုင်ပါတယ်။ ဟိုဟာ မလုပ်ရဲ၊ ဒီဟာ မလုပ်ရဲနဲ့ နံ့တုံ့တုံ့ မနေကြနဲ့။ ကိုယ့်ဘဝကို နံ့တုံ့တုံ့နဲ့ အဆုံးမသတ်ကြပါနဲ့၊ ထိုက်သင့်သလောက် တန်ရာတန်ရာ လုပ်ကြရပါတယ်။ ရှေးမထေရ်မြတ်ကြီးတွေဟာ တန်ရာတန်ရာကို ကြိုးစားသွားကြတာပဲ။

ရှင်ဘုရင်ကြီးတစ်ပါး ပွဲတော်တည်နေတုန်း သားငယ်သုံးယောက် အနားကို လာကြတယ်။ ဘုရင်ကြီးက သားငယ်သုံးယောက်ကို ချစ်လို့ ထမင်းခွဲ့ပေးတယ်။ သားကြီးကို ထမင်းလုတ်ကြီးကြီး၊ သားလတ်ကို ထမင်းလုတ်အလတ်စား၊ သားငယ်ကိုတော့ ထမင်းလုတ် အသေးစားပေါ့၊ ခွဲ့ပေးတယ်။ အဲဒီလိုပဲ တန်ရာတန်ရာကို လုပ်ရပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်းမကြာခင်မှာပဲ ဇေတဝန်ကျောင်းတော်ကြီး ဆိတ်သုဉ်းသွားခဲ့ရတယ်။ နှစ်ပေါင်း တစ်ရာလောက် အကြာ ဒုတိယသင်္ဂါယနာတင်တော့ မထေရ်ကြီးများ သိပ်မရှိကြတော့ပါဘူး။ အခြေအနေတွေဟာ တော်တော်ပြောင်းသွားပြီ။ သူ့တာဝန်လိုလို၊ ကိုယ့်တာဝန်လိုလို ကြောင့် ကြမှဲ့ နေခဲ့ကြရင် အခက်ပေါ့။

## ပေါ့ပေါ့ဆဆ မလုပ်ကြနဲ့

ရှေးတုန်းက မထေရ်ကြီးတွေ အာဋာနာဋိယသုတ်ကို ရွတ်တော့မယ်ဆိုရင် သက်သတ်လွတ်စားကြသေးသတဲ့၊ ပြီးမှ ရွတ်တာတဲ့။ ဒါမှ အင်အား ကိုယ့်ဘက်က ကောင်းလာမှာကိုး။ လယ်တီဆရာတော်ဘုရားကြီး အန္တရာယ်ကင်းအတွက် ပရိတ်ကို အထူးရွတ်ပြီ ဆိုရင် သန့်သန့်မာမာ အရွယ်ကောင်းပုဂ္ဂိုလ်တွေကို ဘေးက ခြံရံစေပြီး တုတ်၊ ဓား၊ လက်နက်တွေကို ကိုင်စေပြီးမှ ရွတ်လေ့ရှိသတဲ့။ ဟုတ်တယ်၊ ဒါ အဓိပ္ပာယ်ရှိတယ်။ ဘုရားလက်ထက် ဝေသာလီမြို့ ကပ်ကြီးသုံးပါး ဆိုက်တော့ ဘုရားရှင်ရဲ့ သင်ပြပေးမှုနဲ့ ပရိတ်တော်ကို အရှင်အာနန္ဒာကိုယ်တိုင် ရွတ်တယ်။ ရွတ်တဲ့အခါ လိစ္ဆဝီမင်းလုလင် ပရိသတ်တွေ ခြံရံပြီး ရွတ်ခဲ့ဖူးတယ်၊ အောင်မြင်တာပဲ။ ဒါကြောင့် ပြောနေရတာ၊ 'ပေါ့ပေါ့ဆဆ မလုပ်ကြနဲ့' လို့။ ဒါမှလည်း မကောင်းဆိုးဝါးတွေ ကြောက်ရွံ့ထွက်ပြေးကြမှာပေါ့။ ပရိတ်အင်အားတွင်မက အပြင်အင်အားပါ ပြလိုက်ခြင်းပေါ့။ ဒီလိုမှ မဟုတ်ရင် ပြန်ဝင်ပူးမယ့် အခြေအနေ။

## ရွှေမန်းတင်မောင်ကို သွားပြီး သတိရလို့ပါ

ဘုန်းကြီးက သာသနာတော်ဘက်မှာ အကျိုးရှိတဲ့ ကိစ္စမျိုး လုပ်ပါတယ်။ တခြားကိစ္စ၊ တခြားနေရာမျိုးမှာတော့ သိပ်မလုပ်ချင်၊ သိပ်ပြီး မလိုက်ချင်ဘူး။ တစ်နေရာမှာ ဘုန်းကြီးကို အပြစ်တင်ကြသတဲ့။ တခြားတော့ ပင့်လို့ မရဘူး၊ မန္တလေး ဇောတိရိပ်သာကျတော့ လိုက်တယ်တဲ့။ ဟုတ်တယ်လေ၊ သူတို့က ကျောင်းတိုက်သံဃာကို ကျေးဇူးများတာကိုး။ အဲဒီလို သာသနာအတွက်၊ သံဃာအတွက် ကျေးဇူးများတယ် ဆိုလျှင် လိုက်တာပါပဲ။ သာသနာအတွက် ကျေးဇူးမများတဲ့ နေရာမျိုးကိုတော့ အချိန်ကုန်ခံပြီး မလိုက်ပါဘူး။

ဘုန်းကြီး နေရာတိုင်းကို မလိုက်တာက ရွှေမန်းတင်မောင်ကို သွားပြီး သတိရလို့ပါ။ ရွှေမန်းတင်မောင်ဟာ အလွန့်အလွန်ချောတဲ့ မင်းသားလည်း မဟုတ်၊ အသံကျတော့လည်း သူများထက် ထူးပြီး ကောင်းလှတယ် မဟုတ်။ ဒါပေမဲ့ သူ့လုပ်ငန်းမှာ သူဟာ လေးလေးပင်ပင် ပီပီသသ အလုပ်လုပ်လေ့ရှိတယ်။ သူ့သားတွေ ကတာကို သူ အားမရနိုင်ဘူး၊ သူ့လို လေးလေးပင်ပင် မရှိဘူးလို့ သူထင်တာ။ ဒါနဲ့ ရှေ့ပိုင်းရော၊ နောက်ပိုင်းရော သူ ဝင်ဝင်ကနေတယ်။ နောက်တော့ ပင်ပန်းလွန်းအားကြီးလို့ ထင်ပါရဲ့ သေရော။ ဘုန်းကြီးလည်း ကိုယ်တော်တွေ အလုပ်လုပ်တာ အားမရလို့ ပရိတ်ရွတ်တာက အစ လိုက်ပါနေလို့ရှိရင် မကြာခင် သေမယ်၊ ဒါကြောင့် ဆင်ခြင်နေရတာ။

## မလွဲနိုင်တဲ့ ငါးပါးသီလ

အများအားဖြင့် ငါးပါးသီလလည်း မလုံကြတော့ဘူး။ မလွဲနိုင်တဲ့ ငါးပါးသီလ၊ ငါးပါးသီလ ဆိုတာ နည်းတာမဟုတ်ဘူး။ အရိယကန္တသီလ- အရိယာပုဂ္ဂိုလ်တွေ မြတ်နိုးနှစ်သက်တဲ့ သီလ၊ မလွဲနိုင်တဲ့သီလ။ တို့ငယ်ငယ်တုန်းက စာသင်သားဘဝကပေါ့။ အတော်ရင်းနှီးတဲ့ ကိုယ်တော်တစ်ပါးက ညအိပ်ရာဝင်ရင် ငါးပါးသီလ ဆောက်တည်ပြီးမှ အိပ်တယ်။ "ကိုယ်တော်၊ ဘုန်းကြီးဖြစ်လျက်သားနဲ့ ဘာပြုလို့ ငါးပါးသီလ ဆောက်တည်နေရသေးလဲ" လို့မေးတော့ အံမယ်··· သူက ပြန်ဖြေတာ "ရဟန်းခံတုန်းက ရဟန်းဖြစ်ချင်မှ ဖြစ်မှာတဲ့၊ စိတ်မချရဘူး။ အဲဒါကြောင့် မလွဲနိုင်တဲ့ ငါးပါးသီလကို ဆောက်တည်နေရသတဲ့"။ ကဲ··· သူ့အဖြေ ဘယ့်နှယ်လဲ။

## ထော့နဲ့ ထော့နဲ့

ဦးပဥ္စင်းတို့၊ ကိုရင်တို့ သတိပြုကြပါ၊ သူတော်ကောင်း လုပ်ကြပါ။ သူတော်ကောင်း လုပ်တတ်အောင်လည်း ငယ်စဉ်က ဝိနည်းကိုယ်ကျင့်ကို သင်ပါ။ ကိုယ်တော်တစ်ပါး ငယ်ငယ်က ဝိနည်းကို နားမလည်ခဲ့လို့ အပြစ်တွေ ကျူးလွန်ခဲ့မိတာ မသိဘူး။ နောက်တော့မှ သိလာတဲ့အခါ ငိုရှာသတဲ့။ ဒါဟာ ငယ်ငယ်က ဝိနည်းကို မသင်ခဲ့မိတဲ့ အပြစ်ပေါ့။ ရှေ့ဆောင်လမ်းပြ ဆရာသမားတွေဆိုတာ အလွန်အရေးကြီးတယ်။ ဇာတ်တော်ထဲမှာ အာဇာနည်မြင်းကြီး ထော့နဲ့ ထော့နဲ့ သွားတဲ့အကြောင်း ပါတယ်။ အစတုန်းက မြင်းကြီးဟာ အကောင်းပါ၊ မြင်းထိန်းတဲ့သူက ရှေ့ကနေ ခြေထောက် ထော့နဲ့ ထော့နဲ့ သွားပြတော့ မြင်းကြီးလည်း သွားတဲ့အခါ ထော့နဲ့ ထော့နဲ့ ဖြစ်သွားရော။ အဲဒါကို မြင်းရှင်က မြင်တော့ "ဘယ်လို ဖြစ်ရတာပါလိမ့်" ဆိုပြီး အကြောင်းရင်းကို စိစစ်ကြည့်တယ်။ နောက် လူကောင်းတစ်ယောက်ကိုပြောင်းပြီး မြင်းရှေ့က ကောင်းကောင်းသွားပြနိုင်းမှ မြင်းကြီးလည်း ပြန်ပြီး ကောင်းသွားသတဲ့။ အဲဒါ ရှေ့ဆောင်လမ်းပြ အရေးကြီးကြောင်း သာဓကပေါ့။

## လူ နတ် ဦးခိုက် ရှိခိုးထိုက်၏

လူတွေက အပေါ်ယံအမြင်ကိုသာ ကြည့်ညိုတတ်ကြတာပါ။ အတွင်းကို နှိုက်ပြီး သီလ၊ သမာဓိ၊ ပညာကို မကြည့်ညိုတတ်ကြပါဘူး။ သိကြားမင်းကြီးကျတော့ လူတွေလို မဟုတ်ဘူးတဲ့၊ သိကြားမင်းကြီးဟာ ဝေဇယန္တာနန်းပြာသာဒ်ကြီးပေါ် တက်ခါနီးတိုင်း လူ့ပြည်ကို လှမ်းကြည့်၊ လက်အုပ်ချီရှိခိုးပြီးမှ နန်းပြာသာဒ်ထဲကို ဝင်သတဲ့။ နောက်တော့ သူ့တပည့် မာတလိက မေးတယ်။ "လူ့ပြည်မှာ ဘယ်သူ့ကိုကြောက်လို့ ရှိခိုး ရှိခိုးနေရတာလဲ" လို့၊ အဲဒီအခါမှာ သိကြားမင်းက သူ့ခံယူချက်ကို သေသေချာချာ ဖြေရှင်းပြတယ်။ သူ ရှိခိုးတဲ့သူတွေဟာ ဘယ်လို ပုဂ္ဂိုလ်မျိုးတွေ ဆိုတာ ပြောပြပါတယ်၊ သူပြောတာက ···

အဟဉ္စ သီလသမ္ပန္နေ၊ စိရရတ္တသမာဟိတေ။

သမ္မာ ပဇ္ဇဗိတေ သမဏော၊ ဝန္ဒေ ဗြဟ္မစရိယပရာယနေ။

အဓိပ္ပာယ်က··· ကိုယ်ကျင့်သီလနဲ့ ပြည့်စုံကြတဲ့၊ ကြာမြင့်စွာသော နေ့ညပတ်လုံး ကိုယ်နှုတ်နှလုံး စောင့်သုံးနေကြတဲ့၊ မြတ်သော အကျင့်တရား လျှင် လဲလျောင်းရာ ရှိကြတဲ့ မြတ်သော ရသေ့ရဟန်းတို့ကို ငါ ရှိခိုးတာပါ တဲ့၊ မာတလိကို ရှင်းပြနေတာ၊ ပြီးတော့ ဆက်ပြောသေးတယ်···

ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။

ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ။

အမောင်မာတလိ··· လူတို့ပြည်မှာ အိမ်ရာတည်ထောင် လူ့ဘောင် မှာ နေကြတဲ့ လူသားတွေဟာ နေ့စဉ်နှင့်အမျှ ကုသိုလ်ပြုဖော်ရကြတယ်၊ သီလလည်း ထိန်းဖော်ရတယ်၊ ရတနာသုံးရပ်ကိုလည်း ဆည်းကပ်ဖော်ရ တယ်၊ တရားနှင့်အညီ သားမယားကိုလည်း လုပ်ကျွေးဖော်ရတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေကို ငါ ရှိမခိုးဘဲ မနေနိုင်လို့ ရှိခိုးနေတာကွဲ့တဲ့။

သိကြားမင်းကြီးက တို့ ဒီလူ့ပြည်ကို တန်ဖိုးရှိမှန်း သိတယ်···။ ကုသိုလ်ကောင်းမှု ပြုလို့ရတဲ့ လူ့ပြည်လောကကြီးကို မမေ့နိုင်ဘူးတဲ့။ သူ လည်း ဒီလူ့ပြည်က ကုသိုလ်တွေပြုပြီး တက်သွားတဲ့သူပဲ၊ ဒါကြောင့် ဒီလူ့ပြည် ကို ပြန်ပြန်ပြီး သတိရ ကျေးဇူးတင်နေတာ။ ဘုန်းကြီးတို့တစ်တွေက ဒီလူ့ပြည် ကို တန်ဖိုးရှိမှန်း သိပ်မသိကြဘူး၊ လက်တွေ့မရှိကြတော့ အဖိုးတန်မှန်း သိပ်မသိကြဘူးပေါ့။ သိကြားမင်းကြီးကတော့ သူ့လက်တွေ့ပဲ၊ သူ့စည်းစိမ် တွေ ရနေတာ ဒီလူ့ပြည်က ကုသိုလ်တွေ စုသွားလို့ဆိုတာ သိနေတော့ သူက ကျေးဇူးတင်နေတယ်။ ကုသိုလ်ပြုတဲ့သူတွေ၊ သီလရှိတဲ့သူတွေ၊ ရတနာသုံးပါး ဆည်းကပ်တဲ့သူတွေကို တလေးတစား ရှိခိုးတာ။

လူပိုင်းသာမက ရဟန်းသံဃာတော် အပိုင်းမှာလည်း ရဟန်းသံဃာ တော်တွေကို ရှိခိုးပါသတဲ့။ သိကြားမင်းကြီးက ဝန်ခံထားသားပဲ၊ ဒါကြောင့် လည်း ရှေးဆရာတော်ကြီးများက ဆိုထားကြတာ။

ရဟန်းကျင့်ဝတ် တစ်ပါးချွတ်က

လူနတ်မကြိုက် ကဲ့ရဲ့ထိုက်၏။

ရဟန်းကျင့်ဝတ် တစ်ပါးတတ်က

လူနတ်ဦးခိုက် ရှိခိုးထိုက်၏တဲ့။

ဒါကြောင့် ဒီကျောင်းတိုက်မှာ ကိုယ်တော်တို့ လူရော၊ နတ်ရော၊ သိကြားရော ကြိုက်အောင် နေကြပါလို့ သတိပေးပါတယ်။

## အစ်မ ယောကျ်ားရတာ ဝမ်းသာ

ကိုယ်တော်တစ်ပါးက ဒီကျောင်းတိုက် ဂန္ဓာရုံဆိုတဲ့ နာမည်နဲ့ တစ်နေရာမှာ ကျောင်းခွဲချင်သတဲ့၊ လာလျှောက်တယ်။ 'အေး… ခွဲတာပေါ့ ကွာ၊ ဖြည်းဖြည်း' လို့ ပြောလိုက်ရတော့တယ်။ ဘာလို့လဲဆိုတော့ 'ဂန္ဓာရုံ တိုက်ခွဲ' ဆိုပြီး ဆိုင်းဘုတ်ကြီးထောင်၊ စားစရာမရှိ၊ နေမယ့်သံဃာလည်း မရှိဖြစ်ပြီး နောက်တော့ ကျောင်းထိုင်ကိုယ်တော်နဲ့ပဲ ကျန်ရစ်မှာစိုးလို့ပါ။

သူတို့ကတော့ အောက်မေ့လား မသိဘူး၊ ဖြည်းဖြည်းဆိုတာ ငါ့ ကျောင်းမှာ သံဃာတွေ လျော့သွားမှာစိုးလို့၊ စာချဘုန်းကြီးတွေ နည်းသွား မှာစိုးလို့များ ထင်သလား၊ မဟုတ်ပါဘူး၊ သူ့အတွက် စိုးရိမ်လို့ပါ။

ဘုန်းကြီးက ဘာပြောချင်တာတုံး ဆိုတော့ ပုဂံမင်းကြီး ပြောသလို ပြောချင်ပါတယ်။ မင်းတုန်းတို့၊ ကနောင်တို့က ပုဂံမင်းကြီးကို နန်းချပြီး တက်လာကြတာ။ ပြီးတော့ မင်းတုန်းမင်းက ပုဂံမင်းရဲ့ အစ်မတော်ကြီးကို မိဖုရားမြှောက်တယ်လေ။ ဒီတော့ နန်းကျဘုရင် ပုဂံမင်းက ပြောတာ 'ငါ နန်းကျတာ အရေးမကြီးပါဘူး၊ ငါ့အစ်မကြီး ယောကျ်ားရသွားတာ ဝမ်းသာ လွန်းလို့' လို့ ပြောသတဲ့။ ခုလည်း ဒီအတိုင်းပါပဲ၊ ဘုန်းကြီးကျောင်းတိုက်မှာ သံဃာလျော့သွားမှာ၊ စာချဘုန်းကြီး နည်းသွားမှာ မစိုးပါဘူး။ ငါ့ကိုယ်တော် ကျောင်းရသွားတာပဲ ဝမ်းသာပါတယ်လို့။

## ကြာရင် အဟကြီး ဖြစ်မယ်

အခု ဟောကြ၊ ပြောကြတဲ့ ဓမ္မကထိကတွေရဲ့ အသံကို နားထောင် ကြည့်ကြပါဦး၊ ဘယ်လိုတွေ ဖြစ်ကုန်ကြသလဲ။ ဘုရားတရားတော်ကို သံတို သံရှည်ဆွဲပြီး အချွဲတွေနဲ့၊ အဟဲတွေနဲ့၊ အငိုတွေနဲ့၊ အဆိုတွေနဲ့ ဖြစ်ကုန်ပြီ။ ဒီလို ဖြစ်နေတာ အခုမှ မဟုတ်ပါဘူး။ တော်တော်တောင် ကြာလာပါပြီ။

ဒီတော့လည်း လူတွေက 'တရားဟောတယ် ဆိုတာ ဒါမျိုးကိုး' လို့ ထင်လာကြတော့တယ်။

ဇာတ်တော်ထဲမှာ ပါတယ်၊ ရှင်ဘုရင်ကြီးတစ်ဦးကို ကြည်ညိုလို့ သိကြားမင်းက ပုစွန်လက်မ စည်ကြီးတစ်လုံး ဆက်သထားတယ်။ အသစ်ဆိုတော့ တီးလိုက်တိုင်း ဟိန်းတာပေါ့၊ အဝေးကြီးက ကြားရသတဲ့။ နောက်တော့ ဟိုကပေါက်၊ ဒီကပေါက် ဖြစ်လာရော။ ဒီတော့လည်း ဖာရတာပေါ့။ ဖာဖန်များလာတော့ မူရင်းပျောက်ပြီး အဖာချည်း ကျန်တော့သတဲ့၊ အသံလည်း ကောင်းကောင်းမထွက်တော့ဘူးတဲ့။

ဒီအတိုင်းပဲ အခုလည်း ဘုရားတရားတော်အစစ်တွေကို ဓမ္မကထိကတွေက ဟိုလိုလုပ်၊ ဒီလိုလုပ်နဲ့၊ အသံကလေးစာစာနဲ့၊ ဂါထာကလေး အညွှန့်အကွန့်နဲ့၊ သံဆန်းကလေးတွေ အတွန့်အတွန့်နဲ့၊ အဆွဲကလေးတွေနဲ့၊ အချွဲကလေးတွေနဲ့၊ အဟဲကလေးတွေနဲ့၊ အဆိုကလေးတွေနဲ့၊ အငိုကလေးတွေနဲ့ ဖာလိုက်ကြတာ ကုန်သလောက်ဖြစ်သွားပြီ။ ပြောသင့်ကြပြီ၊ သူ့တာဝန် မဟုတ်သလိုလို၊ ကိုယ့်တာဝန်မဟုတ်သလိုလိုနဲ့ ကြောင့်ကြမဲ့နေကြရင် ခက်ကုန်တော့မပေါ့၊ အခု မူရင်းပျောက်တော့မယ်။

## အောင့်မြဲ အောင့်တော့မယ်

တစ်ခါတုန်းက နန်းတော်ထဲက ဇာတ်သဘင်ပွဲတစ်ခုမှာ ခင်းကျင်းပြသဖူးသတဲ့။ ဘုရင်၊ မိဖုရား၊ မင်းညီမင်းသား၊ နန်းတွင်းသူ၊ နန်းတွင်းသား အစုံပဲ လာရောက်ကြည့်ကြတာပေါ့။ တစ်ညလုံး ကြိုးစားပြီး ကကြပေမယ့် ဘယ်သူကမှ ဆုမချဘူးပေါ့၊ မိုးလင်းခါနီးပြီ။ ဒီတော့ ဇာတ်ထဲက မင်းသမီးက ဝမ်းနည်းတဲ့ စကားလေးများနဲ့ ထေ့သတဲ့။

ဒီအခါမှာ ဇာတ်ထဲက မင်းသားက အားပေးတာပေါ့လေ၊ ဘယ့်နှယ်တုံးဆိုတော့ 'အိုကွာ… ဆုမချလည်း ဝမ်းမနည်းပါနဲ့၊ တို့ ကြိုးစားလာတာ မနည်းပါဘူး၊ မိုးတောင် လင်းခါနီးပြီ၊ အောင့်ပြီးတော့သာ ဆက်လက်ကြိုးစားပါ' လို့။ အဲဒီတင် မင်းသမီးက အသံကလေးစာစာနဲ့ 'အောင့်မြဲပဲ ဆက်ပြီး အောင့်တော့မယ်' ဆိုတဲ့ အဓိပ္ပာယ်ပါတဲ့ သီချင်းကလေးတစ်ပုဒ်

ကို ဟာစ်ပြီးတော့ ဆိုလိုက်သတဲ့။ ဒီတော့မှ ပွဲကြည့်ပရိသတ်ထဲမှ ရှင်ဘုရင်သားက ထပြီး ဆုတစ်ဆု ချသတဲ့။

ဘာလို့ ဆုချရတာလဲ ဆိုတော့ သူဟာ ဖခမည်းတော်ဘုရင်ကြီးကို လုပ်ကြံဖို့ ဘယ်တော့မှ စိတ်မကူးတော့ဘူးလို့ အဓိဋ္ဌာန်လာခဲ့တာ၊ ဒါပေမဲ့ ခမည်းတော်က အခုထိ နန်းတော်ကို မလွှဲအပ်လို့ လုပ်ကြံမယ်လို့ စိတ်ကူးနေပြီ။ ဒီလိုစိတ်ကူးနေဆဲမှာ ဒီသီချင်းသံကို ကြားလိုက်ရလို့ မလုပ်ကြံတော့ပါဘူး၊ ဆက်လက် အောင့်မြဲပဲ အောင့်ပါတော့မယ်တဲ့။ အဓိဋ္ဌာန် ခိုင်မြဲစေတဲ့အတွက် ဆုချတာတဲ့။ အင်း··· အောင့်နိုင်လို့ တော်သွားတာပဲ၊ မအောင့်နိုင်လို့ လုပ်ကြံမိရင် ပြဿနာတွေ အများကြီး တက်သွားမယ်၊ အောင့်နိုင်တာ အကောင်းဆုံးပဲ။

တစ်ခါ ရှင်ဘုရင် သမီးတော်က ထပြီး ဆုချပြန်ရောတဲ့။ ဘာလို့ ဆုချတာလဲ ဆိုတော့ 'ကျွန်မဟာ တစ်သက်လုံး ယောကျ်ားမယူဘဲ အပျိုကြီးဘဝနဲ့ နေသွားတော့မယ်လို့ အဓိဋ္ဌာန်လာခဲ့တာ။ ဒါပေမဲ့ မနေနိုင်လို့ ဒီကနေ့တော့ အမတ်ကြီးတစ်ဦးရဲ့ သားနဲ့ လိုက်ပြေးမယ်လို့ အထုပ်ပြင်ထားပြီးပြီ။ အခု ဒီသီချင်းသံ ကြားရလို့ ဆက်ပြီးတော့ပဲ အောင့်ပါတော့မယ်တဲ့။ အဲဒီလို မိမိရဲ့ အဓိဋ္ဌာန် မြဲသွားစေတဲ့အတွက် ဆုချတာ' တဲ့။

အဲဒီနောက် ပွဲကြည့်ပရိသတ်ထဲက လူပျိုကြီးတစ်ယောက်ကလည်း ထပြီး ဆုချပြန်ရောတဲ့။ သူကကော ဘာလို့ ဆုချရတာလဲဆိုတော့ သူကလည်း မိန်းမ မယူဘဲ လူပျိုကြီးဘဝနဲ့ တစ်သက်လုံးနေတော့မယ် ဆုံးဖြတ်လာခဲ့တာ ဒီကနေ့တော့ အဗြဟ္မစရိယသိက္ခာပုဒ်ကို ကျူးလွန်တော့မယ်လို့ ကံကောင်းလို့ သိက္ခာပုဒ် မပျက်တယ်။ အခုတော့ ဆက်လက်ပြီး အောင့်မြဲအောင့်ပါတော့မယ်လို့ ဆုံးဖြတ်ပြီး ဆုချတာတဲ့။

အေး··· ဘုန်းကြီးလည်း ဒီအတိုင်းပါပဲ။ အောင့်လာခဲ့တာ ကြာပြီ၊ မိုးလင်းခါနီးမှတော့ မလျှော့တော့ပါဘူး။ ဆက်လက်ပြီးတော့ပဲ အောင့်ပါတော့မယ်။

## ဒီသက်နှန်းနဲ့ အသေခံမယ်

စစ်အတွင်းတုန်းက ဘုန်းကြီးကို လူထွက်လိမ့်မယ်လို့ အများက

ထင်ကြေးပေးကြတယ်။ တချို့ဆိုရင် လူထွက်သွားပြီလို့တောင် သတင်း လွှင့်ကြတယ်။ ဒကာမကြီးတစ်ယောက်က ဘုန်းကြီးစာအုပ်တွေ ကြည့်ပြီး ကြည်ညိုနေသူ၊ ဒီသတင်းကြားတော့ ဟုတ်၊ မဟုတ် သိရအောင်လို့နဲ့ တူတယ်၊ ဘုန်းကြီးဆီ ရောက်လာတယ်။

သင်္ကန်းဝတ်နဲ့ တွေ့ရလို့ ဒကာမကြီးက အလွန့်အလွန်ကိုပဲ ကျေနပ် သွားပါသတဲ့၊ သူက ကြည်ညိုနေတဲ့သူကိုး။ ပြီးတော့ ဒကာမကြီးက ဘုန်းကြီး ကို စမ်းသလား မသိဘူး။ 'ဦးပဥ္စင်းရဲ့၊ ဂျပန်စစ်သားတွေက ဘုန်းကြီးကို မြင်ရင် လိုက်သတ်သတဲ့။ တကယ်လို့များ သူတို့လာရင် အဝတ်လဲနေရအောင် အဝတ်တစ်စုံလောက်တော့ အသင့်ဆောင်ထားပါဦး' တဲ့။

ဒီတော့ ဘုန်းကြီးက ပြောလိုက်တယ်၊ 'ဒကာမကြီး… တစ်နိုင်ငံလုံး ကိုယ်တော်တွေ သင်္ကန်းနဲ့ မနေရဲလို့ လူဝတ်လဲချင် လဲကြပါစေ၊ ဘုန်းကြီး ကတော့ မလဲဘူး။ ဒီသင်္ကန်းနဲ့ အသေခံမယ်၊ ကံကောင်းလို့ ဝတ်ရတဲ့ သင်္ကန်း ကို မချွတ်ဘူး။ နိဗ္ဗာန်ရောက်တဲ့ တိုင်အောင် ဝတ်သွားမယ်' လို့။

## အဆက်ကျန်ရစ်အောင်လို့

ဘုန်းကြီးက ကမ္မဋ္ဌာန်းဌာနကလေးတစ်ခု ဖွင့်၊ တရားလေးဟော၊ တရားလေးပြ၊ လုပ်နေလိုက်ရရင် ဘုန်းကံ ကြီးမားမယ်၊ လာဘ်လာဘ ပေါလာမယ် ဆိုတာ သိပါတယ်၊ ဒါပေမဲ့ မလုပ်ပါဘူး။

အခု ဒီမှာ ပေါင်မုန့်ကို ဘာမပါ ညာမပါနဲ့ စားနေရတာ၊ ဒါပေမဲ့ နေနိုင်ပါတယ်။ ဝတ်တဲ့လမိုင်းကလည်း အခုထိ ကပ်တုန်းပါပဲ။ ငယ်ငယ်က စပြီး အခုအထိ။ ဘုန်းကြီး ရိပ်သာ မလုပ်တာက ဘုန်းကြီး သေသွားရင် ဘုန်းကြီး မြတ်နိုးတဲ့ သာသနာကို ဆက်ဖို့ရန် တပည့်ကောင်း မကျန်မှာ စိုးလို့ပါ။

ရသေ့ကြီး ဦးခန္တီဆိုတာ သိန်းပေါင်းများစွာ အကုန်အကျခံပြီး သာသနာ့အဆောက်အအုံတွေ ဆောက်လုပ်သွားခဲ့ပါတယ်။ တစ်နိုင်ငံလုံး အနှံ့အပြား မနည်းဘူး။ မန္တလေးမှာလည်း မန္တလေးတောင်ကြီးတစ်တောင် လုံး၊ နောက်ဆုံးတော့လည်း အဆောက်အအုံတွေပဲ ကျန်ရစ်တော့တယ်။ သာသနာအတွက် အဆက်မကျန်ရစ်ဘူး။

မိုးညှင်းဆရာတော်ဘုရားကြီးလည်း သမ္ဗုဒ္ဓေစေတီတော်ကြီးပဲ ကျန်ရစ်တယ်၊ သာသနာအတွက် အဆက်မကျန်ရစ်ဘူး။ ဘုန်းကြီးကတော့ အဲဒီ သင်ခန်းစာတွေကို ယူပြီး အဆက်ကျန်ရစ်အောင်လို့ စာသင်တိုက် ထောင်ခဲ့တာ။

## ကြည်ညိုစရာတွေ မကုန်နိုင်

ဘုန်းကြီးက မြတ်စွာဘုရားကို ဘုရားဖြစ်မှ ကြည်ညိုတာ မဟုတ်ဘူး။ ဘုရားမဖြစ်မီ အလောင်းတော်ဘဝတွေကတည်းကပင် ကြည်ညိုတာ၊ အကျိုးအကြောင်းတွေကို ကြည့်ပြီးတော့ ကြည်ညိုတာပါ။ သူ့ရဲ့ ဖွဲ့သတ္တိ၊ သူ့ရဲ့ လုံ့လဝီရိယ၊ သူ့ရဲ့ အမြော်အမြင်၊ သူ့ရဲ့ မလျှော့သော ကြိုးစားမှု စသည်တွေပေါ့လေ။

ဥပမာ- မာတင်္ဂဘဝတုန်းက ဒိဋ္ဌမင်္ဂလိက သူဌေးသမီးကို မရရ အောင် ပိုးတယ်၊ တကယ့်ဖွဲ့သတ္တိပါပဲ။ ပြီးတော့ အင်မတန့် အင်မတန် အရုပ်ဆိုးအကျည်းတန်တဲ့ မင်းကုသဘဝတုန်းကလည်း ချောပေ့၊ လှပေ့ ဆိုတဲ့ ပဘာဝတီကို မရရအောင် ပိုးသတဲ့၊ ကဲ… ကြည့်ကြပါဦး။ သူလို ကိုယ်လိုဆိုရင် မမီတဲ့ပန်း တုံးခုလို့ မလှမ်းတော့ဘူး ဆိုပြီး လက်လျှော့နေမှာ၊ အခု သူက မလျှော့ဘူး။

အဲဒီလို စသည်တွေပေါ့လေ၊ အလောင်းတော်ကြီးရဲ့ မလျှော့သော ဖွဲ့၊ ခိုင်မြဲသော ဆုံးဖြတ်ချက်တွေ၊ ဒါတွေကို ကြည်ညိုရတာ။ 'တို့တစ်တွေလို မရရင် နေပေ့စေကွာ၊ မယူတော့ဘူး' ဆိုတဲ့ သဘောမျိုး မပိုက်ဘူး၊ အဲဒီလို သတ္တိမျိုး။ ဒါက အလောင်းတော်ကြီးရဲ့ မကောင်းတဲ့ဘက်မှာ စွန့်စားခန်း။

ကောင်းတာဘက်ကို ကြည့်လိုက်စမ်းပါဦး၊ ထီးနန်းစည်းစိမ်ကြီး ကိုတောင် စွန့်ပြီး တောထွက်ခဲ့တယ်။ ကဲ… ဒါမျိုးကို ဘယ်သူ လုပ်နိုင် သလဲလို့၊ ဘုန်းကြီးက အဲဒီ သတ္တိမျိုးတွေကို ကြည်ညိုတာ။ သာမန်လူတွေ မစွန့်နိုင်တာကို အလောင်းတော်ကြီးက ရက်ရက်ရောရော စွန့်နိုင်တယ်။

လူတစ်ယောက် သူဌေးကြီး ဖြစ်နေလို့ ချီးမွမ်းစရာ မဟုတ်ဘူး၊ စွန့်ကြဲပေးကမ်းလှူဒါန်းမှု ရှိမှ ချီးမွမ်းရပါမယ်။ ဘုန်းကြီးတို့ဘုရားက အမျိုး

ကလည်း မြတ်၊ ရုပ်ကလည်း ချော၊ အပြောကလည်း ကောင်း၊ ဉာဏ်တော်ကြီးကလည်း ကြီး၊ ချီးမွမ်းလို့ မကုန်နိုင်ဘူး။ သမုဒ္ဒရာထဲက ရေတွေကို ခွက်နှင့်ခြင်ရင် 'ခွက်ပေါင်း ဘယ်လောက်ရယ်' လို့ တွက်ချက်လို့ ရကောင်း ရဦးမယ်၊ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကတော့ ဘယ်လောက်ရယ်လို့ကို တွက်ချက် မကုန်နိုင်ပါဘူး။ ဉာဏ်တော်ကြီးကလည်း ဒီအတိုင်းပါပဲ၊ ကောင်းကင်ပြင်ကြီးကို ပေကြိုးနဲ့တိုင်း၊ မိုင်နဲ့တိုင်းရင် ဘယ်လောက်ရယ်လို့ နှိုင်းဆရဦးမယ်၊ ဉာဏ်တော်ကြီးကတော့ ဘယ်လိုမှ တိုင်းတာလို့ မဆုံးနိုင်ဘူး။

## ဘုရားက တရားနဲ့ ဆေးကု

အနာရောဂါ ဆိုတာ ကိုယ်မကျန်းမာခြင်း၊ စိတ်မကျန်းမာခြင်းလို့ ရှိတယ်။ ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး ရုပ်မကျန်းမာတာကို ဆေးဝါးအမျိုးမျိုးနဲ့ ကုသရပါတယ်။ စိတ်မကျန်းမာမှု ဆိုတဲ့ စိတ်ရောဂါများ ကျတော့ တရားတော်နဲ့ ကုသရပါတယ်။ အဲဒီလို ကုသတဲ့နေရာမှာ ဘုရားရှင်ရဲ့ တရားတော်လောက်စွမ်းတာ မရှိပါဘူး။ ရှေးဘဝပေါင်းများစွာက စွဲကပ်လာတဲ့ ရောဂါမျိုးတောင် တရားဆေးတော်က ပျောက်ကင်းစေနိုင်ပါတယ်၊ အဲဒီလောက်စွမ်းတာ။

တစ်ခါတုန်းက ရှင်မဟာကဿပကြီးပေါ့၊ ဘုရားသားတော်ကြီး မကျန်းမမာ ဖြစ်တယ်။ တောထဲတောင်ထဲ တောကျောင်းမှာ ဘုရားကိုယ်တော်မြတ် ကြွလာပြီး တရားဟောပေးပါတယ်၊ ဗောဇ္ဈင်တရား ဟောပေးပါတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ဖြစ်ပျက်နေရတဲ့ ဤခန္ဓာကြီးဟာ အမြဲတမ်း ဖောက်ပြန်ချို့ယွင်းနေပါတယ်။ တောထဲတောင်ထဲမှာ တောသစ်ပင်တွေနဲ့၊ ပန်းပွင့်အနံ့တွေနဲ့ အဲဒီလို ဥတုတွေအပေါ် မူတည်၍လည်း ဖောက်ပြန်တတ်ပါတယ်တဲ့။

အရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးလည်း တစ်ခါတုန်းက မကျန်းမမာဖြစ်ဖူးတယ်။ အဲဒီ ကိုယ်တော်ကြီး ဆိုရင် တန်ခိုးတွေ ကြီးပေါ့၊ မြေလျှိုး မိုးပျံ တန်ခိုးရှင်တွေနဲ့ တန်ခိုးအရာမှာ တေဒဂ်ဘွဲ့ထူးတောင် ရတာ။ ဒါပေမဲ့ ဇရာ၊ ဗျာဓိ၊ မရဏဆိုတဲ့ အို၊ နာ၊ သေဒဏ်ကိုတော့ မခံနိုင်ဘူး။ အဲဒီ

တန်ခိုးရှင်ကိုယ်တော်မြတ်ကြီး မကျန်းမာတော့ ဘုရားက ကြွလာပြီး ဗောဇ္ဈင်သုတ်တရားတော်ကို ဟောပေးတော်မူရတယ်။

တစ်ချိန်မှာတော့ သဗ္ဗညုတဉာဏ်ပိုင်ရှင် ဘုရားသခင်ကိုယ်တော်တိုင် မကျန်းမမာ ဖြစ်တော်မူဖူးပါတယ်။ ရောဂါဆိုတဲ့ ဗျာဓိက ဘယ်သူ့ကိုမျှ မညှာတာဘူး၊ နှိပ်စက်တာပဲ။ ဒီတွင် အနီးမှာရှိတဲ့ 'စုန္ဒ' ဆိုတဲ့ ကိုယ်တော်လေးကို မြတ်စွာဘုရားက 'ငါဘုရားဟောထားတဲ့ ဗောဇ္ဈင်သုတ်ကို ရွတ်စမ်း' လို့ မိန့်တော်မူပါသတဲ့။ အဲဒီမှာလည်း ဗောဇ္ဈင်တရားကို နာပြီး ရောဂါပျောက်ကင်းရဖူးပါသတဲ့။

တရားတော်ကို နာရတဲ့အခါ စိတ်တွေဟာ ကြည်လင်လာပြီး စိတ်ကြောင့် ဖြစ်ရတဲ့ ရုပ်တွေလည်း သန့်ရှင်းကြည်လင် ပြောင်းလဲလာရတယ်။ ဒီနည်းအားဖြင့် ဗောဇ္ဈင်သုတ်က စိတ္တဇရုပ်တွေကို ပြောင်းလဲစေပြီး ရောဂါကို ပျောက်စေတာ။

## မှတ်ကျောက် တင်ခံနိုင်တဲ့ ဘုရား

ဘုန်းကြီးတို့ဘုရားက သန့်သန့်လာခဲ့တာပါ၊ အလောင်းတော်ဘဝမှာကတည်းက အမျိုးသန့်သန့်နဲ့ လာတော်မူခဲ့ပြီးနောက် တောထွက်၊ ရဟန်းပြု၊ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်၊ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပြီးမှ ဒီသာသနာတော်ကြီးကို တည်ထောင်တော်မူတာပါ။

သာသနာ တည်ထောင်စတုန်းကတော့ လူတွေက အကဲခတ်နေတုန်းမို့လား မပြောတတ်ဘူး၊ သိပ်မကြည်ညိုကြသေးဘူး။ တဖြည်းဖြည်းကြာလာတော့မှ၊ အတော်အတန်လည်း ပြန့်လာတော့မှ ပညာရှိပုဂ္ဂိုလ်တွေက စဉ်းစားစိစစ်လာပြီး ကြည်ညိုလာကြတာပါ။

'ဗြဟ္မာယု'ဆိုတဲ့ ပဏ္ဍိတ်ပုဏ္ဏားကြီးက တန်းပြီး မကြည်ညိုသေးဘူး၊ တန်းပြီး လက်ခံတာ မဟုတ်သေးဘူး၊ သူ့တပည့် ဥတ္တရလုလင်ကို စုံစမ်းခိုင်းသေးတယ်။ ခုနစ်ရက်တိုင်တိုင် ဘုရားနောက်က လိုက်ပြီး ဘုရားဟုတ်၊ မဟုတ်၊ ကျမ်းစာနှင့် ညီ၊ မညီ၊ ၃၂ ပါးသော လက္ခဏာတော်မြတ်တွေ ရှိ၊ မရှိ စုံစမ်းပါသေးတယ်။ ကျေနပ်ပြီဆိုမှ ဥတ္တရလုလင်ဟာ ပြန်လာပြီး

သူ့ဆရာကြီး ဗြဟ္မာယုထံမှာ တင်ပြပါသတဲ့။ ဘယ်လိုလဲ ဆိုတော့ 'အို... ကျော်ကြားသလောက် မကပါဘူး၊ အနီးကပ်လေ့လာတော့မှ သူ့ဂုဏ်ပုဒ်တွေဟာ ပြောလို့ မကုန်နိုင်ပါဘူး ဆရာကြီး' လို့ တင်ပြသတဲ့။

ဒီသတင်းကို ကြားရင်ကြားချင်းပဲ 'ဗြဟ္မာယု' ဆိုတဲ့ ပဏ္ဍိတ်ကြီးဟာ ဘုရားရှင်ရှိရာဘက်ကို ဝမ်းလျားမှောက်ပြီး ရှိခိုးဦးချပါသတဲ့။ အဲဒီနောက် ဘုရားရှင်ကိုယ်တော်မြတ် ဒေသစာရီလှည့်လည်ရင်း အဲဒီပဏ္ဍိတ်ကြီးတို့မြို့ကို ရောက်သွားတော့ ဘုရားရှိရာကို လေးလေးစားစားနဲ့ သူ ရောက်လာပါတယ်။

ရောက်လာပြီးတော့ 'တပည့်တော်ဟာ ဗြဟ္မာယုပါဘုရား၊ အသက်အားဖြင့် ၁၂၀ ရှိပါပြီ၊ ပစ္စည်းဥစ္စာအားဖြင့် ဆိုလျှင် ဒီနယ်တစ်ဝိုက်မှာ အချမ်းသာဆုံး ဖြစ်ပါတယ်၊ ပညာအားဖြင့်လည်း အကြီးဆုံးဖြစ်ပါတယ်ဘုရား' လို့ ဘုရားရှင်ရဲ့ ခြေတော်ကို ဖက်ပြီး လေးလေးမြတ်မြတ် လျှောက်ပါသတဲ့။

အဲဒီတင် ဆရာကြီးတောင်မှ ဒီမျှလောက် လေးစားတယ် ဆိုတော့ဟု တွေးပြီးလျှင် ပတ်ဝန်းကျင် ပရိသတ်ကြီးတစ်ခုလုံးပါ ရတ်ရတ်သဲသဲဖြစ်ကာ ဝိုင်းဝန်းရှိခိုး ကြည်ညိုကြပါတော့သတဲ့။ ဒီလောက် အဆင့်အတန်းမြင့်မြင့်နဲ့လာခဲ့တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို တို့မြန်မာတွေက ပေါ့ပေါ့ဆဆ လုပ်ကြတယ်။ ဗုဒ္ဓဘာသာဝင် ဆိုပြီး ဘုရားကျောပေး၊ လုပ်ချင်ရာလုပ်နေကြတယ်။ တရုတ်ကြီးတစ်ယောက်က ပြောသလိုပဲ 'ဆူတို့မြန်မာတွေက အကုဆို အကုဆိုနဲ့ ဆောက်တော့လည်း ဆူတို့ချည်းပဲ' တဲ့။

## ကွေးနေအောင် က

တစ်ခါတုန်းက ဇာတ်ပွဲတစ်ခုထဲမှာ လူတစ်ယောက်က ရသေ့ဝတ်ပြီး တပည့်တစ်ယောက်နဲ့ ထွက်ခဲ့ရာ ဆိုင်းကတီးတော့ ရသေ့ကြီးက ကွေးနေအောင် ကပြီး မောတော့ ကုလားထိုင်ပေါ် ပစ်ထိုင်လိုက်တယ်။ နောက်တပည့်က 'တို့ဆရာကြီး ဒါလောက်တောင် ကြိုးစားတာ ရျာန် မင်္ဂ၊ ဖိုလ် မရတာ နာလိုက်လေကွာ' တဲ့။ ခုလည်း တို့သာသနာကို ဘာသာခြား

တွေက မဖျက်ပါဘူး၊ တို့ဗုဒ္ဓဘာသာဝင်တွေကပဲ ဖျက်နေတာ၊ မပျက်လို့ တော်သေးတာပေါ့။ သာသနာ ဘာသာဆိုတာ တို့က အချိုးမကျရင် ပျက် တော့မှာ၊ ဘုန်းကြီးက ဒါကြောင့် ပြောနေတာ။ ဘုန်းကြီးကလည်း ကိုယ်တော် တို့စိတ်မသိ၊ ကိုယ်တော်တို့ကလည်း ငိုက်ချင်သလို ငိုက်နေကြ၊ မသိ၊ မသိ ချင်း ဆိုတော့ ဘာမှ မဖြစ်ဘူးပေါ့။

## သာသနာတော်ကို စောင့်ရှောက်ပါ၊ အစစ်ကို မှန်းပြီး ကြည်ညိုတာ

လူ့လောက၊ နတ်လောက အားလုံးမှာ ရှိကြတဲ့ ရတနာတွေထက် မြတ်စွာဘုရားရတနာက အသာဆုံး။ လောကီရတနာတွေက အဖိုးဖြတ်လို့ ရတယ်၊ ဗုဒ္ဓရတနာက အဖိုးဖြတ်လို့ မရဘူး။ ခုခေတ် ဒက္ခိဏာသာခါထုသူ တွေက ဒက္ခိဏာသာခါ ဆိုရင် ကလေးငို ရပ်ရမယ်တဲ့၊ မဟုတ်တာတွေ လျှောက်လုပ်နေကြတယ်။ ပိုက်ဆံရှိတိုင်း ဘုရားတွေ တည်မနေကြနဲ့၊ ဘုရား တည်ပြီးတော့လည်း ဘယ်သူမှ သိပ်ရှိသေကြတာ မဟုတ်ဘူး။ ဘုန်းကြီး က ဘုရားကို မရှိသေလို့ မဟုတ်ဘူး၊ မကြည်ညိုလို့လည်း မဟုတ်ဘူး၊ ဘုန်းကြီး ကြည်ညိုတာက အစစ်ကို မှန်းပြီး ကြည်ညိုတာ။ ဘုရားပွင့်စဉ် ကလည်း ရှေးကံ ပါရမီတွေက မပါကြတော့ ဘုရားကို မဖူးကြရဘူး၊ ဉာဏ် မပါတော့လည်း မကြည်ညိုတတ်ကြဘူး၊ ခုခေတ်လူတွေ ပိုဆိုးတာပေါ့။

သီလ စသည်တွေဟာ အဖိုးတန်တွေပါ။ လောကီရတနာ ကြည်ညို ရတာနဲ့ ဘုရားရတနာ ကြည်ညိုရတာ ဘုရားရတနာက ကောင်းတယ်။ လောကီရတနာတွေက ကြည့်လေ တဏှာလောဘ ဖြစ်လေ၊ ဘုရားရတနာက ကြည့်လေကောင်းလေ၊ မကြည့်ချင်သူ မရှိဘူး။ လောကီရတနာတွေကို သာယာနေရင် ငရဲ၊ တိရစ္ဆာန်ကို ရောက်မှာ၊ ဗုဒ္ဓရတနာကို အာရုံပြုနေသူက ကောင်းရာသုဂတိကို ရောက်မှာအမှန်ပါ။ ဗုဒ္ဓပွင့်လာတာက ကြွားချင်လို့ မဟုတ်ပါဘူး၊ သတ္တဝါတွေ ချမ်းသာစေချင်လို့ပါ။ ကိုယ့်အကျိုးသာ ဆိုရင် အိပ်နေမှာပေါ့။

## ဆင်ကို မတွေ့ရပေမယ့် ခြေရာကို တွေ့နိုင်

တို့ဗုဒ္ဓ မြင့်မြတ်ကြောင်းကို သူဟောခဲ့တဲ့ တရားတော်တွေနဲ့ ချိန်ထိုးကြည့်ရင် သိနိုင်ပါတယ်။ ဆင်ကို မတွေ့ရပေမယ့် ဆင်ခြေရာကို တွေ့မြင်ရင် ဆင်အကြီး၊ အငယ် ဆိုတာ သိနိုင်ရတယ်။ ဗုဒ္ဓကို ကိုယ်တိုင် မဖူးလိုက်ရပေမယ့် ဗုဒ္ဓဟောမြွက်ခဲ့တဲ့ တရားတော်တွေကို တွေ့မြင်ရတော့ ဗုဒ္ဓမြင့်မြတ်ကြောင်းကို သိရတယ်။ မာဂဏ္ဍီဆိုတဲ့ အမျိုးသမီးဟာ ဘုရားကို ဆဲတော့ ဘုရားက စစ်မြေပြင်သွားတဲ့ ဆင်ပြောင်ကြီးလို မြားခါပြီး ရှေ့ကိုသာ တိုးတက်တာပဲ။ မြတ်စွာဘုရားကလည်း မာဂဏ္ဍီ ဘယ်လောက်ပဲဆဲဆဲ သည်းခံပြီး ကြွမြဲတိုင်း ကြွတာပါပဲ။

ဘုရားရတနာက လူ၊ နတ် စတဲ့ သတ္တဝါတွေ အမျိုးမျိုးတိုင်းမှာ ရစေနိုင်တယ်။ လောကီရတနာတွေကတော့ ပိုက်ဆံရှိတဲ့ သူဌေးတွေမှာသာ ဝတ်ဆင်နိုင်တယ်။ လောကီရတနာတွေက တန်ဖိုးဖြတ်လို့ ရပေမယ့် ဘုရားရတနာက တန်ဖိုးဖြတ်လို့ မရပါဘူး။ သဒ္ဓါဥစ္စာရှိသူတိုင်း ဘုရားရတနာကို ပန်ဆင်နိုင်တယ်။

ဘုရားရတနာတစ်ဆူ ဖြစ်ပေါ်လာဖို့ ဆိုတာလည်း လွယ်ကူတာ မဟုတ်ဘူး။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေကို ဖြည့်ကျင့်မှ ဘုရားတစ်ဆူ ပွင့်တာ။ တစ်ကမ္ဘာ ဆိုတာကလည်း မလွယ်ဘူး၊ တစ်ယူဇနာရှိတဲ့ ဂိုဒေါင်ထဲမှာ မုန်ညင်းစေ့တွေ အပြည့်ရှိတယ်။ နှစ်တစ်ရာရှိမှ တစ်စေ့၊ နှစ်တစ်ရာရှိမှ တစ်စေ့ နှတ်လိုက်တာ မုန်ညင်းစေ့သာ ကုန်တယ်၊ ကမ္ဘာက တွက်မရသေးဘူး။

ဒါလောက် ခဲယဉ်းတဲ့ ဘုရားသာသနာမှာ ဒါနတွေ ပြုကြတာ တော်တော် စဉ်းစားစရာ ကောင်းတယ်။ ဒါနပြုတယ် ဆိုတာ ဂုဏ်ရှိအောင် ဒါနပြုတာ မဟုတ်ပါဘူး။ ဘုရားလောင်းဒါနပြုတာက ခုခေတ်လို ဂုဏ်ရှိတဲ့ သူရယ်လို့ မရည်ရွယ်ပါဘူး။ မရှိတဲ့သူတွေ ရှိရင် ပေးလိုက်တာပဲ။ ဘဝများစွာက ဆည်းပူးခဲ့တဲ့ ဒါန၊ သီလ၊ ပညာဆိုတာ နောက်ဘဝအထိ အထုံပါသွားတယ်။ ဘုရားအလောင်းဟာ ပစ္စည်းတွေ ချမ်းသာပါတယ်။ ဒါပေမဲ့ ခုလူတွေလို မစွန့်ရက်၊ မခွာရက် မက်မောနေတာ မဟုတ်ပါဘူး။ အိုတာ၊

နာတာရှိရင် မအိုတာ၊ မနာတာ ရှိရမယ်ဆိုပြီး နန်းတော်ကနေ ထီးနန်းနှင့် စည်းစိမ်တွေ စွန့်ပြီး တောထွက်သွားတာပါပဲ။ နောက်ဆုံး (နိရောဓ) နိဗ္ဗာန်ကို ရောက်တော်မူတယ်။

## ပျော်ပွဲ ရှင်ပွဲတွေ လုပ်နေကြတာ

ဘုန်းကြီးက ရုပ်တုတော်တွေ များများမထုစေချင်ဘူး၊ ရုပ်တုတော်တွေ ထုရင်လည်း သပ်သပ်ပယ်ပယ်နဲ့ တစ်ဆူတလေ ကောင်းတယ်။ တို့မြန်မာတွေကတော့ မြန်မာရုပ်ထုတယ်၊ အိန္ဒိယကထုတော့ ကုလားရုပ်ထုတယ်၊ ဥရောပတိုက်ကလည်း တစ်မျိုးထုတယ်၊ ရုပ်တုတော်များတော့ မရှိသေကြတော့ဘူး။ တစ်မြို့တစ်ရွာမှာ သန့်သန့်ရှင်းရှင်းနဲ့ တစ်ဆူပဲ ရှိရင် ကောင်းမယ်။ ဘုရားဆိုရင် ကိုယ့်မိဘအရိုးအိုးဂူတွေ ရှိသေကြသလို ဘုရားဓာတ်တော်ကိုလည်း ရှိသေကြပါ၊ အထူးရှိသေကြပါ၊ ဗုဒ္ဓဘာသာ သာသနာကို ဘာသာဝင်တွေက ဖျက်နေကြတာ။ ဘုရားပူဇော်တဲ့အနေနဲ့ ပျော်ပွဲရှင်ပွဲတွေ တခြိမ့်ခြိမ့် တသဲသဲ လုပ်နေကြတာ ဘုရားပူဇော်ရာ မရောက်ပါဘူး၊ ဘုရားလည်း အာရုံမရောက်ပါဘူး၊ ကုသိုလ်မရတဲ့အပြင် ငရဲတောင်ကြီးပါသေးတယ်။ နောင်လာနောက်သားတွေကို ပြင်ပေးကြ၊ မပြင်ရင် နောက်ပုဂ္ဂိုလ်တွေက ဘုရားကို ယုံမှာ မဟုတ်တော့ဘူး။ ကြိုးစားကြ၊ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်အောင် ကြိုးစားအားထုတ် ဆောင်ရွက်ကြ။

## နွားချိုနှင့် လူကြီးလောဘ

တဏှာလောဘဟာ တော်တော်ကြောက်စရာ ကောင်းတယ်။ မိန်းမ၊ ယောက်ျားဖြစ်ရတာ ခုဘဝ ကုသိုလ်ကောင်းမှုပြုစဉ် မိန်းမစိတ်နဲ့ ပြုတဲ့အတွက်ကြောင့် နောင်ဘဝ ပဋိသန္ဓေနေရင် မိန်းမစိတ်နဲ့ပဲ ပုံသဏ္ဌာန်ပေါ် လာတာပဲ။ ယောက်ျားစိတ်နဲ့ပြုရင် နောက်ဘဝ ယောက်ျားပဲ ဖြစ်ရတယ်။ မိန်းမဘဝက ယောက်ျားဘဝ မရောက်တော့ဘူးလား ဆိုရင် ရောက်နိုင်ပါတယ်။ ခု မိန်းမဘဝကို စက်ဆုပ်ပြီး ယောက်ျားစိတ်နဲ့ ကုသိုလ်ကောင်းမှု ပြုရင် နောက်ဘဝ ယောက်ျားဖြစ်တာပါပဲ။ ယောက်ျားလည်း မိန်းမဖြစ်တာပါပဲ။

တဏှာလောဘဆိုတာ မွေးကင်းစကတည်းက ပါလာတာ၊ နောက် တဖြည်းဖြည်း ကြီးလာတော့ ကလေးအရွယ်မှာ အမေက မိန်းမရုပ်ကလေး ဝယ်ပေးလို့ ကျေနပ်လို့၊ နောက် လူပျိုဘဝရောက်လာတော့ တကယ့် လူစစ်စစ် အရုပ်ကို လိုချင်လာတယ်။ တစ်ခါ နိုင်ငံခေါင်းဆောင်ကြီးတွေ ဖြစ်တော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ လုယူလိုကြပြန်တယ်။ တို့ဘုရားက 'နွားမှာ ချိုပေါက် တာတော့ ပြန်တိုတယ်လို့ မရှိဘူး။ ရှည်မြဲရှည်လာတာလိုပဲ လူများမှာလည်း လူကြီးလေ လောဘကြီးလေလေ၊ မလျော့ဘူး၊ မသေမချင်း လိုချင်နေတာပါ' လို့ ဟောတယ်။

## လူမိုက်ဆို ရှောင်

ကိုရင်တို့၊ လူမိုက်တွေကို ကြည့်ရှောင်ကြ၊ လူမိုက်နဲ့ ပေါင်းတဲ့သူ ဟာ ဥပမာ- မွှေးကြိုင်နေတဲ့ ပဝါထဲမှာ အစပ်၊ အပုပ်၊ မကောင်းတာတွေ ထုပ်ထားတော့ အဝတ်က မနံသော်လည်း အထဲက အပုပ်တွေ ထုပ်ထားတော့ ပဝါပါ ရောပုပ်သလိုပဲ။ လူတွေလည်း လူတစ်ယောက်ကောင်းပေမယ့် လူမိုက် နဲ့ ပေါင်းသင်းရင် မိုက်သွားတာပဲ။ ကိုယ်တော်တို့က ဆရာ၊ မိဘဖြစ်ကြတဲ့ အခါ တပည့်၊ သားသမီးတွေကို လိမ္မာအောင် စောင့်ရှောက်ပြီး နေထိုင်ကြ ပါ၊ လူမိုက်တွေရဲ့အပုပ်နဲ့ ကိုယ့်ကို ကူးစက်မှု မဖြစ်ပါစေနှင့်။

အိုခြင်းတရားက ဘယ်သူမှ မကင်းကြဘူး။ ဘယ်အထိ အိုမှာလဲ၊ သေအောင် အိုမှာ၊ အားလုံးသတ္တဝါတွေဟာ အိုပြီဟေ့ဆိုရင် ဘယ်သူမှ မကယ်နိုင်ဘူး၊ အားကိုးစရာ ဘာတစ်ခုမျှ မရှိဘူး။ ပစ္စည်းပေါလို့ ပစ္စည်းပေး ပြီး မအို၊ မသေပါနှင့် ဆိုလို့ မရဘူး။ အားလုံးကိုစွန့်ပြီး တစ်ဘဝမှာ သွား ကြရမှာပါ။ ချစ်လှပါတယ် ဆိုတဲ့ မိမိကိုယ်သော်မှ ဆွေထဲမျိုးထဲ မသတီစရာ ကြီးအဖြစ် ပစ်ထားခဲ့ရတယ်။ အသက်မက ချစ်လှတဲ့ မယားလှလှလေးကို လည်း မခွဲချင်ဘဲ ခွဲရတာပါ။ အားလုံးသတ္တဝါတွေဟာ တဏှာ့ကျွန်တွေချည်း ပါပဲ။ ချောချောလှလှလေး လိုချင်ပါတယ်ဆို ရှာပေးရတယ်၊ တယ်ပြီး မိုလ်ကျတယ်။ ဒါကြောင့် ချောတဲ့သူကလည်း ချောပြီးရင်း ချောချင်ရင်းပါ၊ ရတဲ့ သူကလည်း ရပြီးရင်း ရချင်ရင်းပါ၊ မဆုံးနိုင်ပါဘူး။

## အရိယာသံဃာ၊ သမ္မုတိသံဃာ

အရိယာ ဖြစ်ပြီးတဲ့ သံဃာတော်အပေါင်းကို ပရမတ္ထသံဃာလို့ ခေါ်ရတယ်။ ကဲ- ခု သံဃာတွေက သမုတ်ထားတဲ့ သမ္မုတိသံဃာ၊ ဒါကို နားလည်ပါစေ။ ဘုန်းကြီးတို့နိုင်ငံမှာ ဘုန်းကြီးတွေက ဩဇာရှိရှိနဲ့ ပြောဟော သင်ပေးရင် ဗုဒ္ဓဘာသာဝင်တွေ စိတ်ကောင်းရှိသူက များမှာပါ။

မဟောမပြောဘဲ ဘုန်းကြီးတွေက ကျောင်းကြီးပေါ် စက်တော်ခေါ် နေကြရင်တော့ သာသနာပါ ကွယ်တော့မှာ။ အသုံးမကျတဲ့ အဘိုး၊ အဘွား တွေကို အိမ်လာရင် မြေးတွေက လက်မခံချင်ကြဘူး၊ သေရင်လည်း မပူကြ ဘူး။ အသုံးကျရင် မသေစေချင်ဘူး။ ဘုန်းကြီးတွေလည်း နည်းတူပဲ၊ သာသနာ တော်မှာ စောင့်ရှောက်ဖော်မရရင် ဘယ်ဒကာ၊ ဒကာမမှ မကြည်ညိုချင်ဘူး၊ စောင့်ရှောက်ဖော်ရမှ ကြည်ညိုချင်ကြတယ်။ အားလုံး မိမိတို့သာသနာကို မကွယ်မပျောက်ရအောင် စောင့်ရှောက်ပြီး ဘုန်းကြီးတွေက ရွှေအစစ် မဟုတ် ပေမယ့် (ပရမတ္ထသံဃာ မဟုတ်ပေမယ့်) ရွှေအစစ်လို အရောင်တောက် လာအောင် ကြိုးစားနိုင်ရင် ကောင်းပါတယ်။ လူဒကာ၊ ဒကာမတွေကလည်း သရဏဂုံသုံးပါး တစ်သက်လုံးမပျက်ရင် ကောင်းပါတယ်။

## နတ်ပြည်ကို မလိုက်ချင်၊ ဘုရားသာသနာမှာ သက်သာစွာ မနေကြနဲ့

မြတ်စွာဘုရားက ကမ္ဘာပေါင်းများစွာ သူတစ်ပါးအကျိုးကို ဆောင် ခဲ့တယ်။ သာသနာတော်က အလုပ်လုပ်နေမှ၊ အလုပ်မရှိရင် အပြစ်နဲ့ချည်း ပဲ။ ကောင်းကောင်းနေရင် အပြစ်မရှိဘူး။ သက်သက်သာသာ နေခဲ့ရဲ့လား၊ မနေခဲ့ပါဘူး၊ သတ္တဝါတွေအပေါ် သနားခဲ့တယ်၊ ပရိနိဗ္ဗာန် စံခါနီးကျတော့ ‘သင်တို့ မေးစရာရှိရင် မေးထားကြ’ လို့ နောက်ဆုံးထိအောင် အများအကျိုး သယ်ဆောင်သွားတယ်။ သက်သာရဲ့လား၊ မသက်သာပါဘူး၊ သာသနာမှာ သက်သာစွာ မနေကြနဲ့။

ဘုရားအမိန့်တော်က ၂၅၀၀ ကျော်ခဲ့ပြီ။ မြတ်စွာဘုရားရဲ့ တရား တော်ကို လိုက်စားသူတွေဟာ စိတ်ချမ်းသာရတယ်။ ဘုရားကို မြင်သူတွေ

ကလည်း ကြည်ညိုလို့ မြတ်စွာဘုရားက အခု ဟောလိုက်တယ်ဆိုရင် အများကြီး ကိစ္စပြီးခဲ့တယ်။ ဘုရားသာသနာကို စောင့်ရှောက်ရတာက ကျေးဇူးများပါတယ်။ ဘုရားတရားတော်ကို လိုက်နာနေရင် ဘုရားစကား နားထောင်နေတာပါပဲ။ ဘုန်းကြီးတွေက လောဘတွေ များရင် သာသနာကွယ်သွားမယ်။ ဒီကျောင်းတိုက်ကြီး စည်ကားအောင် ဘုန်းကြီးတစ်ပါးတည်း မဖြစ်ပါဘူး။ ငွေအား၊ လူအား၊ ဉာဏ်အားနဲ့ ပြည့်စုံနေမှ ဖြစ်တာ။ တချို့က ကျောင်းကြီးတွေ ဆောက်ထား၊ ဘုန်းကြီးက မရှိ၊ ဘုန်းကြီးတွေက ကိုရင်တွေ ခိုင်းကြတယ်။ ကိုယ့်ချစ်မယားက မွေးတာဆိုရင် ခိုင်းရက်မှာ မဟုတ်ဘူး။ ယောက်ျားက ကလေးခိုင်းတာကို မိန်းမက မကြိုက်ဘူး။ မကြိုက်တော့ ဘာပြောသလဲ၊ 'ကိုယ်မွေးရတာ မဟုတ်တိုင်း ခိုင်းနေတာကိုး' တဲ့။ ကိုယ်တော်တို့လည်း ကိုယ်မွေးရတာ မဟုတ်တိုင်း မခိုင်းကြနဲ့။

## အလိမ္မာ စာမှာရှိ

ရဟန်းဆိုတာ တရားနဲ့နေပြီး ဒကာ၊ ဒကာမတွေ လာတယ် ဆိုရင် တရားစကား ပြောပေးရတယ်။ တွေ့ကရာတွေ လျှောက်ပြောမနေရဘူး။ ဘုန်းကြီး ဆိုတာ ခေါင်းတုံးပဲ ရှိတယ်၊ အဝတ်ကလည်း တစ်ရောင်တည်း ဝတ်ရတာ၊ ဘာမှ မလှဘူး။ ဘုန်းကြီး ဖြစ်လာရင် အလှမပြုရတော့ဘူး။ သူများပေးတာ စားပြီး နှာခေါင်းမရှုံ့ကြနဲ့။ စကားတွေကို ဗရုပ္ပ ပြောမနေနဲ့။ သာသနာက ကောင်းကောင်းနေမှ အရသာရှိတယ်။ ဘုရားစီမံထားတဲ့ သာသနာက အနေကောင်းရင် တကယ်အကျိုးရှိပါတယ်။

တစ်လောကလုံး အပိုကုန်တာတွေ မကောင်းဘူး။ ပိုက်ဆံတွေ ချေးနေမယ့်အစား မရှိဆင်းရဲသူတွေ ဝေပေးရတယ်။ မြတ်စွာဘုရားက 'ဆွမ်းတစ်လုံးဖြစ်ဖို့ရန် မလွယ်ဘူး' တဲ့။ အလှူပေးတယ်ဆိုတာ ပိုက်ဆံရှိသူ၊ ဂုဏ်ရှိသူတွေ ပေးဖို့ မရည်မှန်းဘူး။ စာတွေက သိပ်ကောင်းတာ၊ စာကောင်းတာက လောကလည်း ကောင်း၊ သံသရာလည်း ကောင်း၊ အလိမ္မာ စာမှာ ရှိတယ်ဆိုတာ မှန်တယ်။ အချို့က 'ဂုဏ်ရှိမလား' လို့ အလှူပေးကြပါတယ်၊ ကြွေးတောင် တင်သေးတယ်။ ကိုယ်တော်တို့ တိတ်တိတ်ဆိတ်ဆိတ် နေကြပါ၊

တိတ်ဆိတ်ခြင်းဟာ အရသာရှိပါတယ်။ ဘုန်းကြီးက သြဇာရှိရင် အစစ အရာရာ ကောင်းအောင် ပြင်ချင်တယ်။ ဘုန်းကြီးတို့ ဒီကျောင်းမှာ ဆေးလိပ် မသောက်ရ၊ ကွမ်းမစားရ၊ လက်ဖက်မစားရ ဆိုတာ ရှေ့ကျင့်မို့ မဟုတ်ပါဘူး။ ဘုန်းကြီးက အပိုတွေကို ခွင့်မပြုချင်ဘူး။ ဘုရားလက်ထက်တော်တုန်းက ဝိသာခါ၊ အနာထပိဏ်တို့ ကွမ်းဆေး ဝတ်တည်တာ မရှိပါဘူး။ သာသနာ တော်တွင်းမှာ အပိုမကုန်ရဘူး။

ဘုန်းကြီးက ဆေးလိပ် စသည်သောက်မယ့်အစား အားရှိတဲ့ အစား အစာကို စားလိုက်ပါ။ ဘုန်းကြီးက သာသနာတင် မကဘူး၊ နိုင်ငံပါ ပြင်ပေး ချင်တယ်။ ကိုယ်တော်တို့ ဒကာ၊ ဒကာမတွေနဲ့ ရေလာမြောင်းပေး မလုပ်ကြ နဲ့၊ သာသနာကို ခေတ်နည်းနဲ့ မပြုကြနဲ့။ ရှေးရှေးသာသနာကို ကြည့်ပါ၊ သာသနာက တစ်ကွက်ကျော် ကိုးကွယ်လို့ မရပါဘူး၊ အတွင်းကျကျမှ ကောင်းတယ်။ ဘုရားအာရုံပြုကြပါ၊ လောကမှာ တော်တဲ့ပုဂ္ဂိုလ်တွေ ရှိသေး တယ်၊ စဉ်းစားထားကြပါ။ သူတော်ကောင်းတွေ ဘယ်လောက် ရှိတယ် ဆိုတာ မပြောနိုင်ပါဘူး။

## စိတ်ကြီးမဝင်ကြနဲ့

ဘုန်းကြီး သြဝါဒ နေ့တိုင်းပေးနေသော်လည်း တကယ်တကယ်ကြွကြွ ရှိတဲ့သူက နည်းနည်းနေမှာပါ။ အပြင်ဘက် ဝိနည်းတော်နေရုံနဲ့ မပြီးသေးပါ ဘူး၊ အတွင်းကကောင်းမှ ကောင်းပါတယ်။ သင်္ကန်းဝတ်ထားရင် လူတွေက ကောင်းတယ်လို့ အောက်မေ့နေကြတာ၊ ဒါ မှားနေကြတာပါ။ နာမည်ကျော် ပုဂ္ဂိုလ်တွေကို စဉ်းစားထားကြပါ။ နောက်ဘဝမှာ အဆင့်အတန်း မရှိပါ ဘူး၊ သင်္ကန်းလေးဝတ်ပြီး စိတ်ကြီးမဝင်ကြနဲ့။ စာမေးပွဲကျတော့ ကြိုးစား လိုက်ကြတာ၊ ဘုရားအာရုံပြု တရားနှလုံးသွင်းကျတော့ မလုပ်ကြဘူး။ စာတတ်ပြီး စာတော်တဲ့ ဆရာတော် အခေါ်ခံနေတဲ့ ဆရာတော်ကြီးနှစ်ပါး ဟာ အဂတိလိုက်စားလို့ သာတာဂိရိ၊ ဟေမဝတနတ်ဘီလူးများ ဖြစ်ကြရ တယ်။ သင်္ကန်းပြုပြီး အချောင်မနေကြပါနဲ့၊ ဝိနည်းလေးစားပြီး တရားနဲ့ နေကြပါ။ လောကမှာ ဂုဏ်လာဘ်ကို ပန်းတိုင် လုပ်မနေကြပါနဲ့၊ ဂုဏ်လာဘ် ဆိုတာ မျက်စိမှိတ်လိုက်ရင် မပါပါဘူး၊ စေတနာသာ ပါမှာ။

## ဝိနည်းရှိမှ သာသနာ ရှိတယ်

ရဟန်းဒကာ၊ ဒကာမတွေက ကိုယ့်ရဟန်းကလေးတွေကို နာမည်ကျော်အောင် အားပေးကြတယ်၊ မကောင်းဘူး။ အားလုံးက မျက်စိမှောက်နေကြတာ၊ ဝိနည်းရှိမှ သာသနာ ရှိတယ်ဆိုတာ နားလည်ထားကြပါ။ ဘုရားလက်ထက်က ရဟန်းတွေက သာသနာတော်ကို ပျော်ပျော်ကြီး ထမ်းဆောင်တော်မူကြတယ်၊ သာသနာတော်ကို ဝိုင်းပြုနေကြတယ်။ ဒကာ၊ ဒကာမတွေလမ်းမှန်ကို မြင်ကြပါစေ၊ ရဟန်းတွေကလည်း သူများ ကြည်ညိုတာကိုဟန်လုပ်ပြီး အကြည်ညိုခံမနေပါနဲ့၊ သီလစင်ကြယ်ရင် ဝမ်းမြောက်ပါတယ်၊ ဒါဟာ အရေးကြီးပါတယ်။

ဘုရားအာရုံပြုပြီး နေရတာ စိတ်ငြိမ်သက် အေးဆေးမှု ရှိတယ်။ တို့ဘုရားရဲ့သာသနာကို တွေ့ရတော့ ရုပ်နဲ့နာမ်ကို ကွဲကွဲပြားပြား သိလာရတယ်။ အတ္တတွေ ပျောက်ပြီး အနတ္တသဘောတွေကို ပိုင်ပိုင်နိုင်နိုင် သိလာရတယ်။ တိတ္ထိတွေကတော့ ဝမ်းထဲမှာ အတ္တကောင်လေး ရှိသတဲ့၊ ဘုန်းကြီးကဒါဖြင့် လူတွေ ဘာကြောင့် သေရသလဲ။ သူတို့က လူတွေ သွားနေတာဟာအတ္တကောင်လေးက ခိုင်းလို့တဲ့၊ ကိုရင်တို့ ဒါတွေကို ကောင်းကောင်းလေ့လာထားကြပါ။ အရေးအကြီးဆုံးကတော့ သာသနာတော်မှာ ဝိနည်းပဲ၊ သာသနာဆိုတာ ဘုရားအဆုံးအမတော်ကို ခေါ်တယ်၊ ဘုရားအဆုံးအမဆိုတာသီလ၊ သမာဓိ၊ ပညာပဲ။ နောင် အနာဂတ်သာသနာတော်ကို လဇ္ဇီပုဂ္ဂိုလ်သူတော်မွန်တွေ စောင့်ရှောက်ကြလိမ့်မယ်။

## နတ်ပြည်ထက် လူ့ပြည်ကသာ

စစ်ကိုင်းတောင်ရိုးပေါ်မှာ ရှေးက နာမည်ကြီးဆရာတော်တွေ နေကြတာ၊ ချမ်းအေးဆရာတော်တို့ တောထွက်တော့ ခေါင်းအုံး မပါခဲ့ဘူးတဲ့၊ ကျောက်တုံးကို ခေါင်းအုံးလိုက်တာပဲ။ ကမ္မဋ္ဌာန်းကို စာကဲ့သို့ အားထုတ်ကြပါ၊ ဘုန်းကြီးက အားထုတ်မှု ရှိခဲ့ပါတယ်။ ဘုရားအောက်မေ့နေရင် သွားလေရာရာမှာ ဘုရားပါနေပါတယ်။ တရားအားထုတ်တယ်ဆိုတာ ပရိသတ် မလိုပါဘူး။ တို့ဂန္ဓာရုံဆရာတော်ကြီး စစ်ကိုင်းတောင်ရိုးပေါ်မှာ တရားအားထုတ်တော့

ဂူထဲမှာ တစ်ပါးတည်း အောင်းနေတာပါ။ ဆရာတော် ပျံလွန်တော်မူတော့ စစ်ကိုင်းတောင်ရိုးတစ်ခုလုံး ဝင်းနေတာပဲလို့တောင် အနောက်ဘက်က တက်လာတဲ့ ဘုန်းကြီးတွေက ပြောကြတယ်။

ဒီဘဝ အသေအလဲ အားထုတ်ပေမယ့် ကံပါရမီက ပါနေမှ၊ တို့ ဘုန်းကြီးတွေက ထိပ်တန်းရောက်အောင် အားမထုတ်ချင်ဘဲ ဖြစ်နေကြတယ်။ ကိုယ်တော်တို့ ကိုယ့်ကိုယ်ကိုယ် လှုံ့ဆော်ပေးကြပါ၊ ခု ဘဝကောင်းကို ရနေတာပါ၊ နတ်ပြည်နဲ့ လူ့ပြည်နဲ့ လူ့ပြည်က သာပါတယ်။ ဘုန်းကြီးကို နတ်ပြည်က လာခေါ်ရင် မလိုက်ပါဘူး။ ဘာပြုလို့လဲ ဆိုတော့ နတ်ပြည်က ကာမဂုဏ်အာရုံတွေ ခံစားပြီး ပါရမီဖြည့်မရဘူး၊ ဒါနပြုမှု မရှိဘူး၊ အလှူခံ ပုဂ္ဂိုလ်မရှိဘူး၊ လူ့ပြည်လောက် မကောင်းဘူး။ လူ့ပြည်က ဘာမဆို လုပ်လို့ ရတယ်၊ နတ်ပြည်မှာက သဘာဝကလည်း လှလှလေးတွေ ဆိုတော့ အာရုံတွေက များနေတာနဲ့ ဘာမှ အလုပ်မဖြစ်ဘူး။

## ဘုရားကို အာရုံပြုရင်

တို့နိုင်ငံက မကောင်းတဲ့တရားတွေ မရှိသလောက်ပါပဲ။ ခုချိန်အခါ အရတော်တဲ့ဘဝကို ရနေကြတာ။ သူများကို မကြည့်ကြပါနဲ့၊ သာသနာမှာ ဘုန်းကြီးနည်းနည်းနဲ့ ကောင်းတာတွေချည်း ဖြစ်စေချင်တယ်။ ခေတ်က ဆယ်နှစ်လောက်ဆိုရင် ပြောင်းတော့မှာ၊ တခြားနိုင်ငံက အစားအစာတွေ ဒီနိုင်ငံ လာမှာမဟုတ်ဘူး။ ဘုန်းကြီးက အပိုတွေ မလှူပါနဲ့ဆိုတာ နောင် တစ်ချိန် ရည်မှန်းပြောတာ၊ ကိုယ်တော်တို့က ဘုန်းကြီးရည်မှန်းချက်ကို မသိရင် အရသာ မရှိပါဘူး။ ဘုရားအကြောင်း ကောင်းကောင်းကြီးသိမှ အရသာ ရှိပါတယ်။ ကောင်းစွာသိမှ ဘုရားကြီးကျယ်ပုံ သိရတယ်။ ဒီသာသနာကို ပြုရတာက ကံကောင်းလို့ ပြုရတာပါ။ ဘုရားကို အာရုံပြုရင် စိမ့်လာအောင် အာရုံပြုကြစမ်းပါ။ ဘုန်းကြီးက ကျောင်းတိုက်ရော၊ ကိုယ်တော်တွေရော ဘုရားလှူထားတာပါ၊ ဝမ်းမနည်းကြပါနဲ့၊ ဘုရားစကား နားထောင်ရင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နဲ့ ကပ်နေတာပါ။ ဒီဘဝကို ဘုန်းကြီးက နမြောပါတယ်၊ နောက်ဘဝကျတော့ အမေကောင်း၊ အဖေကောင်းနဲ့ တွေ့ဖို့ မလွယ်ဘူး။ ကိုရင်တို့၊ ဦးပဥ္စင်းတို့က မသိကြဘူး။

ဘုရားကို အာရုံပြုပြီး တွေးရကြံရတာဟာ အရသာရှိလှပါတယ်။ ဘယ်နေရာမဆို ဗုဒ္ဓတရားတော်က အံကိုက်ချည်းပါပဲ။ ဗုဒ္ဓတရားတော်တွေက လေးနက်တယ်၊ ကိုယ်တော်တို့က ပေါ့တဲ့ဘက်ကို လိုက်ချင်ကြတယ်၊ ဘုန်းကြီးပြောတဲ့ လေးတဲ့ဘက်ကို မလိုက်ကြဘူး။ အပ္ပမာဒတရားနဲ့ နေတဲ့သူက ဘဝသံသရာမှာ မလည်ရတော့ပါဘူး။ ခုကာလလူတွေက အချောင်လိုချင်ကြတယ်။ တရားကျတော့ မလိုလဲ လိုလဲ၊ စာကျတော့ မျက်စိမှိတ်၊ ငွေအကုန်ခံပြီး သင်နေကြတာ၊ တစ်ဘဝစာကျတော့ မိဝေးဖဝေးနဲ့ သွားပြီး သင်နေကြတယ်။ ဗုဒ္ဓတရားကျတော့ ကောင်းကောင်း မသိကြဘူး။

## မျက်နှာချို မသွေးကြနဲ့

စာစကား မဟုတ်ဘဲ အလွတ်စကားတွေ ပြောမနေကြနဲ့။ ဘုန်းကြီးက ဆွေရယ် မျိုးရယ်လို့ ဒကာ၊ ဒကာမတွေကို မျက်နှာလိုက်ခြင်း မရှိပါဘူး။ နိုင်ငံတစ်ခုလုံးကို ထိန်းတာပါ၊ ဗုဒ္ဓလမ်းစဉ်အတိုင်း လုပ်တာပါ၊ ဗုဒ္ဓက မင်္ဂ၊ ဖိုလ်၊ နိဗ္ဗာန်ကို သူ့ဆွေမျိုးတွေချည်းပဲ သယ်မသွားပါဘူး၊ အားလုံး သတ္တဝါတွေကို ကြည့်တာပါ။ ကိုယ်တော်တို့ တရားသဘော၊ လောကသဘောတွေကို သိထားကြပါ။ လာဘ်လာဘကို မငဲ့ကြပါနဲ့၊ မျက်နှာချို မသွေးကြပါနဲ့။

ဟိုတုန်းက လူတစ်ယောက် ကျောင်းနားနီးနီးမှာ လယ်ထွန်နေတယ်။ နွားက မသွားတော့ ရိုက်ထင်ပါရဲ့၊ ဒီတော့ ဘုန်းကြီးက မရိုက်ရန် ပြောတယ်။ ဒကာက 'ရိုက်ပေးမှ ကိုယ်တော်၊ ရိုက်ပေးမှ၊ နောက်ဘဝက ဘုန်းကြီးဝတ်ပြီး ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သူများပစ္စည်းတွေ သုံးစွဲခဲ့တာ ကိုယ်တော်' လို့ ပြောသတဲ့။ ကိုယ်တော်တို့ လောကီအာရုံနဲ့ တရားကတော့ ကျောချင်းတောင် ကပ်မရဘူး။ သူများပစ္စည်းတွေ သုံးစွဲပြီး ပေါ့ပေါ့နေလို့တော့ မကောင်းဘူး။ ကိုယ့်နည်းနဲ့ကိုယ် ကောင်းတာဘက်ကို ကြိုးစားကြပါ။

အစစ်ကို ဘာကွယ်နေသလဲ၊ ရှေးလူကြီးများက ဘုန်းကြီးကို ပြောဖူးတယ်။ ဘုရားအစစ်ကို ဆင်းတုတော်တွေက ဖုံးနေတယ်၊ တရား အစစ်ကို အချို့ တရားဟောဓမ္မကထိကတွေနဲ့ ကျမ်းစာတွေက ဖုံးနေတယ်၊ သံဃာအစစ်ကို တို့ဘုန်းကြီးတွေက ဖုံးနေတယ်တဲ့။

ဘုန်းကြီးက ဒါတွေ ကိုးကွယ်လို့ အပြစ်ရှိတယ်လို့ မဆိုလိုပါဘူး။ အစစ်ကိုရောက်အောင် အာရုံမပြုနိုင်လို့ ပြောတာပါ။ အစစ်ကို အာရုံမရောက်တော့ အကျိုးပေးနည်းတာပေါ့။ နောင်လာမယ့် ကလေးတွေက ဘာသာကို မယုံတာက အစစ်အမှန်ကို မတွေ့ရလို့ မယုံတာ၊ အစစ်မှန်ကို တွေ့ဖို့ကလည်း အဘိုး၊ အဘွားတွေက အရေးကြီးတယ်။

တစ်ခါက ဇာတ်ပွဲတစ်ခုထဲမှာ လူတစ်ယောက်က ရသေ့ဝတ်ပြီး တပည့်တစ်ယောက်နဲ့ ထွက်ခဲ့ရာ ဆိုင်းကတီးတော့ ရသေ့ကြီးက ကွေးနေအောင် ကပြီး မောတော့ ကုလားထိုင်ပေါ် ပစ်ထိုင်လိုက်တယ်။ နောက်တပည့်က 'တို့ဆရာကြီး ဒါလောက်တောင် ကြိုးစားတာ ဈာန်မဂ်ဖိုလ်မရတာ နာလိုက်လေကွာ' တဲ့။ ခုလည်း တို့သာသနာကို ဘာသာခြားတွေက မဖျက်ပါဘူး။ တို့ဗုဒ္ဓဘာသာဝင်တွေကပဲ ဖျက်နေတာ၊ မပျက်လို့ တော်သေးတာပေါ့။ ဘာသာ သာသနာဆိုတာ တို့က အချိုးမကျရင် ပျက်တော့မှာ၊ ဘုန်းကြီးက ဒါကြောင့် ပြောနေတာ၊ ဘုန်းကြီးကလည်း ကိုယ်တော်တို့စိတ်မသိ၊ ကိုယ်တော်တို့ကလည်း ငိုက်ချင်သလို ငိုက်နေကြ၊ မသိ မသိချင်းဆိုတော့ ဘာမှ မဖြစ်ဘူးပေါ့။

## ဂိုဏ်းတွေ လူတွေအပေါ် လွှမ်းလာပြီ

ဒုတိယ သင်္ဂါယနာတင်တော့ ဘုရားပရိနိဗ္ဗာန် စံပြီးလို့ အနှစ်တစ်ရာရှိပါပြီ။ မသန့်ရှင်းတဲ့ သာသနာကတော့ မရှိတာက ကောင်းပါသေးတယ်။ ခုသာသနာကတော့ အစိုးရဘက်က မပါရင် လျော့တော့မှာ၊ ဘုန်းကြီးက အစိုးရ ပါလာရင် သာသနာကို ပြင်ချင်သေးတာ။ ဟိုတုန်းက မြန်မာပြည်မှာ အရည်းကြီးတွေ အုပ်စိုးခဲ့တယ်၊ အရှင်အရဟံ ရောက်မှ ကွယ်ပျောက်သွားတယ်။ ခု ဘာဂိုဏ်း ညာဂိုဏ်းတွေက လူတွေရဲ့အပေါ် လွှမ်းလာပြီ။ ရန်ကုန်မန္တလေးက လူတွေက ဂိုဏ်းဘုန်းကြီးတွေလာရင် ကလေးတွေကို ရှိခိုးခိုင်းကြသတဲ့၊ ဘာလုပ်ဖို့လဲဆိုတော့ စာမေးပွဲ အောင်ဖို့ရန်တဲ့။

## အလုပ်ကောင်းလုပ်သူ နတ်ကောင်း စောင့်ရှောက်

တစ်ခါတစ်ခါ ကျောင်းကို ကမ္ဘောဒီးယားသမားတွေလည်း ရောက်ရောက်လာကြတယ်။ ကမ္ဘောဒီးယားအားထုတ်တဲ့ ယောဂီတွေ မေးကြည့်ရင် ငါးပါးသီလ တောင် ဟိုကပေါက်၊ ဒီကပေါက်တယ်၊ မလုံကြပါဘူး။ ပထမဆုံး သရဏဂုံကို လုံအောင် ထိန်းကြပါဦး၊ သရဏဂုံယူရင် ဘုရား၊ တရား အရိယာသံဃာကို အာရုံပြုမိအောင် ပြုရတယ်။ ဘုန်းကြီးမှာ လူအမျိုးမျိုးနဲ့ တွေ့ရတယ်။ အချို့က ဘုန်းကြီးကို ဂိုဏ်းထဲဝင်စေချင်ကြတယ်၊ ဘုန်းကြီးက မဝင်ချင်ပါဘူး။ နာမည်ကြီးဆရာတော် ဂိုဏ်းဝင်တယ် ဆိုတော့ ကြည်ညိုလိုက်ကြမယ့် ဖြစ်ခြင်း ဘာပြောကောင်းမလဲ။ ဘုန်းကြီးတို့ဘာသာ အလုပ်တွေ ထမြောက်နေတာကို ဂိုဏ်းက မတာလို့ ထင်နေကြပါဦးမယ်။ အလုပ် ကောင်းလုပ်နေသူကတော့ နတ်ကောင်းတွေက စောင့်ရှောက်ကြပါလိမ့်မယ် ဆိုတာ ယုံကြည်ပါတယ်။

## မျက်စိလည် လျှာလိုက်ကြရော

သာသနာက ဘုံဆိုင် အများဆိုင် ဖြစ်နေတယ်။ ဒါကို အားလုံးက ဝိုင်းမပြုနိုင်ရင် ကိုယ်နိုင်သလောက် ပြုရမှာပါပဲ။ ခု ဘုန်းကြီးမေတ္တာပို့ရင် တစ်နာရီခွဲလောက်ကြာတယ်၊ ဒါကို မပြီးသေးဘူး။ လောကကြီးက သာသနာရေးမှာ မျက်စိတော်တော်မှောက်ပြီး ချာချာလည်နေကြတယ်။ ဘုရားပွဲတွေက ဘုရားအလိုတော်ကျ မဟုတ်ပါဘူး။ တို့မြန်မာပြည် သာသနာက ရှင်ဘုရင်၊ အမတ်တွေက စတည်ထောင်ခဲ့တာ။ ရှင်ဘုရင် ဆိုသူတွေက သူတို့ကို နတ်ရုပ်ပေါက်အောင် ဆင်ထားကြတယ်။ လှူကြတန်းကြ ပေးကြကမ်းကြ ဆိုတော့ နှစ်ဖက်ရ ကြည့်ပြီး ဘုန်းကြီးတွေက ဟောကြတာကိုး။ ဒါနဲ့ ဟောတဲ့ ဘုန်းကြီးကလည်း ဟောခလေး ရရော၊ လှူတဲ့သူကလည်း နတ်ပြည်ရောက်ချင်ဇောနဲ့ မျက်စိလည် လျှာလိုက်ကြရော။

တို့ သာသနာက အောက်ခြေလွတ်ပြီး လဲတော့မှာ၊ သာသနာကို ပြုပြင်မယ့်သူ မရှိရင် မလွယ်တော့ဘူး။ သာသနာကို ဖျက်မယ့်သူတွေက ပေါ်နေတယ်။ ဘုန်းကြီးတွေကို ဆွဲဆောင်စရာတွေက အများကြီး ရှိတယ်။

သာသနာမှာ လမ်းမှားခေါင်းဆောင် ကိုတော့ ဘုန်းကြီးက ဘယ်တော့မှ မမြင်ပါရစေနဲ့လို့ ဆုတောင်းပေးပါတယ်။ ဝိနည်း လေးစားကြပါ။

## စာတ်မသိရင် မယုံကြနဲ့

ဘုန်းကြီးတို့ သရိုင်ရွာသားတွေက သဒ္ဓါတရား နည်းကြတယ်၊ ပညာတော့ တော်ပါရဲ့၊ သဒ္ဓါတရား၊ ပညာတရားနည်းတော့ လူထွက်ကြတယ်။ တို့သရိုင်သားတွေက အစတော့ ထက်ပါတယ်၊ အဆုံးမရောက်ကြဘူး၊ အချောင်ရရင် ဘယ်သူ့မဆို ချိုင်ကြတယ်။ မာယာဆိုတာ ယောက်ျားလည်းရှိ၊ မိန်းမလည်းရှိပါတယ်။ တို့ အချို့ဘုန်းကြီးတွေက ဟန်ဆောင်ကြတယ်၊ ဟန်ဆောင်ထားတဲ့ ဘုန်းကြီးတွေကို ဒကာ၊ ဒကာမတွေက ကြည်ညိုကြတယ်။ ကိုယ်တော်တို့ စာတ်မသိရင် ဘယ်သူမှ မယုံကြနဲ့၊ လောကကြီးမှာ တချို့က ညာချင်ပေမယ့် မညာတတ်ဘူး၊ ညာတဲ့သူဆိုတာ ဣန္ဒြေရှိရတယ်။

တို့ဟာ ဘာတဲ့လဲ…

"စာတတ်ယောင်ယောင် ဟန်ပန်ဆောင်

ထိပ်ပြောင်ကြီးနဲ့ ဝင့်လတ္တံ့၊

သာသနာပြုရေး အသံပေး အောက်ကျေးအောက်ရွာ လှည့်လတ္တံ့၊

ထိုအခါ အောက်သား ဒကာများ မြှောက်စား ကိုးကွယ်ကြလတ္တံ့၊

ကျောင်းကြီးကံပေါ် စက်တော်ခေါ် စိတ်တော် မိုးသို့ ထိုးလတ္တံ့၊

တွေ့ရာစုဆောင်း ရရာရှောင်း အတောင်းအခံ များလတ္တံ့" တဲ့…

ဆိုတယ် မဟုတ်လား။ ကိုယ်တော်တို့ သဒ္ဓါတရားကောင်းကောင်းနဲ့ သန့်သန့်ရှင်းရှင်းနေကြပါ၊ သန့်သန့်ရှင်းရှင်းနေမှ ကျန်းမာရေးလည်း ကောင်းပါတယ်။

## ကံကောင်းအောင် အလုပ်လုပ်ကြပါ

ကံဆိုတာ ဆန်းတယ်၊ ကောင်းတဲ့အလုပ်တွေ လုပ်နေရင် ကောင်းကျိုးရစေတယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုး ရစေတယ်။ အချဉ်စိုက်ရင် အချဉ်ရ၊ အချိုစိုက်ရင် အချိုရ၊ အခါးစိုက်ရင် အခါးရ။ တို့သာသနာက မျက်စိလည်နေကြတာ၊ ဓားပြတိုက်လို့ရတာကို မယားက တပြုံးပြုံးနဲ့ ချက်

ကျွေးတယ်၊ ကြက်သားစားရတာ ကံတစ်မျိုး၊ သတ်တာက ကံတစ်မျိုး။ ဒကာ၊ ဒကာမတွေရဲ့ ဝေယျာဝစ္စတွေ လိုက်ဆောင်ရွက်ပေးနေတဲ့ ကိုယ်တော်တွေတော့ လိပ်စာကတော့ သေချာပြီးသားပါ။ ဘုန်းကြီးကို ကိုယ်တော်တစ်ပါးက လိပ်စာပေးခဲ့ဖူးတယ်။ ဘယ်လိုလဲ ဆိုတော့ 'ဦးဇနကရေ… ကိုယ့်ဆီများ စာထည့်ရင်တော့ အဝီစိဒိစတြိတ်၊ သိဋ္ဌိုးငရဲမှတစ်ဆင့် ဂိန္ဒကုဋ္ဌေတောင်ခြေ၊ စောင်ချမ်းပင်အောက်လို့သာ ထည့်လိုက်ပါ' လို့ ပြောခဲ့တယ်။ ကိုယ်တော်တို့ ရှေးကံဆိုတာ သူ့ဟာသူ မပေးဘူး၊ ကိုယ်ကလုပ်မှ။ ကံမညံ့ပေမယ့် ဝီရိယ မရှိရင် ပျက်တတ်တယ်။

ထိပေါက်တဲ့ သူကလည်း ရှေးကံက ပါလာလို့ ပေါက်တာပါ။ ကိုယ်တော်တို့ ကံကောင်းအောင် အလုပ်လုပ်ကြပါ။ ဟိုတစ်နေ့က အုန်းပင်စိုက်တယ်၊ အုန်းပင်စိုက်ရင် ခွေးသေ၊ ဆား၊ ငါးပိ ထည့်ရတယ်၊ ဒါပေမဲ့ သူတို့က သီးတာ မဟုတ်ဘူး၊ အုန်းပင်က သီးတာပါ။ ကံတရားတွေကလည်း ဒီလိုပဲ၊ ကိုယ်တော်တို့ မကြိုးစားရင် အထွတ်အထိပ် မရောက်ဘူး။ ရပ်မနေကြပါနဲ့၊ တက်ပေးကြပါ၊ ဘုန်းကြီး တစ်သက်လုံး မနားပါဘူး၊ သေခါနီးတောင် အမောဟိုက်နေမလား မသိဘူး။ ဆုတောင်းလို့ မရကြဘူး၊ ကိုယ်ချစ်တဲ့သူကို မရရအောင် ကြိုးစားရတာက ဆုတောင်းလို့ ရတာ မဟုတ်ဘူး၊ ကြိုးစားလို့ ရတာပါ။

## ငါလေးတွေ ဖြစ်စေချင်

မိဘတွေက ကိုယ့်သားသမီးတွေကို ပညာကြိုးစားခိုင်းတာက ဘယ်သူ့ဖို့လဲ၊ သူတို့ဖို့ မဟုတ်ဘူး။ ပညာတော်လာရင် သမီးရှင်၊ သားရှင်တွေက ဝိုင်းဝိုင်းလည်နေတာပဲ။ အတန်းသာ ခဏ ခဏ ကျနေရင် တန်ဖိုးမထားကြပါဘူး။ ကိုယ်တော်တို့ တောမှာ မွေးပေမယ့် ငါဟဲ့ ယောက်ျားလို့ သဘောထားပြီး ကြိုးစားကြပါ။ ကိုယ်တော်တို့က ထက်ထက်သန်သန် တယ် … မရှိကြဘူး။ ဘုန်းကြီးတို့ကတော့ အိုတာက အိုတာ တခြားပဲ၊ စိတ်ကတော့ ထက်ထက်ပဲ။ ဒါကြောင့် 'နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက် ရှိသေး' ဆိုတာ။ ဘုန်းကြီးကတော့ ပေါင်လည်း မကျိုးသေးပါဘူး၊ ကိုယ်တော်တို့ကို

ငါလေးတွေ (ငါလို) ဖြစ်စေချင်တယ်၊ ခုတော့ ငါမဖြစ်ဘူး၊ မင်းတို့ ဖြစ်နေကြတာကိုး။

## သာသနာပြုတော့ ဩဇာရှိအောင်

ဘုန်းကြီးက သေလည်း မထူးပါဘူး၊ ခဏနားတာနဲ့ တူတယ်။ ဟိုဘက်ဘဝ သေသွားပြီး ဒီဘဝ ပြန်လာအလုပ်လုပ်ရာရောက်မှာပါ။ ကိုယ်တော်တို့ ငယ်စဉ်ကလည်း ကြိုးစားကြပါ၊ ကြီးလာလည်း ပိုပြီး ကြိုးစားကြပါ။ လူတွေက သာသနာအရသာကို မရှာကြပါဘူး၊ သေခါနီးမှ ကုသိုလ်ပြုချင်လို့ မရပါဘူး။ သာသနာကို ညာပြီး သူခိုးအကြီးစားလုပ်နေရင် မသက်သာဘူးလို့မှတ်ပါ။ သာသနာကို မပြုရင် မပြုဘဲနေ၊ ပြုရရင် သာသနာမှာ စင်ကြယ်မှ ကောင်းတယ်။ ဘုန်းတန်ခိုးကြီးသွားရင် ဘုန်းနောက်လိုက်ပြီး ပျက်တတ်တယ်။ ငယ်စဉ်က ကြိုးစားကြ၊ စာမေးပွဲတွေ ဝင်တာကို သာသနာပြုတော့ ဩဇာရှိအောင်ဆိုတဲ့ အနေမျိုးနဲ့ ရည်မှန်းဝင်ကြ။

## နာမည်ပျက် မခံနိုင်

ဘုန်းကြီး စာဝါကိုတော့ အပြီးချမယ်။ ဟိုတုန်းက ဗေဒင်ဆရာတစ်ယောက်က လူတစ်ယောက်ကို ခုနစ်ရက်အတွင်း စုတ်လာဘ်ဝင်ရမယ်လို့ ဟောလိုက်တယ်။ ဟောထားတဲ့ရက် ပြည့်ခါနီးလေတော့ အဟောခံရတဲ့သူက 'ဆရာ… ဘယ်မှာလဲ မဝင်သေးပါလားဗျ' ဆိုတော့ 'အေး… မဝင်သေးရင် ငါ့မှာ နှမသုံးယောက် ရှိတယ်၊ ငါတော့ နာမည်ပျက်မခံနိုင်ဘူး၊ မင်း ကြိုက်တာ တစ်ယောက် ယူပေတော့' လို့ ပြောလိုက်သတဲ့။ ဘုန်းကြီးစာဝါလည်း ဘုန်းကြီး ပြောထားတဲ့ ရက်တော့ ပြီးအောင်ချရမှာ၊ မပြီးရင်တော့ ဘုန်းကြီးမှာ ပေးစရာ မရှိဘူး၊ ဒီတော့ အပြီးပဲ ချရမှာပဲ။

## ဝိနည်းပျက်ရင် သာသနာပျက်တယ်

ဘုန်းကြီးက မဂ်၊ ဖိုလ်၊ နိဗ္ဗာန်အထိ လုပ်ပေးချင်တယ်။ ဘုန်းကြီးတွေကို အောက်တန်းထားပြီး လူတွေက အထက်တန်းကနေပြီး အထင်သေးကြတယ်၊ ဘုန်းကြီး မခံချင်ဘူး။ တရားဟောနိုင်းတယ် ဆိုတာလည်း အခပေး

ခေါ်တာပါ၊ သူတို့ဆီက ပြန်လာတော့ ရောဂါဖြစ်ရင် ပြန်မကြည့်ကြဘူး။ ဘုန်းကြီးက တစ်ကိုက်၊ နှစ်ကိုက် ကိုက်ပြီးခဲ့ပြီ။

ကိုယ်တော်တို့က အထက်တန်းတွေကို အားမထားကြပါနဲ့၊ တယ်ပြီး မဟုတ်ကြပါဘူး။ တို့ဘုန်းကြီးတွေကလည်း အပင့်ကို မစောင့်ကြဘူး၊ တချို့က မပင့်ရင် ပင့်အောင် သွားပြောကြတယ်၊ ကိုယ့်ဘာသာကိုယ် နေကြရင် ပြီးရောပေါ့။ ကိုယ်တော်တို့တွေက ဒကာ၊ ဒကာမတွေကို မိတ်ဆွေဖြစ် မဆက်ဆံကြနဲ့။ တို့သာသနာမှာ ရှက်စရာ ကောင်းသေးတယ်၊ ကိုယ်တော်တို့ ကောင်းကောင်းနေကြ၊ တစ်ဘဝ တစ်ခါ သေရတာ၊ သေတယ်ဆိုတာ မြွေအရေလဲသလိုပဲ။

သေတဲ့သူ တမ်းတရတာထက် မိုးပေါ်က လကို တမ်းတရတာက မြင်ရသေးတယ်။ သေခြင်းသဘောက အလှတွေ မြင်နေပေမင့် တစ်နေ့နေ့တော့ သွားရမှာပါ၊ ဘာမှ ပေးလို့လည်း မရဘူး။ ဝိနည်းလေးစားဖို့က အရင်၊ စာတတ်တာက နောက်၊ အရေးကြီးတယ်၊ ပေါ့ပေါ့မနေကြနဲ့။ သာသနာပျက်တယ်ဆိုတာ ဝိနည်းပျက်တာ၊ တောသွားရင် လှည်းမစီးကြပါနဲ့။ ဝိနည်းလေးစားကြပါ၊ ဘုန်းကြီးလေးစားဖို့ မဟုတ်ပါဘူး၊ ဘုရားသာသနာ လေးစားသောအားဖြင့် ထိန်းသိမ်းကြပါ၊ ဘုရားကိုလည်း ကြည်ညိုလေးစားပါ။

## မျက်လုံးနှစ်လုံး ရှိပေမယ့် မျက်လုံးအများနဲ့ကြည့်

ဒီကျောင်းမှာ ခပ်ကြီးကြီးတွေ လက်ခံထားတော့ စာအခြေ မရဘူး၊ ငယ်ပြန်တော့လည်း ထွက်ပြေးကြတယ်။ သာသနာမှာ ရှိရှိသေသေ ရှိပါစေ၊ အများနဲ့ဆိုတာ ရှိသေရတယ်၊ သွားလေရာမှာ ဘုရားအာရုံနဲ့ သွားနေရင် ကြမ်းတမ်းတာ မရှိပါဘူး။ ဒါနဆိုတာ မကောင်းတဲ့သူတွေ သုံးစွဲနေရင် အကျိုး မရပါဘူး။ သာသနာသွေး၊ ဘာသာသွေး၊ မျိုးရိုးဇာတိသွေး၊ သတ္တိရှိကြပါ၊ မကောင်းတာ မဖြစ်ကြပါစေနဲ့။ သာသနာကို သံယောဇဉ်ရှိရှိနဲ့ ထမ်းဆောင်ကြပါ၊ သာသနာဝင်နေရင် ဝန်ထမ်းနေမှ ကောင်းတယ်။ ကောင်းကောင်းမနေရင် မြေကြီး နင်းတာကအစ အပြစ်ရှိတယ်၊ ဘယ်နေရာမဆို လေးလေးပင်ပင် ရှိရမယ်။

သေလို့ ငိုတာက ကိုယ်က ညံ့ရာရောက်တယ်၊ တချို့ဘုန်းကြီးတွေက မျှော်လင့်ချက်နဲ့ ကိုယ်ကိုယ်တိုင် လက်သပ်မွေးထားတဲ့ တပည့်လေးများ ထွက်သွားရင် မှိုင်ပြီးစိတ်ညစ်လို့၊ ကိုယ်တော်တို့ သတ္တိမကြောင်ကြနဲ့။ ဘုရားသာသနာမှာ တူရယ်၊ ညီရယ် မရှိဘူး၊ ရှိလည်း မရှိကြပါနဲ့။ မျက်လုံးနှစ်လုံးရှိပေမယ့် မျက်လုံးအများနဲ့ ကြည့်ကြပါ။ ပျင်းတဲ့သူ ထွက်ပြေးပြီး ပျော်တဲ့သူ ကျန်နေမယ်။

## သံသရာကြောက်ရင် ကြိုးစားကြ

တို့ကျောင်းမှာ ကျေးတောသား ဖိုးသူတော်တွေ ရွံ့ရောင်ပေါက်နေတဲ့အသားနဲ့ ပိတ်ဖြူဝတ်တော့ အိုးမည်း ထုံးသုတ်ထားသလို မလိုက်ပါဘူး၊ ဒါပေမဲ့ တဖြည်းဖြည်း ပြင်ယူရတယ်။ သံသရာကို ကြောက်ရင် ကြိုးစားကြ။ တချို့ မိဘတွေ သားသမီးတွေက များတော့ တစ်ယောက်၊ နှစ်ယောက်လောက် ဘုန်းကြီးဝတ်ရင် ကောင်းမှာတဲ့၊ အမွေခွဲရ သက်သာအောင်လို့ ပြောကြတယ်၊ ငရဲကျမှာကိုတော့ မသိကြဘူး။ သင်္ကန်းဝတ်တိုင်း၊ ကောင်းရာရောက်မယ်ဆိုရင် ဘုန်းကြီးချည်း ဝတ်နေကြမှာပေါ့။ သင်္ကန်းဝတ်လာတာ ပေါ့ပေါ့နေဖို့ မဟုတ်ဘူး။ ဆိုင်ရာဆရာသမားတွေက ကြပ်ပေးကြပါ၊ ဒါမှ ပျင်းတဲ့သူတွေ ထွက်ပြေးပြီး ပျော်တဲ့သူတွေ ကျန်နေရစ်မှာ။

## ကိုယ့်ကြောင့် လောကကြီး သာယာပါစေ၊ ကျက်သရေ တက်ဖြိုးဝေစေ

လောကကြီး မကြည့်နဲ့၊ သာသနာကို ခွဲဝေသိပါစေ။ သာသနာကို ကဲ့ရဲ့တာက ခုခေတ်မှ မဟုတ်ပါဘူး၊ ရှေး ဘုရားလက်ထက်ကတည်းကပါ၊ ဒါက မဆန်းပါဘူး။ သာသနာ့ဝန်ထမ်းတို့က ပိပိရိရိ တန်ဖိုးရှိဖို့သာ လိုပါတယ်။ ဘယ်သူဖြစ်ဖြစ် အကျိုးရှိမှ ကိုးကွယ်ကြတာ၊ မြို့နေသူ မြို့နေသားတွေက များသောအားဖြင့် ဘာသာရေးနဲ့ ပတ်သက်တဲ့စကားကို မပြောတတ်ကြဘူး၊ လောကအကြောင်းနဲ့ ခေတ်အကြောင်းကို ပြောတတ်ကြတယ်။ ဘုန်းကြီးက ကိုယ်တော်တွေ နေတာကို စာကြည့်ပြီး ယောဂီဆန်ဆန် နေစေ

ချင်တယ်။ ဒီကျောင်းမှာက ကုန်ကျစရိတ်က နည်းတာ မဟုတ်ဘူး၊ ဖွဲဖိုးတင် တစ်လမှာ ရှစ်ရာကျပ် ကျနေတယ်၊ (ဤဖွဲဖိုးရှစ်ရာ ဆိုသည်မှာ သံဃာ နှစ်ရာကျော်လောက်က ဖြစ်ပါသည်။ ယခုအခါ သံဃာငါးရာ ကျော်ရှိသည်) ကိုယ်တော်တို့ ဒီမှာနေရတာ အကျိုးရှိတယ်၊ မရှိဘူးဆိုတာကို သုံးသပ်ကြည့် ပါ။ ဘုန်းကြီးကတော့ လျှော့ပေးမှာ မဟုတ်ဘူး။ ဗုဒ္ဓသာသနာတော်ကို ကျက်သရေရှိအောင် ထမ်းဆောင်ကြပါ။

## ဘုရားသော်မှ မလွတ်ပါ

ဘုန်းကြီးမှာ အခြွေအရံတွေ ပေါပေမယ့် မကောင်းသတင်း လွှင့် နေတဲ့ အခြွေအရံဆိုရင် မကောင်းပါဘူး။ ဒီကျောင်းနေပြီး ထွက်သွားကြတဲ့ အချို့ ကိုယ်တော်တွေက သူတို့နဲ့ စိတ်အဆင်မပြေရင် ဒီကျောင်းတိုက် မကောင်းသတင်းတွေ ဘေးမှာ လွှင့်ကြတယ်။ ဘုန်းကြီးက 'လွှင့်ကြပေါ့၊ တစ်ချိန်ကျ သိကြလိမ့်မယ်၊ သည်းခံနေပေါ့၊ ဘုရားတောင် အကဲ့ရဲ့ဘေးက လွတ်ခဲ့တာ မဟုတ်ဘဲ' လို့ ပြောရတယ်။ အချို့ အခြွေအရံတွေက အကောင်း လိုလို့နဲ့ ဟိုက ဒီပြော၊ ဒီက ဟိုပြောနဲ့၊ ဒါနဲ့ ကွဲသွားကြတာ၊ အကြောင်းပြ စရာမရှိ၊ ချေးရှုးပေမယ့် ဆွဲထည့်ကြတာမျိုး။ ဘုန်းကြီးကို တခြားက အပြစ် ပြောတာ မခံချင် မရှိကြနဲ့၊ ဘုန်းကြီးအပြစ်ပြောတာ ဘာဟုတ်မလဲ၊ ဘုရား တောင်မှ အပြောခံပြီးမှ ဘုရားဖြစ်လာရတာယ်။ ခု လူတွေ၊ ရှင်တွေ ပြောတာ လောက်တော့ တစ်ခါတစ်ရံ ခံရပေမယ်ပေါ့။ ခန္တီပါရမီ ပြည့်တယ် ဆိုတာ ဒီလိုပုဂ္ဂိုလ်တွေနဲ့ နေရမှ ပြည့်တာပါ။

## စာသြဝါဒ

တကယ့်စေတနာနဲ့ လုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ ဖိသူတွေက ဖိနေပေ မယ့် ပြန်ကြွပေးမယ့်သူကတော့ ရှိနေသေးတာပဲ။ စာထဲက သြဝါဒစကားနဲ့ ရွာထဲက သြဝါဒစကားက တခြားစီပါ၊ စာသြဝါဒတွေက တကယ်ကောင်း တာပါ၊ ကိုယ်တော်တို့ စာအုပ်ကို ရိုရိုသေသေကိုင်ကြပါ၊ စာအုပ်တွေကို သင်္ကန်းတွေနဲ့ ရောပြီး မထားကြပါနဲ့။ ဘုန်းကြီးက ဘုရားပန်းလှူမယ်လို့

ဘုန်းကြီးအနားက စံပယ်ပင် ဘုရားဝင်းထဲ အရွှေ့ခိုင်းတယ်၊ ရွှေ့တဲ့ကိုရင်က ပန်းအိုး မနိုင်ဘဲနဲ့ မသွားတော့ ဖိနပ်က ကျွတ်ကျန်ရစ်ခဲ့ရော၊ ဒါနဲ့ ဖိနပ် ကို ကောက်ပြီး ပန်းအိုးထဲ ထည့်မသွားတယ်လေ၊ ကောင်းကြရော။ ကိုယ်တော်တို့က နေရာတကာမှာ သတိ မရှိကြဘူး။ ဘုန်းကြီးက ပြောတော့ ပြောတယ် အောက်မေ့တယ်။ ဘုန်းကြီးကတော့ တခြား မပြောနဲ့ ဆရာသမားဖိနပ် နင်းဖို့ဆိုတာ ထား၊ ကျော်ကို မကျော်ဖူးဘူး၊ မတတ်သာလို့ ကျော်မိတောင် လက်အုပ်ချီခဲ့တယ်။ ဆရာသမားတွေ လာရင် ဝေးဝေးက ဖိနပ်ချွတ်သွားရတယ်။

## ဟင်းမွှေယောက်မလို မဖြစ်စေနဲ့

ဒီကျောင်းမှာ တိုးတက်လာရင် စစ်ပေးကြပါ၊ နာမည်လိုချင်တာက သာသနာနဲ့ မဆိုင်ပါဘူး။ စည်းစိမ်တွေနဲ့ ဇိမ်ခံပြီး နေတဲ့သူတွေ ဘုရားလောင်းတေမိမင်းကို ကြည့်ကြပါ၊ အမိဋ္ဌာန်ပါရမီနဲ့ တစ်ဘဝမှာ စည်းစိမ်တွေ မလိုဘဲ တောထွက်သွားတာ။ ကိုယ်တော်တို့ သူတော်ကောင်း ဖြစ်ပြီးရင်း သူတော်ကောင်း ဖြစ်ကြပါစေ။ သာသနာဘက်ကို အားပြုနေကြ၊ လောကကို မကြည့်နဲ့၊ သာသနာရဲ့ ကျက်သရေ ဆောင်ပြီး ကောင်းကောင်း ကလေးကြိုးစားနေလိုက်။

ကိုယ်တော်တို့ တတ်နိုင်သလောက် ကိုယ့်မိဘကို ပြုစုကြ၊ မိဘပြုစုတယ် ဆိုတာ အလွန်ကောင်းပါတယ်။ ကောင်းတဲ့တရားတွေ ရှိနေပေမယ့် လူတွေက အသုံးမပြုကြဘူး။ မိဘဆိုတာ ဗြဟ္မာနဲ့တူတယ်၊ သုဝဏ္ဏသာမ သတို့သားဟာ မိဘနှစ်ပါးပြုစုခဲ့လို့ မြားမှန်ရာက အသက်ပြန်ရှင်ရတယ်၊ ဒီအကောင်းတွေကို သတိထားကြပါ။ ကောင်းတာ မသိတဲ့သူတွေကို ဘုရားက ဥပမာ ဘယ်လို ပြောထားသလဲ ဆိုရင် ဟင်းကောင်းတွေ နေ့တိုင်း မွှေနေတဲ့ ယောက်မကြီးလိုပါပဲတဲ့။ ယောက်မကြီးဟာ ဟင်းကောင်းတွေ ဘယ်လောက် မွှေနေပေမယ့် အရသာကို သူ မသိပါဘူး။ လူတွေလည်း သူတော်ကောင်း အကြောင်းအရာတွေ ကြားနေရသော်လည်း သူတော်ကောင်းရဲ့ အရသာကို မခံစားတတ်ကြပါဘူး။ ကုသိုလ်တရားဘက် မသိသူတွေဟာ

ဟင်းမွှေ ယောက်မကြီးနဲ့ မထူးလှပါဘူး။ သားသမီးမှန်သမျှ မိဘနဲ့ နေရတာ ပျော်နေတာပဲ၊ ဒါလည်း သိတတ်သူမှပါ။

## လက်ဦးဆရာ

လူ့လောကကြီးမှာ ကောင်းတဲ့ အလုပ်တွေနဲ့ နေရတာက ဘာနဲ့ နေရ နေရ ကောင်းတယ်။ နတ်ပြည်မှာ စည်းစိမ်ခံစားနေရမှ မဟုတ်ပါဘူး။ ကုသိုလ်စိတ်နဲ့ နေဖို့ရာက အရေးကြီးတယ်။ သားသမီးတွေက လိမ္မာတော့ မိဘတွေက တစိမ့်စိမ့်နဲ့ ကြည့်ပြီး ပျော်အောင် ချစ်နေရတယ်။ '**လက်ဦး ဆရာ၊ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ မိနှင့်ဖ**' တဲ့၊ လက်ဦးဆရာမှ တကယ့် ဆရာပါပဲ၊ မိဘပြုစုရတယ် ဆိုတာက ဘုရားကို ပြုစုရသလိုပါပဲ။

## ဘဝအရသာ သိပါစေ

ကိုယ့်ဘဝကို အရသာရှိအောင် နေကြပါ၊ ကိုယ့်အတွက်နဲ့ လောက ကြီး သာယာပါစေ၊ လူ့ပြည်ဆိုတာ နတ်ပြည်ထက် သာပါတယ်၊ သာပါတယ် ဆိုတာက နတ်ပြည်က ကာမဂုဏ်စည်းစိမ် ခံစားပြီး ကုသိုလ်ဘက်၊ ဒါန ဘက်၊ သီလဘက်ကို မေ့နေကြတယ်၊ မပြုနိုင်ကြဘူး၊ လူ့ပြည်မှာကျတော့ မိမိတို့အားလုံး ပြုချင်တာ ကုသိုလ်ရေးဘက်မှာ ပြည့်စုံပါတယ်။ နတ်ပြည်က ကာမဂုဏ် အားကြီးတယ်၊ လူ့ထက်တော့ ချမ်းသာစွာ နေရတယ်။ ဘုန်းကြီး ကတော့ 'နတ်ပြည်က ကာမဂုဏ်တွေနဲ့ နေမလား၊ သာသနာကို စောင့်ရှောက် မလား' ဆိုရင် သာသနာကို စောင့်ရှောက်ပြီး လူ့ပြည်မှာ ကုသိုလ်ရေးတွေ လုပ်နေမှာပါ၊ နတ်ပြည်က ခုလာခေါ် မလိုက်ပါဘူး။

## ခေတ်ပညာရှိတွေ ဘုရားကို မမီ

သိပ္ပံပညာရှင်တွေ လုပ်နေတဲ့အလုပ်တွေက ဘုရားဟောကို ပိုသွား ရင် မယုံပါဘူး၊ သူတို့က သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားထက်တော့ ပိုပြီး မသိပါဘူး။ ဘုရားရှင်ဟာ သဗ္ဗညုတဉာဏ်တော်ကြီး ရဖို့ရာ အမျိုးမျိုး ကြိုးစားခဲ့ပါတယ်၊ ခုလူတွေက မကြိုးစားဘဲနဲ့ အချောင်လိုချင်ကြတာ။

ခုခေတ်လူတွေ၊ ဘုန်းကြီးတွေ တောထွက်ကြ၊ နေစရာက အဆင်သင့်၊ ရှေ့က ဒကာ၊ ဒကာမတွေနဲ့ ကျောင်းကဆောက်ပြီး အဆင်သင့်၊ ဒီကျောင်းမကောင်းလို့ တခြားကျောင်း ပြောင်းနေတာနဲ့ တူတယ်။ ဘုရားအလောင်း တောထွက်တာနဲ့တော့ တခြားစီပါပဲ၊ ဘုရားအလောင်းက ထီးနန်းစည်းစိမ် အားလုံးကို စွန့်ထွက်လာတာပါ။ တဲကုပ်က ထွက်လာတဲ့ သူတွေက အခြေရုံတွေနဲ့၊ နောက်ဆံ တငင်ငင်နဲ့၊ ယခုခေတ် ပညာရှိပါတယ် ဆိုတဲ့သူတွေ ဘုရားကို မမီသေးပါဘူး။

## လောကကြီးကို မြှင့်ပေးကြပါ

ကိုယ်တော်တို့ အမှတ်တမဲ့ မနေကြပါနဲ့၊ လောကကြီးကို မြှင့်နိုင်သလောက် မြှင့်ပေးကြပါ။ ဗုဒ္ဓတစ်ဆူ ပွင့်မယ့်အကြောင်း ဘဝပေါင်းများစွာ ပါရမီတွေ ဖြည့်ခဲ့ရတယ်။ ရတနာဆိုတာ လောကတစ်ခုခုနဲ့ ညှိနှိုင်းရတယ်။ ဘုရားရတနာကတော့ အကောင်းဆုံးလည်း ဖြစ်၊ အများသုံးလည်း ဖြစ် အဖိုးကလည်း မဖြတ်နိုင်၊ နှိုင်းယှဉ်စရာလည်း မရှိပါဘူး။ လောကီရတနာတွေက အထက်တန်းတွေတော့ မြင်နိုင်ပါတယ်။ ဗုဒ္ဓရတနာက လူမရွေးပါဘူး။ အကြောင်းအကျိုး ကြည့်ရင် ဗုဒ္ဓရတနာက အကောင်းဆုံးပါပဲ၊ ဗုဒ္ဓရတနာ စွဲသေလို့ ပြိတ္တာမဖြစ်ပါဘူး။ လောကီရတနာတွေ စွဲသေရင်တော့ ပြိတ္တာဖြစ်မှာ သေချာပါတယ်။

## အသက်ပါတဲ့ ကျောက်ဆင်းတုတွေ

ကိုယ့်သီလ စင်ကြယ်ရင် ဆုတောင်းနေဖို့ မလိုပါဘူး။ ကိုယ်တော်တို့က သင်္ကန်းကလေး သစ်သစ်လွင်လွင်၊ ဝါဝါကလေးနဲ့ ရွှေမျက်မှန်လေး တပ်လို့၊ ရုပ်ကလည်း ချောဆိုတော့ မော့တက်မော့တက်နဲ့၊ တော်တော်ကြာတော့ လူထွက်ပါရော။ ကိုယ်တော်တို့က အဟုတ်ကြီးထင်ကြတယ်၊ သူတော်ကောင်းတွေမြင်ရင် ရယ်စရာကောင်းတယ်၊ ရှက်စရာလည်း ကောင်းတယ်။ ဒီကျောင်းမှာတော့ ဒါမျိုးတွေ မရှိပါစေနဲ့၊ ငြိမ်ငြိမ်သက်သက် ရှိကြပါစေ။ တစ်လောက သီဟိုဠ်မင်းကြီးလာတော့ ဒီက ဩဝါဒပေးရာမှာ ကိုယ်တော်

တွေ ငြိမ်သက်နေတာ တွေ့ရတော့ 'ကျောက်ဆင်းတုတွေလား' လို့တဲ့…။ သေသေချာချာ ကြည့်တော့မှ 'အသက်ပါတဲ့ ကျောက်ဆင်းတုတွေကိုး'လို့ ဘုန်းကြီးကို လျှောက်သွားတယ်။

## ဘုရားပူဇော်နည်း
## ရေငတ်သူ ရေနံသောက်မိသလို

ဘုန်းကြီးဘဝ ဆိုတာ ရတာအကုန်သိမ်းထားလို့ မတော်ဘူး။ ကိုယ်ကချည်း အယူဘက်က မနေကြနဲ့၊ အပေးဘက်ကလည်း နေကြဦး။ လူတစ်ယောက် ကြီးပွားဖို့ဆိုတာ အတော်လိုပါတယ်။ ကိုယ်နဲ့တကွ အားလုံးဆိုင်ရာတွေကို ကောင်းပါစေ၊ သတိရှိဖို့က သီလကို စင်ကြယ်ကြပါစေ။ ကိုယ်တော်တို့ လောဘကြီးတော့ သောကကြီးရတယ်၊ လိုချင်မှုဆိုတာက ရောဂါတစ်မျိုးပဲ၊ ဘယ်ဆေးနဲ့မှ ကုလို့မရဘူး၊ သေရင်သေပါမှ။ ကိုယ်လိုချင်တာရတော့ ရပ်မနေဘူး၊ နောက်ထပ်တစ်ဆင့် လိုချင်လာပြန်တယ်၊ ရေငတ်တဲ့သူ ရေနံသောက်မိသလို ထပ်ကာထပ်ကာ သောက်ချင်နေတာပဲ။ လိုချင်တာကို အကုန်မရတော့ ရေထဲကငါး ကုန်းပေါ်တင်ထားသလို ထွန့်ထွန့်ထွန့်ထွန့်ကို လူးလို့၊ လူကြီးလာတော့လည်း လောဘကြီးလာတာပဲ၊ လျော့သွားတယ်လို့ မရှိလှဘူး။

## တရားကောင်းတော့ လူ၊ နတ် ကြည်ညို

တရားသဘောနဲ့ ဖြေဖျောက်ပြီး သူတော်စင်လက်နက် မရှိရင် ဒီတရားတွေက လျှော့မသွားပါဘူး။ ဖိနပ်ချုပ်သမားဟာ မကောင်းတဲ့ သားရေတွေကို ဓားနဲ့လှီးပြီး ပယ်ထုတ်လိုက်တဲ့အခါ ကောင်းတာလေးတွေသာ ကျန်နေသလို မကောင်းမှုတွေကိုလည်း တရားတည်းဟူသောဓားနဲ့ လှီးထုတ်မှသာ ကောင်းတာလေးတွေ ကျန်နေမယ်။ ဖိနပ်ကောင်းတော့ လူကြိုက်များသလို မိမိမှာ တရားတွေ ကောင်းတော့ လူကြည်ညို၊ နတ်ကြည်ညို များလာတာပဲ။

ရထာကာရောဝ စမ္မသာ, ပရိက္ခာ ဥပါဟန်၊

ယံ ယံ ဇဟာတိ ကာမာနံ တံ တံ သမ္ပဇ္ဇတေ သုခံ၊
သဗ္ဗဉ္စေ သုခမိစ္ဆေယျ သဗ္ဗေ ကာမေ ပရိစ္စဇေ။

## စကားပြောတဲ့ ဩဝါဒ

ချမ်းသာလိုချင်တဲ့ ပုဂ္ဂိုလ်တွေဟာ အလုံးစုံသော ကာမဂုဏ်တရားနဲ့တကွ လိုချင်တာတွေကို ပယ်ရတယ်။ ချမ်းသာကို လိုချင်ရင် လိုချင်မှုနဲ့ လိုချင်စရာ အားလုံးကို စွန့်ပေးပါ။ လိုချင်တာက ဒုက္ခကို ရှာနေကြတာပါ၊ တို့ ဘုန်းကြီးတွေက သာဆိုးသေးတယ်၊ ကိုယ်က တစ်ကိုယ်တည်း နေဖို့ ကောင်းလျက်သားနဲ့ ဒကာ၊ ဒကာမ အသိုင်းအဝိုင်းတွေနဲ့ မနေသင့်ပါဘူး၊ သင့်ရုံရှိ တော်ရောပေါ့။ တရားနဲ့သာ မနေရင် ဘုန်းကြီးဘဝ၊ လူ့ဘဝ ရောက်လာပေမယ့် ဟင်းအရသာကို မသိတဲ့ ယောက်မကြီးလိုပါပဲ။ ဒီ အကောင်းတွေကို မိဘ၊ ဆရာ၊ ဘိုးဘွားစတဲ့သူတွေက ပြောနိုင်တာ မဟုတ်ပါဘူး။ ခု သိရတာတွေကို သိရကျိုးနပ်ကြပါစေ၊ စာကပြောတဲ့ ဩဝါဒမှ သေချာတယ်။

## မကောင်းတာမှန်သမျှ မပြုမိစေနဲ့

အနည်းဆုံး သူများအကျိုး မဆောင်နိုင်ပေမယ့် ကိုယ့်အကျိုးကိုတော့ သေချာပါစေ။ စိတ်ကို ကြီးကြီးမားမားထား၊ မြင့်မြင့်မြတ်မြတ် ပြုပြီး မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို အာရုံပြုကြပါ။ ဒီကျောင်းမှာ မနေချင်လို့ တခြားသွားတော့ မိဘများက ဒီကျောင်းကမှ ဩဝါဒနဲ့ ဘာနဲ့ ညာနဲ့ စသည်ဖြင့် ပြောတဲ့အခါ ကျွန်တော်က ၁၈ နှစ် ရှိပါသေးတယ်လို့ သားက ပြန်ပြောပြီး လောကီသင်နေတယ်တဲ့။ ကိုယ်တော်တို့ ဒီကျောင်းမှာ ကျွန်တော်လေးတွေ မလုပ်ကြပါနဲ့၊ စာလည်း သင်ကြပါ၊ သူတော်လည်း ကောင်းကြပါ၊ ကြီးသူနားမှာ ရှိသေပါ။ အရိုသေခံချင်လို့ မဟုတ်ပါဘူး။ ဘဝသံသရာမှာ အဝိဇ္ဇာနဲ့ တဏှာက မကွာပါဘူး။ '**ဝါသနာ နာမ ကိလေသသတ္တိ**' ဆိုတာလို ဥပုသ်နေ့၊ အဖိတ်နေ့ဆိုရင် သူတို့က အလုပ် နားချင်ကြတယ်။ ဝါသနာဆိုတာ ကျောင်းသားလေးကတည်းက ပါလာခဲ့တယ်။ '**ဝါသနာနာမ သမ္မာ ဆန္ဒော**'

မကောင်းတာ မှန်သမျှကို ကိုယ်နဲ့ ဆိုင်လာရင် ဘာမှ မပြုမိစေနဲ့။ တရားအရသာကို မသိသူ ဆိုတာက ကိုယ်တိုင်က မလိမ္မာမှုတွေ များပြီး မိုက်မဲနေတယ်။

## ချွတ်ယွင်းချက်တွေ မရှိကြနဲ့

တို့ကျောင်းမှာ တောထွက်တွေ မနေရဘူး။ ခု အထက်တန်းထဲက ပါပဲ၊ သင်္ကန်း အပြီးဝတ်နေပြီး နေချင်တယ်လို့ လျှောက်တယ်။ ဘုန်းကြီးက ဒီကျောင်းမှာတော့ မဖြစ်ပါဘူး၊ တစ်မျိုးဖြစ်ကုန်ကြမှာ၊ ကြာကြာနေလို့တော့ မဖြစ်ဘူး၊ မထားထိုက်၊ ထားထိုက်ကို ကျောင်းကြည့်ပါ။ လောကကြီးက ကျယ်ပြန့်တယ်၊ နည်းရရှိ ဆိုရင်တော့ တစ်လ၊ နှစ်လ လာနေပါလို့ ပြောထားတယ်။ အပြီးလက်မခံဘူး ဆိုတာက ကြာကြာနေရင်သာပါ၊ အားလုံး ကိုယ်တော်တွေက ကိုယ့်ကိစ္စနဲ့ ပတ်သက်လာရင် ချွတ်ယွင်းချက်တွေ မရှိကြစေနဲ့။

## စာသိနဲ့က ပိုကောင်းတယ်

လူတွေက ဟင်းမကောင်းရင် မစားချင်ကြဘူး၊ သူများအသက်ကလေးပါမှ စားနိုင်တယ်တဲ့။ ကိုယ့်ကိုယ်ကိုယ်တော့ ကြမ်းပိုးကိုက်တာက အစ ဟိုသွားဒီသွားနဲ့ ကြောက်လိုက်ကြတာ။ သူများအသားကျတော့ ပြုံးပြုံးကလေးနဲ့ စားလိုက်ကြတာ၊ ကိုယ့်အသားကျတော့ အထိမခံချင်ကြဘူး။ နောက်ပြီး တိတ်တိတ်စားတာ မဟုတ်ဘူး၊ ဘာက ကောင်းသလေး၊ ညာက ကောင်းသလေးနဲ့၊ ကြက်သား စားကြတော့ ကြက်ဖကြီးက ပြောသတဲ့၊ 'ငါ့အရိုးတွေ၊ အသားတွေ စားတာတော့ ဘာမှ မကြောက်ပါဘူးတဲ့၊ ကြက်မကလေးနဲ့ ခွဲရမှာတော့ ကြောက်ပါတယ်' တဲ့၊ ဟုတ်မှာပါပဲ။ ကိုယ်တော်တို့ စဉ်းစားကြည့်ပေါ့၊ ဟုတ်လား၊ မဟုတ်လားဆိုတာ၊ ဘုန်းကြီးက ဘာပြုလို့ သိသလဲဆိုတော့ ဘုန်းကြီးက လောကသိနဲ့ မသိပေမယ့် စာသိနဲ့က ပိုကောင်းနေတယ်။ 'နတ်ပြည်မှာ နတ်တွေ ဆော့တယ်လို့ မင်္ဂလာကြော့ ပြောတယ်' ဆိုတာလိုပဲ။ ခုလည်း စာတွေက ပြောပြောနေတော့ ဘုန်းကြီးမှာ သိ သိနေတယ်။

## ငါဆိုတဲ့ငါ

ငါဆိုတဲ့ ငါကလည်း သနားစရာပဲ။ ဘုန်းကြီးက ကံကောင်းထောက်မလို့ ဒီအခြေအနေ ရောက်လာတာပါ။ ငါဆိုတဲ့ ငါကလည်း စာသင်သားဘဝတုန်းက တစ်ခါ ပင်ပန်း၊ စာချဘုန်းကြီး ဖြစ်တော့လည်း မသက်သာ၊ နားနေရတယ်လို့ မရှိပါဘူး။ စာသင်သားဘဝနဲ့ ပင်ပန်းလွန်းလို့ စစ်ကိုင်းမှာ တစ်ဝါလောက် နေမယ်လို့ ကြံပါတယ်၊ စစ်ကိုင်းက မယ်သီလရှင်တွေက စာချဘုန်းကြီး မရှိကြလို့တဲ့၊ ဘုန်းကြီး ရောက်သွားတော့ ပြောသံကြားတယ်။

## ဗုဒ္ဓရတနာနဲ့ လောကီရတနာ

လောကီရတနာဆိုတာ လောကမှာ သုံးရပါတယ်၊ ရှိသေရပါတယ်။ ဒါထက် ရှိသေရမှာက ဘုရားရတနာပါ၊ ဒီဘုရားရတနာကို တွေးကြည့်ရင် သီလ၊ သမာဓိ၊ သဗ္ဗညုတဉာဏ်တော်ကြီးကလည်း ထင်ရှားရှိတယ်။ ဒီဘုရားရတနာကို သာမန်နဲ့တော့ မမြင်နိုင်ပါဘူး၊ ရှေးဘုန်းရှေးကံရှိမှ ဖူးမြင်ရပါတယ်။ ဘုရားရတနာကို စဉ်းစားထားပါ၊ အားလုံး လောကီရတနာတွေနဲ့ ဗုဒ္ဓရတနာကို နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ ဗုဒ္ဓရတနာက လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း သန္ဓေတည်ခဲ့ရတာပါ။ လောကီရတနာတွေက ဒီကမ္ဘာကျမှ ဖြစ်ကြရတာပါ။

## ဗုဒ္ဓစစ်စစ်ကိုသာ အာရုံပြုပါ

ဗုဒ္ဓအကြောင်း တွေးလိုက်လို့ ရှိရင် ခု လူတွေနဲ့ အဝေးကြီးကွာကျန်ရစ်ခဲ့တယ်။ ဘုရားဖြစ်ဖို့ရာ ဖွားမြင်တော်မူလာတဲ့ ဘဝကျတော့ ဘဝပေါင်းများစွာက ကြိုးစားခဲ့တဲ့ ပါရမီတွေက အစွမ်းကုန် အားလုံး အကျိုးပေးလိုက်တော့ ဗုဒ္ဓဖြစ်တော်မူတော့ အလှဆုံး အကျိုးပေးကြတယ်။ တို့ဘုရားကတော့ အမျိုးမျိုး ချီးကျူးလို့ မကုန်နိုင်ပါဘူး။ ဗုဒ္ဓသာသနာကို ကြည်ညိုနေရင် အကျိုးရှိပါတယ်။ လောကီရတနာတွေ စွဲသေရင် ပြိတ္တာ ဖြစ်မှာပါ၊ ဘုရားကို အာရုံပြုသေရင် ကောင်းတဲ့သုဂတိ ရောက်မှာပါပဲ။ ဒါကြောင့် ဗုဒ္ဓကို အမျိုးမျိုးအာရုံပြုပါ၊ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနေပါ။ စိတ်က

ကြည်လင်လို့ တကယ်ချမ်းသာပါတယ်၊ ဗုဒ္ဓစစ်စစ်ကိုသာ အာရုံပြုမိပါစေ။ အကယ်၍ အာရုံပြုရင်း သေသွားရင် ကောင်းတဲ့သုဂတိကတော့ သေချာတယ်။ ဒါကြောင့် ဘုရားသာသနာမှာ နေရင် ကောင်းကောင်းနေကြပါ၊ ကောင်းကောင်း နေတာကိုက ဘုရားကို ပူဇော်ရာ ရောက်ပါတယ်။

## သာသနာနှင့် နိုင်ငံ၏ ကျက်သရေကို ဆောင်ကြပါ၊ တကယ်ကြည်ညိုမှ အရေးလုပ်

ဘုရားတရားတော်တွေနဲ့ နေရတာ ကောင်းလျက်သားနဲ့ ကောင်းတာကို မလုပ်ချင်ဘူး။ အဘိုး၊ အဘွားတွေကို သူတို့ကြည့်တော့ သေခါနီးနေကြပြီ၊ သနပ်ခါးတွေ လိမ်းကာလိမ်းကာ၊ ဗိုလ်ကလေး သကာ သကာနဲ့ သူတို့ကိုဖြင့် ဘယ်သူကမှ မကြည့်ချင်ကြဘူး။ သူတို့က လူလယ်ကောင် သွားချင်ကြသေးတယ်။ ခပ်ရွယ်ရွယ်တုန်းကသာ အစစအရာရာကောင်းတာ၊ သူတို့က ဒီကြားထဲ တရားနဲ့ မနေကြဘူး။ ဘုန်းကြီးက ပစ္စည်းပေါ၊ ရုပ်ချော တာတွေကို အရေးမထားပါဘူး။ ဒီကျောင်းကို တကယ်ကြည်ညိုမှ၊ တော်ရုံ ကြည်ညိုရုံနဲ့တော့ အရေးမလုပ်ပါဘူး။

## ကိုယ်တစ်ယောက်တည်း ချမ်းသာကို မကြည့်နဲ့

ဘုန်းကြီးကို နေရာတကာမှာ ပါစေချင်ကြတယ်၊ ဘုန်းကြီးက နာမည်ကို အလကား မသုံးပါဘူး။ ရှေ့ရေးကို မျှော်နေတာ၊ နေရာတကာ တိုင်း မပါချင်ဘူး၊ အပေါစားဖြစ်မှာစိုးလို့။ ကိုယ့်အမြင်နဲ့ကိုယ် ကြည့်ထားကြပါ၊ ဘုန်းကြီးက သာသနာပြုတော့ အပေါစားထဲက ပြုမယ် ဆိုတာ အဖြစ်မခံလိုဘူး၊ ပီပီသသကို ပြုရမှ ကြိုက်တယ်။ ဘုန်းကြီးက လွတ်လပ်ရေး မရခင်ကတည်းက ရည်ရွယ်လာတာပါ။ အသက်ကြီးသော်လည်း ရည်ရွယ်ချက်က မရပ်သေးပါဘူး။ ကိုယ်တစ်ယောက်တည်း ချမ်းသာတာကို ကြည့်တာလည်း မဟုတ်ပါဘူး၊ နိုင်ငံရဲ့ကျက်သရေကို ဆောင်ချင်လို့။

## ရှေးကံအဆက်ပါမှ

နောင် ဘာလုပ်ရမလဲ ဆိုတဲ့ ရည်မှန်းချက်က ခု အသက် ၇၀-ကျော်အထိပါပဲ။ အားလုံးက မကြည့်လိုလို့ ဆဲနေလည်း ဆဲပေါ့။ အလုပ်ကတော့ ရှေ့သာတိုးရမှာပါ။ ကိုယ်တော်တို့ ပါရမီဖြည့်ကြပါ၊ နောက်ဘဝဆိုတာ ကြာတာ မဟုတ်ဘူး။ ခုဆိုလည်း ဟုတ်၊ မနက်ဖြန် ဆိုလည်း ဟုတ်တာပဲ၊ ကြိုးစားပေးကြပါ။ တက်နေတဲ့သူကိုတော့ မီတယ်လို့ မရှိပါဘူး။ သာသနာပြုတယ် ဆိုတာ ဝိနည်းက စပြုရတာ၊ ဝိနည်းမပါရင် သာသနာက မတိုးပါဘူး။ တောင်ဆရာက မြောက်ဆရာကို မကယ်နိုင်ပါဘူး၊ မြောက်က ဒုက္ခက တောင်က ဒုက္ခကို မကယ်နိုင်ပါဘူး။ ခုဘဝ ကောင်းတယ် ဆိုတာ နောက်ဘဝကပါ အဆက်ပါလာတယ်။ မကောင်းမှု ဆိုတာလည်း ရှေးကံက အဆက်ပါပဲ။ ရှေးက သူတော်ကောင်းတရား နာကြရလို့၊ သင်ကြရလို့ ပါရမီ ပြည့်လာတဲ့ သူထဲမှာ ကိုယ်က သူများထက် သူတော်ကောင်းရင် ပိုပြီးတော့ ဝမ်းမြောက်စရာပါပဲ။

## သာမန်နိုင်ငံ မဟုတ်

ဒီနိုင်ငံက သာမန်နိုင်ငံ မဟုတ်ပါဘူး။ သူတော်ကောင်းတို့ရဲ့ ပျော်မွေ့နေထိုင်ရာဒေသ ဖြစ်တယ်။ သူတော်ကောင်း ဖြစ်ချင်သူတွေကတော့ ဒီမှာပဲ တော်တယ်။ တခြားနိုင်ငံတွေမှာ လောကဓာတ်ပညာတွေ ထွန်းကားပါရဲ့၊ ဒါပေမဲ့ ကောင်းပေ့ဆိုတဲ့ တကယ့်တရားတော်တွေကို မနာ၊ မကြားရတာက ဆိုးတယ်။ လူတွေကလည်း အထက်တန်းတွေပါ၊ လောကီဘက်မှာ ထွန်းကား သလောက် ဗုဒ္ဓတရားကို လိုက်စားသူ၊ သိသူက နည်းနည်းလေးပါ။ ဒီတော့ ငါဟာ ဘယ်လိုနေရာ ရောက်နေတယ်ဆိုတာ စဉ်းစားပေးကြပါ။

## ပုဂ္ဂိုလ် လေးမျိုး

လောကမှာ ပုဂ္ဂိုလ် လေးမျိုးလေးစား ရှိတယ်၊

(၁) အမှောင်ထဲက အမှောင်သွားတဲ့ပုဂ္ဂိုလ်၊

(၂) အမှောင်ထဲက အလင်းသွားတဲ့ပုဂ္ဂိုလ်၊

(၃) အလင်းက အမှောင်သွားတဲ့ပုဂ္ဂိုလ်၊

(၄) အလင်းက အလင်းကို သွားတဲ့ပုဂ္ဂိုလ်ရယ်လို့ လေးမျိုးလေးစား ရှိတယ်။

ဒီဘဝ လူလာဖြစ်ရတော့လည်း လူ့ဘဝ အောက်ကျနောက်ကျ လာဖြစ်တယ်။ မလှူမတန်း၊ သီလမဆောက်တည်နဲ့ အကုသိုလ်တရားတွေနဲ့ နေပြီး သေသွားတဲ့အခါ နောင်ဘဝကျတော့လည်း မကောင်းတဲ့နေရာ ရောက်ရလို့ 'အမှောင်ထဲက အမှောင်သွားတဲ့ပုဂ္ဂိုလ်' လို့ ဆိုရတယ်။

ဒီဘဝမှာ လူ့အောက်တန်းနောက်တန်းမှာ ဖြစ်ရပေတယ်လို့ ဒါန ပြုတယ်၊ သီလ ဆောက်တည်တယ်၊ ကုသိုလ်ကောင်းမှု အားထုတ်တဲ့အတွက် နတ်ပြည် သုဂတိ ရောက်ရတယ်။ ဒီပုဂ္ဂိုလ်ကို 'အမှောင်ထဲက အလင်းသွားတဲ့ ပုဂ္ဂိုလ်' လို့ ဆိုရတယ်။

နောက်ပုဂ္ဂိုလ်က ဒီဘဝမှာ အထက်တန်းမှာတော့ လာဖြစ်ပါရဲ့၊ ကောင်းတာတွေ ဘာတစ်ခုမှ မလုပ်လေတော့ နောက်ဘဝ သံသရာမှာ မကောင်းဖြစ်ရတယ်။ 'အလင်းက အမှောင်သွားတဲ့ပုဂ္ဂိုလ်' လို့ ခေါ်တယ်။ 'အလင်းက အလင်းကို သွားတဲ့ပုဂ္ဂိုလ်' ကျတော့ ဒီဘက်ဘဝကလည်း အထက်တန်းဖြစ်ရေး ဒါန၊ သီလစတဲ့ ကောင်းတဲ့အလုပ်တွေကို အားထုတ်တော့ နောက်ဘဝမှာ ဂတိကောင်း ဖြစ်ရတယ်။

## ကုသိုလ်တရား ပွားများမကုန်

ဘုရားတရားတော်တွေက လောကီနဲ့စာရင် ပျင်းစရာ ကောင်းပါတယ်။ ဒါပေမဲ့ တာရှည်ကျတော့ ဘုရားတရားတော်က အနှစ်ရှိတာ။ အမျိုးညံ့တာ၊ ရုပ်ချောတာက ပြင်လို့မရဘူး၊ ဥစ္စာမရှိတာက ရှာရင်ရတယ်။ ဥစ္စာမရှိတော့လည်း အသက်မွေးရတာ မစင်ကြယ်ပါဘူး။ ငရဲရောက်မှ ကုသိုလ် ပြုချင်လို့ မရပါဘူး။ ဒု-သ-န-သော ဆိုတဲ့ သူဌေးသား လေးယောက် ငရဲကျတော့ လူ့ဘဝတုန်းက ကုသိုလ်မပြုခဲ့ရလို့ ငရဲရောက်မှ လူ့ပြည်က ကောင်းပုံတွေ ဥဒါန်းကျူးကြတာ၊ ကုသိုလ်တရားတွေ အများကြီးရှိပါတယ်၊ ပြုတတ်ရင် မကုန်ပါဘူး။

## ကောင်းတာဆို တွန့်ဆုတ် တွန့်ဆုတ်

သူတော်ကောင်းတွေ ဘဝဆုံးတာက ရဟန္တာဖြစ်မှပါ။ ကိုယ့်ကိုယ်ကိုယ် အမှတ်တမဲ့ မနေကြပါနဲ့။ မေ့လျော့နေတတ်သူတွေကို မမေ့တဲ့သူတွေက ကျော်လွှားသွားကြပါတယ်။ စကားလည်း သိပ်မပြောကြပါနဲ့၊ အလုပ်လုပ်စရာရှိရင် လုပ်၊ လုပ်စရာမရှိရင် တရားနှလုံးသွင်းနေ။ မမေ့သူက ဒီဘဝတင် မကဘူး၊ နောင်သံသရာမှာလည်း အထက်ကပါပဲ။ ဒီကျောင်းမှာ ကိုရင်လေးတွေကအစ ရပ်မနေကြပါနဲ့၊ ကိုယ်တော်ကြီးတွေကလည်း တိုးပေးကြပါ၊ သူများတစ်လှမ်းသွားရင် ကိုယ်က လေးငါးလှမ်း သွားရတယ်။ နေ့ရှိသရွေ့ ဝီရိယတို့ကို လျှော့မပေးပါနဲ့၊ ရှေ့တိုးပေးပါ။ သတ္တိဆိုတာ မကောင်းတာရော၊ ကောင်းတာရော ရှိထားရတယ်။ လူဆိုတာ ကောင်းတာဘက်သွားရ၊ လုပ်ရမယ်ဆိုရင် တွန့်ဆုတ် တွန့်ဆုတ်နဲ့ ပျင်းတတ်ကြတယ်။

## ရိုးရိုးလေးနေပါ

'လူမှာ အမျိုး၊ ကြက်မှာ အရိုး' တဲ့။ လူတစ်ယောက်မှာ အကျိုးကောင်းရင် စွန့်စားမှုရှိကြတယ်။ နေရာတိုင်းမှာ စွန့်စားလေ့ ရှိတယ်။ ကြက်ဆိုတာလည်း အမျိုးကောင်းပြီ ဆိုရင် အသေအလဲ ခွပ်ကြလေ့ရှိတယ်။ ကိုယ်တော်တို့ ဘုရားအာရုံပြုရတာက ဉာဏ်တိုးတယ်၊ စိတ်ကြည်လင်တယ်၊ လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် မြှင့်တင်ရတယ်၊ ခုခေတ် လူတွေဆိုတာ ရှေးခေတ်ကလောက် မထက်မြက်ကြပါဘူး။ ဘုရားအာရုံပြုတယ်ဆိုတာ အစိတ်စိတ် စဉ်းစားရတယ်၊ လောကီအာရုံတွေကို အထင်မကြီးသင့်ဘူး။ ဘုရားအာရုံနဲ့ နေရတာက ကောင်းတယ်၊ သူများကို မကြည့်နဲ့၊ အထင်မသေးနဲ့၊ အထင်လည်း မကြီးပါနဲ့၊ ကိုယ့်ဘာသာကိုယ် ရိုးရိုးလေးနေပါ။

## တစ်ဦးနဲ့တစ်ဦး မရှိသေရင်

ကောင်းတာ လုပ်နေသူကို ကောင်းကျိုးက ပေးနေတာပါပဲ။ မကောင်းတာ လုပ်နေသူကို မကောင်းကျိုးက ပေးနေတာပါပဲ။ တို့က သူများ

အထင်ကြီးရှုံ မလုပ်ကြပါနဲ့၊ ရိုးသားပါစေ၊ ကိုယ်ကရိုးသားမှ ကိုယ့်ကိုလည်း သူတော်ကောင်းလို့ ယူဆရမယ်။" ကိုယ်က သူတော်ကောင်းတရားနဲ့ ပြည့်စုံနေမှ ကောင်းပါတယ်။ သိကြားမင်း ဖြစ်ချင်ရင်လည်း မိဘကို လုပ်ကျွေးရတယ်၊ ဆွေမျိုးကို စောင့်ရှောက်ရတယ်၊ နူးညံ့တဲ့စကား ပြောရတယ်၊ ရန်တိုက်မပေးရဘူး၊ ဝန်မတိုရဘူး၊ သစ္စာရှိရတယ်၊ ဒေါသမကြီးရဘူး။ ဘုန်းကြီးကတော့ နိုင်ငံနဲ့လူတွေ ကောင်းစားလို့ရှိရင် ဘယ်လောက် ကောင်းမလဲလို့ ယူဆထားတယ်။ ကိုယ်က မိဘကို လူဝတ်ကြောင်ဘဝနဲ့ ကျွေးမွေးမဆပ်နိုင်ဘဲ ရဟန်းဘဝကနေပြီး တရားဟောပေး၊ တတ်နိုင်သမျှ ထောက်ပံ့မယ်ဆိုရင် လူ့ဘဝထက် သာသေးတယ်။ လောကကြီးမှာ တစ်ဦးနဲ့တစ်ဦး မရှိသေးရင် ပျက်စီးရတာပဲ။

## ပန်းချီဆွဲထားသလို

ကျန်းမာရေးကို သတိမလစ်ကြစေနဲ့၊ ခုခေတ်လူတွေက ရှေးတုန်းကလို ကျန်းမာရေး မကောင်းကြဘူး။ ကျန်းမာရေးမကောင်းရင် အလုပ်အထမမြောက်ဘူး၊ 'ဖြူန်းခနဲ ဝမ်းသာ၊ ပျာကယာစိတ်ပျက်' ဆိုတာလိုပဲ စာမေးပွဲဆိုတာ အောင်တုန်းက ဝမ်းသာပြီး နောက်ကျတော့ ကျန်းမာရေးတွေ ဘာတွေ ချို့နေရင် စိတ်ပျက်ရတယ်။ ဒကာမတွေဆိုတာ ဒကာတွေထက် လှူဒါန်းတဲ့နေရာမှာ သာတယ်။ ဒကာမတွေက ဒီကျောင်းတိုက်ရောက်လာကြတော့ ပန်းချီဆွဲထားလား အောက်မေ့ရတယ်လို့ ပြောကြတယ်။

## ပိုပြီး ကောင်းအောင်နေ

မြန်မာနိုင်ငံက ကုသိုလ်တော့ ပြုပါရဲ့၊ ဇရပ်ဆောက်၊ ကျောင်းဆောက်နဲ့၊ နောက်ပြီး နေမယ့်သူက မရှိတော့ လှူရတဲ့သူမှာ အကျိုးနည်းရတယ်။ လူတွေ ကြည်ညိုတယ်ဆိုတာ တစ်ခဏတော့ မလွယ်ဘူး။ ဒကာ၊ ဒကာမတွေနဲ့ အနီးကပ်ပေါင်းရတာ မလွယ်ဘူး။ ကျောင်းထဲ ရောက်ဖန်များတော့ အပြင်ပန်းပြတာ ကောင်းတာပါ၊ အတွင်းထဲကျတော့ ဘယ်လိုပါလို့ ပြောမှာကို ဘုန်းကြီးက စိုးပါတယ်။ ဒါကြောင့် ကိုရင်တို့၊ ဦးပဥ္စင်းတို့ကို

ဘုန်းကြီး ကြပ်ပေးနေတာ လွန်သလား၊ သူတို့က ပိုပြီး ကြည်ညိုတော့ တို့ကလည်း ပိုပြီး ကောင်းအောင် နေထိုင်ရတယ်။

## ခုညား ခုကွဲ

ရှေးကတော့ မင်္ဂလာဆောင်တော့မယ် ဆိုရင် သုံးနှစ်လောက် စဉ်းစားကြသေးတယ်၊ ဒါမှ ကိုယ်တူ စိတ်တူနေရတာ။ ခုခေတ်ကတော့ မီးရထားပေါ်လည်း မင်္ဂလာတာပဲ၊ ရုပ်ရှင်ရုံထဲလည်း မင်္ဂလာတာပဲ၊ လမ်းသွားရင်းလည်း မင်္ဂလာတာပဲ၊ ဒါကြောင့် ခဏချင်း ညားပြီး ခဏချင်း ကွဲကြတာပဲ။ ခုလည်း ခဏကြည်ညို၊ ခဏကြည်ညို ပျက်ဆိုရင် မဟန်ပါဘူး။

## အဝေးလွယ်လျက် အနီးခက်

ခေတ်ပညာတတ်တွေက ဘုန်းကြီးတွေကို ဝေဖန်ကြတယ်။ လှူတဲ့နေရာမှာ ကုသိုလ်ရမှ လှူကြပါ၊ အလှူတစ်ခုလုပ်ရင် စဉ်းစားပါ၊ ကိုယ့်ဘက်မှာ အကျိုးများများရှိမှ လှူကြပါ။ ပတ်ဝန်းကျင်က မြင်ရင်လည်း မမုန်းလောက်အောင် လုပ်မှ ကောင်းပါတယ်။ 'ခုရှုပ်မှ နောင်ရှင်း' ဆိုတာလို ကြည်ညိုသူတွေနဲ့ ပေါင်းရတာက ခက်တယ်၊ မလွတ်လပ်ပါဘူး၊ တာဝန်ရှိတယ်ပေါ့လေ။ မသိမသာ ကြည်ညိုသူနဲ့မှ ကောင်းတာ။ အဲဒါက သူလိုကိုယ်လို နေလို့ရတယ်။ ဘာဖြစ်ဖြစ် ဘုန်းကြီးကတော့ အလုပ်တစ်ခုမှာ လွယ်လွယ်နဲ့ လက်မခံပါဘူး၊ အနီးခက်တယ်၊ အဝေးလွယ်တယ်။

## လူ့အကြောင်း ပေါင်းမှသိ

လူတစ်ယောက်ရဲ့ အကြောင်းကို မသိပေမယ့် 'မလေးပေးတဲ့ ခွေးတောက်မြစ်၊ ကြာကြာဝါးမှ ခါးမှန်းသိ' ဆိုတာလိုပါပဲ။ လူတစ်ယောက်ရဲ့အကြောင်းကို သိချင်ရင် (၁) ကြာကြာဆက်ဆံရမယ်၊ (၂) အကဲခတ်ရမယ်၊ (၃) အကဲခတ်တဲ့ ပညာလည်း ရှိရမယ်။ လူတစ်ယောက်ကို ဘာမသိညာမသိနဲ့ ယုံနေရင် ဘာမှ သိမှာ မဟုတ်ဘူး။ ကြည်ညိုအောင်နေမှလည်း ကြည်ညိုမှာ၊ အချောင်နေရင်တော့ တခြားမှာ သိပ်ကောင်းတာ၊ ရှေ့နေကြပေါ့။ လူ့လောကမှာ လူလေးစားအောင် နေဖို့ရာ မလွယ်ဘူး။ အားလုံး

အပိုအလျှံတွေ မရှိပါစေနဲ့၊ လူကဲ့ရဲ့ ခံရတတ်တယ်။ ခုဘဝမှာ ကိုးရိုးကားရား နေရင် နောက်ဘဝ မသက်သာဘူး ဆိုတာ မှတ်ပါ။

## ဘုရားဩဝါဒ စိတ်က ယုံကြည်ရင်

ခုခေတ်ဆရာတွေ၊ မိဘတွေ အဆုံးအမ ကောင်းတယ် ဆိုပေမယ့် ဘုရားပေးခဲ့တဲ့ ဩဝါဒတော့ မမီပါဘူး။ စိတ်ရော၊ ကိုယ်ရော ရွှင်အောင် ဘုရားအာရုံပြုပြီး မေတ္တာနဲ့နေမှ ကောင်းတယ်။ တို့တစ်တွေဟာ သက်တော်ထင်ရှား မြတ်စွာဘုရားကို မတွေ့မမြင် မဖူးလိုက်ရပေမယ့် ဘုရားသာသနာနဲ့တွေ့ရလို့ တကယ်ဝမ်းသာစရာ ကောင်းပါတယ်။ ဘုရားစကားတော်တွေ၊ ဘုရားတရားတော်တွေကို သင်ကြားရ၊ သိရလို့ စိတ်က တကယ်ယုံကြည်လေးစားမယ် ဆိုရင် ဘုရားနဲ့ နေရသလို၊ တွေ့ရသလို မြင်တာပါပဲ။

## သားသမီးတွေ ထိန်းခိုင်းချင်

တို့မြန်မာတွေ ချာတူး အဖြစ်များနေတာက မိန်းမတွေက အလုပ်များများ လုပ်နေရလို့ မွေးဖွားတဲ့ ကလေးတွေကျတော့ ညံ့ညံ့နေကြတာ။ မိန်းမတွေက ယောကျာ်းတွေထက် အလုပ် ထက်ဝက်လောက်လျှော့လုပ်ဖို့ ကောင်းတယ်။ ကလေးတွေကို သေသေချာချာ ပြုစုပြီး နေဖို့ကောင်းတယ်။ ဘုန်းကြီးကတော့ သာသနာ့တာဝန်လည်း ဆောင်နေရ၊ လူတွေ လာတော့လည်း တရားစကား စသည်ဖြင့် ဟောပြောရ၊ ကိုယ်တော်တို့လည်း ဆုံးမရနဲ့ သူများနေရာ အလုပ် ဝင်လုပ်ရတဲ့ ရှေ့နေနဲ့ တယ်တူတာပဲ။ ဘုန်းကြီးသာ နိုင်ငံမှာ အာဏာရှိရင်တော့ မိန်းမတွေ အလုပ်ထက်ဝက်ပဲ လုပ်ရမယ်လို့ အမိန့်ထုတ်ပြီး သားသမီးလေးတွေကို ကောင်းကောင်းကြီး ထိန်းခိုင်းချင် တယ်။

## ဘာဝနာမရှိလျှင် မပျော်
## အလုပ်လုပ်နေသူ သေမင်း မခေါ်ချင်

ကိုယ့်ကိုယ်ကိုယ် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဆုံးဖြတ်လိုက်ကြ၊ ကောင်းတာဘက် လိုက်မလား၊ ဆိုးတာဘက် လိုက်မလား ဆိုတာ။ ဒီဘဝက ခြေ

တစ်လှမ်းမှားပြီး လှမ်းလိုက်ရင် ဒီဘဝ ပျော်ခဲ့တာတွေ၊ ဒီဘဝ ခံစားမှုတွေဟာ ဟိုဘက်ဘဝကို တစ်ခုမှ ပါမှာမဟုတ်ဘူး။ 'ပျော်ပျော်နေ သေခဲ' လို့ ဆိုပေမယ့် ပျော်နေတုန်းသေရင် မသက်သာပါဘူး။ လောကမှာလည်း မဆန့်ကျင်စေနဲ့၊ သံသရာမှာလည်း မဆန့်ကျင်စေနဲ့။ သေတာ အဝေးကြီး မဟုတ်ဘူး၊ အနီးကလေးရယ်၊ သေမင်းဆီ မသေပါစေနဲ့လို့ အမေ၊ နမပေးတောင် မရပါဘူး။ ဘုန်းကြီးကတော့ သေရမယ့်နည်းလည်း သိပါတယ်။ သေမင်းကလည်း အလုပ်လုပ်နေတဲ့ ငါလိုလူတော့ မခေါ်သေးဘူးတဲ့၊ ငါသေချင်မှ ခေါ်မှာပါတဲ့။

## အသွားမတော် တစ်လှမ်း

မေ့လျော့ပြီး ဟိုသွား ဒီသွား၊ ဟိုဟာစား ဒီဟာစား၊ ဟိုလိုက် ဒီလိုက်နဲ့ နေတဲ့သူတွေကျတော့ သေမင်းက 'သတိ သတိ' အမြဲပေးလျက်ပါ။ ဒီကောင်တွေ လူ့ပြည်ထားရတာ ရှုပ်တယ်၊ မြန်မြန်ခေါ်မှလို့ ကြိမ်းလျက်ပါ။ ငါ့တော့ သေမင်းက ခွင့်လွှတ်ပြီးသားပါ၊ သေမင်းကလည်း ဘုန်းကြီးကို လေးစားလျက်ပါ၊ ဘုန်းကြီးနဲ့ သေမင်းက တည့်ပါတယ်။ စာချဘုန်းကြီးတွေ အပြင်သွားရင် အကုန်မသွားစေချင်ပါဘူး၊ တစုတဝေးကြီး သွားလို့ မတော် ကားမှောက်တော့ အကုန်ပျံလွန်တော်မူကုန်ရင် ကျောင်းတိုက် အုပ်ချုပ်မယ့်သူ မရှိမှာ စိုးရတယ်။ ဟိုးရှေးတုန်းက လူကြီးတွေက ကားမှောက်လို့၊ လေယာဉ်ပျံ ပျက်ကျလို့ သေတဲ့သူ တစ်ယောက်မှ မရှိပါဘူး။

## ဘယ်သူ့မှ လန့်စရာ မဟုတ်

ဘုရားတရားတော်တွေက ချီးကျူးစရာ ကောင်းပါတယ်၊ ဒီလူတွေ ချီးကျူးတာကို ဘဝင်မမြင့်ပါနဲ့။ သူတို့ချီးမွမ်းလို့ တစ်ဖက်ဘဝမှာ ကောင်းလာမှာ မဟုတ်ပါဘူး။ သူတို့ ချီးမွမ်းတာတွေက ဟိုဘက်ဘဝမှာ မပါပါဘူး။ ကိုရင်တို့၊ ဦးပဉ္စင်းတို့ကို ဘုန်းကြီးက သံသရာထိအောင် မျှော်ပြီး ပြောနေတာပါ၊ မနေချင်ရင် စောစောစီးစီး ကြွကြပါ၊ ဘုန်းကြီးက ကောင်းတာကို ညွှန်ပြနေတာပါ။ ကိုယ်တော်တို့က ဘုန်းကြီးလာရင် ပုန်းပုန်းနေကြတယ်။

ဘုန်းကြီးသာ ပုန်းလို့ရမှာ၊ သေမင်းနဲ့ ငရဲကျတော့ ပုန်းလို့ရမှာ မဟုတ်ဘူး။ လောကကြီးထဲမှာ ဘယ်သူ့မှ လန့်စရာ မဟုတ်ပါဘူး။

## သဒ္ဓါ သီလ စာဂ ပညာ

လူတွေဆိုတာ တရားမသိတော့ ပြောချင်ရာ လျှောက်ပြောနေကြတာ။ လူ့ဘဝမှာဆိုရင် လူနဲ့တန်တဲ့အကျင့်တွေကို ကျင့်ပေးကြပါ။ မိဘမဆင်းရဲဖို့ဆိုတာက သားကောင်း၊ သမီးကောင်းဖို့က ပဓာနပါ။ မိဘတွေကို လေးစားကြပါ၊ မိဘဟာ ဗြဟ္မာနဲ့ တူပါတယ်၊ ကိုးကွယ်ကြ၊ မိဘကောင်းမှ သားသမီးလည်း ကောင်းပါတယ်။ မိဘတွေက ကိုယ် နေမကောင်းတာထက် သားသမီး နေမကောင်းတာက ပိုပြီး အရေးကြီးကြတယ်။ မိဘကျေးဇူးများရုံ မကဘူး၊ သားသမီးအပေါ်မှာ စေတနာ၊ မေတ္တာကလည်း အပြည့်အဝရှိကြတယ်။ ဘယ်ဆိုးပါတယ် ဆိုပေမယ့်၊ ဘယ်လိုဆိုးပါတယ် ဆိုပေမယ့် မိဘတွေက စိတ်မကွက်ကြဘူး။ မြတ်စွာဘုရားက မိဘတွေကို လောကီချမ်းသာတွေနဲ့ ကျေးဇူးဆပ်လို့တော့ မကျေနိုင်ပါဘူးတဲ့။ အနှစ်တစ်ရာ အသက်ရှည်တဲ့သားက မိဘနှစ်ပါးကို ပခုံးနှစ်ဖက်နဲ့ထမ်းပြီး ပြုစုလုပ်ကျွေးမွေးသော်လည်း မကျေပါဘူးတဲ့၊ ကျေတဲ့နည်းကတော့ လောကုတ္တရာအမွေ ဖြစ်တဲ့ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာဆိုတဲ့ ဒီတရားလေးပါး မိဘတွေကို တည်စေရင်တော့ မိဘကျေးဇူး ကျေပါတယ်လို့ ဟောတော်မူတယ်။

## စကားပြော သိမ်မွေ့ပါ

စကားပြောတဲ့အခါ ယဉ်ကျေးပါစေ၊ ချိုချိုသာသာ ပြောတတ်ကြပါစေ။ ရှေးက လူကြီးတွေက စကားပြောပြီဆိုရင် 'ဦးထိပ်ရွက်ပါ၊ အမိန့်တော်အတိုင်းပါ' နဲ့ ပြောကြတယ်။ သူတို့ ကြည့်ရတာ အဝတ်တွေကလည်း အဖြူတွေဆိုတော့ ရက္ခစိုးနတ်ကြီးတွေလိုပဲ ကြည်ညိုစရာကောင်းတယ်။ စကားပြောရင် သိမ်သိမ်မွေ့မွေ့ ပြောကြပါ၊ ဒါပေမဲ့ ကန္တ့ကလျတော့ မလုပ်ရဘူး။

## လွတ်လပ်မှုနဲ့ သံယောဇဉ်

ပေးကမ်းစွန့်ကြဲရမယ့် နေရာမှာ လက်က မတွန့်ကြပါနဲ့၊ အလှူခံရမယ့်နေရာမှာ လက်က တွန့်ချင် တွန့်ပါစေ။ စကားပြောရင် မုသားမပါစေနဲ့၊ သစ္စာဆိုတဲ့နေရာမှာ ဘုရားအလောင်း ငုံးမင်းဘဝက သိပ်ယုံကြည်စရာပဲ။ ကိုယ့်နှုတ်ကို ကျက်သရေ ရှိကြပါစေ၊ စိတ်ထဲက မကောင်းတာဖြစ်မိရင် အပြင် မထွက်ကြပါနဲ့။ ဒီဘဝကောင်းမှ နောင်ဘဝ ကောင်းပါတယ်။ ကုသိုလ်ပြုရင် ဒါနတစ်ခုတည်းလောက်သာ မစဉ်းစားကြပါနဲ့၊ သူတော်ကောင်းဘက်ကလည်း စဉ်းစားကြပါ။ လူကောင်းသူကောင်း၊ သူတော်ကောင်း၊ အကောင်းဘက်ကချည်း နေကြပါ။ လူ့ဘဝ ရောက်တာတောင်မှ နောက်ဘဝက သူတော်ကောင်းအဖြစ်နဲ့ နေခဲ့ရင် ဒီဘဝရောက်တော့ ကလေးဘဝကစပြီး လက်ပေါ်ကကို မချချင်ကြဘူး။ ဒီကျောင်းက တဖြည်းဖြည်း ရင့်ကျက်လာတော့ ကိုယ်တော်တို့ကလည်း ရင့်ကျက်ပေးကြပါ။ သံယောဇဉ်ဆိုတာ လူပျိုဘဝက လွတ်လပ်ပါသေးတယ်၊ မယားနဲ့ကျတော့ မယား သံယောဇဉ်က ချည်ထားပြီ။ ဘုန်းကြီးတွေလည်း ကျောင်းမရခင် လွတ်လပ်တယ်၊ ကျောင်းရလာတော့ ကျောင်းသံယောဇဉ်လေးနဲ့ ဖြစ်လာပြီ။

## လူ့ပြည်မှာ နတ်ဝတ် ဝတ်ရ

တရားတစ်ခုခုကို နှလုံးသွင်းနေ ဆိုတာ ရဟန်း၊ သာမဏေတို့မှာ ဒီတရား တစ်မျိုးမျိုးမှ မရှိခဲ့ရင် သာသနာ့ဘောင်မှာ ပျော်ဖို့ ခဲယဉ်းတယ်။ လူတစ်ယောက်မှာ လောဘ၊ ဒေါသ ဖြစ်လာရင် နိဗ္ဗာန်ရောက်ကြောင်း တရားနဲ့တော့ ဝေးပေါ့။ ဘုန်းကြီးက လောဘ၊ ဒေါသမဖြစ်ရန် ဟောပြီးမှ ကိုရင်တို့၊ ဦးပဥ္စင်းတို့ကို စိတ်ဆိုးနေရင် မကောင်းတော့ဘူး။ ဘုန်းကြီးက ကိုယ်ပိုင်သားတွေ အများကြီးမွေးပြီး သာသနာပြုချင်တယ်၊ သာသနာက တွေ့ခဲတယ်။ အရှင်အနုရုဒ္ဓါက လူ့ပြည်မှာကို နတ်ဝတ် ဝတ်ရတယ်၊ ဘုန်းကြီးကတော့ ဒါတွေကို လုံးဝ မမှန်းပါဘူး။ ကောင်းကောင်း မနေနိုင်ရင် လူထွက်ကြပါ၊ သာသနာရဲ့ အရသာက ကောင်းလွန်းလို့ပါ။

## အကန်းထဲ မပါကြစေနဲ့

ကိုယ်တော်တို့ ဝိပဿနာရှုကြပါ။ လောကမှာ ဘယ်သူမှ မယုံရဘူး၊ ကုဋ္ဌီတက်သွားတာတောင် လေလည်ပြီး ပြန်လာရတယ်။ ခန္ဓာအိမ်ကို အတ္တက ပိုင်တယ်၊ အတ္တက နိဗ္ဗာန်ရောက်တောင်မှ အပိုင်းအခြားနဲ့ နေပြီး ပြန်လာတယ်လို့ ဆိုကြတယ်။ သေလို့ ဘဝပြောင်းတာကို အတ္တက ခန္ဓာအိမ်ပြောင်းတာတဲ့။ နေရာတကာ စီမံတာတဲ့။ ဗုဒ္ဓတရားတော်နဲ့ကျတော့ ပြောင်းပြန်ပါပဲ၊ ဗုဒ္ဓတရားတော်က ရုပ်နာမ်သာ ရှိပါတယ်။ လောကထဲမှာ လတွေ၊ နေတွေ မထွက်ရင် အားလုံး မမြင်သလို ဘုရားတည်းဟူသော လမင်း၊ နေမင်းသာ မထွက်ရင် ကုသိုလ်၊ အကုသိုလ်ရယ်လို့ မသိကြပါဘူး။ တို့တစ်တွေ အကန်းထဲ မပါကြပါစေနဲ့။

## ဘဝသံသရာ ရှည်လျားထွေပြား

မိမိအလိုသို့ လိုက်စေတဲ့ အရာဝတ္ထုက တစ်ခုမှ မရှိပါဘူး၊ ဘယ်နေရာမဆို အနတ္တချည်းပါပဲ။ စားနေတဲ့အထဲ မစင်ခဲတွေ့သလို မသိလို့စားတဲ့ အတ္တထဲ အနတ္တတဲ့ဆိုတော့ 'ထွီထွီ' လို့ ဆိုပြီး ဖြစ်ကုန်ကြတယ်။ လောကကြီးကို ချုံးပြီး အထက်ရောက်အောင် လုပ်ပေးကြ။ တရားပေါက်သွားရင် ခက်မှာပေါ့ဆိုတဲ့ ပုဂ္ဂိုလ်တွေက တရားရသွားတော့ အကောင်းတွေ မခံစားရဘဲ ကျန်ရစ်နေမှာ စိုးလို့တဲ့။ ဘဝသံသရာ ဆိုတာက ကရွတ်ကင်းလျှောက်သလို မဆုံးနိုင်ဘူး။ သာသနာတော်က ပြန်ကောင်းနေသေးတယ်။ ဘဝသံသရာက အရှည်သဖြင့် ကူးကြရဦးမှာ။ ဘုရားကို လေးလေးနက်နက်ကြီး ကြည်ညိုပါ။ သာသနာတော်မှာ ဘာဝနာ မရှိရင် မမွေ့လျော်ပါဘူး။ သာသနာကို ကိုယ့်အတွက်ကြောင့် မလျော့ပါစေနဲ့၊ သဒ္ဓါတရားနဲ့လည်း နေကြပါ၊ ဘုရားတရားတွေကို ဘေးဖယ်ထားပြီး ထင်ရာတွေ လျှောက်လုပ်မနေကြနဲ့၊ လိုက်နိုင်သမျှ ကြိုးစားလုပ်ကြပါ။ တရားတွေက ကောင်းပြီး ဆရာတော်၊ ဘုန်းကြီး၊ ဦးပဉ္စင်းတွေက မကောင်းဘဲ ဖြစ်နေကြတယ်။

## အလယ်အလတ် ပညတ်ချက်

လူကြီးတွေက နားမလည်ကြလို့ ရဟန်းခံရှင်ပြု ဆိုတာလည်း အပို တွေ ကုန်လို့ မတော်ဘူး။ သာသနာမှာ ဟာနေတဲ့အကွက်တွေကို ကိုယ်တိုင် စွမ်းနိုင်အောင်လုပ်ပြီး ဖြည့်စွက်ကြပါ။ သာသနာမှာ ဘုရားက အလယ် အလတ် ပညတ်ထားခဲ့တာပါ၊ မျက်စိ မမှောက်ကြပါနဲ့။

## ခေါင်းပုံဖြတ်သမားတွေတဲ့

သာသနာမှာလည်း ဂုဏ်တွေ၊ လာဘ်တွေနဲ့ ဘာတွေ မြင်နေကြလဲ မသိပါဘူး။ ဘုရားတရားတော်တွေနဲ့ တို့နဲ့ မကိုက်ညီပါဘူး။ လောကလူတွေ က ဘုန်းကြီးတွေကို ခေါင်းပုံဖြတ်သမားတွေလို့ ပြောနေကြပြီ။ ခုလူတွေက ဘုရားဘက်မှာ အမျိုးမျိုး လျှော့လာကြပြီ။ တို့ကိုယ်တော်တွေကလည်း သူများ ပွဲကတာ အောက်က ပါးစပ်ကြီးတွေ ဟဟပြီး ငေးလို့။

## လူတွေမြှောက်တာ အားမကျပါနဲ့

ကိုယ့်ရပ်ရွာမှာ လောကီဘက်က ကလေးတွေကို ပညာသင်ပေးဖို့ လိုတယ်။ ဘုန်းကြီးတွေက ကောင်းကောင်းမွန်မွန် သင်ပေးရင် လူတွေရဲ့ အတန်းကျောင်းတွေထက် သာပါတယ်။ သာသနာအတွက် ပြုပြင်ဖို့ရာ စိတ်မာန်တက်ကြွထားကြပါ။ လူတွေ ပြောတော့လည်း ပြောစရာပဲ၊ ဘုန်းကြီး တွေက အလုပ်နဲ့ ပြောတာ။ ဘုရားသာသနာမှာ ဒါလောက် ကောင်းနေလျက်နဲ့ မချီးမြှောက်တဲ့သူကတော့ မသက်သာဘူး။ လူတစ်ယောက်ဟာ မရိုးဘူးဆိုရင် တစ်ခုခုကိုတော့ ပြောတော့တာပဲ။ လောကကို အထင်မကြီးဘဲ သံသရာမှ ဘယ်လိုဆိုတာကို တွေးကြည့်ပါ။ ဒီဘဝ မသေချာပေမယ့် နောက်ဘဝ ကတော့ သေချာတယ်လေ။ ဒကာ၊ ဒကာမတွေ မြှောက်တာကို အားမကျပါနဲ့၊ ကိုယ့်လမ်းနဲ့ကိုယ် သွားကြပါ။

## ကိုယ်မကောင်းတော့ ကိုယ်တိုင်ပြုပြင်

ကိုရင်ကြီးတစ်ပါး လူတွေ့ရာ ရှိခိုးနေတော့ ရှင်ဘုရင်က ဦးပေါ်ဦး ကို မေးတယ်၊ 'ဟဲ့ ပေါ်ဦး··· ဟို ကိုရင်ကြီးက လူတွေ့တိုင်း ဘာလို့

ရှိခိုးနေတာလဲကွဲ့' လို့ မေးတော့ ဦးပေါ်ဦးက 'မှန်လှပါဘုရား၊ သူဟာ နောက်ဘဝတုန်းက ရှင်ဘုရင် သော်လည်းကောင်း၊ သာသနာပိုင်သော် လည်းကောင်း ဖြစ်ခဲ့ပါလိမ့်မယ်' လို့ သံတော်ဦးတင်လိုက်သတဲ့။ ကိုယ်တော် တို့ စိတ်ကို ရှုံ့စရာ မလုပ်ကြပါနဲ့၊ ကောင်းတာဘက် လုပ်ရင် စိတ်ပါလက်ပါ လုပ်ပါ၊ အရှိန်ရလာတော့ ပျော်လာပြီး မပျင်းတော့ဘူး။ စိတ်က ရင့်လာ တော့ ကိုယ်ကလည်း မြင့်မြတ်ကြီးမားလာတယ်၊ ကိုယ့်ကိုယ်ကိုယ် မြှင့်တင် ပြကြပါ၊ ခုဘဝ ကြီးပွားတာဟာ နောက်ဘဝ မပါဘူး၊ အားမကျကြပါနဲ့။ စိတ်ကို ထိန်းပေးကြပါ၊ စိတ်ကို မနုပါစေနဲ့၊ ရင့်ပါစေ။ ကိုယ့်စိတ် မကောင်း တာကို သူများပြင်လို့ မရပါဘူး၊ ကိုယ်တိုင်ပြုပြင်ယူမှ ရပါတယ်၊ အစစ အရာရာ ပြုပြင်ပေးကြပါ။

## ပညာ ဘာသာ နှစ်ဖြာစုံမှ

တရားဟောတယ် ဆိုတာ ဟောတဲ့ပုဂ္ဂိုလ်ကလည်း ကိုယ်တိုင်လိုက် စားမှ အကျိုးရတယ်၊ ကိုယ်က မလုပ်ဘဲနဲ့ သူများဟောနေလို့ အရသာ မရှိဘူး။ ကိုယ့်စိတ်ကို ကောင်းအောင်ပြင်ပြီး ပြောင်းလဲပေးပါ။ ဘုန်းကြီး ကျောင်းတွေက မညံ့ရင်တော့ တိုးတက်လမ်း ရှိပါတယ်။ ကိုယ့်ရပ်ရွာမှာ ပညာတက်အောင် ကိုယ်တိုင် ကြိုးစားပေးကြပါ။

တို့က မညံ့ရင် ရပ်သူရွာသားတွေလည်း မညံ့ပါဘူး၊ တို့က ညံ့နေလို့ ရွာသားတွေလည်း ညံ့နေကြတာပါ။ ဆရာလုပ်သူဟာ ပညာကလည်း တတ်၊ ဘာသာရေးဘက်ကလည်း ကျွမ်းကျင်ရမယ်။ နောက်ဆုံး ဘုန်းကြီးကျောင်း သားတွေက စာမရေးတတ်၊ မဖတ်တတ်ဖြစ်ပြီး လောကဓာတ် ကျောင်းသား တွေက လွန်တက်ပါလိမ့်မယ်။ ဘုန်းကြီးကျောင်းပညာရေးနှင့် လောကဓာတ် ကျောင်းပညာရေးနဲ့စာရင် ဘုန်းကြီးကျောင်းပညာရေးက သာပါတယ်။

## မှတ်စုထားပါ

သာသနာပြုဖို့ရန်အတွက် ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ သာသနာ မှာ ဘုန်းကြီးတွေ များနေပေမယ့် အလုပ်လုပ်မှ ကောင်းပါတယ်။ သာသ

နာမှာ ပေါ့ပေါ့တော့ မနေကြပါနဲ့၊ မနေနိုင်ရင် စောစောက လူထွက်ကြ။ ဘုန်းကြီးကတော့ အားမရပါဘူး၊ သံသရာမှာ အောက်တန်း မကျရအောင် သတ္တဝါတွေအပေါ် သနားတဲ့ မူတစ်ခုထားပါ၊ မူတစ်ခု မရှိရင် လူထွက်ချင် နေကြတယ်။ သူများတွေက မြှောက်နေတာကို သာယာနေလို့ အကျိုးမရှိ ပါဘူး။ ဣဿာ၊ မစ္ဆရိယစိတ်ကို မထားကြပါနဲ့၊ ဘုန်းကြီးက သုဓမ္မာ၊ ရွှေကျင်ရယ်လို့ မထားပါဘူး။

## လောကကြီးကို မကြောက်ကြနဲ့

ကိုယ်တော်တို့လည်း သုဓမ္မာ၊ ရွှေကျင် မထားကြပါနဲ့။ သာသနာ တော်မှာ ဝိနည်းတရားတော်နဲ့အညီ နေရင် ကြည်ညိုတာပါပဲ။ ဘုန်းကြီးက အားလုံး တပည့်တွေရဲ့အပေါ်မှာ တကယ်ငဲ့ညှာပါတယ်။ သေမယ့်သေရင် ဘုန်းကြီးကသာ ရှေ့က သေမှာပါ၊ တပည့်တွေ မသေစေရဘူး။ ဘုန်းကြီးက လောကကြီးကို ပြန်တွေးပြီး မကြောက်ပါဘူး၊ အားလုံးကလည်း မကြောက် ကြပါနဲ့၊ ရှေးသူတော်ကောင်းတွေကို ကြည့်ပြီး နေကြပါ။

## ကုသိုလ်ဒါန ဘဝတိုင်းပါ

စိတ်တစ်ခုကိုသာ စောင့်စည်းကြပါ၊ 'စိတ်ထားတတ်တော့ မြတ် တယ်' ဆိုတာလို ကိုယ်က ယူစားရတဲ့ဘက်ကနေတော့ ကောင်းကောင်းနေ မှ တော်ကာကျမယ်။ တိုက်တွေ၊ အိမ်တွေ၊ ပစ္စည်းတွေ ဆိုတာက တစ်ဖက် ဘဝကို မပါဘူး၊ ကုသိုလ်ဒါနကတော့ နေရာတိုင်း ဘဝတိုင်းမှာ ပါပါတယ်။ သူများပို့တဲ့ ကုသိုလ်ကို ကိုယ့်အတွက်ကြောင့် အလှူရှင်တွေ အရေအတွက် မလျော့စေနဲ့။

## ဘယ်သူမှ မခယ

ဒါနပြုတယ် ဆိုတာ သာသနာတွင်း ရောက်အောင်ပြုမှ ကောင်း တယ်၊ အလှူရှင်ဆိုတာ ဒါနသက်သက်နဲ့ မပြီးစေနဲ့၊ သာသနာပြုဒါနလို့ ရည်ရွယ်ချက်ထားကြပါ။ အလှူရှင်ကရော၊ အလှူကို ခံယူတဲ့သူကရော

နှစ်ဖက်ကကောင်းမှ ကောင်းကျိုးရပါတယ်။ ကုသိုလ်ပြုရင် တစ်ခုတည်း မလုပ်ကြနဲ့၊ ဘာဝနာနဲ့ ဆိုင်ရာသီလနဲ့ အမြဲပွားပေးကြပါ။ သာသနာပက လူတွေကို မပြိုင်ကြပါနဲ့။ ဘယ်နေရာမဆို တရားသဘောနဲ့ မလွတ်အောင် ပြုတတ်ပါစေ။ လောကမှာ ဂုဏ်ကိုရဖို့ထက် ရလာတဲ့ဂုဏ်ကို စောင့်ရှောက်ဖို့က ခက်ပါတယ်။ ဘုန်းကြီးက တာဝန်ဝတ္တရားကို ကျေစေချင်တယ်။ ဘုန်းကြီးရှေ့မှာကတော့ စောင့်ရှောက်ပါ့မယ်၊ တခြားမှာတော့ မတတ်နိုင်ဘူး၊ ဘုန်းကြီးက ငယ်ငယ်ကလည်း ဘယ်သူ့မှ ဂရုမစိုက်ပါဘူး၊ ဘယ်သူ့မှလည်း မခယပါဘူး၊ ကိုယ်တိုင်ကို တက်လာတာပါ။ ဒကာ၊ ဒကာမတွေကိုလည်း မခယခဲ့ပါဘူး၊ ခုအထိပါပဲ။

## ဉာဏ်မကူ တက်လမ်းမရှိ

လူတွေက တရားကိုတွေးတော့ ကာမဂုဏ်စိတ် လျော့သွားမှာစိုးလို့တဲ့၊ တရားနဲ့ ဝေးကွာနေကြတယ်။ ဒီလူတွေဟာ သံသရာမှာ ရှောင်ကွင်းနေမယ့် အို၊ နာ၊ သေဘေးဆိုတဲ့ တရားကတော့ မလွတ်ပါဘူး။ လူတွေက ရှေးကနဲ့ မတူတော့ဘူး၊ ခုခေတ်က အပျော်လိုက်စားနေတာက များကြတယ်။ **'အာရောဂျ ပရမာ လာဘာ'** ဆိုတာလို ကျန်းမာခြင်း ဆိုတာ လာဘ်ကောင်း တစ်ခုပါပဲ။ ရောဂါကို မဖြစ်အောင်လည်း တားပေးကြပါ၊ ဖြစ်ရင်လည်း အမြန်ကုပေးကြပါ။ မကုရင် ဘဝသံသရာမှာ အပျင်းထူပြီး ဉာဏ်မကူဘဲ တက်လမ်း မရှိတော့ဘူး။

## ကျန်းမာရေး ဆေးနည်းလင်္ကာ

လူတစ်ယောက် ဆိုတာ ကံချည်းလည်း မယုံရဘူး၊ ကံတစ်ခုတည်း ပစ်မထားရဘူး၊ ဉာဏ်၊ ဝီရိယကလည်း ကူပေးမှ သင့်ပါတယ်။ ခုခေတ်လူတွေက အအိုကလည်း မြန်၊ ရောဂါကလည်းများ၊ အစားအသောက်လည်း ညံ့၊ အနေအထိုင်ကလည်း မဆင်ခြင်တော့ အသေအပျောက်တွေ များလာတယ်။ ဒါကြောင့် ဆေးနည်းကို မှတ်ထားကြ…

## ဆေးနည်းလင်္ကာ

အာ-ဥ စိတ်-ကံ၊ သမုဋ္ဌာန်ကြောင့်၊
ဝိပလ္လာသော၊ ရုပ်သဘောကား၊ ဒုက္ခောနေမှု၊
ဆီးဖြူ နှာရှူ၊ တင်းမူ လက်ယာ၊
အေးစာ ဆက်သွင်း၊ တိုးတက်ခြင်းဖြင့်၊
စစ်ရင်းလေးဖြာ၊ အိပ်ခါစားဝင်၊
ဝမ်းလျှင် ချုပ်ဘိ၊ အစွတ္တိက၊ လွန်ခွင့်ကျရှင့်၊
တာပ ကာယေ၊ မုခေ ပုတိ၊ ခဲ၏ ဦးခေါင်း၊
လွန်ပေါင်း ဗဟိဒ်၊ သီတ ဆိတ်တည်း၊
ဒုက္ခိတ်ညဉ့်ယံ၊ ကုတ္တံ့ပိတော၊ အာကြော ဗယ်တင်း၊
ပူတင်း ဟာရ၊ မိုဝဲမျှမှာ၊ သဲကြွေရောဂါ၊
စစ်ရင်းမှာဝယ်၊ နိဒ္ဒါဘုဇ၊
နှစ်လိုလှလျက်၊ ချုပ်ထကျင်ကြီး၊ လွန်ပြီးအစွတ်၊
အေးလတ် ကိုယ်ရေ၊ ပုပ်တွေ ခံတွင်း၊
ခေါင်းကိုက် ညှဉ်းသော်၊ လွန်မင်း ဗဟိဒ္ဓ၊
ကြောင်းဥဇ္ဈာသည်··· ကျိုးပြခတ်သိ သေချာတည်း။
(မြောင်းမြဆရာတော်ထံမှ)

## တာဝန်ကျေအောင် ကြိုးစားကြ၊ နိုင်ငံ့စီးပွား တိုးပွားစေချင်

ဘုန်းကြီးတွေက သူများ အားကိုးကြတယ်၊ တပည့်မရှိရင် မနေတတ်ကြဘူး။ ဘာဖြစ်တာလဲ၊ ဘယ်သူမှ မရှိတော့ အေးတာပေါ့။ ဘုန်းကြီးက သာသနာမှာ အကုန်အကျ မများဖို့၊ ဘုရားပွဲမလုပ်ဖို့၊ ရဟန်းခံ ရှင်ပြုပွဲတွေ အပိုမကုန်ဖို့ပြောတော့ ဘုန်းကြီးကို ဝိုင်းပြီး အပြစ်တင်ကြတယ်။ ဘုရားသာသနာကို ဘုန်းကြီးတွေ၊ လူတွေက သာသနာနဲ့တူအောင် မလုပ်ကြဘူး။ သာသနာညှံ့လာတာက အားလုံးက ကောင်းလျက်နဲ့ ဘာသာဝင်တွေက ညံ့နေလို့ပါ။ အလှူ၊ ရဟန်းခံ၊ ရှင်ပြု၊ ဘုရားပွဲတွေ အကုန်အကျ

မများစေနဲ့ ဆိုတာ အလကား မဟုတ်ပါဘူး၊ လိုတာထက် ပိုမကုန်ကျစေချင်လို့ပါ၊ နိုင်ငံရဲ့ စီးပွားရေးကို တိုးတက်လာစေချင်လို့ ပြောတာပါ။

## တာဝန်ကိုယ်စီ

စာသင်သားဆိုတာ ဆင်းရဲမှု၊ ချမ်းသာနေလို့ မတော်ပါဘူး။ ဘောပွဲမှာ တချို့ဘုန်းကြီးတွေက ကြည့်ရုံတင် မကဘူးတဲ့၊ လောင်းကြသေးသတဲ့။ သာသနာက ကောင်းလွန်းပြီး ဒီဘုန်းကြီးတွေက ဖျက်လိုက်ကြတာ၊ ငါးခုံးမတစ်ကောင်ကြောင့်တော့ တစ်လှေလုံး မပုပ်ကြပါစေနဲ့။ ဘုန်းကြီးက မဂ်၊ ဖိုလ်၊ နိဗ္ဗာန်လမ်းကို သွားနေတာပါ။ အားလုံးကိုလည်း ဒီလမ်းကပဲ ခေါ်ဆောင်နေတာပါပဲ။ လောကကြီးအကြောင်း ကောင်းကောင်းကြီး သိပြီး သံသရာသွားရမယ့် လမ်းကို ကြည့်ကြပါ၊ အလိမ္မာကိုလည်း တိုးပေးကြပါ၊ သတိနဲ့လည်း နေကြပါ။ အားလုံးရဲ့အပေါ်မှာ တာဝန်ကိုယ်စီ ရှိကြပါစေ။

## ဘယ်သူမပြု မိမိမှု

ကိုယ့်ကိုယ်ကိုယ် ဘဝကောင်းနဲ့ ဆက်သွယ်ထားပါ။ အတိတ်ဘဝက ဘယ်ကလာပြီး ဘယ်ဘဝ ရောက်နေတယ် ဆိုတာ သိကြပါ။ လွန်ခဲ့တဲ့ ဘဝသံသရာက ကိုယ်ဟာ ဘယ်လိုနေတယ် ဆိုတာလည်း ဒီဘဝ အသိတင်မက နှစ်ဘဝလောက် မှန်းသိမှ ကောင်းတာ။ လာမယ့်ဘဝသံသရာမှာ ဘယ် အဆင့်အတန်းလောက် ရှိမယ် ဆိုတာကိုတော့ ကိုယ့်ရဲ့ အပေါ်မှာ မူတည်ပါတယ်။ လူတစ်ယောက်ဟာ တကယ်ကျတော့ ကိုယ့်အတွက်ကိုသာ ကြည့်ကြတာက များပါတယ်။ ကူလီလုပ်တဲ့လူတစ်ယောက်ဟာ ဒီအလုပ်လုပ်ပေးရင် ငွေရမယ်ဆိုတော့ အလုပ်လုပ်တာပါပဲ၊ ငွေက ရမှာကိုး၊ ကိုယ့်ဘဝကိုလည်း ခုဘဝ ဆင်းရဲနေပေမယ့် နောက်ဘဝ ရောက်ရင်တော့ သေချာကို ချမ်းသာရတာပါပဲ။ ခဏလေး ချမ်းသာတာကိုတော့ မကြည့်ကြပါနဲ့၊ အစဉ်သဖြင့် ချမ်းသာမယ့်လမ်းကိုသာ ကြည့်ကြပါ။

## အမျိုးကောင်း၊ အမျိုးမြတ်

ဝိနည်းကို ကိုယ့်အတွက် ကောင်းရုံတင်မက သာသနာအတွက်ပါ အကျိုးရှိအောင် စောင့်ထိန်းကြပါ။ ဝိနည်းဆိုတာ ကိုယ့်ရဲ့အထည်ကိုယ် အတွင်းသားပါ၊ သာသနာရဲ့ အတွင်းသားကလည်း ဝိနည်းပါပဲ။ အမျိုးတစ်ခုမှာ စီးပွားရေးကလည်း ကောင်း၊ အကျင့်စာရိတ္တကလည်း ကောင်းဆိုရင် အမျိုးမြတ်တစ်ခုလို့ ဆိုရတယ်။ ကျောင်းတိုက်တစ်ခုမှာလည်း စာကလည်း တတ်အောင် သင်ပေး၊ ဝိနည်းဘက်ကလည်း လေးစားမယ်ဆိုရင် ရှင်၊ လူ၊ နတ်ပါ အားလုံးက ကြည်ညိုတာပါပဲ။ ဒါကြောင့် ကောင်းကောင်းနေပါ၊ သူများကို ကြွားကြွားမောက်မောက် စကားမပြောနဲ့၊ ရိုးရိုးကလေးနဲ့ပဲ ကိုယ့်အလုပ်ကို မှန်မှန် လုပ်နေကြပါ။

## မကောင်းသူထိပ်၊ ကောင်းသူထိပ်

သူများ မကောင်းတာကို ကိုယ်က ပြောနေဖို့ မလိုပါဘူး။ ကိုယ့်သံသရာနဲ့ ကိုယ်သွားကြရမှာ၊ ကိုယ်မကောင်း ကိုယ်ခံ၊ သူတို့ မကောင်း သူတို့ခံ၊ ပြောဖို့ မလိုပါဘူး။ လူ့လောကမှာ ပိုက်ဆံမရှိရင် အကျင့်စာရိတ္တ ပျက်သလို ဘုန်းကြီးဘဝမှာလည်း သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဝိနည်း မပါရင် ပျက်စီးတော့တာပါပဲ။ ကောင်းကောင်းနေကြပါ၊ တိုးတက်လာတဲ့ ငယ်ရွယ်သူတွေကို မနှိမ်ကြပါနဲ့၊ သတ္တိရှိရှိနဲ့ ဆောင်ရွက်ပေးကြပါ။

## ကိုယ့်ဘဝလိုအပ်ချက် သိလျက်နေပါ

အမှတ်တမဲ့နဲ့ လောကသံသရာကို သွားမယ်များ မကြံကြပါနဲ့။ ကိုယ်သွားရမယ့်ဘဝမှာ ဒီဘဝက ကောင်းကောင်းပြင်ပေးလိုက်မှ ဓာတ်ပုံရိုက်သလို ဒီဘဝက ကောင်းကောင်းပြင်ပေးလိုက်မှ နောက်ဘဝ သံသရာမှာ အဆက်ဆက်လည်း ကောင်းနိုင်ပါတယ်။ ဒီဘဝမကောင်းရင် နောက်ဘဝမှာလည်း ကောင်းမှာ မဟုတ်တော့ပါဘူး။ ကောင်းဖို့ဆိုတာ ရတနာသုံးပါး ဆရာ၊ မိဘ စတဲ့သူတွေရဲ့ ဂုဏ်ကျေးဇူးကို မမေ့ဖို့ပါပဲ။ လွန်ခဲ့တဲ့ဘဝက မကောင်းခဲ့တာကိုတော့ မတတ်နိုင်ဘူးပေါ့။ ခုရထားတဲ့ လက်ရှိဘဝကိုပဲ ပြင်ဆင်ပြီး ကြိုးစားနိုင်သမျှ ကြိုးစားကြပါ။

လင်းလွန်းခင်စာပေ

လူတွေက ကိုယ့်ဘဝကိုယ် ဘယ်လိုနေတယ်ဆိုတာ မသိကြဘူး။ ဥစ္စာပေါ ရုပ်ချောနေပေမယ့် ကာမဂုဏ်တရားတွေကို အပျော်လိုက်စားနေမယ်ဆိုရင် မတော်သေးပါဘူး။ ဒီဘဝကပေးရဲရင် နောက်ဘဝကျတော့လည်း ဥစ္စာပေါတာပါပဲ၊ ပေးလည်း ပေးရဲနေတာပါပဲ။ ကိုယ့်ဘဝရဲ့ လိုနေတဲ့အချက်ကို ဘာလိုနေတယ်ဆိုတာ သိပါ။

## ကြံဖန်စွဲနေကြ

လူတွေ၊ ဘုန်းကြီးတွေကို ဘာဝနာနဲ့ နေကြဖို့ပြောတော့ ကိလေသာတွေ လျော့သွားမှာစိုးလို့တဲ့ မနေချင်ကြဘူး။ တကယ်ကောင်းတဲ့ တရားဆေးတွေ ရှိလျက်နဲ့ မစားသုံးကြပါဘူး။ ခေါင်းရင်းမှာ အသာတင်ထားပြီး သူတို့ချင်းတော့ ပျော်နေကြတာပါပဲ။ လူတွေက မစွဲရမယ့် အသုဘ၊ မတင့်တယ်တဲ့တရားတွေကို တင့်တယ်တဲ့တရားလုပ်ပြီး ကြံဖန်စွဲနေကြတာပါ။

## ဟန်ဆောင်ကြတာ

ဘီလူးမတွေက လူတွေကို စားချင်တော့ သူတို့ကိုယ်သူတို့ လှလှလေး ဖန်ဆင်းထားလိုက်တယ်။ ဒီလှလှလေးတွေကို လိုချင်တဲ့ လောဘသားတွေနဲ့ တွေ့တော့ မစဉ်းစားမဆင်ခြင်ဘဲ ယူလိုက်ကြရော။ အမှန်ကတော့ သူက ဟန်ဆောင်ပဲ၊ နောက်တော့ သူပိုင်ခွင့်ရှိတော့ စားတာပါပဲ။ မိန်းမသားတွေဟာလည်း ဟန်ဆောင်နေကြတာ၊ သူတို့မှာ စွဲစရာ ဘာမှမရှိဘူး၊ ဟန်ဆောင်ထားတာကို အဟုတ်မှတ်ပြီး စွဲလမ်းချစ်ခင်နေကြတော့ လောဘသားတွေ အစားခံကြရတော့တာပါပဲ။ မင်းတို့ ဘီလူးအစား ခံချင်ကြသလား၊ ဘီလူး အစားခံချင် ခံကြလေ။

## ပါရမီ ဖြည့်ဖက်တွေ

လူတစ်ယောက် နာမည်ရှိလာရင် ဒါမျိုးတွေ ကြုံလာတတ်ပါတယ်။ တို့စာတွေက တယ်ပြီးတော့ ဆိုတယ်၊ တို့က တော်မှ ထင်တယ်၊ သာသနာကို လေးလေးပင်ပင် ပြုရမယ့်ဘဝ ရောက်နေတာပါ။ သတ္တဝါတွေက ဘာမှအလိုက်မသိဘူး။ မဒ္ဒီမိဖုရားနဲ့ ဝေဿန္တရာမင်း တောထဲနေတော့ ခွဲနေကြတာ၊

မဒ္ဒီမိဖုရားက တစ်ညမှာ အိပ်မက်တွေ မကောင်းတာနဲ့ မေးချင်လို့ ဝေဿန္တရာမင်းဆီကိုလာတော့ ဝေဿန္တရာမင်းကြီးက ညကြီး ဘာကြောင့်လာရတာလဲဆိုပြီး အပြန်ခိုင်းတယ်။ ပါရမီဖြည့်ဖက်တွေမို့ပါ၊ ကိုယ်တော်တို့ ခု ဆရာသမားကောင်းတွေ တွေ့ရတာလည်း ကံကောင်းလို့ပါ၊ နာမည်ကြီးဖို့ မလိုပါဘူး။ သာသနာပြုဖို့ကိုသာ ရည်မှန်းကြပါ၊ စိတ်ပါလက်ပါ ကောင်းပေးကြပါ။ သာသနာပြုဖို့ စိတ်ကိုလည်း ထက်ထက်သန်သန် ရှိကြပါစေ။

## အတွင်းသဘော ထင်ရှားစေချင်

ကိုယ်တော်တို့ ကြမ်းနင်း မပြင်းကြပါစေနဲ့၊ ကြမ်းနင်းပြင်းတာ ခိုးစားတာတောင်မှ မလွတ်ပါဘူး။ ဒကာ၊ ဒကာမတွေက ကြည်ညိုကြတယ်၊ သူတို့ ကြည်ညိုသလောက် မိမိတို့က အကြည်ညိုခံပြီး စိတ်ကို ကောင်းကောင်းထားရမယ်။ ဘဝသံသရာမှာ သွားဖို့က မလွယ်ဘူး၊ စားတဲ့အခါမှာလည်း ဆင်ခြင်ပြီး စားကြပါ။ ဘဝသံသရာမှာ အောက်ကျတတ်တယ်၊ အလှူခံဘက်က နေရတာ မလွယ်ဘူး၊ ဘုရားကိုလည်း ကြည်ညိုကြပါ၊ ဘုရားကို ကြည်ညိုရုံတင် ရပ်မနေဘဲ သာသနာရဲ့ကျက်သရေကို ဆောင်ကြပါ။ နိဗ္ဗာန်ကို ဖြောင့်ဖြောင့်သွားကြဖို့ လိုတယ်၊ ဘုန်းကြီးက အပြင်မှာ နာမည်ကြီးတာ အရေးမကြီးပါဘူး၊ အတွင်းရောက်မှ ထင်ရှားစေချင်တယ်၊ အတွင်းကလည်း ကောင်းနေဖို့လိုတယ်။ အပြင်ပန်း ဟန်ဆောင် မဟုတ်ဘဲ အတွင်းကို လာကြည့်ရင် အကြည့်ခံနိုင်ပါစေ၊ အပြင်က ကောင်းပြီး အတွင်းက မကောင်းရင် ရှက်စရာကောင်းပါတယ်။

## ကိုယ့်ဂုဏ်နဲ့ကိုယ် လိုက်အောင်နေ

အလုပ်လုပ်တာကို အလုပ်နဲ့တူအောင် လုပ်တတ်ပါစေ၊ ကိုယ်က အဆင့်အတန်းရှိတဲ့ဘဝ ရောက်နေရင် လူကလည်း အဆင့်အတန်းရှိရှိ နေတတ်၊ ထိုင်တတ်၊ ပြောတတ်၊ ဆိုတတ်ရတယ်။ ဗီရိုတစ်ခုထဲမှာ အဝတ်တွေ မျိုးစုံထည့်ထားရင် လိုရာကို ဆွဲဝတ်နိုင်သလို လူတစ်ယောက် အဆင့်အတန်းမြင့်လာရင် စိတ်နေစိတ်ထားတွေ မြင့်ပြီး လိုရာကို ပြီးနိုင်ပါတယ်။

ကျောင်းအမ၊ ဘုရားအမ၊ ရဟန်းအမတွေကလည်း ကိုယ့်ဂုဏ်နဲ့ကိုယ် လိုက်အောင်နေရတယ်။ စိတ်နေစိတ်ထားကလည်း မြင့်မြတ်ရတယ်၊ ဝိသာခါကျောင်းအမတို့လိုပေါ့။

## မသေခင် တာဝန်ကျေကြ

လောကထဲမှာ ချစ်စရာတစ်ခု ရှိတယ်၊ ဒုက္ခတစ်ခုပဲလို့ မှတ်လိုက်ပါ။ ချစ်စရာဆိုတာ ဘယ်သူမှ မကင်းကြပါဘူး၊ ချစ်စရာတွေ များလာရင် ဒုက္ခလောင်းတွေ များလာတော့တာပဲ။ သတင်းစာထဲ ကြည့်လိုက်ရင် အိုနာသေဆိုတဲ့တရားတွေက အများအပြား ပါလာတယ်။ အချစ်ဆိုတဲ့ တရားတွေက အများအပြား ပါလာတယ်။ အချစ်ဆိုတဲ့ တရားက တဏှာနဲ့ လောဘနဲ့ အရင်းခံပြီး လာတာမို့ ချစ်စရာ ဖြစ်နေတာပါ။ ဘယ်သူမဆို ဝတ္တရားကျေကျေနဲ့ ချစ်စရာလို့ ထားလိုက်ရင် မဆိုးပါဘူး၊ ဘဝများစွာက ကံတစ်ခုစီနဲ့ လာခဲ့ကြတာပါ၊ မသေခင်က တာဝန်ကျေကြဖို့ လိုတယ်၊ သေခါမှ ဆွေးမနေကြပါနဲ့။

## လူကောင်း လူယုတ် တစ်လမ်းစီ ခွဲသွား

တရားတော်တွေက ကောင်းလွန်းလို့ တစ်ဘဝမှာ သွားစရာတွေက များတယ်။ လူကောင်း၊ လူယုတ်ဆိုပြီး တစ်လမ်းစီ ခွဲသွားထားကြတာပါ။ သေခါနီးတော့ ပစ္စည်းဥစ္စာ ဆိုတာလည်း မကယ်နိုင်ပါဘူး။ ဒီဘဝ အဆင့်အတန်းမြင့်နေပေမယ့် တစ်ဘဝကျတော့ အောက်တန်းက ဖြစ်ချင် ဖြစ်သွားတာပါ၊ အထက်တန်းရောက်ပြီ ဆိုတော့လည်း အဆမတန်ပါပဲ။

## ကျွတ်တမ်းဝင်

ဘုရားအလောင်းဟာ အထက်တန်းက လာခဲ့တာပါ၊ လူ့ပြည်ပြန်ရောက်မှ ဘုရားအဖြစ်ကို ရောက်အောင် ကြိုးစားရတာပါ။ ဘုရားဖြစ်တော့ ပထမဆုံးတရားပွဲမှာ တစ်ဆယ့်ရှစ်ကုဋေ ကျွတ်တမ်းဝင်သွားကြပါတယ်။ လူဆိုလို့ အရှင်ကောဏ္ဍညတစ်ပါးတည်း ပါပါတယ်။ ဒီပြင်က နတ်ပြဟ္မာ

တွေချည်းပါပဲ။ အရိမေတ္တေယျဘုရားပွင့်ရင် ကျွတ်တမ်းဝင်ရန် နတ်ပြဟ္မာတွေ ရှိကြသေးတယ်၊ တွေးပေးကြပါ။

## သေပြီးမှ အမျှဝေပေမယ့်

ကိုယ့်ခန္ဓာကိုလည်း ချစ်ရတယ်၊ ကျန်းမာရေးကိုလည်း ဂရုစိုက်ရတယ်။ အို၊ နာ၊ သေဆိုတာ ဘုရားရှင်သော်မှ မတတ်နိုင်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ကျက်သရေဆောင်ပေးကြပါ။ သေလို့ နောက်ကျန်လူတွေက ငိုတယ်ဆိုတာ ခဏလေးသာပါ၊ နောက်ကျတော့ မေ့သွားတာကြပါပဲ။ သွားသူကတော့ ဘယ်သူမှ အမျှ မရကြပါဘူး၊ ဒီက အမျှပေးဝေနေပေမယ့် မသိကြပါဘူး။ တောင်မြို့က ရေချမ်းအမကြီး ဆိုတာ ရှိတယ်၊ ရေချမ်းအမကြီး သေတော့ သားသမီးတွေက ဝိုင်းငိုကြတယ်။ ဒီငိုသံလေး စွဲပြီး ပြိတ္တာဖြစ်ရရှာတယ်။ ဒါကို သူ ကြည်ညိုနေတဲ့ တောင်သမန်ဘုန်းကြီးက ရက်လည်ဆွမ်းသွတ်တော့ တောင်မြို့ကိုအလာ တံတားထိပ်ရောက်တော့ 'ဘုန်းကြီးဘုရား၊ ဘုန်းကြီးဘုရား' နဲ့ နောက်က လှမ်းခေါ်တယ်။ ဘုန်းကြီးကလည်း 'ဒါ တို့ရေချမ်းအမကြီးအသံ ထင်ပါရဲ့' လို့ ပြောတော့ 'ဟုတ်ပါတယ်ဘုရား၊ ဟုတ်ပါတယ် ဘုရား' နဲ့ ပြန်လျှောက်တယ်။ 'ခု ရေချမ်းအမကြီး … ဘယ်ရောက်နေသလဲ' မေးတော့ 'မပြောပါနဲ့ဘုရား၊ သေခါနီး သားသမီးတွေက ဝိုင်းငိုကြလို့ တပည့်တော်မ တစ္ဆေမ ဖြစ်နေရတယ် ဘုရား၊ အရှင်ဘုရားတို့ အသုဘချတုန်းက ရေစက်ချသော်လည်း တပည့်တော် သာဓု မခေါ်ရဘူး ဘုရား၊ သူတို့က တပည့်တော်ကို ရေတံခွန်တောင် ခေါ်သွားကြတယ် ဘုရား၊ ဒါပေမဲ့ အခု တပည့်တော် အထက်ကို သွားရတော့မှာပါဘုရား'' လို့ ဆိုပြီး အသံလည်း ပျောက်သွားတယ်။ ဒါဟာ သေခါနီးသူတော်ကောင်းဖို့ သိပ်ပြီး အရေးကြီးတယ်။ ကျန်ရစ်သူတွေက အလကား ပူဆွေးနေကြတာ၊ သေသူကတော့ သိတာ မဟုတ်ပါဘူး။

## တစ်သက်မှတ်ရမယ့် ဩဝါဒတွေ

လောကမှာ ပူဆွေးစရာတွေက အများကြီး၊ ဒီနေရာမှာ ဒီအဝတ်နဲ့ ဆိုတာလို တရားအဝတ်နဲ့ ဆင်ရမယ့်နေရာမှာ တရားအဝတ် ဆင်၊ တရား

စိတ်ထား၊ သံသရာထဲက သတ္တဝါရှိသူမှပါ။ ဒီသြဝါဒမှာ တစ်ထိုင်တည်း မှတ်ရမယ်လို့ တစ်ထစ်ချ မယူဆကြနဲ့။ တစ်သက်လုံး မှတ်ရမယ့် သြဝါဒ တွေပါ၊ ကုသိုလ်ပြုတာလည်း တစ်ခုတည်းပြုတယ်လို့ မှတ်မထားကြနဲ့။ လူ့လောကကနေပြီး သေသူအတွက် ကုသိုလ်ပြုရင် ကုန်းမြင့်ပေါ်မှာ မိုးရွာ တော့ ကုန်းပေါ်မှာလည်း ရေစို၊ အောက်ချိုင့်ဝှမ်းရာ အရပ်မှာလည်း ရေတင် သလို သေသူအတွက် ကုသိုလ်ပြုတာကလည်း ပြုတဲ့သူလည်း ကုသိုလ်ရ၊ သေသူအတွက်လည်း ဒီက အမျှပေးဝေလိုက်မယ် ဆိုရင် ကုသိုလ်ရေတွေ တင်တာပါပဲ၊ ဒီလိုပေါ့။ ဘဝတစ်ပါးသွားသူမှာ ကုသိုလ်ရေတွေ တင်လို့ ဒီက ကုသိုလ်ပြုသူတွေမှာတော့ ရေစိုရုံပါပဲ၊ ကုသိုလ်ရိုးရိုးရတာနဲ့ ကိုယ်ပိုင် ရတာ ကွာသွားတာပါ။

## ဘယ်သူပြိုင်လို့ အောင်နိုင်အံ့

ဘုရားက ဗကဗြဟ္မာကြီးကို **အဏ္ဏိမာဘုန်းတော်**နဲ့ တန်ခိုးပြ တော်မူတယ်။ ဗကဗြဟ္မာကြီးက လောကမှာရှိတဲ့ သတ္တဝါတွေ သူဖန်ဆင်း ထားတာပါတဲ့၊ လောကမှာ သူ့ထက်တန်ခိုးကြီးသူ မရှိဘူးလို့ ထင်မှတ်နေ တယ်။ တစ်နေ့တော့ မြတ်စွာဘုရားထံ တန်ခိုးပြိုင်ရန် သူ လာတယ်၊ မြတ်စွာ ဘုရားက ကျောင်းတော်မှုရင်းက သူမော့ကြည့်ရလောက်အောင် တန်ခိုးနဲ့ ဖန်ဆင်းထားလိုက်တယ်။ ဗကဗြဟ္မာကြီးက အစတုန်းက လောက သတ္တဝါ တွေ ငါ့ကို ကိုးကွယ်ကြတာ၊ အားလုံးကပဲ။ ခုလောကမှာ အရှင်ဂေါတမ ဆိုတဲ့ သူတစ်ယောက် ပေါ်နေလို့ ငါ့ကို မကိုးကွယ်ကြတော့ဘူး။ သူက ဘယ်လောက်များ တန်ခိုးရှိလို့ပါလိမ့်မလဲ ဆိုပြီး တန်ခိုးပြိုင်ရန် ဗကဗြဟ္မာ ကြီးက မြတ်စွာဘုရားကို လျှောက်တယ်။

## ပုန်းလို့ မရနိုင်၊ ရှောင်လို့ မလွတ်

ဘုရားက ဗြဟ္မာကြီးကို စပြီး အပုန်းခိုင်းလိုက်တယ်။ ဗြဟ္မာကြီးက ဘုရားမမြင်အောင် ဆိုပြီး နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ့ပြည်တွေကို တက်ပြီး သူ့ကိုယ်သူ မြူမှုန်လောက်လေး ဖန်ဆင်းပြီး လျှောက်သွားတယ်။ အဲဒီကမှ

ပြန်လာပြီး သမုဒ္ဒရာရေထဲ အနက်ဆုံးနေရာ ဖြစ်တဲ့ ကျောက်တုံးပေါင်း များစွာရဲ့အောက်မှာ မြူမှုန်လေးလို ကပ်နေတယ်။ မြတ်စွာဘုရားကို လိုက် ရှာရန် အသံပေးလိုက်တဲ့အခါကျတော့ ကောင်းကင်ကနေ အသံပေးလိုက် တယ်။ မြတ်စွာဘုရားက သူသွားတဲ့နေရာတွေကို အကုန်လုံး သိထားတာမို့ အကုန်လိုက်မရှာဘူး။ ဗကဗြဟ္မာနေတဲ့နေရာ တစ်ခါတည်း ကြွသွားတော် မူပြီး မြတ်စွာဘုရားက 'ဗကဗြဟ္မာ··· ထထ သင့်ကို ငါသိတယ်' လို့ ပါးစပ်နဲ့ ပြောတာ မရလို့ ဗြဟ္မာကြီးရဲ့လက်မောင်းနဲ့ ကျောကို လက်တော်နဲ့ မပြီး 'သင့်ကို ငါသိပါတယ်' ဆိုပြီး ပြောတော့မှ ဗြဟ္မာကြီးက အထက်မော့ ပြီး 'သြော်··· ငါ့ကို သူသိသကိုး' လို့ ပြောပြီး လိုက်ခဲ့ရတယ်။

## မျက်ခုံးမွှေးပေါ် စကြီလျှောက်

ဗကဗြဟ္မာက ဘုရားကို အပုန်းခိုင်းပြန်တယ်။ မြတ်စွာဘုရားက **အဏိမာ**ဘုန်းတော်နဲ့ ပရိက္ခရာရှစ်ပါး လွယ်ပြီး ဗြဟ္မာကြီးရဲ့ မျက်ခုံးမွှေး ပေါ် စင်္ကြံလျှောက်ပြီး လိုက်ရှာရန် မိန့်တော်မူတယ်။ ဗကဗြဟ္မာကြီးလည်း လိုက်ရှာလိုက်တာ ဘယ်မှာမှ မတွေ့တဲ့အဆုံးကျတော့ အရှုံးပေးလိုက်ရတယ်။ ဒီတော့မှ ဗကဗြဟ္မာကြီးလည်း ဘုရားကို ကိုးကွယ်သူ ဖြစ်သွားတယ်။

## လောကဝတ်၊ ဓမ္မဝတ်တွေ တာဝန်ကျေကြ

သတ္တဝါတွေက သနားစရာလည်း ကောင်း၊ ရွံ့စရာလည်း ဟုတ် မလား မသိကြဘူး။ အမိဝမ်းထဲမှာ ကိုးလ၊ ဆယ်လနေပြီး ဒုက္ခတွေခံနေရတာ အစာသစ်၊ အစာဟောင်း၊ ကျင်ကြီး၊ ကျင်ငယ်တွေနဲ့ နေရတယ်။ အမျိုးမျိုး အပုပ်တွေ လှောင်လို့ ကျဉ်းကျဉ်းကလေးထဲမှာ နေခဲ့ရတယ်။ ဘာလို့ ဒီ ဒုက္ခတွေ ခံနေရသလဲဆိုတော့ ဇာတိဆိုတဲ့ ပဋိသန္ဓေက မပြတ်နေလို့ပါ။ လူ့ဘဝရောက်လာလို့ သက်သာလား ဆိုတော့ အို၊ နာ၊ သေဆိုတဲ့ ဇရာ၊ မရဏတွေက အမြဲ နှိပ်စက်နေတာပါ။ အအိုကြီးသက်သာအောင် မအိုပေမယ့် အအိုကလေးက မသိမသာ အိုလျက်ပါ။ အေးအေးလေး ဘယ်သူမှ မနေနိုင် ပါဘူး၊ သေတော့မှာလို့ တွေးရတဲ့နေရာမှာ သွားရမယ့်လမ်းတွေက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုရင် သနားစရာကောင်းလှပါတယ်။

သနားစရာဘဝက လွတ်အောင် ကြိုးစားဖို့က မိမိတို့တာဝန် ဖြစ်ပါတယ်။ လောကဝတ်၊ ဓမ္မဝတ်တွေ တာဝန်ကျေသွားကြဖို့ အရေးကြီးပါတယ်။

## အနေမှန်မှန်၊ အလုပ်မှန်မှန် နေကြ

'သတိ စ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ' တဲ့။ အရာရာမှာ သတိလိုတယ်၊ သတိနဲ့ နေတဲ့သူက မလစ်ဟင်းတာက များတယ်။ ဘုန်းကြီး ပြောတဲ့စကားကို သတိမရှိတဲ့သူက နားမထောင်တတ်ကြပါဘူး၊ ကံကလည်း မပါကြပါဘူး ထင်ပါရဲ့၊ အမြဲသတိထားပါ။ ဘုရားက သတိနဲ့ ပညာကို တွဲဟောတော်မူတယ်။ သာသနာကို ကောင်းအောင်ပြုဖို့ ရည်မှန်းထားပါတယ်၊ ဘုန်းကြီးကတော့ ရည်မှန်းပါရဲ့၊ ဒါကို တောင်ပြော မြောက်ပြော ပြောသူ တွေက ရှိသေးတယ်။ သာသနာကို ရိုးရိုးကုပ်ကုပ်နဲ့ ပြုမှာပါ၊ လာဘ်ပေါဖို့၊ ဘုန်းကြီးဖို့ မလိုပါဘူး။ ဒါတွေက သူ့အလိုလို ဖြစ်လာတာပါ။ ကိုယ်က အလုပ်မှန်ဖို့နဲ့ မှန်ရာကိုသာ လုပ်ဖို့လိုတယ်။ 'မပြီးခင်က မြန်မာ မမြင်စေ နဲ့' ဆိုတာလို အစပထမတော့ ဟိုကပြော ဒီကပြောနဲ့ ငှက်ဆိုးထိုးလိုက် ပါသေးတယ်။ နောက်တော့ မထိုးကြတော့ပါဘူး။ လူတစ်ယောက်မှာ လုံ့လ ဝီရိယရှိရင် မပြီးနိုင်တာရယ်လို့ ဘာမှမရှိပါဘူး။ ကံ၊ ဉာဏ်၊ ဝီရိယ ဆိုတာ ကလည်း ရှိရတယ်၊ ဒါက ကြီးပွားခြင်းရဲ့ အကြောင်းပါပဲ။

## အနေမှန်၊ အလုပ်မှန်

ဒီမှာက အများနဲ့ နေရလို့ ဘာမှ ပူရမှန်း မသိတာပါ။ ကိုယ့်နေရာ နဲ့၊ ကိုယ့်ကျောင်းနဲ့ တစ်ယောက်စီ ခွဲနေကြတဲ့အခါကျတော့ သိလာကြပါ လိမ့်မယ်။ ကိုယ့်ဘက်က ကောင်းနေရင် အခြေမပျက်ပါဘူး။ 'ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်' ဆိုတာလို တစ်ယောက်မကောင်းရင် တစ်ကျောင်းတိုက်လုံးပါမက နိုင်ငံပါ ပျက်နိုင်တယ်။ ပညာရေးအတွက် ကိုလည်း အလေ့အလာများကြပါ၊ မှန်မှန်လည်း ကြိုးစားပေးကြပါ။ ဘုရား သာသနာမှာ စာပေပိဋကတ်ကျမ်းစာတွေကို သင်ကြားပို့ချနေရတာက ကုသိုလ်လည်းရ၊ ဘုရားသာသနာကြီးဟာလည်း မကွယ်ပနိုင်ပါဘူး။ ဘုရား ကိုလည်း အာရုံပြု၊ ဘာဝနာလည်းရှိ၊ ကျမ်းစာတွေလည်း သင်ယူဆိုရင် တို့

ဘက်က မလျော့သေးဘူး။ အနေမှန်မှန်၊ အလုပ်မှန်မှန်နဲ့ ပုံမှန်ကိုယ့်အလုပ်ကို ကိုယ်လုပ်သွားရင် အများက ကြည်ညိုလေးစားလာပါတယ်။

## သီလနဲ့ ဘာဝနာ

လောကကြီးပွားရေးကိုတော့ မလုပ်မဖြစ် ထည့်မတွက်ကြနဲ့၊ ကိုယ်တော်တို့ လုပ်ရမှာက ကိုယ့်သီလကို စင်ကြယ်ရမယ်၊ ဘာဝနာအလုပ် စတဲ့ ကိုယ်နဲ့ ဆိုင်ရာကိုသာ လုပ်သင့်ပါတယ်။ ကုသိုလ်ဒါနပြုရုံကတော့ သံသရာမှာပဲ ကောင်းတယ်၊ နိဗ္ဗာန်တိုင်အောင် ကောင်းတာက သီလနဲ့ ဘာဝနာကသာပါတယ်။ ဋ္ဌသာ၊ မစ္ဆရိယတွေ မများကြစေနဲ့၊ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် နေကြပါ၊ ရှင်ရှင်ပျပျ နေကြပါ။ ဘာမဆို သိအောင်လည်း လုပ်ထားကြပါ၊ အရှေ့အနောက် သိချင်ရင် တို့အိမ်လိုက်ခဲ့ ဆိုတာ မလုပ်ကြနဲ့။

## စိတ်ဝမ်းမကွဲ ဂိုဏ်းစွဲ မထားကြနဲ့

ဒီကျောင်းမှာ စိတ်ဝမ်းမကွဲကြပါနဲ့၊ စိတ်ကို တစ်ပြင်တည်း ထားကြပါ။ သာသနာမှာ ဂိုဏ်းစိတ်မထားကြပါနဲ့၊ အားလုံး တစ်သာသနာလုံး ကောင်းဖို့သာ ရှေးရှုကြပါ။ ဝိနည်းကိုလည်း လေးစားမှ ကောင်းပါတယ်၊ သာသနာအတွင်းမှာ ဝိနည်းမလေးစားဘဲ တော်သလို လျော်သလို နေမယ်ဆိုရင် ထိုသူ့အတွက်မှာလည်း အကျိုးမရှိ၊ သာသနာတော်အတွက်မှာလည်း အကျိုးမရှိ ဖြစ်ရပါတယ်။ အပြောကိုလည်း ချိုချိုသာသာ ပြောတတ်ကြပါစေ၊ ကြမ်းကြမ်းတမ်းတမ်းကြီးနဲ့ သူများ နားမခံသာအောင် မပြောကြပါနဲ့။ အဝတ်အစား ကောင်းအောင်၊ သူများ ကြည့်ကောင်းအောင် ဝတ်တာ ဆိုတာ ရှိုးပြဖို့ လှလှဝတ်နိုင်းတာ မဟုတ်ပါဘူး၊ အဝတ်အစား ကောင်းအောင် ဝတ်တော့ အများရဲ့ ကျက်သရေ၊ မိမိရဲ့ ကျက်သရေကို ဆောင်ပါတယ်။ အလှပြရန်ဝတ်ဖို့ ပြောတာ မဟုတ်ပါဘူး။

## အားမွေးကြပါ

တောမှာ ဖြစ်နေပေမယ့် မြို့ကလူတွေနဲ့ ဘာမှ မထူးပါဘူး။ တောက လူတွေက ပိုတောင် ပိုသေးတယ်၊ မြို့သူမြို့သားတွေက အစားကောင်း

ကောင်း၊ အဝတ်ကောင်းကောင်းနဲ့ အရိပ်မှာ နေရလို့ပါ။ တောက လူတွေလည်း ဆင်လိုက်ရင် သူတို့မြို့တော့ မိပါတယ်။ ဒါကြောင့် ကိုယ်နဲ့စပ်ရာတွေကို ပြင်ပေးကြပါ။ အမျိုးသမီးတွေလို တို့လည်း အားမွေးကြပါ၊ အမျိုးသမီးဆိုတာ အားရှိရတယ်၊ သူတို့က အိမ်ထောင်ကျတော့ သားသမီးမွေးတဲ့အခါ အားရှိနေမှ ဖြစ်တယ်။ ဒါမှလည်း ဆေးရုံက ဆရာ၊ ဆရာမတွေက သဘောကျတယ်။ ဒီလိုပဲ ဘုန်းကြီးတွေလည်း အားရှိမှ ဖြစ်တယ်။ ဒါမှ စာပေပရိယတ်ကို သင်အံပို့ချနိုင်မယ်။ ဒါက အရှင်းဆုံး ဥပမာ ပေးတာပဲ။

## ဘက်ပေါင်းစုံ အကုန်တတ်မှ

ဘုန်းကြီးမှာရှိတဲ့ ပစ္စည်းတွေက သာသနာမှာ အသုံးချဖို့ပါ၊ အလကား စုထားတာ မဟုတ်ပါဘူး။ သာသနာမှာ အများကောင်းစေချင်ပါတယ်၊ ဒါပေမဲ့ မရလို့ပါ။ လောကီကျောင်းသားတွေကို ဘုန်းကြီးတွေက သင်ရင် တတ်ပါတယ်၊ ပညာရေးကလည်း တော်ရမယ်၊ အကျင့်စာရိတ္တဘက်ကလည်း ကောင်းရမယ်၊ ကျန်းမာရေး၊ အဝတ်အစား အစစအရာရာမှာ ကောင်းလာပါမယ်၊ မလုပ်ကြလို့ပါ။ စိတ်ကောင်းရှိတဲ့ ကလေးတွေကို သာသနာမှာ ဝင်စေပြီး စာပေကို တတ်မြောက်အောင် သင်ပေးရမယ်၊ အဘက်ဘက်က တတ်မြောက်အောင် သင်ပေးရမယ်၊ အဘက်ဘက်က တတ်မြောက်နေမှ ကောင်းပါတယ်။ လောကုတ္တရာစာပေက မခက်ပါဘူး၊ စာသင်ပေးတဲ့ ဘုန်းကြီးတွေက မလုပ်ပေးတတ်လို့ပါ။ တခြားမှာတော့ သူတို့လာခဲ့တဲ့ လမ်းရှည်ကြီးအတိုင်း တပည့်တွေကို လုပ်ပေးနေကြတာ ဆိုတော့ မတတ်မြောက်ကြပါဘူး။

## စာမေးပွဲချည်း တွန်းဖြေမနေကြနဲ့

နိုင်ငံတစ်ခုလုံးရဲ့ အရည်အချင်းကို သိထားကြပါ။ မသေမသပ်လုပ်တဲ့သူတော့ ဒီကျောင်းမှာ မရှိတာ ကောင်းပါတယ်။ သာသနာမှာ နေရင် သာသနာရဲ့ အကျိုးကို ဆောင်နိုင်မှ ကောင်းပါတယ်။ ကျန်းမာရေးနဲ့ စာတတ်ဖို့ကို အဝေးကြီး ခွဲထားတာဟာ ဘုန်းကြီး စိတ်ကူးမိတိုင်း လျှောက်လုပ်နေ

တာ မဟုတ်ပါဘူး။ စာတတ်ပြီးတော့ သာသနာအကျိုးကို မဆောင်နိုင်ဘဲ ရောဂါရနေတဲ့သူတွေ အများကြီးရှိပါတယ်။ သူများလုပ်တိုင်း စာမေးပွဲတွေပဲ တွန်းချည်း ဖြေမနေကြပါနဲ့။ ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ရေးကံကလည်း ပါမှ ဖြစ်ပါတယ်။

## ပေါ့ပေါ့နေ အသေမရဲ

ပေါ့ပေါ့နေတဲ့သူဟာ သေတော့ ရဲရဲမသေကြပါဘူး၊ အသေကြောက် တတ်ပါတယ်။ ဘုန်းကြီးဘဝမှာ အာပတ်တွေ ဗရပွနဲ့ သေသွားရင် သေခါ နီးမှာ ကြောက်ကြပါတယ်။ **ရှင်ချောင် သေကျပ်၊ ရှင်ကျပ် သေချောင်** လို့ ဆိုကြတယ်။ ဒီဘဝမှာ ချောင်ချောင်လေးနဲ့ ပေါ့ပေါ့ဆဆ နေခဲ့ရင် သေတော့ ကျပ်ပါ့မယ်။ ကိုယ့်ရဲ့ သီလ၊ သမာဓိ၊ ပညာသိက္ခာလေးနဲ့ လေးလေးစားစား အပြစ်မရှိအောင်နေရင် သေတဲ့အခါ ချောင်မယ်။ လူတွေကလည်း ရှေးက လူတွေနဲ့ မတူကြတော့ဘူး။ ဒါကြောင့် နောက်ပေါက်ဖွားတဲ့ ကလေးတွေက သေးသေးကလေးတွေတဲ့၊ ညံ့ကုန်ကြပြီ၊ ဥတုကလည်း ညံ့၊ ရေမြေ အစား အသောက်တွေကလည်း တဖြည်းဖြည်းနဲ့ ညံ့လာကုန်ကြပြီ။

## လူ့တန်ဖိုးက ပါရမီဖြည့်ဖို့

လောကကြီးကို အကောင်းမထင်ကြပါနဲ့၊ အဆိပ်ဩဇာ ညံ့ပါတယ် သာ ဆိုကြတယ်၊ လူတွေက မောင်းထောင်းဆန် မစားကြတော့ဘူး၊ စက် ကြိတ်ဆန်မှ စားကြပြန်တယ်။ ဒီအထဲ ထမင်းရည်ကိုလည်း ငှဲ့ပြီး သွန်ပစ် ကြတော့ ဘာမှ အဆိပ်ဩဇာ မကျန်တော့ဘူး။ နောက်ကိုယ်တော်တွေ ကြည့် ရတာ တယ်ပြီးတော့ အားမရှိလှဘူး။ လောကထဲမှာ ကျေနပ်စရာတစ်ခုမှ မရှိပါဘူး။ အဆင်ပြေတယ်လို့လည်း မရှိကြပါဘူး။ မြို့မှာ စားပွဲကြီးပေါ်မှာ ဟင်းတွေအပြည့်နဲ့ စားနေရပေမယ့် မောင်းထောင်းဆန်လောက် မကောင်း ပါဘူး။ ခု ကလေးတွေနဲ့ ရှေးက ကလေးတွေကလည်း တခြားစီပါ၊ ရှေးက ကလေးဆိုတာ ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်ရောက်တာတောင် ကလေးစိတ် မပျောက်ကြသေးပါဘူး၊ ဆော့နေကြတုန်းပါပဲ။ ခု ကျောင်းသားလူငယ်တွေ

က ဆယ့်လေးငါးနှစ် ဆိုရင် မိန်းမရကုန်ကြပါပြီ။ တချို့က ကလေးတွဲလဲ ဖြစ်ကုန်ကြပြီ။ လူတစ်ယောက်မှာရှိတဲ့ ရုပ်နဲ့ ပစ္စည်းကိုသာ တန်ဖိုးမထားပါနဲ့၊ လူကို တန်ဖိုးထားကြပါ၊ တန်ဖိုးထားပါဆိုတာက ပါရမီဖြည့်ကြဖို့ ပြောတာပါ။ တစ်ပါးနဲ့တစ်ပါး မေတ္တာရှိရှိနေပြီး အချင်းချင်းလည်း ကူညီကြပါ။

## အရေးကောင်း ဒိန်းဒေါင်းဖျက်

အရူးတစ်ယောက်က ရွှေအိုးတွေ့တဲ့ အကြောင်း လူကောင်း တစ်ယောက်ကို ပြောတော့ အရူးစကားပြောရင် ဆယ်ခွန်းပြော တစ်ခွန်းတော့ မှန်တယ်ဆိုပြီး အရူးနောက်က လိုက်ပြီး စာရွက်တစ်ရွက်နဲ့ လိုက်မှတ်တယ်။ အရူးက ဟိုနား ရွှေအိုးရှိတယ်၊ ဒီနား ရွှေအိုးရှိတယ်လို့ ပြေးရင်း ပြောသွား၊ အရူးကလည်း ရွှေအိုးအကြောင်း ပြောတာနည်းနည်း၊ ဒိန်းဒေါင်း ဒိန်းဒေါင်း ဆိုတဲ့ အပိုတွေက များပြီးနေတော့ နောက်က လိုက်မှတ်သူလည်း အရေးကောင်း ဒိန်းဒေါင်း ဒိန်းဒေါင်းက တယ်ပြောပဲ ဆိုပြီး နောက်က ဘာလိုက်ရမှန်း မသိတော့ဘူး။ တို့ကိုယ်တော်တွေကလည်း ဒိန်းဒေါင်း ဒိန်းဒေါင်းဆိုတဲ့ အပိုအလုပ်ချည်း လုပ်မနေကြနဲ့။

## အရင်းခံမပါ အဖျားခုန်တက်

လောကထဲမှာ တရားအားထုတ်ရင် တရားရစရာလို့ ထင်နေကြတယ်။ အချို့တွေက တရားအားထုတ်ထားတယ်သာ ဆိုတယ်၊ သေတော့ ဖြင့် ငိုလိုက်ကြတာ။ သေတယ်ဆိုတာ မွေ့အရေလဲတာပါ။ ဒီအထဲ အချို့က ကြဲကြဲဖန်ဖန် ငိုကြသေးတယ်၊ အမယ်လေးတော့… ဘယ်သူ့ယုံလို့ ပုံခဲ့တာလဲ ကိုအဝှာရဲ့၊ ဘာရဲ့၊ ညာရဲ့နဲ့ ကြဲကြဲဖန်ဖန် ငိုကြတယ်။ သေခြင်းတရားဆိုတာ အစကတည်းက တွေးထားရတယ်၊ ဒီလို အစကတည်းက တွေးထားရင် သေတော့ သက်သာပါတယ်။ မနေရပေမယ့်၊ မသေခင်မှာ မေတ္တာနဲ့ ကရုဏာနဲ့ သင့်သင့်မြတ်မြတ် နေကြပါ။ လူတွေက အရင်းခံမပါဘဲ အဖျားခုန်တက်နေကြတော့ ကျကုန်ကြတာပဲ။ ရိုးရိုးသူတော်ကောင်းလေးတွေ

ဖြစ်ကြပါစေ၊ ဒီဘဝမှာ ထိထိရောက်ရောက် ပါရမီဖြည့်ပေးကြပါ၊ ကိုယ့်ကိုယ်ကိုယ် သာမန်အဖြစ်နဲ့ ပစ်မထားကြပါနဲ့၊ အဖိုးတန်တဲ့သူအဖြစ် တန်ဖိုးထားကြပါ။

## သာသနာက လိုရာရနိုင်

စားဝတ်နေရေး ဆိုတာကလည်း ပြည့်စုံ၊ နေရေးကလည်း ကောင်းဆိုရင် သူတော်ကောင်းပဲ ဖြစ်ဖို့ လိုတော့ပါတယ်။ ကံကောင်းတယ် ဆိုတာ ရေးကတင် မကဘူး။ ယခု ကံတွေကလည်း ထပ်တိုးပေးနေတော့ ပိုပြီး ထင်ရှားပါတယ်။ ကိုယ်တော်တို့က ဘုန်းကြီးအလျင် မသေကြစေနဲ့၊ ဘုန်းကြီး သေရင်တော့ နှစ်ရက်မထားနဲ့၊ တစ်ရက်တည်း အပြီးလုပ်ကြပါ။ ဘုန်းကြီး အလောင်းကို လူလယ်ကောင် ပက်လက်ကြီးနဲ့ မသတီစရာကြီး မထားကြနဲ့။ လူတွေ ရိုင်းတာကိုတော့ ဘုန်းကြီးတွေက ပြောလို့မဖြစ်ဘူး။ သဘာဝကျကျနဲ့ ကြိုးစားကြပါ၊ သာသနာဆိုတာ ကမ္ဘာ့ဏီတိုက်ကြီးထဲက လိုရာကို ဝယ်ယူနိုင်သလို သာသနာကလည်း လိုရာကို ရနိုင်ပါတယ်။

## မကူညီချင်နေ မနှောင့်ယှက်နဲ့

မေတ္တာနဲ့နေတဲ့သူဟာ ကိုယ်လည်း အေး၊ သူများလည်း အေးပါပဲ၊ ဝိနည်းမှုက ပျက်လို့ မဖြစ်ဘူး။ လမ်းစဉ်ဆိုတာ မပျောက်စေရဘူး၊ လူတွေဘက်ကို သိပ်မစဉ်းစားကြပါနဲ့၊ ဒါပေမဲ့ မဆန့်ကျင်ရုံနေပါ။ အကူအညီဆိုတာ နေရာတကာမှာ လိုတယ်၊ ဘုရားတောင်မှ ဝိသာခါ စတဲ့ သာသနာ့ ဝန်ဆောင်တွေက ကူညီမှပါ။ ဒီသာသနာမှာ ဒကာ၊ ဒကာမတွေ ကူညီမှပါ၊ မကူညီချင်ရင် ငြိမ်ငြိမ်နေကြ၊ အနှောင့်အယှက်တော့ မပေးကြနဲ့။

## နေရာတကာ မေတ္တာမစူး

အခုဘဝမှာ ရှေးပါရမီ မလိုပါဘူး၊ သဒ္ဓါတစ်ခုပဲ လိုပါတယ်။ မေတ္တာဆိုတာ အားလုံးသတ္တဝါတွေရဲ့ အပေါ်မှာ ညီမျှရတယ်။ ဟိုတုန်းက ဘုန်းကြီးနဲ့ ကပ္ပိယ တောလမ်းခရီးကသွားတော့ ကျွဲကြီးခတ်မလို့ လာတာ

ကို ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ မေတ္တာပို့တော့ မရဘူး။ ရှေ့တိုးမြဲ တိုးလာတယ်၊ နောက်က ပါလာတဲ့ကပ္ပိယက အုတ်ခဲကျိုးနဲ့ ထုလိုက်လို့ နားထင်မှန်တော့မှ နောက်လှည့်သွားတယ်။ ဒီတော့မှ ဘုန်းကြီးက အဲ··· ကပ္ပိယမေတ္တာက တယ်စူးပါလားလို့ ပြောသတဲ့။ မေတ္တာဆိုတာ အရေးကြုံမှ ပို့ရတာမျိုး မဟုတ်ဘူး။ စောစောကတည်းက အလေ့အလာ ပြုထားရတယ်။ နေရာတိုင်းမှာလည်း မေတ္တာနဲ့ လုပ်မနေရဘူး၊ နေရာတိုင်းမှာ မေတ္တာချည်း ဆိုပြန်တော့ ကုပ်ခွစီးလိမ့်မယ်။

## အကြောင်းစုံမှ အကျိုးစုံ

ဒီသာသနာက ကိုယ်သာ မှန်ပါစေ၊ လိုတာကို ရပါတယ်။ ဒီတစ်ခါ ကမ္ဘာစစ်ဖြစ်ရင် မသက်သာပါဘူး၊ ခုကတည်းက ပြည့်စုံအောင် ကြိုးစားထားရတယ်၊ ဖြစ်လာတော့မှ 'သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ' လုပ်လို့ မရဘူး။ ခုသာ ပဲပြုတ်နဲ့ပါ၊ နောက်ကျ ဘာစားရမလဲ မပြောနိုင်ဘူး။ လောကရှိသမျှ ရတနာတွေထက် ဘုရားရတနာက အမြတ်ဆုံးပါ။ လူတစ်ယောက် ဆိုတာ ငယ်ငယ်က မသေသပ်ရင် ကြီးတော့လည်း မသေသပ်ပါဘူး။ ဆေးတစ်ဖုံဖော်ရင် တစ်ခုတည်းနဲ့ မပြီးတာလို လူတစ်ယောက်လည်း အကျိုးပေးဖို့က စုံမှ အကျိုးပေးပါတယ်၊ အကျိုးပေးတော့ ပုံကြီးချဲ့လိုက်တာပါပဲ၊ အကြောင်းစုံမှ အကျိုးစုံပါတယ်။

## မလိုလဲ လိုလဲ

လူတွေက ကမ္မဋ္ဌာန်းတရား အဟောခိုင်းတယ်။ တရားဟောကောင်းတော့ လူတွေက တရားရမယ် မှတ်နေကြတာ၊ အဟောကောင်းတိုင်း မရပါဘူး၊ ကိုယ်က အားထုတ်ဖို့သာ လိုပါတယ်။ ပဋိစ္စသမုပ္ပာဒ်ကို ဘုရားက အနုလုံ ပဋိလုံ နည်းအမျိုးမျိုးနဲ့ ဟောတော်မူတယ်။ သူများအကျိုးဆောင် ကိုယ့်အကျိုးအောင် ဆိုတာလို သူများအကျိုးမဆောင်ရင် ကိုယ့်အကျိုးလည်း မအောင်ပါဘူး။ လူတွေက သူများလှူတာတော့ ချီးမွမ်းကြပါတယ်၊ ကိုယ့်ရှိတာ လှူပါဆိုတော့ တွန့်နေကြတယ်၊ မလှူကြဘူး။ သီလစောင့်ပါ ဆိုတော့

လည်း သစ်ကျုတ်ကလေး ဥပုသ်စောင့်သလို ဟန်ဆောင်ပြီး စောင့်ကြတယ်။ မလိုလဲ လိုလဲ စောင့်ကြတယ်၊ အကျိုးကျတော့ မလိုလဲ လိုလဲ ရကြမှာပါပဲ။

## ကံထူးသူမှ တရားရထိုက်

တို့လူတွေ နေ့တိုင်း သီလပျက်နေတာပါ၊ သူတို့တစ်ကိုယ်လုံး ကြည့်ရင် အမာရွတ်ချည်း ကျန်တော့တယ်။ ကိုယ်တော်တို့က ဘုန်းကြီးသွားမယ့်လှေပေါ် လိုက်နေကြတာ၊ ငြိမ်ငြိမ်လိုက်ကြပါ၊ တစ်ယောက်လှုပ်ရင် အကုန်သေကုန်မှာ။ တရားဟောတဲ့ပုဂ္ဂိုလ်က နာမည်ကြီးရင် တရားရလွယ်တယ်လို့ မှတ်နေကြတယ်၊ ကိုယ့်ဘာသာကိုယ်တော့ ကြိုးစားမယ် မကြံကြဘူး။ အမွေရတဲ့သူ ခဏကလေး ချမ်းသာသလို တရားနာရသူများလည်း ခဏလေး ချမ်းသာပါတယ်။ အမွေထိုက်သူသာ ရသလို တရားလည်း ရထိုက်သူမှ ရပါတယ်။ ကံမပါတဲ့သူဟာ မွေးကတည်းက အို၊ နာ၊ သေ ပါလာတာပဲ၊ တရားကလည်း ရထိုက်သူဆိုရင် မွေးကတည်းက လူထူးပါ။

## သာသနာအတွက် စိတ်ပါလက်ပါ ဆောင်ရွက်ကြ၊ မြန်မာ့ဒကာ္ခဏောယျ အလှူခံတွေ

တို့သာသနာက ထမ်းဆောင်ချင်စရာကြီးပါ၊ ဘုရားကို အသက်စွန့်လှူပြီး ထမ်းဆောင်ကြပါ။ ဘုန်းကြီးက လောကလည်း မစဉ်းစားပါဘူး၊ သာသနာဘက်ကိုသာ စဉ်းစားတာပါ။ ဘုန်းကြီးက စာသင်သားဘဝတုန်းက ဆွမ်းဆင်းရဲလို့ စိတ်ပျက်ခဲ့တယ်၊ စာဆိုရလို့ ပျော်ခဲ့တယ်၊ လောကထဲ သူခချည်း နေရရင် မကောင်းပါဘူး၊ ဒုက္ခနဲ့လည်း နေရမှ။ ကောင်းကောင်း နေတာက ကြီးလေကောင်းလေ ပျော်စရာ။ သာသနာကြီးကို စိတ်ပါလက်ပါ ဆောင်ရွက်ကြပါ၊ ကိုယ်တော်တို့ လူထွက်ပြီး မိန်းမယူမယ် မကြံကြနဲ့။

ပါရမီ ဆိုတာက ကြီးမားတဲ့ ဆုလာဘ်ထက် သာပါတယ်။ ငရဲ မတော်တဆကျရင် မသက်သာပါဘူး။ ရဟန်းပြုတဲ့ သင်္ကန်းဝတ်ပုဂ္ဂိုလ်တွေ သတိထားဖို့ ကောင်းတယ်။ သူများထက် ထူးခြားတဲ့ အမူအရာနဲ့ နေကြပါ၊ သူတော်ကောင်းအဖြစ်နဲ့ ကြိုးစားကြ၊ အပြစ်ကင်းပြီး သူတော်ကောင်း

စစ်စစ်အဖြစ်နဲ့ နေကြ။ ဘုန်းကြီး ဆိုတာ လောကီဘက်ကို တဖြည်းဖြည်း လျှော့ပေးရတယ်။ ဗိုက်ကားအောင် စားတတ်ရင် မြန်မာ့ဒက္ခိဏေယျ အလှူခံတွေ ဖြစ်ကုန်တာပဲ။

## လမ်းပြကောင်းကြပါ

အလှူခံဘက်က မကောင်းရင် ဒီဘဝ ပြီးမယ် မထင်နဲ့၊ သံသရာကျ ခံရဦးမှာ။ ရှင်ရဟန်း ဆိုတာ မကောင်းတာတော့ မလုပ်ပါနဲ့၊ သာသနာမှာ သာသနာ့အလုပ် မလုပ်နိုင်ရင် လူထွက်ပေါ့။ ဒီဘဝမှာ လူလည်လုပ်ရင် နောင် ဘဝမှာတော့ နယ်ပါလိမ့်မယ်။ လောကမှာ ပညာ မရှိရင် ရေမပြည့်တဲ့ အိုးလို ဘောင်ဘင်ခတ်နေတာ၊ ဟန်ဆောင်လို့က မရပါဘူး။

ဘုန်းကြီးက ဒီကျောင်းကောင်းတယ် ဆိုလို့ ကြွားမနေပါဘူး၊ သာသနာ ကြီးကျယ်ဖို့ပါပဲ။ စိတ်ကူးနဲ့ သာသနာကွယ်ကြည့်ရင် မြန်မာနိုင်ငံ ဘာဖြစ်သွားမလဲ ကြည့်ပေါ့။ သာသနာ မကွယ်ပေမယ့် မိဘ၊ ဆရာကောင်း နဲ့ တွေ့ဖို့က မလွယ်ပါဘူး။ ဘုန်းကြီးတွေက ပေါ့ပေါ့ဆဆ နေလို့ ဒကာ၊ ဒကာမတွေဘက်ကလည်း မလေးစားဘဲနဲ့ ပေါ့လာကြတာပါ၊ လမ်းပြကောင်း ကြပါတယ်၊ နောက်က တန်းတန်းမလိုက်လို့ပါ။

## အတွင်းစိတ်ဓာတ် ဖြူစင်ပါစေ

အလှူလှူနေတာက ဂုဏ်ပကာသန မက်မောလှူနေတာတွေက များကြပါတယ်။ တန်ဖိုးရှိတဲ့ဘဝ ရောက်လာကြတာ တန်ဖိုးရှိရှိ နေကြပါ၊ ဗုဒ္ဓအဆုံးအမ သာသနာက စည်းကမ်းနဲ့ပါ၊ ရဟန်းဘဝ ဆိုတာ ကိစ္စနည်း နိုင်သမျှ နည်းပေးရပါတယ်၊ ဣန္ဒြေက ငြိမ်သက်ပြီး အတွင်းစိတ်ဓာတ်က လည်း ဖြူစင်ကြပါစေ။

ကိလေသာတွေ ပျောက်သွားတော့ ဝမ်းနည်းစရာ မဟုတ်ပါဘူး။ ကာလကောင်း ရောက်လာလို့ ဆရာသမားကောင်းနဲ့ တွေ့ကြရတာ၊ ကြိုး စားပေးကြ။ ကျောက်ကောင်းတွေ များတဲ့ တောင်ပေါ် ရောက်နေတော့ ကိုယ်က ကောင်းတာကို ကောက်ရတယ်၊ မကောင်းတာတွေ ကောက်မနေနဲ့၊

သာသနာကလည်း ဒီအတိုင်းပါပဲ။ ရဟန်းတွေက မချို့တဲ့ကြစေနဲ့၊ အလှူရှင်တွေဘက်ကလည်း တိုးပါစေ၊ ကုသိုလ်ရတဲ့ သဒ္ဓါတရားသမားတွေ ဖြစ်စေချင်တယ်။ ကိုယ်တော်တွေက အလှူရှင်တွေရဲ့ ကြည်ညိုမှုကိုလည်း ခံနိုင်ပါစေ၊ သာသနာက ဒါလောက်နဲ့ အားမရသေးပါဘူး။

## ခေတ်အလိုက် ကောင်းနေဖို့လို

ဘာသာရေးတော့ ဘုန်းကြီးက တာဝန်ရှိတယ်လို့ သဘောထားပါတယ်။ ဗုဒ္ဓသာသနာ့ဝန်ဆောင်တွေက အားတက်သရော မရှိဘဲ သိပ္ပံခေတ်လိုက်ပြီး အားပေးနေကြပါပြီ။ သာသနာ့ဝန်ထမ်းဆိုတဲ့ ပုဂ္ဂိုလ်တွေက ကြိုးပမ်းလာရင် ဂြိုဟ်တုမကလို့ ဂြိုဟ်စစ်ဖြစ်နေနေ သာသနာဘက်က မလျော့ပါဘူး။ ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီးခါစလို သဘောထားပြီး စိတ်ပါလက်ပါ ဆောင်ရွက်ကြပါ။ လောကဓာတ်ဘက်က ဘယ်လောက် တိုးတက်လို့ ဘယ်လိုမြင်မြင် ဘုန်းကြီးကတော့ တခြားမှာ လုပ်ရမယ်လို့တော့ မဆိုလိုပါဘူး။ ဘုန်းကြီးထံလာတဲ့အခါ ကောင်းဖို့ မှာတာပါပဲ၊ အများအတွက် အားမရသော်လည်း ဒီကျောင်းတိုက်မှာတော့ အားရအောင် လုပ်ရပါ့မယ်။ အားလုံးက ဗုဒ္ဓဘာသာကို မယုံလို့ စွန့်ကြပေမယ့် ဘုန်းကြီးတစ်ပါးကတော့ ဘုရားသာသနာတော်ကို စောင့်ရှောက်ရစ်မှာပါ၊ ခေတ်အလိုက် ဘုန်းကြီ့တွေဘက်က ကောင်းနေဖို့ လိုနေတယ်။

## ကိုယ့်ထက်သာရင် နောက်က လိုက်ချင်ကြ

သာသနာက ကျဆင်းလာခဲ့ပါပြီ။ ခေတ်ပညာတွေက တိုးတက်သလောက် သာသနာဘက်က အယုံအကြည် လျော့လာတော့မှာ။ အခြားက ဘာသာကို အထင်သေးတာ မခက်ဘူး၊ ဗုဒ္ဓဘာသာဆိုတဲ့ သာသနာဝင်ပုဂ္ဂိုလ် ဗုဒ္ဓဘာသာလူမျိုးတွေက အချင်းချင်း အထင်သေးနေကြတာက ခက်တယ်။ ခုခေတ် အချို့ ပညာတတ်ပုဂ္ဂိုလ်တွေက တခြားနိုင်ငံက ကိုယ့်ထက်သာတာ ဖြစ်လာရင် နောက်က အသာလိုက်ချင်ကြတယ်၊ စိတ်တွေက ညံ့ဖျင်းလို့ပါ။

## သူများနင်းဖတ် အဖြစ်မခံကြနဲ့

ဘုန်းကြီးကတော့ တခြား မလုပ်ရရင် ဒီနေရာမှာတော့ ကောင်း အောင် လုပ်ရမယ်။ ဘာဝနာမရှိရင် လူထွက်ချင်စိတ် ရှိတယ်။ လူတွေက အကန်း တုတ်နဲ့ဆွဲခေါ်သလို နောက် သူများဆွဲရာကို လိုက်တော့မှာ။ ကိုယ် တော်တို့ စိတ်အားမငယ်ကြပါနဲ့၊ သီလစင်ကြယ်မှ ကိုယ်စိတ် ပျော်ရွှင်ပါ တယ်။ လောကကြီးက နည်းနည်းနိမ့်နေရင် မြှောက်မပေးပါဘူး။ မေတ္တာနဲ့၊ ဘုရားအာရုံနဲ့၊ ဘာဝနာတစ်ခုခုနဲ့ နေကြပါ။ မျက်နှာပြောင်းလဲလာပါတယ်၊ သတ္တိလည်း ရှိကြပါ၊ ဘုန်းကြီးက ပစ္စည်းပေါလို့ မြို့သားဆိုပြီး ဂရုစိုက် လိမ့်မယ်များ မထင်ပါနဲ့၊ အလေးမပြုပါဘူး။

ဘုန်းကြီးကို နိမ့်လို့များ ကျသွားမယ် ထင်သလား၊ ဘုန်းကြီးက ဘောလုံးလိုပါပဲ၊ ဘောလုံးဟာ အောက်ကို နာနာပေါက်လေ အထက်ကို တက်လေပါပဲ။ ကိုယ်တော်တို့ သူများနင်းဖတ် အဖြစ်မခံကြပါနဲ့၊ တစ်ဦးနဲ့ တစ်ဦးလည်း မနှိမ်ကြပါနဲ့၊ နှိမ်ရင် ထွက်သွားရမယ်။ သာသနာပြုရာမှာက ဝိနည်းလိုနေတယ်၊ စိတ်အား ငယ်ငယ်ကလေးနဲ့ မနေကြပါနဲ့၊ ကြောက်ဖို့ မလိုပါဘူး၊ ကိုယ့်အလုပ် ကိုယ်လုပ်နေတာပါ။

## နောက်အခါလည်း နောက်အပြစ်ပဲ

ဘုရား ညွှန်ပြတဲ့လမ်းကို မမှားအောင် လိုက်နာရမယ်။ သူများ ကြည်ညိုအောင်နေတာ မဟုတ်ပါဘူး၊ သူတို့အသိနဲ့ သူတို့ကြည်ညိုကြတာ ပါ။ လောကရဲ့ အတွေ့အကြုံ အမြင်တွေကို အားမကျကြပါနဲ့၊ သင်္ကန်းဝတ် ကလေး ဆိုပြီး ဒီဘဝကနေ ငရဲက လွတ်ရောလို့ မအောက်မေ့ပါနဲ့၊ ကောင်း ကောင်းမနေရင် ဒီဘဝကလည်း အကျိုးမရှိပါဘူး။ နောက်သံသရာကျတော့ လည်း သင်္ကန်းဝတ်ကလေး ပြပြပြီး မလုပ်နဲ့ ဆိုလို့ ငရဲက လွတ်မယ်ထင် သလား၊ နောက်အခါလည်း နောက်အပြစ်ပဲ။ ဘုရားသာသနာ နေမှတော့ ဗုဒ္ဓါနုဿတိ ဘာဝနာနဲ့မှ ကောင်းတယ်။ 'အဝိဒူရေ- လူသေမြှုပ်တဲ့ သုသာန် မြေမှာ တစ္ဆေနဲ့စကားပြော တသောသော နေရောလဟယ်' ဆိုတာလို မဖြစ် ကြစေနဲ့။

လင်းလွန်းခင်စာပေ

## သာသနာဆိုတာ အဆောက်အအုံ မဟုတ်

သာသနာ တည်မြဲအောင်၊ ပြန့်ပွားအောင်၊ သန့်ရှင်းအောင် လုပ်ဖို့ ဆိုတာ အဆောက်အအုံကြီးတွေက တတ်နိုင်တာ မဟုတ်ဘူး။ ပရိယတ္တိ သာသနာနှင့် ပရိယတ္တိကို အခြေခံသော လမ်းမှန်သည့် ပဋိပတ္တိသာသနာက သာ သာသနာကို အရှည်တည်မြဲအောင် လုပ်နိုင်မှာ ဖြစ်တယ်။

ဥပမာ- ဒုတိယသင်္ဂါယနာ တင်တဲ့အချိန်တုန်းက ဘုရားရှင်နှင့် တကွ ရဟန္တာကြီးများ သီတင်းသုံးနေထိုင်သွားတဲ့ သာဝတ္ထိ ဇေတဝန်ကျောင်း တိုက်တော်ကြီး၊ ပုဗ္ဗာရုံကျောင်းတိုက်တော်ကြီးများနှင့် ရာဇဂြိုဟ်ပြည်က ဝေဠုဝန်ကျောင်းတိုက်တော်ကြီးများက ထင်ရှားစွာ ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်ကြီး များ ပါတာ မတွေ့ရဘူး။ အကျင့်သီလနှင့်နေတဲ့ အခြားသော သာသနာ့ ဝန်ဆောင် ရဟန်းတော်တွေသာ ဦးဆောင်ပြီး သာသနာကို စောင့်ရှောက်တော် မူခဲ့ကြတာ တွေ့ရတယ်။

ယခုခေတ် ကြည့်ရင်လည်း အင်ဒိုနီးရှားတို့၊ အာဖဂန်နစ္စတန်တို့ အစရှိတဲ့ နိုင်ငံတွေ၊ အိန္ဒိယပြည်ကြီး တစ်ပြည်လုံးအနှံ့၊ ပါကစ္စတန်၊ ပဂျပ် အစရှိတဲ့ ပြည်များမှာ ကျောက်စာ သုတေသနဌာနအသီးသီးက ရှာဖွေတူး ဖော်ကြရာ တစ်ပြည်လုံးအနှံ့ ဗုဒ္ဓဆိုင်ရာ ရုပ်တုတော်များ၊ ပစ္စည်းများ၊ အဆောက်အအုံကြီးများ၊ စေတီကြီးများကို တွေ့ရသော်လည်း ပြည်သူများမှာ ဗုဒ္ဓဘာသာဟူ၍ တစ်ယောက်မျှပင် မတွေ့ရလောက်အောင် ရှိနေပြီ မဟုတ် ပါလား။

အဲဒီတော့ သာသနာတည်ဖို့ ဆိုတာ အဆောက်အအုံတွေ တိုးအောင်၊ ခံ့ညားအောင်၊ လှပအောင် ပြုနေခြင်းက အဓိက မဟုတ်ဘူး။ အများ နားလည် နိုင်သော ပရိယတ္တိစာပေများ ပြန့်ပွားခြင်း၊ စာပေပရိယတ္တိ မှန်ကန်သောတရား တော်များကို လေ့လာနိုင်ခွင့်ရခြင်း၊ ကျင့်သုံးနေကြခြင်းသည်သာ ပဓာန ဖြစ် တယ်။ ။

# အရှင်ဇနကာဘိဝံသ၏ ဘဝသံသရာဖြစ်စဉ် အကျဉ်း

၁။ အရှင်ဇနကာဘိဝံသ ဆရာတော်လောင်း သူငယ်ကို စစ်ကိုင်းတိုင်း ဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ သရိုင်ရွာ ဦးဇောတိ + ဒေါ်အုံးလှိုင်တို့မှ ၁၂၆၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက် (၁၉၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆ ခုနှစ်၌ ပထမအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၃။ ၁၂၇၅ ခုနှစ်၌ ဒုတိယအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၄။ ၁၂၇၉ ခုနှစ်၊ သက်တော် ၁၈ နှစ်အရွယ်တွင် ပထမကြီးတန်း စာမေးပွဲကို အောင်တော်မူသည်။

၅။ ၁၂၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့၌ ပထမအကြိမ် ရဟန်း အဖြစ် ခံယူတော်မူသည်။

၆။ ၁၂၈၁ ခုနှစ်၊ နယုန်လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁ ခု၊ တပေါင်းလပြည့်နေ့၌ တတိယအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၇။ ၁၂၈၇ ခုနှစ်၌ 'ပထမကျော်' အောင်မြင်တော်မူသည်။

၈။ ၁၂၈၉ ခုနှစ်၌ 'သက္ကျသီဟစာမေးပွဲ ခေါ် ပရိယတ္တိသာသန ဟိတဓမ္မာစရိယဘွဲ့' ရရှိ အောင်မြင်တော်မူသည်။

၉။ ၁၃၀၃ ခုနှစ်၊ ဝါဆိုဦး (၁၉၄၁-၄၂) ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ရောက်သိမ်းပိုက်မည့် နှစ်တွင် ယခုလက်ရှိ အမရပူရ၊ မဟာဂန္ဓာရုံကျောင်းတိုက် နေရာသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်။ ပြောင်းရွှေ့လာခဲ့စဉ်က သံဃာငါးပါးမျှသာ ရှိ၍ ပျံလွန်တော်မူချိန်တွင် သံဃာတော် ငါးရာကျော်မျှ သီတင်းသုံးလျက် ရှိသည်။

၁၀။ လွတ်လပ်ရေး ရပြီးနောက် ၁၃၁၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ ရှေးဦးစွာ 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူရသည်။

၁၁။ ၄င်းနှစ်မှာပင် နိုင်ငံတော်စာသင်ကျောင်းများ၌ သင်ကြားရန် မူလတန်း ဗုဒ္ဓဘာသာလက်စွဲ ခေါ် သင်ခန်းစာများကို ရေးသားခဲ့သည်။

၁၂။ ၁၃၁၅ ခုနှစ်၌…

(က) ဆဋ္ဌသံဂါယနာ ပဌမသံဂါယနာ ဘာသာပြန်ကျမ်းစာ ဝိသုဒ္ဓိမဂ္ဂ ဟိ၊

(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက၊

(ဂ) ဆဋ္ဌသံဂီတိ ပါဠိပဋိဝိသောဓက၊

(ဃ) ဆဋ္ဌသံဂီတိ ဩသာနသော ဓေယျပတ္တပါဠက အဖြစ် တင်မြှောက်တော်မူခြင်းကို ခံယူရသည်။

၁၃။ ၁၃၃၇ ခုနှစ် ပဲခူးမြို့၌ ကျင်းပသော ဂိုဏ်းလုံးကျွတ်အစည်း အဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ ဒုတိယ သာသနာပိုင်အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူသည်။

၁၄။ ၁၂၉၁ ခု၊ သက်တော် ၃၀ မှစ၍ ကျမ်းစာများကို စတင်ပြုစု တော်မူခဲ့ရာ ၁၂၉၃ ခုနှစ်တွင် ပထမဦးဆုံးကျမ်းစာကို ရေးသား ပြီးစီးတော် မူ၍ ၁၃၃၈ ခု၊ တန်ဆောင်မုန်းလတွင် 'နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ' ကျမ်းစာ ကို ရေးသားပြီးလျှင် 'တစ်ဘဝသံသရာ' အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တိုင် ရေးတော်မူခဲ့သည်။ ပဥ္စပကရဏဘာသာဋီကာနှင့် မူလဋီကာ နိဿယ၊ ပါဠိတော်နိဿယများကို ၁၃၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၁၅·၁၁·၇၄) တနင်္လာနေ့ ၁ နာရီအချိန် စတင် ပို့ချ ရေးသား၍ ၁၃၃၉ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့မှာ ပြီးဆုံးခဲ့ပါသည်။ သုတ်မဟာဝါဘာသာ ဋီကာကို ၁၃၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့ (၂၄·၇·၇၅) စတင် ပို့ချရေးသား၍ ၁၃၃၉ ခု၊ နတ်တော်လဆန်း ၁၃ (၂၃·၁၂·၇၇) သောကြာနေ့ ပျံလွန်တော် မမူမီ ၅ ရက် အလိုတွင် ပြီးတော်မူခဲ့ပါသည်။ ပါထေယျာသာဋီကာကိုပင် တစ်ရက်မျှ ရေးသားပို့ချခဲ့ပါသေးသည်။

၁၅။ ၁၃၃၉ ခုနှစ်၊ သက်တော် ၇၈ နှစ်အရောက် နတ်တော်လ ပြည့်ကျော် ၂ ရက် (၁၉၇၇ ခု၊ ဒီဇင်ဘာလ ၂၇ ရက်) အင်္ဂါနေ့၊ ညနေ ၄ နာရီ၊ မိနစ် ၃၀ တွင် တစ်ဘဝအတွက် ငြိမ်းတော်မူပါသည်။

လင်းလွန်းခင်စာပေ

## အမျိုးဘာသာ၊ သာသနာအကျိုးအတွက် ပြုစုတော်မူခဲ့သော ဆရာတော်၏ ကျမ်းစာများ

၁။ ရတနာ့ဂုဏ်ရည်၊
၂။ အခြေပြုသင်္ဂြိုဟ်၊
၃။ အခြေပြုသဒ္ဒါ၊
၄။ သင်္ဂြိုဟ်ဘာသာဋီကာ၊
၅။ ဝီထိနှင့်သုံးချက်စုဘာသာဋီကာ၊
၆။ ကိုယ်ကျင့်အဘိဓမ္မာ၊
၇။ ပါတိမောက်ဘာသာဋီကာ၊
၈။ ရူပသိဒ္ဓိဘာသာဋီကာ (ပ)၊
၉။ ရူပသိဒ္ဓိဘာသာဋီကာ (ဒု)၊
၁၀။ ကစ္စည်းဘာသာဋီကာ (ပ)၊
၁၁။ ကစ္စည်းဘာသာဋီကာ (ဒု)၊
၁၂။ အနာဂတ်သာသနာရေး၊
၁၃။ ရုပ်ပုံရှင်ကျင့်ဝတ်၊
၁၄။ အခြေပြုမင်္ဂလသုတ်၊
၁၅။ ဗြဟ္မဇာလသုတ်မြန်မာပြန်၊
၁၆။ သာမညဖလသုတ်မြန်မာပြန်၊
၁၇။ ဗုဒ္ဓဝင်အမေးအဖြေ၊
၁၈။ ပါဠိသိက္ခာနှင့် သဒ္ဒါအကျဉ်း၊
၁၉။ ဘုရားဥပဒေတော်ကြီး၊
၂၀။ ဘာသာသွေး၊
၂၁။ နိုင်ငံတော်အစိုးရ ဗုဒ္ဓဘာသာသင်ခန်းစာ၊
၂၂။ ဘာသာရေးပြဿနာနှင့် စစ်တပ်တရားတော်၊
၂၃။ ဝိုင်အမ်ဘီအေ ဗုဒ္ဓဘာသာသင်ခန်းစာ-
မူလတန်း၊ အလယ်တန်း၊

လင်းလွန်းခင်စာပေ

၂၄။ အလင်္ကာဘာသာဋီကာ၊
၂၅။ ကင်္ခါဘာသာဋီကာ (ပ)၊
၂၆။ ကင်္ခါဘာသာဋီကာ (ဒု)၊
၂၇။ ဘေဒစိန္တာနှင့် ကစ္စာယနသာရဘာသာဋီကာ၊
၂၈။ ဋီကာကျော်နိဿယ၊
၂၉။ ခုဒ္ဒသိက္ခာဘာသာဋီကာ၊
၃၀။ ရုပ်စုံဗုဒ္ဓဝင်၊
၃၁။ ဗုဒ္ဓါနုဿတိဘာဝနာ၊
၃၂။ ပါရာဇိကဏ်ဘာသာဋီကာ (ပ)၊
၃၃။ ပါရာဇိကဏ်ဘာသာဋီကာ (ဒု)၊
၃၄။ ပါရာဇိကဏ်ဘာသာဋီကာ (တ)၊
၃၅။ ပါရာဇိကဏ်ဘာသာဋီကာ (စ)၊
၃၆။ ပါစိတ်ဘာသာဋီကာ၊
၃၇။ မဟာဝါဘာသာဋီကာ၊
၃၈။ စူဠဝဂ္ဂဘာသာဋီကာ၊
၃၉။ ပရိဝါရဝဂ္ဂဘာသာဋီကာ၊
၄၀။ သီလက္ခန်ဘာသာဋီကာ (ပ)၊
၄၁။ သီလက္ခန်ဘာသာဋီကာ (ဒု)၊
၄၂။ သီလက္ခန်ဘာသာဋီကာ (တ)၊
၄၃။ သီလက္ခန်ဘာသာဋီကာ (စ)၊
၄၄။ အဋ္ဌသာလိနီဘာသာဋီကာ (ပ)၊
၄၅။ အဋ္ဌသာလိနီဘာသာဋီကာ (ဒု)၊
၄၆။ အဋ္ဌသာလိနီဘာသာဋီကာ (တ)၊
၄၇။ အဋ္ဌသာလိနီဘာသာဋီကာ (စ)၊
၄၈။ သမ္မောဟဝိနောဒနီဘာသာဋီကာ (ပ)၊
၄၉။ သမ္မောဟဝိနောဒနီဘာသာဋီကာ (ဒု)၊
၅၀။ သမ္မောဟဝိနောဒနီဘာသာဋီကာ (တ)၊

လင်းလွန်းခင်စာပေ

၅၁။ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ၊
၅၂။ ပဋ္ဌပကြိုဏ်ဘာသာဋီကာ (ပ)၊
၅၃။ ပဋ္ဌပကြိုဏ်ဘာသာဋီကာ (ဒု)၊
၅၄။ ပဋ္ဌပကြိုဏ်ဘာသာဋီကာ (တ)၊
၅၅။ သုတ်မဟာဝါဘာသာဋီကာ၊
၅၆။ အဋ္ဌကထာအခြေပြု၊
၅၇။ ကထာသလ္လာပသိက္ခာ၊
၅၈။ ဗုဒ္ဓဘာသာ သင်ခန်းစာလက်စွဲ၊
၅၉။ ပဗ္ဗဇိတဒုလ္လဘကထာ၊
၆၀။ လူချမ်းသာ၊
၆၁။ သရဏဂုံနှင့်စပ်၍ မှတ်ဖွယ်၊
၆၂။ အလယ်တန်းဘာသာရေး၊
၆၃။ တစ်ဘဝသံသရာ (ကိုယ်တိုင်ရေးထေရုပ္ပတ္တိ)။

စုစုပေါင်း ၆၃ ကျမ်း ရှိပါသည်။

ဤသို့ ရေတွက် ဖော်ထုတ်ရခြင်းသည် လိုလားသူများ၏ အားရဝမ်းသာစွာသဖြင့် ကြည်ညိုနိုင်ရန်သာ ရည်ညွှန်းပါသည်။ ။

## လင်းလွန်းခင်စာပေတိုက်မှ ထုတ်ဝေပြီးစာအုပ်များ

| | |
|---|---|
| ၈၈။ ခေတ်ရေးစာစီစာကုံးများ | ဦးမြထွန်း(ပညာရေးတက္ကသိုလ်) |
| ၈၉။ နှလုံးသားပေါ်သွေးတဲ့ဓားနှင့် မဂ္ဂဇင်းဝတ္ထုရှည်စုစည်းမှု | ဝေ(စီးပွားရေးတက္ကသိုလ်) |
| ၉၀။ လင်းလွန်းခင်စိတ်ကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ (၃) | ကလောင်စုံ |
| ၉၁။ မမအေးတို့ တေးဥယျာဉ် | ကလောင်စုံ |
| ၉၂။ အလွယ်ဆုံး အင်္ဂလိပ်-မြန်မာ စာစီစာကုံးများ | တင်မိုး |
| ၉၃။ ရမ္မက်လွန်တဲ့မိန်းကလေးလားနှင့်<br>တိုးတိုးတိတ်တိတ်ဇာတ်လမ်းများ | အမရာ(ဆေး-၁) |
| ၉၄။ ပြောပြစရာတွေလဲ တစ်ပုံကြီး | မာမာအေး |
| ၉၅။ စုနှင့် အခြားအက်ဆေးများ | မောင်ကိုကို(အမရပူရ) |
| ၉၆။ အသည်းညွန့်မှာ ကွန့်မြူးသည့်လိပ်ပြာ | မောင်သာရ |
| ၉၇။ လူငယ်နှင့် ဘာသာရေး | ကလောင်စုံ |
| ၉၈။ သမိုင်းအတွေး၊ သမိုင်းအရေး | တင်နိုင်တိုး |
| ၉၉။ ခုနစ်လွှာဝတ်ရုံ (၂) | ကလောင်စုံ |
| ၁၀၀။ လင်းလွန်းခင်စိတ်ကြိုက် ခေတ်အလိုက်ဆောင်းပါးများ | ကလောင်စုံ |
| ၁၀၁။ အပြစ်ရှိသူ တရားခံက | မမြင့်နိုင် |
| ၁၀၂။ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ခရီးကြမ်း | ခင်မျိုးချစ် |
| ၁၀၃။ ရင်ခွင်ရိုက်ခတ် ထင်ဟပ်စာစု | မောင်သန်းဆွေ(ထားဝယ်) |
| ၁၀၄။ မိုးကုပ်စက်ဝိုင်းအောက်က မာယာမြစ်ဖျား | ကလောင်စုံ |
| ၁၀၅။ အတွေ့အကြုံစုံစုံ ဘဝဇာတ်ခုံ (ဘဝဇာတ်ခုံ-၆) | ကျော်ရင်မြင့် |
| ၁၀၆။ သာသနာ့အကျော် ဆရာတော်ကြီးများ(၂) | ဦးစန္ဒိမာ(စလင်း) |
| ၁၀၇။ စခန်းသိမ်းအောင်ပွဲ (ဒုတိယအကြိမ်) | တင်မောင်မြင့် |
| ၁၀၈။ အသံတိတ်အိပ်မက်ဆိုးများနောက်ကွယ်မှ<br>အမျိုးသမီး တိုးတိုးတိတ်တိတ်ဇာတ်လမ်းများ | အမရာ(ဆေး-၁) |
| ၁၀၉။ သာသနာပြုခြင်း အနုပညာ (သာသနာပြုလမ်းညွှန်ဆောင်းပါးများ) | ကလောင်စုံ |
| ၁၁၀။ ဘဝဖလားနှင့် အခြားဆောင်းပါးများ | ဦးတင်ဦး(ကျူရှင်) |
| ၁၁၁။ သတ္တိရှိတဲ့ မြက်ပင်များ | ဦးဘုန်း(ဓာတု)မန္တလေး |
| ၁၁၂။ ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့တာကို တမ်းတရန်မလိုပေမယ့်···<br>(အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးနည်းလမ်းများ) | ဒေါက်တာထွန်းဝင်း |

၁၁၃။ ရုရှားဒီမိုကရေစီ အသွင်ကူးပြောင်းရေး နိုင်ငံရေးဇာတ်ရှုပ်များ — မိုးအေး
၁၁၄။ တန်ဖိုးမဖြတ်နိုင်တဲ့ အရာ ခေတ်သစ်ပုံပြင်များ — ဖေလင်းသစ်
၁၁၅။ ပြောပြစရာတွေလဲ တပုံကြီး (၂) — မာမာအေး
၁၁၆။ ရင်ထဲမှာ မဂ္ဂဇင်းဝတ္ထုတိုများ — ဝင်းဝင်းမြင့် (နန်းတော်ရှေ့)
၁၁၇။ နေဒဏ်ခံ ပန်းသတင်း — ကလောင်စုံ
၁၁၈။ ဝေါလ်ဝိုက်ဒ်ဝက်ဘ်ထဲမှာ
စက်လည်းပျော်ပါနိုင်နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ — စမ်းစမ်းနွဲ့ (သာယာဝတီ)
၁၁၉။ တွင်း အတွေးစာစကား (ဒုတိယအကြိမ်) — ဦးဘုန်း(ဓာတု)မန္တလေး
၁၂၀။ ရွှေဖနောင့်ဝတ္ထုတိုများ — ဂျူဇော်
၁၂၁။ အောင်မောင်း ရုပ်သေးပွဲမသွားချင်ပေါင်နှင့်··· — မွန်းစူး
၁၂၂။ အသံတိတ်နေကြသူများ ဝတ္ထုတိုစု — စိုးလှိုင်တင့်
၁၂၃။ ကြံဖတ် အတွေးသစ်ဆောင်းပါးများ — ထက်ခေါင်
၁၂၄။ ယုန်နှင့်အတူပြေး ခွေးနှင့်အတူလိုက် (တတိယအကြိမ်) — မောင်သာရ
၁၂၅။ ပန်းသေနတ် — ဦးဘုန်း(ဓာတု)မန္တလေး
၁၂၆။ လွတ်လပ်သော နိုင်ငံသားစိတ်ဓာတ် ဟူသည်နှင့်
အင်ဒီပဲန်ဒင့်စကားများ — မသီတာ(စမ်းချောင်း)
၁၂၇။ ကောင်းသောအုပ်ချုပ်ပုံစနစ်၊ သန့်ရှင်းသောအစိုးရဆိုင်ရာ
လက်တွေ့ဗျူဟာများ — ဒေါက်တာထွန်းဝင်း
၁၂၈။ ပရဟိတအစ မြတ်ဗုဒ္ဓက — ကလောင်စုံ

## ယခု

၁၂၉။ အရှင်ဇနကာဘိဝံသ၏ ဘာသာအပေါ်အမြင်၊
သာသနာအပေါ်အမြင် — အရှင်သံဝရာလင်္ကာရ(ဓမ္မပိယဆရာတော်)

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၁၃၀။ လင်းလွန်းခင်စိတ်ကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ (၄) — ကလောင်စုံ
၁၃၁။ ဗုဒ္ဓဘာသာနည်းဖြင့် နေဖြစ်ရကျိုးနပ်သော ဘဝဖြစ်စေရေး — ခင်မျိုးချစ်
၁၃၂။ မြန်မာဝတ္ထုတိုလမ်းကြောင်းနှင့်··· — ရာသက်ပန်(တောင်ငူဆောင်)
၁၃၃။ အယ်ဒီတာကြေးမုံ — လေးကိုတင်





လင်းလွန်းဝင်

# အရှင်ဇနကာဘိဝံသ၏
# ဘာသာအမြင်၊ သာသနာအမြင်

"ယနေ့အချိန်အခါသည် တည်ငြိမ်သော အခါ မဟုတ်။ ကမ္ဘာအရပ်ရပ်၌ပင် အယူအဆ အပြောင်းအလဲများ၍ လှုပ်ရှားနေသော အချိန်အခါ ဖြစ်၏။ ဤအချိန်အခါ၌ ဗုဒ္ဓဘာသာဝင် လူ ရှင်အားလုံးပင် မိမိတို့၏ သာသနာရေး ကိစ္စများကို ဗုဒ္ဓအလိုတော်နှင့် ကိုက်ညီအောင် ပြုပြင်နိုင်မှသာ ကြာရှည်စွာ တည်တံ့သော ဘာသာ သာသနာ ဖြစ်ပါလိမ့်မည်။ ဗုဒ္ဓ အလိုတော်နှင့်လည်း မကိုက်၊ ခေတ်နှင့်လည်း မလိုက်သော ကိစ္စများကို အယူသီးကာ မပြုမပြင်နိုင်ပါလျှင် ဘာသာရော ကိုးကွယ်သူတွေပါ ကမ္ဘာတွင် မဆိုထားဘိ၊ မြန်မာပြည် တွင်သော်မှ အောက်ကျနောက်ကျ ဖြစ်ရပါလိမ့်မည်။"

(အရှင် ဇနကာဘိဝံသ၏ ဗုဒ္ဓဘာသာ သင်ခန်းစာ ကျမ်းစာမှ)



# အရှင်ဇနကာဘိဝံသ၏

# ဘာသာအမြင်၊ သာသနာအမြင်

အရှင်သံဝရာလင်္ကာရ

ဓမ္မပိယဆရာတော်